
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် ဟင်မြိုင်

တစ်ယောက်တော့ သေချာသည်

စာမူခွင့်ပြုချက်အမှတ် - ၅၃၄/၂၀၀၀ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၉၄/၂၀၀၀ (၇)

၂၀၀၂ ခုနှစ်၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀/-

ထုတ်ဝေသူ . . . ဦးမောင်ဟန် (၀၈၇၆) တက္ကသိုလ်စာပေ၊ အမှတ် ၂၅၉၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင် (စေတနာ-OFFEST) ၅၅၃၇ အမှတ် (၅၉)၊ (၁၉) လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။


BURMESE CLASSIC .com



တက္ကသိုလ်

# ဟင်မြိုင်

# တစ်ယောက်တော့ သေချာသည်



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



(၁)

BURMESE CLASSIC .com

သူသည် တည်းခိုခန်း လှေကားမှ ဖြည်းလေးသော ခြေလှမ်းတို့ဖြင့် တစ်ထစ်ချင်း ဆင်းလာခဲ့သည်။

လှေကားပေါ်မှ ပလက်ဖောင်းပေါ်ရောက်သော် သူသည် ဘယ်ကိုသွားရပါ့မလဲ ဟူသော အကြည့်မျိုးဖြင့် ရှေ့နောက်ဝဲယာသို့ တည်ငြိမ်စွာပင် ဟိုလှည့်ဒီလှည့် ကြည့်လိုက်သည်။

ဂလုပ်ရိုဝယ် လူတွေသည် ၆ နာရီ ၃၀ မိနစ်ပြမည့် ရုပ်ရှင်ပွဲအတွက် တိုးတိုးကြိတ်ကြိတ် လက်မှတ်တိုးဝေ့ ဝယ်ယူနေသည်ကို စိတ်ပျက်စွာ သူ ငေးကြည့်မိသည်။

ထိုစဉ်က ရန်ကုန်မြို့၏ ရုပ်ရှင်ပွဲပြချိန်တို့သည် ၁၂ နာရီခွဲပွဲ၊ ၃ နာရီခွဲပွဲ၊ ၆ နာရီခွဲပွဲနှင့် ည ၉ နာရီခွဲပွဲများ ဖြစ်ပါ၏။

ရုပ်ရှင်ရုံ လက်မှတ်ပေါက်တွင် ပလူးခိုတုတ်ထိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြသည့် လူအုပ်ကြီးကို မျက်နှာလွှဲပြီး လက်ယာဘက်သို့ စောင်းငဲ့ကြည့်ပြန်သည်။

မြို့လယ်ခေါင် တွင်လည်း လူတွေဆင်းချီတက်ချီနှင့် ရှုပ်ယှက်ခတ် နေသည်။

သူသည် ရန်ကုန်နှင့် ကင်းဝေးခဲ့သည်မှာ သုံး,လေး နှစ်ခန့် ကြာခဲ့လေပြီ။ ပြောင်းလဲချက်တွေက သူ့အတွက် စိမ်းလွန်း နေသည်။ သူရန်ကုန်ကို ပြန်ရောက်သည်မှာ နှစ်ရက်ပင် မပြည့်တတ် သေး။

ရန်ကုန်က အကြောင်းတွေကို မသိသေး။ ပလက်ဖောင်းပေါ်မှ ဟိုလူ ဒီလူတွေက တကယ့်ဖျံတွေ ဖြစ်ပုံရသည်။ သွား မပတ်သက်လိုက်နှင့် ခံသွားရမည်။

သူက ခံတတ်သူမဟုတ်။ သူ့ကို လာပတ်လာလျှင် သူက ပြန်တွက်လိုက်ရမှ ကျေနပ်သူ ဖြစ်သည်။ သူ့ကို လာကိုက်သည့် ခြင်ကိုပင် သူက အမိရိုက်ပစ်တတ်သည်။ မမိလိုက် မရိုက် လိုက်ရလျှင် သူက ခံပြင်းစိတ် ပိုမိုပြင်းထန်တတ်သည်။

ထို့ကြောင့် ယခု လောလောဆယ် ဘာတွေနှင့်မျှ မပတ်သက်သည်က ကောင်းသည်ဟု သူ့ကိုယ်သူ ဆုံးဖြတ်ထား သည်။

သူသည် နက်ဖြန်ဆိုလျှင်ပင် ရန်ကုန်မှ ထွက်ခွာသွား ရတော့မည်။ တောင်တောင်အီအီတွေ စာရင်းရှုပ်လာလျှင် ခရီးဖင့် သွားနိုင်သည်။

ပျားပန်းခတ်မျှ အလုပ်ရှုပ်နေသော လူအုပ်နှင့် ကျိုးကန်းမောင်းမှောက် မျက်လုံးတွေရှိသည့် လူတွေကို ဖြတ်ကျော်



...ာ သူသည် မျက်နှာချင်းဆိုင် ဆူးလေလမ်းမကြီး တစ်ဘက်သို့ ...ဖြား လမ်းဖြတ်ကူးသူ လူအုပ်ကြီးနှင့်အတူ ကူးဖြတ်လာ ...ခဲ့သည်။

ရာစ်(ဇ်)ရုံတွင် အိန္ဒိယကား ဝင်နေသည်။ ဒီရုံမှာ ...လည်း မြန်မာရုပ်ရှင်ကြည့် ပရိသတ်ကြီးပင် အစုလိုက် အပြုံလိုက် ...တွေ့ရပြန်သည်။ အဲ့ထူးသဖြင့် အမျိုးသမီးထုက ပိုများလိမ့်မည်ဟု ...န့်မှန်းကြည့်နေမိသည်။

ဘာရယ်မဟုတ်။ သူသည် ရပ်ငေးနေမိပြန်သည်။ ...ည်ရွယ်ချက်ဟူ၍ ဘာဘာညာညာ ရှိသည်မဟုတ်ပဲ ရာစ်(ဇ်)ရုံရှေ့ လမ်းကြီးသည် ကျယ်ပြောသောကြောင့် အသက်ရှူချောင်သည်ဟု ...ူဆကာ ကိုယ်ပိုင်ကားများရပ်ရာထိပ်တွင် ရပ်မိနေခြင်း ဖြစ်ပေ သည်။

ကောင်မလေးတွေက ဖြတ်သွားဖြတ်လာ ပြုရင်းမှ သူ့ကိုကြည့်သွားကြသည်။ တချို့ကောင်မလေးတွေဆိုလျှင် သူ့ကို ကြည့်ပြီး ဖြတ်ကျော်သွားသည့်တိုင်အောင် နောက်ပြန် လှည့်ကြည့် ကြလေးသည်။

သူသည် ကြမ်းပုံရသော်လည်း သေချာကြည့်လျှင် ...ူချောတစ်ယောက် ဖြစ်ပါသည်။ မျက်နှာကွက်ကွက်လေး ကြည့် ...ကောင်းတတ်သော လူချောမျိုးမဟုတ်။ ဒေါက်ရော ရုပ်ရော ...က်ဆံခြေဆံရော ကိုယ်ခန္ဓာအချိုးအဆစ်ပါ ပြေပြစ်ချောမောသူ ဖြစ်သည်။

သူ၏ မျက်နှာ အသားအရောင်မှာ ညိုပြီးစိုနေသည့် ...င်ကိုယ်ညိုသော အသားအရောင်မျိုး ဟုတ်ဟန်မတူ။ ရာသီဥတု

www.burmeseclassic.com

www.burmeseclassic.com



မရှောင် သွားလာနေသောကြောင့် နေလောင် လေလောင်အားသော အသားရောင်မျိုးမှန်း သိသာသည်။ ယင်းညိုမောင်းသော အသားအရောင်ကပင်လျှင် တစ်မျိုးတစ်မည် ယောကျ်ားပီသသော အဆင်းကို ဆောင်သည့်နှယ် ထင်ရပါ၏။

သူသည် သူ၏လက်ပတ်နာရီကို ကြည့်လိုက်သည်။

ညနေခြောက်နာရီသာသာလေး ရှိသေးသည်။ တည်းခိုခန်းမှ ညစာစားရန် ဆင်းလာသည်သည် ဖြစ်သော်လည်း သီပေါ်ဆာလောင်လှခြင်း မရှိသေးသောကြောင့် အီပီဆယ်စလီယာရုံ၊ ဘုရင့်ရုံ၊ မြို့မရုံ၊ ရွှေဂုံရုံ တန်းစီနေသော ပလက်ဖောင်းမှ သူ ဆက်လျှောက်လာသည်။

ရုပ်ရှင်ရုံရှေ့တိုင်းတွင် အထိုက်အလျောက် လူတွေ ရှိနေကြသည်။ များသောအားဖြင့် ကောင်လေး၊ ကောင်မလေး အတွဲလေးတွေက ပိုများသည်။

သူသည် ကြည့်ကောင်းသော အတွဲလေးတွေဆိုလျှင် စူးစူးစိုက်စိုက်ပင် ကြည့်လိုက်မိသည်။

သူ့အဖို့တော့ ယခု ၂၈ နှစ်အသက်အထိ ရောက်လာသည်အထိ တစ်ခါမှမတစ်ခါ။ တစ်တွဲမျှမတစ်တွဲဘူးပါသေး။ သူ့ဘဝ ဖြစ်စဉ်တွေက ကြမ်းတမ်းခဲ့သည်။ သိမ်မွေ့နူးညံ့သော အချစ်ကိစ္စကို သူသည် မစဉ်းစားနိုင်ခဲ့။

အတွဲလေးတွေနှင့် ရုပ်ရှင်ရုံကို သူ ဖြတ်ကျော်လာသောအခါ ပန်းဆိုးတန်းထိပ်သို့ သူ ရောက်လာသည်။ ပန်းဆိုးတန်းထဲ ဝင်လိုက်စဉ်မှာပင် ဆိုင်းမဆင် ဗုံမပါ ဘဲ ရုန်းကုန်မီးသူညီ ရွာချလိုက်တော့သည်။



သူ၏ မျက်လုံးများသည် မျက်နှာချင်းဆိုင်တွင် တွေ့ရသော သန့်သန့်ပြန့်ပြန့် တရုတ်စားသောက်ဆိုင်ကို တွေ့ရသည်နှင့် ယမ်းဖြတ်ကူးပြီး ထိုဆိုင်ထဲသို့ အပြေးလေး ဝင်သွားလိုက်တော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



(၂)

ညနေ ခြောက်နာရီသာသာ အချိန်မို့ စားသောက်ဆိုင်ထဲတွင် စားသောက်သူများ ပြည့်ပြည့်ကျပ်ကျပ် ရှိနေသည်။

သူက သူ့ကိုယ်ပေါ်တွင် ကျဆင်းထိမှန်လာသော မိုးရေစက်များကို လက်ဝါးနှစ်ဖက်ဖြင့် ခါထုတ်ရသေးသည်။ သူ့အင်္ကျီ၊ ဘောင်းဘီတွင်ရှိသော မိုးရေစက်များကို ခါထုတ်ပြီးနောက် ဦးခေါင်း၊ ဆံပင်တွင် စိုသွားသော မိုးရေများကို သူက လက်ဝါးနှစ်ဖက်ဖြင့် ပထမ ပုတ်ထုတ်သည်။ ထို့နောက် ဦးခေါင်းမော့ကာ လက်ဝါးနှစ်ဖက်ဖြင့် ဆံပင်များကို နောက်လှန်သပ်လိုက်သည်။

ဆိုင်ထဲတွင် နေရာယူသူတွေက ယူကြပြီ။ သူက ဝင်ပေါက်ကျယ်ကြီးအဝတွင် မတ်တတ်ရပ်ကာ မိုးရေများတောက်ကာ ဖယ်ထုတ်နေသည်မှာ ပရိသတ်ရှေ့ ဇာတ်စင်တွင် ရောက်နေသလို ဖြစ်သွားသည်။



မှာယူထားသော အကြော်အလှော် အပြုတ်အကင်များကို စောင့်နေကြသည့် စားပွဲမှ လူတွေကလည်း ဝင်ပေါက်တွင် ရောက်နေသူကို ငေးကြည့်နေကြသည်။ စားလျက်တန်းလန်းရှိပြီး မျက်နှာချင်းဆိုင်နေရာ ဖြစ်နေသူများကလည်း သူ့ကိုကြည့်ကြသည်။

ဘာရယ်ညာရယ်တော့ မဟုတ်။ လူ့စိတ်လူ့မနော အတိုင်း ရှိရင်းနေရာတွင် လူသစ်တစ်ဦး ဝင်လာသည်ကို လှမ်းကြည့်လိုက်မိကြခြင်းမျိုးသာ ဖြစ်ပါ၏။ အဲ ... ဝင်ရောက်လာသော လူသစ်သည် ကြည့်ချင်စဖွယ် အရည်အသွေးများ ပါရှိနေလျှင်တော့ သာမန်ကြည့်သည်ထက် ပိုမိုအာရုံစိုက် ကြည့်မိတတ်သည်မှာ ဓမ္မတာ။ သူ့တွင် ကြည့်ချင်စဖွယ် အရည်အသွေးများ ရှိနေသည် မဟုတ်ပါလား။

လေးလေးမြင့်သည် အပေါက်ပသို့ မျက်နှာမူ၍ ထိုင်ခဲ့သူဖြစ်သည်။ ဦးမြတ်မင်းနှင့် အောင်မျိုးနိုင်က စားပွဲဟိုဘက်ဒီဘက် ထိုင်ကြသည်မို့ အပေါက်ဝနှင့် ဘေးတိုက် ဖြစ်နေကြသည်။ ထို့ကြောင့် အပေါက်ဝဆီသို့ သိပ်အာရုံမထားမိ။

လေးလေးမြင့်သည် သူဝင်လာစဉ်က သမန်ကာရှန်ကာ မျက်နှာမူရာအရပ်ကို ကြည့်နေရင်းက မြင်ရသလိုသာ စိတ်မှာမှတ်ယူလိုက်သည်။

သို့တစေ သူက သူ၏အင်္ကျီ၊ ဘောင်းဘီတွင် တင်နေသော မိုးရေစက်များကို ခါပြီးနောက် ဦးခေါင်းကိုမော့ နဖူးပြင်တွင် တွဲလဲခိုကျနေကြသော ဆံခွေများကို လက်ဝါးဖြင့် နောက်သို့ လှန်အချတွင် ...

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့မှန်းမသိ။ သူ့ကိုကြည့်ပြီး လေးလေးမြင့် ရင်ခုန်သွားမိလိုက်သည်။ စပို့ရှပ်ကိုယ်ကျပ်နီရဲရဲ၊ ချော့ကလက် ရင့်ရောင်ဘောင်းဘီ ချပ်ချပ်ရပ်ရပ်နှင့် ကြည့်ကောင်းလှသော "သူ"သည် လက်မောင်းအိုးနှစ်ဖက်မြှောက် လက်ဖျံနှစ်ဖက်ကွေးပြီး လက်ဝါးနှစ်ဖက်ဖြင့် ဆံပင်သပ်လိုက်သောပုံမှာ လေးလေးမြင့်အတွက် စွဲမက်ဖွယ် မြင်ကွင်းတစ်ခုလို ဖြစ်သွားရတော့သည်။ ရင်များပင် ခုန်သွားရပါ၏။

စပို့ရှပ်လက်စည်းကြားမှ သူ၏လက်မောင်းအကြွတွင် မာဆယ်သားများ ကြွတက်လာသည်။ သူ၏ပခုံးမှ ခါးအထိ ကျပုံမှာ ညောင်ရွက်သဏ္ဍာန် ရှိနေသည်။ ဝမ်းဗိုက်ချပ်ဟပ်သဖြင့် ဗယ်လီတုံး အမြှောင်းလေးများပင် စပို့ရှပ်သားတွင် အရာထင်လာသည်။ ခါးအောက် ပေါင်တံမှ ခြေသလုံး ခြေဖဝါးအဆင်းမှာလည်း အရင်းတုတ်ခိုင်ပြီး အဖျားရှူးသွားသည့် ဆင်စွယ်နှစ်ချောင်း ထောင်ထားသလား ထင်ရသည်။

"ကြည့်လို့ချည်လား လေးလေး၊ ဘာများ ဒီလောက်ကြည့်ချင်စရာ ကောင်းနေလို့လဲ"

အောင်မျိုးခိုင်က လေးလေးမြင့် ငေးကြည့်ရာ အပေါက်သို့ သမင်လည်လိမ် အကြည့်မျိုးနှင့်ရောပြီးကြည့်လိုက်သည်။

"ဩ ... ဩ ... ငနာက တော်တော်ဖြောင့်တာကိုး၊ ဒါကြောင့် လေးလေး ငေးကြည့်နေတာပါလား"

"ဟုတ်တယ် ကိုမျိုး၊ ဘယ်လူသားမဆို စက္ကူအာရုံမှာ ပသာဒ မြင်တွေ့ရင် ငေးကြည့်တတ်စမြဲပဲ၊ လူ့သေအလောင်းလို အနိဋ္ဌာရုံ ဆိုရင်တော့ ဘယ်သူငေးကြည့်မှာလဲ ..."



"ဪ ... ဪ ... ဒီငနာက လေးလေးရဲ့ စက္ကူအာရုံမှာ တော်တော်ကြီးကို ပသာဒ ဖြစ်သွား ထင်ပါရဲ့"

"အသေအချာပေါ့ ကိုမျိုး"

ဦးမြတ်မင်းက လေးလေးမြင့်နှင့် အောင်မျိုးခိုင်တို့ အချီအချ ပြောနေသည်ကို ...

"တော်ကြစမ်းပါကွာ၊ မင်းတို့နှစ်ယောက်ဟာ မကြာခင် လက်ထပ်ကြတော့မယ့်ဟာ၊ ခုလိုသာ တကျက်ကျက်ဆိုရင် ဘယ်နိုပ်မလဲ၊ ဒီလိုအချိန်ဟာ အကြည်နူးဆုံးအချိန် ဖြစ်ရမှာကွ"

ဟု ပြောရင်း ဦးမြတ်မင်း ကိုယ်တိုင်လည်း အပေါက်ဝသို့ လှမ်းကြည့်သည်။ 'သူ့'ကို မြင်သွားပါ၏။

'သူ့'ကို မြင်သည်နှင့် ဦးမြတ်မင်းသည် ပခုံးတစ်ချက်တွန့်လိုက်သည်။ ပြီး ... ဦးခေါင်းကို ကပျာကယာ ပြန်လှည့်ပြီး ဆိုင်၏နံရံမှ အလှချိတ်ထားသော ပုံများကို ကြည့်သလို ကြည့်နေလိုက်သည်။

လေးလေးမြင့်က ဦးမြတ်မင်း၏ ကပျာကယာအပြုအမူကို အကဲခတ်လိုက်သည်။ 'သူ့'ကို ဦးမြတ်မင်းသိထားပုံရသည်။ သို့တစေ ... 'သူ'နှင့် နှုတ်ဆက်ရမည် စိုးသောကြောင့် ကပျာကယာ မျက်နှာလွှဲလိုက်ခြင်း ဖြစ်တန်ကောင်းသည်။

လေးလေးရင်ထဲတွင် 'သူ့'ကို ဦးမြတ်မင်း သိကျွမ်းသလားဟု မေးချင်မိသည်။ သို့သော် ထိုမေးခွန်းသာ ဦးမြတ်မင်းကို ဆက်မေးလျှင် သဝန်ကြောင်သော ကိုမျိုးနှင့် ထပ်မံစကားများရဦးမည်။ ထို့ထက်မှာမူ 'သူ့'အကြောင်း ထပ်မေးလျှင်မိန်းက

www.burmeseclassic.com

www.burmeseclassic.com



လေးတန်မယ့် သူတစိမ်းယောက်ျားပျိုတစ်ဦး အပေါ်တွင် တွေ့တွေ့ချင်း စိတ်ဝင်စားလွန်းသည်ဟု အထင်ခံရမည်ကို စိုးရိမ်ရသေးသည်။

သူသည် ထိုင်ရန်အတွက် အတွင်းစားပွဲတွေကို ဝေ့ဝိုက်ကြည့်သည်။

စားပွဲတို့တွင် ဖြူစင်သော စားပွဲခင်း ခင်းထားသည်။ လေးယောက်ထိုင်စားပွဲများ ဖြစ်ကြပါသည်။ တချို့စားပွဲတွင် လေးယောက်အပြည့်ရှိသော်လည်း တချို့စားပွဲတို့တွင် နှစ်ယောက်စ၊ သုံးယောက်စ ထိုင်နေကြသည်။

စားသောက်ဆိုင်သို့ ဝင်ရောက်လာသူတိုင်းသည် ကိုယ့်လူ ကိုယ့်အုပ်စုနှင့်သာ ထိုင်ကြသည်။ တစ်ယောက်စ နှစ်ယောက်စသမားကလည်း စားပွဲလွတ်တွင်သာ ထိုင်လိုကြသည်။

သူလည်း အလားတူပင်။ ဖြစ်နိုင်လျှင် စားပွဲလွတ်တွင်သာ ထိုင်ချင်သည်။ သို့သော် စားပွဲတိုင်းလိုလို သူ့ထက်စောရောက်သူများက နေရာယူပြီးသား ဖြစ်နေသည်။ သူသည်စားပွဲလွတ်ရှာရင်း လေးလေးမြင့်တို့ စားပွဲသို့ မျက်စိရောက်သွားသည်။

လေးလေးမြင့်က သူ့အား ငေးကြည့်ခိုက်နှင့် ကြုံသည့်မို့ မျက်လုံးချင်း ဆုံမိကြသည်။

"အား ... တယ်လှပါလား"

သူ့စိတ်ထဲက ကျိတ်၍ ရေရွတ်ရင်း သူ့ရင်ထဲတွင်လည်း တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။ ရုပ်ရှင်ရုံအောက်တွင် အတွဲလေးတွေ တွေ့ခဲ့ရစဉ်က အားကျပ်သယောင်ယောင် စိတ်ကူးအရှိန်လေးကြောင့် ယခု စားသောက်ဆိုင်ထဲမှ မိန်းမချောလေးကို



တွေ့သည်နှင့် ရင်ထဲတွင် တစ်မျိုးတစ်မည် ခံစားရသည်ပဲ ထင်ပါ၏။

"ဒီဘက်ကို ကြွပါ ဆရာ၊ ကျွန်တော် နေရာစီစဉ်ပေးပါမယ်"

ရည်မွန်သော စားပွဲထိုးတစ်ယောက်က ဖိတ်ခေါ်ရာသို့ နောက်မှ သူလိုက်ပါလာသည်။

နေရာရမည့်ရတော့လည်း မိန်းမချောလေးနှင့် စားပွဲတစ်လုံးသာခြားသော နေရာတွင် ရသည်။ ပိုက်ဆံသိမ်းသောကောင်တာဖြင့်ကပ်ပြီး ထောင့်ကျသော စားပွဲတွင် နေရာရခြင်းဖြစ်သည်။ ထောင့်ကျသော စားပွဲမို့လည်း သူ့အလျင် လူတစ်ယောက်တည်းသာ စားပွဲတွင်ရှိနေသည်။ ထိုလူက ထမင်းကြော်တစ်ပွဲ၊ ဟင်းချိုတစ်ပွဲဖြင့် စားသောက်နေသည်မှာ ထက်ဝက်ပင်ကျိုးလောက်ပြီ။

သူက မိန်းမချောလေးရှိရာသို့ မျက်နှာချင်းဆိုင်ဖြစ်နေစေကာမူ လေးလေးမြင့်ဘက်ကျတော့ ဘေးတိုက်အနေအထား ဖြစ်နေသည်။

သူသည် မိန်းမချောလေးကို အလိုလိုပင် ငေးမိကြည့်မိသွားသည်။ မိန်းမချောလေးတွင် ထူးခြားချက်နှစ်ချက်သူ တွေ့ရသည်။ ပထမဆုံးအချက်မှာ မိန်းမချောလေး အပြုံးအရယ် ပြုလေတိုင်း၌လည်းကောင်း၊ ပြုံးရယ်သည် မဟုတ်သော်လည်း နှုတ်ခမ်းလှုပ်၍ စကားပြောလေလျှင်လည်းကောင်း၊ သူမ၏ ပါးတွင် ပါးချိုင့်လေး ခွက်ဝင်တတ်သည်ကို သူက နှစ်ခြိုက်မြတ်နိုးစွာ သတိထားမိခြင်းဖြစ်သည်။

ဒုတိယအချက်မှာ စားပွဲပေါ်တွင် တင်ထားသော သူမ၏လက်မှ လက်သူကြွယ် လက်ချောင်းလေးတွင် မီးရောင်၌

www.burmeseclassic.com

www.burmeseclassic.com



တဖျပ်ဖျပ် အရောင်ထွက်နေသော လက်စွပ်လေး ဝတ်ထားခြင်းပင် ဖြစ်တော့သည်။

ယနေ့ခေတ်ဝယ် အမျိုးသမီးတိုင်း လိုလိုသည် လက်စွပ်ဝတ်ဆင်လျှင် လက်ခလယ်တွင် ဝတ်ဆင်ကြသည်။ အဲ ... ခြွင်းချက်တော့ရှိသည်။ စေ့စပ်ကြောင်းလမ်းသောလက်စွပ်၊ လက်ထပ်လက်စွပ် ဆိုလျှင်တော့ လက်သူကြွယ်တွင် ဝတ်ဆင်ကြပါ၏။

ဒါဆိုလျှင် ယင်းမိန်းမချောလေးတွင်လည်း စေ့စပ်ပြီးသားဖြစ်စေ၊ လက်ထပ်ပြီးသားဖြစ်စေ ရှိပြီးဖြစ်ရမည်။

သူမနှင့်အတူ အသက်(၅၀)ခန့် ဘူတာကြီးတစ်ဦးနှင့် သူ့လောက်ပင် အသက်အရွယ် ရှိသေးသော လူရွယ်တစ်ဦး ထိုင်နေကြသည်။

ဘူတာကြီးက သူ့ကို ကျောပေးထားစေကာမူ ထိုဘူတာကြီးသည် နာမည်ကြီး ဝတ်လုံတော်ရ ဦးမြတ်မင်းမှန်း သူသိခဲ့ဖူးသည်။ သူဝင်လာစက သူ့ကိုလှမ်းကြည့်ပြီး မျက်နှာလွှဲထားသည်ကိုလည်း သူ ဖျတ်ခနဲ သတိထားမိသည်။ ထို့ကြောင့်သော် ... ဘူတာကြီးခမျာ သူ့ကို နှုတ်မဆက်ချင်ရှာပါကလားဟု သဘောထားရကာ သူကလည်း သွားရောက်တွေ့ဆုံနှုတ်ဆက်ရန် စိတ်မကူးပါလေတော့။

အခြားလူရွယ်နှင့် သူသည် ယခု ထိုင်နေကြသည့်ပုံစံမှာ မျက်နှာချင်းဆိုင် ဖြစ်သည်။ လူရွယ်သည် အသားဖြူဝင်းပြီး လူချောဖြစ်သော်လည်း မျက်နှာအမူအရာက မာကျောလှသည်။ သူ့ကို ပြန်ကြည့်သော လူရွယ်၏မျက်နှာမှာ တင်းတင်းမာမာရှိလှပါပေသည်။



လူရွယ်၊ မိန်းမချောနှင့် ဘူတာကြီး ဦးမြတ်မင်းတို့လည်း စားသောက်ဖွယ်ရာများကို မှာယူထားဆဲ ဖြစ်ဟန်တူသည်။ သူတို့စားပွဲတွင် ဇွန်းခက်ရင်း လက်သုတ်ပဝါနှင့် ကြက်သွန်ချဉ်ပန်းကန်မှလွဲ၍ စားစရာ ဘာမှမရောက်သေး။

"ကဲ ... အန်ကယ်က လေးလေးမြင့်ကို ပြောစရာတွေရှိပါတယ်ဆိုတာ ပြောတော့လေ၊ မြို့သာက ဒေါ်လေးကေသီရဲ့ ကိစ္စတွေ အေးအေးဆေးဆေး စားရင်းသောက်ရင်း ပြောမယ်ဆိုပြီး ဒီမှာလာကြတာလေ"

သူသည် စားပွဲတစ်လုံးခြားတွင် ရှိနေသည်မို့ သူမကိုယ်ကို "လေးလေး"ဟု ပြောလိုက်သော မိန်းမချောလေး၏ စကားသံကိုကြားလိုက်ရသည်။ လေးလေး၏ မြို့သာက ဒေါ်လေးကေသီ ဟူသော စကားလုံးသည် သူ၏ညွတ်ထားမိသော ကိုယ်ကို မတ်ခနဲ ထောင်လာစေတော့သည်။ ပြီး သူသည် ဆက်လက်၍ တမင်တကာပင် သူတို့ဝိုင်းမှ စကားတွေကို ကြားရအောင် နားစွင့်ထားတော့သည်။

ဝတ်လုံတော်ရ ဦးမြတ်မင်းက ချက်ချင်းပင် စကားပြန်မဆိုသေးဘဲ အဓိပ္ပာယ်မဲ့ စားပွဲကို ဇွန်းတစ်ချောင်းဖြင့် ခေါက်နေပေသည်။ ထို့နောက်မှ တစ်လုံးချင်း ပြောသည်။

"ဟုတ်တယ် လေးလေး၊ မြို့သာ 'သစ်စခန်း'က အန်ကယ် ပြန်လာတာ သုံးရက်ပဲ ရှိသေးတယ်၊ ဒေါ်ကေသီနဲ့ တွေ့ခဲ့ရတယ်၊ ဒေါ်ကေသီရဲ့ လုပ်ငန်းတွေလဲ အန်ကယ် အကဲခတ်ခဲ့တယ်၊ ဒေါ်ကေသီရဲ့ အခက်အခဲတွေလဲ ဒေါ်ကေသီက အန်ကယ့်ကို ဖွင့်မပြောပေမယ့် အန်ကယ် ရိပ်မိ

www.burmeseclassic.com

www.burmeseclassic.com



တန်သလောက်၊ သိတန်သလောက် ရိပ်မိသိရှိခဲ့ရတယ်"

"ဒေါ်လေးကေသိရဲ့ ကျန်းမာရေးကကော"

"နှလုံးရောဂါသမားပဲ လေးလေး၊ ဘာမျှမဖြစ်တုန်းတော့ ဘာမျှမဖြစ်ဘူးပေါ့၊ အဲ … အင်မတန် တုန်လှုပ်စရာတွေ့ပြီး ရှော့(ခ်)ဖြစ်တာမျိုးနဲ့ ကြုံရင်တော့ နှလုံးရောဂါရဲ့ အတက်(ခ်) ဝင်နိုင်တာပေါ့လေ"

လေးလေးမြင့်၏ မျက်နှာလေး ချက်ချင်းညှိုးကျသွားသည်။ ဒေါ်လေးကေသိ ဆိုသည်မှာ သူမအံ့အမေ၏ ညီမအရင်း။ သူမ၏အဒေါ်ရင်းခေါက်ခေါက်။ ဒါတင်ကရိုးလား၊ သူမတက္ကသိုလ်တွင် ဘွဲ့ရသည်အထိ သူများထက် အောက်မကျရုံမက၊ သူများထက်ပင် သူ့တူမလေး သာရမည်ဆိုသည့် ,, စေတနာတွေဖြင့် တပုံတပိုးကြီး ထောက်ပံ့ခဲ့သော ဒေါ်လေးကေသိ။

"ခက်တယ် အန်ကယ်ရယ်၊ အမှန်တော့ ဒေါ်လေးကေသိဟာ ရန်ကုန်ပြန်လာပြီး အနားယူသင့်တယ်၊ ဒီက သမားတော်ကြီးတွေနဲ့ နီးနီးကပ်ကပ် နေသင့်တယ်"

"အန်ကယ်လဲ အဲဒီလိုပဲ၊ ဒေါ်ကေသိကို ဘဏ္ဍာရေးထက်ပိုပြီး စေတနာဆန္ဒနဲ့ ရန်ကုန်ပြန်လိုက်ခဲ့ဖို့ တိုက်တွန်းပါသေးတယ် လေးလေး၊ ဒါပေမယ့် ဒေါ်ကေသိလို အမျိုးသမီးက မလွယ်ပါဘူး"

ပြောရင်းပင် ဦးမြတ်မင်းသည် ဟန်ပါပါ ပခုံးတွန့်ပြလိုက်သေးသည်။ အတွန့်၏အဓိပ္ပာယ်မှာ ပြောဆိုမရ၊ သူ့ကို လက်လျှော့လိုက်ပါ၏' ဆိုသည့် အဓိပ္ပာယ် ပေါ်လွင်နေပါသည်။

"လေးလေးရဲ့ ဒေါ်လေးအကြောင်းကို လေးလေး အသိဆုံးပါလေ၊ အန်ကယ်ရဲ့ တိုက်တွန်းစကားကို လက်မခံပါဘူး၊ ဘယ်လိုမှ ပြောလို့မရဘူးကွယ်၊ သူ့စိတ်ထဲ ဆုံးဖြတ်ပြီးပြီ တဲ့လေ"

"ဒေါ်လေးကေသိ စိတ်ကတော့ ဒီအတိုင်းပဲ အန်ကယ်၊ သိပ်မာတယ်၊ သိပ်ပြတ်တယ်၊ ဆုံးဖြတ်ပြီးရင် မပြင်ဘူး"

အောင်မျိုးခိုင်က ဝင်စွက်လိုက်သည်။

"အမိလိုပေါ့၊ ဟုတ်လား"

လေးလေးမြင့်က အောင်မျိုးခိုင်ကို ပြန်ကြည့်သည်။

"ထားပါတော့ ကိုမျိုး၊ လေးလေးစိတ်နဲ့ ဒေါ်လေးကေသိရဲ့ စိတ် တူတယ်လို့ပဲ၊ ဒါပေမယ့် ဒီစိတ်မျိုးရှိတဲ့ မိန်းကလေးဟာ ကိုမျိုး အလိုရှိတဲ့ပုံစံမျိုး ဖြစ်ချင်မှဖြစ်မယ်လေ၊ ကိုမျိုးနဲ့ အသင့်တော်ဆုံးက ဖယောင်းပုံစံ့ရှဲ့ပုံစံမိန်းကလေးမျိုးမှဖြစ်မယ်၊ ဒါမှ ကိုယ်ပုံသွင်းတဲ့အတိုင်း ရမယ် မဟုတ်လား"

အောင်မျိုးခိုင်က စားပွဲတွင် တံတောင်ဆစ်နှစ်ဖက်ထောက်သည်။ လက်ဝါးနှစ်ဖက်ကို ဖတ်ခနဲတီးသံ မြည်စေသည်။ ထိုင်းလက်ဝါးနှစ်ဖက် ပူးယှက်ရင်းပင် မေးထောက်ပြီး လေးလေးမြင့်ကို သရော်ကာမဟုတ် အကြည့်မျိုးဖြင့် ကြည့်ပေးသည်။

"ဒါပေမယ့် လေးလေးဟာ ကိုယ်ကြိုက်တဲ့ပုံစံမျိုး ရှိနေလို့လဲ ဒီအခြေအနေထိ ရောက်လာရတာပဲ မဟုတ်လား လေးလေး"

လေးလေးမြင့် ဘာမှပြန်ပြီး စောဒကမတက်တော့။ အောင်မျိုးခိုင်နှင့် စကားနည်းရန်စဲ သဘောကြောင့် ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် လေးလေးမြင့်၏ အာရုံဟူသမျှသည် ယခု



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဝယ် ဒေါ်လေးကေသီထံသို့ စူးစိုက်နေသောကြောင့် ဖြစ်ချင်လည်းဖြစ်မည်။

"ဟိုတုန်းက ဆိုရင်တော့ ဒေါ်လေးကေသီဟာ မိုးရာသီဆိုရင် ရန်ကုန်မှာ လာနားတာပဲ၊ ဦးလေးသော်ကတော့ ဒေါ်လေးကို ရန်ကုန်ပို့ပြီး၊ မြိုင်သာကို ပြန်သွားတယ်ပေါ့လေ၊ နောက်ပြီး ဒေါ်လေးကေသီက ရန်ကုန်ကို အင်မတန်ချစ်တာ"

"မှန်တာပေါ့ကွယ်၊ ဟိုတုန်းကတော့ ဦးသော်က ရှိတာကိုး၊ အခု ဦးသော်က ဆုံးပါးသွားတော့ မြိုင်သာက သစ်စခန်းနဲ့ သစ်စက်လုပ်ငန်းတွေကို ဒေါ်ကေသီက ကိုယ်တိုင် ကြပ်မတ်ဖို့ ဖြစ်လာတယ်လေကွယ်"

"ဦးလေးသော် ဆုံးဆုံးချင်းတုန်းကတော့ ဒေါ်လေးကေသီက သစ်လုပ်ငန်းရော သစ်စက်ကြီးပါ ရောင်းပစ်မယ်ဆို အန်ကယ်၊ လေးလေး ထင်တာက အန်ကယ် မြိုင်သာသစ်စခန်းကို သွားခဲ့တာဟာ အဲဒီအရောင်းအဝယ်ကိစ္စ လုပ်ဖို့ ဒေါ်လေးကေသီက မှာတာလားလို့"

"အင်း ... ဒေါ်လေးကေသီတော့ သေချာမှာလိုက်ပါတယ်၊ ဟွမမျောလေး လေးလေး တစ်ယောက် အောင်မျိုးခိုင်နဲ့ လက်ထပ်ဖို့အတွက် မင်္ဂလာယူနေတဲ့ အချိန်မျိုးမှာ သူ့အခက်အခဲနဲ့ သူ့အကြောင်းတွေ ဘာတစ်လုံးမျှ ပြောမပြပါနဲ့လို့လေ၊ ဒါပေမယ့် အန်ကယ့်အနေနဲ့ ဒေါ်ကေသီရဲ့ ကိစ္စတွေ လေးလေးကို ပြောသင့်တယ်လို့ ထင်တယ်။ ဦးသော်က ဆုံးသွားတယ်၊ သူတို့လင်မယားမှာ သားထောက်



သမီးခံ တစ်ယောက်မျှ မထွန်းကားခဲ့ဘူး။ လေးလေးဟာ ဒေါ်ကေသီရဲ့ တူမအရင်းကြီး၊ ဒေါ်ကေသီမှာလည်း နှလုံးရောဂါရှိတယ်၊ ဒီတော့ အချိန်မရွေး ဘာမဆို ဖျတ်ခနဲ ဖြစ်သွားနိုင်တဲ့ မြိုင်သာသစ်စခန်းနဲ့ ပတ်သက်တာကို အန်ကယ်က လေးလေးကို ပြောသင့်တယ်ထင်လို့ ဒေါ်ကေသီ တားမြစ်တဲ့ကြားက ပြောမှာပဲ"

"ဒီမှာ ဦးမြတ်မင်း စိတ်ရှုပ်စရာတွေနဲ့ စိတ်မကောင်းစရာတွေဆိုရင် မပြောနဲ့ဗျာ၊ ဦးမြတ်မင်းကို ပိုက်ဆံပေးပြီး ဘယ်သူကမှ အတင်းပြောခိုင်းနေတာလည်း မဟုတ်ဘူး၊ လာမယ့် ဧပြီလမှာ ကျွန်တော်နဲ့ လေးလေးက လက်ထပ်တော့မှာ၊ ဒီကြားထဲ ရင်ရှုပ်စရာဆိုရင် မပြောနဲ့ဗျာ"

"အန်ကယ့်ကို ပိုက်ဆံတော့ ဘယ်သူကမှ မပေးတာမှန်တယ်၊ ဒါပေမယ့် အန်ကယ်က ဒေါ်လေးကေသီရဲ့ အကြောင်း ပြောကိုပြောရမယ် ကိုမျိုး၊ ဒေါ်လေးကေသီနဲ့ လေးလေးဟာ အမျိုးအရင်းခေါက်ခေါက်၊ ဟောဒီက အန်ကယ်ဦးမြတ်မင်းက ဒေါ်လေးကေသီနဲ့ ဦးလေးသော်ရဲ့ နဂိုရင်းကတည်းက မိတ်ဆွေရင်းတွေ၊ ဒေါ်လေးကေသီနဲ့ ဦးလေးသော်ရဲ့ တရားဝင်စီးပွားရေးကိစ္စတွေဆိုရင် အန်ကယ်ဦးမြတ်မင်းက ဘာမဆို လုပ်ပေးခဲ့တာ၊ အခုကိစ္စဟာ ဒေါ်လေးကေသီရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ၊ လေးလေးနဲ့ ပတ်သက်တယ်၊ ကိုမျိုးနဲ့ ဘာမှမပတ်သက်ဘူး၊ ဒါကြောင့် အန်ကယ်ပြောမယ့် စကားတွေ ကိုမျိုးက ပိတ်ပင်နိုင်ခွင့် မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးရဲ့ ကိစ္စဟာ ကိုယ့်ကိစ္စပဲ မဟုတ်လား"

"အဲဒါက ဟိုလာမယ့် ပြေလနောက်ပိုင်းအထိ လိုပါသေးတယ် ကိုမျိုး"

"ကိုယ်လိုက်လာမိတာတောင် မှားသွားပြီလား မသိဘူး၊ မိုးထဲလေထဲမှာ လေးလေး အလာရ ပင်ပန်းမှာစိုးလို့ ကိုယ်က ကိုယ့်ကားနဲ့ လိုက်ပို့မိတာ"

လေးလေးမြင့်က မသိမသာ မျက်မှောင်လေးကြုတ်လိုက်သည်။

"ဒါဆို ပြန်တော့ ကိုမျိုး၊ ရန်ကုန်မြို့မှာ သုံးဘီး၊ လေးဘီး အငှားကားတွေ အများကြီး ရှိနေသားပဲဟာ"

အောင်မျိုးခိုင်က တစ်ခုခု ပြန်လည်ပြောရန် ပါးစပ်ပြင်လိုက်ပြီးမှ မပြောတော့ဘဲ နှုတ်ပိတ်နေလိုက်သည်။

"ကဲ ... အန်ကယ် ဆက်ပြောပါ၊ ဒေါ်လေးကေသီဟာ ဘာဖြစ်လို့ သစ်စက်လုပ်ငန်းနဲ့ သစ်စက်ကို မရောင်းတော့တာလဲတဲ့ဟင်"

"ဒီလိုကွယ့်၊ ဦးသော်ကဟာ နောက်ဆုံး သေသွားတဲ့အချိန်အထိ ပျော်ပျော်နဲ့ ပေါ့ပေါ့ နေတတ်တယ် မဟုတ်လား"

လေးလေးမြင့် ခေါင်းညိတ်ဝန်ခံသည်။

"ဟုတ်တယ်၊ ဦးလေးသော်ကဟာ ပျော်မယ်၊ ပါးမယ်၊ သုံးမယ်၊ စားမယ်၊ သောက်မယ် ထဲကပဲ"

"အေးပေါ့၊ သူတို့လုပ်ငန်းလည်း လေးလေး သိသားပဲ၊ ကုန်ကြမ်းပေး ကုန်ချောအပ်စနစ်လေ၊ သက်ဆိုင်ရာက တောထဲကသစ်တွေကို တစ်နှစ်အတွက် ဘယ်လောက်ဆိုပြီး



သတ်မှတ်ပေးတယ်၊ ဒေါ်လေးကေသီတို့က သတ်မှတ်ပေးခဲ့တဲ့ သစ်တွေကို ခုတ်လှဲရတယ်၊ သစ်စက်အရောက် သယ်ရတယ်၊ သစ်စက်မှာ သက်ဆိုင်ရာကလိုတဲ့ အတိုင်းအထွာ အရွယ်အစားအလိုက် ခွဲပေးရတယ်၊ ဒီလိုလုပ်ဖို့အတွက် သက်ဆိုင်ရာကပဲ အလုပ်သမားခတွေ၊ စက်ခွဲခတွေ၊ သယ်ယူပို့ဆောင်ခတွေအတွက် ကြိုတင်ငွေတွေ ထုတ်ပေးခဲ့တာချည်း မဟုတ်လား လေးလေး"

မှန်ပေသည်။ ပျဉ်းမနားမှတစ်ဆင့် မြိုင်သာသို့ သွားရသည်။ မြိုင်သာမှတစ်ဆင့် ဒေါ်လေးကေသီတို့၏ သစ်စခန်းသို့ ထပ်မံသွားရသည်။ နွေရာသီတွင် သစ်တင်မော်တော်ကားများ သွားနိုင်သော်လည်း မိုးတွင်းဆိုလျှင် ဝန်တင်မော်တော်ကားကြီးများ မသွားနိုင်တော့။ တောင်ကုန်းတောင်မြင့်နှင့် လျှိုတွေမြောင်တွေရှိနေသည့်ပြင် ဗွက်နစ်လမ်းချော်မှုများကြောင့်ဖြစ်တော့သည်။ ထို့ကြောင့် သက်ဆိုင်ရာမှ သစ်များကို ခုတ်လှဲစေပြီး ခွဲပြီးသား သစ်တွေကိုသာ နွေရာသီလမ်းပေါက်သောအချိန်တွင် မြိုင်သာမှ တစ်ဆင့် ပျဉ်းမနားသို့ သယ်ပို့ပေးအပ်ရသည်။ ထို့အတွက် သက်ဆိုင်ရာမှ ကုန်ကျစရိတ်အားလုံးကို ခန့်မှန်းတွက်ချက်အရ [illegible]ဆယ်ရာခိုင်နှုန်းတင်ကြိုပြီး ငွေထုတ်ပေးသည်။ ကျန်လေးဆယ်ရာခိုင်နှုန်းငွေကို ခွဲသစ်များ ပြည့်ဝစွာအပ်ပြီးမှ ထုတ်ပေးပါ [illegible]ဝလီကံထရိုက်ပုံစံဖြင့် ဒေါ်လေးကေသီတို့က လုပ်ကိုင်ပေး[illegible]င်း ဖြစ်သည်။

ခက်ခဲသော အရပ်ဒေသတွင် ခက်ခဲစွာ လုပ်ဆောင်ခြင်း ဖြစ်သောကြောင့် ဦးလေးသော်နှင့် ဒေါ်လေးကေသီတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအမြတ်ရှိပေသည်။ သို့သော် ဦးလေးသော်သည် အသုံးကြမ်းသည်။ ဇနီးဖြစ်သူ ဒေါ်လေးကေသီ တောထဲသစ်စခန်းတွင်နေနိုင်အောင်ဆိုပြီး သစ်စက်ဝင်းအတွင်းမှာပင် ဟိုန်းနေသော အိမ်ကြီးဆောက်ထားသည်။ ထိုအိမ်ကြီးတွင် ထောပတ်ဒိန်ခဲမှစပြီး လိုလေသေးမရှိအောင် ထားသည်။ သစ်စက်၏ အင်ဂျင်စက်ဖြင့်အိမ်ကြီးထဲတွင် ဓာတ်အားရစေကာ ရေခဲသေတ္တာကအစ ထားရှိသည်။

ဦးလေးသော်သည် နိုင်ငံခြားအရက်ကို ဒါဇင်လိုက်ဆောင်ထားပြီး သောက်သည်။ နောက်ပြီး ဦးလေးသော်သည် အမဲလိုက်ဝါသနာကြီးမားသည်။ အမဲလိုက်သေနတ်အမျိုးမျိုးကိုလည်း လိုင်စင်ယူကာ အိမ်ကြီးတွင် ဆောင်ထားသည်။

ရဲစခန်းက မြို့သာတွင်ရှိသည်။ ရဲစခန်းနှင်ဦးလေးသော်၏ သစ်စခန်းသည် ဆယ်မိုင်ခန့်ကွာဝေးသ[illegible] လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် လုံခြုံရေးအတွက်ပါရည်ရွယ်ပြီး ဦးလေးသော် လျှောက်ထားသည့် သေနတ်များကိုစိစစ်ပြီး သက်ဆိုင်ရာမှ လိုင်စင်ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

မြို့သာရဲစခန်းနှင့် သစ်စခန်းကိုပင် တယ်လီဖုန်းအဆက်အသွယ်ရအောင် ဦးလေးသော် ဆောင်ကြဉ်းထားခဲ့သည်။

အကယ်၍သာ ဦးလေးသော် ကဲ့သို့သော ပုဂ္ဂိုလ်မျိုးက ကိုယ်ပိုင်သစ်စက် ဤဒေသမျိုးတွင် မကည်ထောင်ခဲ့လျှင် ဤဒေသတစ်ဝိုက်မှ သစ်တွေသည် အနီးအနား ကျေးရွာသားများ၏ အကျိုးမဲ့ ခုတ်ယူခိုးယူခြင်း ခံရမည်။ ခုတ်ပြီးသစ်လုံးများ သယ်ယူရေးအတွက် အမှာခံလမ်း ဖောက်ရသည့် ကုန်ကျစရိတ်သည်အလွန်အမင်း ကြီးမားပေလိမ့်မည်။ ဤမျှစရိတ်စက အကုန်အကျ ခံရ



[illegible]ဟာက်အောင်လည်း ဤတောတစ်ဝိုက်တွင် သစ်အမျိုးအစားတွေ[illegible] ကောင်းနေသည်လည်း မဟုတ်။ ကျွန်းကနည်းပါးပြီး အင်၊ [illegible]ညင်နှင့် အခြားတောသစ်တွေသာ များသည်။ ထို့ကြောင့်လည်း [illegible]က်ဆိုင်ရာမှ သူ့အကျိုး ကိုယ့်အကျိုးတွက်ကာ ဦးလေးသော်[illegible]အား လိုက်လျောလုပ်ကိုင်စေခြင်း ဖြစ်ခဲ့သည်။ ဤပုံစံဖြင့် [illegible]ီးလေးသော် လုပ်ဆောင်ခဲ့သည်မှာ ကြာပေပြီ။

"ဆက်ပြောပါ အန်ကယ်၊ လေးလေးက မြို့သာသစ်စခန်းကို အရောက်အပေါက် နည်းပေမယ့် ဦးလေးသော်နဲ့ဒေါ်လေးကေသီတို့ရဲ့ အနေအထားနဲ့ လုပ်ဆောင်ချက်တွေကို ဒေါ်လေးကေသီ မိုးတွင်းမှာ ရန်ကုန်လာနေတိုင်း ပြောလေ့ရှိတာမို့ နားရည်ဝနေပြီးသားပါ"

"ပြောစရာကတော့ ဦးသော် ခမျာ ဖြန်းခနဲ လေဖြတ်သေသွားတဲ့နောက် သက်ဆိုင်ရာက ကြိုတင်ထုတ်ယူထားတဲ့ ကြွေးကျန်တွေ တော်တော်များများ ကျန်ခဲ့တယ် လေးလေး၊ ဖြန်းခနဲ ဦးသော် သေဆုံးစကတော့ ဒေါ်ကေသီဟာ ကြွေးကျန်တွေအတွက် သစ်လုပ်ငန်းနဲ့ စက်ကိုရောင်းပြီး ဆပ်မယ်လို့ စိတ်ကူးရဲလိုက်ပါသေးတယ်၊ တကယ့်လက်တွေ့ကျတော့ ဒေါ်ကေသီက စဉ်းစားတာတွေ အများကြီးဖြစ်လာတယ်"

ဝါးခနဲ အောင်မျိုးခိုင်က သမ်းဝေလိုက်သည်။ [illegible]လေးလေးမြင့်က အောင်မျိုးခိုင်ကို မျက်စောင်းထိုး စွေစောင်းကြည့်[illegible]သည်။ ထိုသို့ကြည့်ရာမှတစ်ဆင့် ကြည့်မိကြည့်ရာဖြင့် '[illegible]ထိုင်[illegible]နေသော စားပွဲသို့ လေးလေးမြင့် မျက်လုံးရောက်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အို ..."

'သူ'၏ မျက်လုံးများသည် လေးလေးမြင့်ကိုပင် ငေးကြည့်နေသည်မို့ မျက်လုံးချင်း ဆုံမိလိုက်ပြန်တော့သည်။ လေးလေးမြင့်မှာ 'သူ'အကြည့်ကြောင့် ရှိန်းရိန်းဖိန်းဖိန်း ခံစားမှု အသစ်အဆန်းလေးတစ်မျိုး ရင်ထဲတွင် ခံစားလိုက်ရပြန်သည်။ ချက်ချင်း မျက်စိလွှဲကာ ဦးမြတ်မင်း ဘက်သို့ လေးလေးမြင့် ပြန်လှည့်လိုက်လေသည်။

"ဒေါ်လေးကေသီမှာ ဘာတွေစဉ်းစားလာတာလဲအန်ကယ်"

"အဓိကအချက်ကတော့ သူ့ခင်ပွန်း အင်မတန်ပျော်ပိုက် နှစ်ခြိုက်တဲ့ ဒီလုပ်ငန်းနဲ့ ဒီသစ်စက်ကို ဝကွက်ပြီးသူများ လက်ထဲ ဒေါ်ကေသီ မရောင်းရက်၊ မပေးရက်ဘူး၊ သူတို့ ဇနီးမောင်နှံ ဘယ်လောက်ချစ်ခဲ့ကြတယ်ဆိုတာ လေးလေး အကဲခတ်မိမှာပေါ့ ..."

"သိပ်ကိုအကဲခတ်မိတာပေါ့ အန်ကယ်၊ ဦးလေးသော်ဟာ ဒေါ်လေးကေသီကို သိပ်ချစ်ခင်ရုံမကဘူး၊ သိပ်နားလည် လိုက်လျောနိုင်တယ်၊ ဒေါ်လေးကေသီကလဲ အလားတူပဲ၊ တစ်ယောက်ကိုတစ်ယောက် တစ်ဘက်စီးနင်း ဆိုတာမျိုး ဘယ်တုန်းကမှ မရှိခဲ့ကြဘူးလေ၊ အပေးအယူ သိပ်မှန်ကြ တာ"

သန်းဆေပုင်းရီဘာမှ အောင်မျိုးခိုင်သည် လေးလေးမြင့် ကို မျက်မှောင်ကုတ် ကြည့်လိုက်သည်။

"ဘာလဲ၊ လေးလေးက ကိုယ့်ကို တစ်ဘက်စီးနင်းကျတယ်၊ အပေးအယူ မမှန်ကန်ဘူးလို့ ဆိုလိုချင်တာလား"



လေးလေးမြင့်က ပြုံးလိုက်သည်။ အောင်မျိုးခိုင်အား ဘာမျှမခေပဘဲ အန်ကယ် ဦးမြတ်မင်း ဆက်ပြောပါဟုသာ ဆို လိုက်သည်။

"နောက်တစ်ချက်က ဒီလောက်ခေါင်ပြီး လမ်းပန်းအဆက် အသွယ် ခက်ခဲလှတဲ့ နေရာမျိုးက သစ်စက်ကြီးကို ဘယ် လိုလူက ဖြန်းခနဲ ရော့ ... အင့်ဆိုပြီး ဝယ်ရဲမှာလဲတဲ့ကွယ်၊ ဝယ်ရဲတဲ့လူ ရှိတော့ရှိပါရဲ့၊ ဒါပေမယ့် သစ်စက်နဲ့လုပ်ငန်းရဲ့ တန်ဖိုးကို ထက်ဝက်မက ဈေးနှိမ်ပြီး ဝယ်ချင်တယ်၊ တစ် ကျပ်တန်ကို ငါးမူးနဲ့ ရောင်းပါဆိုတာမျိုးလေ၊ ဒါမျိုးကျတော့ ဒေါ်ကေသီက စက်ကိုမီးရှို့ပစ်ချင်ပစ်မယ်၊ မရောင်းရေးချ မရောင်းထဲကပေါ့"

"သိပ်မှန်တာပေါ့ အန်ကယ်"

"အေး၊ တန်ရာတန်ကြေး ပေးဝယ်မယ့်လူကို စောင့်မယ်ဆို ပြန်တော့လဲ ဘယ်အချိန် ဘယ်ကာလကျမှ ဝယ်တဲ့လူလာမှာ တဲ့လဲ၊ ဦးသော်ကမှာ တင်ရှိနေတဲ့ သက်ဆိုင်ရာကကြွေး ဟာ တစ်နှစ်တစ်ကြိမ် ရှင်းတမ်းပေးရမယ်လေ၊ ဒီတော့လဲ လုပ်ငန်းကို နားလည်ပြီးသား ဒေါ်ကေသီက သူကိုယ်တိုင် သစ်စခန်း၊ သစ်စက်အလုပ်ကိုလုပ်မယ်၊ သူ့ယောကျ်ားရဲ့ ကြွေးကို သူပြန်ဆပ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ရန်ကုန်ကို ဘယ်လိုမှ ပြန်လာဖို့ တိုက်တွန်းပရတာဘဲ လေးလေး"

အောင်မျိုးခိုင်က ဝင်တောလိုက်ပြန်သည်။

"သူကိုယ်တိုင် နေမှတဲ့လားဗျာ။ သူကိုယ်တိုင် သွားစိုက်နိုင် တာမှ မဟုတ်တာ၊ ကျွန်တော့်မှာလဲ သိန်းပုံသောင်းနဲ့ချီ

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ လုပ်ငန်းတွေ ရှိတာပဲ။ ဒါပေမယ့် နေရာတကာ ကျွန်တော် ဘယ်လို လုပ်နိုင်မလဲ၊ ယုံကြည် စိတ်ချရတဲ့ လူကို လခကောင်းကောင်း ပေးခိုင်းရတာတွေမျိုး ရှိတာပေါ့"

မှာထားသော စားသောက်ဖွယ်ရာများ စားပွဲထိုးက တစ်မျိုးပြီးတစ်မျိုး လာချပေးပြီ။ မည်သူမျှ မတို့ရသေးမီ အောင်မျိုးခိုင်က ခက်ရင်းကို ကောက်ကိုင်ကာ အသားတုံးများကို ထိုးယူစားသောက်လိုက်တော့သည်။

"မင်းပြောတာ မှန်သင့်သလောက် မှန်ပါတယ် အောင်မျိုးခိုင်၊ တကယ်လို့သာ ဦးသော်ကနဲ့အတူတူ တစ်လျှောက်လုံး လက်တွဲလုပ်လာခဲ့တဲ့မန်နေဂျာ ကိုဒေါင်းသာ မသေဆုံးဘူးဆိုရင်တော့ မင်းပြောသလိုပဲ ဒေါ်ကေသီဟာ ဒီမိုးတွင်းမှာ မန်နေဂျာ ကိုဒေါင်းကို အလုပ်တွေလွှဲခဲ့ပြီး ရန်ကုန်မှာထုံးစံအတိုင်း လာနေဖြစ်မှာပါ၊ ဒါပေမယ့် ကံဆိုးချင်တော့ပြီးခဲ့တဲ့ လထဲမှာပဲ မန်နေဂျာ ကိုဒေါင်းဟာ တောထဲမှာ အမဲလိုက်ရင်း မတော်တဆ သေနတ်မှန်ပြီး သေဆုံးသွားရှာတယ်လေ၊ ဒါကြောင့် ဒေါ်ကေသီ ကိုယ်တိုင် မိုးတွင်းပေမယ့် ဟိုမှာပဲ နေရတာ"

"ငကန်းသေ၊ ငစွေ့ လာမှာပေါ့ဗျာ"

"မင်းလို ရန်ကုန်မြို့ကြီး ခါးပေါ်တင်ပြီး လုပ်နေတဲ့လူအတွက်တော့ ငကန်းသေ ငစွေ့လဲရမယ်၊ မကောင်းလဲရမယ်၊ ဒါပေမယ့် ဟိုမှာက တောကြီးမျက်မည်းစခန်းပါ အောင်မျိုးခိုင်၊ ရာသီဥတုကြမ်းတယ်၊ လမ်းခရီးကြမ်းတယ်၊



ပျော်ပွဲရွှင်ပွဲ ဘာမှမရှိဘူး၊ အခုလက်ရှိ သစ်စက်တာဝန်ခံ သစ်ခုတ်တာဝန်ခံ သစ်ထုတ်တာ စတဲ့ လူတွေတောင် သူတို့ဇနီးတွေကို ဒေါ်ကေသီက ခေါ်ခွင့်ပေးရမယ်၊ အိမ်ကြီးပေါ်မှာနေဖို့ သီးသန့်ခန်း ပေးရတယ်၊ ဖွယ်ဖွယ်ရာရာ စားသောက်ဖို့ စီစဉ်ပေးရတယ်၊ ဒါကြောင့် တာဝန်ခံတွေက ဆက်လုပ်တာ၊ ဒေါ်ကေသီကသာ မလိုက်လျောရင် မြို့ပြန်ကြမယ် တကဲကဲဖြစ်နေကြတယ်လေ"

"ဒါလဲဗျာ၊ ပိုက်ဆံကောင်းကောင်းပေးရင် ရနိုင်တာပါ၊ ပင်လယ်ထဲက မီးပြတိုက်မှာတောင် အလုပ်တာဝန်ထမ်းဆောင်ကြသေးတာပဲ"

"လုပ်လက်စလဲရှိတယ်၊ ဒီလုပ်ငန်းအထာလဲ ကျွမ်းပြီးသား တာဝန်ခံတွေဆိုတော့ ဒေါ်ကေသီက လက်လွှတ်မခံချင်ဘူးလေ"

စားသောက်ဖွယ်များ စုံစေပြီမို့ စတင်စားသောက်ကြသည်။ လေးလေးမြင့်သည် ဟင်းပန်းကန်တိုင်းမှ အသားဖတ် အသည်းဖတ်တို့ကိုခပ်ကာ ဦးမြတ်မင်း ပန်းကန်ထဲသို့ သူမစတင်မစားမီ ထည့်ပေးသည်။

ဒါကို အောင်မျိုးခိုင်က သရော်ကမော် ရယ်လိုက်သည်။

"လေးလေးကတော့စံပဲ၊ ကိုယ်နဲ့လက်ထပ်တော့မယ့် ခင်ပွန်းလောင်းပန်းကန်ထဲတော့ မထည့်ပေးဘဲ ဦးမြတ်မင်းကြီးရဲ့ ပန်းကန်ထဲ ထည့်ပေးရတယ်လို့ကွာ"

"ကိုမျိုးဟာ မြန်မာမဟုတ်လား၊ ဗုဒ္ဓဘာသာဝင်တော့ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား၊ ထမင်းဝိုင်းမှာ သက်ကြီးဝါကြီး ပါလာရင် ဦးချရတယ်"

"ဩော် ... ဩော် ... ဒီလိုကိုး"

လေးလေးမြင့် ဆက်မပြောတော့ဘဲ ညစာကိုသာ ဆက်လွေးသည်။

သူက တစ်စားပွဲကျော်မှ အားလုံးမြင်နေရသည်။ အားလုံးကြားနေရသည်။ သူကိုယ်တိုင်ကလည်း ဂရုတစိုက်လိုက်ကြည့်မိသည်။ ဂရုတစိုက်လည်း နားစွင့်ထားမိသည်။

အကြောင်းမူ မြိုင်သာသစ်စခန်းဆိုသည်မှာ သူကိုယ်တိုင် စိတ်ဝင်စားသည့် ဒေသဖြစ်သောကြောင့်ပင်။

ထို့နောက်မှာမူ လေးလေးဆိုသည့် မိန်းမချောလေးကာ လည်း သူ့အတွက် စိတ်ဝင်စားလာမိသည်။ ရုပ်လေးချောမောလှပ သောကြောင့်လည်း စိတ်ဝင်စားသည်။ ပြတ်သားရဲရင့်ပုံရသော သူမ၏ သဘောထားလေးများကိုလည်း စိတ်ဝင်စားသည်၊ မြန်မာ ရိုးရာယဉ်ကျေးမှုကို မြတ်မြတ်နိုးနိုး ထားရှိလိုက်နာသည်ကိုလည်း စိတ်ဝင်စားသည်။

နက်မှောင်ပြီး အုံကောင်းရှည်လျားသော ဆံပင်ကို တစ်ပတ်လျှိုထုံးကာ နောက်တွဲလေးထားသည်။ အပါးအလှပ် မဟုတ်သော တက်ထရွန်စမျိုးကို အကျီလက်ရှည် ဝတ်ထားသည်။ သို့တစေ စားပွဲမျက်နှာပြင်ထက်ဝယ်၊သူမ၏ တက်ထရွန်အောက်မှ ရင်အလှသည် ငါးရံ့ပြေး ပေါ်လွင်နေပါ၏။

ယင်းသို့သော မိန်းကလေးသည် သူတစ်နေ့နေ့ အိမ်ထောင်ဘက်ရာလျှင် လိုချင်သောပုံစံတွေ ပြည့်ဝနေသည့်



ဤလေးလေး မိန်းကလေးမျိုးပင် ဖြစ်ပါ၏။

"အိုး ... သွားစမ်းပါ၊ အပိုတွေ လုပ်မနေနဲ့ ..."

ဟု သူက သူ၏ စိတ်ကူးယဉ် အတွေးများကို ခေါင်းထဲမှ ရွတ်မောင်းထုတ်ပစ်လိုက်၏။

နီးစပ်မှုလည်းမရှိ။ ဘယ်သူဘယ်ဝါမှန်းလည်း ဂဃ နဏမသိ။ ယခု စားသောက်ပြီးကြသည်နှင့် သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား ပျောက်ကွယ်သွားမည့် ဤမိန်းကလေးအပေါ် တွင် သူသည် ဤရွေ့ဤမျှ စိတ်ကူးယဉ်မိသည်မှာ ရယ်စရာပင် ကောင်းနေသေးတော့သည်။

သူ့အတွက် မှာယူထားသော စားသောက်ဖွယ်ရာများ ရောက်လာသဖြင့် စားသောက်မှု စတင်လိုက်သည်။ ထိုစဉ်မှာပင် ဝတ်လုံဦးမြတ်မင်းက စားရင်းသောက်ရင်း မြိုင်သာသစ်စခန်း အကြောင်း စကားပြန်ဆက်သည်မို့ သူနားစွင့်ရပြန်တော့သည်။

"အင်း ... မန်နေဂျာ ကိုဒေါင်း ဆုံးသွားပေမယ့် အခုအချိန် အထိတော့ ကိုဘခက်ရယ်၊ ကိုကြိုင်းမောင်ရယ်၊ ကိုကျော် ဝင်းမောင်ရယ် နောက်ထပ်ခန့်တဲ့ ရဲမြင့်နောင်ရယ်၊ အဲဒီ လေးယောက်နဲ့ ဒေါ်ကေသီက ဆက်လုပ်တာ အဆင်ပြေနေ ပါသေးတယ်လေ၊ သူတို့လေးယောက်က သူ့အပိုင်းနဲ့သူ တာဝန်ခံလေးယောက်ပေါ့၊ အဲ ... အဓိက သိပ်လိုနေတာက တော့ ဒေါ်ကေသီ အဖို့ အရည်အချင်းပြည့်ဝတဲ့ မန်နေဂျာ တစ်ယောက်ပဲကွယ့်၊ ကိုဒေါင်း နေရာမှာ အစားထိုးဖို့လေ"

လေးလေးမြင့်က တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားရင်းမှ ပြန်လည်မေးခွန်းထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ပြောပုံက အခုချိန်အထိတော့ အဆင်ပြေပါသေးတယ်ဆိုတာ နောက်ကြာရင်တော့ တစ်ခုခုဖြစ်တော့မယ်၊ အဆင်မပြေတော့ ဖြစ်တော့မယ်ဆိုတဲ့ သဘောကောက်ယူရမှာလားဟင်"

ဦးမြတ်မင်း ပခုံးတွန့်ပြလိုက်သည်။

"အသေအချာကြီးတော့ မပြောနိုင်ဘူးပေါ့ကွာ၊ အန်ကယ်ကလဲ မြိုင်သာစခန်းမှာ ညအိပ်သာ နေခဲ့တာကိုး၊ ဒါပေမယ့် အဲဒီနှစ်ညအိပ်အတွင်း အန်ကယ် အကဲခတ် ထင်မြင်မိသလောက်ကတော့ မြိုင်သာသစ်စခန်းမှာ တစ်ခုခုပေါက်ကွဲတော့မလားလို့ ထင်နေရတာမျိုးတွေ့ အကဲခတ်မိတယ်"

"ဘယ်လို ... ဘယ်လို အန်ကယ်၊ ဘာတစ်ခုခုက ပေါက်ကွဲမယ်လို့ ဆိုလိုတာလဲဟင်"

"ဘာတစ်ခုခုမှန်းတော့ အန်ကယ် မသိနိုင်မှာလဲ၊ အဲဒီမှာရှိတဲ့လူတွေဟာ သူတို့လုပ်ငန်းကို လုပ်မြဲလုပ်နေကြပေမယ့် သူတို့အချင်းချင်းပဲ တင်းမာတဲ့မျက်နှာမျိုးတွေ ရှိနေတယ်၊ တစ်ချိန်ချိန်မှာ သူတို့အချင်းချင်း အုံကြွပစ်လိုက်မယ်၊ ပေါက်ကွဲပစ်လိုက်မယ်ဆိုတဲ့ မျက်နှာမျိုးတွေပဲ၊ ဒါကြောင့်ပဲ ဒေါ်ကေသီက ဖာဖာထေးထေး လိုက်လိုက်လျောလျောနဲ့ ထိမ်းသိမ်းနေရတယ်လို့ အန်ကယ် ထင်တယ်လေ"

လေးလေးမြင့်သည် ခက်ရင်းနှင့်ဇွန်းကို ညင်သာစွာ ပြန်ချထားလိုက်သည်။

"လေးလေး ဆုံးဖြတ်လိုက်တယ် အန်ကယ်၊ မြိုင်သာသစ်စခန်းကို လေးလေး လိုက်သွားမယ်"



"အိုး ... မလိုက်ရပါဘူး လေးလေး"

အောင်မျိုးခိုင်က ဇွန်းခက်ရင်းကို အသံမြည်အောင်ပင် ဆောင့်ပစ်ချကာ ကျယ်လောင်သော ဟန့်တားသည့်အသံနှင့် အော်ပြောလိုက်သည်။

"အဲဒီလို လေးလေးက လိုက်သွားမှာစိုးလို့ ကျုပ်က ဦးမြတ်မင်းကို ဒါတွေမပြောဖို့ ဟန့်တားခဲ့တာပဲ၊ ဒါပေမယ့် ခင်ဗျားကြီးက 'ဖွတ်ကိုပြောတာပဲဗျာ"

"အန်ကယ်ဟာ ဥပဒေအကျိုးဆောင်တစ်ယောက်ပါ အောင်မျိုးခိုင်၊ ပြောသင့်ပြောထိုက်တာဆိုရင် တရားရုံးနဲ့ တရားသူကြီးရှေ့မှာတောင် ပြောခဲ့တဲ့သူပါ၊ အခုတို့စကားတွေမအရင်း ခေါက်ခေါက်ကို ပြောသင့်တယ်ထင်လို့ကို တမင်ခေါ်တွေ့ပြီး ပြောတာကွယ့်၊ လေးလေးအနေနဲ့ မြိုင်သာယာသစ်စခန်းကို လိုက်သွားမယ် မလိုက်သွားဘူး ဆိုတာက လေးလေးရဲ့ ကိုယ်ရေးကိုယ်တာနဲ့ လေးလေးရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်လေကွာ"

"ဟုတ်ပါတယ် ကိုမျိုး၊ အကြောင်းအချက်တွေနဲ့ အခြေအနေတွေက မြိုင်သာသစ်စခန်းကို လေးလေး လိုက်သွားရမယ်လို့ ..."

"တော်စမ်းပါ၊ လေးလေး မသွားရပါဘူး"

"ဒေါ်လေးကေသီမှာ သွေးရင်းသားရင်း တိုင်ပင်ဖော်တိုင်ပင်ဖက် လိုနေတယ်၊ နောက်ပြီး ဒေါ်လေးကေသီမှာ နှလုံးရောဂါရှိတယ်"

"လေးလေး၊ သွားလို့ကော လေးလေးက ဘာလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ သစ်စက်အကြောင်း ဘာတစ်လုံးနားလည်လို့လဲ၊ အပိုတွေပါ ဟိုမှာက ရေကြမ်းမြေကြမ်း၊ လူသွမ်းလူကြမ်းတွေ ကြားထဲမှာ လေးလေး ဒုက္ခရောက်ချင်လို့လား”

“မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ၊ မြို့သာမှာတင် ရဲစခန်းရှိတယ်၊ ပျဉ်းမနားမှာတော့ မပြောနဲ့၊ အုပ်ချုပ်ရေးပိုင်းအခိုင်အမာကြီးရှိနေတာ၊ လေးလေးက ဘာတစ်လုံးမှ လုပ်ငန်းမှာ အကူအညီ မပေးနိုင်ဘူး ထားဦး၊ ဒေါ်လေးကေသီနဲ့ တိုးတိုးတိုင်ပင်ဖော်ရမယ်၊ လင်ယောကျ်ား ဆုံးပါးပြီး နှလုံးရောဂါရှိနေတဲ့ ဒေါ်လေးကေသီကို အနီးကပ်ဆေးပေးမီးယူ ပြုစုနိုင်တယ်၊ နောက်ပြီး ဒေါ်လေးကေသီဟာ လေးလေး ဘွဲ့ရတဲ့အထိ တဝကြီး ထောက်ပံ့ခဲ့တဲ့ ကျေးဇူးရှင်”

“စာမဖွဲ့လောက်ပါဘူး၊ တစ်နှစ်ကို တစ်သောင်းပဲထား၊ ဘွဲ့ရတဲ့အထိ လေးနှစ်သင်ရတဲ့ငွေဟာ လေးသောင်းပေါ့၊ ကိုယ်နဲ့ လက်ထပ်ပြီးရင် လေးလေးရဲ့ ဒေါ်လေးကေသီကို ငွေငါးသောင်း ပစ်ကန်တော့လိုက်လေ၊ ကိုယ်ကျေနပ်ပါတယ်”

“ဟယ် … ကိုမျိုး ပြောပုံကြီးက ရင့်သီးလိုက်တာ”

“မရင့်သီးနဲ့ လေးလေး၊ ကိုယ်က လုပ်သင့်လုပ်ထိုက်တာကို ပြောနေတာ၊ နောက်ပြီး လေးလေး ကိုယ်တိုင်သွားပြီး ဆေးပေးမီးယူလုပ်ဖို့ မလိုပါဘူး၊ ပျဉ်းမနားကဖြစ်ဖြစ် ဆရာဝန်တစ်ယောက်ကို တစ်လဘယ်လောက်ပေးရမလဲ၊ တစ်ထောင်အလွန်ဆုံးပေါ့၊ ငှားပြီးလွှတ်လိုက်ပါ၊ အဲဒီတစ်



လတစ်ထောင် ဆရာဝန်ခကို ကိုယ်ပေးမယ်၊ လေးလေး သွားပြီး ပြုစုတာထက် အရာပိုရောက်တယ်”

“ဟုတ်တယ်၊ ဆရာဝန်က ကုသပေးနိုင်တာတော့ မှန်တယ်၊ ဒါပေမယ့် ဆရာဝန်က မေတ္တာကိုမပေးနိုင်ပါဘူး၊ လေးလေး သွားပြုစုချင်တာက မေတ္တာနဲ့ သိလား”

“မေတ္တာကို ကြော်ငြာစာရွက်ကမ်းသလို လျှောက်ဝေပေးနေလို့ ဘယ်ဖြစ်မလဲ လေးလေး၊ ကိုယ်နဲ့လက်ထပ်ရတော့မှာပဲဟာ၊ လေးလေးမှာရှိသမျှ မေတ္တာတွေ ကိုယ့်အပေါ်ပုံအောပြီး ပေးလိုက်စမ်းပါ”

“ကဗျာကို တခြားစီထားပါ ကိုမျိုး”

“မလိုအပ်လို့ ပြောနေတာ၊ ကိုယ်တို့ လက်ထပ်ဖို့ကိစ္စတွေ စီစဉ်ရဦးမယ်၊ အိမ်ထောင်တစ်ခုအတွက် လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ကြရဦးမယ်၊ ကိုယ်တို့နှစ်ယောက်နေဖို့ တိုက်အိမ်လေးတစ်လုံး တည်ဆောက်ကြမယ်၊ ဆောက်ပြီးသားဝယ်မလား၊ ကိုယ့်ဟာကိုယ် စိတ်ကြိုက်မြေဝယ်ပြီး ဆောက်ယူမလား စတဲ့ကိစ္စတွေ အများကြီးရှိနေတယ်”

“ကိုမျိုးက ငွေပေါတဲ့လူပဲ၊ ဒါတွေ စီစဉ်ဖို့ဟာ ရန်ကုန်မှာ ငွေရှိရင် ရက်ပိုင်းအတွင်း ပြီးနိုင်တဲ့ကိစ္စတွေပါ၊ လက်ထပ်ဖို့ကလဲ အဝေးကြီး လိုသေးတယ်လေ၊ ဒေါ်လေး ကေသီရဲ့ လောလောဆယ် အခြေအနေအရ လေးလေးက သွားမှာပါ”

“ဒီမယ် … လေးလေး၊ မြို့သာသစ်စခန်းကို လေးလေး သွားဖို့ ကိုယ် လုံးဝခွင့်မပြုဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ကိုမျိုးက အဲဒီလောက် ပြင်းပြင်းထန်ထန်ကြီး ဘာလို့ တားမြစ်နိုင်မှာလဲတဲ့ရှင်"

"သိပ်တားမြစ်နိုင်တာပေါ့၊ ကိုယ်နဲ့ လေးလေးက စေ့စပ် ပြီးသားလေ"

လေးလေးမြင့်က တည်ငြိမ်အေးဆေးစွာပင် သူမ၏ လက်သူကြွယ်တွင် ဝတ်ဆင်ထားသော စိန်လက်စွပ်ကလေးကို ချွတ်လိုက်သည်။ ပြီးစိန်လက်စွပ်လေးကို အောင်မျိုးခိုင် ရှေ့တည့် တည့် စားပွဲပေါ်တွင် ချထားလိုက်သည်။

"စေ့စပ်တယ်ဆိုတဲ့ ကိစ္စက လုပ်ရတာ လွယ်သလောက် ဖျက်သိမ်းရတာလဲ လွယ်ပါတယ် ကိုမျိုး၊ တရားသူကြီးရှေ့ မှာ ရုံးတော်တံဆိပ် ခတ်နှိပ်ပြီး လက်မှတ်ထိုးတာမှ မဟုတ်တာ၊ နောက်ပြီး စေ့စပ်ထားရုံလောက်နဲ့ ကိုမျိုးမှာလဲ လူပျိုဂုဏ်တွေ ပဲ့မသွားဘူး၊ လေးလေးမှာလဲ အပျိုဂုဏ်တွေ ပဲ့မသွားဘူး"

"ဪ … ဪ … ဒါဆို လေးလေးက စေ့စပ်ထား ဘ ကိုဖျက်ချင်တယ်ပေါ့"

"သဘောထားချင်း၊ အယူအဆချင်း မကိုက်ညီကြဘူးလေ၊ ကိုမျိုး စိတ်ထဲမှာ လေးလေးက စေ့စပ်ဖို့ လက်ခံကာ၊ လက်ထပ်ဖို့ လက်ခံတာဟာ ကိုမျိုး ချမ်းသာကြွယ်ဝတာ တွေကို မက်မောလို့ ယူဆနေသလား၊ ဒါကြောင့် ကိုမျိုးက ငွေဂုဏ်ငွေမောက် ငွေဘဝင်တွေတက်ပြီး" လေးလေးကို ဟိုမသွားရဘူး၊ ဒီမသွားရဘူးဆိုတဲ့ တစ်ချက်လွှတ်အမိန့် တွေ ပေးနေတာလား၊ ဆောရီးပဲ ကိုမျိုး၊ လေးလေး



လက်ခံ ယုံကြည်ထားတဲ့ အိမ်ထောင်ရေးက တစ်မျိုးပါ၊ လင်ယောကျ်ားက ကိုယ့်အပေါ်မှာ ကျေးကျွန်လိုအမိန့်ပေး ဆက်ဆံတာမျိုးကို လေးလေး အမုန်းဆုံးပဲ၊ နှစ်ဦးနှစ်ဝ နားလည်မှု ရှိရမယ်၊ အပေးအယူ မျှတရမယ်၊ နေရာတိုင်း မှာ သဘောချင်း ညီမျှရမယ်လို့ မဆိုလိုပါဘူး၊ ဒါပေမယ့် တစ်ဦးရဲ့ အယူအဆကို တစ်ဦးက လေးစားရမယ်၊ စာနာ ရမယ်၊ အခုတော့ ကိုမျိုးက ဘဝင်တွေ မြင့်လွန်းတယ်"

အောင်မျိုးခိုင် ငြိမ်ကျသွားသည်။ ဦးမြတ်မင်းက ယောက်နှစ်ဦးကိစ္စကို တဟဲဟဲ ရယ်မောဟာသပြုရင်း တစ်ဦးနှင့် တစ်ဦး ပြေရာပြေကြောင်းတွေ စကားမန်ထိုးပေးနေစဉ်မှာပင် …

သူသည် စားသောက်ပြီးစီးသွားပြီမို့ ထိုင်ရာမှထ သည်။ ဦးမြတ်မင်းတို့ဝိုင်းသည် မြိုင်သာသစ်စခန်းအကြောင်း ပြောကြတော့။ အောင်မျိုးခိုင် ဆိုသူနှင့် လေးလေးဆိုသူ နှစ်ဦး၏ ကိုယ်ရေးကိုယ်တာပိုင်း ရောက်သွားပေပြီ။ သူ့အနေနှင့် ဆက်လက် နားထောင်ရန် မလိုတော့။

အဲ … တစ်ခုတော့ရှိသည်။

အကယ်၍သာ လေးလေးဆိုသည့် မိန်းမချောလေး လက်စွပ်ချွတ်ပေးပြီး စေ့စပ်ရေးကို ဖျက်သိမ်းကာ မြိုင်သာ သစ်စခန်းကို လာမည်ဆိုပါလျှင် …။

သို့တည်းမဟုတ် စေ့စပ်ရေးကို ဖျက်တော့မဖျက်ပါ ကိုယ်ပဲ အလျှော့ပေးပါပြီ၊ လေးလေး သွားချင်လှသော မြိုင်သာသစ်စခန်းကို လက်မထပ်မီ သွားပါလေတော့ဟု အောင် မျိုးခိုင်က အလျှော့ပေးလိုက်ပါလျှင် …။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် လေးလေး ဆိုသည့် မိန်းမချောလေးသည် မြိုင်သာသစ်စခန်း၌ ထပ်မံဆုံစည်းစရာ ရှိပါ၏။

ဤသို့မဟုတ်ပါဘဲလျက် အောင်မျိုးခိုင်က အချော့ကောင်း၊ အပြောကောင်း၊ အချွဲကောင်းနှင့်ရော ဦးမြတ်မင်း၏ အားတရားချ၍ နားဝင်သွားသည်ရောကြောင့် လေးလေးသည် မြိုင်သာသစ်စခန်းသို့ မလာရောက်တော့ပါ ဆိုပါကလည်း ဤနေရာ ဤစားသောက်ဆိုင်တွင် လေးလေးနှင့် တွေ့ဆုံခြင်းသည် ပထမဆုံးနှင့် နောက်ဆုံးပင် ဖြစ်သွားပါချိမ့်မည်။

ငွေသိမ်းစားပွဲတွင် သူက စားသောက်သည့် ကျသင့်ငွေကို ရှင်းသည်။ ငွေသိမ်းစားပွဲနောက်မှ မှန်ချပ်ကြီးတစ်ချပ် ထောင်ထားသည်။ ထိုမှန်ကြီးထဲမှ လေးလေး၊ အောင်မျိုးခိုင်နှင့် ဦးမြတ်မင်းကို သူတွေ့နေရသည်။

တွေ့ရရုံမက သူက နားပါးသူလည်းဖြစ်ပြန်၊ နားစွင့်ထားသည်လည်း ဖြစ်ပြန်မို့ သူတို့သုံးယောက် ပြောဆိုဝေဖန်ချက်ကိုလည်း သူကြားရသည်။

"ရုပ်ကိုက လူဆိုးလိုလို လူမိုက်လိုလိုနဲ့ ဘာအကောင်လဲ မသိဘူး"ဟု အောင်မျိုးခိုင်က သူ့ကိုကြည့်ပြီး ဝေဖန်သည်။

"လေးလေး အမြင်တော့ သူဟာ အီတလီရုပ်ရှင်ကားတစ်ခု ထဲက စကားပြောနည်းပြီး သိပ်သတ္တိရှိ သိပ်တည်ငြိမ်တဲ့ မင်းသားနဲ့ တူတယ်လို့ မြင်နေမိတယ်လေ"

နောက်ဆုံး ဦးမြတ်မင်းက ပခုံးတွန့်ပြပြီး မှတ်ချက်ပြုလိုက်ပါ၏။

"သူ့နာမည် ထွန်းနေနွယ်တဲ့၊ သိပ်ကြောက်စရာကောင်းတဲ့



လူပေါ့၊ မြွေပွေးတစ်ကောင်လို သိပ်အဆိပ်ပြင်းတယ်၊ အဲဒါပေမယ့် သူဟာ မြွေပွေးလိုပဲ သစ္စာရှိတယ်၊ သူ့ကိုမထိရင် ဘာမှမလုပ်ဘူး၊ သူ့ကိုတော့ နာနာကျင်ကျင် သွားမလုပ်လေနဲ့ ငေါက်ခနဲ မလွတ်တမ်း ပေါက်တတ်တဲ့ လူစားမျိုးလေ၊ အခု သူ့ကြည့်ရတာ ထောင်ကလွတ်လာခါစပဲ ဖြစ်မယ်"

"ဟွန်း... သူက ထောင်ကျရသတဲ့လား အန်ကယ်၊ ဒီလောက် လူရည်သန့်ပြီး ဒီလောက် တည်ငြိမ်ပုံရတဲ့ လူကများ ထောင်ကျရသေးသလားတဲ့"

"လေးလေးက ဒီလူ့ကို သိပ်ပသာဒ ဖြစ်နေလို့ပါ၊ တကယ်တော့ သူ့ရုပ်ကိုက ထောင်ထွက်လူမိုက်ရုပ်ပဲ၊ မဟုတ်ဘူးလား ဦးမြတ်မင်း"

သူသည် ပြုံးလိုက်သည်။

ထို့နောက် သူတို့သုံးယောက်စလုံးကို တစ်ချက်မျှ လှည့်မကြည့်တော့ဘဲ စားသောက်ဆိုင်မှ တည်ငြိမ်မှန်ကန်သော ခြေလှမ်းတို့ဖြင့် ထွက်လာခဲ့ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ပျဉ်းမနားရောက်ပြီးနောက် မြိုင်သာဘူတာသို့ ဖြတ်သွားသော လော်ကယ်ရထားတစ်စီးကို လေးလေးမြင့် ထပ်စီးရသေးသည်။

လော်ကယ်ရထားက တအိအိ ခုတ်နေသလောက် အပြင်ဘက်တွင် မိုးလေက သဲသဲမဲမဲကြီး ရွာချတိုက်ခတ်နေသည်။

ရထားတွဲတွင် စီးနင်းလိုက်ပါလာသူတွေသည် ဤ ရေမြေကြောဝယ် လက်လုပ်လက်စားတွေ ဖြစ်ပုံရသည်။ အဝတ်အစား နွမ်းကြပြီး သူတို့ကို ကြည့်ရသည်မှာ ခပ်ကြမ်းကြမ်းတွေချည်း ဖြစ်ကြသည်။

တွဲပေါ်ရောက်လာစက လေးလေးမြင့်ကို တွဲပေါ်မှ ယောက်ျားမိန်းမ ကလေးမကျန် အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။ ဤလမ်းဤခရီးဝယ် လေးလေးမြင့်လို လှပနုနယ်သော မြို့ကြီးသူမိန်းကလေးက ဘာလို့များ လိုက်လာပါလိမ့်ဟု သူတို့ တအံ့တသြ ဖြစ်ပုံရသည်။



လေးလေးမြင့်က အသက်(၆၀)ခန့်ရှိသော ဦးကြီး တစ်ယောက်တည်း ထိုင်နေသည့်ခုံတွင် ဝင်ရောက်နေရာယူလိုက် သည်။

တခဏတော့ သီးသန့်ရုပ်လက္ခဏာ ထွက်နေသည့် လေးလေးမြင့်ကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသော်လည်း ကြာသော်မူ ရိုးသွားဟန်တူပြီး၊ သူတို့ဘာသာ သူတို့စရိုက်အတိုင်း ပေါက်နေသွားကြသည်။

လော်ကယ်ထွက်လာပြီး မကြာမီပင် မိုးလေစဲသော အခါ ရထားစီးခရီးများသည် ငုတ်တုတ်ပင် ငိုက်မျဉ်းလိုက်ပါလာ ကြသည်။

မိုးလေသည်းထန်သောအခါ ရထား၏ပြတင်းတံခါး များကို မိုးပက်သောကြောင့် ပိတ်ကြရသည်။ အားလုံးလိုလိုခရီး သည်တွေက ငိုက်မျဉ်းနေကြသောကြောင့် လေးလေးမြင့်မှာ တစ် ယောက်တည်း မျက်စိကြောင်ကာ ငူငူငေါင်ငေါင် ဖြစ်နေရသည်။

စိမ်းသော လမ်းခရီးဝယ် စိမ်းသော လူတွေကြားတွင် တစ်ယောက်တည်း လေးလေးမြင့် အားငယ်ရသည်။

မှားသွားလေပြီလားဟု မိမိလုပ်ရပ်နှင့် မိမိဆုံးဖြတ် ချက်အပေါ်မှာပင် ဇဝေဇဝါ ဖြစ်လာရသည်။

ရန်ကုန်သို့ပင် ပြန်လှည့်ရကောင်းမလားဆိုသည့် အတွေးမျိုးပင် ဝင်လိုက်သေးသည်။

သို့သော် ... လေးလေးမြင့်သည် သူမဟာသူ ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်မိသည်။

ယခုနေ ရန်ကုန်ပြန်သွားလိုက်လျှင် ကိုအောင်မျိုးခိုင်

www.burmeseclassic.com

www.burmeseclassic.com



၏ အောင်မြင်စွာ ရယ်မောသံကို ပထမဆုံးကြားရမည်။ ထို့နောက် ဝင့်ကြွားသော မျက်နှာနှင့် အစကတည်းက ကိုယ်မပြောဘူးလား။ ဒီလိုခေါင်လွန်းတဲ့ ဒေသမျိုးမှာ လေးလေး မနေနိုင်ပါဘူးလို့ စသည့် စကားမျိုးတွေ ကြားရမည်။ သူ၏ အယူအဆသည်သာ မှန်ကန်ကြောင်း ကိုအောင်မျိုးခိုင်က အထက်စီးနှင့် ပြောဆိုခြင်းကို ခံရပေဦးမည်။ ဤအမှားကြောင့် တစ်သက်လုံး ကိုအောင်မျိုးခိုင်၏ ဩဇာခံဘဝသို့ မိမိရောက်သွားနိုင်သည်။ မဖြစ်သေး။

လက်ထပ်ကြပါမည်ဟု စေ့စပ်ကြောင်းလမ်းပြီးကတည်းက ကိုအောင်မျိုးခိုင်သည် လေးလေးအား ကိုယ်ပိုင်သက်မဲ့ပစ္စည်း သဘောမျိုး ထားချင်သည်။ ကောင်းကောင်းနှင့် ထိပ်တန်းအကျဆုံး နေထိုင်နိုင်မည်။ ဝတ်နိုင်စားနိုင်မည်။ သုံးစွဲနိုင်မည်။ သို့သော် ... ဘာမဆို သူ့ဩဇာအတိုင်းသာ လုပ်ရမည်ဆိုသည့် အစွဲကို ကိုအောင်မျိုးခိုင်တွင် ရှိနေသည်။

အမှန်ပင် လေးလေးမြင့်က ကိုအောင်မျိုးခိုင် ချမ်းသာကြွယ်ဝသည်ကို တမက်တမောကြီး အာရုံထားမိလွန်းသည်မို့လည်း မဖြစ်မိခဲ့။ ပုထုဇဉ်လည်းဖြစ်၊ မိန်းမသားလည်းဖြစ်သည်မို့ စည်းစိမ်ဖြင့် နေရခြင်း၊ လှပစွာ ဝတ်စားရခြင်း၊ စားကောင်းသောက်ဖွယ်များသာ ထိတွေ့ရခြင်းကို လိုလားသည်တော့အမှန်။ သို့သော် ဘဝနှင့်လဲပြီးမှ ထိုအရာရာတွေကို ရမည်ဆိုလျှင်တော့ လေးလေးမြင့်၏ စိတ်ဓာတ်မျိုးက ဆားနဲ့ပဲစားမယ် ကိုမျိုးရေ ဆိုသည့်စိတ်ဓာတ်မျိုး။

ထို့ကြောင့်လည်း လေးလေးမြင့်က စေ့စပ်ကြောင်းလမ်း စိန်လက်စွပ်ကိုချွတ်ပြီး ကျောက်ခဲတစ်လုံး ပစ်ပေးသလို



ကိုအောင်မျိုးခိုင်အား ပြန်ပစ်ပေးခဲ့သည်။ နောက်ပြီး ... သူမ၏ အဆုံးအဖြတ်အတိုင်း ဒေါ်လေးကေသီထံသို့ ထွက်ဖြစ်အောင်ထွက်လာခဲ့သည်။

ကိုအောင်မျိုးခိုင်က လက်စွပ်ကို ပြန်လက်ခံပြီးယူထားလိုက်သော်လည်း 'အေးပေါ့၊ လေးလေး မြို့သာသစ်စခန်းကို သွားချင်သွားလိုက်ဦးလေ။ ဒါပေမယ့် လက်ထပ်ဖို့ အချိန်ရောက်ပြီဆိုရင်တော့ ကိုယ်လာခေါ်မယ်'ဟု အတွန့်စကား ဆိုလိုက်သေးသည်။

လေးလေးမြင့်မှာ ကိုယ့်ဟာကိုယ်ပင် အံ့ဩမိသည်။ ကိုမျိုးကို အလွယ်တကူ စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းသည့်သဘောဖြင့် လက်စွပ်ပြန်ပေးလိုက်စေကာမူ လေးလေးမြင့် ရင်ထဲတွင် ဘာဘာညာညာ တစ်ခုခုလေးမျှ ခံစားရသည် မရှိလိုက်။

ကိုအောင်မျိုးခိုင်ကို မိမိအနေနှင့် ချစ်လေသလား။ မချစ်ခဲ့ဖူးလား မသိ။ အဲဒါကို လေးလေးမြင့် အလေးအနက်လည်း မစဉ်းစားမိ။

တစ်ခုတော့ရှိသည်။ ဟိုက်စကူးကျောင်းသူ ဘဝကတည်းက ကိုမျိုးနှင့် ကျောင်းမိတ်ဆွေ ကျောင်းသူငယ်ချင်း ဖြစ်ခဲ့သည်။ တက္ကသိုလ်ရောက်တော့လည်း မိတ်ဆွေပင်။ ကိုမျိုးက မိမိအားကစားဝါသနာပါမှန်းသိ၍ ရေကူးသင်တန်း တင်းနစ်(စ်)ကွင်း စသည်တို့ကို သူ၏ကိုယ်ပိုင်ကားဖြင့် မှန်မှန်လိုက်ပို့သည်။

ပြောကြပါစို့။ လေးလေးမြင့် ဘဝတစ်လျှောက်လုံး ယခုအချိန်ထိ ကိုအောင်မျိုးခိုင်နှင့်သာ အတွဲအများဆုံး ဖြစ်သည်။

ဒီနောက် 'မိမိ တတိယနှစ်' ဖြေပြီးလောက်က

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးက မိမိကို လက်ထပ်လိုပါသည်ဟု ဆိုလာသည်။ ဖွင့်ပြောလာသည်။

မိမိသည် သိပ်ပင် မစဉ်းစားလိုက်မိ။

ဪ … မိန်းကလေးတစ်ဦးအနေနှင့် ပညာပိုင်းပြီးဆုံးလျှင် သင့်တင့်လျောက်ပတ်သော ယောကျ်ားတစ်ဦးကိုတော့ လက်ထပ်စမြဲလေ ဟူသော အယူအဆမျိုးလောက်နှင့်ပင် ကိုမျိုးကို လက်ခံလိုက်မိသည်။

ကိုမျိုးက အမြင်အားဖြင့်ရော၊ တပူးတွဲတွဲ နေလာကြသည့် ကာလအတွင်းမှာရော လက်ထပ်ရန် သင့်တင့်လျောက်ပတ်သော ယောကျ်ားပေပဲဟုသာ မိမိ ဆုံးဖြတ်လက်ခံခြင်းမျိုးသာ ဖြစ်ခဲ့သည်။

ဖိုင်နယ်ဖြေပြီးနောက် ကိုမျိုးသည် မိဘလုပ်ငန်းထဲတွင် ဦးစီးခေါင်းဆောင်အဖြစ် ဝင်လုပ်သည်။ တစ်ဦးတည်းသောသားမို့ လုပ်ငန်းတစ်ခုလုံး သူ့ခြေ၊ သူ့လက်၊ သူ့သဘော။ သူ့မိဘတွေကလည်း တစ်နေ့ကျလျှင် ဒီသားကိုပင် ပုံပေးရမည်မို့ လုပ်ငန်းတွင် ဘာမျှ ဝင်မစွက်ပါလေတော့။

အဲဒီအခါမှာပင် ကိုမျိုးက စေ့စပ်ထားကြဖို့ ပြောလာသည်။ ဒါကလည်း ခက်တာမှတ်လို့၊ လက်ထပ်ကြမည့် သူချင်းပဲဟာ စေ့စပ်လိုက်ပေါ့ဆိုကာ စေ့စပ်ကြသည်။ စိန်လက်စွပ်လေးသည် စေ့စပ်စဉ်က အထိမ်းအမှတ်ပေးသော လက်စွပ်လေး ဖြစ်သည်။

စေ့စပ်ပြီးလေမှ ကိုမျိုးက တစ်မျိုးကြီး ဖြစ်လာသည်။ ကျောင်းသားဘဝတုန်းကနှင့် မတူပါလေ။ အရာရာတွင် ငွေစကား



ပြောသည်။ လုပ်ငန်းခွင်တွင် အောင်မြင်သလောက် ကိုမျိုး ငွေဆိပ်တက်လာသည်။

ထိုမျှမကသေး။ မိမိအပေါ်မှာပင် ကိုမျိုး၏ဆက်ဆံရေးက အမိန့်သံတွေ၊ ဩဇာသံတွေ ပါရှိလာသည်။ တော်ရုံတန်ရုံအတိုင်းအတာအထိတော့ မိမိက ခွင့်လွှတ်ပြီး ကိုမျိုး အလိုကျပင် လိုက်လျောခဲ့သေးသည်။ ယခု မြိုင်သာသစ်စခန်း ဒေါ်လေးကေသီဆီသွားရန် ကိစ္စနှင့် ပတ်သက်လေသောအခါ မိမိက အလျှော့မပေး ရုံမက အပြတ်လုပ်ခဲ့သည်။

တွေးပြီးခဲ့လေပြီ။ တွေးပြီးသား တံတွေးကို လေးလေးမြင့် ပြန်လည်မမျိုလိုတော့ပြီ။ ဘာပဲဖြစ်ဖြစ် ဒေါ်လေးကေသီဆီသို့ ရောက်အောင်သွားမည်သာ။

ကိုအောင်မျိုးခိုင် အကြောင်း တွေးနေစဉ် ဘယ်လိုကဘယ်လို ဆက်စပ်သွားလိုက်သည်မသိ။ ပန်းဆိုးတန်းတရုတ်စားသောက်ဆိုင်ထဲတွင် တွေ့ခဲ့ဖူးသော လူတစ်ယောက်ကို လေးလေးမြင့် မျက်စိထဲ သူ့ဟာသူ့ အလိုအလျောက် မြင်လာမိသည်။

ကိုမျိုး အကြောင်း တွေးရင်း ကိုမျိုး သဝန်ကြောင်သဘောထားသေးသည့် အချက်တွေနှင့် ရောထွေးဆက်စပ်ကာ ထိုလူကို မျက်စိထဲ မြင်လာခြင်းဖြစ်ဟန် တူပါ၏။

ကိုမျိုးက ထိုလူကို လေးလေးမြင့် အာရုံစိုက်မိသည့်အတွက် ထိုလူအား လူဆိုးလူမိုက်ရုပ်ဟု ပျစ်ပျစ်နှစ်နှစ် ပြောလိုက်သည်။ လေးလေးမြင့်ကတော့ ထိုလူအား တကယ်ပင်သူမကြည့်ဖူးသော အီတလီရုပ်ရှင်ကားထဲမှ ဇာတ်လိုက်မင်းသားနှင့်တူသည်ဟုပင် ထင်ဆဲဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည် ထွန်းနေနွယ်တဲ့။ သိပ်ကြောက်စရာ ကောင်းတဲ့လူပေါ့။ မြွေပွေးတစ်ကောင်လို သိပ်အဆိပ်ပြင်းတယ်။ မြွေပွေးလိုပဲ သစ္စာရှိတယ်။ သူ့ ထောင်ကလွတ်လာစပဲ ဖြစ်မယ်။

ထွန်းနေနွယ် ဆိုသူကို မျက်စိထဲမြင်ပြီး အန်ကယ် ဦးမြတ်မင်း၏ သူနှင့်ပတ်သက်သော ဝေဖန်ချက်များ လေးလေး ဖြင့် နားထဲတွင် ကြားယောင်လိုက်မိပါသေး၏။

တောင်တွေး မြောက်တွေးနှင့်- ရောက်တတ်ရာရာ တွေးနေစဉ်မှာပင် သူ၏ဘေးမှ အဘိုးကြီးက တစ်ရေးနိုးချောင်း ဆိုးသံကြောင့် လေးလေးမြင့် အတွေးများ ပြတ်သွားသည်။

"လုံမလေးမှာ ဆေးလိပ်ရှိပါသလားဟေ"

"ပါတယ် အဘ"

လေးလေးမြင့်က ပလတ်စတစ်ခြင်းထဲမှ သန့်သန့် ပြန့်ပြန့် ထည့်လာသော ဆေးလိပ်ကိုထုတ်ကာ တစ်လိပ်ထည့်ပြီး အဘိုးအိုအား ပေးလိုက်သည်။

"သာဓုကွယ် ... သာဓု ... သာဓု ... ဆေးက ဆေးလိပ်လို့ ကောင်းလိုက်တာ။ လုံမလေးဆေးက ဗျဉ်းမနားက ထည့်လာ တဲ့ဆေးတော့ ဟုတ်ဟန်မတူပါလား"

"ရန်ကုန်က ထည့်လာတဲ့ဆေးပါ အဘ"

"အိမ်း ... ဟုတ်ပေမယ်။ ဒီဒေသကဆေးနဲ့ တစ်မျိုးစီမှန်း အဘ သိတယ်၊ ဒါထက် လုံမလေးက ရန်ကုန်က လာ တာလား"

"ဟုတ်ပါတယ် အဘ"

"ဘယ်ကိုသွားမလို့လဲ"



"မြိုင်သာကိုပါ"

လေးလေးမြင့်က အလွယ်တကူ မြိုင်သာကိုပါဟုသာ ပြောလိုက်သည်။ သစ်စခန်းအထိ သွားမည်ကို ထည့်ပြောရန်မလို အပ်ဟု ထင်သောကြောင့် တိုတိုတုတ်တုတ် ပြောလိုက်ခြင်းသာ ဖြစ်သည်။

"ကျောင်းဆရာမလေး ထင်တယ်၊ မြိုင်သာမှာက အလယ် တန်းကျောင်း ရှိတာပဲ"

"မဟုတ်ပါဘူး အဘ၊ ကျွန်မက မြိုင်သာဘူတာမှာဆင်းပြီး သစ်စခန်းကို သွားမလို့ပါ"

"ဟော ..."

အဘိုးကြီးက 'ဟော'ဟူသော အာမေဍိတ်ကြီး အလျှင် ခလို ထွက်လာပြီးမှ ...

"သစ်စခန်းကို ဟုတ်လား၊ ဒေါ်ကေသီရဲ့ သစ်စခန်းကို ပြောတာလား"

"ဟုတ်ပါတယ် အဘ၊ ဒေါ်ကေသီ ဆိုတာ ကျွန်မအဒေါ် ပါ ..."

"ဘုရား ... ဘုရား ... အေးပေါ့ကွယ်၊ ရေလှူတဲ့ အကျိုးဟာ ဆယ်ပါး အလိုလိုရသတဲ့၊ လုံမလေး ဘေးအန္တရာယ်ကင်း ပါစေကွယ်"

အဘိုးကြီး၏ ဆုပေးသံကြောင့် လေးလေးမြင့် စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

ဒေါ်ကေသီ၏ သစ်စခန်းဟု ဆိုလိုက်သည်နှင့် အဘိုးကြီးသည် အဘယ်ကြောင့် လျှပ်စစ်ဓာတ် အရိုက်ခံရသလို

www.burmeseclassic.com

www.burmeseclassic.com



တုန်ခါသွားရဘိသနည်း။ ထို့နောက် မိမိအား ဘေးအန္တရာယ်ကင်းဖို့ အဘယ်ကြောင့် ဆုတောင်းပေးလိုက်ပေသနည်း။

"အဘက ဒေါ်လေးကေသီရဲ့ သစ်စခန်းကို သိနေသလား၊ ရောက်ကော ရောက်ဖူးသလား"

"ကြဲကြဲဖန်ဖန်ကွယ်၊ သစ်စခန်းကို မရောက်ဖူးပါဘူး၊ ဒါပေမယ့် မြိုင်သာရွာက သစ်ခုတ်သမားတွေနဲ့တော့ အသိတဲ့လူတွေ တစ်ပုံကြီးပေါ့ကွယ်၊ သူတို့က သစ်စခန်းရဲ့ မကောင်းကြောင်းတွေ၊ ကြောက်စရာကောင်းတဲ့ အကြောင်းတွေကို စကားစပ်မိစပ်ရာ ပြောရင်း ပြောကြတာ၊ အဘက ကြားတာပါကွယ်"

"ဘယ်လို မကောင်းတာတွေလဲ အဘ၊ နောက်ပြီး ဘယ်လို ကြောက်စရာကောင်းတဲ့ အကြောင်းတွေလဲ"

"ပြောတတ်ပါဘူးကွယ်၊ အဘကလဲ နားစွန်နားဖျား ကြားတာပါ၊ ဘာတဲ့ ... မန်နေဂျာ ကိုဒေါင်း သေသွားတာ ဘာပြုလို့ဆိုလား"

"မန်နေဂျာ ကိုဒေါင်း သေသွားတာ ဘာပြုလို့လဲ အဘ"

"ပြောတတ်ပါဘူး လုံမလေးရယ်၊ အဘ ပြောသားပဲ၊ နားစွန်နားဖျား ကြားတာလို့၊ အဘက မြိုင်သာရွာသားလဲ မဟုတ်တာ၊ အသိမှာလဲတဲ့ကွယ်"

"တူ ... တူ ... တူ ..."

"ဟော ... ဟော ... ဒီတစ်ခါ ရထားရပ်ရှင် မြိုင်သာဘူတာပဲ လုံမလေး၊ ရောက်ခါနီးလို့ ဥသြဆွဲတာလေ၊ တံခါးတွေ ပိတ်ထားလို့ လုံမလေး မသိမှာစိုးလို့"



လေးလေးမြင့်မှာ သူမနှင့် ပါလာသော အဝတ်သေတ္တာမှအစ တိုလီမိုလီတွေကို စုစည်းလိုက်သည်။

ပြောပြောဆိုဆိုနှင့်ပင် ရထားရပ်သွားတော့သည်။ အဘိုးကြီးက အကူအညီ ပေးရှာသည်။ လေးလေးမြင့်ကို ဆင်းစေပြီး သူမ၏ အဝတ်သေတ္တာနှင့် တိုလီမိုလီတို့ကို ရထားပြတင်းပေါက်မှ ချပေးသည်။

မြိုင်သာဘူတာတွင် ဆင်းသူဆို၍ လေးလေးမြင့် တစ်ဦးတည်းသာရှိသည်။ တက်သူ လေးငါးဦး ရထားပေါ်တက်ပြီးသည်နှင့် ရထားသည် ထွက်သွားတော့သည်။

ဆင်းချိန်တွင် မိုးက သဲမဲခြင်း မရှိတော့သော်လည်း တဖွဲဖွဲ ရွာတုန်းပင်။

လေးလေးမြင့်သည် ပန်းရောင်မိုးကာကို ဝတ်ဆင်သည့်အပြင်၊ ထီးကိုလည်း ဆောင်းထားသည်။ ဘူတာရုံသို့လှမ်းကြည့်သည်။

မည်ကာမတ္တဘူတာရုံမျိုးလေးသာ ဖြစ်သည်။ သစ်သားဖြင့် ဆောက်လုပ်ထားပေသည်။ မြိုင်သာရွာသည် ဘူတာနှင့် အလှမ်းဝေးသည်။ ရွာကိုမြင်ရသော်လည်း ဘူတာနှင့် တစ်မိုင်နီးပါးခန့် ဝေးအံ့ထင်ပါ၏။ မြိုင်သာ ရွာသူရွာသားတွေသည် ဖျဉ်းမနားနှင့် ဆက်သွယ်ပြီး ရောင်းဝယ်ဖောက်ကားခြင်း နည်းပါးလှပုံရသည်။ ဘူတာတွင် လူမရှိသလောက် ခြောက်သွေ့လှသည်။ လေးလေးမြင့်အတွက် ပစ္စည်းသယ်ပေးမည့် အလုပ်သမားပင်မရှိ။

လေးလေးမြင့်သည် ဒေါ်လေးကေသီ လွှတ်လိုက်မည့် ဆိုသူကို မျက်လုံးဝေ့ကာ ရှာဖွေကြည့်မိသည်။ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တလေမျှ ကြိုသူနှင့်တူသူ မတွေ့ရ။

အန့်ကယ်ဦးမြတ်မင်းက သူမအား သေချာပြောလိုက်သည်။ ဒေါ်လေးကေသီထံသို့ တူမချော လေးလေးမြင့် ဤနေ့ ဤရက်တွင် လိုက်လာမည်ဖြစ်ကြောင်း အကြောင်းကြားထားပြီး ပြီ။ စိတ်ချသွားဟု၍။

သို့သော် ... ယခု ဘယ်သူ့ကိုမျှ မတွေ့။ ဘုတ်ာရုံကို လေးလေးမြင့် ကြည့်ပြန်၏။ ရုံပိုင်သည် ယောင်တိယောင်ချာ ဖြစ်နေသော လေးလေးမြင့်ကို ဘူတာရုံတံခါးပေါက်မှ လက်ပိုက်ကြည့်နေသည်ကို တွေ့ရသည်။ ရုံပိုင်ထံသို့ လေးလေးမြင့် လျှောက်သွားသည်။

"ဪ ... ရုံပိုင်ကြီး၊ ကျွန်မက သစ်စခန်းက ဒေါ်လေး ကေသီဆီကို သွားချင်လို့ပါ"

"အဲဒါ ဘာဖြစ်လဲ"

ဟိုက် ... ဘုကြီးပါလားဟု လေးလေးမြင့်မှာ ရင်ထဲ ကျိတ်၍ မှတ်ချက်ပြုရတော့သည်။ ဘုပြောခံရ၍ လေးလေးမြင့် မှာလည်း ကျွဲမြီးတိုသွားရတော့သည်။

"ဒီမယ် ... ရုံပိုင်ကြီး၊ ကျွန်မဟာ ဒီဒေသရဲ့ မျက်နှာစိမ်း ဧည့်သည် သက်သက်ပါ၊ နေ့ခင်းပြီး မြန်မာအမျိုးသမီး တစ်ယောက်ပါ၊ ရုံပိုင်ကြီးအနေနဲ့ အကူအညီမပေးချင်တောင် ဒီလောက်ကြီး မျက်နှာထားတင်းမာထားဖို့ မသင့်ပါဘူး"

ရုံပိုင်၏ တင်းမာသော မျက်နှာထား လျော့နည်းသွားသည်။ အပြုံးအရယ်တော့မပြု။

"အေးပေါ့ကွာ၊ ဘုမသိ ဘမသိ ရောက်လာတဲ့ မင်းကိုသော့



ငါ ကရုဏာစိတ် ရှိနိုင်ပါတယ်၊ ဒါပေမယ့် ဒီဒေသကလူ တွေဟာ ဒေါ်ကေသီနဲ့ ပတ်သက်လာရင် ကင်းကင်းရှင်း ရှင်းပဲ နေချင်တယ်ကွယ့်၊ ဘာဆိုဘာမျှ မပတ်သက်လိုကြ ဘူး"

"အဲဒါက ဒီဒေသက ကိစ္စတစ်ခုပဲ ရုံပိုင်ကြီး၊ အခုလော လောဆယ် ကျွန်မကို ဒေါ်လေးကေသီ ဆီကလဲ လာမကြို ဘူး၊ ကျွန်မ သစ်ခခန်းကို သွားဖို့အတွက် လိုက်ပို့ပေးနိုင် တဲ့ တစ်ခုခုများ ရုံပိုင်ကြီးက စီစဉ်ပေးနိုင်မလားလို့ပါ"

"ဘာလွယ်မှာလဲ၊ မြိုင်သာရွာထဲ သွားရမယ်၊ အဲဒီမှာ လှည်းငှားရမယ်၊ ဒါတောင် ပိုက်ဆံဘယ်လောက်ပေးပေး လှည်းသမားက သစ်စခန်းကို လိုက်ပို့ပေးပါ့မလား မသိဘူး လေ"

"ဘာလို့ ငှားမရနိုင်မှာလဲ ရုံပိုင်ကြီး၊ ရာသီဥတု ဆိုးဝါးနေ့ လို့လားရှင်"

"အင်း ... အဲဒီလို အကြောင်းပြပြီး သစ်စခန်းကို လိုက်ပို့ ပေးဖို့ ငြင်းကြမှာပေါ့လေ၊ ဒါပေမယ့် ဒီအချိန်မျိုးမှာ ဒီဒေသမှာ မိုးလေထန်လေ့ရှိတာ၊ အထူးအဆန်းမဟုတ်ပါ ဘူး၊ နှစ်စဉ်ရာသီဥတုက ရာသီချိန်တိုင်း မိုးလေထန်နေကျပဲ ဟာ"

"ဒါဖြင့် ဘာလို့ငှားမရနိုင်မှာလဲ"

"သစ်စခန်းက ဒေါ်ကေသီနဲ့ ပတ်သက်ရင် စပ်စပ်ယှက် ယှက်မလုပ်ချင်ကြလို့လေ၊ ဒါကလဲ ကိုယ့်ဟာကိုယ် တကြား မှာ လုပ်စားနေတဲ့ လှည်းသမားတွေကို ပြောတာပါ၊ မြိုင်

www.burmeseclassic.com

www.burmeseclassic.com



သာက သစ်ခုတ်သမားတွေကတော့ သစ်စခန်းမှာပဲ သ[illegible] ခုတ်ကြတယ်၊ သစ်ခုတ်သမားတွေကလဲ လုပ်ငန်းအရှည[illegible] လုပ်တာလေ၊ သစ်စခန်းရဲ့ လူသတ်မှုနဲ့ ပတ်သက်လို့ဆေ[illegible] သစ်ခုတ်သမားတွေကလဲ ကျေနပ်ကြတာမှ မဟုတ်တာ[illegible] အဲ ... မင်းအတွက် တစ်ခုတော့ရှိရဲ့၊ မြိုင်သာရဲစခန်းမှ[illegible] ရှုရှုချစ်ကားတစ်စီးတော့ ရှိတယ်၊ ရဲစခန်းသွားပြီး အ[illegible] အညီ တောင်းကြည့်ပါလား၊ [illegible]ကားနဲ့ သစ်စခန်းပို့[illegible] မလားလို့"

"အဲဒီအကြံ မဆိုးဘူးနော် ရုပ်ပိုင်ကြီး"

"ကြိုးစားကြည့်ပေါ့လေ၊ ဒါပေမယ့် သိပ်တော့မထင်ဘူ[illegible] ဒီနေ့အဖို့ မိုးသိပ်ရွာထားတော့ သစ်စခန်းကို မော်တော်ကာ[illegible] သွားဖို့ လမ်းချော်မယ်၊ ဗွက်နစ်မယ်၊ လှည်းဆိုရင်သ[illegible] သွားနိုင်မှာ"

လေးလေးမြင့်သည် သက်ပြင်းချရတော့သည်။ အ[illegible] ရာသည် အားငယ်စရာပါလားဟုလည်း စိတ်ဓာတ်ကျချင်သ[illegible] ဖြစ်နေစဉ်မှာပင် ...

"ဟော ... မလေးလေးမြင့် ဆိုတာ မဟုတ်လားဟော၊ ဗို[illegible] ဒေါ်ကေသီက အကြိုလွှတ်လိုက်တယ်လေ"

ကျောဘက်မှ အမျိုးသားတစ်ဦး၏ အသံ ကြားရ[illegible] ပြင် ဒေါ်ကေသီက အကြိုလွှတ်လိုက်သည်ဆို၍ လေးလေး[illegible] သည် ဝမ်းသာအားရ နောက်သို့ ချာခနဲ လှည့်ကြည့်လို[illegible] သည်။

ဂျာကင်အပြာ၊ ဘောင်းဘီအပြာ ဝတ်ထားပြီး [illegible]



ဆောင်းကက်ဦးထုပ်အပြာကို ဆောင်းထားသည့် လူတစ်ယောက်ကို လေးလေးမြင့် တွေ့လိုက်ရသည်။ သူ့လက်ထဲတွင် ဓာတ်ဘူးအသေးစားတစ်လုံး ကိုင်ဆောင်လာပါ၏။

ရုပ်ပိုင်သည် ဘူတာသစ်သားရုံအတွင်း ပြန်ဝင်သွားပြီး တံခါးကိုပင် ပိတ်လိုက်ပေသည်။

လာကြိုသူသည် လေးလေးမြင့်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ [illegible]ကောင်းသော အသက်(၃၀)ဝန်းကျင်ခန့် လူရွယ်တစ်ဦး ဖြစ်သည်။ မျက်နှာချင်းဆိုင်မိသည်နှင့် လူရွယ်က လေးလေးမြင့်၏ အလှကို စူးစူးရဲရဲပင် စိုက်ကြည့်သည်။ ဤမျှ အကြည့်ရဲလွန်းသည်ကို မခံနိုင်၍ လေးလေးမြင့်က မျက်နှာလွှဲလိုက်သည်။

"တို့နာမည် ဘခက်တဲ့ မလေးလေးမြင့်၊ ဒေါ်ကေသီက သူ့တူမချော ချမ်းအေးလာမှာတဲ့၊ ရော ... ကော်ဖီဓာတ်ဘူး ဒေါ်ကေသီ ပေးလိုက်တယ်၊ အဲဒါ အချမ်းပြေသောက်နေ၊ တို့က မလေးလေးမြင့် ပစ္စည်းတွေကို မြင်းလှည်းပေါ် တင်ပေးမယ် ..."

ပြောပြောဆိုဆို ကိုဘခက်ဆိုသူသည် လေးလေးမြင့်၏ ပစ္စည်းတွေ စုပုံထားရာသို့သွားပြီး သယ်ယူလာသည်။

ဒေါ်လေးကေသီ တကူးတကနှင့် တယုတယ ပေးလိုက်သော ဓာတ်ဘူးထဲမှ ကော်ဖီကို လေးလေးမြင့်က ဓာတ်ဘူးအဖုံးထဲထည့်ပြီး သောက်နေပါ၏။ ပူနွေးဆဲပင် ရှိနေသည့်ပြင် [illegible]ကောင်းစား နက်(စ်)ကဖီးမို့ အရသာရှိလှသည်။ ဒေါ်လေးကေသီ၏ စေတနာမေတ္တာသည် စူးရှထိရောက်လှတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘခက်က ပဲမွှည်းတွေ နေရာချထားခဲ့ပြီး ပြန်ရောက်လာသည်။

"လာ ... သွားစို့ မလေးလေးမြင့်၊ ဒီကို အလာလမ်းမှာ မြင်းလန့်ပြီး ပေါက်ကရဆွဲသွားလို့ မနည်းကြီး ဒီကောင့်ကို ချော့ရသေးတယ်၊ တောကောင်တစ်ကောင်ကောင်ရဲ့ အနံ့ကို သူရလို့ လန့်သွားတာ ထင်ပါရဲ့။ ဒါကြောင့် တို့ အရောက်နောက်ကျသွားတာ"

အပြင်ဘက်တွင် မြင်းလှည်းတစ်စီး တွေ့ရသည်။ သို့သော် မြို့များတွင် လူတင်သော မြင်းလှည်းမျိုးပုံစံတော့မဟုတ်။ အမိုးမပါ။ မြင်းလှည်းအိမ်မှာလည်း လေးဘက်ကာ ရံထားသည်။ တံခါးမရှိ။ ဆင်းရာတက်ရာတွင် မြင်းလှည်းဘီး၏ ပန်းတောင်းအိမ်ကိုနင်းပြီး ကျော်တက်ခွတက်ရသည်။ အိမ်အတွင်းမှာ ခွက်ဝင်နေသည်။ သစ်စခန်းတွင် အလွယ်တကူ ဟိုနားသွား ဒီနားသွား ဝန်ပေါ့ပစ္စည်းတင်အတွက် တမင်လုပ်ထားသော မြင်းလှည်းဖြစ်သည်။

"ထိုင်ပြီးရင်တော့ သားရေခါးပတ်ကြိုးနဲ့ မလေးလေးမြင့်ရဲ့ခါးမှာ သိုင်းပတ်ထားရမယ်၊ နို့မဟုတ်ရင် ဒီလမ်းကလေဆန်ကောထဲ ဆီးဖြူသီး ထည့်လှုပ်တာထက် ဆိုးတဲ့လယ်လေ၊ နိုင်ငံခြားမှာ ကားအမြန်မောင်းလို့ ကိုယ်မှာ သားရေခါးပတ် ပတ်ရသလို လေယာဉ်ပျံ အဆင်းအတက်မှာ ထိုင်ခုံနဲ့ တွဲထားတဲ့ခါးပတ် ပတ်ရသလိုပေါ့လေ၊ ဟဲ ... ဟဲ ..."

"ဒါကြောင့် ဒီမြင်းလှည်းကို ဒီပုံစံ တမင်လုပ်ထားတာလား ကိုဘခက်"

"ဆိုပါတော့၊ ဒေါ်ကေသီက တစ်ခါတစ်ရံ တောလုံးပတ်လည်ကို လှည့်စစ်ဆေးကြည့်ရှုတတ်တယ်၊ ဒီတော့ ဒေါ်ကေသီ စီးနိုင်ဖို့အတွက် မြင်းလှည်းကို ဒီပုံစံနဲ့ လုပ်ထားရတယ်"

"ဟင် ... ဒေါ်လေးကေသီ ကိုယ်တိုင် တောလုံးပတ်လည်ကို လိုက်ကြည့်စစ်ဆေးတယ် ဟုတ်လား၊ သိပ်ကို ပင်ပန်းရှာမှာပဲ၊ နောက်ပြီး ဒေါ်လေးကေသီက ကျန်းမာတာမဟုတ်ဘဲနဲ့"

"ဦးသော်က ရှိစဉ်တုန်းကလဲ တောလုံးပတ်လည် စစ်ဆေးရတာပဲ၊ ဒါပေမယ့် ဦးသော်က ကတော့ မြင်းလှည်းနဲ့ ဘယ်သွားမလဲ၊ အမဲလိုက် သိပ်ဝါသနာကြီးတော့ အမဲလိုက်ရင်း စစ်ဆေးတာပေါ့၊ မန်နေဂျာ ကိုဒေါင်း ရှိတုန်းကလဲ ဒီလိုပဲပေါ့၊ အမဲလိုက်ရင်း၊ တောပစ်ထွက်ရင်း စခန်းတစ်ခုလုံး လိုက်စစ်ဆေးတယ်၊ အခုနှစ်ယောက်စလုံး မရှိတော့လဲ ဒီအလုပ်ကို ဒေါ်ကေသီက ဒီမြင်းလှည်းနဲ့ ဆက်လုပ်တာလေ"

ကိုဘခက်က မြင်းလှည်းကို စတင်မောင်းနှင်သည်။ [illegible]င်းသူ ကိုဘခက်၏ ထိုင်ခုံအောက်တွင် စက်ပရင်တပ်ထား[illegible]။ ထိုင်ခုံက ကျောမှီနှင့် လက်တန်းပါသော ကုလားထိုင်ပုံစံ ဖြစ်၏။ စက်ပရင်များ တပ်ဆင်ထားသောကြောင့် မြင်းလှည်း[illegible]ဆောင့်အခုန် အလူးအလိမ့်ကို စက်ပရင်များကပင် မောင်း[illegible] ထိုင်ခုံကို ထိန်းထားပေးနိုင်အောင် ထွင်ထားပေးသည်။

ဘူတာမှ ထွက်လာသော်လည်း မြင်းလှည်းသည် [illegible]ရွာကို ဖြတ်သွားခြင်း မရှိပေ။ မြိုင်သာရွာနှင့် [illegible]လုံ

www.burmeseclassic.com

www.burmeseclassic.com



လောက်အကျွာတွင် သစ်စခန်းသို့ သွားရသည့် လမ်းခွဲအတိုင်း ဆက်မောင်းလာခဲ့သည်။

လမ်းခွဲပြီဆိုကတည်းက တောလမ်းသက်သက်ဖြစ်တော့၏။

လမ်းမှာ ဆိုးလိုက်သည့်ဖြစ်ခြင်း။

အမှန်ပင် ကိုဘခက် ပြောသလို ဆန်ကောထဲ ဆီးဖြူသီး ထည့်လှိမ့်သလို ဒယီးဒယိုင် ကျွဲသောင်းကန်း ဖြစ်တော့သည်။ လက်ဝါးပြားလောက်ရှိသော သားရေပြား ခါးပတ်ကြီးသာ ခါးပတ်၍ ထိန်းမထားလျှင် လေးလေးမြင့်မှာ မြင်းလှည်းအိမ်အတွင်းမှ မပဋာမြေလူးပုံစံ ဖြစ်သွားပေမည်။

"ဒီလောက်ဆိုးရွားတဲ့ လမ်းမျိုးမှာ ဒေါ်လေးကေသီ ဒီလှည်းမျိုးကိုစီးပြီး လုပ်နေရတာ သနားစရာပဲ"

"မပူပါနဲ့ မလေးလေးမြင့်၊ ခုဆို ဒေါ်ကေသီက ဒီမြင်းလှည်းစီးဖို့ မလိုတော့ပါဘူး၊ သူ့မှာ မန်နေဂျာအသစ် ရသွားပြီလေ၊ မန်နေဂျာဆိုတာက တောလုံးပတ်လည် စစ်ဆေးရတာပဲ"

"မန်နေဂျာအသစ် ရသွားပြီ ဟုတ်လား၊ ဘယ်သူတဲ့လဲ၊ ဘယ်ကရတာလဲ၊ ကျွန်မ ရန်ကုန်မှာ နောက်ဆုံးသိရတဲ့ အချိန်အထိ ဒေါ်လေးကေသီမှာ မန်နေဂျာတစ်ယောက် လိုအပ်နေတယ်လို့ပဲ သိရတယ်"

ကိုဘခက်က ဘာမှမဖြေသေးဘဲ လေးလေးမြင့် ထိုင်နေရာနောက်သို့ လှည့်ကြည့်သည်။

လေးလေးမြင့် မြင်းလှည်းအိမ်အတွင်း ထိုင်ရုံမှာ ဆေးရုံလူနာခုတင်တွင် ခြေဆင်းကျော့မှိုထိုင်သည့် ပုံသဏ္ဌာန်မျိုး



...သည်။ လှည်းအိမ်၏ နံဘေးကို ကျောမှီထားပြီး ခါးပတ်ပတ် ...ပတွက် ခြေဆင်းထားရသည်။

ထိုင်လည်းထိုင်၊ ကျောလည်းမှီသည်မို့ ဝတ်ထားသော ...ကို နောက်မှဆွဲတင်သလို တင်းရင်းသွားရုံမက ရှေ့အောက် ...ပိုးကာနားမှာ ဟိုဘက်သည်ဘက် ကွဲကျသွားသည်။

ထိုစောအခါ ခြေဆင်းထိုင်နေသော ပေါင်တံအစုံ ...တ် စသည်တို့ ပေါ်လွင်လာသည်။ မြင်းလှည်း၏ အလူးအလိမ့် ...အခေါင့်တို့ကြောင့် တစ်ဘက်အုပ်ထဘီစမှာ ဘေးသို့ကျ ...သွားသောကြောင့်လည်း တစ်လှတည်းသော ထဘီသားသာ ... ပေါင်တံကို ဖုံးအုပ်ထားသည်။

ဖြေပြစ်လှပပြီး လုံးကျစ်သွယ်လျသော ပေါင်တံပုံစံ ... ထင်းခနဲ ရှိနေသည်။ ချပ်ရပ်သော စမ်းဗိုက်သားလေးက ...ကျဉ်သော ခါးကို ပိုမိုပေါ်လွင်လာစေသည်။ ထိုမျှမကသေး ...ဝတ်ပြီး ကျောမှီထားသောကြောင့် မိုးကာစများတင်းကာ ...လေးမြင့်၏ ဝန်းဝိုင်းစိုပို့သော ရင်၏ပုံသဏ္ဌာန်လည်း ...ပြူနေသည်။

ကိုဘခက်သည် မန်နေဂျာသစ် ဘယ်သူလဲ ဆိုသည် ...ဖြေဖို့မေ့သွားသည်ပဲ ထင်ပါ၏၊ လေးလေးမြင့်၏ အလှကို ...ရပ်ပင် စိုက်ကြည့်နေတော့သည်။

လေးလေးမြင့်က ကပျာကယာပင် ဘေးသို့ပုံကျနေ ... ထဘီစကို ပြန်လည်သိမ်းယူကာ ပေါင်ပေါ်သို့ အထပ် ... ထပ်တင်ရုံမက ဆန့်ထားသည့် ခြေထောက်ကို ကွေးတင် ...သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မလေးလေးမြင့်က မျက်နှာရော ကိုယ်လုံးကိုယ်ပေါက်ရော တော်တော်ကြီး လှတာပဲ၊ ဒီလောက်လှပတဲ့ မိန်းကလေးတစ်ယောက် သစ်စခန်းကို လာလိမ့်မယ်လို့ ကိုယ်တို့များ အိပ်မက်တောင် မမက်ခဲ့ဖူးဘူး၊ သစ်စခန်းရောက်ရင်တော့ မလေးလေးမြင့်ရဲ့ အချောအလှတွေကို ရီရီဝင်းနဲ့ စိုးသူဇာက ရေရေလည်လည် မနာလိုဖြစ်ကြတော့မယ်၊ သူတို့လဲ လှတော့လှပါတယ်၊ ဒါပေမယ့် ဒေါင်းကိုမတွေ့ဖူးခင်က ဟင်္သာလှတယ် ဆိုတာမျိုးပေါ့လေ"

"အဲဒီ ရီရီဝင်းနဲ့ စိုးသူဇာ ဆိုတာကကော ဘယ်သူတွေလဲဟင်၊ မန်နေဂျာသစ်ကကော ဘယ်သူလဲ၊ ဘာလဲလို့ ကျွန်မမေးထားတာလဲ ကိုဘခက် မဖြေသေးဘူးနော်"

ကိုဘခက်သည် ဖြည်းလေးစွာပင် ရှေ့တူရှုသို့ ပြန်လှည့်လိုက်သည်။ လေးလေးမြင့်က ထဘီစဖုံးပြီး ဒူးကွေးလိုက်သည်ကို မြင်ကတည်းက သူ၏အကြည့် ရိုင်းသွားမှန်း သူ့ဟာသူရိပ်မိသောကြောင့် ရှေ့သို့ ပြန်လှည့်ခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် လေးလေးမြင့့် မေးမြန်းသည်တို့ကို မဖြေလိုသောကြောင့် ပြန်လှည့်သွားခြင်းမျိုးလည်း ဖြစ်ကောင်းဖြစ်မည်။

"ကျွန်မ မေးတာတွေ ကိုဘခက် တစ်ခုမှ မဖြေသေးဘူးနော်"

"ဆိတ်ဆိတ်နေရင် ထောင်တန်တယ်ဆိုတာ သစ်စခန်းမှာ လက်တွေ့ကျင့်သုံးရမယ့် စကားပုံပဲ မလေးလေးမြင့် သစ်စခန်းအိမ်ကြီးမှာ နေကြတဲ့သူတွေရဲ့ အကြောင်းကို ဘယ်သူကဖြင့် ဘယ်လိုပါလို့ မပြောဘဲနေတာ ကိုယ့်အတွက်



အကောင်းဆုံးနဲ့ အန္တရာယ်အကင်းဆုံးပဲ"

ဒီနောက်မှာတော့ ကိုဘခက်သည် နောက်ထပ်စကားတစ်လုံးမျှ မဆိုပါလေတော့။ မြင်းလှည်းကိုသာ ဂရုတစိုက်မောင်းနေတော့သည်။

သစ်စခန်းနှင့် ပတ်သက်လာလျှင် ပုစ္ဆာဆန်သော ပဟေဠိစကားတွေချည်းပဲ ကြားနေရပါလားဟု လေးလေးမြင့် တွေးမိပြန်တော့သည်။

*"အဲဒီမှာရှိတဲ့လူတွေဟာ သူတို့အချင်းချင်းပဲ တင်းမာတဲ့ မျက်နှာမျိုးတွေ ရှိနေတယ်၊ တစ်ချိန်ချိန်မှာ သူတို့အချင်းချင်း အုံကြွပစ်လိုက်မယ်၊ ပေါက်ကွဲပစ်လိုက်မယ်ဆိုတဲ့ မျက်နှာမျိုးတွေပဲ"*

ဟု အိန်ကယ်ဦးမြတ်မင်းက ပဏာမကတည်းက ပြောခဲ့သည်။ ယခု ကိုဘခက် ပြောပုံဆိုလျှင် အန်ကယ်ဦးမြတ်မင်း ထင်မြင်သည်တို့ မှန်ကန်နေပြီလား မပြောတတ်။

*"ဘုရား ... ဘုရား ... အေးပေါ့ကွယ်၊ ရေလွှတဲ့အကျိုးအတွက် လုံမလေး ဘေးအန္တရာယ်ကင်းပါစေ"*

*"မြိုင်သာ သစ်ခုတ်သမားတွေနဲ့တော့ အဘ အများကြီးသိတယ်၊ သူတို့က သစ်စခန်းရဲ့ မကောင်းကြောင်းတွေ၊ ကြောက်စရာကောင်းတဲ့ အကြောင်းတွေ ပြောကြတယ်"*ဟုလည်း လော်ကယ်မီးရထားပေါ်က အဘိုးကြီးက ပြောခဲ့သေးသည်။

ယခု ကိုဘခက် ပြောပုံကလည်း သစ်စခန်းတွင် ဆိတ်ဆိတ်နေ ထောင်တန်သည်ဟု ပြောပြန်လေပြီ။

ဒေါ်လေးကေသီ ခမျာ မည်မျှဆိုးရွားသောကံကြမ္မာနှင့် အခြေအနေတွေကြား ရောက်ရှိနေဘိသနည်း။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်သည် ရင်လေးကော့လိုက်သည်။

မည်မျှလောက် အခြေအနေဆိုးတွေ ဖြစ်နေပါစေ။ လာကတည်းက ဒေါ်လေးကေသီအား အရာရာတွင် ကူညီမည်ဆိုသည့် ဆန္ဒစိတ်နှင့် စေတနာနှင့် လာခဲ့ရင်းဖြစ်သည်။ ယခုလို မိစ္ဆာစကားတွေနှင့် ပဟေဠိဆိုးတွေကို ဒေါ်လေးကေသီနှင့်အတူ လက်တွဲဖြေရှင်းဖို့ပင် လေးလေးမြင့်က ဆုံးဖြတ်လိုက်တော့သည်။

မြင်းလှည်းဆိုသော်လည်း တောတောင်လျှိုမြောင်တွေကြား မောင်းရသည့်မို့ တစ်နာရီလျှင် လေးငါးမိုင်ခန့်သာ ခရီးပေါက်မည်ဟု လေးလေးမြင့် ခန့်မှန်းသည်။

တစ်ခုတော့ ကောင်းတာလေး သတိထားမိရသေးသည်။ တောထူထူ လျှိုမြောင်တောင်ကုန်းတို့တွင် ကိုဘခက်နှင့် အတူခရီးသွားရသော်လည်း ကိုဘခက်သည် ရူးရူးရဲရဲကြည့်သည်က လွဲပြီး လေးလေးမြင့်အား ကြမ်းတမ်းယုတ်မာသော အပြုအမူမျိုး ပြုရန် လုံးဝသဏ္ဍာန်မရှိ။

ကိုဘခက်သည် သစ္စာရှိသော ယောက်ျားတစ်ယောက် ပေပဲလား။ သို့မဟုတ် ဒေါ်လေးကေသီ၏တူမ၊ ဒေါ်လေးကေသီနှင့် အတူလာနေမည့်သူမို့ ဤလမ်းတွင် တစ်ခုခု အမှားအယွင်း ပြုမိလျှင် နောက်ပိုင်း သူ့တွင်အန္တရာယ်ဖြစ်လာမည် စိုးကြောက်၍ ပေလား။

အန္တရာယ်ကင်းကင်း ဘေးရှင်းရှင်းနှင့် လာခဲ့ပြီး နှစ်နာရီသာသာခန့် အကြာတွင် လမ်းဘေးတောထဲမှ လူသံများ ကြားလာသည်။ သစ်ပင်များ လွှတိုက်သောအသံပင် နီးကပ်စွာ ကြားလာရသည်။



"ဘာသံတွေလဲ ကိုဘခက်"

"အလုပ်သမားတွေရဲ့ အသံနဲ့ သစ်ပင်ကို လွှဖြတ်သံတွေပါ၊ မကြာခင် သစ်စခန်းအိမ်ကြီးကို ရောက်တော့မယ်လေ"

ထိုစဉ်မှာပင် ...

"လဲပြီဟေ့ ... ဘေးဖယ် ... ဘေးဖယ်"

ဟု ကျယ်လောင်စွာ အော်ပြောသံ ကြားရသည်။

အော်လိုက်သံကိုက အထိတ်တလန့် အသံမျိုးဖြစ်သောကြောင့် ကိုဘခက်ရော လေးလေးမြင့်ပါ ကျိုးကြည့်ကြောင်ကြည့် ပတ်လည်ထက်အောက် စေ့၍ကြည့်လိုက်သည်။

"ဟိုက် ..."

ကိုဘခက်ထံမှ ဟိုက်ဟု အော်သံကြားလိုက်ရသည်နှင့် ကိုဘခက်ကြည့်ရာ ကောင်းကင်ထက်သို့ လေးလေးမြင့်က လည်း ကြည့်လိုက်သည်။

"အား ... ကြောက်စရာမှ တကယ့်ကြောက်စရာကြီး"

မြင့်မားလှသော သစ်ပင်ကြီးတစ်ပင်သည် ဒယီးဒယိုင် လှုပ်ရှားလာရာမှ မြင်းလှည်းရှိရာ လမ်းဘက်သို့ စောင်းကျလာသည်။ ရှည်လျားမြင့်မားလှသော သစ်ပင်ကြီးမို့ ပင်စည်တည်းနှင့် ပင်စည်လယ်တို့မှာ တောထဲမှာပင် လဲကျနိုင်စေကာမူ အပင်ဖျားနှင့် အကိုင်းအခက်တို့သည် အပြင်ဘက်လမ်းပေါ်သို့ ကန့်လန့်ဖြတ်ကျမည်မှာ သေချာနေသည်။ တုတ်နှင့်အရှိန်ပြင်းပြင်း ရိုက်ခံရလျှင်ပင် သေနိုင်သည်။ ယင်းသစ်ပင်ကြီးက အဖျားပိုင်း ဆိုစေကာမူ သစ်ကိုင်းတစ်ကိုင်းပင်လျှင် ဒူးလောက် ပေါင်လောက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားနေသည်။ ယင်းသစ်ကိုင်းမျိုးကအများကြီး ဖြာထွက်နေပါ၏။

ဘယ်နည်းနှင့်မျှ မလွတ်နိုင်တော့။ မြင်းရထားမှောက်သို့ ကျတော့မည်။

လေးလေးမြင့် ကြောက်လန့်တကြား အော်လိုက်သည်။

ကိုဘခက်သည် အလွန်လျင်မြန်ဖျတ်လတ်စွာ မြင်းလှည်းပေါ်မှ ခုန်ဆင်းပြီး လွတ်ရာသို့ စွတ်ပြေးသည်။ မောင်းသူမရှိတော့သည့် မြင်းသည် ရောက်ရာနေရာက ဆက်မသွားတော့ဘဲ ရပ်နေတော့သည်။

သွားပြီ။

လေးလေးမြင့်မှာ ခါးပတ်ကြီး ပတ်ထားသဖြင့် ထ၍မရ။ သေဘေးကြုံလျှင် ဘာလုပ်ရမှန်း မသိတော့သည့် သဘာဝအတိုင်း လေးလေးမြင့် ကြောင်ငေးငေးနှင့် ဘာဖြည်းဖြည်း ကျလာသော သစ်ပင်ကြီးကိုသာ ပြူးကြည့်နေမိသည်။

"သတိထား မျက်လုံးစုံပိတ်ထားလိုက်"

ယောကျာ်းတစ်ဦး၏ အသံကို လေးလေးမြင့် ကြားရရုံမက သန်မာသော လက်နှစ်ဖက်ဖြင့် ခါးပတ်ကို အထစ်ဖြုတ်မနေတော့ဘဲ ဆောင့်ဆွဲပစ်လိုက်သည်။ လှည်းအိမ်ဖြင့် ကပ်ချီထားသော သားရေခါးပတ်ကြီးမှာ ထိုလူ၏ ဆောင့်ဆွဲအားဖြင့် ပြတ်ထွက်သွားသည်။

ထိုသူသည် လေးလေးမြင့်အား ဆွဲခနဲပါ လာအောင် ပွေ့ချီလိုက်သည်။ ထို့နောက် တစ်ရှိန်ထိုးပင် သစ်ပင်လဲကျမည့်



နေရာလောက်မှ လွတ်နိုင်လောက်သည့် ဘေးဘက်သို့ ဖောက်ထွက်ကာ လျှင်မြန်သောအဟုန်ဖြင့် ပြေးထွက်တော့သည်။

ဝုန်းခနဲအသံကြီး ထွက်လာသည်။ နာကျင်လွန်းသော အသံဖြင့် မြင်း၏ အော်သံကြီး ကြောက်ခမန်းလိလိ ထွက်ပေါ်လာသည်။

လေးလေးမြင့်မှာ လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားတော့သည်။ လက်မတင်လေး မိမိသေဘေးမှ လွတ်ပြီမှန်းတော့ သိပါ၏။ သို့သော် မြင်းလှည်းပေါ်သို့ လှမ်း၍မကြည့်ရဲသဖြင့် မျက်နှာကို အုပ်ထားမိခြင်း ဖြစ်တော့သည်။

"မကြောက်နဲ့တော့ လွတ်သွားပြီပဲ"

သူမ၏ကိုယ်လုံးကို လွှပ်ခါပြီး ပြောလိုက်သံ ကြားရလေမှ လေးလေးမြင့်သည် အုပ်ထားသော လက်ချောင်းများကြားမှ မိမိအား ကယ်တင်သူ၏ မျက်နှာကို ကြည့်လိုက်သည်။

"ဟင် ... ရှင် ... ရှင်"

"ဟုတ်ပါတယ်၊ ကျွန်တော် တွန်းနေနွယ်ပါ၊ ရန်ကုန်ပန်းဆိုးတန်းထဲက တရုတ်စားသောက်ဆိုင်မှာ နောက်ဆုံးတွေ့ခဲ့ဖူးတဲ့လူလေ"

သူ၏ရင်ခွင်ထဲမှ လေးလေးမြင့်က လူးလဲထကာ ဖယ်ခွာ၍ ထိုင်လိုက်သည်။

"သိပ်ကို ကျေးဇူးတင်ပါတယ် ကိုတွန်းနေနွယ်၊ နို့မဟုတ်ရင် ခလောက်ဆို ကျွန်မ အရိုးတခြား အသားတခြား ဖြစ်လောက်ပြီ"

"ကဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကဲတော့ကဲပေါ့၊ ဒါပေမယ့် အချိန်မီ ကိုထွန်းနေနွယ် ကယ်နိုင်ခဲ့တယ်လေ"

ထွန်းနေနွယ်က ထိုင်ရာမှ ထရပ်လိုက်သည်။

"ဒီနေရာမှာ မလေးလေးမြင့် မဟုတ်ဘဲ တခြားဘယ်သူ့ကို မဆို ကျုပ်ကတော့ ဝင်ကယ်ရမှာပဲလေ၊ လှည်းက မြင်းကို တောင် ကူယ်ခွင့်မရလိုက်ဘူး၊ မြင်းတော့ ကြွသွားပြီထင် တယ်"

လေးလေးမြင့် ခမျာ အောင့်သက်သက် ခံလိုက်ရ သည်။ များသောအားဖြင့် လေးလေးမြင့် ဆုံဖူးသမျှ ယောကျ်ား သားတို့သည် သူမ၏ ကျေးဇူးတင်ခံချင်ကြသည်။ သူမက ကျေး ဇူးတင်ဖို့အတွက်လည်း သူမအကျိုးကို ဆောင်ရွက်ပေးလိုခြင်း၊ လက်ဆောင်ပဏ္ဏာ ပေးလိုခြင်းမျိုးကိုသာ တွေ့ခဲ့ဖူးပေါင်းများ လှပြီ။

ဘယ့်နှယ် သူ့ကျမှဥ္စ။ ပြီး အသက်ကယ်ခဲ့သော ကျေးဇူးဘယ်လောက် ကြီးမားလေမှန်းမှ သူသိပါရဲ့လား။ သူမက သိပ်ကိုကျေးဇူးတင်ပါသည် ဆိုခြင်းကိုပင် လူက လက်မခံချင်ဘူး တဲ့လား။ ထို့ပြင် သူ့ကိုယ်သူ 'ကျုပ်'ဆိုသည့် နားကလောစရာ နာမ်စားကြီးဖြင့် ပြောလိုက်သေးသည်။

"ခင်ဗျား ဒီနားမှာ နေခဲ့ဦး မလေးလေးမြင့် ကျုပ် မြင်းကို သွားကြည့်ဦးမယ်"

"ကိုဘခက်ကော ထိသွားသေးလား မသိဘူးနော်"

အမှန်ပင် လေးလေးမြင့်မှာ ကိုဘခက် အတွက် စိုးရိမ်စွာ မေးလိုက်မိသည်။ လှည်းပေါ်မှ ကိုဘခက် ခုန်ဆင်းလိုက်



သည်တော့ မြင်လိုက်သည်။ သို့တစေ သစ်ပင်လဲကျ သူ့အပြေး နှင့် လွတ်ရဲ့လားဟု မေးမိခြင်းဖြစ်သည်။

"ကိုဘခက်နဲ့ နောက်တော့ စာရင်းရှင်းရမယ်၊ ဒီလူ တစ် ကိုယ်ကောင်း ဆန်လွန်းတယ်"

ထွန်းနေနွယ်သည် မြင်းလှည်းဆီကိုသွားရင်း စော စောက အပြေးအလွှားကြောင့် သူပစ်ချထားခဲ့သော ရိုင်ဖယ်သေနတ် ကို လမ်းမှ ပြန်ကောက်ယူသည်။

လေးလေးမြင့်သည် ယောင်တိယောင်ကန်းဖြင့် နေရာ တွင် ရပ်မနေနိုင်ဘဲ ထွန်းနေနွယ် နောက်သို့ လိုက်သွားမိသည်။ သို့သော် အနီးသို့မရောက်မီပင် လေးလေးမြင့် ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။ အကြောင်းမူ ထွန်းနေနွယ်သည် လဲကျနေ သောမြင်း၏ ဦးခေါင်းကို အနီးကပ် ရိုင်ဖယ်ပြောင်း တေ့လိုက် သည်ကို မြင်ရသောကြောင့်ပါတည်း။

"ဒိုင်း"

တော၏ပဲ့တင်သံဖြင့် သေနတ်သံသည် ကျယ်လောင် စွာ မြည်ဟည်းသွားသည်။ ဒုတိယအကြိမ် လေးလေးမြင့်မှာ မျက်နှာကို အုပ်ထားလိုက်မိပြန်တော့သည်။

ယခုမှပင် မြင်းသည် တကယ်ကိုစွန့်ခွာသွားတော့၏။

"ရှင် ... သိပ်ရက်စက်တဲ့လူပဲ"

"မြင်းဟာ အသက်ပြန်မရှင်နိုင်တော့ဘူး မလေးလေးမြင့် သေမယ့်အတူတူ ဘာလို့ ဝေဒနာခံနေစေတော့မလဲ"

"အို ... သက်ရှိသတ္တဝါမှန်သမျှ မသေခင်အသက်ရှင် နေသေးချင်တဲ့ဆန္ဒ ရှိစမြဲပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေနွယ်က လေးလေးမြင့်ကို ဘာမျှ နောက်ထပ်မမေးပတော့ဘဲ လှည်းနှင့်မြင်းဆီသို့ တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ပြန်လာနေသူ ကိုဘခက်ကို မမိုတ်မသုန် ကြည့်နေလိုက်သည်။

ထိုစဉ်မှာပင် သစ်ပင်ကြီး ဖြတ်လှဲရာတောအတွင်းမှ အခြားလူတစ်ယောက် ဦးဆောင်ပြီး နောက်မှ သုံးလေးယောက် အပါအဝင် မြင်းလှည်းဆီသို့ ပြေးထွက်လာကြသည်။

"ဘာဖြစ်တာလဲ … ဘာဖြစ်တာလဲ၊ သေနတ်သံကြားလို့"

မေးမြန်းသူမှာ သစ်ခုတ်သစ်လှဲ အလုပ်သမားခေါင်းဆောင်နှင့်တူပြီး ကျန်သုံးလေးယောက်မှာ သာမန်သစ်ခုတ်လုပ်သားတွေမှန်း မြင်ရုံနှင့်ပင် သိသာသည်။ စောစောက သစ်ပင်လဲကျစဉ်က ဝုန်းခနဲအသံမျိုးသည် သူတို့အဖို့ ကြားရိုး ကြားရစဉ်မို့ ထူးဆန်းပုံမရဘဲ၊ သေနတ်သံကျမှသာ အထူးအဆန်းဖြစ်ကာ ပြေးထွက်လာသည့်ပုံပင်။

ပြေးထွက်လာသော ခေါင်းဆောင်အား ကိုဘခက်က မီးတောက်လု မျက်လုံးအကြည့်ဖြင့်ကြည့်ရင်း …

"ဒီမယ် နိုင်လင်း မင်းသစ်ပင်ကို တို့လာနေတဲ့ဘက် တမင်ခုတ်လှဲလိုက်တာ မဟုတ်လား၊ ဒါဟာ မတော်တဆ မဟုတ်ဘူး သစ်ပင်ပိပြီး တို့အားလုံး သေနိုင်တယ်ကွ"

ထွန်းနေနွယ်က ကိုဘခက်၏ ပခုံးကို ပုတ်လိုက်သည်။

"ခင်ဗျား မသေနိုင်ပါဘူး ကိုဘခက်၊ ခင်ဗျားသိပ်အပြောသန်တဲ့လူပဲ သစ်ပင်လဲအကျမှာ ခင်ဗျားပြေးလိုက်တာ တာတိုပန်းပြေး ချန်ပီယံဘွဲ့ ရလောက်ပါပေတယ်"



ထွန်းနေနွယ်၏ အပြောကြောင့် နိုင်လင်း ဆိုသူက ဟားဟားဟားရယ်သည်။ သူ့အလုပ်သမားတွေကလည်း ဝိုင်းရယ်ကြသည်။

ကိုဘခက်သည် မသိကျိုးကျွန်ပြုကာ တခြားသို့ မျက်နှာလွှဲထားလိုက်သည်။

နိုင်လင်းသည် ဝအောင်ရယ်ပြီးမှ ထွန်းနေနွယ်၏ ကျောဘက်တွင် ရှိနေသော လေးလေးမြင့်ကို ယခုမှ သတိထားမိလိုက်မိသလို အရယ်ရပ်ပြီး ပြူးပြူးဝိုင်းဝိုင်း ကြည့်လိုက်လေသည်။

"သူ … သူက ဘယ်သူလဲ ကိုထွန်းနေနွယ်"

"ဒေါ်ကေသီရဲ့ တူမလေ၊ မြို့ကိုသွားဘူတာက မြင်းလှည်းနဲ့ သွားကြိုလာတာ မင်းတို့ ခုတ်လှဲတဲ့သစ်ပင် ကံကောင်းလို့ ပိပြီးမသေတာလေ၊ ကဲ … နိုင်လင်း ဒီမြင်းသေကို သင့်တော်မယ့်နေရာမှာ မြှုပ်ဖို့စီစဉ်"

ထွန်းနေနွယ်က တစ်ဆက်တည်း ကိုဘခက်ဘက်ကိုလည်း လှည့်ပြောလိုက်သည်။

"ကိုဘခက် … ခင်ဗျားလည်း ခင်ဗျားအလုပ် ဆက်လုပ်ပေတော့၊ ဒေါ်ကေသီရဲ့ တူမကို ကျွန်တော်ပဲ အိမ်ကြီးဆီ ခေါ်သွားမယ်"

"ဒါပေါ့ ကိုထွန်းနေနွယ်၊ ခင်ဗျားက ဒါရိုက်ခန့်ခံရတဲ့ မန်နေဂျာကြီးပဲ၊ ခင်ဗျားသြဇာပေးသလို ကျွန်တော်တို့ တာဝန်ခံတွေက လုပ်ရမှာပေါ့၊ ဒါပေမယ့် မလေးလေးမြင့်ကိုကြိုဖို့ ဒေါ်ကေသီ တာဝန်ပေးခဲ့တာက ကျွန်တော်ကိုပါ၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုအိမ်ကြီးဆီနဲ့ ဒေါ်ကောသီဆီ အရောက်ပို့ပေးဖို့က ကျွန်တော့် တာဝန်ပါ"

"မချောမွေ့ခဲ့ဘူးလေ ဘခက်၊ ခင်ဗျားကိုသာ တာဝန်လုံးလုံးပုံပေးလိုက်ရင် ခုလောက်ဆို မလေးလေးမြင့်ရဲ့ အလောင်းကို သစ်ကိုင်းတွေအောက် မနည်းဆွဲထုတ်ယူရမှာ မဟုတ်လား"

ကိုဘခက်က ပြုံးလိုက်သည်။ မထီလေးစား အပြုံးမျိုး ဖြစ်ပေလိမ့်မည်။

"ဒါပေါ့ဗျာ ... မန်နေဂျာကြီးက လူစွမ်းကောင်းကြီးလုပ်ပြီး ကယ်တင်လိုက်တာဆိုတော့ ဒီလို ကယ်တင်လိုက်ရတာ တန့်ကြေးညီအောင် အခွင့်အရေးတွေ ယူဦးပေါ့။ ကဲ ... မန်နေဂျာကြီး အမိန့်အတိုင်း ကျွန်တော့်အလုပ်ကို ကျွန်တော်သွားလုပ်ပါတော့မယ်"

ကိုဘခက်၏ အောက်ကလီအာ စကားများကြောင့် ကိုထွန်းနေနွယ်က တစ်ခုခုများ လုပ်လိုက်လေဦးမလားဟု လေးလေးမြင့်က စိုးရိမ်စိတ်ဖြင့် လှမ်းကြည့်မိသည်။ အန်ကယ်ဦးမြဝင်း ပြောခဲ့သော စကားများအရ ကိုထွန်းနေနွယ်သည် ထောင်ထွက်တစ်ဦး မဟုတ်ပါလေလား။ ပြီး ... ကိုထွန်းနေနွယ်သည် မြွေပွေးလို သူ့ကို လာထိလျှင် အဆိပ်ပြင်းသည်ဟုလည်း ပြောခဲ့သေးသည် မဟုတ်ပါလား။

လေးလေးမြင့် စိုးရိမ်သလို မဟုတ်ပါလေ။

ထွန်းနေနွယ်သည် ကိုဘခက်၏ စကားများအဆုံးတွင် ပြုံးပင်ပြုံးလိုက်သေးသည်။ ထို့နောက် ဘာစိတ်ကူးနှင့် ဘာသဘောမှန်းမသိ သူ၏ပခုံးကို တွန့်လိုက်တော့သည်။



"ကဲ ... မလေးလေးမြင့် သွားစို့၊ ကျွန်တော် တောဆင်းဖို့ ဒီရိုင်ဖယ် ဝင်ယူတုန်းက ဒေါ်ကောသီဟာ သူ့တူမလာရင် ပူပူနွေးနွေး စားရအောင်ဆိုပြီး ထမင်းဟင်းတွေ စီစဉ်နေသံကြားခဲ့တယ်၊ ထမင်းတွေ ဟင်းတွေ ပြန်အေးမသွားခင် မလေးလေးမြင့် အိမ်ကြီးဆီ ရောက်သွားဖို့ ကောင်းတယ်လေ"

꧁ ꧂

www.burmeseclassic.com

www.burmeseclassic.com



(၄)

နှစ်ထပ်အိမ်ကြီးသည် ဟီးနေသည်။

တောထဲတွင် သစ်တွေပေါ်သောကြောင့်လား မသိ။ အုတ်မခံဘဲ ပျဉ်ချည်းသက်သက် ဆောက်လုပ်ထားသော အိမ်ကြီးဖြစ်သည်။ ဦးလေးသော်က စိတ်ကြိုက်ဆောက်ခဲ့သော အိမ်ကြီးဆိုလျှင် မမှားပေ။

ထွန်းနေနွယ်က အိမ်ရှေ့တံခါးဖွင့်ပြီး ရှေ့မှ ဝင်လိုက်စဉ်မှာပင် သမင်ရောင် အမွေးရှိသည့် အင်းခွေးကြီးတစ်ကောင်သည် အိမ်ထဲမှ အတင်းတိုးဝှေ့ ထွက်လာသည်။ သဏ္ဌာန်မှာ အင်းခွေးကြီးသည် အပြင်ထွက်ချင်နေသည်။ တံခါးကပိတ်ထားသည်မို့ အိမ်ထဲတွင် အောင့်အည်းနေရပြီး အပြင်မှ ထွန်းနေနွယ်က တံခါးလည်းဖွင့်ရော ခွေးကြီးကလည်း ဖောနှင့် အတင်းတိုးထွက်ရော သဏ္ဌာန်တူသည်။

"ဟော့ကောင်ကြီး ဂုမ္ဘာန် ကြမ်းလှချည်လားကွ၊ ဖွတ်တို



လိုက်တာ ငါ့တောင် ယိုင်သွားတယ်၊ မင်းအစွမ်းတွေ သိပ်မပြနဲ့ ဂုမ္ဘာန်၊ ငါ့နောက်မှာ မြို့က ကောင်မချောချော နုနုလေး ပါလာတယ်၊ လန့်သွားမယ်ကွ"

"ကောင်မချောချောနုနုလေး"တဲ့ ...။

ဂုမ္ဘာန်ဆိုသည့် ခွေးကြီး၏ ဦးခေါင်းကို ပွတ်သတ် ...း ထွန်းနေနွယ်က လေးလေးမြင့်အား ကောင်မချောချောနုနု ...လေးဟု ရည်ညွှန်းလိုက်ခြင်း ဖြစ်သည်။

"ကောင်မ"ဆိုသည့် ထွန်းနေနွယ်၏ စကားလုံးက ...ပြင်းသည်။ တစ်ဆက်တည်း ပါရှိလာသော ချောချောနုနုလေး ...ဆိုသည့်စကားကျတော့ နုသည်။ ဘာလို့မှန်းမသိ သူ့ဟာသူ ...ထဲရှိသလို ထွန်းနေနွယ်က ပြောချလိုက်သည်ကို လေးလေး ...၏ ရင်ထဲတွင် ကျေနပ်သလိုလို၊ ကြည်နူးသလိုလို ခံစားလိုက် ...ပသည်။

ဧည့်ခန်းထဲ ဝင်လာကြသည်။ ခမ်းခမ်းနားနားပင်။ ...မှ ဧည့်ခန်းတစ်ခုလိုပင်။ ဆက်တီကုလားထိုင်တွေ ရှိသည်။ ...ကေ့(စ်)တွေရှိသည်။ လှပသော နံရံကပ်စင်လေးတွေရှိသည်။ ...ထောင့်တစ်နေရာတွင် တယ်လီဖုန်းကို စင်လှလှလေးနှင့် ထားရှိ ...သည်။ ဦးလေးသော်က အသက်ရှင်စဉ်ကတည်းက စိတ်ကြိုက် ...ပြင်ဆင်တီးထားသော ဧည့်ခန်းပင်ဖြစ်ပါ၏။ ဒေါ်လေးကေသီ တော ...အိမ်ကြီးထဲတွင် ငြီးငွေ့မသွားစေရန် လိုလေသေးမရှိ ထားရှိခြင်း ...ဖြစ်ပါ၏။

ထွန်းနေနွယ်က နံရံကပ်စင်တစ်ခုသို့ လျှောက်သွား ...သည်။ ထိုနံရံကပ်စင်တွင် သေနတ်တွေ စီစီရီရီ ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးပြူး၊ တစ်လုံးပြူး၊ ပွိုင့်တူးတူး၊ ရိုင်ဖယ်မှစ၍ အခြားတောသစ်သေနတ်တွေ ဖြစ်သည်။ ယုတ်စွအဆုံး ဘီအက်စ်အေနံပါတ်တူး၊ ချိုးပစ်၊ ကြက်ပစ် လေသေနတ်ပင် ရှိနေလေသည်။

ထွန်းနေနွယ်က သူ ကိုင်ဆောင်လာခဲ့သော ရိုင်ဖယ်ကို စင်ပေါ်ရှိ လစ်လပ်နေသော သူ့နေရာဟောင်းတွင် ထောင်ပြီး ပြန်ထည့်လိုက်သည်။

"ဟော ... လေးလေး ရောက်လာပြီ။ ဒေါ်ဒေါ်တူမချောကြီး ရောက်လာပြီဟဲ့ ..."

အခန်းတစ်ခုတည်းမှ ဒေါ်ကေသီ ထွက်လာပြီး ဧည့်ခန်းအလယ်တွင် မိုးတိုးမတ်တတ် ရပ်နေသည့် လေးလေးမြင့်ထံ သွက်လက်သော ခြေလှမ်းတို့ဖြင့် တိုးကပ်လာကာ ပွေ့ဖက်ထားလိုက်သည်။ လေးလေးမြင့်ကလည်း ဒေါ်လေးကေသီအား စိတ်ပါ နှလုံးပါ ပြန်လည် ဖက်ထားပါ၏။

"ဒေါ်လေး နည်းနည်းချောင်သွားတယ်၊ ရောဂါကြောင့်လားဟင်"

"ရောဂါအခြေအနေ ကောင်းပါတယ် လေးလေး၊ ဆေးစွမ်းကောင်းတွေ မပြတ်ဆောင်ထားတာပဲ၊ အဲ ... ကိုသော်ကလဲ ဆုံးသွား၊ မန်နေဂျာ ကိုဒေါင်းလဲ ဆုံးသွားတော့ ဒေါ်လေး ကိုယ်တိုင် လုပ်ငန်းထဲ ဝင်ရတယ်လေ၊ ဒါကြောင့် နည်းနည်းချောင်သွားတာ နေမှာပေါ့၊ ဒါပေမယ့် ဒေါ်လေး မကြာခင် ပြန်ပြည့်လာမှာပါ၊ ဟိုမှာလေ အားကိုးလောက်တဲ့ မန်နေဂျာအသစ် ဒေါ်လေး ရနေပြီလေ ..."

ပြောပြောဆိုဆို ဒေါ်လေးကေသီက မန်နေဂျာ



ွန်းနေနွယ်ထံ လှမ်းကြည့်သည်။ ထွန်းနေနွယ်ဘေးတွင် ရှိနေသော သေနတ်စင်ကိုလည်း ဒေါ်လေး အကြည့်ထဲတွင် ပါဝင်သည်။

"ခုနက သေနတ်သံတစ်ချက် ကြားလိုက်သလားလို့၊ တောများလိုက်ကြသလား၊ ဒီနေ့ နားရက်လဲ မဟုတ်ဘူး"

ထွန်းနေနွယ်က ပခုံးတွန့်ပြရင်း လေးလေးမြင့်ကို တစ်ချက်လှမ်းကြည့်သည် ဘာမျှမပြော။ အဓိပ္ပာယ်မှာ တူမကိုသာ အဖြစ်အပျက်နှင့် သေနတ်သံအကြောင်း မေးကြည့်တော့ဟု ကောက်ယူနိုင်လောက်သည်။

"ကျွန်တော် သွားမယ် ဒေါ်ကေသီ၊ လုပ်စရာတွေ တော်တော်များများ ရှိနေလို့"

ထွန်းနေနွယ်၏ ခြေလှမ်းများ ထွက်ပေါက်ဆီသို့ ဦးတည်လိုက်သည်။

ပွေ့ဖက်ဆဲဖြစ်သော တူဝရီးနှစ်ဦးကို ဖြတ်ကျော်စဉ် ထွန်းနေနွယ်က လေးလေးမြင့်ကိုသာ ကွက်ကြည့်ရင်း ...

"ဘာမဆို ဖြစ်ချင်ရာကောက်ဖြစ်တဲ့ မြိုင်သာသစ်စခန်းက မလေးလေးမြင့်ကို ကြိုဆိုပါတယ်၊ ကဲ ... ကျွန်တော် လစ်တော့မယ်"

နှုတ်ဆက်ပြီး ထွက်သွားသည်။ လေးလေးမြင့်က ထွန်းနေနွယ်၏ ကျောပြင်ကျယ်ကြီးကို တဆုံးတစ လိုက်ကြည့်မိသည်။

"လေးလေးကို ဒေါ်လေး ကြိုခိုင်းလိုက်တာက မောင်ဘချစ်ပါ၊ အခု ကြိုလာတော့ မောင်ထွန်းနေနွယ် ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်စို့ ဒေါ်လေး၊ လမ်းမှာ ဖြစ်ပျက်ခဲ့တာတွေ ပြောပြချင်လို့"

နှစ်ယောက်ထိုင် ဆက်တီကုလားထိုင်တွင် ယှဉ်ထိုင်ရင်း လေးလေးမြင့်က ဖြစ်ကြောင်းကုန်စင်များကို ပြောပြသည်။

သေနတ်သံမှာ လှည်းမှ သစ်ပင်ပေါ်ခံနေရသော မြင်းကို မန်နေဂျာ ကိုထွန်းနေနွယ်က သေနတ်နှင့်သေအောင် ပစ်သတ်သောအသံဖြစ်ကြောင်းလည်း ပြောပြသည်။

နားထောင်ရသော ဒေါ်လေးကေသီမှာ နားထောင်ရင်း မျက်နှာပျက်လာရုံမက ဖြူဖပ်ဖြူရော် ဖြစ်သွားသည်ကိုပင် လေးလေးမြင့် သတိထားလိုက်မိသဖြင့် ...

"အယ် ... ဒေါ်လေးမှာ နလုံးရောဂါနဲ့နော်၊ ဒါတွေ လေးလေး မပြောသင့်ဘူး"

"မပြောလို့ ဘယ်ဖြစ်မလဲ လေးလေး၊ မြို့ထားသင့်တဲ့ကိစ္စမှ မဟုတ်တာ၊ ဒါလောက်တော့ ဒေါ်လေးရဲ့ရောဂါက ခံနိုင်ရည်ရှိလောက်အောင် အရေထူနေပြီလေ၊ ဒီထက်မကတာတွေ ကြုံလာရပြီးပြီ မဟုတ်လား"

"ဒီထက်မကတာတွေ ... ဟုတ်လား ဒေါ်လေး"

"မတော်တဆတွေ ဆိုပါတော့လေ၊ ဒါပေမယ့် အခုတော့ မောင်ထွန်းနေနွယ် ရောက်လာပြီလေ၊ သူ့မှာ ပြဿနာတွေ ရှင်းနိုင်လောက်တဲ့ အရည်အချင်း ရှိတယ်လို့ ဒေါ်လေး ယူဆတယ်"

"သူက ဘယ်လိုကဘယ်လို ရောက်လာတာလဲ ဒေါ်လေး"

"အဲဒါတွေ နောက်ကျမှ အေးအေးဆေးဆေး ပြောကြတာ



ပေါ့၊ အခု လေးလေး သိပ်ဆာမနေဘူးလား၊ လာထမင်းစားခန်း သွားကြစို့"

ဒေါ်လေးကေသီက ရှေ့ဆောင်ပြီး ထမင်းစားခန်းဆီသို့ သွားသဖြင့် လေးလေးမြင့်သည် နောက်မှလိုက်ခဲ့သည်။

ဒေါ်လေးကေသီသည် ကိုထွန်းနေနွယ် မြွေပွေးတစ်ကောင်လို အဆိပ်ပြင်းကြောင်းနှင့် သိပ်ကြောက်စရာကောင်းသော ထောင်ချောက်တစ်ယောက်ဖြစ်မှန်း သိများမှ သိပါလေစ။ တကယ်ဆိုလျှင် သစ်ပင်ပိပြီး ဒဏ်ရာရနေသောမြင်းကို ကိုထွန်းနေနွယ်က ကိစ္စတုံးသွားအောင် ရက်စက်စွာ သေနတ်နှင့် ဦးခေါင်းတေ့ပစ်လိုက်သည်ဆိုခြင်းကို ဒေါ်လေးကေသီ အနေနဲ့ တစ်ခုခုဝေဖန်ဖို့ ကောင်းသည်။ ဒါမှမဟုတ် အပြစ်တင်ဖို့ ကောင်းသည်။

မဝေဖန် အပြစ်မတင်ရုံမက ကိုထွန်းနေနွယ် အရည်အချင်းပြည့်ဝကြောင်းကိုပင် ဒေါ်လေးကေသီက ထပ်မံချီးကျူးနေသေးသည်။ ဘာကြောင့်များပါလိမ့်။ ဒေါ်လေးကေသီ ကိုယ်တိုင် ယခင်ကလို သိမ်မွေ့နူးညံ့ခြင်းနှင့် အကြင်နာတရားတွေ ခေါင်းပါးသွားလေပြီလား။

ထမင်းစား စားပွဲပေါ်တွင် အုပ်ဆောင်းအုပ်ထားသော စားသောက်ဖွယ်ရာများ အရန်သင့်ရှိနေသည်။

ဒေါ်လေးကေသီက လူကြီးမို့ ထိုင်နေကျ စားပွဲထိပ်တွင် ထိုင်လိုက်သည်။ လေးလေးမြင့်က ဒေါ်လေးကေသီအားတွင် ထိုင်ပါ၏။

စားသောက်ဖွယ်ရာများ စုံစုံလင်လင်နှင့်ဖွယ်ဖွယ်ရာရာရှိနေသည်ကို လေးလေးမြင့် အံ့ဩရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစုံပါပဲလား ဒေါ်လေး၊ ဒီလောက်ဖွယ်ဖွယ်ရာရာတွေကို ဘယ်သူက ချက်ပြုတ်ကြော်လှော်ပေးသလဲဟင်"

"မနန်းစိန်လေ"

"မနန်းစိန် ဆိုတာကကော"

"လေးလေးတို့ မြို့ကြီးပြကြီးက အိမ်ကြီးရှင်တွေရဲ့ ဝေါဟာရနဲ့ပြောရရင် မွေးစားသမီးပေါ့ကွယ်၊ ဒါမှမဟုတ် အိမ်ဖော် ဆိုပါတော့၊ ဒါပေမယ့် ဒီမှာကတော့ မနန်းစိန်ဟာ မွေးစားသမီးလည်းမဟုတ်ဘူး၊ အိမ်ဖော်လည်းမဟုတ်ဘူး။ ဒါပေမယ့် မနန်းစိန်ဟာ တစ်အိမ်လုံးစားဖို့ ချက်ပြုတ်ပေးတယ်၊ တစ်အိမ်လုံးရဲ့ ဗာဟီရနဲ့ သန့်ရှင်းရေးကို လုပ်ပေးတယ်၊ ဒီအတွက် ဒေါ်လေးက သူ့ကို တစ်လတစ်ရာပေးရတယ်"

"ဘာထူးလဲ ဒေါ်လေး၊ ကုလားကြီးကို အခေါ်ယဉ်အောင် ဘာဘူကြီးလို့ ခေါ်သလိုပဲ ဖြစ်မှာပေါ့"

"ဘယ်ဟုတ်မလဲ၊ တာဝန်ပိုင်းနဲ့ ပတ်သက်ပြီး ကိုယ့်တာဝန် ကိုယ်လုပ်ကြတဲ့ သဘောမျိုးထားတယ်၊ လေးလေးတို့ မြို့ကြီးပြကြီးက အိမ်ကြီးရှင်တွေကျတော့ မွေးစားသမီးလို့ အမည်ခံတဲ့အိမ်ဖော်ကို ကိုယ်နဲ့တန်းတူ ဆက်ဆံကြလို့လား"

လေးလေးမြင့် မဖြေမိ။ အစားကိုသာ ဆက်စားနေမိသည်။

"အဓိက အကျဆုံးက အဲဒီဆက်ဆံရေးပဲ၊ မနန်းစိန်ဟာ အိမ်ဖော်မဟုတ်ဘူး၊ ဒေါ်လေးတို့နဲ့ အားလုံးတန်းတူပဲ၊ ဒါပေမယ့် သူကျွမ်းကျင်တဲ့အလုပ်က မီးဖိုအလုပ်နဲ့ အိမ်သန့်ရှင်းရေးအလုပ်"



လေးလေးမြင့် စေ့ဒကမတောက်ဖြစ်။ ဒေါ်လေးကေသီသည် မနန်းစိန်အား မီမိက ယခုမှရောက်လာပြီး ဘာမသိ ဘာမသိနှင့် အလုပ်ရှင် ဒေါ်လေးကေသီ၏ တူမအရင်းခေါက်ခေါက်ဆိုသည့် ဂုဏ်ရှိန်ဖြင့် မနန်းစိန်အား နှိမ်ပြော နှိပ်လုပ်တွေပြုမှုမှာ ဖြစ်မည်စိုးသောကြောင့် စကားအလျှအစ တန်ဆာဆင်ကာ တင်ကြိုသတိပေးတွေ ပြောနေလေသလားဟု တွေးစရာ ဖြစ်လာပြန်သည်။

ဒါဆိုလျှင် ဒေါ်လေးကေသီ၏ လက်ရှိအခြေအနေမှာ လူတကာကို ကြောက်နေရသည့် အခြေအနေလား။

ကိုဘခက်က မီမီအား ထားပစ်ခဲ့ပြီး ကိုယ်လွတ်ရုန်းထွက်ပြေးသွားသည်ကိုလည်း ဒေါ်လေးကေသီ ဘာမျှမပြော။

ကိုနိုင်လင်း ဆိုသည့် အလုပ်သမားခေါင်းဆောင်က သစ်ပင်ခုတ်လှဲချရာတွင် လမ်းပေါ်ကျပြီး မြင်းလှည်းပိကာ မြင်းသေသွားသည်အထိ ဖြစ်သည်ကိုလည်း ဒေါ်လေးကေသီ ဘာမျှမပြော။

ကိုထွန်းနေနွယ်က မြင်းကို အသေသတ်လိုက်ခြင်းအတွက်လည်း ဒေါ်လေးကေသီ ဘာမျှမပြော။

အဲ ... ဒီကိစ္စတွင် တစ်ခုတော့ရှိသည်။ ကိုထွန်းနေနွယ်က မြင်းကိုသတ်မပစ်လျှင်ကော ဒီမြင်း အသက်ရှင်ဦးမှာတဲ့လား။ ကိုထွန်းနေနွယ်၏ အပြောအရတော့ ဒီမြင်းသည် ဘယ်လိုမျှ အသက်ပြန်ရှင်နိုင်ဖွယ် မရှိသောကြောင့် ဝေဒနာဒုက္ခငြိမ်းစေရန် တမင်သတ်ပစ်လိုက်သည်ဟု ဆိုသည်။

စားသောက်ပြီးသောအခါ ...

"လေးလေးနေဖို့ အခန်းပြင်ထားတယ်၊ ဒါပေမယ့် အခန်းက

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းဝေဖန့်ကျဉ်းတယ်၊ အခန်းကျယ်ကြီးတွေက တာဝန်ခံအိမ်ထောင်သည်ကိုတွေကို ပေးထားတာယ်လေ၊ လာ ... ဒေါ်လေး လိုက်ပြမယ်"

အခန်းမှာ (၁၀)ပေပတ်လည်ခန့်သာရှိသည်။ ထောင့်စွန်းကျသောအခန်းမို့ ချောင်ကျသောနေရာဟု ဆိုနိုင်လောက်သည်။ အိမ်ကြီးဆောက်လုပ်စဉ်က ဤအခန်းသည် အိပ်ခန်းအနေနှင့် ဆောက်လုပ်ခဲ့ခြင်း မဟုတ်တန်ရာ။ စတိုခန်းသဘောမျှသာ ဖြစ်ရမည်။ သို့သော် အိမ်ကြီးရှိ အိပ်ခန်းကျယ်ကြီးတွေမှာ တခြားသူတွေ နေပြီးသားဖြစ်သောကြောင့် ယခုမှရောက်လာသော လေးလေးအား ဤအခန်းကိုပင် ပေးရသည့်အတွက် ဒေါ်လေးကေသီ စိတ်မကောင်းဖြစ်ဟန်တူသည်။

"တစ်ခုတော့ရှိတယ် လေးလေး၊ ဒီအခန်းကို မကြိုက်ရင် ဒေါ်လေးရဲ့အခန်းမှာ တူဝရီး အတူတူနေကြမယ်လေ"

"ဟာ၊... သိပ်ကြိုက်ပါတယ် ဒေါ်လေးကေသီ၊ လေးလေးက တစ်ယောက်တည်းသမားဆိုတော့ အခန်းသိပ်ကျယ်တာလဲ မကြိုက်ပါဘူး၊ အခန်းလေးက ဆင်ပြင်ထားတာ ကျောင်းကာဘော်ဒါဆောင် အခန်းလေး ကျနေတာပဲ"

ဒေါ်လေးကေသီ စိတ်မကောင်း မဖြစ်စေရန် လေးလေးမြင့်က လိုလိုလားလား ဟန်လေးဖြင့် ပြောလိုက်ရသည်။

အမှန်လည်း လေးလေးမြင့် ရောက်လာလျှင် နေဖို့ဆိုပြီး အခန်းလေးကို တင်ကြိုမွမ်းမံထားပုံရသည်။

ကျွန်သား တစ်ယောက်အိပ် ခုတင်လေးတွင် ထစ်ထွာခန့်မြင့်သော မွေ့ရာ၊ အိပ်ရာခင်းဖြူဖြူ၊ ခေါင်းအုံးဖြူဖြူ၊



ခြင်ထောင်ဖြူဖြူနှင့် ဗန္ဒုလတံဆိပ် ဌမ်းစောင်ထူထူ အသစ်ကြီး အသင့်ပြင်ဆင်ထားသည်။

ပြတင်းပေါက်အောက်တွင် မှန်တင်ခုံ ထားရှိသည်။ ခုတင်ဘေးတွင် စာရေးစားပွဲတစ်လုံး ရှိနေပြီး ခြေရင်းဘက်တွင် ကျွန်းသားအဝတ်ထည့် ဗီရိုတစ်လုံးလည်း ရှိနေပါ၏။

"ပြင်ဆင်ထားလိုက်တာ သန့်ရှင်းတယ်၊ သပ်ရပ်တယ်၊ စနစ်တကျရှိတယ်နော် ဒေါ်လေး၊ ဘယ်သူပြင်ထားတာလဲ ဟင်"

"မနန်းစိန်ပဲပေါ့ လေးလေးရယ်၊ ဒီအိမ်ကြီးမှာ အိမ်တွင်းမှုကိစ္စမှန်သရွေ့ မနန်းစိန်ပဲ လုပ်တာပဲဟာ"

"ဒေါ်လေးကေသီမှာ အိမ်တွင်းကိစ္စအားလုံးလုပ်ဖို့ မနန်းစိန် တစ်ယောက်တည်း ထားသလား ဒေါ်လေး၊ အိမ်ကြီးက အပေါ်ထပ်ရော အောက်ထပ်ရော အကြီးကြီး၊ နောက်ပြီးစုံတွဲ အိမ်ထောင်သည်တွေလဲ အတူတူနေကြတယ်ဆိုတော့လေ"

"လူသိပ်ရှားတယ် လေးလေး၊ သစ်စခန်းဆိုရင် ဘယ်မိန်းကလေးမှ လာမလုပ်ချင်ကြဘူး၊ အတူးသဖြင့် မြို့သားကလူတွေဟာ ယောကျ်ားတွေကတော့ သစ်ခုတ်၊ သစ်ဖြတ်၊ သစ်လှဲနဲ့ သစ်စက်က သစ်ခွဲအလုပ်တွေ နဂိုလုပ်လက်စလဲ ရှိတယ်၊ ကျွမ်းလဲကျွမ်းကျင်တယ်ဆိုတဲ့ လက်စနဲ့ လုပ်မြဲဆက်လုပ်နေကြတာ၊ သူတို့ရဲ့ ဇနီးတို့၊ သမီးပျိုတို့ကို သစ်စခန်းနဲ့ မပတ်သက်အောင် ရှောင်နေကြတယ်၊ မနန်းစိန်က မြို့သားသူ မဟုတ်ဘူးလေ၊ ဒါကြောင့် ဒီအိမ်ကြီးမှာ မြဲနေတာ၊ ခများလဲ သနားစရာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ ဒေါ်လေး၊ မနန်းစိန်က ဘာလို့သနားစရာလဲ"

"အသားဖြူဖြူလေးနဲ့ ရုပ်လဲချောရှာတယ်၊ ကိုယ်လုံးကိုယ်ထည်လေးကလဲ ကြည့်ပျော်ရှုပျော်ပါပဲ၊ အဲ ... ဒါပေမယ့် မနန်းစိန်ရဲ့ ပါးတစ်ဖက်မှာ မတ်စေ့လောက်ရှိတဲ့ အမည်းမှတ်တစ်ခုက သူ့အလှကို ဖျက်နေတယ်လေ၊ မွေးရာပါအမှတ်တဲ့၊ အပျိုအရွယ် မဟုတ်လား၊ အဲဒီအမည်းမှတ်ကြောင့် မနန်းစိန်ဟာ သူ့ကိုယ်သူ အင်္ဂါချို့တဲ့နေသူ တစ်ယောက်လို စိတ်ဓာတ်ကျနေရှာတယ်။ ဒါကြောင့်လဲ သူ့မျက်နှာ လူတွေကို အမြင်နည်းနိုင်သမျှ နည်းအောင် ထင်ပါရဲ့၊ ကွယ်ရာမှာ အလုပ်တွေပဲ ကျုံးလုပ်နေတယ်၊ ယုတ်စွအဆုံး ရီရီဝင်းတို့၊ စိုးသူဇာတို့ လင်မယားတွေအိပ်တဲ့ အိပ်ရာက စပြီး သိမ်းဆည်းသန့်ရှင်းပေးတယ်"

ကြားရပြန်လေပြီ။ ရီရီဝင်းနှင့် စိုးသူဇာ ဆိုသည့် နာမည်ကို။ မြင်းလှည်းနှင့် လာစဉ်က ကိုဘခက်က ထုတ်ဖော်ခဲ့သည်။ ယခု ဒေါ်လေးကေသီက ထုတ်ဖော်ပြန်ပြီ။

"ရီရီဝင်းနဲ့ စိုးသူဇာ ဆိုတာ ဘယ်သူတွေလဲ ဟင်"

"ရီရီဝင်း ဆိုတာက ကိုကြိုင်းမောင်ရဲ့ဇနီး၊ စိုးသူဇာကတော့ ကိုကျော်ဝင်းမောင်ရဲ့ဇနီး၊ ကိုကြိုင်းမောင်နဲ့ ကိုကျော်ဝင်းမောင်ဆိုတာက လုပ်ငန်းမှာ တာဝန်ခံတွေလေ"

"ကိုဘခက်လိုပဲပေါ့"

"အင်းပေါ့၊ သူတို့တာဝန်ခံတွေ အပေါ်မှာမှ မန်နေဂျာမောင်ထွန်းနေနွယ်က ထပ်ဆင့်အုပ်ချုပ်စေတယ်"

"ကိုဘခက်ကတော့ အိမ်ထောင်မရှိဘူးလား"



"မရှိဘူး၊ ဒါပေမယ့် ..."

ဒေါ်လေးကေသီသည် ဒါပေမယ့်ဟုသာ ဆိုလိုက်ပြီး ဆက်မပြောတော့ပေ။ လေးလေးမြင့်ကလည်း ဆက်၍မမေးတော့ပေ။ အကြောင်းမှု ကိုဘခက်အား မြင်းလှည်းနှင့် အတူလာစဉ်က တည်းက အကဲခတ်ထားမိခဲ့သည်။ ကိုဘခက်လို လူမျိုးသည် အမျိုးသမီးတွေနှင့် ပတ်သက်လာလျှင် ရရှိသမျှ အခွင့်အရေး အားလုံး ယူမည့် လူစားဟူ၍ပင်။

"နေပါဦး ဒေါ်လေး၊ ရီရီဝင်းနဲ့ စိုးသူဇာဟာ မိန်းမသားတွေပဲဟာ၊ ဒီအိမ်ကြီးရဲ့ ဘာဟီရကိစ္စလေးတွေ ဘာလေးတွေ ဝင်ကူပြီး မလုပ်ဘူးလား"

"ဝေးသေး"

ဝေးသေးဆိုသည့် လေသံက ဒေါ်လေးကေသီထံမှ ဆတ်ဆတ်မာမာလေး ထွက်ပြီးနောက် ချက်ချင်းပင် ဒေါ်လေးကေသီသည် လေသံကို ပြန်ပျော့လိုက်သည်။

"သူတို့က ဒီသစ်စခန်းမှာ သူတို့ခင်ပွန်းတွေနဲ့အတူတူ လိုက်နေရတာကိုပဲ ငရဲပြည်လိုက်နေရတယ်လို့ ထင်နေတာ၊ ပျင်းတယ်တဲ့လေ၊ သူတို့အလုပ်က အချိန်ရှိသလောက် လက်သည်းနီဆိုးမယ်၊ နှုတ်ခမ်းနီဆိုးမယ်၊ မျက်နှာကိုလဲ သူ့ထက်သူ ပိုလှအောင်ဆိုပြီး မိတ်ကပ်လိမ်းတဲ့အလုပ်ပဲ လုပ်ကြတယ်"

"တောကြီးထဲမှာ သူတို့အလှကို ဘယ်သူက လိုက်ကြည့်နေမှာမို့တဲ့လဲ ဒေါ်လေး"

"သူ့အကြောင်းနဲ့သူပေါ့ကွယ်၊ ဒေါ်လေးရဲ့ အိမ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါဆောင်လို ဖြစ်နေတော့လည်း လူစုံတယ်မဲ့ဟုတ်လား၊ လူစုံရှိတဲ့ နေရာမှာဆို မိန်းကလေးရဲ့ သဘာဝက ကိုယ့်အလှကို လူတွေမြင်စေချင်တဲ့ သဘောပဲထင်ပါရဲ့။ ကဲ ... လာ ... ညှော့ခန်းပြန်ထွက်ကြစို့၊ ဩော် ... ဒါထက် လေးလေး အဝတ်အစားတွေ ဒီအိမ်ခန်း ဗီရိုမှာထည့်"

"မြင်းလှည်းတစ်စီးလုံး သစ်ပင်အပိခံရတာ လေးလေးရဲ့ အဝတ်သေတ္တာနဲ့ တိုလီမိုလီတွေတောင် ဘယ်လိုဖြစ်ကျန်ခဲ့လဲ မသိဘူး ဒေါ်လေး"

"အဲ ... ဟုတ်သားပဲ၊ အဲဒီကိစ္စအတွက် မောင်ထွန်းနေနွယ် ပြန်ထွက်သွားတယ် ထင်ပါရဲ့၊ သေတ္တာတော့ ကျိုးပဲ့ချင် ကျိုးပဲ့မှာပေါ့လေ၊ အဝတ်အစားတွေတော့ ပြန်ရနိုင်မှာပါ"

ညှော့ခန်းသို့ ထွက်ခဲ့ကြသည်။

ညှော့ခန်းတွင် လိမ္မော်ရည်ဖျော်ပြီးသား ဖန်ခွက်နှစ်ခွက်ကို လင်ပန်းတစ်ချပ်တွင်ထည့်ပြီး မတ်တတ်ရပ်နေသော အမျိုးသမီးတစ်ဦးနှင့် တိုးတော့သည်။

ထိုအမျိုးသမီးသည် လင့်ပန်းကိုင်လျက်ကပင် ချာခနဲ တစ်ဘက်သို့ လှည့်လိုက်သည်ကို လေးလေးမြင့် သတိထားလိုက်မိသည်။

"ဟဲ့ ... မနန်းစိန်၊ လိမ္မော်ရည် ထွက်ပေးတာလား နေဦး၊ စောစောက အဒေါ်တို့ ထမင်းစားခန်းမှာ စားသောက်နေတုန်းက မနန်းစိန်ကို မတွေ့ပါလား"

"ကျွန်မ မီးဖိုထဲမှာ ရှိပါတယ် အဒေါ်၊ အဒေါ်တို့တူဝရီး ဝင်လာတာလဲ မြင်ပါတယ်၊ ကျွန်မရှက်လို့ ထွက်မလာတာပါ၊ အဒေါ်တူမက ငေးကြည့်ရလောက်အောင် ချောနေတယ် မဟုတ်လား"

ဒေါ်လေးကေသီက လေးလေးမြင့်ကို အဓိပ္ပာယ်ပါပါ ...ည့်ကြည့်လိုက်သည်။ လေးလေးမြင့်ကလည်း သဘောပေါက်ပါ ...၏။ မနန်းစိန်သည် ပါးမှမွေးရာပါ အမှတ်ကြီးကြောင့် သူမဘာသာ ...ပ်ငယ်နေရသည့်အတွက် လှပချောမောသော လေးလေးမြင့်နှင့် ...ျက်နှာချင်းရာမှာပင် ရှက်ခြင်း၊ သိမ်ငယ်ခြင်း ဖြစ်နေမှန်း သိသာ ...ာက်သည်။ ထို့ကြောင့်လည်း ယခု အမှတ်ပါသော ပါးဘက် ...ွယ်သွားစေရန် တစ်ဘက်သို့ လှည့်လိုက်ခြင်း ဖြစ်တော့သည်။

လေးလေးမြင့်က မနန်းစိန်အား ဖော်ရွေစွာပင် ...ုံးကို ဖက်လိုက်၏။

"အားမငယ်စမ်းပါနဲ့ မနန်းစိန်၊ တကယ်တော့ မနန်းစိန် ဟာ မိန်းမလှတစ်ယောက်ပါ၊ သိုးဆောင်းစကားပုံတစ်ခု ရှိတယ် မနန်းစိန်ရဲ့၊ မျက်နှာမှာ ကျောက်ပေါက်မတွေ ရှိနေတာတောင် ကိုယ့်ကိုချစ်တဲ့သူကတော့ ကျောက်ပေါက်မတွေလို့ မမြင်တော့ဘဲ ပါးချိုင့်လေးတွေ ခွက်နေတယ်လို့ထင်ပြီး ချစ်သည်ထက်တောင် ပိုချစ်သေးတယ်တဲ့လေ"

လေးလေးမြင့်၏ နှစ်သိမ့်စကားသည် မနန်းစိန်၏ ...င်တွင်းအညှာကို ကိုင်လိုက်မိပုံရသည်။ မနန်းစိန်၏ မျက်နှာလေး ...ပုဟုတ်ချင်း ဝင်းပလာပြီး ကြည်နူးစွာ ပြုံးဖော်ရလေသည်။

"ဟုတ်ပါ့မလား မလေးလေး၊ အဲဒီ သိုးဆောင်းစကားပုံ အတိုင်း တကယ်ဟုတ်နိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့၊ ဗမာစကားပုံလဲ ရှိသားပဲ မနန်းစိ[န်…] ကိုယ်ထင် ခုတင်ရွှေနန်းတဲ့လေ"

"ဝမ်းသာလိုက်တာ မလေးလေးရယ်၊ တကယ် ဟုတ်ပ[…] မဟုတ်တာ ထားလိုက်ဦး၊ မလေးလေး ဒီလိုအားပေးတာန[…] ကျွန်မ ပျော်သွားပြီ"

မနန်းစိန်က လေးလေးမြင့်အား 'မလေးလေး'ဟု ချက်ချင်း ပြန်ခေါ်ပုံထောက်၍ ဒေါ်လေးကေသီသည် သစ်စခန်းသ[ို့] မိမိမရောက်မီကတည်းက သူ့တူမ လာတော့မည် ဖြစ်ကြော[င်း] မနန်းစိန်ကို ပြောထားဟန်တူသည်။ ဒေါ်လေးကေသီက တူမချေ[ာ] အား 'လေးလေး'ဟုသာ ခေါ်လေ့ ပြောလေ့ ရှိသောကြောင့်ပ[င်] တည်း။

တစ်ဆက်တည်းပင် လေးလေးမြင့်သည် မနန်းစိန်[၏] အကဲခတ်မိပြန်သည်။ မနန်းစိန်တွင် ရင်ထဲမှ ချစ်နှစ်သက်သူရှိ[ပုံ] ပုံရသည်။ သူမ ချစ်ခင်နှစ်သက်နေသူက သူမ၏ ပါးအမှတ်ကြ[ောင့်] ကြောင့် မချစ်ခင် မနှစ်သက်မှာကို အငိုက စိုးရိမ်ပူပန်နေပုံရသည်၊ မနန်းစိန် ချစ်ခင်နေသူသည် ဤသစ်စက်စခန်းထဲမှ တစ်ယော[က်] ယောက်သော အမျိုးသားလည်းဖြစ်ရမည်။ ထို့ကြောင့်သာ ချစ်သ[ူ] နှင့်ဝေးရာသို့ မသွားလို၍ မြို့သာသူတွေ မပတ်သက်ချင်သေ[ာ] ဤသစ်စခန်းအိမ်ကြီး၌ မနန်းစိန် မြဲနေခြင်း ဖြစ်မည်။

"သြော် … ဒါထက် မနန်းစိန်ကို ဒီအိမ်ကြီးမှာ အတူမ[…] ကြတဲ့ အမျိုးသမီးတွေက အကူအညီ မပေးကြဘူးဆို၊ ဒ[ါ] လေးလေးက ဒီနေ့ကစပြီး မနန်းစိန်ကို ကူညီမယ်၊ မနန်းစိ[န်] နဲ့အတူတူ ဝိုင်းလုပ်ပေးမယ်"



မနန်းစိန်သည် ထပ်မံ၍ ကြည်နူးစွာ ရယ်မောပြန်[သ]ည်။ ရယ်မောရုံမက ဘာမပြော ညာမပြောပင် လေးလေးမြင့်၏ [လက]်ကိုပြန်ဖက်ကာ လေးလေးမြင့်၏ ပါးတစ်ဖက်ကို ရွှတ်ခနဲ [မ]ွှေးမွှေးပေးလိုက်သည်။

"မလေးလေးက သိပ်လှတယ်၊ ထမင်းစားခန်းထဲ ဝင်လာ တာကို တွေ့ကတည်းက မလေးလေးရဲ့ ပါးကလေးကို ကျွန်မ မွှေးချင်စိတ် ရှိနေတယ်၊ အခုတစ်ခါ မလေးလေးက အဒေါ်ကေသီလိုပဲ သဘောသိပ်ကောင်းတော့ မနေနိုင်တော့ ဘူး၊ မွှေးပစ်လိုက်ပြီနော်"

ထို့နောက်တော့ မနန်းစိန်သည် သွက်လက်သော [ခ]ြေလှမ်းများဖြင့်ပင် သူမတွင် ညစာအတွက် အလုပ်တွေရှိသေး[သ]ည်ဆိုကာ မီးဖိုဆီသို့ ထွက်ခွာသွားတော့သည်။

"လေးလေးကတော့ စိပဲဟေ့၊ မနန်းစိန်ဟာ ဒီအိမ်ကြီးက လူတွေကို ဖူးမျှော်ရှိဖို့ ဝေးလို့၊ စကားတောင် မျက်နှာချင်း ဆိုင် ပြောလေ့မရှိဘူး။ အခု လေးလေးနဲ့တွေ့တွေ့ချင်း မနန်းစိန် ရယ်လို့ပြုံးလို့၊ ဒေါ်လေးတူမချောက သိပ်တော် တာပဲ၊ တစ်ဘက်သားရဲ့ စိတ်ခံစားနဲ့အထာကို သိပ်သိလွယ် တဲ့ဦးနှောက်ရှိတယ်၊ ဒေါ်လေးနဲ့ အတူတူနေဖို့ ရောက်လာတဲ့ အတွက် ဒေါ်လေး သိပ်ကိုဝမ်းသာတာပဲကွယ်"

"ဒေါ်လေးကေသီဟာ လေးလေး ဦးနှောက်သိပ်ကောင်း တယ် ပြောတာနော်၊ ကိုအောင်မျိုးခိုင်ဆိုရင် လေးလေးဟာ ဦးနှောက်နည်းလွန်းတဲ့ မိန်းမမို့ သစ်စခန်းကို သွားချင်တာ တဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကေသီက ဖျတ်ခနဲပင် လေးလေးမြင့်၏ လက်ချောင်း လက်သူကြွယ်ကို လှမ်းကြည့်လိုက်သည်။ ဆေးစပ်ကြောင်းလမ်းစဉ်က အောင်မျိုးခိုင်က လေးလေးအား ဆေးစပ်အထိမ်းအမှတ်အဖြစ် စိန်လက်စွပ် ပြုလုပ်ဝတ်ဆင်ပေးခဲ့ကြောင်း ဒေါ်ကေသီသိရှိထားပြီးဖြစ်သောကြောင့်ပင်။ ယခု တူမချော လေးလေး၏ လက်ချောင်းတွင် စိန်လက်စွပ် ဗလာဖြစ်နေသည်ကို တွေ့ရတော့သည်။

"မောင်အောင်မျိုးခိုင်နဲ့ လေးလေးတို့ အဆင်မပြေ ဖြစ်လာကြသလား လေးလေး"

"လေးလေးကတော့ အပြတ်လုပ်ခဲ့တာပဲ ဒေါ်လေး"

"မောင်အောင်မျိုးခိုင်က လေးလေးအပေါ်မှာ ကြင်နာမှုမရှိလို့လား"

"တစ်မျိုးပဲ ဒေါ်လေး၊ သူက လေးလေးကို ရွှေလှောင်အိမ်နဲ့ အမွေးခံရတဲ့ ကြက်တူရွေးတစ်ကောင်လို နေစေချင်တဲ့ သဘောပဲ၊ ကောင်းပေ့ ညွန့်ပေ့ အဖိုးတန်ပေ့ ဆိုတာမျိုးတွေ ကျွေးမွေးပေးကမ်းထားပြီး ဘာမဆို သူ့စကား နားထောင်၊ သူ့ဩဇာခံ ဖြစ်စေချင်တယ်၊ ဘယ်ရမလဲ ဒေါ်လေး"

"သူက လေးလေးကို သိပ်ကိုချစ်လွန်းတာမျိုးလဲ ဖြစ်နိုင်သားပဲ လေးလေး"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ခုမြင်ခုတွေ့ခဲ့တဲ့ လူချင်းမှ မဟုတ်တာ၊ ဟို ... ကျောင်းသားဘဝထဲက တွဲခဲ့တာ၊ ဟိုတုန်းကဒီလိုမဟုတ်ဘူး၊ သူ့မိဘလုပ်ငန်းကို ဦးစီးပြီး သူ့စီးပွားရေးအောင်မြင်လာမှ ဒီပုံစံမျိုး ချိုးလာတာ၊ ဘာလုပ်မလဲ



ဒေါ်လေး၊ ကြိုးချည်ခံရတာယ် ဆိုကတည်းက စိန်ကြိုးနဲ့ချည်ချည်၊ ပတ္တမြားကြိုးနဲ့ချည်ချည် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အချုပ်အနှောင် အတားအဆီး ခံရတာပဲ မဟုတ်လား၊ ငွေတွေဘယ်လောက် ချမ်းသာပါစေ၊ ဒီလိုအိမ်ထောင်မျိုးကို လေးလေး မလိုလားဘူး၊ ဒီလိုစိတ်ဓာတ်ရှိတဲ့ ယောကျ်ားမျိုးကို လေးလေး တန်ဖိုးမထားဘူး၊ ဒေါ်လေးကေသီဆိုရင် ဦးလေးဦးသော်က ဘယ်လောက်အလိုလိုက်လဲ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက် အပေးအယူ မျှခဲ့သလဲ၊ လေးလေး လိုချင်တာက ဒေါ်လေးနဲ့ ဦးလေးသော်က အိမ်ထောင်ရေး ပုံစံမျိုး လိုချင်တာ"

"အင်း ... လေးလေးရဲ့ ရင်ထဲနှလုံးထဲကကို မောင်အောင်မျိုးခိုင် အပေါ်မှာ တကယ်တန်း မေတ္တာသက်ဝင်သေးဘူး ဆိုတာလောက်သာ လေးလေး တွက်ပုံရတယ်၊ အဲ ... ဒေါ်လေးနဲ့ ကိုသော်က ဆိုတာကတော့ တစ်ယောက်ကို တစ်ယောက် နှလုံးထဲ အသည်းထဲက ယိုစိမ့်စီးဆင်းလာတဲ့ မေတ္တာမျိုးတွေ အပြန်အလှန် ထားနိုင်တာကိုကွယ့်"

"ပြောတတ်ဘူး ဒေါ်လေး၊ ကိုမျိုးနဲ့ အခုလိုဖြစ်ခဲ့ပြီး မြို့သာသစ်စခန်းကို လေးလေး သဘောနဲ့ ထွက်လာပေမယ့် လေးလေးမှာ ပူဆွေးခြင်း၊ တမ်းတခြင်းနဲ့ နောင်တရခြင်း ဆိုတာတွေ လုံးဝမခံစားရတာတော့ အမှန်ပဲ၊ ကဲပါဒေါ်လေးရာ လေးလေးကိစ္စက နောင်ခါလာ နောင်ချေပဲ၊ အခု လောလောဆယ် ဒေါ်လေးအခြေအနေကို ဆွေးနွေးကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး တူမချောက ဘာတွေများ ဆွေးနွေးချင်ပါလိမ့်"

"ဦးလေးဦးသော်ကကို ဒေါ်လေး ဘယ်လောက်ထိချစ်ခင်တယ်ဆိုတာတွေနဲ့ ဆက်စပ်ပြီး ဆွေးနွေးချင်စိတ် ပေါက်လာတာပါ၊ တကယ်တော့ ဦးလေးဦးသော်ကဟာ ဆုံးသွားခဲ့ပြီ ဒါပေမယ့် ဦးလေးဦးသော်က အပေါ်မှာ သိပ်ချစ်တဲ့ဒေါ်လေးဟာ သေဆုံးသွားတဲ့ ဦးလေးဦးသော်ကရဲ့ သိက္ခာတွေ၊ သမာဓိတွေ အပျက်မခံချင်လို့ ဦးလေးဦးသော်ကရဲ့ လက်ထက်က ကျန်ခဲ့တဲ့ ကြွေးမြီတွေကျေအောင် ဆပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဒေါ်လေးဘာသာ တောကြီးမျက်မည်းတဲမှာ တစ်ယောက်တည်း ကျိတ်ကြိုးစားနေတယ် မဟုတ်လား"

ဒေါ်ကေသီက ငြိမ်သက်စွာပင် တွေတွေငေးငေးနှင့် ကြည့်မိကြည့်ရာသို့ ကြည့်နေလိုက်သည်။ ပြီးမှ ...

"ခြုံကြည့်ရင် အဲဒီအချက်လဲ ပါတယ်ပေါ့ လေးလေး၊ ဒါပေမယ့် အခြားအကြောင်းတွေလဲ ရှိတယ်ပေါ့ လေးလေးရယ်၊ လုပ်ငန်းကြီးတစ်ခုလုံးနဲ့ သစ်စက်ကြီးကို ပွဲလန့်တုန်းဖျာခင်းသလို အချောင်လိုချင်တဲ့ လူတွေကိုလဲ ဒေါ်လေးဆန့်ကျင်ချင်တဲ့ သဘောပါတယ်၊ ကိုသော်က ဆုံးသွားပေမယ့် ဒေါ်လေးမှာ တကယ် စေတနာမှန်ရုံမက လုပ်ငန်းမှာလဲ နဂိုကတည်းက သိပ်ကျွမ်းကျင်တဲ့ မန်နေဂျာ ကိုဒေါင်းရှိနေတော့ ကိုဒေါင်း အားကိုးနဲ့ ဒီလုပ်ငန်းနဲ့ ဒီသစ်စက်ကိုအောက်ဈေးအချောင်နှိုက်သမားတွေကို မရောင်းဘဲ ကိုယ်တိုင်ဆက်လုပ်တာ၊ အဲ ... ကိုဒေါင်း ဖြုန်းခနဲဆုံးသွားတော့



လုပ်ငန်းမှာရော လုပ်ငန်းကိုလုပ်နေတဲ့ လူတွေရော ပြဿနာတစ်မျိုးပြီးတစ်မျိုး တွေ့ရတယ်၊ ဒေါ်လေး လက်လျှော့ပြီး ရတဲ့ဈေးနဲ့ ရောင်းချထွက်ပြေးဖို့အထိ စိတ်ဓာတ်ကျသွားရသေးတယ်၊ ဒါကြောင့် ဝတ်လုံဦးမြတ်မင်းကို ခေါ်ပြီးဆွေးနွေးတာ"

"အန်ကယ်ဦးမြတ်မင်းကလဲ ရောင်းချပြီး ဒေါ်လေး ရန်ကုန်ပြန်ဖို့ကိုပဲ တိုက်တွန်းတယ် မဟုတ်လား ဒေါ်လေး"

"တိုက်တွန်းပါတယ်၊ ဒါပေမယ့် ဒေါ်လေးမှာ ချီတုံချတုံဝေခွဲမရဘူးလေ၊ အခြေအနေ ပြန်ကောင်းနိုး စောင့်ချင်တဲ့စိတ်က ပိုများနေတယ်၊ အဲဒီလို ဇဝေဇဝါ အချိန်မှာပဲ မောင်ထွန်းနေနွယ် ရောက်လာပြီး မန်နေဂျာ ဝင်လုပ်ပေးတယ်လေ"

"ရောက်လာပြီး ဝင်လုပ်တယ် ဟုတ်လား၊ ဒေါ်လေးပြောပုံကတစ်မျိုးကြီးနော်၊ ဒေါ်လေးမှာ အခက်အခဲတွေ ပြဿနာတွေ ရှိနေမှန်း ကိုထွန်းနေနွယ်က သိသွားပြီး တမင်တကာလုပ်ပေးတဲ့ အဓိပ္ပာယ်မျိုး ကောက်ရမလို ဖြစ်နေပြီ"

ဒေါ်လေးကေသီက ပြုံးလိုက်သည်။ လေးလေးမြင့်က ...ွန်းနေနွယ် အပေါ် ထင်မြင်ချက်ပေးသည်ကို ခေါင်းမညိတ် ...ခေါင်းမခါရုံမက အင်းမလုပ် အဲမလုပ်ပင် နေလိုက်သည်။ လေးလေး ...က ထွန်းနေနွယ် ဤသစ်စခန်းကို ဘယ်ပုံဘယ်နည်းဖြင့် အဘယ် ...ကြောင့် ရောက်လာသည်ကို ဆက်၍မေးချင်သည်။ သို့တစေ ...ပတွေ့စ သူစိမ်းယောက်ျားတစ်ဦး၏ အကြောင်းကို ဆန္ဒပြင်းပြစွာ ...မေးမြန်းခြင်းအားဖြင့် ဒေါ်လေးကေသီက သူ့တူမချောသည်

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေနွယ်အပေါ် စိတ်ဝင်စားမှု မြန်ဆန်လွန်းသည်ဟူ၍ အထင်သေးမည်ကိုလည်း စိုးရိမ်မိသည်။

"မောင်ထွန်းနေနွယ် ရောက်လာပြီး မန်နေဂျာတာဝန် ဝင်လုပ်လိုက်တော့ အခြေအနေတွေဟာ ပြန်ပြီးမှန်တန်းဘက်ကို ပြန်ရောက်လာတယ်၊ မောင်ထွန်းနေနွယ်က အကိုင်အတွယ် တော်တယ်လေ၊ အဲ ... ဒီတစ်ခါထပ်ပြီး ဒေါ်လေးရဲ့မန်နေဂျာ မောင်ထွန်းနေနွယ် ထပ်ပြီး တစ်ခုခု ဖြစ်သွားဦးမယ်ဆိုရင်တော့ ဒီလုပ်ငန်းနဲ့ ဒီသစ်စက်ကြီးကို ဒေါ်လေး လက်လျှော့ပြီ"

"သူက ဘာဖြစ်နိုင်မှာမို့လဲ ဒေါ်လေး"

"သူက ဘာ့ဖြစ်နိုင်မှာလဲ ဆိုတာက မန်နေဂျာဟောင်းကိုဒေါင်း ဘာဖြစ်သွားခဲ့သလဲ ဆိုတာနဲ့ ဆက်စပ်နေတယ် လေးလေးရဲ့၊ တိုတိုပြောရရင် အမှတ်မထင် ကိုဒေါင်းသေဆုံးသွားသလို မောင်ထွန်းနေနွယ် မတော်တဆ သေဆုံးသွားမှာ စိုးရိမ်နေတယ်"

"ဒါဆို ဒေါ်လေး ဒီလိုအခြေအနေဆိုးတွေ ဖြစ်လာအောင် တစ်ယောက်ယောက်က ဖန်တီးနေတာမျိုးလား"

"အဲဒီလို ထင်စရာပဲလေ"

"ဒေါ်လေးမသင်္ကာတဲ့လူကော မရှိဘူးလား"

ဒေါ်လေးကေသီက ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက်သေးသည်။ ပြီးမှ တိုးတိုးလေး ပြောလိုက်သည်။

"သက်သေအထောက်ထားတော့ မရှိဘူးပေါ့လေ၊ ဒေါ်လေး ထင်နေတာက ဒီပြဿနာဆိုးတွေကို ဖန်တီးနေတဲ့သူဟာ



'မောင်ဘခက်'လို့ ထင်နေမိတယ်"

"ကိုဘခက်ကို ထင်စရာကောင်းလောက်တဲ့ အချက်အလက်တွေကကော"

"အင်း ... ပြောရမှာတောင် ခပ်ခက်ခက်ပဲ၊ ဒီအိမ်ကြီးထဲမှာ နေကြပြီး သူ့အပိုင်းနဲ့သူ တာဝန်ခံအဖြစ် လာလုပ်နေတဲ့ လူတွေဟာ ဒေါ်လေးပေးကမ်းနေတဲ့ လစာငွေကိုမက်မောလို့ လာလုပ်နေကြတာပဲ၊ တကယ်လို့သာ ငွေပေါတဲ့လူဆိုရင် ဒီလောက်ခေါင်တဲ့ သစ်စခန်းမှာ ဘယ်သူလာလုပ်ချင်ကြမလဲ၊ အဲ ... မောင်ဘခက်ကျတော့ တစ်မျိုးပဲ၊ မောင်ဘခက်မှာ ကိုယ်ပိုင်ငွေတွေ တော်တော်များများ ရှိမှာပဲ၊ ပျဉ်းမနားတစ်ခေါက်တက်သွားလို့ အပြန်ကျရင် ဝယ်လာတဲ့အသုံးအဆောင်ပစ္စည်း၊ အကျီအဝတ်အစားဆိုရင် အဖိုးတန်မှတန်၊ ကောင်းမှကောင်း၊ နိုင်ငံခြားဖြစ် ဈေးကြီးပစ္စည်းတွေချည်းပဲ"

"သူက လူပျိုလူလွတ်နော် ဒေါ်လေး"

"အင်း ... အဲဒီလိုထင်ရတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီသစ်ခနန်းကို သူတစ်ယောက်တည်း လာနေတာကိုး၊ မောင်ကြိုင်း၊ မောင်ကျော်ဝင်းမောင်တို့က သူတို့ဇနီးတွေ ခေါ်လာကြတယ်လေ၊ မောင်ဘခက်မှာ ဇနီးမရှိလို့ ခေါ်မလာတာဆိုတဲ့ တွက်နည်းနဲ့တွက်ရင် သူဟာ လူပျိုလူလွတ်ဖြစ်နိုင်စရာ ရှိတာပေါ့၊ ဒါပေမယ့် မောင်ဘခက်က လူပျိုလူလွတ်ဆိုတောင် မိန်းမကြီစွတော့ ရှုပ်တယ်"

လေးလေးမြင့်က သစ်ပင်လဲကျစဉ် ကိုဘခက်၊ ကိုယ်လွတ်ရုန်း ထွက်ပြေးသည့်ကိစ္စကို ဝေဖန်ပြောဆိုမည်ပြုစဉ်

www.burmeseclassic.com

www.burmeseclassic.com



မှာပင် အိမ်ထဲသို့ လူတစ်ယောက် ဝင်လာသောကြောင့် ဆက်မပြောဖြစ်လိုက်တော့ပေ။

"ဟောဒီက အန်တီ့တူမရဲ့ အဝတ်သေတ္တာနဲ့ခြင်းတွေ လက်ဆွဲအိတ်တွေ ယူလာပေးတာ အန်တီ"

"ဟယ် ... သစ်ပင်ပိတာတောင် ဘာမှမပျက်စီးဘူးလား"

"မပျက်စီးပါဘူးခင်ဗျ။ အပိခံရတဲ့အချိန်မှာ မြင်းလှည်းဟာ တုံးလုံးလဲသွားပါတယ်၊ ဒါကြောင့် အထဲကဒီပစ္စည်းတွေ ဘေးထွက်ကျပြီး သစ်ပင်ပိတဲ့ဒဏ်က လွတ်သွားပါတယ်၊ အဲ ... ဒီပစ္စည်းတွေ ကျွန်တော် ဘယ်နားမှာ ထားပေးခဲ့ရမလဲခင်ဗျ"

ဒေါ်ကေသီကပင် ခေါင်းဆောင်ပြသည်။

"လာ ... လာ ရဲမြင့်နောင်၊ လေးလေး အခန်းထဲအထိ ယူသွားပေးပါကွယ်"

ဒေါ်ကေသီကရှေ့၊ ရဲမြင့်နောင် ဆိုသူက အလယ်၊ လေးလေးမြင့်က နောက်ဆုံး၊ အခန်းဆီသို့ သွားကြသည်။ ပစ္စည်းတွေ အခန်းကြမ်းပြင်၌ ချပြီးနောက် ...

"အဲဒါ ... ရဲမြင့်နောင်တဲ့ လေးလေး၊ လုပ်ငန်းမှာ ကိုဘခက်တို့၊ ကိုကြိုင်းမောင်တို့လို ရဲမြင့်နောင်ကလဲ တာဝန်ခံတစ်ယောက်ပဲ၊ သူက တာဝန်ခံထဲမှာတော့ အသက်အငယ်ဆုံး လေးလေ၊ တစ်ယောက်တည်းသမားပေါ့၊ ဟောဒါကတော့ အန်တီ့ရဲ့တူမ ..."

"မလေးလေးမြင့် မဟုတ်လား အန်တီ၊ ရန်ကုန်တက္ကသိုလ်မှာ နောက်ဆုံးနှစ် ဖြေပြီးလို့ အန်တီ့ကို အဖော်ရအောင်ဆိုတဲ့



ဆေးတ်နားခဲ့ အင်မတန် ငြိမ်းအေး ရာကောင်းတဲ့ သစ်စခန်းကို လာခဲ့တာလေ ..."

"အမယ် ... ငါ့တူက လေးလေးအကြောင်းတွေ အတော်ကြီး သိနေပါလားကွယ်"

"ဟုတ်ကဲ့ခင်ဗျ ... မလေးလေးမြင့် သစ်စခန်းကို လာမယ်လို့အကြောင်းကြားကတည်းက အန်တီက အဲဒီအကြောင်း မနန်းစိန်ကို ပြောပြခဲ့တယ် မဟုတ်လား၊ မနန်းစိန်က ကျွန်တော့်ကို ပြန်ပြောလို့ တင်ကြိုသိထားပါတယ် အန်တီ"

ထို့နောက် ရဲမြင့်နောင်နှင့် မလေးလေးမြင့်တို့ အပြုံးပလှယ်ကြသည်။ ထုံးစံအတိုင်း တွေ့ရတာ ဝမ်းသာပါတယ်ဆိုသည့် စကားမျိုး အပြန်အလှန် ပြောကြသည်။

ရဲမြင့်နောင်၏ အသက်သည် မိမိထက် လေးငါးနှစ်ခန့် ပိုကြီးမည်ဟု ခန့်မှန်းသည်။ ရဲမြင့်နောင်၏ အသက်သည် အလွန်ဆုံးရှိလျှင် နှစ်ဆယ့်လေးနှစ် နှစ်ဆယ့်ငါးခန့်သာ။ လူပုံက သွယ်သွယ်လျှလျှနှင့် လူချောလူလှလေး ဖြစ်သည်။ ကိုဘခက်တို့၊ ကိုထွန်းနေဦးတို့နှင့်စာလျှင် ရဲမြင့်နောင်သည် ကြံ့ခိုင်တောင့်တင်းမှု လျော့နည်းပြီး နွဲ့နှောင်းနေပေသည်။

"မလေးလေးမြင့်လို အသက်ငယ်ငယ် ရုပ်ချောချော ပညာတတ်အမျိုးသမီးတစ်ဦးက သစ်စခန်းလို ကြမ်းတမ်းပြီး ငြိမ်းအေးရာ နေရာမျိုးမှာ ဘယ်လောက်ကြာကြာ နေနိုင်မလဲ လိမ့်မလဲလို့ ကျွန်တော် စဉ်းစားနေမိတယ် ခင်ဗျ"

"ဒါတော့ကွယ်၊ လေးလေးက ပျော်သရွေ့ နေမှာပေါ့"

"ဟာ ... ဒါဆိုရင်တော့ မလေးလေးမြင့် အမြဲပျော်ရွှင်နေ

www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိနေပြီ၊ ဒါမှ အန်တီ့အတွက် အချိန်အကြာကြီး အဖော်ရနေမှာ မဟုတ်လား"

"ရပါတယ် ကိုရဲမြင့်နောင်၊ ကျွန်မလာကတည်းက ဒေါ်လေးကေသီအထွက်ဆိုပြီး အရာရာစွန့်လွှတ်လာခဲ့တာပါ၊ အဲ ... ကျွန်မကို ပျော်ရွှင်စေရမယ်ဆိုတဲ့ ကိုရဲမြင့်နောင်ရဲ့ စေတနာကို ကျွန်မ လေးစားပြီး ကျေးဇူးတင်ပါသတဲ့ရှင်"

"အာ ... ယို ... ယို ..."

ရဲမြင့်နောင်က သူ့နဖူးကို သူ့လက်ဝါးနှင့်ရိုက်ပြီး အာယိုယိုဟု အာမေဍိတ်လိုက်ပြီး သူ့ဟာသူပင် သဘောကျစွာ ရယ်မောလိုက်သည်။

"ကျွန်တော်မှားသွားပါတယ် မလေးလေးမြင့်၊ ကျွန်တော်က အန်တီ့အပေါ် စေတနာပိုပြီး လွှတ်ခနဲ ပြောလိုက်မိတာပါ၊ တကယ်တော့ အန်တီနဲ့ မလေးလေးမြင့်က တူဝရီးခေါက်ခေါက်ဆိုတော့ အန်တီ့အပေါ်မှာ စေတနာပိုစရာရှိရင် မလေးလေးမြင့်ကသာ ကျွန်တော့်ထက် ပိုမှာမုချပေါ့၊ ကျွန်တော်က သူစိမ်းပဲ"

"ဩော်ကွယ်၊ ရဲမြင့်နောင်ကလဲ အန်တီရဲ့ တူလို သားလိုပဲဟာ၊ အတူတူပဲပေါ့ကွယ်"

"တူလိုသားလို သဘောထားတဲ့ အန်တီ့ကို ကျွန်တော်ကျေးဇူးတင်ပါတယ်၊ ကဲ ... ကျွန်တော် သွားပါဦးမယ် မလေးလေးမြင့်၊ အားလပ်တဲ့အ ချိန်တွေမှာ တွေ့ကြသေးတာပေါ့ ခင်ဗျာ"



လေးလေးမြင့်က ယဉ်ကျေးစွာဖြင့် ဦးခေါင်းညိတ်ပြသည်။ ပါးချိုင့်လေး ခွက်ရုံလေး ပြုံးပြသည်။

ရဲမြင့်နောင် ထွက်ခွာသွားပါ၏။

"ကောင်လေး ရှက်သွားတယ် ထင်ပါရဲ့၊ သူက ဒေါ်လေးအပေါ်မှာ စေတနာပိုပြီး ပြောမိလိုက်ရှာတာပါ"

"ဟုတ်တယ်နော်၊ လေးလေးလဲ စကားပြောလောသွားတယ်၊ နောက်တစ်ခါ ထပ်ဆုံကြရင် လေးလေး တောင်းပန်လိုက်ပါ့မယ်။ သူက ဒေါ်လေးကိုတော့ တော်တော်လေး ခင်မင်ပုံရတယ်၊ ကရုဏာထားပုံလဲ ရတယ်နော်"

"သူပြောဖူးတယ်၊ သူ့ဘဝမှာ အမေအမေဆိုတာ မရှိတော့ပါဘူးတဲ့။ သူငယ်စဉ်လေးကတည်းက ဆုံးပါးသွားကြသတဲ့၊ အခု ဒေါ်လေးဆီမှာလာပြီး နေ့ထိုင်အလုပ်လုပ်ရင်းနဲ့ပဲ ဒေါ်လေးကို သူ့မိခင်ကိုယ်စား မှတ်ယူနေမိသလားတောင် ထင်မိတယ်တဲ့ ..."

"သူက အဲဒီလောက်တောင် ပြောသလား ဒေါ်လေး"

"အင်းကွယ့် ... ဘာလဲ လေးလေးက ဒီကောင်လေး စားကောင်းသောက်ကောင်းဖြစ်အောင် အချွဲပိုနေတယ်လို့ ပြောမလို့လား"

နှစ်ဦးသား ရယ်မောကြသည်။ အဒေါ်နှင့်တူမ တစ်ဦးခါးကို တစ်ဦးဖက်ကာ အပြင်ဧည့်ခန်းသို့ ပြန်ထွက်လာကြသည်။ ဒေါ်လေးကေသီက တူမချောကို ဖက်တွဲရင်း သူမ၏ ရဲမြင့်နောင်အပေါ် ခံယူထားချက်လေးကို ဖြည့်စွက်ပြောလိုက်သေး၏။

"တချို့လူငယ်လေးတွေဟာ မေတ္တာငတ်နေတတ်ကြတယ်

www.burmeseclassic.com

www.burmeseclassic.com



လေးလေး၊ ဥပမာ ဘဝတစ်လျှောက်လုံး ကျောင်းနေစဉ်ကတည်းက ချို့ချို့တဲ့တဲ့ ဖြစ်လာခဲ့တယ်၊ မိဘကအကြောင်းအမျိုးမျိုး ရှိကြမယ်ပေါ့ကွယ်၊ တချို့မိဘကျတော့ အသေစောသွားလို့ သားဖြစ်စေ၊ သမီးဖြစ်စေက မိဘကိုဝအောင်မချစ်လိုက်ရတာမျိုး၊ တချို့မိဘကျတော့လည်း သားသမီးကိုဝတ်ကျေတန်းကျနဲ့ တာဝန်ကျေပြီးရောဆိုပြီး အယုအယအကြင်အနာမျိုး မရှိဘဲ ကြီးပြင်းလာတာမျိုးလေ၊ အဲဒီလိုသားသမီးကျတော့ မိဘမေတ္တာ ငတ်နေရှာပြီး ယုယကြင်နာတတ်တဲ့ မိဘအရွယ်တွေကို တကယ်ပဲ ကိုယ့်မိခင်ဖခင်လိုသူတို့နှလုံးသားထဲက မေတ္တာအစားထိုးတာမျိုးတွေ ရှိတာတတ်တယ် လေးလေး"

လေးလေးမြင့် ခေါင်းညိတ်ဝန်ခံရသည်။ သူမကိုယ်တိုင် မိဘမေတ္တာငတ်နေခဲ့သူမို့ ဒေါ်လေးကေသီအား မိဘသဖွယ်ချစ်ခင်ကာ စွဲစပ်ထားသော ကိုမျိုးကိုပင် အပြတ်ကောပြီး သစ်စခန်းသို့ ရောက်လာသည်နှင့် ကိုယ်ချင်းစာနိုင်လောက်ပေသည်။

"ကိုရဲမြင့်နောင်က သူ့ဘဝအကြောင်းတွေ ဒေါ်လေးကိုပြောပြသလား၊ ဒီသစ်စခန်းမှာရှိတဲ့ တခြားလူတွေကကော သူတို့ဘဝအကြောင်းကို ဒီလိုပဲ ဒေါ်လေးကို ပြောပြကြသလားဟင် ..."

လေးလေးမြင့်က ကိုထွန်းနေနွယ်၏ အကြောင်းကိုမေးရန်အတွက် စကားဆက်လိုက်ခြင်းဖြစ်သည်။ မြွေပွေးတစ်ကောင်နှင့်တူပြီး ထောင်မှထွက်လာခဲ့သည်ဆိုသော ကိုထွန်းနေနွယ်၏အကြောင်းတွေကို ဒေါ်လေးကိုယ်တိုင် သိထားပြီးလေပြီလား။



ဒေါ်လေး မသိသေးလျှင် လေးလေးမြင့်က ဒေါ်လေးအား ကိုထွန်းနေနွယ် ထောင်ထွက်တစ်ဦးဖြစ်ကြောင်း ဖွင့်ပြောသင့်လေသလား။

"တခြားလူတွေကတော့ သူတို့အလုပ် သူတို့တာဝန်ကျေအောင် လုပ်တာကလွဲပြီး သူတို့ရဲ့အကြောင်းတွေ ဒေါ်လေးကို မပြောကြပါဘူးကွယ်၊ တကယ်တော့လဲ သူတို့ဘဝမှာဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ဒေါ်လေးနဲ့မဆိုင်ဘူးလေ၊ အရေးကြီးတာက ဒေါ်လေးရဲ့အလုပ်ကို တာဝန်ကျေကျေ ဖိဖိစီးစီးလုပ်ရင် ပြီးတာပဲ မဟုတ်လား"

လေးလေးမြင့်သည် ထွန်းနေနွယ် ထောင်ထွက်တစ်ဦးဖြစ်ကြောင်း ဆက်မပြောတော့ဟု ဆုံးဖြတ်လိုက်သည်။ ဆက်ပြော၍ ထွန်းနေနွယ် ထောင်ထွက်မှန်း သိသွားလျှင် နှလုံးရောဂါသမား ဒေါ်လေးပင် စိတ်ဆင်းရဲရဦးမည်။ မိမိကိုယ်တိုင်လည်း ဒေါ်လေးကေသီ၏ အနီးတွင်ရှိနေပြီမို့ အရာရာတွင် ဒေါ်လေးကို ဂရုတစိုက် အကာအကွယ် ပေးနိုင်မည်ဟုပင် စိတ်ပိုင်းဖြစ်လိုက်လေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



(၅)

လေးလေးမြင့် ရေချိုးသည်။ သနပ်ခါးရေကျဲလေး လိမ်းသည်။ လိမ်းသည်မှာ လက်တွေ၊ ခြေသလုံး၊ ခြေဖမိုးလေးတွေ မကျန် လိမ်းသည်။ နဂိုကတည်းက လေးလေးမြင့်သည် သနပ်ခါးကို ကြိုက်သည်။

ပြုပြင်ထားခြင်းမရှိသည့် မျက်ခုံးထူထူလေးထဲ ဝင်နေသော သနပ်ခါးတွေကို သွားပွတ်တံနှင့် ခြစ်ထုတ်သောအခါ စင်ရော်တောင်ပံနက်လေးတွေ ထင်းခနဲပေါ်လာသည်။

ဆံပင်ကို တစ်ပတ်လျှိုနောက်တွဲထုံးပြီး စွန်းထွက်နေသည့် ဆံပင်တို့ကို မြင်းမြီးဖားလျားပင် နောက်ကျော၌ ထားလိုက်သည်။

တစ်ပတ်ရစ်ဖြစ်သော်လည်း သန့်စင်လျှော်ဖွတ် မီးပူတိုက်ထားသော ဘလောက်စ်အဝါလေးဝတ်သည်။ ထဘီကလည်း တက်ထရွန်တစ်ပတ်ရစ် အဝါရောင်ပင်ဝတ်သည်။ သနပ်ခါးဖက်



...ကထားသော ဖြူဖြူဝင်းအသားနှင့် အဝါရောင်သည် လိုက်ဖက် ...ှာသည်။ နဂိုရှိသူမို့ နဂိုင်းတွေထွက်လှသည်ဟု ဆိုချင်ဆိုနိုင်ပါ၏။ ...ရေချိုးပြီးစ လေးလေးမြင့်သည် နဖူးလာန်းဆန်းပြီး လှချင်တိုင်း ...ှနေပေတော့သည်။

အပြင်ဧည့်ခန်းသို့ လေးလေးမြင့် ထွက်ခဲ့သည်။

"သြော် ... သူရောက်နေသကိုး" ဟု မြင်လျှင်မြင်ချင်း ...လေးလေးမြင့် ရင်ထဲမှ အသံမထွက် ပြောလိုက်မိသည်။

ဧည့်ခန်းထဲတွင် ထွန်းနေနွယ် ရောက်နေသည်။ ...ါလေးကေသီနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ စကားတွေပြောနေ ...သည်။

လေးလေးမြင့် ဧည့်ခန်းထဲဝင်လာသည်ကို သူမြင် ...၏။ လေးလေးမြင့်ကလည်း ခြေလှမ်းလာရင်း သူ့ကိုပင် ...ကြည့်လိုက်မိသည်။ အကြည့်ချင်း ဆုံပါလျက်ပင် သူကအပြုံးလေး ...ဟောက်နိုင်ပင် မှုတ်မဆောက်။ ဒေါ်လေးကေသီနှင့် ပြောလက်စစကား ...ကိပြောသည်။ သူမထံမှ မျက်နှာလွှဲသွားသည်။ လေးလေးမြင့် ...တွင် မခံချင်ဖြစ်မိသော်လည်း ဧည့်ခန်းမှာပင် ဝင်ထိုင်လိုက် ...သည်။

"ဒီမိုးအကုန်လောက်မှာ သဘော်မှတ်ထားတဲ့သစ်တွေ ခုတ်လို့ ပြီးပါ့မလား ခေါင်ထွန်းနေနွယ်"

"ပြီးနိုင်လောက်ပါတယ်"

"ခုတ်ပြီးသမျှတွေကော၊ သစ်စက်က ခွဲနိုင်မှာပါနော်"

"ခုတ်ပြီးတဲ့အထိရော၊ ခွဲပြီးတဲ့အထိရော နောက်ပြီးခွဲသား တွေကို သယ်ယူပို့ဆောင်နိုင်ဖို့ရော ကျွန်တော် သူ့ကတ္တာ

www.burmeseclassic.com

www.burmeseclassic.com



အလိုက် အစီအစဉ်ချတာယ်၊ လောဆော်တယ် နိုင်နိုင်နင်း
ဖြစ်သွားမယ်လို့တော့ တွက်ကိန်းချထားတာပဲ"

"အလုပ်သမားတွေကကော သူတို့အပေါ်မှာ အခု မောင်ဗျ
နေနွယ် ရောက်လာပြီး ဒီလောက်ကြာတဲ့အထိ ဘယ်လိုမြ
သလဲ"

"ခြုံကြည့်ရင်ပေါ့လေ၊ အလုပ်သမားတွေဟာ လူရိုးလူအော
တွေပါ၊ ဒါပေမယ့် အလုပ်ခွင်ထဲမှာပဲ ကတ်သီးကတ်ဖဲ့
လေးတွေ မကြာခဏ တွေ့ရတယ်၊ တစ်ယောက်ယောက်
ရိုးသားတဲ့ အလုပ်သမားတွေကို သွေးထိုးပေးနေသလား
မသင်္ကာစရာလေးတွေ ကျွန်တော် တွေ့ရတယ်"

"ပထမ မန်နေဂျာ ကိုဒေါင်းကလဲ ပြောဖူးပါတယ် မေ
ထွန်းနေနွယ်၊ သူ့အလုပ်သမားတွေဟာ တခြား ဘယ်အလု
သမားနဲ့ယှဉ်ယှဉ် ပိုတော်တယ်၊ ပိုကောင်းတယ်တဲ့၊ သူမင
ခင် သူ့လက်ထက်တုန်းကတော့ အလုပ်သမားပြဿနာ
တာ လုံးဝမရှိခဲ့ဘူးကွယ့်"

ထွန်းနေနွယ်က ဝင်သက်ကို အားရပါးရ ရှူလို
သည်။ ထို့ကြောင့် သူ၏ရင်မှာ မို့မောက်လာပြီး စပို့ရှပ်အောက်
ရင်အုပ်သား အဝန်းအဝိုင်းကြီးများ ပေါ်လာသည်။

"မှန်တယ် ဒေါ်ကေသီ၊ ကျွန်တော်က တပ်ဗျက်မှုဖိုလ်လု
ရသလို ဖြစ်နေတယ်၊ မီးလောင်ထားတဲ့ရွာမှာ သူကြီး
လုပ်ရသလို ဖြစ်နေတယ်၊ အလုပ်သမား တော်တော်များမျ
ဟာ မန်နေဂျာ ကိုဒေါင်း သေသွားတဲ့အတွက်ကြောင့်
မကျေနပ်တဲ့လေသံမျိုးတွေ ထွက်နေတယ်၊ မြောက်ပြီး



တို့မျှော်လင့်ထားတဲ့ မန်နေဂျာသစ်ဟာ ဘွားခနဲရောက်လာ
တဲ့ ကျွန်တော့်ကို မမျှော်လင့်ထားကြဘူး၊ ဒေါ်ကေသီရဲ့
ပထမတာဝန်ခံတွေထဲကပဲ တစ်ဦးဦးကို ဒေါ်ကေသီက
မန်နေဂျာ ပြန်ခန့်မယ်လို့ ထင်နေကြတယ်၊ အဲဒီကိစ္စမှာတော့
အလုပ်သမားတွေသာ မကဘူး၊ အခုလက်ရှိ တာဝန်ခံတွေ
ကိုယ်တိုင်ကပဲ သူတို့ထဲက တစ်ယောက်ယောက်ကိုသာ
မန်နေဂျာခန့်မှာလို့ ထင်နေကြတာ၊ အထူးသဖြင့် ကိုဘခက်
ကိုပေါ့လေ"

"အဲဒီကိစ္စအတွက် အန်တီ အများကြီး စဉ်းစားသေးတာ
ပေါ့ကွယ်၊ မောင်ဘခက်၊ မောင်ကြိုင်းမောင်၊ မောင်ကျော်ဝင်း
မောင်နဲ့ မောင်ရဲမြင့်နောင် တစ်ယောက်ယောက်ကိုပေါ့လေ၊
စဉ်းစားတဲ့အထဲမှာ အိမ်ထောင်သည်ဖြစ်တဲ့ မောင်ကြိုင်း
မောင်နဲ့ မောင်ကျော်ဝင်းမောင်ကိုတော့ အလိုလို ဖယ်ထား
လိုက်တယ်၊ ဘာလို့လဲဆိုတော့ မန်နေဂျာရဲ့တာဝန်က
ဒီသစ်စခန်းမှာကို အမြဲနေရမယ့်လူ ဖြစ်ရမယ်မဟုတ်လား၊
သူတို့ရဲ့ဇနီးဖြစ်တဲ့ ရီရီဝင်းနဲ့ စိုးသူဇာလို မိန်းကလေးမျိုးက
ဒီလိုသစ်ခနန်းမှာ အမြဲတစေ ဘယ်နေကြလိမ့်မလဲ၊ ဒီတော့
မောင်ဘခက်ကို စဉ်းစားတယ်၊ ဘယ်လိုမှ အန်တီဘဝင်
မကျဘူး၊ မန်နေဂျာ မဖြစ်သင့်ဘူးဆိုတဲ့အချက်တွေ အန်တီ
ခေါင်းထဲ ဝင်လာတယ်၊ အဲ ... မောင်ရဲမြင့်နောင်ကလေးက
တော့ မဆိုးပါဘူး၊ ဒါပေမယ့် မလွယ်ဘူးလေ၊ အသက်
ငယ်တယ်၊ သူတို့ တာဝန်ခံအချင်းချင်းကလဲ ရှာမြက်နွား
မစားဆိုတဲ့စိတ်မျိုး ထားတယ်၊ အဲဒီလို အကျဉ်းအကျပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းနေနွယ်က အန်တီတို့ရဲ့ သံယောဇဉ်ပိုင်းထဲရောက် လာလို့ အခုပဲ ဖြစ်သွားတယ်လေ”

ထိုစကားဝိုင်းတွင် လေးလေးမြင့်က အချက်နှစ်ချက် ကို သတိထားလိုက်သည်။ ဒေါ်လေးကေသီက သူ့ကိုယ်သူအန်တီ ဟု နာမ်စားဖြင့် ပြောသော်လည်း ထွန်းနေနွယ်က ဒေါ်ကေသီဟု သာ ခေါ်သောအချက်။

ဒုတိယအချက်မှာ ဒေါ်လေးကေသီ၏ စကားထဲတွင် မောင်ထွန်းနေနွယ်က အန်တီတို့ရဲ့ သံယောဇဉ်နဲ့ ရောက်လာတယ် ဆိုသောအချက်။

ကိုထွန်းနေနွယ်လို ထောင်ထွက်တစ်ဦးသည် အဘယ် သို့သော ဘယ်လိုပတ်သက်သော သံယောဇဉ်ဖြင့် ဒေါ်လေးကေသီ ထံ ရောက်လာပေသနည်းဟု လေးလေးမြင့် တွေးလာစရာ ဖြစ် ပြန်သည်။ ပြီး ... ဒေါ်လေးကေသီက ကိုထွန်းနေနွယ်အပေါ်တွင် ပျူငှာဖော်ရွေပုံကလေးတွေ ရှိနေစေကာမူ ကိုထွန်းနေနွယ်က ဒေါ်လေးကေသီ အပေါ်တွင် ခပ်တည်တည်၊ ခပ်တန်းတန်း ဆက်ဆံသည့် ပုံစံတွေ လေးလေးမြင့် မြင်နေရသည်။ ဒေါ်လေး ကေသီဘက်မှ မခံချင်စိတ်လေးများ လေးလေးမြင့် ရင်ထဲတွင် ခံစားရပါ၏။

“ကျွန်တော် မန်နေဂျာကိုဒေါင်း သေဆုံးရပုံကို အသေးစိတ် သိခွင့်ရှိမလား ဒေါ်ကေသီ၊ ကျွန်တော် သိခဲ့သလောက်က ကိုဒေါင်းဟာ သူ့ဝါသနာအတိုင်း အမဲလိုက်ရင်း တခြားအမဲ လိုက်တစ်ဦးဦးဆီက သေနတ်ကျည်ဆန် မတော်တဆလွဲ မှန်ပြီး သေသွားရတယ်ဆိုတာလောက်သာ သိထားတယ်”



“မောင်ထွန်းနေနွယ် အနေနဲ့ မန်နေဂျာကိုဒေါင်း သေသွား ရပုံကို အသေးစိတ်သိဖို့ လိုအပ်နေလို့လား မောင်ထွန်းနေ နွယ်”

“လိုအပ်တယ် ထင်တာပဲ၊ အခုလက်ရှိ သစ်စခန်းမှာ ဖြစ် နေတဲ့ ပြဿနာတွေဟာ မန်နေဂျာကိုဒေါင်း သေဆုံးသွားမှုနဲ့ ဆက်နွယ်နေတယ်လို့ ကျွန်တော် တွေးလာမိတာတွေရှိနေ တယ် ဒေါ်ကေသီ”

ဒေါ်ကေသီက ပြန်မဖြေသေးမီ ဆေးလိပ်ကို ဖွာလိုက်သည်။ သေနတ်တွေ စီထားရာစင်ကို နောက်ဆုံးကြည့် ဆက်ပြောသည်။

“ဒီတစ်ဝိုက်က တောတွေထဲမှာ အမဲလိုက်တဲ့လူတွေက တစ်ပုံတစ်ပင်ကြီးပေါ့ကွယ်၊ နွေဘက်မှာဆိုရင် လမ်းပန်း ကောင်းတော့ ပျဉ်းမနား၊ တောင်ငူ စတဲ့မြို့တွေက လူတွေ ရော၊ တချို့ ရန်ကုန်ကတောင်လာပြီး အမဲလိုက်ကြတယ်၊ အဲဒီ ပြီးခဲ့တဲ့ နွေနဲ့ဆောင်းအကူးလေးမှာ အမဲလိုက်အဖွဲ့တွေ တောထဲမှာ ဟိုတစ်သိုက်၊ ဒီတစ်သိုက် ရှိနေတုန်းမှာပဲ ကိုဒေါင်းကလဲ အမဲလိုက်တယ်၊ အဲဒီမှာ အမဲလိုက်ရင်း ကိုဒေါင်းရဲ့ခေါင်းကို ဘယ်ကလာတဲ့ ကျည်ဆန်မှန်းမသိဘူး ဝင်မှန်ပြီး ကိုဒေါင်း ပွဲချင်းပြီး သေသွားတာပဲ”

“ဘယ်အမဲလိုက်အဖွဲ့ရဲ့ လက်ချက်မှန်း မသိလိုက်ရဘူးပေါ့၊ ဟုတ်လား ဒေါ်ကေသီ”

“ဒါပေါ့ကွယ်၊ ဘယ်သူက ကျွန်တော့်လက်ချက်ပါလို့ ဝန်ခံမှာလဲ၊ လူတစ်ယောက်လုံး သေနေပြီပဲဟာ”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေသီသည် ထိုစကားကိုပြောရင်းမှပင် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်ပြန်သည်။ ညည့်ခန်းထဲတွင် တခြားဘယ်သူဘယ်ဝါတွေများ ရှိနေပါ့မလဲဆိုသည့် စိုးရိမ်မကင်းအကြည့်မျိုးဖြစ်ပါသည်။

"ဆက်ပြောပါ ဒေါ်ကေသီ၊ ကျွန်တော့်ကို ယုံကြည်တယ်၊ စိတ်ချတယ်ဆိုရင်ပေါ့လေ၊ ဒေါ်ကေသီ သိထားသရွေ့ပြောပြမှဖြစ်မယ်"

"မောင်ထွန်းနေနွယ်ကို အန်တီခြွင်းချက်မရှိ ယုံပါတယ်၊ ဒါပေမယ့် အန်တီ့စိတ်ထဲမှာ ဘယ်သူ့ကိုမှ မပြောပြဖူးသေးတဲ့ အချက်တစ်ချက်ကို အခု ထုတ်ပြောသင့်ရဲ့လားဆိုတာ လောက်တော့ စဉ်းစားရတာပေါ့ကွယ်"

"ပြဿနာတွေ ရှင်းသွားဖို့အတွက် ဆိုရင်တော့ ပြောကိုပြောရမယ် ဒေါ်ကေသီ"

"အေး ... ဟိုတုန်းကတော့ အန်တီ့ပတ်ဝန်းကျင်မှာ စိတ်ချရတဲ့သူ မရှိဘူးလေ၊ ဒါကြောင့် မပြောတာ၊ အခုတော့ မောင်ထွန်းနေနွယ့်ကိုလဲ စိတ်ချယုံကြည်တယ်၊ ဟောဒီတူမလေးလေးကလဲ အန်တီ့အတွက် တစ်အားပဲ"

"ဒီလိုကွယ့်၊ မန်နေဂျာကိုဒေါင်း သေနတ်မှန်သေသွားတဲ့နေ့မှာ ဟောဒီသေနတ်စင်ပေါ်က ရိုင်ဖယ်သေနတ်တစ်လက်ပျောက်သွားခဲ့တယ်၊ သုံးရက်တိတိ ကြာပြီးတဲ့နောက်မှ သေနတ်စင်ပေါ်က ပျောက်သွားတဲ့သေနတ် သူ့အလိုလိုပြန်ရောက်လာတယ်"

"ဗျာ ... သူ့အလိုလို ဟုတ်လား ဒေါ်ကေသီ"



"အန်တီဆိုလိုတာက ဒီလိုလေကွယ်၊ ဒီသေနတ်ကိုယူသွားတုန်းကလဲ ဘယ်သူမှ မသိလိုက်ဘူး၊ ပြန်ပြီး သူ့နေရာသူပြန်ထားတော့လဲ ဘယ်သူမှ မသိလိုက်ဘူး"

"အား ... ဒီအချက်က သိပ်ကိုအရေးကြီးတဲ့အချက်ပဲ ဒေါ်ကေသီ၊ နေပါဦး၊ ကိုဒေါင်း သေနတ်မှန်ပြီး သေသွားတော့ ရဲက လာမစစ်ဘူးလား"

"စစ်တာပေါ့ကွယ်၊ မြို့သာရဲစခန်းက စခန်းမှူး ရဲအုပ်မောင်အောင်မောင်းကိုယ်တိုင် လာစစ်တယ်၊ ဒါပေမယ့် အမဲလိုက်သူတိုင်းဟာ ရိုင်ဖယ်သေနတ်နဲ့ပဲ အမဲလိုက်ကြတာဆိုတော့ ရိုင်ဖယ်ကျည်ဆန် အမှန်ခံရတဲ့ ကိုဒေါင်းဟာ မတော်တဆ အမဲကိုပစ်ရင်း လာမှန်တဲ့ကျည်ဆန်လို့ယူဆပြီး မတော်တဆမှုပဲလို့ အမှုပိတ်လိုက်တယ် ဆိုလားပဲ"

"ဒေါ်ကေသီက ရဲအုပ်ကိုအောင်မောင်းကို စင်ပေါ်ကရိုင်ဖယ်သေနတ် ပျောက်သွားတဲ့အကြောင်း ပြောမပြဘူးလား"

"ဟင့်အင်း ... လုံးဝ မပြောရဲဘူး"

"မပြောရဲဘူး ... ဟုတ်လား၊ မရဲဘူးဆိုတဲ့ စကားကို ဒေါ်ကေသီ ရှင်းပြပါလား"

ဒေါ်ကေသီသည် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်ပြန်သည်။ ပြီးမှ တိုးတိုးလေး ပြောလိုက်သည်။

"စဉ်းစားကြည့်ပါ . မောင်ထွန်းနေနွယ်၊ ပြောလိုက်ရင် သိပ်ရှုပ်ထွေးသွားမှာပေါ့၊ ဒီအိမ်ကြီးမှာ ဘယ်သူတွေနေသလဲ၊ ဒါမှမဟုတ် ဒီအိမ်ကြီးရဲ့ ညည့်ခန်းထဲကို အချိန်မရွေး ထွက်သွားလာနေတာ ဘယ်သူတွေလဲ၊ ဒီအိမ်ကြီးမှာနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ယောက်၊ ဒါမှမဟုတ် ဒီအိမ်ကြီးထဲကို အချိန်မရွေး ဝင်ထွက်နိုင်တဲ့လူ တစ်ယောက်ယောက်သာ ရိုင်ဖယ်သေနတ်ကို လူအလစ်မှာ တိတ်တိတ်ယူသွားနိုင်မယ်၊ နောက်ပြီး လူအလစ်မှာပဲ တိတ်တိတ် ပြန်ထားနိုင်မယ်လေကွယ် ..."

ဟုဇာတ်၏။

တစ်ခန်းလုံး ငြိမ်သက်သွားသည်။

သဘောပေါက်စရာသည် ရှင်းရှင်းလေး။ ဒီအိမ်ကြီးထဲမှ လူတစ်ယောက်သာလျှင် ရိုင်ဖယ်သေနတ်ကို တိတ်တဆိတ် ခိုးယူသွားနိုင်သည်။ သေသွားသူ မန်နေဂျာ ကိုအေါင်းကိုတော့ ဘေးဖယ်၊ ကိုကြိုင်းမောင်၊ ကျော်ဝင်းမောင်၊ ကိုဘခက်၊ ရဲမြင့်နောင်၊ ရီရီဝင်း၊ ဆိုးသူဇာ၊ နန်းစိန်။

သူတို့အားလုံးထဲမှ တစ်ယောက် မဖြစ်နိုင်ပေဘူးလား၊ မိန်းမသားတွေမို့ ရိုင်ဖယ်ပစ်ခတ်ခြင်းမပြုနိုင် ဆိုစေဦး။ ဤမိန်းမသားတစ်ဦးဦးသည် သူတို့၏ ယောကျ်ားတစ်ဦးဦးအား ရိုင်ဖယ်သေနတ် တိတ်တဆိတ် ခိုးယူပေးနိုင်သည်သာ။

ဤအတွေးကို ထွန်းနေနွယ်ရော လေးလေးမြင့်ပါ တွေးမိသည်။ ဒေါ်ကေသီ၏ ရဲအုပ်အား ဖွင့်မပြောရဲပါ ဆိုသည်ကိုလည်း သဘောပေါက်ရသည်။ ဤအတူနေ တစ်ဦးဦးက ရိုင်ဖယ်ကို ယူရိုးမှန်အံ့၊ ရဲကိုဖွင့်ပြောလျှင် ဒေါ်ကေသီတွင် အတွင်းရန် အန္တရာယ် ဖြစ်လာတော့မည်။ ထိုအချိန်က ဒေါ်ကေသီတွင် အားကိုးမရှိရှာ။ ထွန်းနေနွယ် မရှိသေး၊ လေးလေးမြင့် မရောက်သေး။



ထွန်းနေနွယ်က စဉ်းစဉ်းစားစားဖြင့် ဆက်မေးသည်။

"ဒီအိမ်ကြီးရဲ့ ဧည့်ခန်းထဲကို ဒီပြင် တခြားလူတွေရော မလာဘူးလား၊ ဥပမာ သစ်စက်အလုပ်သမားတို့၊ သစ်ခုတ်အလုပ်သမားတို့ ဆိုပါတော့ ဒေါ်ကေသီ"

"ဘယ်တော့မှ လာရိုးထုံးစံ မရှိဘူး၊ လာစရာလဲ မလိုဘူးလေ၊ သူတို့အလုပ်သမားတိုင်းအတွက် သူ့အဖွဲ့နဲ့သူတာဝန်ခံတွေရှိနေတာပဲ၊ သူတို့လိုအပ်သမျှကို တာဝန်ခံတွေကတစ်ဆင့် ဆောင်ရွက်ပေးနေတာပဲ၊ သူတို့နေတာကလဲ စက်ထဲမှာနဲ့ တောထဲမှာ နေကြတာ"

ထွန်းနေနွယ်က ကုလားထိုင်ကျောမှီကို မှီချသည်။ မျက်နှာကြက်ဆီသို့မော့ကာ ငေးကြည့်သည်။ အလေးအနက် စဉ်းစားခြင်း ဖြစ်ပါ၏။

"ဒါဆိုရင် ပျောက်သွားတဲ့ ရိုင်ဖယ်သေနတ်နဲ့ပဲ မန်နေဂျာ ကိုအေါင်း အပစ်ခံလိုက်ရတယ်လို့ ဒေါ်ကေသီ ထင်သလား"

"တစ်ခါတလေ အဲဒီလိုများ ဖြစ်သွားသလားလို့ ထင်မိတယ် မောင်ထွန်းနေနွယ်"

"ဟုတ်တယ် ... ထင်စရာပဲ၊ ဖြစ်နိုင်စရာလဲရှိတယ်၊ ဘာလို့လဲဆိုတော့ မန်နေဂျာကိုအေါင်း သေသွားတာကိုပဲ သစ်ခုတ်အလုပ်သမားတွေ၊ သစ်စက်အလုပ်သမားတွေနဲ့ တခြားအလုပ်သမားတွေအားလုံး ဘဝင်မကျတဲ့သဘောတွေ ရှိနေကြတယ်၊ မကျေနပ်ကြဘူး ဆိုပါတော့လေ၊ ဘာနဲ့လဲဆိုတော့ ကိုအေါင်းဟာ မတော်တဆ သေသွားတာမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က တမင်သတ်ပစ်တာလို့ သူတို့ယူဆနေကြတယ် ဒေါ်ကေသီ"

"တမင်သတ်ပစ်တာ ဟုတ်လား မောင်ထွန်းနေနွယ်"

"အလုပ်သမားတွေ ထင်နေကြတာကို ပြောတာပါ"

"မှန်တယ်၊ တစ်ခါတလေမှာ အန်တီကိုယ်တိုင်လဲ အဲဒီလို ထင်မိတာပဲ၊ အေးပေါ့လေ ... ကိုဒေါင်းဟာ မြိုင်သာမှာမွေး၊ မြိုင်သာမှာကြီးတဲ့ မြိုင်သာသားစစ်စစ်ဆိုတော့ အလုပ်သမားတွေက ကိုဒေါင်းဘက်က နာကြမှာပဲ၊ အလုပ်သမားအားလုံးလိုလိုဟာ မြိုင်သာသားတွေကိုး၊ နောက်ပြီး သူတို့တွေဟာ ကိုဒေါင်းကို ချစ်ခင်လေးစားကြတယ်"

"ကိုဒေါင်းမှာ ရန်သူရှိသလား ဒေါ်ကေသီ"

ဒေါ်ကေသီက သူမ၏ လက်ချောင်းများဖြင့် ခေါင်းကိုကုပ်သည်။ အစဉ်းစားရကျပ်သည့် သဏ္ဌာန်တပင်။

"ပြောတတ်ပါဘူး မောင်ထွန်းနေနွယ်ရယ်၊ တစ်ခုတော့ရှိရဲ့၊ သူ မသေခင် တစ်ရက် နှစ်ရက်လောက်ကတော့ အန်တီကို ကိုဒေါင်းပြောတယ်၊ သစ်စခန်းနဲ့သစ်စက်မှာ အခြေအနေဆိုးတစ်ခုခု အစပျိုးချင်နေတယ်တဲ့၊ ဒါပေမယ့် အန်တီတို့မပူပါနဲ့တဲ့၊ ဒီအခြေအနေဆိုးကို သူနိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်မှာပါတဲ့၊ ဒါပေမယ့် သူဘာမှမလုပ်နိုင်ခင် သေသွားတယ် ဆိုပါတော့၊ ဘယ်လိုအခြေအနေဆိုး အစပျိုးတယ်ဆိုတာတော့ အန်တီ မသိလိုက်ရဘူး၊ အခု မောင်ထွန်းနေနွယ် ရောက်လာမှ အခုကတွေ့ရတဲ့ ပြဿနာကကော"



"အလုပ်သမားပြဿနာပဲ၊ ဒါပေမယ့် အလုပ်သမားပြဿနာဟာ တခြားဒီပြင်ပြဿနာတစ်ခုခုနဲ့ ဆက်နွယ်မှုရှိနေမလား ဆိုတဲ့ မသင်္ကာစရာတွေလဲ တွေ့နေရတယ် ဆိုပါတော့ ဒေါ်ကေသီ၊ အဲဒီအရင်းအမြစ်ကို ကျွန်တော် ရှာရမယ်၊ ဖြေရှင်းရမယ်"

"ဖြေရှင်းလို့ ရနိုင်မယ်ဆိုတဲ့ အလားအလာကော ရှိသလား မောင်ထွန်းနေနွယ်"

"ရှိပါတယ် ... ရှင်းကိုရှင်းရမယ်၊ အဲ ... ကျွန်တော်လုပ်ချင်တဲ့အတိုင်း လုပ်ပိုင်ခွင့်ရရင်ပေါ့လေ"

"ဆိုပါဦး၊ မောင်ထွန်းနေနွယ်က ဘယ်လိုလုပ်ပိုင်ခွင့် ရချင်လို့လဲ"

ထွန်းနေနွယ်က ပြန်မဖြေမီ လေးလေးမြင့်ကို တစ်ချက်စေ့ကြည့်လိုက်သည်။ ထိုင်ကာတည်းက ယခုတစ်ခါတည်းသာ ထွန်းနေနွယ်က မိမိကိုကြည့်ကြောင်း လေးလေးမြင့် မှတ်မှတ်သားသားရှိလိုက်ပါ၏။

"ကျွန်တော့်သဘောတော့ ဒီသစ်စခန်းမှာ ဘယ်အမျိုးသမီး တစ်ယောက်တလေမှ မရှိစေချင်ဘူး၊ အမျိုးသမီးတော့ ပြန်ကြဖို့ကောင်းတယ်"

"လေးလေးတော့ မပြန်နိုင်ဘူး ဒေါ်လေး၊ လာကတည်းက ဒေါ်လေးနားမှာနေပြီး အကူအညီပေးဖို့လာတာ"

"မှန်တယ်၊ အခုအချိန်မျိုးမှာ အန်တီ့အတွက် လေးလေးလို လိုအပ်နေတယ်၊ နောက်တစ်ခုက ရီရီဝင်းတို့၊ စိုးသူ့တို့ကို ပြန်ခိုင်းဖို့လဲ မဖြစ်နိုင်ဘူး၊ အဲဒီမိန်းကလေးနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားတာနဲ့ မောင်ကြိုင်းမောင်နဲ့ မောင်ကျော်ဝင်းမောင်လဲ သစ်စခန်းက အလုပ်ထွက်ကြလိမ့်မယ်"

ထွန်းနေနွယ်က ထိုင်ရာမှ ထသည်။

"ဒါတော့ ဒေါ်ကေသီက အလုပ်ရှင်ပဲလေ ... သဘောပေါ့၊ ကျွန်တော့်စိတ်ထင် မရီရီဝင်းနဲ့ မစိုးသူဇာတို့ ရှိနေတဲ့အတွက် အခြေအနေတွေ ရှုပ်ထွေးနေတယ် ထင်တယ်လေ၊ မလေးလေးမြင့်ကတော့ အခုမှရောက်ခါစမို့ ထားပါတော့၊ ဒါပေမယ့် မလေးလေးမြင့် ဒီမှာဆက်နေရင် ဒိပြင်ပြဿနာအသစ်တစ်ခုခု ထပ်ဖြစ်လာဦးမှာပဲလို့ ကျွန်တော် တွက်တယ်၊ ဘာလို့လဲဆိုတော့ မလေးလေးမြင့်က သိပ်ချောသိပ်လှရုံမကဘူး၊ အပျိုဖြစ်နေတယ် မဟုတ်လား"

"ဘာဆိုင်လို့လဲ"ဟု လေးလေးမြင့်က မာမာကျောကျော အသံလေးနှင့် ဆတ်ခနဲ ပြန်ပက်လိုက်သည်။

ထွန်းနေနွယ်က လေးလေးမြင့်ကို နောက်တစ်ကြိမ် ပြန်ကြည့်ပြန်သည်။ စူစူအောင့်အောင့် ရှိနေသော လေးလေး၏ မျက်နှာကို တစ်ခဏ ငေးစိုက်ကြည့်ပြီး ထွန်းနေနွယ်က ပြုံးလိုက်သည်။ ထို့နောက်တော့ ဘယ်သူ့ကိုမျှ နှုတ်မဆက်ဘဲ ထွန်းနေနွယ်သည် ဧည့်ခန်းထဲမှ ထွက်သွားတော့သည်။

"ဘယ်လိုလူလဲ မသိဘူး၊ ဘာမှန်းလဲ မသိဘူး"

ဟု လေးလေးမြင့်က မကျေမနပ်သံနှင့် ဝေးသွားသော ထွန်းနေနွယ်၏ ကျောပြင်ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

"မောင်ထွန်းနေနွယ်ဟာ ဘယ်လိုလူဆိုတာတော့ ဒေါ်လေး သိသင့်သလောက် သိပါတယ်၊ ဒါပေမယ့် ဘာမှန်းမသိဘူး



ဆိုတာတော့ ဒေါ်လေးကိုယ်တိုင်လဲ ဘာမှန်းမရိပ်မိသေးဘူး။ သူဟာ အခု လေးလေးရောက်လာမှ အမျိုးသမီးတွေပြန်ပို့ ပါဆိုတာ ဘာလို့မှန်း ဒေါ်လေး မသိတာလေ၊ ဒေါ်လေး စိတ်အထင်တော့ မောင်ထွန်းနေနွယ်ဟာ လေးလေးကို စိတ်ဝင်စားမိပြီး လေးလေး အပေါ်မှာ ထားနေတဲ့ အာရုံတွေကြောင့် သူ့အလုပ်ပျက်မှာစိုးလို့ လေးလေးကို ပြန်ပို့ ခိုင်းနေတာများလား မသိဘူး"

"အိုး ... ဒေါ်လေးကလဲ မဟုတ်က ဟုတ်က"

လေးလေးမြင့် ရှက်ရမ်းလေးဖြင့် ဒေါ်လေး၏ ကျောပြင်ကို သူမ၏ လက်သီးဆုပ်ဖြင့် ဖွဖွလေး ထုလိုက်သည်။

မဟုတ်က ဟုတ်ကဟု ပြောလို့သာ ပြောရသည်။ နောက်ဆုံး ထွန်းနေနွယ်က သူမအား ငေးစိုက်ကြည့်ပြီး ပြုံးသွားသည်ကို လေးလေးမြင့် မျက်စိထဲ စွဲကျန်မြင်ယောင်နေမိသည်။

ကိုထွန်းနေနွယ်သည် အပြုံးအရယ် နည်းပါးသူမို့လား မပြောတတ်။ သူပြုံးလေသောအခါ သူ၏မျက်နှာမှာ ကျက်သရေရှိလှသည်ဟု လေးလေးမြင့် ရင်ထဲမှ မှတ်ချက်ချမိလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## (၆)

ဖြုန်းခနဲတွေ့လိုက်လျှင် ရီရီဝင်း၏ အသက်သည်(၂၀)ခန့်သာ ရှိလေသလား ထင်ရသည်။ အနီးကပ် သေချာကြည့်လေမှ ရီရီဝင်းသည် အသက်(၃၀)နီးပါးခန့် ရှိလောက်ပြီဟု ခန့်မှန်းနိုင်ပေသည်။

သူမသည် ဆံပင်အတို ဖြတ်ထားသည်။

(ထိုစဉ်က ဆံပင်အတိုဆိုသည်မှာ ကုပ်အောက်ကျော ပြင်တစ်ဝက်ဖုံးအထိ ရှည်သည်။ ယခုခေတ် ဆံပင်အတို၊ ဒိုင်ယာနာသရီးစတတ်၊ ပစောက်ပုံလို ကုပ်သားပေါ်စေသော အတိုမျိုး မြန်မာစစ်စစ် အမျိုးသမီးများ မထားကြသေး။ များသောအားဖြင့် တရုတ်အမျိုးသမီးများသာ ကောက်ကောက်တိုတိုပုံများ ထားကြသည်။)

ရီရီဝင်းသည် ကျောတစ်ဝက်ဖုံး ဆံပင်တိုနှင့် ဖြစ်သည်။ မိတ်ကပ်လိမ်း၊ နှုတ်ခမ်းနီ၊ လက်သည်းနီ ဆိုးထားသည်။

ဤတောခေါင်ခေါင် သစ်စခန်းနှင့် ဘယ်လိုမျှ



လမိုင်းမကပ်သော ဖြီးလိမ်းခြယ်သမှုနှင့် ဝတ်စားဆင်ယင်မှု ပြုထားသည်။

ထွန်းနေနွယ် ထွက်သွားပြီး ဧည့်ခန်းထဲတွင် တူဝရီး နှစ်ယောက်သား ကျန်နေစဉ်မှာပင် ရီရီဝင်း ဧည့်ခန်းထဲသို့ ဝင်လာခြင်း ဖြစ်သည်။

ဒေါ်လေးကေသီက ရီရီဝင်းနှင့် လေးလေးမြင့်ကို မိတ်ဆက်ပေးသည်။

ထုံးစံအတိုင်း အပြုံးအရယ်များဖြင့် နှုတ်ဆက်လိုက်ကြသည်။

ရီရီဝင်းက သနပ်ခါးရေကျဲလေးဖြင့် တစ်ပတ်နွမ်း အဝတ်လေးများဖြင့် နဂိုသဘာဝအတိုင်း လှချင်တိုင်းလှနေသော လေးလေးမြင့်ကိုကြည့်ကာ သူမ၏ဖြီးလိမ်းခြယ်သမှုနှင့် ဝတ်စားဆင်ယင်မှုကို ရှိန်းသွားမိသည်။ ပြီး ... စကားပြောလေတိုင်းနှင့် ပြုံးလေတိုင်း ပါးချိုင့်လေး ခွက်ဝင်သွားကာ ကြည့်ကောင်းလှသော လေးလေးမြင့်ကို ငေးငေးကြည့်မိသည်။

တက္ကသိုလ်ဘွဲ့ရ အသက်(၂၀)ကျော်ရုံလေးသာရှိသည့် အပျိုမလေးက ဆံပင်နောက်တွဲ တစ်ပတ်လျှိုထားပြီး၊ မိမိက ဘာအတန်းမျှမအောင်၊ အိမ်ထောင်သည်၊ အသက်သုံးဆယ် နီးပါးက ဆံပင်တိုထားသည်ကိုလည်း ရီရီဝင်းမှာ စိတ်ထဲမှ မလုံမလဲ ဖြစ်ရသေးသည်။

လေးလေးမြင့်နှင့် ယှဉ်လိုက်လျှင် ငါတို့က မပြည့်တဲ့ အိုး ဘောင်ဘင်ခတ်သလိုများ ဖြစ်နေပြီလားဟူ၍လည်း ရီရီဝင်းသည် စိတ်ထဲ၌ ကိုယ့်ဟာကိုယ် ကျိတ်ဝေဖန်လိုက်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟန်ကျတာပဲ မလေးလေးမြင့်၊ သစ်စခန်းမှာ သိပ်ပျင်းစရာကောင်းတော့ မလေးလေးမြင့် ရောက်လာတာဟာ ပိုကာဒေါင်းဖို့ တစ်အိမ်တိုးလာတာပေါ့၊ မလေးလေးမြင့် ပိုကာဆွဲတတ်တယ် မဟုတ်လား"

"ကျင်ကျင်လည်လည် မရှိလှပါဘူး မရီရီဝင်း၊ အဖြစ်လောက်တော့ ရလိမ့်မယ် ထင်ပါရဲ့"

လေးလေးမြင့် ပိုကာဆွဲတတ်ပါသည်။ ကိုမျိုး တစ်ခါတစ်ရံ ကစားသည်ကို ဘေးမှထိုင်ကြည့်ရင်း ကစားနည်းကိုတတ်ကျွမ်းခဲ့ခြင်းမျိုး ဖြစ်သည်။

သို့သော် လေးလေးမြင့် ဘယ်တုန်းကမှ တစ်အိမ်ဝင်ကစားဖူးသည် မရှိစဖူးခဲ့။ ဖဲကစားခြင်းကို လေးလေးမြင့် လုံးဝမကြိုက်။ သို့သော် ယခုမှ ဖြန်းခနဲတွေ့ရသော ရီရီဝင်းက ဖဲကစားသည်ကို မိမိက ဖဲကစားတာ မကြိုက်ဘူးဟု ပြောလိုက်လျှင် ရီရီဝင်းကို နှိမ်ရာရောက်သွားမည်။ မိမိကိုယ်ကိုလည်း မင်္ဂလာမယ်ရာရောက်သွားခြိမ့်မည်။

ဤသစ်စခန်းတွင် လေးလေးမြင့် မည်သူ့ကိုမျှ ဆန့်ကျင်ဘက် မပြုလို။ နဂိုကမှ ဤအိမ်ကြီး၏ အတွင်းလူတွေတွင် ပြဿနာရှုပ်ထွေးနေရသည့်အထဲ မိမိက သူတို့နှင့် ဆန့်ကျင်ပြီး မပြေမလည်တွေ ဖြစ်လာလျှင် ပြဿနာတွေ ပိုတက်လာမည်။

နောက်တစ်ချက် ရှိသေးသည်မှာ ဒီအိမ်ထဲရှိ လူတွေကို အလိုက်အထိုက် ရင်းရင်းနှီးနှီး ဆက်ဆံခြင်းဖြင့် ဒေါ်လေးကေသီ အတွက် အကူအညီ ဖြစ်စေမည်ဟုလည်း လေးလေးမြင့် ထင်မြင်ယူဆပါ၏။



ထိုစဉ်မှာပင် ရီရီဝင်းသည် ဒေါ်လေးကေသီဘက်သို့ လှည့်ကာ ပြောလိုက်ပြန်သည်။

"ဒေါ်ဒေါ်သီ … မနန်းစိန်ကိုလည်း ကြည့်ကျက်ပြောပေးပါဦးနော်၊ အခုအချိန်ထိတောင် ကျွန်မတို့အခန်း မရှင်းသေးဘူး၊ အိပ်ရာတွေ သိမ်းမပေးသေးဘူး"

ဒေါ်ကေသီ ဘာမျှ မပြောသေးမီ လေးလေးမြင့်က ဖြတ်ဝင်လိုက်သည်။

"ဟုတ်လား … ဒါဆို သွားစို့လေ၊ မရီရီဝင်း အခန်းကို လေးလေး ရှင်းပေးပါ့မယ်"

"အယ် … မဟုတ်တာ၊ ဘယ့်နှယ် အလုပ်ရှင်ရဲ့တူမအရင်းခေါက်ခေါက်ကြီးက အခန်းရှင်းပေးရမယ်လို့ …"

ရီရီဝင်းက လက်ကာရင်း ပြူးပြူးပျာပျာ ပြောလိုက်လေးလေးမြင့်က ပါးချိုင့်လေးခွက်အောင်ပြုံးရယ်လိုက်သည်။

"ရပါတယ် မရီရီဝင်းရဲ့ ကိုယ့်အိမ်မှာ အိမ်တွင်းမှုကိစ္စလေးတွေ လုပ်တာဟာ ဂုဏ်ငယ်သွားတဲ့အလုပ်မှ မဟုတ်တာ၊ မိန်းမသားအနေနဲ့ ဂုဏ်တောင်တက်သေးတယ်၊ နောက်ပြီး ဒီအိမ်ကြီးမှာက မီးဖိုချောင်ရော၊ ထမင်းစားခန်းရော၊ ဧည့်ခန်းရော အားလုံး မနန်းစိန် တစ်ယောက်တည်း ပိုင်ခံလုပ်နေရတာဆိုတော့ အကွက်လဲမစေ့ဘူး၊ မနန်းစိန်လဲ ပင်ပန်းတယ်လေ၊ လာပါ မရီရီဝင်း၊ အခန်းကို လေးလေး ရှင်းပေးမယ်၊ မရီရီဝင်းက ကိုယ့်အိပ်ရာ ကိုယ်သိမ်းပေါ့၊ အိမ်အလုပ် လုပ်ရတာ အချိန်ကုန်မှန်းမသိဘဲနဲ့ ပျော်စရာကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရိရိဝင်း ခများ မနေသာပါလေတော့။

နှစ်ယောက်သား လက်တွဲပြီး အပေါ်ထပ်သို့ တ…
ရောက်သွားကြသည်။

တူမချော၏ အပြုအမူလေးများကို ဒေါ်ကေသီ …
ခြိုက်စွာပြုံးရင်း ကျန်ခဲ့လေတော့သည်။

အခန်းတံခါးဖွင့်ပြီး အထဲသို့ဝင်လိုက်သည်နှင့် …
ဝင်း၏ အိပ်ခန်းတစ်ခုတည်းကိုသာကွက်ပြီး မှန်တိုင်းတစ်ခ …
မွေသွားလေသလား ထင်ရလောက်အောင် အိပ်ခန်းမှာ ရှုပ်ပွေ…
ပွကျဲနေသည်။

ခြင်ထောင်တန်းလန်းကြီး ချ…သည်။ ထောင်…
ထည့်အနက် တစ်ထည်မှာ အိပ်ရာပေါ် ခြင်ထောင်ထဲတွင် …
တစ်ကောင်လို တွန့်လွန်စွာ ရှိနေသည်။ နောက်…တစ်…သည်…
ခုတင်ဘေး ကြမ်းပြင်ပေါ်တွင် အမှိုက်ပုံတစ်ခုလို အစုလိုက်အပြုံလို…
ကျနေသည်။ အိပ်ရာခင်းတွန့်ကြေပြီး ခေါင်းအုံးတွေ မရှိမရှိ…
သည်။

မှန်တင်ခုံပေါ်တွင် ရှိနေသော အလှပြင်ပစ္စည်းတေ…
ကလည်း ဟိုတစ်ခု ဒီတစ်ခု ပုံးလုံးလဲသည်ကလဲ၊ အဖုံးဖွင့်သ…
ကပွင့်နေပြီး ပေါင်ဒါမှုန့်တွေ ဟိုတစ်ကွက် ဒီတစ်ကွက်ဖြင့် …
မကောင်း ရှုမကောင်း။

ဗီရိုဘေးတွင် မနေ့ကဝတ်ခဲ့သော အကျီ၊ ဘော်…
ထဘီကွင်းလုံးတို့ စုပုံထားသေးသည်။

"ကဲ… မရီရီဝင်းက အိပ်ရာကို ရှင်းပေးပါလား၊ ကိုး…
လင်ကိုယ်မယားအိပ်တဲ့ အိပ်ရာကို ကိုယ့်ဟာကိုယ်ရှင်းက…



အကောင်းဆုံးပေါ့ မရီရီဝင်း။ လေးလေးက မှန်တင်ခုံနဲ့
အခန်းကို ရှင်းပေးမယ်လေ"

လေးလေးမြင့်က မှန်တင်ခုံကို စတင်ရှင်းနေပြီဖြစ်
…ကိုင်အောင် ရီရီဝင်းမှာ နေရာမရွေ့ မတ်တတ်ရပ်မြဲ ရပ်နေ
…သည်။

အမှန်တော့ ရီရီဝင်း၏ အတွင်းစိတ်အစျတ္တထဲတွင်
…ကွ ဖြစ်နေသည်။

ဒီလိုလယ်လိုက်ရုံလို့ အောက်ကျသွားမလား။

ခါတိုင်းလို မလုပ်ဘဲနေယိုက်ခြင်းဖြင့် မိမိမှာ ဂုဏ်
…တက်လာမလား။

လေးလေးမြင့် ရီရီဝင်းကို ကျောပေးပြီး မှန်တင်ခုံကို
…ပေးနေသည်။ သို့သော် မှန်ထဲမှနေ၍ ရီရီဝင်းကိုကြည့်ပြီး
…တ်နေပေ၏။ ထပ်မံ၍ အိပ်ရာရှင်းရန် လေးလေးမြင့်က
…တွန်းစကား မဆိုတော့ပေ။

ရီရီဝင်းသည် ရှင်းလိုလျှင် ခုတင်ဆီသို့ လျှောက်သွား
…ည်။ မရှင်းလိုလျှင် အခန်းထဲမှ ပြန်ထွက်သွားလိမ့်မည်။

တစ်မိနစ်ခန့် တွေတွေကြီးရပ်ပြီးမှ ရီရီဝင်းသည်
…တစ်ခုကို ဆုံးဖြတ်လိုက်သည့်အလား သွက်လက်သော
…မ်းတို့ကိုလှမ်းကာ ခုတင်ဆီသို့ လျှောက်သွားသည်။ ခုတင်
…ကြမ်းပြင်၌ ကျနေသောထောင်ကို ကောက်ယူခေါက်လိုက်ပါ
…တော့သည်။

လေးလေးမြင့်၏ဆိုက်ကို အောင်မြင်သွားလေပြီ။

ဆက်စပ်ပြီး လေးလေးမြင့် တစ်ခုတွေးလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်စေ့စပ်ခဲ့သော ကိုအောင်မျိုးခိုင်သည် စီးကရက်ဆိုလျှ
အင်္ဂလန်လုပ် ငါးသုံးလုံးကိုသာ သောက်လေ့ရှိသည်။ ထိုစဉ်က
ငါးသုံးလုံးအလိပ်(၂၀)ဝင်တစ်ဘူးလျှင် ရှစ်ကျပ်ပတ်ဝန်းကျင်ဝ
ရှိနေသည်။

ကိုအောင်မျိုးခိုင်တို့အိမ်သို့ ဝင်ထွက်နေသော အ
ရှိကြီးတစ်ဦးရှိ၏။ ရာထူးတော်တော်ကြီးသည်။ ကိုအောင်မျိုး
သာမက သူ၏မိဘများကပင် ထိုအရာရှိကြီးအား လေးစားရိုေ
သည်။

ထိုအရာရှိကြီးကို အောင်မျိုးခိုင် ငါးသုံးလုံးစီးကရ
ဘတ်တည်သည်။ အရာရှိကြီးက ခေါင်းခါပြီး သူ၏အိတ်ထဲ
ခပေါင်းစီးကရက်ကိုသာ ထုတ်သောက်သည်။ ခပေါင်းမှ ဖင်စီ
ခပါသော ခပေါင်းဘူးဝါဖြစ်သည်။(ထိုစဉ်က ခပေါင်းဖင်စီခံစီး
ရက်မပေါ်သေး။)

ထိုနေ့မှစ၍ ကိုအောင်မျိုးခိုင်သည် ခပေါင်းကိုဝ
သောက်ရန် မရှက်ပါလေတော့။ မိမိထက် ပညာဂုဏ်ရော ရာထူ
ဂုဏ်ရှိန်ရော အဆမတန်မြင့်မားသူ အရာရှိပုဂ္ဂိုလ်ကြီးက ခပေါ
သောက်ပါလျက် မိမိက ငါးသုံးလုံးသောက်သည်ကိုပင် ကိုအော
မျိုးခိုင် ရှက်သွားသေးသည်တဲ့လေ။ သို့သော် သို့ကိုအောင်မျိုး
ဘာ ရိုင်းရိုင်းပြောရလျှင် အမြီးကောက်ကိုကျည်တောက်စွပ် တခဏ
သာလျှင်ပင်။ နောက်ပိုင်း နိုင်ငံခြားစီးကရက်ကိုသာ ပြန်သော
ပါ၏။

မည်သို့ဆိုစေ တခဏပင်ဖြစ်ပါစေ၊ ယင်းသို့သေ
အသိစိတ်ဝင်သွားသည်သာ ပဓာနဖြစ်သည် မဟုတ်လား။



ယခုလောလောဆယ်မှာပင် ရီရီဝင်း သူ့အိပ်ရာသူ
ပြီးနေသည်မှာ လေးလေးမြင့်၏ အောင်မြင်မှုဟု ယူဆလိုက်ရ
သည်။

လေးလေးမြင့်သည် မှန်တင်ခုံပေါ်ရှိ ပစ္စည်းတို့ကို
ရိုရို ကြည့်ကောင်းအောင် ထားရင်းကပင် ကျပ်ဒင်္ဂါးဝိုင်းခန့်ရှိ
လည်ဆွဲတံဆိပ်တစ်ခုကို မှန်တင်ခုံပေါ်မှတွေ့ရှိပြီး ကောက်
ကြည့်ရှုလိုက်သည်။

တံဆိပ်မှာ ငွေတံဆိပ် ဖြစ်ပါ၏။ တံဆိပ်အဝိုင်းထဲ
လူရုပ်တစ်ရုပ် ပခုံးတွင် ပြောင်းရှည်သေနတ်ဒင်ကို ထောက်
ပြီး၊ လက်ယာဘက်မျက်လုံးဖြင့် ချိန်သီးကိုချိန်ကာ သေနတ်
တော့မည့်ပုံကို ရုပ်လုံးထွင်းထားသည်။

သေနတ်ပစ်ပြိုင်ပွဲတွင် ဒုတိယရရှိထားသော ငွေတံ
တစ်ခု ဖြစ်ပေသည်။

ဤငွေတံဆိပ်သည် အဘယ်ကြောင့် ရီရီဝင်း၏မှန်
ခုံပေါ်တွင် ရောက်ရှိနေဘိသနည်း။ ရီရီဝင်း ကိုယ်တိုင်သည်
နတ်ပစ်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ် ရရှိလောက်အောင်အထိ
ဆိုင်ပစ်ခတ် ဆုရရှိခဲ့ခြင်းပေလော။

သို့မဟုတ် ရီရီဝင်း၏ခင်ပွန်း ကိုကြိုင်းမောင်သည်
ပွဲဝင် ဆုရခဲ့ခြင်းပေလား။

မည်သို့ပင်ဖြစ်စေ ဆုတံဆိပ် လည်ဆွဲရခဲ့သူသည်
နတ်ပစ် ကျွမ်းကျင်ကြောင်းကတော့ ထင်ရှားသည်။

ဤငွေတံဆိပ်ရသူနှင့် မန်နေဂျာဟောင်း ကိုဒေါ်
နတ်မှန်၍ သေဆုံးသွားခြင်းသည် ဆက်စပ်မှု ရှိလေသလား။

www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာကိုဒေါင်း သေနတ်မှန် သေဆုံးစဉ်က ဒီအိမ်ကြီး၏အ(ေ)ခန်းတွင် ထားရှိခဲ့သော သေနတ်တွေအနက်မှ ပျောက်ဆုံးသွားသော ဆိုသော ရိုင်ဖယ်ကိစ္စနှင့်ကော ဆက်စပ်မှု ရှိလေမလား။

ထိုစဉ်မှာပင် ...

အခန်းထဲသို့ အသံသစ်တစ်ခု ဝင်လာတော့သည်။ အမျိုးသမီးတစ်ဦး၏ အသံသစ် ဖြစ်ပါလေ၏။

"ဟဲ့ ... ဟဲ့ ... ဟဲ့၊ ကျားသားမိုးကြိုး၊ တောင်ထိပ်မှာကြ(ာ)ပင် ကြာပန်းတွေ ပေါက်ပြီး အနောက်ဘက်တာမှာ (နေ)ထွက်နေပြီလား၊ ဘုရား ... ဘုရား၊ ရီရီဝင်းက ကိုယ့်အိပ်ရာကိုယ်ရှင်းနေပါလား"

လေးလေးမြင့်သည့် အမျိုးသမီးအသစ်တစ်ဦး၏ အသံမို့ ငွေတံဆိပ်ကို လက်ထဲတွင် ကိုင်လျက်သားပင် အသံသ(ံ)လာရာ အိပ်ခန်းတံခါးဝသို့ လှည့်ကြည့်လိုက်သည်။

လေးလေးမြင့် လှည့်ကြည့်နေစဉ်မှာပင် ရီရီဝင်းက ခြင်ထောင်တင် စောင်တွေခေါက်၊ အိပ်ရာခွဲဆန့်နေရင်းမှ သမင်လည်ပြန်ကြည့်ကာ ပြောလိုက်သည်၊

"ဟော ... စိုးသူဇာ၊ အခုအချိန်က စပြီး တို့တတွေ ကိုယ့်အိပ်ရာ ကိုယ်ရှင်း ... ကိုယ့်အခန်း ကိုယ်သန့်စင်ရမယ်ကွ"

"ဟယ် ... ဘာတွေက ဘယ်လိုဖြစ်ကုန်လို့လဲ"

ရီရီဝင်းက ဘာတွေသည် ဘယ်လိုဖြစ်ကုန်ကြောင်း ဖြေမနေတော့ဘဲ လေးလေးမြင့်နှင့် စိုးသူဇာကို မိတ်ဆက်ပေးရင်း သုံးပွင့်ဆိုင် ရပ်လိုက်ကြသည်။



မိတ်ဆက်ပေးပြီးသည်နှင့် စိုးသူဇာကလည်း ချက်ဆို(ချ)က်က မီးတောက်အောင် အကင်းပါသူပီပီ သဘောပေါက်(နား)လည်သွားသည်။

အလုပ်ရှင် ဒေါ်ကေသီ၏ တူမအရင်းခေါက်ခေါက် (လေ)းလေးမြင့်လို မိန်းကလေးကပင်လျှင် သူတို့အိပ်ခန်းကို မဆိ(တ်)ပိုင် ကိုယ်တိုင်ကိုယ်ကြပ် ဝင်ရောက်ရှင်းလင်းပေးနေပါလျှင်မိမိ(တို့)၏နေနှင့် ရှက်ဖွယ်ဖြစ်ကာ ကိုယ့်အခန်းကိုယ်ရှင်းသည့် ကိစ္စ(များ) ပြုလုပ်သင့်သည့်အကြောင်း ရီရီဝင်း၏ အာဘော်ဖြင့်ပင် (စိုး)သူဇာ သဘောပေါက်လောက်ပေတော့သည်။

ဤအချက်ကို စိုးသူဇာ သဘောပေါက်ပုံ ရပါ၏။ (သို့)ရာတွင် ဤအချက်ကို သဘောပေါက်သည်ထက် စိုးသူဇာ၏ (အာ)ရုံစိုက်မှုအစုံသည် မှန်တင်ခုံပေါ်မှတွေ့၍ လေးလေးမြင့်လက်တွင် (ကိုင်)ပွဲကိုင်ထားသည့် ငွေတံဆိပ်အပေါ်သို့သာ ရှိသမျှအာရုံ စူးစိုက်(နေ)ပုံရ၏။

ငွေတံဆိပ်ကို စူးစူးစိုက်စိုက်ကြည့်ပြီး စိုးသူဇာလည်း (မျက်)စိမျက်နှာ ပျက်သွားမှန်း လေးလေးမြင့်က ဖြီးခနဲ ဖျတ်ခနဲ (ရိပ်မိ)လိုက်သည်။

အဘယ်ကြောင့် စိုးသူဇာသည် ငွေတံဆိပ်ကို တွေ့(မြင်)လိုက်သည်နှင့် မျက်စိမျက်နှာပျက် ဖြစ်သွားရလေသနည်းဟု (လေ)းလေးမြင့် တွေးလိုက်မိပြန်သည်။

"ရပါတယ်၊ ရပါတယ်၊ ဒေါ်ကေသီရဲ့ တူမအရင်း၊ နုနုဖတ်ဖတ် လှလှချောချောလေးတောင် လုပ်နေမှ စိုးသူဇာတို့ ရီရီဝင်းတို့က ဘာသားနဲ့ ရေထားတဲ့ နတ်သမီးတွေမို့လဲ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းလုပ်ကြရမှာပေါ့၊ တကယ်တော့ အဲဒီလို ကိုယ့်အခန်း ကိုယ်ရှင်း လုပ်သင့်နေတာလည်း ကြာပါပြီလေ၊ မနန်းဝိုင်း အလုပ်အလွန်များတဲ့သူပဲ၊ ရီရီဝင်း မလုပ်လို့ တို့ကလုပ်ဖို့ တမင်နေတာ၊ အခုတော့ တို့လဲ လုပ်ပြီပေါ့"

လေးလေးမြင့်က စိုးသူဇာကို အကဲခတ်ပြန်သည်။ စိုးသူဇာက ရီရီဝင်းနဲ့စာလျှင် ပိုမိုဝတ်နိုင်ဆင်နိုင် သုံးစွဲနိုင်ပုံရ သည်။ နားတွင် စိန်နားကပ် ပန်ထားနိုင်သည်။ လက်တွင်မြကို ဝိုင်းထားသော စိန်လက်စွပ်လည်း ဝတ်ဆင်ထားသည်။

ရီရီဝင်းတွင် လည်တွင်ဆွဲထားသောဆွဲကြိုး၊ နားတွင် ပုလဲနားကပ်နှင့် ရိုးရိုးရွှေလက်စွပ်တစ်ကွင်းသာ ရှိသည်။

ထို့ကြောင့်ပင် ထင်ပါ၏။ ဂုဏ်တုဂုဏ်ပြိုင်တွေဖြစ် ကာ ရီရီဝင်းနှင့် စိုးသူဇာ သိပ်သင့်မြတ်ပုံမပေါ်။ စကားပြောရာ တွင် တစ်ဦးကိုတစ်ဦး ခနဲ့တဲ့တဲ့ ရိဘီတိလေးတွေ ပြောကြသည်ကို လည်း လေးလေးမြင့် အမှတ်ထားမိသည်။

ထို့ကြောင့်ပင် ထင်ပါ၏။ ကိုထွန်းနေနွယ်က ဤသတ္တ စခန်းကြီး၏ ပြဿနာတွေကို ရှင်းနိုင်ရေးတွင် အမျိုးသမီးတွေကို ပြန်ပို့ဟုဆိုခြင်း ဖြစ်အံ့ထင်သည်။

ညစာထမင်းစားပွဲတွင် လူစုံသည်။

လေးလေးမြင့် မသိမမြင်ရသေးသော ရီရီဝင်း၏ခင် ပွန်း ကိုကြိုင်းမောင်နှင့် စိုးသူဇာ၏ခင်ပွန်း ကိုကျော်ဝင်းမောင်ကို ထမင်းဝိုင်းတွင် လေးလေးမြင့် တွေ့ရသည်။

ကိုကြိုင်းမောင်သည် အရပ်ရှည်ပြီး အသားညိုသည်။ မျက်ခုံးထူသည်။ နှာတံနှင့်နှုတ်ခမ်း ကြည့်ကောင်းသည်။ အမြင်



အားဖြင့် ဤလိုပုံစံမျိုးသည် စိတ်သဘောထား ကောင်းမွန်တတ် သည်ဟု လေးလေးမြင့် ထင်သည်။

"လက်စသပ်တော့ ဒေါ်ကေသီတို့ အမျိုးတွေက မိန်းမလှ မျိုးတွေပါလားဗျ၊ ဒေါ်ကေသီကလဲ ငယ်ငယ်ကဆို တော် တော်ချောမယ် ကြည့်ပါလား၊ ဒေါ်ကေသီရဲ့တူမ လေးလေး မြင့်ဟာ ဘယ်လောက်ချောသလဲလို့"

ဒေါ်လေးကေသီက ရယ်မောသည်။ လေးလေးမြင့်က လည်း ကျေနပ်စွာ ပြုံးမိသည်။ ကိုကြိုင်းမောင် ပြောလိုက်သော 'မိန်းမလှမျိုး' ဆိုသည့် စကားကို ဒေါ်ကေသီရော လေးလေးမြင့်ပါ ဂုဏ်ယူချင်စိတ် ရှိနေမိသောကြောင့် ဖြစ်ပါ၏။

ကိုကျော်ဝင်းမောင်ကျတော့ လူကတစ်မျိုး။ အရပ် ငါးပေငါးလက်မခန့် ရှိသည်မို့ ယောက်ျားတစ်ဦးအနေနှင့် ပုသ ယောင်ရှိနေသည်။ သို့သော် ကိုယ်ထည်တောင့်တင်းကြံ့ခိုင်သည်။ သတ္တုစခန်းတွင် တာဝန်ခံတစ်ဦးအနေနှင့် ပင်ပင်ပန်းပန်း နေ့စဉ် လုပ်ကိုင်နေရကာမှ သူ၏အသားသည် ဖြူဝင်းနေသည်။ မေးရိုး လေးထောင့်မကျတကျရှိသည်။ သူ့ဟာသူနေလျှင် နှုတ်ခမ်းနှစ်ခုကို ဆုံနေတတ်ပြီး စကားပြောစရာ ရှိသည့်အခါ ရယ်မောစရာ ရှိသည့် အခါ သူ့နှုတ်ခမ်းကို ပွင့်ဟစေသည်။ သွားများလှသူ လည်းဖြစ်ပါ၏။ စီစီရီရီ ဖြူဖြူဖွေးဖွေးရှိပြီး သွားတစ်ချောင်း နှင့်တစ်ချောင်း သွားကြားထိုးတံ ထိုးမရနိုင်လောက်အောင် စေ့နေ သည်။

ဒေါ်ကေသီက မိတ်ဆက်ပေးသောအခါ ကိုကျော်ဝင်း မောင်သည် ကိုကြိုင်းမောင်လို အာလာပသလ္လာပဆန်ဆန် ဘာတစ်

www.burmeseclassic.com

www.burmeseclassic.com



လုံးမှုမဆို။ လေးလေးမြင့်ကို ပထမဆုံး စိုက်ကြည့်သည်။ ထို့နောက် အသိအမှတ်ပြုသလို ပြုံးပြသည်။ ပြုံးပြပြီးနောက် ဘာကြောင့်မှန်း တော့မသိ ကျော်ဝင်းမောင်က အများရှေ့မှာပင် ပန်းကိုတစ်ချက် တွန့်ပြလိုက်သည်။

မိတ်ဆက်ပေးပြီးနောက် လေးလေးမြင့်က မနန်းစိန် နှင့်အတူ ကူညီလုပ်ကိုင်ပေးသည်။ ထမင်းစားပွဲမှာ နှစ်လုံး ဖြစ်၏။ ခြောက်ယောက်ထိုင် ကြီးကြီးရှည်ရှည်တစ်လုံးနှင့် လေးယောက်ထိုင် အသေးတစ်လုံးဖြစ်သည်။

ခြောက်ယောက်ထိုင် စားပွဲတွင် ဒေါ်ကေသီက ထိပ်ဆုံး။ ကိုကြိုင်းမောင်နှင့် ရီရီဝင်းက မျက်နှာချင်းဆိုင်တွဲ၊ ကိုကျော်ဝင်းမောင်နှင့် စိုးသူဇာကလည်း မျက်နှာချင်းဆိုင်တွဲ၊ ဒေါ်ကေသီနှင့် တခြားမျက်နှာချင်းဆိုင်ထိပ်တွင် ယခင်က မန်နေရာ ထွန်းနေနွယ် ထိုင်ခဲ့လေသလား လေးလေးမြင့် မပြောတတ်။

ယခုမူ ထွန်းနေနွယ်သည် ခဲမြင့်နောင်နှင့်အတူ လေးယောက်စားပွဲတွင် ထိုင်နေသည်။ ခြောက်ယောက်စားပွဲထိပ် တွင် လေးလေးမြင့်အတွက် နေရာပေးလို၍ နောက်တခြားစားပွဲ ပြောင်းထိုင်ကြောင်း နောက်မှ လေးလေးမြင့် သိရသည်။

ထမင်းစားခန်းထဲသို့ ထွန်းနေနွယ် ဝင်လာသောအခါ လေးလေးမြင့်က လှမ်းကြည့်သည်၊ ထွန်းနေနွယ်ကလည်း အကြည့် နှင့်ဆုံသည်။ ထွန်းနေနွယ်က ပြုံးသည်ဆိုရုံလေး ပြုံးပြပြီး ခြောက် ယောက်ထိုင် စားပွဲကို တစ်ချက်လှမ်းကြည့်ပြီးမှ လေးယောက် ထိုင် စားပွဲသို့ သွားထိုင်လိုက်သည်။

ထမင်းဟင်းနှင့် ပန်းကန် စသည်တို့ကို မနန်းစိန်



နှင့် လေးလေးမြင့်က မီးဖိုမှ ထမင်းစားပွဲသို့ ခေါက်တုံ့ခေါက်ပြန် သယ်ယူချပေးသည်။

ခဲမြင့်နောင်သည် လေးလေးမြင့်၏ ခေါက်တုံ့ခေါက် ပြန် သွားရာသို့ သူ၏မျက်လုံးများက နောက်မှလိုက်ပါနေမှန်း အတူထိုင်နေသည့် ထွန်းနေနွယ်က တွေ့မြင်နေရသည်။

ထမင်းပွဲ စုံလင်သွားသောအခါ ဒေါ်ကေသီက လေးလေးမြင့်ကို စားပွဲဟိုဘက်ထိပ်သို့ မေးဆတ်ပြလိုက်လေ သည်။

"စားတော့လေ လေးလေး"

"လေးလေး ဒီဘက်မှာ ထိုင်ရမှာလား ဒေါ်လေး"

ဒေါ်လေးကေသီက ခေါင်းညိတ်ပြသည်။ ခေါင်း ညိတ်ပြရင်းနှင့်ပင် ဒေါ်လေးကေသီ၏ မျက်လုံးသည် ထွန်းနေနွယ် ထံ ကြည့်ဖြစ်အောင် ကြည့်လိုက်သေးသည်။

"လေးလေးက ဒီထိပ်မှာ ကိုဘခက် ထိုင်မှာလားလို့ပါ ဒေါ်လေး"

"မောင်ဘခက်က ဘယ်တော့မှ ဒီအိမ်ကြီးပေါ်က ထမင်း ဝိုင်းမှာ လာစားလေ့မရှိဘူး လေးလေး၊ မောင်ဘခက်က သီးသန့်သမားလေ၊ နေတော့လဲ ဒီအိမ်ကြီးရဲ့ နောက်ဘက် မြေကွက်တစ်ကွက်မှာ သူ့ဟာသူ သစ်သားအိမ်လေးတစ် လုံးဆောက်ပြီး သီးခြားနေတယ်၊ သူ့ဆီကို သပ်သပ်ထမင်း ချိုင့်ပို့ပေးရတယ်၊ အဲဒီစားပွဲထိပ်မှာ အလျင်ကတော့ မောင် ထွန်းနေနွယ် ထိုင်တယ် လေးလေး"

"ဟင် ... ဒီလိုဆို ..."

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်က ထွန်းနေနွယ်ကို လှမ်းကြည့်လိုက်သည်။

"သူ့ထုံးစံအတိုင်း ဒီမှာလာထိုင်ပါလား ကိုထွန်းနေနွယ်၊ ကျွန်မ ရောက်လာလို့ ကိုထွန်းနေနွယ် ဟိုဘက်စားပွဲပြောင်းပေးရတယ်ဆိုတော့ ..."

လေးလေးမြင့် စကားမဆုံးမီ ထွန်းနေနွယ်က ပက်ခနဲ ပြန်ပြောသံ ထွက်လာသည်။

"ကျုပ် အဲဒီထိပ်မှာထိုင်ရင် မလေးလေးမြင့်က ဒီစားပွဲမှာ ရဲမြင့်နောင်နဲ့ အတူထိုင်ရမှာပေါ့၊ အဲဒီလိုထိုင်ဖို့ ဆန္ဒရှိတယ်ဆိုရင် လာလေ၊ နေရာချင်း ပြန်လဲကြရုံပေါ့"

"အွန် ..."

လေးလေးမြင့်နှုတ်မှ အွန်ခနဲပင် အသံထွက်သွားတော့သည်။ အခြားလူများက ထွန်းနေနွယ် ပြောချလိုက်သည်ကို မကြားချင်ဟန် ဆောင်နေလိုက်ကြသည်။ ထွန်းနေနွယ်နှင့် ပတ်သက်လာလျှင် တာဝန်ခံတွေရော ရီရီဝင်းနှင့် စိုးသူဇာပါ တစ်ခုခု ဝေဖန်ပြောရဲဟန် ရှိပုံမရပါချေ။

လေးလေးမြင့်သည် ခြောက်ယောက်စားပွဲထိပ်မှာပင် ထိုင်ချလိုက်ရတော့သည်။ ဖြန်းခနဲ ထွန်းနေနွယ် ပက်ခနဲ ပြောလိုက်သည်ကို မခံချင်စိတ်လေး ဖြစ်လာသော်လည်း စင်စစ် ထွန်းနေနွယ်၏ စေတနာကို သဘောပေါက်ရသည်။

ဟုတ်ပါ့။ ဒီထိပ်မှာမထိုင်လျှင် ရဲမြင့်နောင်နှင့်အတူ တစ်စားပွဲတည်းတွင် သွားထိုင်စားရလား။ လုံးဝ မသင့်တော်မလျော်ကန်ပါလေတကား။



လှူဖုံတက်စုံ သစ်စခန်း၊ ဒေါ်လေးကေသီ၏ အိမ်ကြီးရှိလူတွေအားလုံး(ကိုဘခက်မှအပ)ဆုံစည်းသည့်အခါ လေးလေးမြင့်ပိုမို သိမြင်လာရသော အချက်ကလေးများ ရှိလာသည်။

ကိုကြိုင်းမောင်နှင့် ရီရီဝင်းသည် အကြောင်းတစ်ခုခုကြောင့် လင်မယားဆက်ဆံရေး မပြေမလည် ဖြစ်နေပုံရသည်။

ကိုကျော်ဝင်းမောင်နှင့် စိုးသူဇာက ပို၍ဆိုးသေးသည်။ သူတို့လင်မယားသည် တော်တော်လေး ပြင်းထန်သည့် တင်းမာမှုတစ်ခုခု ရှိနေကြပုံရသည်။ အထူးသဖြင့် စိုးသူဇာက ကိုကျော်ဝင်းမောင်အား ကွက်ကြည့် ကွက်ကြည့်ဖြင့် လိုက်လျောချင်ဟန်ရှိစေကာမူ ကျော်ဝင်းမောင်က စိုးသူဇာအား အပြတ်ကြိမ်းမောင်းနေသည်။ ခပ်တင်းတင်းနေသည်။

ဘာတွေမှန်း မသိပါတကား။

ထမင်းဝိုင်း ပြီးစီးသောအခါ လေးလေးမြင့်မှာ မနန်းစိန်နှင့်အတူ ကူညီသိမ်းဆည်းပေးသေးသည်။

ပြန်ထွက်လာသောအခါ အိမ်ကြီး၏ ဧည့်ခန်းထဲတွင် ဒေါ်လေးကေသီ တစ်ယောက်တည်းသာ ထိုင်လျက်သားတွေ့ရသည်။ အခြားဘယ်သူမှ မရှိပါလေတော့။

ကိုကြိုင်းမောင်နှင့် ကိုကျော်ဝင်းမောင်တို့ လင်မယားနှစ်စုံကတော့ အိမ်ပေါ်ထပ် သူတို့အခန်း အသီးသီးသို့ တက်သွားကြည်ဖြစ်သည်။

"လာ ... ထိုင် ... လေးလေး၊ ဒေါ်လေးတူမလဲ သစ်စခန်းအိမ်ကြီးလာပြီး နန်းစိန်ရဲ့အလုပ်တွေ လုပ်နေရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သင်ထားခဲ့တဲ့ တက္ကသိုလ်က ပညာတွေနဲ့ တခြားစီဖြစ်နေပြီ ကောကွယ်"

(ထိုစဥ်က ယခု အခြေအနေမျိုး မဟုတ်သေး။ တက္ကသိုလ်ဘွဲ့ရ မဆိုထားလင့် အိုင်အေ၊ အိုက်အက်စ်(စီ)အောင်ရုံနှင့်ပင် လစာရင်း နှစ်ရာနှင့် ရှားပါးစရိတ်ပေါင်းလျှင် လခသုံးရာ အလုပ်မျိုး ရလွယ်နိုင်သည်။ ဒေါ်လေးကေသီက တူမလေးလေးမြင့်အားယင်းသို့ အငယ်တန်းအရာရှိအလုပ်မျိုးပင် မလုပ်ဘဲ သစ်စခန်းတွင် မနန်းစိန်နှင့်အတူ မီးဖိုကိစ္စ အိမ်ကိစ္စတွေ လာလုပ်ပေးနေရှာသည်ကို စိတ်မကောင်းသလို ညည်းညည်းတွားတွားလေး ပြောလိုက်ခြင်း ဖြစ်ပါ၏။)

"ဒီလိုတွက်လို့ ဘယ်ဖြစ်ပါ့မလဲ ဒေါ်လေးရယ်၊ လိုအပ်ချိန်မှာ လိုအပ်တဲ့ အလုပ်မျိုးပဲ လုပ်ရမှာပေါ့၊ ဒီသစ်စခန်းကြီးမှာ ဒေါ်လေးအတွက် အရာရာ စိတ်ကျေနပ်စရာတွေနဲ့ စိတ်ချစရာတွေ ရှိလာပြီဆိုတဲ့အခါမှာတော့ လေးလေး ရန်ကုန်ပြန်မှာပေါ့ ဒေါ်လေး"

"အေးကွယ်၊ သာဓု ... သာဓု ... သာဓု ... ဒီနေရာမှာတော့ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ပေမယ့် ခရစ်ယာန်ဘာသာဝင်စကားမျိုး ဒေါ်လေးကပြောရမှာပဲ၊ မောင်ထွန်းနေနွယ်နဲ့ လေးလေးက တကူးတက ခေါ်ယူတာမဟုတ်ဘဲ၊ အလိုအလျောက် ဒေါ်လေးကို ကူညီဖို့ မိုးပေါ်က ကျလာသလို ရောက်လာကြတယ်လေ ..."

"အို ... လေးလေးက ဒေါ်လေးတူမ အရင်းခေါက်ခေါက်ကြီးပဲဟာ၊ ရန်ကုန်မှာ ဘာအခွင့်အရေးတွေရှိရှိ ဒေါ်လေး



မှာ ကာသီကအောက် ဖြစ်နေချိန်မျိုး လေးလေး ရောက်ကို ရောက်ရမှာပဲဥစ္စာ၊ နို့ ... နေပါဦး ဒေါ်လေးစကားအတိုင်းပဲ ဆက်မေးချင်တယ်၊ ကိုထွန်းနေနွယ် ကိုယ်တိုင်ကကော ဘုရားပေးတဲ့လူဆိုရင် ဒေါ်လေးဆီက ဘာအခွင့်အရေးမှ မမျှော်လင့်ဘဲ၊ ဒေါ်လေးကို ကူညီဖို့သက်သက် ရောက်လာတာလားဟင် ..."

"ဒီအတိုင်းပါပဲ လေးလေး ..."

"ဟင် ..."

"လေးလေး အနားယူတော့လေ၊ တစ်နေ့လုံး ခရီးပန်းလာတယ်၊ ဒီကျတော့လဲ အိမ်မှုကိစ္စတွေ ဝင်လုပ်ပေးနေရတယ်၊ ပင်ပန်းပြီပေါ့၊ ကဲ ... ကိုယ့်အခန်းပြန်ပြီး သက်သက်သာသာ နေလိုက်ဦးသမီး"

ဒေါ်လေးကေသီသည် ထွန်းနေနွယ် အကြောင်းတွေကို ဆက်မေးမည်ကို စိုးရိမ်၍လား၊ သို့မဟုတ် တကယ်ပင်သဘောရိုးစေတနာဖြင့် အနားယူခိုင်းခြင်းပေလား လေးလေးမြင့် မဝေခွဲတတ်။

မည်သို့ဆိုစေ၊ လေးလေးမြင့် ကိုယ်တိုင်လည်း အတော်အတန်လေး ပန်းနေပြီ။ အနားယူ လဲလျောင်းချင်နေပြီ။ ထို့ကြောင့် ထိုင်ရာမှ ထလိုက်သည်။

"အင်း ... ဒေါ်လေး၊ ရီရီခင်းတို့ စိုးသူဇာတို့ကတော့ အပေါ်ထပ်မှာနေတာမှန်း လေးလေး သိထားပြီ၊ ကိုထွန်း နေနွယ်နဲ့ ကိုရဲမြင့်နောင်ကကော ဘယ်မှာနေကြ အိပ်ကြလဲ ဟင်၊ လေးလေး မေးတာက ဒီအိမ်ကြီးရဲ့ အောက်ထပ်မှာပဲ

www.burmeseclassic.com

www.burmeseclassic.com



သူတို့အိပ်ခန်းတွေ ရှိနေတယ်ဆိုရင် လေးလေးအတွက်ဆင်ခြင်နိုင်ဖို့ပါ၊ လေးလေး အိပ်ခန်းကလဲ အောက်မှာ ဖြစ်နေလို့လေ ...”

“သူတို့နှစ်ယောက်က ရုံးခန်းမှာပဲ အိပ်ကြတယ်ကွယ့်၊ ရုံးခန်းဆိုတာက ဒီအိမ်ကြီးနဲ့ တစ်ဆက်တည်း အောက်ထပ်တွဲထားတဲ့ သီးခြားခန်းကြီးပါ၊ မောင်ထွန်းနေနွယ်ကတော့ ရုံးခန်းမှာပဲနေတယ်၊ မောင်ရဲမြင့်နောင်ကတော့ အမြဲတစေ ရုံးခန်းမှာနေတယ်တော့ မဟုတ်ပါဘူး၊ သူက လူငယ်ဆိုတော့ ကြုံရာပဲလေ၊ တစ်ခါတလေ ပြန်တောင်မလာဘူး၊ သစ်ခုတ်စခန်းတဲတွေမှာ အိပ်ချင်အိပ်တယ်၊ သစ်စက်ထဲမှာ အိပ်ချင်တဲ့အခါလဲ အိပ်လိုက်တာပဲ ထင်ပါရဲ့ ...”

ဒေါ်လေးကေသီကို နှုတ်ဆက်ပြီးနောက် လေးလေးမြင့်သည် အောက်ထပ်ရှိ သူမ၏အိပ်ခန်းဆီသို့ လာခဲ့သည်။ တစ်နေ့တာ ပင်ပန်းသမျှ နားသင့်ပြီကော ...။

❀ ❀ ❀



(၇)

...ကာဒိုနီလေးနှင့် တာဘီနီနီလေး ဝတ်ဆင်ကာ အိမ်ကြီးဆီမှ ...လာမိသည်။

သစ်စခန်းတစ်ပိုက် ယနေ့ရာသီဥတုက ကြည်ကြည် ...လင် ရှိနေသည်။ နှင်းမကျ။ နေလည်းမပူ။ ကောင်းကင်က ...သည် မဟုတ်သော်လည်း မိုးသားတိမ်လိပ် ကင်းစင်ပြီး ...ကျောင် ကောင်းကင်ကြီးဖြစ်ကာ နေခြည်အား ဖျော့ဖျော့လေး ...ပြုသည်။

လေးလေးမြင့်က အိပ်ရာထ ကိုယ်လက်သန့်စင်ပြီး ...စားခန်းသို့ လာခဲ့သည်။ ကော်ဖီကရားကို ဗွမ်းအိတ်ဖြင့် ...ထားသည်။ ကောက်ညှင်းပေါင်းနှင့် ချောသားကြော်ပန်းကန်တွေ ...ရှိသည်။

“ဪ ... သမီး နိုးလာပလား”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကေသီ တစ်ဦးတည်းသာလျှင် ထမင်းခ[illegible]ကြီးတွင် ရှိနေသည်။ အခြားမည်သူမျှ မရှိ။

"ဟုတ်ကဲ့ ဒေါ်လေး၊ လေးလေး အိပ်ရာထ နောက်ကျသွားတယ်နော်"

"မကျပါဘူး ... မကျပါဘူး၊ အခု ခုနစ်နာရီ ရှိသေးတာ[illegible] သမီးမနေ့က ခရီးသိပ်ပန်းလာတာ အားရှိသွားအော[illegible] ဒီလောက်တော့ အိပ်ရမှာပေါ့ကွယ်"

အမြဲသဘောကောင်းပြီး ခွင့်လွှတ်တတ်သော ဒေါ်လေးကေသီက ခွင့်လွှတ်စွာ လိုက်လျောစွာ ပြန်ပြောရှာပေသည်။ အထူးသဖြင့် လေးလေးမြင့်ကို 'သမီး' ဟု ဒေါ်လေးကေသီ[illegible]လေးမှာ လေးလေးမြင့် နားတွင် ချိုမြိန်လှသည်။

"သူတို့လဲ တစ်ယောက်မှ မတွေ့ပါလား ဒေါ်လေး"

"နံနက်ငါးနာရီဆိုရင် သူတို့အားလုံး အလုပ်ခွင်ကို ဆ[illegible] နေကျပဲ သမီးရဲ့ မိုးတွင်းမှာ သတ်မှတ်ထားတဲ့ သစ်[illegible] အရေအတွက်တွေ ခုတ်နိုင်ရမယ်၊ စက်က ခွဲနိုင်ရမယ်၊ ဒါ[illegible] ဖွေပေါက်တာနဲ့ သယ်ယူရေးတွေနဲ့ အံကိုက်ဖြစ်အော[illegible] တာဝန်ခံတွေအားလုံး အချိန်ပြည့် ကြိုးစားရတယ်၊ အလ[illegible] သမားဆိုတာက တာဝန်ခံတွေပေါ့ရင် ပေါ့သလို ခိုချင်က[illegible] ချင်ကြတယ်လေ"

"တာဝန်ခံတွေ ခိုချင်ကပ်ချင်တာကျရော"

"[illegible]န်နေကျာပေါ့ကွယ်၊ မောင်ထွန်းနေနွယ်ပေါ့၊ သူရော[illegible] လာပြီးမှ လုပ်ငန်းပိုင်းမှာ တော်တော်လေး တိုးတက်တ[illegible] သူ့ပုံစံက သူလဲ အချိန်ပြည့်လုပ်တယ် တာဝန်ခံတွေ[illegible]



အချိန်ပြည့်လုပ်၊ အလုပ်သမားတွေလဲ အချိန်ပြည့်လုပ်စေဆိုတဲ့ပုံစံပဲ၊ သူ့ကျတော့ တာဝန်ခံတွေရော အလုပ်သမားတွေရော လေးစားကြောက်ရွံ့ကြသား လေးလေးရဲ့၊ သူက စကားနည်းနည်းပြော၊ အလုပ်များများလုပ်ဆိုတဲ့ လူစားလေ၊ နောက်ပြီး တစ်စက်လေးမှ ဘာကိုမျှမကြောက်ဘူး၊ သတ္တိရှိရှိ ထွက်ခဲ့ဆိုတဲ့ ပုံစံမျိုးတွေလဲ သုံးတယ်"

"ဟုတ်မှာပေါ့ ဒေါ်လေး၊ သူ့ရုပ်ကိုက ဆောင်မကြောက် တန်းမကြောက် ပုံစံမျိုးပဲ၊ နိုင်ငံခြားရုပ်ရှင်ထဲက ဘာမထိ ဆိုးပေမိုက်မဲနေတဲ့ ဇာတ်လိုက်ပုံစံမျိုးလေ"

ဒေါ်လေးကေသီက ပြုံးလိုက်သည်။

"မောင်ထွန်းနေနွယ်က သတ္တိရှိပြီး သဘောကောင်းတယ်၊ [illegible]သင့်လုပ်ထိုက်တာကို ပြတ်ပြတ်သားသားလုပ်တယ်၊ [illegible]ဒါတာလေမှာတော့ ပရိယာယ်မရှိတဲ့ ဒီလိုလူမျိုးဟာ [illegible] ဝင်သွားတတ်တယ်ပေါ့ လေးလေး"

လေးလေးမြင့်သည် ဒေါ်လေးကေသီနှင့်အတူ ကော်ဖီ[illegible]ကက်သည်။ ကောက်ညှင်းပေါင်းနဲ့ ချေသားကြော်သည် လေးလေးမြင့်အတွက် အသစ်အဆန်း နတ်သုဒ္ဓါ ဖြစ်နေသည်။

"ဒီနေ့ရာသီဥတုကောင်းတယ် သမီး၊ ရာသီဥတုသိပ်ကောင်းတဲ့ ဒီလိုနေ့မှာဆိုရင် သစ်ခခန်းတစ်ဝိုက်ဟာ အင်မတန်သာယာတယ်၊ သမီးပတ်ဝန်းကျင်ကို လျှောက်လေ့လာကြည့်ချင်ကြည့်ပါလား၊ တောင်ကုန်းလေး လျှိုမြောင်လေးတွေ စမ်းချောင်းလေးတွေနဲ့ ကြည်နူးစရာတွေ တွေ့ရမယ်"

"မနန်းစိန်ကို ကူညီရဦးမယ်လေ ဒေါ်လေး"

www.burmeseclassic.com

www.burmeseclassic.com



"နံနက်ပိုင်းကတော့ လွတ်ထားလဲရတယ်၊ များသောအားဖြင့် တာဝန်ခံတွေက နံနက်စာကို သူတို့ခန်းကနေပြီး ထမင်းချိုင့် အယူလွှတ်တယ်၊ ညနေပိုင်းရယ် သူတို့အားလို အနားယူတဲ့နေ့ရယ် အဲဒီအခါကျမှ သူတို့အတွက် မနန်းစိန့် ပိုပြီးအလုပ်များတာ"

လေးလေးမြင့် ကိုယ်တိုင်လည်း သာယာသော ရာသီဥတုဝယ် လမ်းလျှောက်ထွက်ချင်သည်။ ပြီ သစ်စခန်းဆီ ဝန်းကျင်ကို လေ့လာချင်သည်။

"မရီရီဝင်းတို့ မစိုးသူဇာတို့ကော ကော်ဖီသောက်ပြီးကြပလား ဒေါ်လေး၊ သူတို့ တစ်ယောက်ယောက်နဲ့ အဖော်သပ်ပြီး လမ်းလျှောက်ရရင် အဖော်ရတာပေါ့"

"ဝေးသေးတယ်"

ဒေါ်လေးကေသီက ဦးခေါင်း ယမ်းပြလိုက်သေးသည်။

"အိပ်ရာကတောင် မထကြသေးဘူး"

"ဟင် ... သူတို့ယောက်ျားတွေ အလုပ်ဆင်းဖို့အတွက် သူတို့ကထပြီး ဘာမှ မပြင်ဆင်ပေးကြဘူးလား"

"ပေးရိုးထုံးစံ မရှိသလိုပါပဲ လေးလေး၊ နံနက်တိုင်းမနန်းစိန်ကသာ အစောကြီးထပြီး ကော်ဖီတို့မုန့်တို့ စီစဉ်ပေးတာ၊ မောင်ကြိုင်းမောင်နဲ့ မောင်ကျော်ဝင်းကလဲ သူတို့ဘာသာ ကော်ဖီသောက် မုန့်စားပြီး ထွက်သွားကြတာပဲ၊ အခုရက်အတွင်း ပိုတောင်ဆိုးသေးတယ်၊ ရီရီဝင်းနဲ့ မောင်ကြိုင်းမောင်လဲ သင့်မြတ်ပုံမရဘူး၊ စိုးသူဇာနဲ့ မောင်ကျော်ဝင်းမောင်က



ပိုတောင်ဆိုးသေး၊ မျက်နှာချင်းဆိုင်တာတောင် တစ်ယောက်ကိုတစ်ယောက် စကားဟဟ မပြောကြဘူးလေ"

"သူတို့ဟာက ဘာမှန်းလဲ မသိဘူးနော်"

"အင်း ... မတည်ငြိမ်တဲ့ သဘောတွေပေါ့လေ၊ အမျိုးသမီးတွေရဲ့ အနေအထိုင်တွေကို သူတို့ခင်ပွန်းတွေက မနှစ်သက်ဘူး ထင်ပါရဲ့၊ ကဲ ... ကဲ၊ သမီးလမ်းလျှောက်ထွက်မယ်ဆိုလဲ သွားပေတော့၊ သာသာယာယာရှိတုန်း လျှောက်ချေ၊ သစ်စခန်းမှာ မိုးကမည်းခနဲ တက်လာတာနဲ့ ဝေါခနဲ ရွာချတတ်တယ်"

"ဒေါ်လေးသောက်ဖို့တို့ ဘာတို့ကော"

"ရတယ်လေ၊ သမီးပြန်လာမှ ဒေါ်လေးကို ဆရာဝန်ပေးထားတဲ့ဆေးတွေ ပြမယ်၊ ဆေးသောက်ချိန်တွေကိုလဲပြောမယ်"

လေးလေးမြင့်သည် အထူးအထွေ အဝတ်လဲခြင်းဘာမှ မရှိတော့ဘဲ ဆွယ်တာနီ ထဘီနီလေးနှင့်ပင် အိမ်ကြီးမှထွက်ခဲ့သည်။

လျှောက်ကောင်းလိုက်သည့်ဖြစ်ခြင်း။

ရန်ကုန်မြို့တွင် ကန်တော်ကြီးစောင်း၊ အင်းလျားကန်စောင်းတို့ကို လျှောက်ရသည်နှင့် ဘာမျှမဆိုင်။ ရန်ကုန်မှာက ကတ္တရာလမ်းဖောင်းအားတိုး လျှောက်ရသည်။ ကားတွေ တဝီဝီသွားမှု များသန်းနေခြင်းဖြင့် သဘာဝ၏အလှနှင့် သဘာဝတွင် ရှာဖွေသူတွေ ပျောက်ကွယ်နေသည်။

ဤမှာက ပတ်ဝန်းကျင်တွင် ဘာဆိုဘာမျှ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်များအားလုံး သဘာဝ။ မိုးယံမြင့်မားချိုပြီး အကိုင်းအခက်နှင့်အရွက်တွေ သေသိအုပ်ဖားနေသည့် သစ်ပင်ကြီးတွေ ငိုင်းရံနေသည်။ ရာသီဥတုသာယာသောနေ့မို့ ထင်ရဲ့ သစ်ပင်ထက်ဆီမှ ငှက်ကလေးတွေ၏ အသံသည် နားပျော်ဖွယ် ကမ္ဘာ့အကောင်းဆုံး တေးဂီတလေးတွေ လွှင့်ထုတ်ပေးနေသည်နှင့် တူလှသည်။

စမ်းချောင်းလေးစီးရာအတိုင်း လေးလေးမြင့်လျှောက်လာသည်။ စမ်းချောင်းလေးဆိုသည်မို့ ဒူးလောက်၊ ပေါင်လောက်၊ ခါးလောက်နက်သည့်ချောင်းဟု မထင်ပါနှင့်။ ရေသည် ခြေမျက်စိပင် မမြုပ်တမြုပ်။ ကြည်လင်လိုက်သည်မှာ မှန်သားလား အောက်မေ့ရသည်။ ရွှေငါးလေးတွေ၊ ငွေငါးလေးတွေတော့ စမ်းချောင်းတွင် တစ်ကောင်တလေမျှ မရှိ။ ရွှေငါး ငွေငါး မဆိုထားနှင့် ငါးရှူငါးရံ့ပင်မရှိ။ ကျောက်စရစ်ခဲ ဖြူဖြူမြည်းမည်း သီညိုလေးတွေက အတိုင်းသား မှန်သားရေအောက်တွင် တွေ့နေရသည်။

လျှောက်ကောင်းကောင်းနှင့် လျှောက်ရင်းလျှောက်ရင်းပင် အေးဘတ်ဝန်းကျင် မမြင်မတွေ့ရသော နေရာတချို့မှ တရှိုးရှိုးလွင့်တိုက်သံတွေ ဝုန်းခနဲ ဒိုင်းခနဲ သစ်ပင်ကြီးများ လဲပြိုကျသံတွေ လေးလေးမြင့် ကြားရသည်။

စမ်းချောင်းရေအစီးအတိုင်း လျှောက်လာသည်မှာ မြင့်ရာမှနိမ့်ရာသို့ လျှောက်လာခြင်းပါလားဟု လေးလေးမြင့် သတိပြုလာသည်။ လျှို့မြောင် စမ်းချောင်းလေး၏ အနိမ့်ပိုင်းဆီသို့ လေးလေးမြင့် လျှောက်လာခြင်း ဖြစ်သောကြောင့် အတော်လေးဆ အောင် လျှောက်လာသည်နှင့် အိမ်ကြီးကို လုံးဝမမြင်ရပါလေတော့။

သစ်ပင်လဲသံတွေ ဘုဝုန်းဝုန်းတဒိုင်းဒိုင်း အဆက်



ပြတ် ကြားလာသောအခါ ညှိနေရာတွင် သတ်မှတ်ထားသော ...စ်ခုတ်စခန်းပါလားဟု သတိပြုလာမိသည်နှင့် လေးလေးမြင့်က ...း‌ချောင်းအနိမ့်ပိုင်း လျှို့မြောင်မှ တောင်ကုန်းအမြင့်သို့ ပြန်တက်...် စိတ်ကူးရတော့သည်။

အသင့်တွေ့သော တောင်ကုန်းအမြင့်သို့ လေးလေး...် တက်လာခဲ့သည်။

သစ်ပင်တွေ တရှိုးရှိုးဖြတ်၊ တဝုန်းဝုန်းလဲသော ...စ်ခုတ်နေရာတွင် ငှက်ကလေးတွေ သီချင်းမဆိုတော့သည်ကို ...ည်း လေးလေးမြင့် ရေလိုလား။

ထို့ကြောင့် သစ်ခုတ်မှုလွတ်မည်ထင်သော တောင် ...ုန်းအထက်သို့ လေးလေးမြင့် တက်ရောက်လာခြင်း ဖြစ်ပါလေ၏။

တက်လာမိသော တောင်ကုန်းလေးက တဖြည်းဖြည်း ...်သည်ထက် မြင့်လာသည်။

တောင်ကုန်းအမြင့်ကျလေတော့ သစ်ပင်ကြီးတွေ ...သီခေါင်များ မရှိတော့၊ သစ်ငုတ်တိုများသာရှိသည်။ တောင်ကုန်း ...ြင့်ပိုင်းမှ သစ်ပင်ကြီးများကို လေးလေးမြင့် မရောက်မီကပင် ...်လှဲပြီးစီးသွားကြောင်း သစ်ငုတ်တိုများက သက်သေခံနေသည်။

တောင်ကုန်းအမြင့်ဝယ် ဘယ်သူမျှ မပြုပြင်သော ...ကြောင့် သူ့အလိုလိုရှိနေသော ချုံဖုတ်ထူထူတွေနှင့် သစ်ငုတ်တိုတွေ ...က နေပါလေ၏။

တော်လောက်ပြီ။

လေးလေးမြင့်က ဒီလောက် အဆင်းတွေ အဆက် ...ျှ လျှောက်လာခဲ့ပြီးပြီမို့ တော်လောက်ပြီ။ အိမ်ကြီးဆီသို့ပြန်ဖို့

www.burmeseclassic.com

www.burmeseclassic.com



လမ်းပင် ပြန်ရှာရဦးမည်ဟု စိတ်ကူးလိုက်စဉ်မှာပင် ဆောင်ကျွန်း အထက်ချုံဖုတ်ကြီးတစ်ခု လှုပ်သွားသည်ကို တွေ့ရသဖြင့် တန့်ခနဲ ရပ်ကာ လှုပ်သွားသော ချုံဖုတ်ကို စေ့ကြည့်မိသည်။

ကြောက်လိုက်သည့်ဖြစ်ခြင်း။

ချုံပုတ်ထဲတွင် ကျားလေလား၊ တောဝက်လေလား၊ ရိုင်းစိုင်းသော တောကောင်တစ်ကောင်ကောင်များ ထွက်လာလေမလား။

ချုံဖုတ်က ထူထပ်သည်မို့ အတွင်းပိုင်းကို လုံးဝမမြင်ရ။ လူတစ်ရပ်ကျော်အောင်လည်း ချုံဖုတ်က မြင့်သေးသည်။

ထိုစဉ်မှာပင် ချုံဖုတ်ထဲမှ အသံတစ်ခု ထွက်လာသည်။ တောကောင်နှင့် အခြားဘာအကောင် ဘလေဘင်မှမဟုတ်။ လူသံ။ လူစကားပြောသံ ထွက်လာခြင်းပင်။

"မင်းလိမ်နေပြီထင်တယ်၊ ငါ့ကို ပတ်နေပြီ"

တီးတိုးအသံမို့ မည်သူ့အသံဟု မခွဲခြားနိုင်။ ပြီး... လေးလေးမြင့်က သစ်စခန်းသို့ ရောက်လာသည်မှာ နှစ်ဆယ့်လေးနာရီပင် မပြည့်တတ်သေးသောကြောင့် မည်သူ့အသံကိုမျှ မကျက်မိနိုင်သေး။

"ကဲ ... မင်း ဘယ်လောက်ပေးမလဲ၊ မင်းဆီကလေတွေ ငါမလိုချင်ဘူး၊ ငွေကိုပဲ လိုချင်တယ်"

"ဘယ်လောက် ထပ်လိုချင်တာလဲ"

"ငါးထောင်၊ နက်ဖြန် မွန်းလွဲချိန်မှာ ငွေငါးထောင် ငါ့လက်ထဲရောက်ရင်ရောက်၊ မရောက်ရင်တော့ ငါက မင်းကိစ္စကို ဖော်ပြီသာမှတ်"



"ဟာင် ... ငွေငါးထောင်မရခင် ကိုယ့်အသက်လေးထွက်သွားမှာကော ထည့်မတွက်တော့ဘူးလား၊ ကိုယ့်ပါးစပ် ရာသက်ပန်ပိတ်သွားမှာကိုလဲ ထည့်တွက်ဦး"

"ဒါတော့ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ပေါ့ကွာ"

လေးလေးမြင့် ပြန်လစ်ရန် လှည့်လိုက်ရတော့သည်။ မမြင်ရသော ချုံထဲမှ လူနှစ်ယောက်ကိစ္စက ဘေးလူကြားသွားမှန်း သိလျှင်၊ ဘေးလူအတွက် အန္တရာယ်ရှိသော စကားတွေမှန်း လေးလေးမြင့် သတိထားမိသည်။ ခြိမ်းခြောက်ငွေညှစ်နေသော ကိစ္စကြီးပါတကား။

"အို ... အမေ့"

လေးလေးမြင့် ပြန်လှည့်ပြီး ထွက်သွားမည်ပြုစဉ်မှာပင် တစ်ဦးတစ်ယောက်သည် သူမ၏ပခုံးကို ရိုက်ချလိုက်သည်ကို ခံလိုက်ရသည်။ ရိုက်စဉ်က ဦးခေါင်းကို ရိုက်ခြင်းဖြစ်ပေမည်။ ပြေးရန် လှုပ်လှုပ်ရှရှ လေးလေးမြင့် ဖြစ်နေ၍ ရိုက်ချက်လွဲပြီး ပခုံးကို ရိုက်မိခြင်း ဖြစ်တန်ရာသည်။

ရိုက်ရုံမကသေး၊ သူမ၏နောက်ကျောကိုလည်း တွန်းလိုက်သေး၏။

တောင်ထိပ်နေရာမို့ လေးလေးမြင့်မှာ ရိုက်အားအရှိန်၊ တွန်းအားအရှိန်ဖြင့် တောင်ဆောင်းမှ တလိမ့်ခေါက်ကွေးကျလာပေတော့သည်။

"ယား ... ယား"

ယောက်ျားတစ်ဦး၏ အထိတ်တလန့် အော်ဟစ်ကြားပြီး ထိုအော်သံရှင်ကပင် တောင်စောင်းပေါ် ပြေးဆင်းလာကာ

www.burmeseclassic.com

www.burmeseclassic.com



အရှိန်နှင့် ကျလာသည့် လေးလေးမြင့်အား ဆီးကြိုဖမ်းထားနိုင်တော့သည်။

ကိုထွန်းနေနွယ်ပင် ဖြစ်တော့သည်။

လေးလေးမြင့်သည် ထွန်းနေနွယ်၏ ရင်ခွင်ထဲသို့ လူးလဲထသည်။ ကံကောင်း၍ အကျိုးအပဲ့မဖြစ်၊ သွေးထွက်သံယိုမဖြစ်။ သို့သော် မှုးနောက်နောက်နှင့် ဒယီးဒယိုင် ဖြစ်နေသည်။ တောင်ပေါ်တွင် အရိုက်ခံရသည်ကလည်း တုတ်ကဲ့သို့ လက်နက်တစ်ခုခုဖြင့် ရိုက်ဟန်မတူ။ ဖြန်းခနဲ သူမ၏ နောက်ကျောပိုင်းကို တွေ့သည်နှင့် ကမန်းကတန်း လက်ဖြင့်ပင် ထိုးနက်လိုက်သည် ဖြစ်ပေမည်။

“ဘယ်နာသွားသေးသလဲ၊ တစ်ကိုယ်လုံး စမ်းကြည့်ပါဦး၊ အတွင်းပိုင်းတွေ ဘာတွေများ အနာတရ ဖြစ်သွားသေးသလားလို့”

“အိုး ... ဘာတွေလာပြောမှန်း မသိဘူး”

အတွင်းပိုင်းတွေ ဘာတွေဟူသော စကားသည် မိန်းကလေးတစ်ယောက်အဖို့ ရှက်ဖွယ်စကားပါလားဟူ၍များ ထွန်းနေနွယ် မသိလေသလား၊ ဆိုးရွားလေသလား။

“ကျုပ်က စေတနာနဲ့ပြောတာ၊ ခင်ဗျားမှာ တစ်ခုခု အထိနာသွားရင် အချိန်မီ ပျဉ်းမနားဆေးရုံ ဆေးခန်းတွေ ပို့ပေးမယ်ဆိုတဲ့ စေတနာ ...”

“ဒီက ဘာမှမ ဖြစ်တာပဲဟာ”

“ဒါဆို ပြီးရော၊ နောက်ဆိုမှတ်ထား၊ ဒီနေရာက အိမ်ကြီးနဲ့ဝေးတယ်၊ လူသူနဲ့ဝေးတယ်၊ ကျွမ်းဘားကျင့်ချင်တယ်ဆို



ရင် အိမ်ကြီးနဲ့ နီးနီးလေးမှာပဲ ဒီထက်မြင့်တဲ့ တောင်ကုန်းတွေရှိနေတယ်”

“ဘာရယ် ... ဘယ်သူက ကျွမ်းဘားကျင့်လို့လဲ”

“သိဘူးလေ၊ တောင်ကုန်းပေါ်က ကျွမ်းပစ်ပြီး ဆင်းလာလိုက်တဲ့ ဆပ်ကပ်ထဲက ကျွမ်းဘားမယ် ကျနေတာပဲ”

“ကျွမ်းပစ်ပြီး ဆင်းလာတာမဟုတ်ဘူး ကိုထွန်းနေနွယ်၊ ကျွမ်းထိုးမှောက်ခုံ ကျလာတာ သိလား”

ထွန်းနေနွယ်က ရှေ့တည့်တည့်တွင် မားမားကြီးရပ်သည်။ အားမနာ ပါးမနာ အကြည့်ရိုင်းရိုင်းဖြင့် လေးလေးမြင့်ကို ကြည့်သည်။ သို့သော် ရင်ကိုကြည့်ခြင်းမဟုတ်၊ တင်ကိုကြည့်ခြင်းမဟုတ်၊ လေးလေးမြင့်၏ မျက်နှာလေးကိုသာ စူးစူးစိုက်စိုက်ကြည့်ခြင်းဖြစ်သည်။

“မတော်တဆ လိမ့်ကျသွားတာလား”

“အင်း ...”

လေးလေးမြင့်က “အင်း ...” ဟု ပဏာမခံလိုက်ရင်း တစ်စုံတစ်ယောက်က ရိုက်နှက် တွန်းထိုးချလိုက်တာပါဟု ထွန်းနေနွယ်အား ဖွင့်ပြောလိုက်လျှင် ကောင်းမလားဟု တွေးလိုက်သေးသည်။ သို့သော် ဖွင့်မပြောရန် ချက်ချင်းဆုံးဖြတ်လိုက်လေသည်။

အကြောင်းမှု မိမိအား တောင်ပေါ်မှ ရိုက်နှက်တွန်းချသူမှာ အမည်မသိ ယောကျ်ားသားနှစ်ဦးအနက်မှ တစ်ဦးဦးဖြစ်သည်။ ထိုနှစ်ဦးစလုံး၏ တီးတိုးသံတွေကို မည်သူမည်ဝါဟု လေးလေးမြင့် မကျက်မိ။ ထိုနှစ်ဦးအနက် တစ်ဦးသည် ထွန်းနေနွယ် ကိုယ်တိုင် ဖြစ်ကောင်းဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်သည့်ဘက်မှတွေးလျှင် မိမိလိမ့်ကျလာမှ ထွန်းနေနွယ်က တောင်အောက်မှ ဆီးကြိုကူညီသူဖြစ်သည်။

ဖြစ်နိုင်သည်ကိုတွေးလျှင် တခြားတစ်ယောက်က မိမိအား တွန်းထိုးရိုက်နှက်ရန် ပြုစဉ်မှာပင် ထွန်းနေနွယ်က ဖြတ်လမ်းဖြင့် တောင်အောက်သို့ အလျင်သွားနှင့်ကာ မိမိအား ကယ်တင်ရှင် လုပ်သည်မျိုး။

အို ... သစ်စခန်းတွင် ဒေါ်လေးကေသီမှလွဲပြီး မိမိအဖို့ အခြားယုံကြည်စရာ တစ်ဦးတလေမျှမရှိ။ မိမိကြားခဲ့သော ဤခြိမ်းခြောက် ငွေညှစ်စကားတွေ ဖွင့်ပြောမိလေမှ ပြဿနာတွေ ပိုရှုပ်ကုန်မည်ကို လေးလေးမြင့် စိုးရိမ်ရမည်သာ။

"ကျွန်တော် နာရီမှတ်ပြီး မလေးလေးမြင့်ကို စောင့်ကြည့်နေတယ်၊ နှစ်မိနစ်တိတိ ငိုင်ငိုင်ကြီး ရပ်နေတယ်၊ ဘာတွေများ ဒီလောက်အလေးအနက်ထား စဉ်းစားနေတာလဲ"

"ဒီဒေသနဲ့ ကျွန်မနဲ့ ထောင့်မတည့်ဘူးလားလို့ စဉ်းစားနေတာပါ၊ မနေ့ကအလာမှာ သစ်ပင်လဲကျတာ ကံကောင်းလို့မသေတယ်၊ အခုတစ်ခါ တောင်ပေါ်က ကျပြန်တယ်လေ"

"သိပ်မှန်တဲ့စကားပေါ့၊ တတိယအကြိမ်ဆိုရင် မလေးလေးမြင့် ကံကောင်းနိုင်ပါဦးမလားလို့တောင် စဉ်းစားနေမိတယ်"

"ဘာလဲ ကိုထွန်းနေနွယ်၊ ကျွန်မအတွက် နောက်ထပ် တတိယအကြိမ် အသက်အန္တရာယ်မျိုး ရှိလာနိုင်သေးလို့လား"

"ဘယ်ပြောနိုင်မှာလဲ မလေးလေးမြင့်၊ သစ်စခန်းမှာ ဘယ်သူတွေဟာ ဘာမှမဖြစ်စေရပါဘူးလို့ ဘယ်သူက အာမခံရဲမှာ



လဲ၊ အကောင်းဆုံးကတော့ နက်ဖြန်မွန်းလွဲချိန်မှာ ပျဉ်းမနားဘက်ကိုစုန်တဲ့ရထား မြိုင်သာမှာဆိုက်တယ်၊ အဲဒီရထားနဲ့ မလေးလေးမြင့် ပြန်လိုက်သွားသင့်တယ်"

"မလိုက်ဘူးဆိုရင်ကော"

ထွန်းနေနွယ်က ပခုံးတွန့်ပြသည်။ ထို့နောက် ဘာမျှမပြောဘဲ တောင်ခြေသို့ ရှေ့မှဆင်းခဲ့သည်။ လေးလေးမြင့်လည်း လိုလို နောက်မှလိုက်သွားလေတော့သည်။

"ဒီမှာ ကိုထွန်းနေနွယ် ကျွန်မ နှစ်ကြိမ်နှစ်ခါ အသက်ဘေးကြုံရတာဟာ မတော်တဆတွေ မဟုတ်လားဟင်"

"ကျုပ် ဘယ်လိုသိနိုင်မလဲ မလေးလေးမြင့်"

"ကျွန်မ အသက်ဘေးကြုံတိုင်း ကိုထွန်းနေနွယ် ကယ်တင်ရှင်အဖြစ်နဲ့ ရောက်လာတာလည်း နှစ်ကြိမ်နှစ်ခါရှိပြီလေ"

"တိုက်ဆိုင်မှုပါ မလေးလေးမြင့်၊ အဲဒါကို ကျုပ်က မလေးလေးမြင့်အတွက် တွေးပူနေတာ၊ နောက်တစ်ကြိမ်များ မတော်တဆ ဖြစ်ခဲ့ရင် ကျုပ်က တိုက်တိုက်ဆိုင်ဆိုင် ကယ်နိုင်ပါဦးမလားလို့"

"ရပါတယ် ကိုထွန်းနေနွယ်၊ အခု ပထမအကြိမ်နဲ့ ဒုတိယအကြိမ် ကယ်တင်ခဲ့တာကိုပဲ ကျွန်မ ကျေးဇူးအများကြီးတင်ပါတယ်၊ တတိယအကြိမ် ဖြစ်လာလဲ ကျွန်မကုသိုလ်ပေါ့"

ထွန်းနေနွယ်က ဘာမှပြန်မပြောသေးဘဲ ရပ်လိုက်ဖြင့် လေးလေးမြင့်လည်း ရပ်လိုက်သည်။

"ခင်ဗျား အိမ်ကြီးဆီကို ပြန်သွားတတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ခုနတောင်ပေါ်ကို တက်လာတုန်းက တခြားလမ်းကလေ၊ အဲဒီကလိမ့်ကျတာက တခြားဘက်ကိုဖြစ်နေတော့ ခုနဘောင်ကုန်းလေးပေါ်ပြန်တက်ရမယ်၊ တောင်ကုန်းပေါ်ရောက်မှ ပထမတက်ခဲ့တဲ့ နေရာရှာပြီး ပြန်ဆင်းမယ်၊ အဲဒီကမှတစ်ဆင့် စမ်းချောင်းလေးအတိုင်း လျှောက်လိုက်ရင် အိမ်ကြီးဆီသွားတဲ့လမ်း ပြန်ရောက်သွားနိုင်တယ် မဟုတ်လား"

"အဲဒီလို မသွားနဲ့တော့ ရှည်သေးတယ်၊ လူပြတ်တယ်၊ လူလူချင်း အန္တရာယ်မရှိတောင် တောသက်တို့ တခြားတောကောင်ပဲ့နဲ့တွေ့ရင် တွေ့နိုင်တယ်၊ ကျုပ်ဖြတ်လမ်းက လိုက်ပို့ပေးမယ်"

"တတိယအကြိမ်မြောက် ကျေးဇူးတင်ပါတယ် ကိုထွန်းနေနွယ်"

ထွန်းနေနွယ်က တုံ့ပြန်စကားမဆို။ ရှေ့ရှုမှဆက်လျှောက်သည်။ လေးလေးမြင့်က နောက်မှလိုက်လာသည်။

အမှန်တော့ လေးလေးမြင့် ပြောလိုက်ပုံမှာ ခနဲ့သံပါနေသည်။ ခနဲ့သောစိတ်နှင့် ပြောလိုက်ခြင်းလည်း ဖြစ်ပါသေး၏။

လေးလေးမြင့် စိတ်ထဲတွင် ထွန်းနေနွယ်သည် ရုပ်ရှင်ထဲကလို၊ ဇာတ်ပွဲထဲကလို မင်းသမီးဒုက္ခအရောက်တွင် ကယ်တင်လိုက်ပြီး ကျေးဇူးအတင်ခံကာ နောက်ဆုံး ချစ်ကြလေသတည်းဖြစ်အောင် ဖန်တီးလေသလားဟူ၍ ပေါက်ကရပင် တွေးလိုက်မိသေးသည်။



ဒါဆိုလျှင် သူမ နှစ်ကြိမ်တိုင်တိုင် တွေ့လိုက်ရသော အသက်ဘေးတို့မှာ ကယ်တင်ရှင်အဖြစ် ကျေးဇူးတင်ခံလိုသော ထွန်းနေနွယ်ကပင် အကွက်ထွင်လိုက်သည်များလား။

"ဟယ် ... မဟုတ်က ဟုတ်က ..."

www.burmeseclassic.com

www.burmeseclassic.com



(၈)

အမည်မသိ လူနှစ်ဦးတို့ တစ်ဦးကတစ်ဦးအား ခြိမ်းခြောက်ငွေညှစ်နေသည့်ကိစ္စကို ဒေါ်လေးကေသီသို့ ပြောပြသင့်သည်ဟု လေးလေးမြင့် မှတ်ယူခဲ့သည်။

မပြော၍မဖြစ်။ သူတို့နှစ်ဦး ပြောဆိုသံကို လေးလေးမြင့် ကြားသွားသည်ဟု ထင်သောကြောင့် သူမအား တောင်ပေါ်မှ ရိုက်နှက်တွန်းချခဲ့သည် မဟုတ်ပါလေလော။

အင်မတန် တိုတောင်းသော အချိန်ကာလအတွင်းမှာပင် သစ်စခန်း၌ သူမအဖို့ သေဘေးကြုံရသည်မှာ နှစ်ကြိမ်ရှိပြီ။ ကိုထွန်းနေနွယ်ကလည်း သူမအား ရန်ကုန်ပြန်ရန် ဇွတ်တိုက်တွန်းနေသည်။

ဤကိစ္စအားလုံးသည် တစ်ခုနှင့်တစ်ခု ကွင်းဆက်တွေများ ဖြစ်နေမလားဆိုသည်ကို ဉာဏ်နေတတ်သိ ဒေါ်လေးကေသီအားလုံးသိသွားလျှင် ကွင်းဆက်နိုင်သချွေ, ဆက်နိုင်ပေမည်၊



းဆက်နိုင်သည် ဆိုကတည်းက ဒေါ်လေးကေသီတွင် ရင်ဆိုင်ရသော ပြဿနာတွေ၏ အစအနကို ကောက်ယူနိုင်လောက်ည်။

အိမ်ကြီးကို လှမ်းမြင်နေရသော နေရာရောက်သည် ထွန်းနေနွယ်သည် လေးလေးမြင့်အား နှုတ်ပင်မဆက်ဘဲ သူ့င်နန်းရှိရာသို့ ထွက်သွားသည်။

လေးလေးမြင့်ကလည်း သူ့ မနှုတ်ဆက်ချင်နေပေါ့ဟု ိုက် နေလိုက်သည်။ အိမ်ကြီးကို မြင်နေရမှတော့ ဘေးကင်းကင်း ပြန်ရောက်ပြီပဲဟာ။

သူ့ရွဲ့၍ ကိုယ့်ရဲ့စိတ်ကလေးသာ ထားရပါ၏။ ကာစေ ဘယ်လိုလုကြီးမှန်းလဲ မသိဘူးဆိုသည့် အတွေးမျိုးလေး၊ းနေနွယ်နှင့် ပတ်သက်ပြီး လေးလေးမြင့် မတွေးဘဲ မနေနိုင်။

ကြည့်လေ၊ လာလမ်းအတိုင်း တစ်ယောက်တည်းလေလျှင် လေးလေးမြင့်တွင် ဘေးကောင်တွေ၊ ဘေးဝက်တွေ ရာယ်ရှိနိုင်သည်ဟူ၍ရတော့ သူက ပူပင်စိတ်ထားလိုက်သေးည်။

နောက်ပြီး စဉ်းစားစရာတစ်ခုလည်း ရှိလာပြန်သည်။ င်ပေါ်က လူနှစ်ယောက် အကြောင်းကိုပင် ဒီလူကြီး ကိုထွန်းနွယ် သိများသိနေသလားလည်း မပြောတတ်။ လေးလေးမြင့် ယောက်တည်းသာ ပြန်ခဲ့လျှင် တောင်ပေါ်မှလူနှစ်ယောက်သည် ကို၏ စကားတွေ လေးလေးမြင့် ကြားသွားပြီဆိုပြီး လာလမ်း းလေးမြင့်ကို နှုတ်ပိတ်ချင် ပိတ်ကြမည်။ ဒီအချက်ကို သိ

www.burmeseclassic.com

www.burmeseclassic.com



နေလို့များ တမင်တကာ အိမ်ကြီးအနီး ဘေးကင်းရာရောက်သည်အထိ သူလိုက်ပို့ခြင်းပေပဲလား။

အဲမာမင်း ... ရန်ကုန်မြို့တွင် ဦးနှောက်တစ်ခါမျှ မခြောက်ခဲ့ရဖူးသော ကိစ္စမျိုးတွေ့ သစ်စခန်းရောက်၍ နှစ်ဆယ့်လေးနာရီတင်းတင်း မပြည့်မီမှာပင် ဦးနှောက် အပြုံလိုက် အတန်လိုက် ခြောက်နေရပါပကော။

အိမ်ကြီးဆီ ပြန်အရောက်တွင် ဒေါ်လေးကေသီကို လေးလေးမြင့် ရှာဖွေတော့သည်။

"ဩော် ... ဒေါ်လေးကေသီခမျာ သနားစရာ"

ဝရန်တာအရှေ့အစွန်းတွင် ဒေါ်လေးကေသီသည် ကြိမ်ထိုးပက်လက်ကုလားထိုင်ပေါ်၌ ပုံ့ပုံ့လေး အိပ်ပျော်နေရှာသည်။

ဒေါ်လေးကေသီ၏ ရင်ဘတ်ပေါ်တွင် မှောက်လက်စာအုပ်လေးတစ်အုပ် မှောက်လျက်သား အပ်ထားသည်။ အိပ်ပျော်မီ ဒေါ်လေးကေသီသည် စာဖတ်ခဲ့ရှာသည်။

စာအုပ်မှာ "ခမ္ဘစကြာ" စာအုပ်ဖြစ်နေကြောင်း အဖုံးကိုဖတ်ကြည့်ပြီး သိနိုင်သည်။

လေးလေးမြင့် ကြားဖူးနားဝရှိသည်။ ခမ္ဘစကြာကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ဘေးကင်းသည်။ အန္တရာယ်ကင်းသည်ဟူ၍။

ဒေါ်လေးခမျာ သစ်စခန်းကြီးတွင် ဘေးအန္တရာယ်တွေ ကင်းလိုလှသောကြောင့် အလွတ်အာဂုံ မရရှာသော ခမ္ဘစကြာကို စာအုပ်ကြည့် ရွတ်ဖတ်ခဲ့သည်ပဲ ဖြစ်ရှာပေမည်။



ဒေါ်လေးကိုကြည့်ပြီး လေးလေးမြင့် အတော်လေးပင် ...မကောင်း ဖြစ်သွားသည်။

ဒေါ်လေးကေသီသည် နှလုံးရောဂါသမား။ လင် ...ကျား သေဆုံးသွားရှာသော မုဆိုးမ။ သေဆုံးသွားသော ...လင်၏ ဂုဏ်သိက္ခာ ညှိုးနွမ်းမသွားရလေအောင် သစ်စခန်းနှင့် ...စက်ကြီးကို မိန်းမသားတန်မယ့် ဆက်လက်လုပ်ကိုင်ရင်း ...ကြွေးဆပ်ဖို့ ကြိုးစားနေရှာသူ။

ဒေါ်လေးကေသီအား အညိုသို့မှုအနှောင့်အယှက် ...စေလိုတော့ပဲ လေးလေးမြင့်သည် ခြေကိုဖွဖွလေးနင်းကာ ...မှုတာမှ ဧည့်ခန်းကို ဖြတ်ကျော်ပြီး မီးဖိုခန်းသို့ လျှောက်လာ ...သည်။ မနန်းစိန်အား တတ်နိုင်သလောက် ကူညီရန်ဖြစ်သည်။

သို့သော် ... မနန်းစိန်ကိုပင် မီးဖိုတွင် မတွေ့ရ။ ...ကိုပြုတ်ကြော်လှော် ပြီးစီးသွားဟန်တူသည်။

မစိုးသူဇာနှင့် မရီရီဝင်းတို့ကိုလည်း အိမ်ကြီးတွင် ...တွေ့ရပြန်ပေ။ လေးလေးမြင့်က ထွန်းနေနွယ်နှင့်ခွဲပြီး အိမ်ကြီး ...လာတွင် ရီရီဝင်းလေလား၊ စိုးသူဇာလေလား ဘယ်သူမှန်း ...မသိ၊ ငှဝါရောင်ဝတ်စုံဖြင့် အခြားတစ်ဘက်သို့ ထွက်သွား ...ကို ကျောဘက်မှ လေးလေးမြင့် မြင်လိုက်သည်။ နံနက်စာ ...င်းအတွက် လုပ်ငန်းခွင် အသီးသီးသို့ ရောက်နေသော လင် ...ကျားများဆီသို့ မရီရီဝင်းနှင့် မစိုးသူဇာတို့ ထမင်းချိုင့် ...ပို့လေကြသလား မသိ။

လေးလေးမြင့်သည် သူမ၏ အခန်းထဲသို့သာ ဝင် ...ခဲ့တော့သည်။ ချွေးလေးစို့စို့နှင့်ပင် အိပ်ရာထက်တွင် လှဲချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ စိတ်မော လူမောနှင့် မှေးခနဲ အိပ်ပျော်သွားသည်။

မွန်းလွဲပိုင်းတွင် မီးဖိုဦ မနန်းစိန်နှင့်အတူ ကူညီလုပ်ကိုင်သည်။

မနန်းစိန်သည် အိမ်ကြီးတွင် အလွန်တသီးတခြားနေသူမှန်း လေးလေးမြင့် သိထားသည်။ လူစုနှင့်အတူ ရောနှောနေခြင်းကို မနန်းစိန် တစ်ယောက် ရှောင်ရှားတတ်ပါ၏။

ယခု လေးလေးမြင့်နှင့်မှ မနန်းစိန်သည် ကျေနပ်သောအသွင်တွေ ရှိနေသည်။ သူမကပင် စကားတွေ ဖောင်ဖွဲ့လာပေသည်။

"မလေးလေး အသက်ဘယ်လောက်ရှိပြီလဲဟင်"

"နှစ်ဆယ့်တစ်"

"ဟုတ်လား၊ ကျွန်မစိတ်ထဲ ဆယ့်ရှစ်နှစ်လောက်ပဲ ထင်နေတာ"

"အဲတော့ ... မနန်းစိန်က တို့ကို မြှောက်တယ်ပေါ့"

နှစ်ဦးစလုံး ဟက်ဟက်လေးပင် ရယ်မောကြသည်။ မနန်းစိန်က လေးလေးမြင့် ပြောပုံလေးကို သဘောကျပြီး ရယ်ခြင်းဖြစ်သည်။ လေးလေးမြင့်ကတော့ မိန်းမသားဘာဝ တစ်ဘက်လူက ကိုယ့်အား ငယ်သည်၊ နုသည်ဟု ပြောလေလျှင် သဘောကျမြဲ ဓမ္မတာအတိုင်း သဘောကျ၍ ရယ်မောခြင်းဖြစ်သည်။

ရယ်မောရင်းကပင် မနန်းစိန်သည် ပါးချိုင့်လေးခွက်ဝင်ကာ မီးဖိုလုပ်ငန်းကြောင့် ဆံနုလေးတွေ နဖူးပေါ်ရစ်ဝဲ၍



ကျပြီး ကပိုကရို လှနေပြန်သော လေးလေးမြင့်ကို ငေးကြည့်ပြန်သည်။

"ကျွန်မအသက် နှစ်ဆယ့်နှစ်နှစ်ပါ၊ မလေးလေးမြင့်ထက် တစ်နှစ်ပိုကြီးတယ်ပေါ့လေ၊ ဒါပေမယ့် ကျွန်မအသက်ကဘေးလူအမြင် အစိတ်လောက် ထင်ရတယ်"

"မဟုတ်တာ၊ မနန်းစိန်ကို လေးလေး ပထမဆုံး ဘေးတိုက်အနေအထားနဲ့ ညှော်ခန်းမှာ စတွေ့ကတည်းက မနန်းစိန်ဟာ လေးလေးနဲ့ ရွယ်တူပဲလို့ ထင်ပြီးသားပါ၊ အလကား မနန်းစိန်က စိတ်ဓာတ်ကျနေတယ်"

"လေးလေး ... ဟုတ်လား၊ မလေးလေးက ကျွန်မကို အဒေါ် ဒေါ်ကေသီနဲ့ ပြောတဲ့အတိုင်း ကိုယ့်ကိုယ်ကို လေးလေးလို့ ပြောတယ်နော်"

"အင်းပေါ့၊ လေးလေးစိတ်ထဲမှာ ခင်မင်သွားတဲ့သူတွေဆိုရင် လေးလေးက ကိုယ့်ကိုယ်ကို 'လေးလေး'လို့ပဲ ပြောလိုက်မိရော"

"ဒါဆို မလေးလေး စိတ်ထဲက ကျွန်မကို ခင်မင်လို့ပေါ့နော်"

"အစစ်ပေါ့"

"ဟုတ်မယ်၊ ကျွန်မကိုယ်တိုင်ကလည်း မလေးလေးကို တွေ့တွေ့ချင်း ခင်မိသလိုပဲ၊ အဲဒီနောက် အဒေါ် ဒေါ်ကေသီအတိုင်း သွေးမကြီးတတ်တာရယ်၊ ဖော်ရွေတာရယ်၊ အတန်းအစား မခွဲတာရယ်၊ ကျွန်မနဲ့အတူ ကူညီလုပ်ကိုင်ပေးချင်တဲ့စေတနာမျိုး ရှိတာရယ်တွေကြောင့် အဒေါ်ကို ကျွန်မရင်ထဲက ခင်မင်သလို မလေးလေးကိုလဲ ခင်သွားမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ် ..."

"ဘုရားစူးပေါ့ မလေးလေး"

နှစ်ဦးသား ရယ်မောကြပြန်ပါ၏။

"မလေးလေးက ခုနပြောတယ်၊ ကျွန်မကို ညည့်ခန်းမှာတွေ့ တွေ့ချင်း မလေးလေးနဲ့ သက်တူရွယ်တူပဲလို့ ထင်ပြီးသား ဆိုတာကမှ ကျွန်မကိုတမင်မြှောက်ပြောတာပါနော်၊ ကျွန်မ ပြောတာက မလေးလေးကို မြှောက်ပြောတာ လုံးဝမဟုတ် ဘူး၊ ဘယ်သူပဲဖြစ်ဖြစ် မလေးလေးကို မြင်တဲ့သူတိုင်းဟာ မလေးလေးရဲ့ နုပျိုမှုနဲ့ လှပမှုကို ကျွန်မမြင်တဲ့အတိုင်း မြင်မှာမုချလေ"

"မနန်းစိန်ကို လေးလေးက တမင်မြှောက်ပြောတာ မဟုတ် ရိုးအမှန်ပါ၊ လူတစ်ယောက်ရဲ့ ရောက်ရှိနေတဲ့ အသက်အ တာ မျက်နှာက အရေးအကြောင်းတွေ၊ လည်ပင်းကအရေ ပြား အတင်းအရင်းတွေကို ကြည့်တာနဲ့ သိသာပါတယ် မနန်းစိန်"

မနန်းစိန် ပြုံးသွားသည်။

"ဟုတ်မယ်နော် မလေးလေး၊ မရီရီဝင်းတို့၊ မစိုးသူဇာ ဆိုရင် ဘယ်လောက်ပဲ အကောင်းစားတွေဘတ်ဝတ် မျက်နှာ မှာ အဖိုးတန်တွေ ဘာတွေလိမ်းလိမ်း အဝေးက လှမ်းကြည့် ရင် နုသလိုလို ထင်ရပေမယ့် အနားကပ်ကြည့်တာနဲ့ သူ အသက်ကြီးသွားပြီဆိုတာ သိသာနေသလိုပဲ"

လေးလေးမြင့်က မနန်းစိန်ကို လိုက်လိုက်လျောလျော နှင့် စကားပြောလာသည်ကို ဝမ်းသာမိသည့်ကြားကပင် စကား



ကြိုက်တုန်း မရီရီဝင်းနှင့် မစိုးသူဇာတို့အကြောင်း စူးစမ်းလိုစိတ် ပေါ်လာသည်။

"လေးလေးတောင် စဉ်းစားမိသေးတယ်၊ မရီရီဝင်းနဲ့ မစိုးသူဇာဟာ သစ်စခန်းလို တောကြီးတောင်ကြီးထဲမှာ ဘာလို့များ အရမ်းဝတ် အရမ်းဖြီးလိမ်းနေပါလိမ့်လို့လေ၊ လေးလေး မျက်စိထဲ ဆန်းနေသလားလို့ပါ"

မနန်းစိန်ထံမှ စကားတုံ့ပြန်သံ ထွက်မလာပါလေ။

"အေးပေါ့လေ ... သူတို့မှာက ကိုယ့်လင် ကိုယ့်သားတွေနဲ့ လိုက်နေတာဆိုတော့ ကိုယ့်ယောက်ျားအမြင်မှာ အမြဲလှနေ စေချင်လို့ ဖြစ်မှာပေါ့နော် မနန်းစိန်"

"ဟုတ်ကို မဟုတ်ဘူး၊ သူတို့ ဒီလောက်အလှပြင်နေလို့ တောင် သူတို့ယောက်ျားတွေက မကျေနပ်ကြဘူးလေ၊ ဘယ်ယောက်ျားက ကျေနပ်မှာတဲ့လဲ၊ သူတို့နှစ်ယောက် အလှပြင်ကြတာက ကိုဘခက်ရှေ့မှာ အပြိုင်အဆိုင်လေ"

"ကိုဘခက် ရှေ့မှာ ဟုတ်လား ... မနန်းစိန်"

"အို ... မလေးလေးရယ်၊ ကျွန်မ ဘာတွေပြောနေမှန်း မသိဘူး၊ ဘွာတေးနော် ... ဘွာတေး၊ ကျွန်မ ပြောတာတွေ အဟုတ်မထင်နဲ့၊ ကိုနိုင်လင်းက ကျွန်မကို ပြောထားတယ်၊ ဒီအိမ်ကြီးမှာ လျှာမရှောင်နဲ့တဲ့၊ ကဲ ... မလေးလေး ရေမိုး ချိုးတော့လေ၊ ချက်ပြုတ်လို့ အားလုံးပြီးပြီပဲ၊ ကျန်တာ ကျွန်မ လက်စသတ်လိုက်မယ်"

ဟုတ်လည်း ဟုတ်ပါ၏။ မီးဖိုထဲတွင် ချွေးသံလေးပေါင် လေးလေးမြင့် ကိုယ်တွင် ရွှဲချင်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုး အဝတ်လဲရန် ကိုယ့်အခန်း ကိုယ်ပြန်လာရင်း လေးလေးမြင့်က မနန်းစိန် ပြောသော အချက်နှစ်ချက်ကို စဉ်းစားပြန်သည်။

မရီရီဝင်းနှင့် မစိုးသူဇာသည် ကိုဘခက်ရှေ့တွင် အပြိုင်လုလိုသူများ ဆိုသည်မှာ မည်သို့ အဓိပ္ပာယ် သက်ရောက်လေသတည်း။

နောက်တစ်ချက်မှာ ကိုနိုင်လင်း ဆိုသူက ပြောထားသော စကားကို မနန်းစိန်က အလေးအစား ထားပုံရခြင်းဖြစ်သည်။ ကိုနိုင်လင်း ဆိုသူကို လေးလေးမြင့် မှတ်မိပါ၏။ မြင်းလှည်းပေါ်သို့ သစ်ပင်လဲကျစဉ်က တောထဲက ထွက်လာပြီး ကိုဘခက်နှင့် အခြေအတင်ပြောသော သစ်ခုတ်သစ်လှဲ အလုပ်သမားခေါင်းဆောင်သည် ကိုနိုင်လင်းပင် ဖြစ်တော့သည်။



(၉)

းည့်ခန်းထဲဝယ် ဒေါ်လေးကေသီ ထိုင်နေသည်။

ရေမိုးချိုး သနပ်ခါးရေကျဲ ပွတ်လိမ်းလာခဲ့သော လေးလေးမြင့် ဒေါ်လေးကေသီ၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

ဒေါ်လေးကေသီက လေးလေးမြင့်၏ နူးညံ့သော လက်ဖဝါးလေးကို တယုတယ ဆုပ်ကိုင်လိုက်သည်။

“ဒီနေ့ တစ်နေ့လုံးလိုလိုပဲ ဒေါ်လေးနဲ့ လေးလေးတို့ မဆုံစည်းကြဘူးနော်၊ ခုမှပဲဆုံကြတယ်၊ ဘယ့်နှယ်လဲ တက္ကသိုလ်က ဘွဲ့ယူပြီး တောထဲက ဒီအိမ်ကြီးရဲ့ မီးဖိုထဲဝင်ပြီး လုပ်ကိုင်ပေးနေရတာ သမီး မငြီးငွေ့ဘူးလားဟင်”

“အဲဒီအစွဲအလမ်း ဒေါ်လေးစိတ်ထဲမှာ မထားပါနဲ့ ဒေါ်လေး၊ လူဆိုတာ တစ်နေ့တာ ကုန်သွားရင် ရသင့်တာ သုံးခုထဲက တစ်ခုခုရရင် အမြတ်ပါပဲဒေါ်လေး”

“အင်း ... သမီးစကားက အဆန်းပါလား၊ ဆိုပါဦး၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



နေ့တာမှာ ရသင့်တာ သုံးခုဆိုတာ ဘာလဲတဲ့ကွယ်”

“ပညာရရဲ့လား၊ ဥစ္စာရရဲ့လား၊ ဒါမှမဟုတ် ကုသိုလ်ရရဲ့လားဆိုတဲ့ သုံးခုပေါ့ ဒေါ်လေး၊ လေးလေး ရန်ကုန်မှာ အလုပ်လုပ်နေရင် နေ့စဉ် လခဝင်ငွေ ဥစ္စာ ရတယ်ဆိုတာ မှန်တယ်ပဲထား၊ အခု ဒီအိမ်ကြီးက ဒေါ်လေးနားမှာလာနေပြီး မိဘလို ဒေါ်လေးရဲ့ ဝေယျာဝစ္စတွေ လာလုပ်နေရတာ နေ့စဉ်ကုသိုလ်ရနေသားပဲ မဟုတ်လား၊ ဒီတော့ လေးလေး ဒီမှာ လာနေပေမယ့် အရှုံးမရှိဘူးလေ ဒေါ်လေး”

ဒေါ်လေးကေသီ၏ မျက်နှာကြီး ဝင်းထိန်သွားသည်။ ချစ်ခြင်းမေတ္တာနှင့် ကျေနပ်မှုသင်္ကေတအဖြစ် ဆုပ်ထားသော လေးလေးမြင့်၏ လက်ဖဝါးလေးကိုပင် ဒေါ်လေးကေသီက အားမာန်လေးဖြင့် ဖျစ်ညှစ်လိုက်သေးတော့သည်။

“ဒီနေ့မနက်ပိုင်း လေးလေး လမ်းလျှောက်ရာက ပြန်လာတော့ ဒေါ်လေးဆီ လာသေးတယ်၊ ဝရန်တာ ပက်လက်ကြိမ်ကုလားထိုင်ပေါ်မှာ ဒေါ်လေး အိပ်ပျော်နေတာနဲ့ အိပ်ပါစေဆိုပြီး လေးလေး အခန်းထဲပြန်သွားတာ၊ လေးလေး ပါအိပ်ပျော်သွားပြန်ရောလေ၊ ဒါကြောင့် အခုမှ ဒေါ်လေးနဲ့ ပြန်ဆုံတာ”

“နေဦးသမီးရဲ့၊ လမ်းလျှောက်ထွက်သွားတုန်းက ဒေါ်လေးလဲ အမှတ်တမဲ့ မေ့မေ့လျော့လျော့နဲ့ မပြောလိုက်မိဘူး၊ ဒီသစ်စခန်းက တောထူတယ်၊ လျှိုမြောင်နဲ့ တောင်ကုန်းတွေကလဲ တစ်ခုနဲ့တစ်ခု ခပ်ဆင်ဆင်ရယ်၊ လူစိမ်းဆိုရင် အိမ်ကဂူမှာန်ဆိုတဲ့ ချွေးကြီးကို ခေါ်သွားနော်၊ ဒီကောင်က



လမ်းလဲသိပ်ကျွမ်းတယ်၊ တော်ရုံတန်ရုံ တောကောင်လောက်ဆိုလဲ သူက အရှင်ဝင်ကိုက်ပစ်တာ၊ အားကိုးရတယ်၊ ဒါထက် သမီးလမ်းလျှောက်သွားတာ လမ်းတွေဘာတွေ မမှားပါဘူးနော်၊ ဒါကြောင့် ချောချောမောမော ပြန်ရောက်တာပေါ့”

လေးလေးမြင့်က နံနက်ပိုင်းက တောင်ကုန်းပေါ်တွင် တွေ့ကြုံခဲ့ရသမျှကို ဒေါ်လေးကေသီအား ဖွင့်ပြောလိုက်ရကောင်းလားဟု စိတ်ကူးလိုက်သည်။

ထိုစဉ်မှာပင် အပြင်ဘက်မှ ဝေါခနဲအသံများ ထွက်လာအောင်ပင် မိုးသက်လေပြင်း တိုက်ခတ်သံ ထွက်လာသည်။ ဒေါ်လေးကေသီသည် ပြောလက်စ စကားမှ အပြင်မှမိုးသက်လေပြင်းဆီသို့ အာရုံရောက်သွားသည်။

“အင်း... မိုးသက်လေပြင်းတိုက်ပြီးရင်တော့ မိုးပါလာဦးတော့မှာပေါ့၊ ဒီသစ်စခန်းမှာ မိုးတွင်းဆိုရင် ဒီလိုပဲ၊ ခုတိတ်ခုရွာ၊ ခုငြိမ်၊ ခုလေပြင်းတိုက်နဲ့ စိတ်ပျက်စရာပေါ့လေ၊ နေ့ခင်းကတောင် ပျဉ်းမနားက လူတစ်ယောက် ဖုန်းဆက်ပြီး ဒေါ်လေးရဲ့ သစ်စခန်းလုပ်ငန်းနဲ့ သစ်စက်ကို တစ်သိန်းခွဲပေးမယ် ရောင်းမလားမေးလို့ ရောင်းပစ်ချင်စိတ်တောင် ပေါက်လာမိသေးတယ် လေးလေး”

“တစ်သိန်းခွဲနဲ့ဝယ်တယ် ဟုတ်လား၊ နို့ တကယ်တန်ကြေးကကော ဒေါ်လေး”

“တကယ်ရောင်းမယ်ဆိုရင် ဒေါ်လေး သတ်မှတ်တာကတော့ သုံးသိန်းနဲ့ သုံးသိန်းခွဲကြားလောက်ပဲ၊ တကယ်

www.burmeseclassic.com

www.burmeseclassic.com



တမ်း ဖိပိစီးစီးနဲ့ လုပ်မယ်ဆိုရင် တစ်နှစ်ကို အနည်းဆုံး ငါးသောင်း ခြောက်သောင်းလောက် ကိုယ့်အတွက်ကျန်တယ် သမီး"

"ဒါဆို တစ်သိန်းခွဲနဲ့ ဝယ်ချင်တယ်ဆိုတဲ့လူဟာ သုံးနှစ် လုပ်တာနဲ့ အရင်းကျေပေါ့နော်"

"အင်းပေါ့၊ ဒါပေမယ့် တစ်သိန်းခွဲဆိုတာကတော့ ဈေးနှိမ် လွန်းတယ်"

"ဟုတ်တယ်၊ ဒါ သက်သက်ဈေးနှိမ်တာ၊ ဦးလေးသော်က မရှိတဲ့နောက် ဒေါ်လေးတစ်ယောက်တည်း လုပ်ငန်းမနိုင် မနင်းနဲ့ စိတ်ပျက်နေမှာပဲဆိုတဲ့ တွက်ကိန်းနဲ့ ဈေးနှိမ်တာပဲ ဖြစ်ရမယ်၊ အဲဒီဝယ်မယ့်လူက ပျဉ်းမနားက ဘယ်သူတဲ့လဲ ဒေါ်လေး"

"အဲဒါလဲ အဆန်းပဲ သမီးရဲ့၊ ဒီလူ ဒေါ်လေးဆီကို ဖုန်း ဆက်တာ ဒါပါနဲ့ဆိုရင် သုံးခါရှိပြီ၊ ပထမဆုံး ကိုသော်က ဆုံးပြီးစက တစ်ခါဖုန်းဆက်ပြီး တစ်သိန်းခွဲနဲ့ ရောင်းမလား မေးတယ်၊ မနေ့ကျာ ကိုအေါင်း သေသွားပြီး နှစ်ပတ်လောက် အကြာမှာ ဒုတိယအကြိမ် ဖုန်းဆက်သေးတယ်၊ အခုတစ်ခါ ဆက်ပြန်တယ်၊ ဒေါ်လေးက ဘယ်သူလဲလို့ မေးတာကျ တော့ သူ့ကို ဘယ်သူဘယ်ဝါဆိုတာ အခုသိဖို့ မလိုသေး ပါဘူးတဲ့၊ သစ်စခန်းလုပ်ငန်းနဲ့ သစ်စက်ကို ဒေါ်လေးက ရောင်းမယ်ဆိုမှ သူကိုယ်တိုင် သစ်စခန်းကို လာခဲ့ပါမယ် တဲ့လေ"

"လူကိုက အထက်စီးကြီးနော် ဒေါ်လေး"



"ဒါပေါ့လေ ... လူဆိုတာ အမျိုးမျိုးပေါ့၊ ဒေါ်လေးကလဲ တစ်သိန်းခွဲနဲ့တော့ ဘယ်လိုမှ မရောင်းပါဘူး၊ ဒီသစ်လုပ် ငန်းပါမစ်ရဖို့ရယ်၊ ဒီသစ်စက်ကြီး ဒီမှာတည်ဖို့ရယ်ကို ကိုသော်ကဟာ တပင်တပန်း မနည်းမနောကြီး သက်ဆိုင်ရာ က ခွင့်ပြုချက်ရအောင် အကြိတ်အနယ် ကြိုးစားထားခဲ့ရ တာ၊ ဒေါ်လေးက မတန်ရာတန်ရာနဲ့ ရောင်းလိုက်ရင် တမ လွန်သွားတာ ကိုသော်ကခမျာ ရင်ကျိုးရှာမှာပေါ့ လေးလေး"

ဒေါ်လေးကေသီသည် နှုတ်မှ အဖွင့်အဟ အပြော မဆို နည်းပါးသော်လည်း သူမရင်ထဲတွင် သွားလေသူ ဦးလေး သော်ကအား အမြဲတစေ သတိရ တမ်းတနေကြောင်း လေးလေး မြင့် သတိထားမိရပြန်သည်။

"ဪ ... လေးလေး၊ ဒေါ်လေး အခန်းထဲက အိပ်ရာဘေး စားပွဲပေါ်မှာ ဆေးပုလင်းရှိတယ်၊ သွားယူပေးပါကွယ်၊ သောက်ရေတစ်ခွက်ပါ ခပ်ခဲ့နော်"

လေးလေးမြင့် ထလာခဲ့သည်။ အသင့်တွေ့သော ဆေးပုလင်းကိုယူပြီး စားပွဲလေးပေါ်ရှိ ဖန်ချိုင့်ထဲမှ သောက်ရေကို ဖန်ခွက်ထဲငှဲ့နေစဉ်မှာပင် အိမ်နောက်ဘက်ဆီမှ ဆွဲဆွဲငင်ငင်အူ လိုက်သော ခွေးအူသံတစ်ခု ကြားရတော့သည်။

ဆေးပုလင်းနှင့် ဖန်ခွက်ကိုင်ကာ ဧည့်ခန်းသို့ ပြန် ထွက်အလာတွင် ဧည့်ခန်းထဲသို့ ကိုကျော်ဝင်းမောင်နှင့် စိုးသူဇာ လှိုင်မယား ပြန်ရောက်နေသည်ကို တွေ့ရသည်။

ဒေါ်လေးကေသီအား ဆေးတိုက်နေစဉ်မှာပင် ...ာ ...ာက အူသောခွေးသည် ထပ်မံ၍ အူပြန်သည်။ စိုးသူဇာသည်

www.burmeseclassic.com

www.burmeseclassic.com



ခွေးအူသံကြောင့် သူမ၏ခင်ပွန်း ကိုကျော်ဝင်းမောင်၏လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"အဲဒါ ဘာသံလဲဟင် ကိုကျော်"

"ခွေးအူသံပေါ့ကွ၊ ဂုမ္ဘာန်ကြီးအူသံ နေမှာပေါ့၊ ခင်ဗျားက ဘာဖြစ်နေတာလဲ၊ ခွေးအူသံကြားတာနဲ့ ဘာလို့ ဒီလောက် ချောက်ချားနေတာလဲ"

ကျော်ဝင်းမောင်က စိုးသူဇာ လာဆုပ်သောလက်ကို ဖြေထုတ်လွတ်ချရင်း မျက်နှာတည့် မျက်နှာထားကြီးနှင့် ပြောလိုက်သည်။

"အဲဒီခွေးအူသံကို ကြောက်လို့ပါ ကိုကျော်"

"ကြောက်လို့ ... ဟုတ်လား၊ ဟဲ ... ဟဲ ... ရယ်စရာပါလား ဒေါ်စိုးသူဇာကြီးရဲ့၊ ခင်ဗျား အဲဒီခွေးအူသံ ကြားနေရတဲ့ နောက်ဖေးဘက်ကို မသွားရတာကြာသွားလို့ ကြောက်တာ နေမှာပါ"

လင်မယား စကားအဆင်မပြေ ပြောနေကြသည်ကို ဒေါ်လေးကေသီက မကြားဟန်ဆောင်နေသည်။ ဒါမှမဟုတ် သူတို့လင်မယား ဒီလိုဖြစ်ကြသည်မှာ မထူးဆန်းလေသောကြောင့် ဒေါ်လေးကေသီက မသိကျိုးကျွံ နေလိုက်ခြင်း ဖြစ်ချင်လည်းဖြစ်မည်။

လေးလေးမြင့် သတိထားမိလိုက်သော စကားမှာ နောက်ဖေးဘက်ကို မသွားရတာ ကြာသွားလို့ဆိုသည့် စကားပင် ဖြစ်သည်။ နောက်ဖေးဘက်တွင် ကိုဘခက်၏ သီးသန့်အိမ်လေး ရှိနေသည် မဟုတ်လား။



စိုးသူဇာ၏ ငိုရှိုက်သံ ထွက်လာသည်။ ကိုကျော်ဝင်းမောင်က အပြတ်တင်းမာနေသော်လည်း စိုးသူဇာက ဝမ်းနည်းသည်မှအပ သူမ၏ လင်တော်မောင်ကို စိတ်ဆိုးမာန်ဆိုး ရှိလှပုံမရပါလေ။

ထို့နောက် သူတို့လင်မယား အိမ်ပေါ်ထပ်သို့ တက်သွားကြသည်။

လေးလေးမြင့်က ဖန်ခွက်နှင့် ဆေးပုလင်း ပြန်ထားမှန် နောက်သို့ ခြေလှမ်းလှည့်လိုက်စဉ်မှာပင် ...

ဒေါ်လေးကေသီ၏ အထိတ်တလန့် ပြောသံ ကြားလိုက်ရသဖြင့် ချာခနဲ ဒေါ်လေးကို ပြန်ကြည့်လိုက်သည်။

"ဟယ် ... ဒုက္ခပါပဲ၊ သွားပြန်ပြီ တစ်လက်"

"ဘာဖြစ်လို့လဲ ဒေါ်လေး"

ဒေါ်လေးကေသီ၏ မျက်လုံးအစုံက သေနတ်များ ထားရာစင်ကို စူးစိုက်ကြည့်ရင်း သေနတ်စင်ကိုပင် လက်ညှိုးထိုး ပြနေသည်ကို တွေ့ရသည်။

"တောလိုက် ရိုင်ဖယ်သေနတ်တစ်လက် မရှိတော့ပြန်ဘူး လေးလေး၊ တစ်ယောက်ယောက်ဟာ သေနတ်တစ်လက်ကို တိတ်တိတ်ခိုးယူသွားပြန်ပြီလေ"

"အဲဒီတော့ ဘာဖြစ်လဲ ဒေါ်လေး"

"အလျင်တစ်ခါ သေနတ်ပျောက်သွားတုန်းက မန်နေဂျာ ကိုဒေါင်း သေနတ်မှန်ပြီး သေခဲ့တယ်လေ၊ ဘုရား ... ဘုရား ... မောင်ထွန်းနေနွယ်များ ..."

လေးလေးမြင့် လက်ထဲမှ ရေဖန်ခွက်လေး ချွင်ခနဲ ကြမ်းပြင်သို့ လွတ်ကျသွားသည်။ သစ်သားကြမ်းပြင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်ကလည်း အကောင်းစားလေးဖြစ်နေသည်မို့လား မပြောတတ်၊ ဖန်ခွက်လေး ကွဲသွားခြင်းတော့ မရှိပေ။

လေးလေးမြင့်က ဖန်ခွက်ကလေးကို ပြန်ကောက်ယူပြီး ဒေါ်လေးကေသီ၏ အခန်းဆီသို့ ကမန်းကတန်းပင် လျှောက်သွားရတော့သည်။

ဘာလို့မှန်းမသိ။ လေးလေးမြင့် ရင်တွေတုန်နေသည်။ ယခုနောက်တစ်ကြိမ် ရိုင်ဖယ်သေနတ်တစ်လက် စင်ပေါ်မှ ပျောက်သွားခြင်းသည် ကိုထွန်းနေနွယ် အတွက်များလားဟူသော စကားသည် လေးလေးမြင့်အား ရင်တုန်သွားစေသလား မပြောတတ်။

ဖန်ချိုင့်ထဲမှရေကို ငှဲ့ပြီး လေးလေးမြင့် သောက်လိုက်၏။ စိတ်ကို တည်ငြိမ်အောင် တင်းပြီးမှ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

ဧည့်ခန်းထဲတွင် ကိုကြိုင်းမောင်နှင့် ရီရီဝင်းလည်း ရောက်နေကြပြီ။ အပေါ်ထပ်တက်သွားသော ကိုကျော်ဝင်းမောင်နှင့် စိုးသူဇာလည်း ဘာစိတ်ကူးရသည်မသိ။ အောက်သို့ ပြန်ဆင်းလာကြသည်။

ညစာထမင်းစားချိန်မို့ အလျိုလျို ပြန်ရောက်လာကြခြင်း ဖြစ်မည်။

ထိုစဉ်မှာပင် ဧည့်ခန်းဝင်ပေါက်မှ ကိုထွန်းနေနွယ် တစ်ယောက် ခပ်တည်တည်ပင် ဝင်ရောက်လာသည်ကို လေးလေးမြင့် တွေ့လိုက်ရသည်။

ဟင် ... ဟု အလိုလိုပင် လေးလေးမြင့် အာခေါင်



...ါးစပ်မှ သက်ပြင်းတစ်လုံး ထွက်သွားပါလေ၏။

"လူမစုံသေးဘူးလား ဒေါ်ကေသီ၊ ထမင်းဆာပြီဗျာ၊ ရဲမြင့်နောင် တစ်ယောက်တော့ ကိုဘခက်ဆီကို ထမင်းပို့ပြီးပြီလားပဲ"

ကိုထွန်းနေနွယ်က မန်နေဂျာပီပီ သူ့လူတွေ ထမင်း...းပို့ စုံမစုံလည်း မေးသည်။ သူကိုယ်တိုင်လည်း ဟန်ဆောင်မှု...ကိုဘဲ ထမင်းဆာကြောင်း ဖွင့်ပြောသည်။

ပြောလို့စကားဆုံးရုံ ရှိသေးသည်။ ရဲမြင့်နောင်သည် ...ပူးရှုံးထိုးပုံစံဖြင့် ဧည့်ခန်းထဲ ပြေးမဝင်ရုံတမည် ပျာယီးပျာယာ ...ဝင်ရောက်လာသည်။

"ကိုဘခက်ကြီး တစ်ယောက် သေသွားပြီဗျ၊ သူ့ခေါင်းကို သေနတ်မှန်ပြီး သေတာလေ"

"ဟယ်"

"ဟာ"

"ဟင်"

ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖန်

(၁၀)

တစ်ခန်းလုံး အပ်ကျသံပင် ကြားလောက်အောင် တစ်ခဏ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ ထို့နောက်ဝယ် ...

ကိုဘခက်၏ သတင်းဆိုးကြောင့် ရေနေရသည့်လည်း အဖြစ်ဆိုးသွားသည်မှာ ရီရီဝင်းနှင့် စိုးသူဇာပင် ဖြစ်နေပြန်သည်။

စိုးသူဇာသည် သတင်းဆိုးကို ကြားသည်နှင့် လှေကားဆင်းလာရာမှ အောက်ဆုံးနစ်ထစ်ခန့် အမြင့်ကနေပြီး လှေကားရင်းကြမ်းပြင်အထိ ခွေခေါက် လိမ့်ကျသွားတော့သည်။ သတိလစ်သွားပေသည်။ သတင်းဆိုးကြားကြားချင်း ရှော့ခ်ဖြစ်ပြီး သတိလစ်သွားခြင်းလား။ လှေကားမှအကျတွင် ဒဏ်ကြောင့် သတိလစ်ခြင်းပေလားတော့ မည်သူမျှ အသေအချာ သတိမထားလိုက်မိပါပေ။

ဒီလိုဆိုတော့လည်း ကျော်ဝင်းမောင်မှာ ပျာယာခတ်သွားသည်။ ဇနီး စိုးသူဇာကို အတင်းပွေ့ချီနေပါ၏။



ရီရီဝင်းက တစ်မျိုး။

သတင်းဆိုး ကြားလျှင်ကြားချင်း ရီရီဝင်း၏ မျက်လုံး ...ျင်းသွားသည်။ နှုတ်ခမ်းဝလုံးပုံ ဖြစ်သွားသည်။ ပြီး သူမ၏ ...ကျား ကိုကြိုင်းမောင်ကို လှမ်းကြည့်သည်။ ထို့နောက်တော့ ...း ဟက်ဟက်ပက်ပက် ရယ်မောသည်။ တစ်ခါ အသံကုန် ...က ငိုသည်။ ရီရီဝင်း ကြောင်သွားပြီ။ ကိုကြိုင်းမောင်က ...း၏ ပခုံးကို အတင်းလှုပ်၊ အတင်းယမ်းသည်။ မထူးခြား။ ...ျင်းမောင်က ဆတ်ဆတ်လေး ရီရီဝင်း၏ ပါးပြင်ကို ရိုက်လိုက် ...။

ရီရီဝင်း ငြိမ်သွားသည်။ မျက်လုံးအကြည့် ပြန်မှန် ...။ သူမ၏ယောကျ်ား ကိုကြိုင်းမောင်အား စိုက်ကြည့်ပြီး ...ပ်ီးထိုးကာ ရှင် ... ရှင် ဟုပြောရင်း စကားထစ်နေသေး ...။

"အသက်ပြင်းပြင်း ရှူလိုက်စမ်း ရီရီ"

"ဟုတ်ပြီ၊ နောက်ထပ် ရှူဦး၊ စကားတစ်လုံးမှ မပြော ...။"

ရီရီဝင်း မှုမှန်ပြန်ရောက်သွားသည်။

ကျော်ဝင်းမောင် ပွေ့ထားသော စိုးသူဇာလည်း ...ခ အဲခနဲ အော်ရင်း သတိပြန်ရလာသည်နှင့် အိမ်ပေါ်ထပ်သို့ ...င်းမောင်က ဆွဲခေါ်သွားသည်။

ထွန်းနေနွယ်က နှစ်စုံတွဲလင်မယားကို ကြည့်ရင်း ...ယးစေ့ကို ပွတ်နေသည်။ စိုးသူဇာ သတိလစ်သွားသည်ရော ... ကြောင်တောင်တောင် ဖြစ်သွားသည်ရော ကိုထွန်းနေနွယ်

www.burmeseclassic.com

www.burmeseclassic.com



က ဘာတစ်ခုမှ ဝင်ရောက်ကူညီခြင်းမပြု။ သူတို့လင်မယား၊ တို့လင်တော်မောင်တွေ အသီးသီး ရှိနေသည်မို့ ဝင်ရောက်… ရန် မလိုဟု သဘောပိုက်လေသလား မသိ။

ပြောသာပြောရသည်။ လေးလေးမြင့် ကိုယ်… လည်း ဘာမျှ ဝင်ရောက်ကူညီခြင်း မပြုမိပါလေ။

ကိုဘခက် သေနတ်ပစ်ခံရ၍ သေဆုံးသွားပြီဆို… ကို ကြားလိုက်သည်နှင့် လေးလေးမြင့် ဦးခေါင်းထဲသို့ နံနံ… တောင်ပေါ်တွင် ကြားခဲ့ရသော စကားတို့ကို ပြန်လည်ကြားယောင် နေမိသည်။

"ငွေငါးထောင်မရခင် ကိုယ့်အသက်လေး ထွက်မှား… ထည့်မတွက်တော့ဘူးလား၊ ကိုယ့်ပါးစပ် ရှုံသက်ပန်… သွားမှာကိုလည်း ထည့်တွက်ဦး"

"ဒါတော့ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ပေါ့ကွာ"

ဟုတ်ပေသည်။ ကျားနဲ့ဆင် တွေ့ပြီးသွား… ကိုဘခက် ဇီဝိန်ကြွေသွားပြီ။ အသက်ထွက်သွားပြီ၊ ရှာသ… ပါးစပ်ပိတ်သွားပြီ။ ငွေငါးထောင် ခြိမ်းခြောက်တောင်းသူ… ကိုဘခက်မှလွဲ၍ အခြားမည်သူ ဖြစ်တော့မည်နည်း။

လေးလေးမြင့် နောင်တတွေးလေး တွေးမိ… သည်။ အကယ်၍သာ ချုံပုတ်ထဲမှ လူနှစ်ဦး ငွေညှစ်ခြိမ်းခြော… ပြောစကားများကို အချိန်မီသာ ကိုထွန်းနေနွယ်အား ပြော… လေလျှင် ကိုဘခက် ဤသို့သေချင်မှ သေပေမည်။ ဤအ… လေးလေးမြင့် စိတ်မကောင်း ဖြစ်ရပါ၏။

အို … ကိစ္စတွေက ရှုပ်နေတာ၊ ကိုဘခက် သေ…



…ဘာ ကိုထွန်းနေနွယ်ရဲ့ ပယောဂကော ကင်းပါတယ်လို့ …ယုံကြည်လို့ကော ဖြစ်မလား၊ မြင်းလှည်းကို သစ်ပင်ပိစဥ်က …ပွတ်ထွက်ပြေးသော ကိုဘခက်ကို ကိုထွန်းနေနွယ်က အပြစ် …မျက်ချေစကားဆိုရင်း သူတို့နှစ်ဦး စကားများကြသေးသည်။

…လေးလေးမြင့်ကို လာကြိုသူ ကိုဘခက် လက်မှ ကိုထွန်း …ယ်ကဘာစ်ဆွဲ ခေါ်ယူပြီး အိမ်ကြီးဆီသို့ ပို့ပေးသည်ကိုလည်း …က် မကျေမနပ် ဖြစ်သွားသေးသည်။

လေးလေးမြင့် ဟိုတွေး၊ ဒီတွေး အတွေးပေါင်းစုံတို့ …မှတ်တရက် ရပ်နားလိုက်ရတော့သည်။

အကြောင်းမှု ဒေါ်လေးကေသီမှာ မျက်နှာတွေဖြူဖပ် …ယော် ဖြစ်လာသည်။ သူမကိုယ်ကို မားမားမတ်မတ် မထားနိုင် …သည်နှယ်၊ ကုလားထိုင်တွင် ခြေပစ်လက်ပစ် အနေအထားသို့ …င်းသွားသည်။

ဖျတ်ခနဲပင် လေးလေးမြင့်သည် ဒေါ်လေးကေသီ အနီးသို့ ရောက်သွားသည်။ ယုယုယယ ဖေးမထားလိုက် …၏။

ထွန်းနေနွယ်ကလည်း အခြားအမျိုးသမီး ဘယ်သူ့ …ယ်သူကိုမျှ ဂရုတစိုက် မရှိသော်လည်း ဒေါ်လေးကေသီ အနီး …ချက်ချင်း ရောက်လာကာ လက်ကောက်ဝတ်သွေးစမ်းခြင်း၊ …ပူးကိုယ်ပူစမ်းခြင်းများ ပြုလုပ်သည်။

"ဒေါ်လေးကေသီ ဘာမှမဖြစ်ပါဘူးနော်"

"ရတယ် မောင်ထွန်းနေနွယ်၊ ရုတ်တရက်ဆိုတော့ ရှော့(ခ်) ဖြစ်ချင်သလိုလို ဖြစ်သွားတာပါ၊ ဒါပေမယ့် ဘာမျှမဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရှော့(ခ်)လည်း မဝင်ပါဘူး၊ မောင်ထွန်းနေ့
ဆက်လုပ်စရာရှိတာ ဆက်လုပ်လေ"

ထွန်းနေနွယ်က ယခုမှပင် သတင်းဆိုးယူလ
ရဲမြင့်နောင် ဘက်သို့ လှည့်လိုက်သည်။

"ကဲ ... ဆိုပါဦး ကိုရဲမြင့်နောင်၊ ကိုဘခက်က ဘယ်ပ
ခေါင်းကို သေနတ်မှန်ပြီး သေသွားတယ် ဆိုတာ
သေချာရဲ့လား"

"သေချာရဲ့လား ဟုတ်လား ကိုထွန်းနေနွယ်၊ ခင်ဗျားဟာ
ကျွန်တော်ဟာ သူငယ်နှပ်စားလေး ကျနေတာပဲ"

"လိုရင်းကိုပဲ ပြောပါလေ၊ အခု ကိုဘခက် အလေ
ဘယ်မှာလဲ"

"နောက်ဘက်က သူ့ သီးသန့် အိမ်ကလေးထဲမှာ
ကျွန်တော် အလုပ်သိမ်းပြီးရင် သူ့သီးသန့် အိမ်ရှေ့လပ်
ဖြတ်ပြီး ပြန်လာနေကျပဲဟာ၊ ဒီနေ့ ပြန်အလာမှာ ဂျူ
ကြီးဟာ ကိုဘခက် အိမ်ရှေ့ဝရန်တာပေါ်တက်ပြီး အူ
ကျွန်တော် တွေ့တယ်၊ ဒီကောင်ကြီး ဘာလို့များ ဒီလေ
ဆွဲဆွဲငင်ငင် အူနေပါလိမ့်ဆိုပြီး ကိုဘခက် အိမ်ကို လှ
ကြည့်တော့ အိမ်တံခါးပွင့်နေတာတွေ့တယ်၊ ကျွန်ပေ
အတွက် သိပ်ဆန်းသွားတယ် ကိုထွန်းနေနွယ်"

"ခင်ဗျားအတွက် ဘာလို့ သိပ်ဆန်းသွားရတာတဲ့လဲ"

"ကိုဘခက်ရဲ့အကျင့်က သူရှိရှိ မရှိရှိ အိမ်တံခါး ဘယ်တော့
ဖွင့်မထားဘူး၊ ပိတ်ထားနေကျလေ"

"ဪ ... ဟုတ်တယ်၊ ကိုဘခက်ဆိုတဲ့ ကြာကူလီကောင်



သူ့အိမ်တံခါး ပိတ်ထားပြီး အမြဲတမ်း မဟုတ်တာ တိတ်
တိတ်ခိုးလုပ်လေ့ရှိတဲ့ အကောင်"

ကျော်ဝင်းမောင်က မျက်နှာတင်းတင်း၊ အသံမာမာ
နှင့်ပင် ရဲမြင့်နောင်၏ စကားကို ထောက်ခံပြောရော၊ မကျေမနပ်
ပြောရော ပြောချလိုက်သည်။

စိုးသူဇာက သူမ၏ လင်တော်မောင် ကျော်ဝင်းမောင်
ကို ရီဝေသော မျက်လုံးများဖြင့် လှမ်းကြည့်သည်။

ကိုကြိုင်းမောင်ကလည်း ကျော်ဝင်းမောင် ပြောစကား
ကို သိပ်ဟုတ်တာပေါ့ ဟူသော မျက်နှာပေးဖြင့် ခေါင်းတဆတ်
ဆတ်ညိတ်ပြနေသည်။ ရီရီဝင်းက ပုတ်သင်ညိုလို ခေါင်းညိတ်နေ
သည့် သူမ၏ယောက်ျား ကိုကြိုင်းမောင်ကို မျက်စောင်းထိုးကြည့်
လိုက်ပါ၏။

"ဆက်ပြောပါ ကိုရဲမြင့်နောင်"

"နောက်တစ်ခု သိပ်ဆန်းတာက ကိုဘခက်ဟာ သူ့ကိုယ်
သူ သိပ်အသန့်အပြန့် နေတတ်သူမို့ သူ့အိမ်ပေါ် ခွေးလာ
တာ တစ်စက်လေးမျှ မကြိုက်ဘူး၊ အထူးသဖြင့် ရွံ့ထဲပေရေ
နေတဲ့ ဂုမ္ဘာန်ဆိုရင် သူက သူ့အိမ်ရိပ်တောင် အနင်းမခံဘူး၊
အဲဒီ ဂုမ္ဘာန်ကြီးက သူ့အိမ်ဝရန်တာပေါ်တက်ပြီး စိတ်ရှိ
လက်ရှိ အူနေတာ သိပ်ဆန်းနေတယ်"

"အဲဒီတော့ ခင်ဗျားက အထူးအဆန်းပါလားဆိုပြီး ဝင်
ကြည့်ရော ဆိုပါတော့"

"ဟုတ်ပါတယ်"

"ကဲ ... ခင်ဗျား အထဲမှာတွေ့တဲ့အတိုင်း ဆက်ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘခက် ကြမ်းပေါ်မှာ လဲကျနေတာ ခေါင်းမှာသေနတ်မှန်ထားတယ်"

"ခေါင်းကို တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်တာကော မဖြစ်နိုင်ဘူးလားဗျာ"

"ဟာ ... အသိသာကြီးပဲ၊ ဟက်တက်ကွဲတာမျိုးမှ မဟုတ်တာ၊ အပေါက်ဝိုင်းနဲ့ ဒဏ်ရာမျိုးမို့ သေနတ်မှန်တာလို့ မြင်ရုံနဲ့ သိသာနိုင်တာပေါ့"

"နောက်တော့ကော"

"သူ့ဘောင်းဘီအိတ်တွေ အားလုံးရဲ့ အတွင်းသားပိတ်စတွေ အပြင်ထွက်နေတယ်၊ သူ့အိတ်ထဲက ရှိသမျှတွေကို အိတ်သွန်ယူသွားတဲ့ သဘောပေါ့လေ"

ထွန်းနေနွယ်က ဦးခေါင်းညိတ်သည်။ သစ်စခန်းဝယ်ရှိသမျှလူတွေထဲတွင် ကိုဘခက်သည် ငွေအပေါဆုံးလူ၊ အဖိုးတန်ပစ္စည်း အသုံးဆုံးလူပင် ဖြစ်သည်။ သူ့ဘောင်းဘီအိတ်ထဲတွင် ရာတန်တွေ ထည့်ထားတတ်သည်ကို အနီးကပ်ဓာတ်သိလူတိုင်းက မြင်ဖူးထားကြသည်။ ထို့ကြောင့် လူသတ်သမားသည် ကိုဘခက်ကို သတ်ပြီးနောက် သူ့ဘောင်းဘီအိတ်ထဲမှ ရှိသမျှ ငွေကြေးနှင့်အဖိုးတန်ပစ္စည်းတွေကို ယူသွားပေလိမ့်မည်။

"နေပါဦး ကိုရဲမြင့်နောင်၊ ကိုဘခက်ရဲ့အိမ်ရှေ့တို့ အိမ်ပေါ်တို့မှာ တခြားခြေရာတွေ ဘာတွေ မမြင်ခဲ့ဘူးလား"

"အဲဒီလောက်အထိတော့ အသေးစိတ် ဘယ်ကြည့်ခဲ့နိုင်မှာလဲ ကိုထွန်းနေနွယ်၊ ကိုဘခက် သေနေတာတွေ့တာနဲ့ ကမန်းတကန်း ဒီကို ပြေးလာခဲ့တာပဲ"



ထွန်းနေနွယ်က ခေါင်းညိတ်ပြန်သည်။ အမှန်တော့ လူသတ်သမား၏ ခြေရာကို မတွေ့နိုင်မှန်း ထွန်းနေနွယ် သဘောပေါက်ပြီးသား ဖြစ်ပါ၏။ ဘယ်လောက်နုံသော လူသတ်သမား ဖြစ်စေ သူ၏ ခြေရာလက်ရာတို့ မကျန်ခဲ့အောင် လုပ်ခဲ့ပေမည်။ ထို့ပြင် ယခုလတ်တလော လေပြင်းကျပြီး မိုးသည်းထန်နေသည်။ ခြေရာတွေ ရွံ့ထဲ ဖုံးသွားနိုင်သည်။ ရေမြော သွားနိုင်သည်။

ထွန်းနေနွယ်သည် တယ်လီဖုန်းရှိရာသို့ လာခဲ့သည်။ မြို့သာရဲစခန်းသို့ ကိုဘခက် သေနတ်မှန်၍ သေကြောင်း တိုင်ကြားလိုက်လေသည်။ မြို့သာရဲစခန်းမှ ပြန်ပြောသည်ကို ကြာကြာ နားထောင်နေသည်ကို အားလုံးက စိုက်ကြည့်နေကြသည်။

"ရဲစခန်းက အခုညဘက်လာဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးတဲ့၊ ဒီလောက် မိုးတွေလေတွေကြားမှာ ကားမှောက်နိုင်တယ်၊ ကားနစ်နိုင်တယ်၊ လမ်းပျောက်နိုင်တယ်တဲ့၊ မနက်မှလာမယ်တဲ့၊ သူတို့မရောက်ခင် ကျွန်တော်ကပဲ အားလုံးကွပ်ကဲ ထိန်းသိမ်းထားပေးပါလို့ ပြန်ပြောတယ် ဒေါ်ကေသီ"

"မှန်တယ် မောင်ထွန်းနေနွယ်၊ ဒီအထဲမှာ မောင်ထွန်းနေနွယ်က မန်နေဂျာ အကြီးအကဲပဲ၊ ရဲတွေမလာခင် မောင်ထွန်းနေနွယ် ထိန်းသိမ်းထားသင့်တာ အမှန်ပဲပေါ့"

ထွန်းနေနွယ်သည် ဒေါ်ကေသီထံ ပြန်လျှောက်လာသည်။ ဒေါ်ကေသီ၏ နဖူးပြင်ကို လက်ဝါးအုပ် စမ်းပြန်သည်။ ဤလူတည်လူတင်ကြီးသည် သက်ကြီးရွယ်ကြီး ဒေါ်ကေသီ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ကြင်နာရမှန်းသိသည်။ အခြား အမျိုးသမီးတွေဆို လျှင် မျက်နှာက ဖုတ်လေသည့်ငါးပိ ရှိတယ်မထင်သော ချက်နှာမျိုး။

"အန်တီ နည်းနည်းပါးပါးတော့ စိတ်ချောက်ချားတယ် မောင်ထွန်းနေနွယ်၊ ခုဆို သေနတ်မှန်သေသူဟာ နှစ်ယောက် ဖြစ်သွားပြီ၊ မောင်ထွန်းနေနွယ်လဲ ကိုယ့်ကိုယ်ကို ဂရုစိုက် ပါကွယ်"

"မပူနဲ့ အန်တီ၊ ကျွန်တော်က ငရဲပြည်သွားမယ့်လူပါ၊ သွားပြီဟေ့ဆိုရင် တစ်ယောက်တည်းတော့ မသွားဘူး၊ အဖော်ပါအောင် အရခေါ်သွားမယ် စိတ်ချ"

ထွန်းနေနွယ်က ရယ်မောပြောဆိုလိုက်သည်။ အဓိပ္ပာယ်မှာ လူသတ်သမားက သူ့ကိုသတ်ဖို့ ကြိုးစားပါစေ၊ ယင်းလူသတ်သမားကိုပါ အသေပြန်သတ်နိုင်ရမည် ဆိုသည့် အဓိပ္ပာယ် ဖြစ်ပါ၏။

ထွန်းနေနွယ်က ဒီလူစုကြားတွင် ဒီစကားကို တမင် ဆိုလိုက်ခြင်း ဖြစ်ဟန်တူသည်။ ဒီလူစုထဲမှ တစ်ယောက်ယောက် သည် လူသတ်သမား ဖြစ်နေငြားအံ့၊ ထိုလူသတ်သမားကို ထွန်း နေနွယ်က စိန်ခေါ်လိုက်သော စကားပင်တည်း။

"ကဲ ... ကျွန်တော် ကိုဘခက် အိမ်လေးဆီကို သွားကြည့်ဦး မယ်၊ လာဗျို့ ... ကိုရဲမြင့်နောင်"

ပြောပြောဆိုဆို ထွန်းနေနွယ် ထွက်သွားသည်၊

ကိုကြိုင်းမောင်လည်း ထွန်းနေနွယ်နှင့် ရဲမြင့်နောင် နောက်မှ လိုက်သွားပေသည်။



ထွန်းနေနွယ်ရော၊ လင်တော်မောင် ကိုကြိုင်းမောင် ရော ထွက်သွားလေမှ ရီရီဝင်း တစ်စခန်း ထပြန်သည်။

"ဒါ ... လူသတ်မှုတဲ့လား၊ ဘယ်သူက ဘာလို့သတ်ရမှာ လဲ၊ အဲဒီလိုသာ သတ်နေကြမယ်ဆိုရင် တော်ပြီ၊ ကျွန်မလဲ ဒီမှာ မနေချင်တော့ဘူး ကိုကြိုင်းမောင်ကို မြို့ပြန်ပို့ခိုင်းတော့ မယ်"

ဒေါ်ကေသီက ရီရီဝင်းကို ဟန့်တားစကား ဆိုလိုက် သည်၊

"ဘာတွေ လျှောက်ပြောနေတာလဲ ရီရီဝင်း၊ အခုလိုအချိန် မျိုးမှာ ကိုယ်လွတ်ရုန်းထွက်မယ့် စိတ်ကူးမျိုးထက် အချင်း ချင်း ရိုင်းပင်းစိတ်မျိုးထားရင် ပိုမကောင်းဘူးလား၊ ခုန ဆိုရင် စိုးသူဇာ ခများ သတိလစ်သွားတယ်၊ တကယ်ဆို ရီရီဝင်းက စိုးသူဇာကို နေကောင်းသွားအောင် ပြုစုပေးသင့်တဲ့ အခါမျိုးပါ"

"စိုးသူဇာကို ပြုစုရမယ်၊ ဟုတ်လား"

ရီရီဝင်းက အိမ်ပေါ်ထပ်သို့ တစ်ချက်မော့ကြည့်လိုက် သေးသည်။ ပြီးမှ သူမ၏စကားကို ပြန်ဆက်သည်။

"ဟေးဟေး၊ ဒီမိန်းမမျိုးကို တစ်သက်လုံး မပြုစုပေးဘူးမှတ်၊ ဟင်း ... ကိုဘခက်သေတာဟာ စိုးသူဇာ ပယောဂ အများ ကြီးပါနိုင်တယ်၊ ဒါကြောင့် ကိုဘခက် သေပြီ ကြားတာနဲ့ သူ သတိလစ်သွားတာ၊ နောက်ပြီး သူ့ယောက်ျားကိုကျော် ဝင်းမောင် ဒီနေ့ အိမ်ပြန်လာတာ နေ့ကောက်ကျနေတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ကရာ ဘောက်သောက်တွေ လျှောက်ပြောမနေနဲ့ ရီရီဝင်း၊ အခုဟာက လူ့သတ်မှု သိလား၊ စကားနောက် တရားပါကုန်ရင် မကောင်းပါဘူးကွယ်၊ နောက်ပြီး အိန်တီ သတိထားမိသလောက်ဆိုရင် ဂုမ္ဘာန်ကြီး အူသံပေါ်လာတဲ့ အချိန်မှာ မောင်ကျော်ဝင်းမောင်က ဒီအိမ်ကြီးထဲရောက်နေ ပြီကွယ့်၊ နောက်ကျပြီးမှ ရောက်လာကြတာက မောင်ကြိုင်း မောင်ရော၊ မောင်ထွန်းနေနွယ်ရောပဲလေ"

"အိုး ... ကျွန်မယောက်ျား ကိုကြိုင်းမောင် အလုပ်ကပြန်တဲ့ လမ်းဟာ ကိုဘခက်အိမ်နဲ့ တခြားစီပါ၊ တောင်နဲ့မြောက် ပါ"

"အင်းလေ၊ ဒါကြောင့် ဘယ်သူ့ ဘယ်သူကိုမှ ထင်ကြေး စကားတွေ၊ ယိုးစွတ်စကားတွေ မပြောနဲ့ပေါ့၊ တရားကို နတ်လဲစောင့်တယ်၊ ဥပဒေကလဲ စောင့်ပါတယ်ကွယ်၊ တစ်နေ့ကျ အမှန်ပေါ်လာမှာပဲဟာ"

အခန်းထဲတွင် ဒေါ်ကေသီ၊ လေးလေးမြင့်နှင့် ရီရီဝင်း သုံးဦးသာ ကျန်ခဲ့သည်။

ထိုစဉ် အပေါ်ထပ်လှေကားထစ်မှ ဆင်းလာသော ခြေသံ ကြားသဖြင့် သုံးဦးသား လှေကားဆီသို့ လှမ်းကြည့်သည်။

စိုးသူဇာ ဆင်းလာခြင်း ဖြစ်သည်။ ဒေါ်ကေသီက စိုးသူဇာအား ကရုဏာသံဖြင့် ပြောလိုက်သည်။

"စိုးသူဇာ အိပ်ရာထဲမှာပဲ နားနေပါလား"

"ဟင့်အင်း၊ ကျွန်မတစ်ယောက်တည်း အပေါ်ထပ်မှာ မနေချင်ဘူး၊ ကြောက်လဲကြောက်လို့ပါ"



"နို့ မောင်ကျော်ဝင်းမောင်က ဘယ်သွားလို့လဲ၊ တက်သွား ကြတုန်းက အတူတူ မဟုတ်လား"

"ဟိုလူတွေ သွားတဲ့နောက် ကိုကျော် လိုက်သွားတယ်လေ၊ သူတို့ကို မိအောင်ဆိုပြီး နောက်ဘက်လှေကားက ဆင်း လိုက်သွားတာ"

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ပွင့်နေသော တံခါးဝမှာပင် ထွန်းနေနွယ်သည် သူ၏မိုးကာအင်္ကျီကိုချွတ်ပြီး ဝရန်တာတန်းတွင် လွှားတင်ထားလိုက်သည်။

လေနှင့်မိုး သည်းထန်လွန်းလှသည်။ မိုးကာအသားမှ စိမ့်ပြီး အတွင်းအင်္ကျီမှာပင် စိုထိုင်းထိုင်း ဖြစ်နေပါ၏။

ရဲမြင့်နောင်ကလည်း သူ၏မိုးကာကို ချွတ်လွှားပြီး အထဲသို့ဝင်ရန် ဟန်ပြင်လေသည်။

"နေဦး ကိုရဲမြင့်နောင် ဘာမှသွားမလုပ်နဲ့၊ ရဲတွေလာတဲ့ အထိ ခြေရာမပျက် လက်ရာမပျက် ရှိနေဖို့ လိုမယ်"

ရဲမြင့်နောင်က ပခုံးတွန့်လိုက်သည်။ ထွန်းနေနွယ်က အရာရာတွင် မန်နေဂျာပါဝါ ပြလွန်းသည်ဟု ထင်ရှိပြီး မခို့တရို ပခုံးတွန့်ပြလိုက်ခြင်း ဖြစ်သည်။

ထွန်းနေနွယ်က ဂရုမစိုက်။ သူသိချင်တာတွေကို ဆက်မေးသည်။



"ဒီမယ် ကိုရဲမြင့်နောင်၊ ခင်ဗျား ကိုဘခက်ရဲ့အလောင်းကို တွေ့တွေ့ချင်း ဘာလုပ်ခဲ့သလဲ၊ ဒီအိမ်ထဲမှာ ဘယ်နေရာတွေ ခင်ဗျား သွားခဲ့သလဲ၊ ဘာပစ္စည်းတွေကိုကော ကိုင်ခဲ့သေးသလဲ"

"ဘာဆိုဘာမှ မလုပ်ဘူး၊ အပေါက်ဝက ရပ်ကြည့်တယ်၊ အကြာကြီးကို ရပ်ကြည့်တယ်၊ ကိုဘခက် သေနေပြီမှန်း သေချာတာနဲ့ ဘာအကူအညီမှ ပေးစရာမလိုတော့ဘူးဆိုပြီး တစ်ကြိုးတည်း အိမ်ကြီးဆီ လစ်လာခဲ့တာပဲ"

ထိုစဉ်မှာပင် ကိုကြိုင်းမောင်နှင့် ကိုကျော်ဝင်းမောင် ...ို့ ရောက်လာကြသည်။

သူတို့သည် အိမ်ထဲဝင်ကြသည်။ ကိုဘခက်၏ ...လောင်းကို ထွန်းနေနွယ်က ဟန့်တားထားသဖြင့် ကိုင်တွယ်ခြင်း ...ကမျှတော့ မလုပ်။ ဟိုပစ္စည်းကိုင်၊ ဒီပစ္စည်းကိုင်မျိုးလည်းမလုပ်။

"အဲဒီတော့ ကျုပ်တို့ ဘာလုပ်ကြမလဲ ကိုထွန်းနေနွယ်"

"ရဲတွေမလာခင် ဒီအိမ်တံခါး သော့ခတ်ထားပြီး အလောင်းကို ဒီအတိုင်းပဲ ထားရမှာပဲ၊ ခင်ဗျားတို့အားလုံး လုပ်ရမှာကတော့ ကိုယ့်အဆိုင်းမှာ လုပ်နေတဲ့ ကိုယ့်အလုပ်သမားတွေကို တစ်ယောက်ချင်း စစ်မေးဗျာ၊ နောက်ပြီး ခင်ဗျားတို့ အလုပ်သမားတွေရဲ့ လှုပ်ရှားမှုကို အကဲခတ်ပေးပါ၊ ရဲတွေ ရောက်မလာခင် ထူးခြားမှုတစ်ခုခုတွေ့ရင် ကျုပ်ကို ပြောပြ၊ ရဲတွေလာပြီးမှ တွေ့တာတွေဟော့ ရဲကိုပဲ ပြောပြပေါ့ဗျာ၊ ကဲ ... သွားကြမယ်၊ ကျုပ် ဒီအိမ်တံခါးကိုသော့ခတ်ပစ်ခဲ့ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကြိုင်းမောင်၊ ကိုကျော်ဝင်းမောင်နှင့် ရဲမြင့်နောင်တို့ အိမ်ထဲမှ အိမ်ပြင်ထွက်သွားကြသည်။

သူတို့သုံးဦးစလုံးသည် ထွန်းနေနွယ်ကိုပင် မဆောင့်။ သူတို့မိုးကာအင်္ကျီတွေ ပြန်ဝတ်ပြီး အိမ်လေးမှ ထွက်ခွာသွားကြသည်။ သူတို့အားလုံး စိတ်ထဲတွင် ထွန်းနေနွယ်အား ဒေါ်ကေသီကမန်နေဂျာဒါရိုက်တာ ခန့်၍သော အောင့်သက်သက်ခံနေရသည်၊ ကျေတော့ မကျေနပ်လှဟုသော အသွင်တွေ အသီးသီးတွင် ရှိနေကြကြောင်း သိသာလှသည်။

ထွန်းနေနွယ်ကလည်း သူ့အကြံနှင့်သူ။

ဒီလူတွေကို တစ်ယောက်မျှ မယုံကြည်။ သစ်စခန်းတွင် ပြဿနာကို ဖန်တီးနေသူသည် ဤလူတွေပင် ဖြစ်ရမည်၊ သို့မဟုတ် ဤလူတွေထဲမှ တစ်ယောက်ယောက် ဖြစ်ရမည်ဟု အထင်ရှိသည်မှာ ရောက်စကတည်းက။

သူတို့အားလုံး ထွက်ခွာသွားပြီးမှ ထွန်းနေနွယ်သည် တစ်စုံတစ်ခု ထူးထူးခြားခြား တွေ့လိုတွေ့ငြား ဟူသော စိတ်၏ လှုံ့ဆော်ချက်ဖြင့် ကိုဘခက်၏ အလောင်းဘေးတွင် ပြန်ထိုင်သည်။ ပြီး ... အလောင်းကို မှောက်လှက်မှ ပက်လက်လှန်လိုက်သည်။

"ဟိုက် ..."

ကိုဘခက် အလောင်းဘေး မြင်သာ တွေ့သာရသာ နေရာမှ တံဆိပ်တစ်ခု တွေ့လိုက်ရသည်။ ယင်းတံဆိပ်ကို ထွန်းနေနွယ် ကောက်ယူကြည့်လိုက်သည်။

ကျပ်ဒင်္ဂါးဝိုင်းခန့် လည်ဆွဲငွေတံဆိပ် ဖြစ်ပါ၏၊



လူတစ်ယောက် သေနတ်ပစ်နေသော ရုပ်လုံးထွင်းပုံ ပါရှိပေသည်။

ထွန်းနေနွယ် သေချာစဉ်းစားသည်။ စောစောကတည်းက မီမီ ရောက်ရောက်ချင်း ကိုဘခက် အလောင်းနှင့်ဘေးပတ်ဝိုက်ကို သေချာ ဂရုတစိုက် ကြည့်မိသည်။ ဘာတံဆိပ်မျှမရှိ။ ကိုကြိုင်းမောင်၊ ကျော်ဝင်းမောင်နှင့် ရဲမြင့်နောင်တို့ ဆုံမိပြီး အထဲဝင်လာပြီးလေမှ ဤတံဆိပ် အလောင်းဘေးတွင် တွေ့ရခြင်းဖြစ်သည်။

သူတို့သုံးဦးအနက်မှ တစ်ဦးဦးသည် အလောင်းဘေးတွင် ဤတံဆိပ်ကို အလစ်ချသွားခြင်း ဖြစ်သည်မှာ သေချာသည်။ ..သဘောပေါ်လိမ့်။

တံဆိပ်ကို သူ့နေရာအတိုင်း ပြန်ထားသည်။ အလောင်းကိုလည်း သူ့နဂိုအတိုင်း မှောက်လျက် ပြန်ထားသည်။

ချက်ချင်းပင် ထွန်းနေနွယ်သည် တံဆိပ်ကို ပြန်ကောက်ယူကာ သူ၏ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

နဂိုက မရှိပါဘဲလျက် လူသုံးဦး အိမ်ထဲဝင်ရောက်မှ တစ်ဦးဦး ချထားခဲ့သော တံဆိပ်သည် ရဲတွေတွေ့သွားလျှင် အမှုပိုရှုပ်ထွေးသွားစေနိုင်သည်။ အမှုမှန်ကို စုံစမ်းရာ၌ ..ယွင်းသော အယူအဆတွေ ဤတံဆိပ်ကြောင့် ဝင်သွားနိုင်၏။

ထို့ကြောင့် ခုလကမရှိသော တံဆိပ်ကို ထွန်းနေနွယ် ..မူလအတိုင်း ဖြစ်စေရန် ကောက်ယူသိမ်းထားလိုက်ခြင်း ဖြစ်..သည်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေနွယ်သည် အိမ်ကြီးဆီသို့ပင် တန်းတန်းမတ်မတ် ပြန်ခဲ့သည်။

တာဝန်ခံသုံးဦးကတော့ ထွန်းနေနွယ်၏ ညွှန်ကြားချက်အတိုင်း သူတို့အလုပ်သမားတွေထံ အကဲခတ်စစ်ဆေးမှုပြုရန် သွားနေကြပုံရသည်။

ဒေါ်ကေသီက အကျိုးအကြောင်း ဘာတူးလေးညည်နည်းဆိုသည့် စိတ်ဖြင့် အိမ်ကြီး၏ ဧည့်ခန်းမှာပင် စောင့်နေ၏။ လေးလေးမြင့်၊ ရီရီဝင်းနှင့် စိုးသူဇာတို့လည်း အလားတူပင်။ ဧည့်ခန်းထဲတွင် ရှိမြဲရှိနေကြပါ၏။

"လူသတ်မှုဆိုတာတော့ သေချာတယ်၊ ဒေါ်ကေသီ၊ လူသတ်လက်နက်ကိုတော့ မတွေ့ရသေးဘူးပေါ့လေ"

"ဘာလို့သတ်တာလဲ၊ လုယက်မှုပဲလား"

"အဲဒီလိုထင်အောင် ဖန်တီးသွားတာလို့ပဲ ကျွန်တော်ထင်တယ်လေ"

အားလုံးငြိမ်သက်စွာပင် နားထောင်နေကြသည်။ ရင်ထဲအသီးသီးတွင် ထိတ်လန့်စိုးရွံ့မှုလေးတွေလည်း ခံစားနေကြရသည်။ လူသတ်သမားသည် လူသတ်လက်နက်နှင့်အတူ လွတ်မြောက်နေဆဲ မဟုတ်လား။

လူသတ်သမားသည် နောက်ထပ်မည်သူ့ကို မည်သည့်အချိန်တွင် သတ်လေဦးမည်လည်းဆိုသည်မှာ တွေးကြောက်စရာပင်။

ဒေါ်ကေသီက ထွန်းနေနွယ်အား ငေးကြည့်လျက်ပင်ရှိနေသည်။ ထွန်းနေနွယ်၏ မျက်နှာအမူအရာသည် တစ်စုံ



ကို အလေးအနက် စဉ်းစားနေသည်ဟု ဒေါ်ကေသီ ထင်ကြောင်းပင်။

"ပြောစရာရှိရင် ပြောကွယ်၊ မောင်ထွန်းနေနွယ်ကို ကြည့်ရတာ သိပ်လေးနက်နေသလားလို့"

"ဟုတ်တယ် ဒေါ်ကေသီ၊ ကိုဘခက်ရဲ့ ဘောင်းဘီအိတ်တွေ အပြင်ဘက် ထွက်နေပုံကို ကြည့်ရင် လူသတ်သမားက အိတ်ထဲက ငွေတွေ ပစ္စည်းတွေ ယူသွားတယ်လို့ ထင်စရာပဲ၊ ဒါပေမယ့် သူ့အခန်းထဲက ဗီရိုတွေ၊ စားပွဲအံဆွဲတွေ၊ အိပ်ရာခေါင်းအုံးတွေဟာ ဘာမှ လက်ရာမပျက်ဘူး။ အဲဒီတွေထဲမှာ ရှာဖွေထားတဲ့ လက္ခဏာ လုံးဝမရှိဘူး"

"ဘခက်က လူကြွားပဲကွယ်၊ ငွေစက္ကူတွေ သူ့အိတ်ထဲ ယူထားတာကိုသာ လူသတ်သမားက သိထားလို့နေမှာပေါ့"

ထွန်းနေနွယ်က ခေါင်းယမ်းသည်။

"ဘောင်းဘီအိတ်တွေထဲမှာ ထည့်ထားနိုင်တဲ့ ငွေထက် ကိုဘခက်မှာ အပိုအလျှံရှိပါတယ် ဒေါ်ကေသီ၊ နောက်ပြီး တခြားအဖိုးတန်ပစ္စည်းဆိုတာ ဗီရိုထဲတို့၊ စားပွဲအံဆွဲတို့ ထဲမှာသာ အယ်သူမဆို သိမ်းလေ့ရှိတာမဲ့ မဟုတ်လား"

"ဒါဖြင့် မောင်ထွန်းနေနွယ် ဆိုလိုချင်တာက မောင်ဘခက် အသတ်ခံရတာဟာ လုယက်မှုသက်သက်ကြောင့် မဟုတ်သေးဘူးလို့လား"

"လူသတ်မှုတစ်ခု ကျူးလွန်ပြီဆိုရင် ငွေကိစ္စ၊ အချစ်ကိစ္စ၊

www.burmeseclassic.com

www.burmeseclassic.com



ကလဲ့စားချေလိုတဲ့ ကိစ္စမျိုးတွေ တစ်ခုခု၊ ဒါမှမဟုတ် နှစ်ခု၊ ဒါမှမဟုတ် အားလုံးပါဝင်တဲ့ ရည်ရွယ်ချက်မျိုးနဲ့ ကျူးလွန်တတ်တယ် ဒေါ်ကေသီ၊ အင်း ... ကိုဘခက်ကို ဘာကိစ္စတွေကြောင့် သတ်သွားသလဲဆိုတာ ဆက်ပြီးစူးစမ်းရမှာပဲ၊ စစ်ဆေးရမှာပဲ"

"မှန်တယ် မောင်ထွန်းနေနွယ်၊ အန်တီလဲ မောင်ဘခက်ကို အကဲခတ်နေမိတယ်၊ ဒီလိုတောကြီး တောင်ကြီးထဲမှာ လစဉ်ရနေတဲ့ လစာငွေထက် အများကြီး ပိုလျှံတဲ့ ငွေတွေ မောင်ဘခက် ဘယ်လိုများ ရနေသလဲ ဆိုတာလေ"

"သူ့အတွက် ဒီမှာ ငွေရပေါက်တစ်ခုခု ရှိနေလို့ဖြစ်မှာပေါ့ ဒေါ်ကေသီ"

ဒေါ်ကေသီသည် စကားပြောရင်းကပင် သေနတ်စင်ဆီသို့ မျက်စိရောက်သွားပြန်သည်။ ထို့နောက် ဖြစ်လာမှပေါ့ ဖွင့်ပြောရမည်ဟုလည်း ဆုံးဖြတ်လိုက်သည်။

"ဒီမယ် မောင်ထွန်းနေနွယ်၊ သေနတ်စင်ကို ကြည့်လိုက်ပါဦး၊ သေနတ်တစ်လက် ပျောက်နေပြန်ပြီလေ"

ထွန်းနေနွယ် သေနတ်စင်ကို ဝတ်ကျေဝတ်ကုန်သာ လှမ်းကြည့်သည်။

"ကျွန်တော် ကိုဘခက် သေနတ်ပစ်ခံရတယ်လို့ ကိုရဲပြည့် နောင်က ပြောပြောချင်း သေနတ်စင်ကို သတိထားကြည့် လိုက်မိလို့ ရိုင်ဖယ်တစ်လက် မရှိတော့မှန်း သတိထားမိပြီ ပါပြီ"

"အေးကွယ်၊ ပထမတစ်ကြိမ် သေနတ်တစ်လက် ပျောက်



ဆုံးသွားတုန်းက ကိုဒေါင်း သေနတ်မှန်ပြီး သေခဲ့တယ်၊ အခုတစ်ခါ ပျောက်ပြန်တော့ မောင်ဘခက် သေရပြန်တယ်၊ အန်တီ့ရဲ့ ပေါ့လျော့မှုများ ပါနေပြီလားကွယ်၊ တကယ်ဆို ရင် ဒီသေနတ်တွေ အားလုံးကို အန်တီသိမ်းထားသင့်တယ်၊ လိုအပ်လို့ တောင်းလာမှ ထုတ်ပေးလဲ ရတာပဲမဟုတ်လား၊ အခုတော့ ကိုသော်က ထားခဲ့တဲ့လက်ရာလေးအတိုင်း ရှိနေပါစေဆိုပြီး ထားခဲ့မိလို့"

ထွန်းနေနွယ်က ဒေါ်ကေသီ၏ လက်မောင်းကိုဖွဖွ ဆုပ်ကိုင်လိုက်သည်။

"ကိုယ့်ဟာကိုယ် အပြစ်တင်တာဟာ ကိုယ့်စိတ်ကိုယ် ညှဉ်းဆဲရာရောက်တယ် ဒေါ်ကေသီ၊ ဒေါ်ကေသီရဲ့အမှား မရှိပါဘူး၊ ဒီတောကြီးထဲမှာ တာဝန်ခံတွေ အားလုံးအတွက် သေနတ်ဟာ လိုအပ်ချိန်မှာ အဆင်သင့်ယူနိုင်အောင် ဒီလိုပဲ ထားပေးရမှာပဲ၊ တာဝန်ခံတွေကသာ လုပ်ငန်းမှာ လိုအပ်လို့ သေနတ်ကို သံစ္စာရှိရှိ အသုံးပြုသွားရင် ဘာလူသတ်မှုမှ ဖြစ်စရာမရှိဘူး ဒေါ်ကေသီ၊ အခုတော့ သေနတ်ကို လုပ်ငန်းထက်ပိုပြီး တစ်ယောက်ယောက်က ကိုယ်ရေးကိုယ်တာမှာ သုံးလိုက်တာကိုး"

"ဘာကွယ့်၊ မောင်ထွန်းနေနွယ် ဆိုတာက ဒီတာဝန်ခံတွေထဲက တစ်ယောက်ယောက်ကော ... မဖြစ်နိုင်ဘူးလား"

"ဒါလဲ ဖြစ်နိုင်ပါတယ်၊ သစ်စခန်းမှာ ဖြစ်နိုင်တာတွေ သိပ်များနေတာကိုး၊ ဒါကြောင့် တာဝန်ခံတွေကို သူ့အလုပ်

www.burmeseclassic.com

www.burmeseclassic.com



သမားတွေ သူပြန်စစ်ကြည့်ဖို့လဲ ကျွန်တော် ပြောထား…
ဒါပေမယ့် ဒေါ်ကေသီ ကျွန်တော်က တာဝန်ခံ…
ပြန်စစ်ရဦးမယ်၊ မြို့သာရဲစခန်းမှူးက သူတို့မလာခင်အ…
ရသလောက် စစ်ချက်တွေယူထားနှင့်ပါလို့ ကျွန်တေ…
တာဝန်ပြန်ပေးထားတယ်၊ အခုလောလောဆယ်မှာပဲ…
ရှိနေတဲ့ အမျိုးသမီးတွေဆီက စစ်ချက် ကျွန်တော်…
တယ် ဒေါ်ကေသီ အပါအဝင် သူတို့အားလုံးကို ကျွန်…
စစ်ချက်ယူခွင့်ပေးပါ ဒေါ်ကေသီ"

ရီရီဝင်း ဆတ်ခနဲ ထိုင်ရာမှထသည်။ အလား…
စိုးသူဇာက သူမ၏ ရင်ဘတ်ကို သူမ၏ လက်ဝါးဖြင့် ပုတ်…
သည်။

"ကြီးကြီးကျယ်ကျယ်ရှင် ကျွန်မတို့က ဘာလို့အစစ်ခံ…
လဲ …"

"မန်နေဂျာဆိုတာ မန်နေဂျာ အလုပ်ပဲလုပ်ပေါ့"

ရီရီဝင်းနှင့် စိုးသူဇာ ဆတ်ဆတ်ခါ ပြောသ…
ဒေါ်ကေသီက ငေးကြည့်နေသည်။ ပြီးနောက် ထွန်းနေ…
ဒေါ်ကေသီက မရဲတရဲ ပြန်မေးလိုက်သည်။

"အမျိုးသမီးတွေကို စစ်ဆေးဖို့ လိုအပ်နေလို့လား မော…
နေနွယ်"

"သိပ်ကို လိုအပ်နေပါတယ် ဒေါ်ကေသီ၊ ဘာလို့လဲဆို…
ကိုဘခက်ရဲ့ အလောင်းကို ကျွန်တော် ပက်လက်လှန်…
လိုက်တော့ ကိုဘခက်ရဲ့ မျက်နှာမှာ ကုတ်ရာခြစ်ရာ…
တွေ့ခဲ့တယ်၊ လက်သည်းရှည်ထားတဲ့ အမျိုးသမီးတ…



တစ်ယောက်ဟာ ကိုဘခက် မသေခင် သူ့မျက်နှာကို
ကုတ်ခြစ်သွားလို့ပါပဲ"

အားလုံးသော အမျိုးသမီးတို့သည် ငြိမ်ကျသွားတော့
သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ထွန်းနေနွယ်က အမျိုးသမီးတွေကို အိမ်ကြီးနှင့် တစ်ဆက်တည်းရှိ သူ၏ရုံးခန်းသို့ ခေါ်သွားသည်။

လေးလေးမြင့်အား စစ်မေးရန် စစ်ချက်ရယူဖို့ပလို ကြောင်း ထွန်းနေနွယ်၏ စိတ်ထဲမှ ခံယူထားသည်။

လေးလေးမြင့်သည် မနေ့ကမှ ရောက်လာသော သစ်စခန်း၏ သူစိမ်းပြင်ပြင်သာ ရှိနေသေးသည်။ ဤလူသတ်မှုနှင့် ဘယ်လိုမျှ ပတ်သက်စရာမရှိနိုင်။

မနန်းစိန်ကိုလည်း ထွန်းနေနွယ်က ဘေးဖယ်ထားသည်။ မနန်းစိန်သည် တစ်နေ့လုံး မီးဖိုနှင့် ထမင်းစားခန်းတွင် ရှိနေပြီး အပြင်ထွက်တတ်သူမဟုတ်။

အလားတူပင် ဒေါ်ကေသီကိုလည်း လူသတ်မှုနှင့် မဆိုင်ဟု ထွန်းနေနွယ် ယုံကြည်ထားသည်။

သို့တစေ ဒေါ်ကေသီ ထံမှ စစ်ချက်တော့ ရယူရပေ



မည်။ ဒေါ်ကေသီက လုပ်ငန်းပိုင်ရှင် ဖြစ်နေသည်။ ကိုဘခက်သည် ဒေါ်ကေသီ၏ လခစား တာဝန်ခံမို့ ကိုဘခက်၏ နောက်ကြောင်းရာဇဝင်ကို ဒေါ်ကေသီက မည်မျှအထိ သိရှိထားကြောင်း စုံစမ်းဖို့ လိုအပ်နေသည်။

လေးလေးမြင့်သည် အများနည်းတူ ရုံးခန်းတွင်းသို့ လိုက်ပါခဲ့သည်။ လိုက်ပါရင်းမှပင် တောင်ပေါ်ချုံဖုတ်ထဲ၌ လူနှစ်ဦး ဒွေညှစ်ခြိမ်းခြောက် စကားတွေ အပြန်အလှန် ပြောနေကြသည်ကို ကိုထွန်းနေနွယ်အား ယခု ဖွင့်ပြောလိုက်ရမည်လားဟု ချိန်ဆနေမိသည်။

မဖြစ်သေး။ ရှိရှိဝင်းနှင့် စိုးသူဇာရှေ့တွင် ဖွင့်ပြောယင့်ပါရဲ့လား။ ထို့ပြင် တောင်ပေါ်ချုံဖုတ်ထဲမှ လူနှစ်ဦးဆိုသည်မှာ တစ်ဦးက သေဆုံးသွားသူ ကိုဘခက် ဖြစ်သည်ထားဦး၊ ကျန်တစ်ဦးက မည်သူနည်း။ ယင်းအမည်မသိလူသည် ကိုထွန်းနေနွယ်ကိုယ်တိုင် ဖြစ်နေမလား။ ဒါမှမဟုတ် ယင်းအမည်မသိလူသည် ကိုထွန်းနေနွယ်နှင့် အဆက်အသွယ် အပတ်အသက် တစ်ခုခု ရှိနေလေမည်လား။ ယခု ကိုထွန်းနေနွယ် ကိုယ်တိုင်သည် သူခိုးကလူ့ဟစ်ပုံစံမျိုးဖြင့် လူတွေအားလုံးထံမှ စကားနှိုက်ယူရန် စစ်ဆေးချက်ယူသည်မျိုးများ ဖြစ်နေလေမလား။

အို ... မိမိအနေနှင့် မပြောသေး။ မိမိအား ကိုထွန်းနေနွယ်က စစ်မေးသည့်အလှည့်ကျမှ နှစ်ကိုယ်ကြား ပြောချင်ပြောမည်။ သို့မဟုတ် မြိုင်သာရဲစခန်းမှ သက်ဆိုင်ရာရဲတွေ လာမှ ပြောမည်။

ရုံးခန်းထဲရောက်သော် ထွန်းနေနွယ်က သူ၏စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဝင်ထိုင်သည်။ စစ်ချက်ရေးရန် စာရွက်အလွတ်များ အံ…ထဲမှ ထုတ်ယူသည်။ ဒေါက်တာသီက ထွန်းနေနွယ် လုပ်ကိုင်နေပုံ…ကျေနပ်အားကိုးသော …ကြည့်ဖြင့် ကြည့်ရင်း …

"မောင်ထွန်းနေနွယ်က တာကယ့်ကို တာရားဝင် စစ်ချက်…မှာလားကွယ့်"ဟု မေးလိုက်သည်။

"တကယ့်ကို တရားဝင်ပါပဲ ဒေါက်တာသီ၊ မြို့သာရဲစခန်း…ကိုအောင်မောင်းက သူတို့မလာနိုင်ခင် အမှုပူပူနွေးနွေးမှာ…စစ်ချက်ယူသင့်သူတွေဆီက ယူထားနှင့်ပါလို့ တာဝန်…လိုက်လို့ ဒီလို ကျွန်တော်လုပ်ရတာပါ၊ သဘောကတော့…အစစ်ဆေး ခံရသူထဲမှာ သေသူ ကိုဘခက်နဲ့ ပတ်သက်…ပါရှိနေရင် သူ့အတွက် စဉ်းစားချိန် ဉာဏ်နီဉာဏ်နက်…ထုတ်ချိန်မရခင် စစ်ချက်အရယူတဲ့ သဘောပါ"

"ကောင်းတယ်ကွယ့်၊ အန်တီတို့က စစ်ချက်ကို အမှု…အဝိုင်း ပေးကြတာဟာ ရဲကိုကူညီရာရောက်တယ်၊ အဲ…ဒါပေမယ့် မောင်ထွန်းနေနွယ် အတွက်တော့ အန်တီစိ…မကောင်း ဖြစ်မိတယ်"

"ဘာလို့လဲ ဒေါက်တာသီ"

"ကြည့်ကွယ်၊ သစ်စခန်းနဲ့ သစ်စက်ကြီးရဲ့ လုပ်ငန်းတာဝန်…တွေ ပိနေတဲ့ကြားထဲက အခုလို အမှုစစ်အလုပ်တွေ အ…ကြီးလုပ်ပေးနေရတော့ မောင်ထွန်းနေနွယ်မှာ အပိုတွေတာ…ပင်ပန်းတာပေါ့ကွယ်"

"ရတယ် ဒေါက်တာသီ၊ သစ်စခန်းက အရှုပ်နဲ့ပြဿနာတွေ…ဟာ ဒီလို ထိထိရောက်ရောက် ရှင်းပစ်နိုင်မှ နောက်ပိုင်း…



လုပ်ငန်းတွေမှာ ပိုပြီးလွယ်ကူမယ်၊ ပြဿနာရှင်းမယ်၊ နို့မို့ရင် စွက်ဖုန်းသီးတွေ ဖြစ်နေပြီး ရှုပ်ထွေးသည်ထက်ပို ပြီး ရှုပ်ထွေးလာမယ်"

ပထမဦးစွာ ဒေါက်တာသီထံမှပင် စစ်ချက်ရယူပေသည်။ အဓိကမေးခွန်းမှာ ခွေးကြီးဂုမ္ဘာန် အူချိန်က ဒေါက်တာသီသည် မည်သည့်နေရာတွင် ရှိနေသလဲဆိုသည့် အချက်ပင်။

ဒေါက်တာသီ ကောင်းစွာဖြေနိုင်သည်။ ဂုမ္ဘာန်အူချိန်တွင် သူမသည် အိမ်ကြီးထဲတွင် တူမလေးလေးမြင့်နှင့် အတူရှိနေသည်။ မနန်းစိန်လည်း အိမ်ကြီး၏ မီးဖိုခန်းတွင် အတူရှိနေသည်။

လေးလေးမြင့်က ကိုထွန်းနေနွယ် စစ်ချက်ယူပုံကို တအံ့တဩလေးပင် ငေးကြည့်နေမိသည်။

ရဲမှ အမှုလိုက် အရာရှိတစ်ဦး စစ်ချက်ယူသည် ဆိုခြင်းမှာ လွယ်ကူသောကိစ္စတစ်ရပ် မဟုတ်။ ဘာလန်းအာဝါးဆေးချင်ရာတွေ လျှောက်မေးရသည်မျိုး မဟုတ်။ အမှုနှင့်ပတ်သက်ပြီး အမှုတွင် သဲလွန်စ အကျုံးဝင်နိုင်သော မေးခွန်းမျိုး မေးရသည်။ သက်ဆိုင်အံ့သော စစ်ချက်မျိုးကို အရယူရသည်။

ယခု ကိုထွန်းနေနွယ် မေးပုံမှာ တကယ့်ဝါရင့် အမှုလိုက်ရဲအရာရှိများ မေးသည့်အတိုင်း မေးနိုင်စွမ်း ရှိနေသည်။

အလီဘိုင်ကို ကိုထွန်းနေနွယ်က စတင်စေ့စပ်မြန်းခြင်းပင်။ (အလီဘိုင် ဆိုသည်မှာ အင်္ဂလိပ်စကား ဖြစ်သည်။ အစစ်ဆေးခံရသူသည် အမှုဖြစ်ပွားသည့် အချိန်တွင် မည်သည့်အရပ်၊

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာတွင် မည်သူတွေနှင့်အတူ ရှိနေသည်ကို ထင်ထင်ရှားရှား ရှိစေရန် မေးမြန်းခြင်း ဖြစ်ပါလေ၏။)

ထို့ပြင် ကိုထွန်းနေနွယ်သည် ဂုမ္ဘာန်ကြီး အုချိန်ဟူ၍ လိမ္မာပါးနပ်စွာ မေးသည်ကိုလည်း လေးလေးမြင့် ဂရုထားမိသည်။ ဂုမ္ဘာန်ကြီး အုချိန်သည် ကိုဘခက် အသတ်ခံရချိန်ဟု ကိုထွန်းနေနွယ်က သတ်မှတ်ထားပုံရသည်။

လေးလေးမြင့်သည် လူကသာ နုနုနယ်နယ်လေးဖြစ်ပေမင့် စာအုပ်ဖတ်ပြီဆိုလျှင် နိုင်ငံခြားဝတ္ထုကိုဖတ်ဖတ်၊ ပြည်တွင်းဖြစ်ဝတ္ထုကိုပဲဖတ်ဖတ်၊ စုံထောက်၊ လျှို့ဝှက်ဝတ္ထုများကိုသာ ဖတ်လေ့ရှိခဲ့သည်မှာ ဟိုက်စကူးကျောင်းသူဘဝကတည်းက ဖြစ်သည်။ အခြားဝတ္ထုတွေဖတ်ပြီး မိန်းမောနေရသည်ထက် စုံထောက်၊ လျှို့ဝှက်ကိုဖတ်ရင်း တရားခံကို လိုက်ရှာရသည်က ဉာဏ်နှင့် ဦးနှောက်ကို ထက်မြက်အောင် သွေးပေးရာ ရောက်သည်ဟု ယူဆထားသည်။ ထို့ကြောင့် စာအုပ်ထဲမှ အတွေ့အကြုံတွေအရ အမှုဖြစ်လာလျှင် ရဲတွေသည် မည်သည်ကို အဓိကထားပြီး မည်သည်ကို သာမည ထားတတ်မှန်း လူပြိန်းထက်တော့ လေးလေးမြင့်က အထာကို ပိုသိနေသည်။

ယခု ကိုထွန်းနေနွယ်၏ မေးမြန်းပုံ၊ စစ်ချက်ယူပုံတို့သည် ဝါရင့်ရဲအရာရှိတစ်ဦးအလား အောက်မေ့ရသောကြောင့် တအံ့တသြ ငေးကြည့်ရမိခြင်း ဖြစ်တော့၏။

သို့တစေ ... ဒေါ်လေးကေသီအား မေးနေစဉ်မှာပင် လေးလေးမြင့် ရင်ထဲတွင် မေးချင်လာသော မေးခွန်းတစ်ခုရှိလာသည်။



"ခွေးအူသံတော့ အိမ်ကြီးကနေပြီး ကျွန်မလဲ ကြားပါတယ်၊ ဒါပေမယ့် သေနတ်သံကိုတော့ မကြားမိဘူး၊ သေနတ်သံဟာ ခွေးအူသံထက် ပိုပြီး မကြားသင့်ဘူးလား"

"သိပ်မေးသင့်တဲ့ မေးခွန်းပါပဲ မလေးလေးမြင့်၊ မိုးသက်လေပြင်းကျတုန်းက မိုးခြိမ်းသံတွေပါ ပေါ်ထွက်နေတယ်၊ ဒီနေ့ နံနက်ပိုင်းနဲ့ နေ့ခင်းပိုင်းမှာ ရာသီဥတုက သာယာခဲ့တယ် မဟုတ်လား၊ ရာသီဥတု သာယာပြီးမှ မိုးသက်လေပြင်း ကျလာတာယ်ဆိုရင် မိုးခြိမ်းသံပါ ပူးတွဲပေါ်တတ်လေ့ရှိတာပဲ၊ အဲဒီအချိန်မှာ သေနတ်သံ ထွက်ပေမယ့် သတိမထားနိုင်ကြဘူးဆိုလဲ ဖြစ်နိုင်တယ်၊ နောက်တစ်ချက်က သေနတ်သံဟာ တဒင်္ဂခိုင်းခနဲ မြင်လိုက်ရုံပဲ၊ ခွေးအူသံကတော့ ရှည်လျားတယ်၊ ဒါတင်မကသေးဘူး၊ ဂုမ္ဘာန်ကြီးဟာ သိပ်အကောင်းပါးတဲ့ကောင်ကြီး မဟုတ်လား၊ ကိုဘခက် သေနတ်ပစ်ခံရပြီး အန္တရာယ်ဖြစ်ပြီမှန်း ဒီကောင်ကြီးသိမယ်၊ ဒီတော့ အိမ်ကြီးဘက်ဆီ တိုးလာပြီး အူလိုက်၊ ကိုဘခက် အိမ်လေးဘက် ပြန်သွားပြီးအူလိုက် လုပ်ချင်လုပ်မယ်၊ ဘာပဲပြောပြော ကိုဘခက် အိမ်လေးနဲ့ ဒီအိမ်ကြီးက အတော်အတန် အလှမ်းကွာနေတာပဲ"

လေးလေးမြင့် ခေါင်းညိတ်ပြသည်။ ကိုထွန်းနေနွယ် ပြောပြသော အချက်တွေသည် ဖြစ်နိုင်စရာတွေချည်းသာ။

ထွန်းနေနွယ်က ဒေါ်ကေသီကို ပြန်မေးသည်။

"ဒေါ်ကေသီဟာ အလုပ်ရှင်တစ်ယောက်အနေနဲ့ ကိုသိုလခစားဖြစ်တဲ့ ကိုဘခက်ရဲ့ နောက်ကြောင်းရာဇဝင်ကို ဘာသိ

www.burmeseclassic.com

www.burmeseclassic.com



ထားသလဲ ဒေါ်ကေသီ”

ဒေါ်ကေသီ ခေါင်းခါပြသည်။

“အလုပ်ခန့်စဉ်က သူ့ ကိုယ်ရေးရာဇဝင်လေး ဘာလေး ဒေါ်ကေသီ နည်းနည်းပါးပါး မေးမြန်းမထားဘူးလားဗျာ”

“မောင်ဘခက်ကို အန်တီခန့်ခဲ့တာ မဟုတ်ဘူးကွယ့်၊ မန်နေဂျာကိုဒေါင်း လက်ထက်ကတည်းက မောင်ဘခက်ရော၊ မောင်ကြိုင်းမောင်ရော၊ မောင်ကျော်ဝင်းမောင်ကိုရော မန်နေဂျာကိုဒေါင်းနဲ့ ကိုသော်ကတို့ ခန့်ခဲ့တာ၊ ဒီတော့ အန်တီ သူတို့နောက်ကြောင်းတွေကို မသိနိုင်ဘူး၊ အဲ ... အန်တီ လက်ထက်ကျမှ ခန့်ခဲ့တာက မောင်ရဲမြင့်နောင်နဲ့ မောင်ထွန်းနေနွယ်လေ”

“ကျွန်တော့် ကိုယ်ရေးကိုယ်တာနဲ့ နောက်ကြောင်းရာဇဝင်တွေတော့ ဒေါ်ကေသီ သိထားပြီးသားပါနော်”

ပြောရင်းပင် ထွန်းနေနွယ်သည် မရယ်စဖူး ရယ်သည်။ မနောက်စဖူး နောက်ပြောင်သော လေသံဖြင့် ပြောသည်။ ဒေါ်ကေသီကလည်း ထွန်းနေနွယ်နှင့်အတူ ရယ်မောပြီး လေးလေးမြင့်ကိုပင် လှမ်းကြည့်လိုက်သေးသည်။

သဏ္ဌာန်မှာ ထွန်းနေနွယ်သည် လေးလေးမြင့်ရှေ့တွင် သူ့အား လေးလေးမြင့်၏ အဒေါ်ရင်းခေါက်ခေါက် ဒေါ်ကေသီက သူ့အကြောင်း သေချာသိထားပြီးသား ဖြစ်ပါသည်ဆိုခြင်းကို လေးလေးမြင့် သိစေရန် တမင်ပြောလိုက်သည်ဟု ဒေါ်ကေသီက မှတ်ယူလိုက်ခြင်းကြောင့် လေးလေးမြင့်ကို လှမ်းကြည့်ခြင်း ဖြစ်ပေမည်။



“ကဲ ... မရီရီဝင်း အလုည့်ပေါ့ဗျာ၊ ဒီကနေ့ ဘယ်တွေသွားခဲ့တယ်ဆိုတာ ပြောပေတော့”

“ဘယ်တွေ သွားခဲ့တယ်လို့ အတိအကျ ဘာလို့ပြောလို့ရမလဲရှင်၊ ထုံးစံအတိုင်း ကျွန်မက အပြင်ထွက်လမ်းလျှောက်နေကျပဲ၊ ဒီနေ့ကျမှထူးပြီး အပြင်ထွက်တာမှ မဟုတ်တာ”

“ညနေပိုင်းကျမှ အပြင်ထွက်တာကို ပြောပြပါ မရီရီဝင်း”

“ကျွန်မယောက်ျား ပြန်လာခါနီး အချိန်တိုင်း ကျွန်မက ကိုကြိုင်းမောင် လာလေ့ရှိတဲ့လမ်းက သွားကြိုနေကျပဲ၊ ဒါများ အဆန်းလုပ်လို့”

“ကိုကြိုင်းမောင် ပြန်လာနေကျ လမ်းဟာ ကိုဘခက်ရဲ့ အိမ်လေးတစ်ဝိုက်က ဖြတ်ပြီးပြန်ခဲ့ရတဲ့ လမ်းလား”

“အို ... မဟုတ်ကဟုတ်က၊ ကိုကြိုင်းမောင် ပြန်လာတဲ့လမ်းက ကိုဘခက် အိမ်လေးနဲ့ တ[illegible]းစီပဲဟာ”

“ကောင်းပြီ၊ ဂုမ္ဘာန်ကြီးရဲ့ အုသံ[illegible]ခင်ဗျား ကြားတော့ ခင်ဗျားက ဘယ်မှာလဲ”

“အိမ်ကြီးပေါ် ရောက်နေပြီ၊ ကိုကြိုင်းမောင်လဲ ကျွန်မနဲ့ အတူတူပဲ၊ ခွေးအူသံကို အားလုံးကြားသားပဲ”

“ဒီခွေးအူသံ ကြားတဲ့အချိန်မှာ ခင်ဗျားစိတ်ထဲမှာ ထူးထူးခြားခြား ခံစားလိုက်ရတာမျိုး ဖြစ်ခဲ့သလား”

“အို ... ဘာဆိုင်လို့ ထူးထူးခြားခြား ဖြစ်ရမှာလဲ၊ ဒီခွေးက အူချင်တဲ့အချိန်ကျ အူနေကျပဲဟာ”

ထွန်းနေနွယ်သည် ရီရီဝင်း ပြောသမျှကို [illegible]ရေး[illegible]ရာမှ ဖောင်တိန်ကို အသာပင် စားပွဲပေါ် [illegible]လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရီရီဝင်း၏ အနီရောင်ဆိုးထားသော လက်သည်းရှည်များကို လှမ်းကြည့်သည်။ ထိုမှတစ်ဖန် သူမ၏ မျက်နှာကို စေ့စေ့ပေါ်အောင် ပြောင်းကြည့်ပြီး မေးခွန်းတစ်ခု မေးချလိုက်သည်။

"မရီရီဝင်းဟာ ကိုဘခက်နဲ့ ဘယ်လောက်အထိ ရင်းနှီးခဲ့သလဲဗျာ"

"အို ..."

ရီရီဝင်း မျက်နှာ နီရောင်သမ်းတက်သွားသည်။ လေးလေးမြင့်က ထွန်းနေနွယ်၏ တဲ့တိုးကြီးမေးသော မေးခွန်းကြောင့် ရီရီဝင်း ရှက်သွေးဖြန့်သွားသည်ကို မီးမချင်း ကိုယ်ချင်းစာမိသည်။

သို့သော် လေးလေးမြင့် ပြန်စဉ်းစားနေသည်။ ဂူမ္ဘာန်ကြီးအသုံး ကြားရစဉ်က စိုးသူဇာနှင့် ကိုကျော်ဝင်းမောင်တို့ အိမ်ကြီး၏ ဧည့်ခန်းထဲရောက်နေမှန်းတော့ လေးလေးမြင့် မှတ်မှတ်ထင်ထင် သတိထားမိသည်။

ဂူမ္ဘာန်ကြီးအသုံး ကြားစဉ်က ရီရီဝင်းနှင့် ကိုကြည်မောင် အိမ်ကြီး၏ ဧည့်ခန်းတွင် ရှိမရှိကိုမူ လေးလေးမြင့် စဝေဝဝါ ဖြစ်ရသည်။ ခက်သည်က ဂူမ္ဘာန်ကြီးကလည်း တစ်ကြိမ်တည်း အသုံးမဟုတ်။ အချင်းသလို အသုံးနေသည်မို့ အတိအကျ မှတ်မိဖို့ အခက်သား။

"ကျွန်တော် မေးတာကို ဖြေပါ မရီရီဝင်း၊ ကိုဘခက်နဲ့ ခင်ဗျားဟာ ဘယ်လောက်ထိ ရင်းနှီးခဲ့သလဲဆိုတာ"

"ဒါ ... ရှင့်အလုပ် မဟုတ်ပါဘူး"

"မှန်တယ်၊ အစကတည်းက ကျုပ်အလုပ်မဟုတ်လို့ ဂရု



မစိုက်ခဲ့ဘူး၊ အခု မေးရတာက ရဲအဖွဲ့ ကိုယ်စား မေးတာ"

"ရဲအဖွဲ့လာမှ မေးပေစေပေါ့"

"ရတယ်လေ၊ ကျုပ်က သက်ဆိုင်ရာ အမှုလိုက်ရဲအရာရှိ လာရင် ဒီမေးခွန်းကို ကျုပ်မေးတယ်၊ ခင်ဗျားက မဖြေဘူး၊ ရဲတွေမေးမှ ဖြေမယ်လို့ ပြောတယ်လို့ပဲ ပြောလိုက်ရုံပဲ"

ရီရီဝင်းသည် ထွန်းနေနွယ်အား မျက်စောင်းထိုးကြည့်သည်။ ပြီး ... အောက်ကလီအာ အသံမျိုးနှင့် ပြန်ပြောသည်။

"ဒီမယ်၊ ကိုထွန်းနေနွယ်၊ ရှင် မျက်စိရှုန်းနေတဲ့ အချက်တစ်ခု ကျွန်မ ထောက်ပြမယ်၊ ကိုဘခက်ဟာ တောထဲဖောင်ထဲမှာပဲ ငွေတွေ၊ ရာတန်တွေ အထပ်လိုက်ရနေတာ အားလုံးလိုလို သိနေကြတယ်၊ သူ ဒီငွေတွေ ဘယ်ကရသလဲ၊ တစ်ယောက်ယောက်က သူ့ကိုပေးလို့ပေါ့၊ ငွေတွေအများကြီး ပေးနိုင်တဲ့ အဲဒီတစ်ယောက်ယောက်ဟာ ဘယ်သူဖြစ်မလဲ"

ထွန်းနေနွယ် မဖြေ။ ဖြေဆိုရန် အဖြေမှန်ကိုလည်း ထွန်းနေနွယ် မသိ။ လေးလေးမြင့်က သူမ၏ဝမ်းထဲမှပင် ကျိတ်ပြီး ဖြေလိုက်သည်။ ငွေညှစ်ခံရတဲ့သူက ငွေညှစ်သူ ကိုဘခက်ကို ပေးနေတာပေါ့ ... ဟူ၍။

သို့သော် ... မရီရီဝင်း ဆက်၍ ပြောပြလိုက်သည်ကတော့ တစ်မျိုးကြီး ဖြစ်သွားသည်။

"ဒီမယ်ရှင်၊ ကျွန်မတို့အထဲမှာ ငွေအပေါဆုံး ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



အကြွယ်ဝဆုံးက စိုးသူဇာရှင့်၊ ကဲ ... ရှင် မျက်စိရှုန်းနေ
အချက်ကို မြင်ပြီလား"

ထွန်းနေနွယ်က ဘာမှပြန်မပြောရသေးမီပင် ဒေါ်
ကေသီက လေသံမာမာနှင့် ရီရီဝင်းအား ပြောလိုက်ပါ၏။

"မရီရီဝင်း စကားပြောတာ ဝရမ်းပတာ မဖြစ်လွန်းဘူးလ
ဟင်၊ အန်တီအဖို့တော့ မရီရီဝင်းရော၊ မစိုးသူဇာရောပ
ဒီအိမ်ကြီးရဲ့ မိသားစုတွေလို့ပဲ သဘောထားတယ်၊ ရီရီဝ
ပြောလိုက်ပုံက မစိုးသူဇာအဖို့ ရာဇဝတ်ကြောင်းမှာ အပေ
မှားခံရရုံမကဘူး၊ လူမှုရေးပိုင်းအရလဲ မစိုးသူဇာရဲ့ သိက္ခာ
ထိခိုက်စေတယ်၊ မိသားစုစိတ် ထားပါ မရီရီဝင်း"

ဒေါ်ကေသီ ဝင်ရောက်သိန်းပေးသလို ပြောလိုက်
ဖြင့် စိုးသူဇာသည် ရီရီဝင်းအား ဘာမှမပြောဖြစ်တော့ပေ။ ရီ
ဝင်းက သူ့ဟာသူ လွှတ်ခနဲ ပြောချလိုက်ပြီးမှ စိုးသူဇာကို မျ
နှာချင်းဆိုင်ရန် ဝန်လေးသည့်အလား နေရာမှထသွားကာ ပြ
ပေါက်အပြင်ဘက်သို့ ငေးမောနေလိုက်သည်။

"ကဲ ... မစိုးသူဇာကလဲ စစ်ချက်ပေးပါဦး"

"ကျွန်မလဲ အပြင်ထွက်တာပါပဲ ကိုထွန်းနေနွယ်၊ မှန်
ပြောရရင် ကျွန်မယောကျ်ား ကိုကျော်နဲ့ကျွန်မ အခုတလေ
အဆင်မပြေကြဘူးလေ"

ကျွန်မယောကျ်ား ကိုကျော်ဟု ပြောသည်မှာ ဒေ
ဝင်းမောင်ကို ဆိုလိုမှန်း အားလုံးကပင် နားလည်ကြပါ၏။

"ဒါကြောင့် နံနက်ပိုင်း အိပ်ရာကထ ရေမိုးချိုး ပြီးလို
ဝတ်စားပြီး ကော်ဖီသောက် မုန့်စားပြီးတာနဲ့ ကိုကျော်ရို



အလုပ်ခွင်ကို ကျွန်မ လိုက်သွားတယ်၊ ကိုကျော် ကျေနပ်
အောင် ကျွန်မ တခြားဘယ်မှ မသွားပါဘူး၊ ကိုကျော့်ဆီ
ကိုပဲ လာတာပါလို့ ထင်ရှားစေချင်တယ်"

"ဒါဆို ကိုကျော်ဝင်းမောင် အလုပ်သွားကတည်းက အတူ
လိုက်သွားရောပေါ့"

"ဟင့်အင်း ... ကျွန်မက ကျန်းမာရေးကို သိပ်ဂရုစိုက်တယ်၊
ကိုကျော် အလုပ်ဆင်းတာက နံနက်ငါးနာရီလောက်ဆိုတော့
ကျွန်မ အိပ်ရေးပျက် မခံနိုင်ဘူး၊ နောက်ပြီး မိန်းမသား
သဘာဝအတိုင်း အိပ်ရာက နိုးပြီးတဲ့နောက် ရေမိုးချိုး ဖြီး
လိမ်းဝတ်စားဖို့ အချိန်ကလဲ လိုသေးတာကိုး"

"လက်သည်းအရှည်ကို ဆေးဆိုးဖို့တို့ ဘာတို့ အတွက်ပါ
အချိန်လိုတယ် ဆိုပါတော့ ဟုတ်လား"

ထွန်းနေနွယ်က တမင်မေးလိုက်ခြင်း ဖြစ်ပါ၏။
စိုးသူဇာကလည်း မကွယ်မဝှက်ပင် သူမ၏ ပုလဲရောင်ဆေးဆိုးထား
သော လက်သည်းရှည်များကို ထောင်ပြလိုက်သည်။

"အဲဒါလဲပါတယ်ပေါ့ ကိုထွန်းနေနွယ်၊ ဒီခေတ်မှာ အရွယ်
ရှိသေးတဲ့ မိန်းကလေး တော်တော်များများဟာ လက်သည်း
ရှည်ထားတာ ဆန်းတာမှ မဟုတ်တာ၊ အင်မတန်ရိုးရိုးလေး
နေတတ်တဲ့ မလေးလေးမြင့်တောင် ဘယ်ဘက်လက်က
လက်သည်းကို အရှည်ထားပြီး ပန်းနုရောင်လေး ဆိုးထား
သေးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် မစိုးသူဇာ၊ ညာဘက်လက်ချောင်းအား
တွေက အလုပ်တွေ လုပ်ဖို့အတွက် အရှည်မထားတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဆေးတော့ ခိုင်းပါတယ်"

"ကဲ ... ကြည့်ပေါ့" ဟူသော သဘောမျိုးဖြင့် ထွန်း နွယ်အား စိုးသူဇာက လှမ်းကြည့်လိုက်သည်။

"မှန်ပါတယ် မစိုးသူဇာ၊ လေးလေးမြင့်လဲ လက်သည်းရှ ထားပေမယ့် သစ်စခန်းနဲ့ ရွာ သစ်စခန်းက လူတွေနဲ့ သိပ်စိမ်းပါတယ်၊ မလေးလေးမြင့်ဟာ မနေ့ကမှ သစ်စ ကို ရောက်လာတဲ့ ညော့သည်ပုပ္ပနွေးနွေးပါ၊ အဲ ... အချက်အရ ကိုဘခက်ရဲ့ မျက်နှာပေါ်က ကုတ်ခြစ်ရာတွေ ပတ်သက်သူဟာ လေးလေးမြင့် ဖြစ်နိုင်ဖို့ ရာခိုင် အင်မတိ အင်မတန် နည်းနေပါတယ်"

"ဒါပေါ့လေ၊ မလေးလေးမြင့်က သစ်စခန်းကြီးနဲ့ သစ် ကြီးပိုင်ရှင် ဒေါ်ဒေါ်ကေသီရဲ့ တူမအရင်းခေါက်ခေါက် ကိုးရှင့်"

"ခင်ဗျားစကား သေးထွက်သွားတယ် မစိုးသူဇာ၊ အခုဟ မှာ မနန်းစိန်ဆိုရင် ကျွန်တော် လုံးဝခေါ်မစစ်ဆေးသေး ဘာလို့လဲသိလား၊ မနန်းစိန်ကျတော့ ဒေါ်ကေသီနဲ့ ဘာ သေးလို့လဲ၊ အခုက မနန်းစိန်ကို ကျွန်တော် ခေါ်မစစ် မနန်းစိန်မှာ လက်သည်းရှည် မရှိဘူး၊ မနန်းစိန် လက်သည်းရှည် လုံးဝမထားဘူး"

"ဒါဖြင့် ကိုဘခက် အလောင်းရဲ့ မျက်နှာပေါ်မှာ ကုတ် ရာတွေ တွေ့တာကြောင့် ကျွန်မနဲ့ မရီရီဝင်းကို ကိုထွ နေနွယ်က အခုက မသင်္ကာထားပြီး စစ်ချက်ယူတယ်ဆို တော့ ဟုတ်လား"



"ရှင်းရှင်းပြောရရင် ဟုတ်တယ်"

"ဒါတော့ ရှင့်သဘောပဲပေါ့လေ၊ တကယ်တော့ ရှင်ဟာ အမှုစစ်ရဲ့အရာရှိ ဟုတ်မှမဟုတ်တာ၊ ရှင်ထင်ချင်သလိုထင် ရှင်ရေးချင်သလိုသာ ရေးပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော် ထင်ချင်သလို မထင်ပါဘူး မစိုးသူဇာ၊ ရေးချင်သလိုလဲ လျှောက်မရေးပါဘူး၊ အခု မစိုးသူဇာ ပြောပြသရွေ့ ကျွန်တော် ရေးနေပါတယ်၊ ကျွန်တော်ရေး ထားတာတွေကို မြင်သာရဲစခန်းက ရဲအုပ်စခန်းမှူး အောင် မောင်း၊ အဲလေ ... ဦးအောင်မောင်း နက်ဖြန်လာတဲ့အခါ ထိုးအပ်ဖို့ပါ၊ ကျုန်တာတွေ သူ့ဟာသူ ဆက်လုပ်မယ်ပေါ့ ဗျာ၊ အဲဒီတော့ ခင်ဗျားအနေနဲ့ ပြောချင်တာသာပြောပါ၊ ကျွန်တော့်တာဝန်က ခင်ဗျားပြောသမျှ ရေးထားတယ်၊ ဒါပါပဲ မစိုးသူဇာ၊ တကယ်လို့ ကျွန်တော့်ကို နောက်ထပ် တစ်လုံးတစ်ပါဒမှ ထပ်ပြီး မပြောလိုဘူးဆိုလဲ နေပါ။ ကျွန်တော်က မစိုးသူဇာအား စစ်မေးရာတွင် တစ်လုံးတစ် ပါဒမျှ ပြောပြခြင်း မရှိကြောင်းလို့ပဲ ရေးမှတ်ထားလိုက်ရုံ ပဲပေါ့ဗျာ၊ ရှင်းရဲ့လား၊ ကျွန်တော် ဆောင်ရွက်နေရပုံတွေ ရှင်းရဲ့လား မစိုးသူဇာ"

စိုးသူဇာလည်း ငြိမ်ကျသွားသည်။ ကိုထွန်းနေနွယ် လုပ်ပုံတွေက ပြတ်သည်၊ ရှင်းသည်။ သူမေးနေသည်များ ရမနေ ပြောပြရမည်မဟုတ် ပြောချင်ပြော မပြောချင်နေ။ သူစစ်မေးပုံအတိုင်း ထွက်ပေါ်လာသမျှကိုသာ နက်ဖြန် ရဲစခန်းမှူး ဦးအောင်မောင်း ရောက်လာသောအခါ ထိုးအပ်

www.burmeseclassic.com

www.burmeseclassic.com



မည်ဆိုခြင်းသက်သက်။

"မေးစရာရှိရင် ဆက်မေးပါ ကိုထွန်းနေနွယ်၊ ကျွန်မဖြေနိုင်သမျှ ဖြေမယ်"

"ကိုကျော်ဝင်းမောင်ဆီ ခင်ဗျားသွားတုန်းက လမ်းမှာ ဘယ်သူနဲ့တွေ့သေးလဲ၊ ထူးထူးခြားခြား တွေ့တာမျိုးပေါ့ဗျာ၊ အလုပ်သမားတွေနဲ့ တွေ့ရိုးတွေ့စဉ် တွေ့တာမျိုးဆောင် ပြောစရာမလိုဘူးလေ"

"ကိုနိုင်လင်းနဲ့ တွေ့တယ်၊ ကိုနိုင်လင်းက မနေ့ကမြင်းလှည်းမှာသေသွားတဲ့ မြင်းသေကို ဒီနေ့မှ မြုပ်ရတယ်တဲ့၊ မြေကြီးက တူးလိုက်ရင် ရေတွေထွက်ထွက်နေလို့ ကြန့်ကြာတာကို စပ်မိစပ်ရာ ပြောတဲ့သဘောနဲ့ဆောင် ကျွန်မကိုပြောသေးတယ်၊ အဲ ... ကိုနိုင်လင်းက ဆက်ပြောသေးတယ်၊ ကိုဘခက်နဲ့ ရှင်နဲ့ ပတ်သက်လို့လေ"

"ပြောပါ မစိုးသူဇာ၊ ကျွန်တော်က ပြောသမျှရေးမှာပါ၊ ဘယ်သူနဲ့ ပတ်သက် ပတ်သက်ပေါ့"

"ကိုနိုင်လင်းက ကိုဘခက်ကို ဒေါ်ပွနေတယ်၊ ကိုနိုင်လင်းရဲ့ ကိုထွန်းနေနွယ်ရဲ့ကြားမှာ ကိုဘခက်က ရန်တိုက်ပေးနေတာတဲ့လေ"

စိုးသူဇာ ပြောသည့်အတိုင်းပင် ထွန်းနေနွယ်က ရေးသည်။

"အဲဒီနောက်တော့ ..."

"အလုပ်သိမ်းတော့ ကိုကျော်နဲ့အတူတူ ကျွန်မတို့အိမ်ကြီးဆီ ပြန်လာကြတယ် ဒါပါပဲ"



"ခွေးအူသံ ဘယ်နေရာမှာ ကြားသလဲ"

"အိမ်ကြီးပေါ် ရောက်ကြပြီးမှ ကြားတယ်၊ ခွေးအူသံအကြောင်းပြောလို့ ကိုကျော်နဲ့ ကျွန်မတောင် ခွန်းကြီးခွန်းငယ် စကားများသေးတယ်၊ အဲဒီတော့ ကိုကျော်ဟာ ကိုဘခက်နဲ့ ပတ်သက်စရာ ဘာမှမရှိဘူး၊ တစ်ချိန်လုံး ကျွန်မနဲ့အတူ ကိုကျော် ရှိနေတယ်"

"ဘယ်သူကတော့ ကိုဘခက် အသတ်ခံရမှုမှာ ကိုကျော်ဝင်းမောင်နဲ့ ပတ်သက်တယ်လို့ ပြောသေးလို့လဲ၊ ကျွန်တော် မေးထားတာတစ်ခု မစိုးသူဇာ ဖြေဖို့ ကျန်သေးတယ်နော်၊ ကိုဘခက်နဲ့ မစိုးသူဇာ ရင်းနှီးသလား"

စိုးသူဇာ သက်ပြင်းချသည်။ ဤမေးခွန်းကို ယခုဖြေလည်း နက်ဖြန်ရဲတွေ ရောက်လာလျှင် ဖြေရမှာပဲဟူသော ...်ချိုးလည်း ဝင်လာသည်။

"အထူးတလည်ကြီး ရင်းနှီးတယ်တော့ ဘယ်ဟုတ်မလဲ ကိုထွန်းနေနွယ်၊ ဒီမှာရှိတဲ့လူတွေဟာ ဒီလိုပဲ ခေါ်ခေါ်ပြော ပြော နေနေကြတာပဲ၊ အဲ ... တစ်ခုတော့ရှိတယ်ပေါ့လေ၊ ဟိုဘက်ရက်တွေတုန်းက ကိုဘခက်နဲ့ကျွန်မ အတွဲများခဲ့တယ်ဆိုပါတော့၊ ဒါလဲ ကိုကျော်ရဲ့ ခွင့်ပြုချက်အရပါ၊ ဘာဝန်ခံချင်း တူကြပေမယ့် တာဝန်ယူရတဲ့ လုပ်ငန်းချင်းက မတူကြဘူး မဟုတ်လား၊ ဟိုဘက်ရက်တွေတုန်းက ကိုကျော်က အလုပ်အရမ်းများပြီး၊ ကိုဘခက်မှာက အလုပ်ပါးနေတယ်လေ၊ ကျွန်မကလဲ ကျန်းမာရေး လိုက်စားချင်တာ၊ အနည်းဆုံး နေ့စဉ်လမ်းလျှောက်တဲ့ လေ့ကျင့်ခန်းလောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မ လုပ်ရတယ်၊ အဲဒီမှာ အလုပ်များတဲ့ ကိုကျော်က အလုပ်ပါးနေတဲ့ ကိုဘခက်ကို အဖော်ခေါ်ပြီး လမ်းလျှောက်ခွင့် ပေးခဲ့ကာယ်၊ ဒါကြောင့် တွဲတဲ့သဘောပါ"

လေးလေးမြင့်က နံနက်ပိုင်း လမ်းလျှောက်ထွက်စဉ် အခြားတစ်ဘက်၌ ငုဝါရောင် အဝါဝတ်စုံနှင့် ကျောပိုင်းမှ တွေ့လိုက်ရသူမှာ မစိုးသူဇာပင် ဖြစ်ရမည်ဟု မှတ်ယူလိုက်သည်။ အကြောင်းမူ မစိုးသူဇာက သူမ၏ ယောက်ျားထံသို့ သွားသည်ဆိုသည့်လမ်းတွင် အဝါဝတ်စုံနှင့် အမျိုးသမီးကို တွေ့ရခြင်းကြောင့် ဖြစ်ပါ၏။

ထွန်းနေနွယ်က ကုန်းရေးနေပြီး စိုးသူဇာတွင် ဆက်ပြောရန် မကျန်တော့သည်မို့ တစ်ခန်းလုံး ငြိမ်သွားပြန်သည်။

ဒေါ်ကေသီကာပင် လေးလေးမြင့်အား လှမ်းပြောခြင်းဖြင့် အခန်းမှာ အသက်ပြန်ဝင်လာသည်။

"လေးလေးရေ ... အဆာပြေ ကော်ဖီလေးဘာလေး စီစဉ်ပေးပါလား သမီး၊ ဟိုလူသိုက်ပြန်လာမှ ထမင်းစားကြမှာဆိုတော့ အခု ကော်ဖီသောက်ထားရအောင်"

လေးလေးမြင့်သည် ရုံးခန်းမှ အိမ်ကြီးဘက်သို့ ထွက်လာခဲ့သည်။

မီးဖိုထဲတွင် မနန်းစိန် ငူငူငိုင်ငိုင်ကြီး ထိုင်နေသည်ကို တွေ့ရသည်။ မနန်းစိန်အား လေးလေးမြင့်က ပြုံး၍နှုတ်ဆက်သော်လည်း မနန်းစိန်က ပြန်လည်ပြုံးမပြပေ။ မနန်းစိန် မျက်နှာညှိုးနွမ်းနေသည်ကို လေးလေးမြင့် သတိထားမိလေသည်။

"ဘာလို့လဲ မနန်းစိန်၊ နေမကောင်းဘူးလား"



"ခေါင်းကိုက်တာပဲ"

"ဟုတ်လား၊ လေးလေးမှာ ခေါင်းကိုက်ပျောက်ဆေးရှိပါတယ်၊ ယူပေးမယ်နော်"

"နေပါစေ၊ ဆေးမသောက်ချင်ဘူး မလေးလေး၊ တအောင့်နေရင် ပျောက်သွားမှာပါ၊ အခု မလေးလေး မီးဖိုထဲလာတာကတော့ ..."

"တာဝန်ခံအမျိုးသားတွေ ပြန်လာမှ ညစာထမင်းစားကြမှာမို့ အခု ကော်ဖီတစ်အိုးလောက် ယူလာပေးပါလို့ ဒေါ်လေးကေသီက ပြောလို့ပါ"

"ရတယ်လေ၊ မလေးလေး သွားနှင့်ပါ၊ ကျွန်မ ကော်ဖီဖျော်ပြီး လာပို့ပေးမယ်"

လေးလေးမြင့် ပြန်ထွက်လာခဲ့သည်။ ရုံးခန်းထဲ လေးလေးမြင့် ပြန်အရောက်မှာပင် ကိုကြိုင်းမောင်၊ ကိုကျော်ဝင်း မောင်နှင့် ကိုရဲမြင့်နောင်တို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။

ကိုကြိုင်းမောင်က စတင်၍ ထွန်းနေနွယ်ကို သတင်းပေးသည်။

"ကျုပ်အလုပ်သမားတွေထဲကတော့ ကိုဘခက်နဲ့ ပတ်သက်ပြီးတစ်ယောက်မှ မဖြစ်နိုင်ဘူးဗျို့၊ သူတို့အဆိုင်းတွေမှာရှိတဲ့ လူအားလုံးဟာ တစ်ချိန်လုံး သူတို့အဆိုင်းမှာပဲ ရှိနေကြောင်း အားလုံးသက်သေထူနိုင်တယ်ဗျ၊ ဟုတ်လဲ ဟုတ်လောက်တယ်၊ ရာသီဥတုသိပ်ဆိုးနေတော့ သူတို့အဆိုင်းကနေပြီး တခြားဟိုသွားဒီသွား ဘယ်မှမရှိနိုင်ဘူးလေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အလုပ်သမားတွေလဲ အဲဒီအတိုင်းပဲ ကိုထွန်းနေနွယ်၊ သူတို့နေရာကလွဲပြီး ဘယ်သူမှ တခြားကို ထွက်မသွားကြောင်း သက်သေပြနိုင်တဲ့လူချည်းပဲ"

ကော်ဖီခရား၊ ကော်ဖီပန်းကန် စသည်တို့ကို လင်ပန်းကြီးတစ်ချပ်တွင် ထည့်ယူလာသော မနန်းစိန် ရုံးခန်းဝအရောက်မှာပင် ရဲမြင့်နောင်က ထွန်းနေနွယ်အား လှမ်းပြောလိုက်သည်။

"ကျွန်တော့်လူတစ်ယောက်တော့ ပျောက်နေတယ် ကိုထွန်းနေနွယ်၊ ညနေကတည်းက ပျောက်သွားတာ အခုအချိန်ထိ သူ့အဆိုင်းဆီကို ပြန်မရောက်သေးဘူး"

"ဘယ်သူလဲ ကိုရဲမြင့်နောင်"

"နိုင်လင်းလေ၊ နိုင်လင်းဗျ၊ ဒီနေ့ နေ့ခင်းပိုင်းမှာ ကိုဘခက်နဲ့ နိုင်လင်းတို့ အကြီးအကျယ် စကားများတယ်လို့လဲ ဘေးက အလုပ်သမားတွေက ပြောကြတယ်"

"ခွမ်း ... ဂလွမ်း"

အခန်းဝရောက်လာသော မနန်းစိန်သည် ခလုတ်တိုက်မိလေသလား ဘာလားမသိ၊ လက်ထဲမှ ကော်ဖီလင်ပန်းကြီး လွတ်ကျသွားကာ ကွဲသံရှသံတွေ ထွက်ပေါ်လာတော့သည်။

အားလုံးသည် မနန်းစိန်ဆီသို့ ဝိုင်းကြည့်ကြသည်။ မနန်းစိန်သည် အကွဲအရှနှင့် အပိတ်အစဉ်တွေကိုမှု ပြန်မသိမ်းနိုင်ဘဲ မျက်နှာလက်ဝါးအုပ်ကာ ချာခနဲ ပြန်လှည့်ထွက်သွားတော့သည်။

"ဟ ... ဘယ်လိုဖြစ်တာလဲ၊ ဒီမိန်းမက"

ဟု ကျော်ခင်းမောင်က အော်ပြောလိုက်သည်။



"အိုကွယ်၊ လူတွေရှေ့မှာ ခလုတ်တိုက်တာကို ရှက်သွားလို့ဖြစ်မှာပါ၊ မနန်းစိန်က အရှက်အကြောက် သိပ်ကြီးတယ်လေကွယ် ..."

ဒေါ်ကေသီက ဖြေသိမ့်စကား ပြောနေစဉ်မှာပင် လေးလေးမြင့်သည် အပိတ်အစဉ်နှင့် အကွဲအရှများကို သွားရောက်သိမ်းဆည်းလှဲကျင်း သန့်စင်တော့သည်။

"ကဲ ... ကျုပ်ကစပြီး ခင်ဗျားတို့အားလုံး ဘာမှုမစားရသေးလို့ ဆာတာတော့ ဆာတာပဲ၊ နိုင်လင်းဟာ ကိုဘခက်နဲ့ ပတ်သက်ပြီး အပြစ်ရှိချင်ရှိမယ်၊ မရှိချင်လဲ မရှိဘူး၊ ဘယ်လိုဖြစ်ဖြစ် အခုညတွင်းချင်းပဲ နိုင်လင်းကို ကျုပ်တို့အားလုံး ထွက်ရှာရမယ်"

"ဟာဗျာ ..."

ကိုကြိုင်းမောင်က ညည်းတွားလိုက်သည်။ သို့စေကာမူ ထွန်းနေနွယ်က အပေါက်ဝသို့ ရောက်သွားသည်။ မိုးကာအင်္ကျီ ပတ်သည်။ ဘာပြောပြော သွားကိုသွားမည်ဆိုသည့်ပုံစံ။

"ဒီမယ် ကိုကြိုင်းမောင်၊ နိုင်လင်းသာ လူသတ်သမားတရားခံ ဖြစ်ရိုးမှန်ရင် သူ့ကိုပြန်တွေ့တာနဲ့ ခင်ဗျားတို့အားလုံးအပေါ်မှာ သံသယတွေ ရှင်းသွားမယ်၊ ဒုတိယအချက် နိုင်လင်းဟာ တရားခံဖြစ်ရိုးမှန်ရင် တစ်ညအိပ် ထွက်ပြေးဖို့ အချိန်မပေးသင့်ဘူး၊ တတိယအချက်က ဒီလောက်ရာသီဥတု ဆိုးရွားတဲ့ ညမျိုးမှာ တစ်ညလုံး နိုင်လင်းတောထဲမှာ ထွက်ပြေးနေရင် တောကောင်တွေနဲ့ ရင်ဆိုင်ရမယ်၊ တောကောင်တွေရဲ့ အန္တရာယ်ကို သူကာကွယ်နိုင်တယ်ထားဦး၊

www.burmeseclassic.com

www.burmeseclassic.com



ဒီရာသီဥတုဒဏ်ကြောင့် နိုင်လင်း ဒုက္ခရောက်သွားနိုင်တယ်၊ သူ့ဟာသူ တရားခံဖြစ်သွားလို့ ကြိုးစင်မှာ သေသွားတာက တစ်ကဏ္ဍ၊ ကျုပ်တို့အနေနဲ့ လူမှုရေးပိုင်းအရ ကိုယ့်လုပ်ဖော်ကိုင်ဖက်ကို ပစ်မထားသင့်တာက တစ်ကဏ္ဍပေါ့ဗျာ၊ ကဲ ... သွားစို့”



(၁၃)

ဒေါ်လေးကေသီက ဖွဲ့ကြီးလှသည်။

ညဥ့်သန်းခေါင်ယံ (၁၂)နာရီ ထိုးသွားသည့်တိုင်အောင် အိပ်ရာဝင်ဖို့ ပြောမရ။ ဒေါ်လေးကေသီ စိတ်စောနေသည်။ ကိုထွန်းနေနှယ်တို့လူသိုက် ပြန်လာသည်အထိစောင့်ပြီး သတင်းနားခဲ့တင်ပါရစေကွယ်ဟုပင် တူမချောအား ပြန်လည်တောင်းပန်နေရှာသေးသည်။

အလေးအမြတ် ထားရသည့် ဒေါ်လေးကေသီ ကိုယ်တိုင် မအိပ်သေးသောအခါ လေးလေးမြင့် ကိုယ်တိုင်လည်း ဒေါ်လေးကေသီအားမှာ ငုတ်တုတ် ထိုင်ရတော့လေသည်။

ရီရီဝင်းနှင့် စိုးသူဇာက အိပ်ရေးပျက်လျှင် နေမကောင်း ဖြစ်တတ်သည်ဟု အကြောင်းပြပြီး အိမ်ပေါ်ထပ်သို့ တက်သွားကြသည်မှာ ကြာပြီ။

လေးလေးမြင့်၏ အတွေးတွေ ပလုံစီရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းနေနွယ်သည်ပင် ပထမဆုံး အတွေးယဉ်ကြောထဲသို့ ဝင်ရောက်လာလေသည်။

ဒဏ်ရာရပြီး ရှင်ဖွယ်မရှိတော့သည့်မြင်းကို သေနတ်နှင့် အသေပစ်သတ်ခဲ့သော ကိုထွန်းနေနွယ်သည် ကိုနိုင်လင်းကို ညအမှောင် ဤမျှလောက် သည်းထန်နေသော လေမိုးရာသီဥတုထဲနှင့် တောကောင်ရှိသည့် တောကြီးထဲတွင် ပစ်ထားလိုက်လျှင် အသက်အန္တရာယ်ရှိနိုင်သည်။ တွေ့အောင်ရှာမည်ဟုဆိုကာ ထွက်သွားသည်။ ကိုနိုင်လင်းတွင် အပြစ်ရှိရှိ၊ မရှိရှိ လတ်တလော ကိုနိုင်လင်းကို ကယ်တင်ရမည်ဆိုသည့် ကိုထွန်းနေနွယ်၏ စိတ်ဓာတ်မှာ ကြည်ညိုလေးစားဖွယ် ကောင်းနေသလား မသိတော့။

"အို ... သူ့အကြောင်း ငါဘာလို့များ တွေးနေမိလဲ မသိဘူး၊ ငါနဲ့ဘာဆိုင်တာမှတ်လို့"ဟု သူမဘာသာ ထွန်းနေနွယ်အား အတွေးယဉ်ကြောထဲမှ မောင်းထုတ်ရင်း တခြားအကြောင်း ဆက်တွေးသည်။

ရီရီဝင်းနှင့် စိုးသူဇာမှာ တွေးချင်စရာ ဖြစ်လာသည်။

ကိုဘခက် သေနတ်ပစ်ခံရပြီး သေဆုံးသွားသည်ဆိုလိုက်သည်နှင့် စိုးသူဇာသည် အဘယ်ကြောင့် သတိလစ်သွားရလောက်အောင် ရှော့(ခ်)ဖြစ်သွားရသနည်း။

ရီရီဝင်းကကော ဤမျှလောက် အဘယ်ကြောင့် ကယောင်ချောက်ချား ဖြစ်သွားရသနည်း။

ရီရီဝင်းက ပြောသေးသည်။ ကိုဘခက်တစ်ယောက် တောထဲတောင်ထဲတွင် ဤမျှ ငွေတွေ ဖောခြင်းသောခြင်း ဖြစ်နေ



သည်မှာ ငွေကြေးပြည့်စုံသော စိုးသူဇာကပင် ကိုဘခက်အား ပေးကမ်းနေသယောင်ယောင်။

စိုးသူဇာ ပေးကမ်းနေရိုးမှန်လျှင် အဘယ်ကြောင့် ပေးကမ်းနေရသနည်း။ စိုးသူဇာလို မိန်းမချောတစ်ယောက် အနေနှင့် ကိုဘခက်လို လူအား တွဲရရုံလေးဖြင့် ငွေတွေ ပုံပေးစရာမလို။ တွဲကြသည်ဆိုခြင်းမှာ ဖိုနှင့်မ အပြန်အလှန် စိတ်၏ သာယာခြင်းအတွက်သာ ဖြစ်သည်မို့ မိန်းကလေးက ငွေတွေပေးပြီး ယောကျ်ားတစ်ဦးကို တွဲရပါသည် ဆိုခြင်းမှာ ရှာမှရှားကိစ္စမျိုး ဖြစ်နေသည်။

ပြီး ... စိုးသူဇာတွင် ကာမပိုင် လင်ယောကျ်ား အထင်ကရ ရှိနေသည်။ ရှိရုံမက စိုးသူဇာ ကိုယ်တိုင်သည် သူမ၏ ခင်ပွန်း ကိုကျော်ဝင်းမောင် အပေါ်တွင် ရင်ထဲက ချစ်ခင်ပုံရသည်။ ကိုယ့်တွင် ရင်ထဲက ချစ်လင်ရှိနေပါလျက် အဘယ်ကြောင့် စိုးသူဇာ ကိုဘခက်ကို တွဲသနည်း။

စဉ်းစားစရာမှ တကယ့်စဉ်းစားစရာ။ ကိုကျော်ဝင်းမောင် ကိုယ်တိုင်ကလည်း စိုးသူဇာ၏ ထွက်ချက်အရဆိုလျှင် ကိုဘခက်နှင့် ဇနီးစိုးသူဇာ အတူတွဲ လမ်းလျှောက်ခြင်းကို ခွင့်ပြုသည်ဟု ဆိုသည်။ မြို့ထဲ ပလက်ဖောင်းပေါ် တွဲလျှောက်ရသည်မျိုး မဟုတ်။ တော တောင် လျှိုမြောင်တွေတွင် တွဲလျှောက်ကြခြင်း ဖြစ်သည်။ နေရာမရွေး ဖြစ်ချင်တာ ဖြစ်သွားနိုင်သည်။ ဒါကို ကိုကျော်ဝင်းမောင်က မသိဘဲ နေချိမ့်မည်လား။ သိရမည်။ သိလျှင် ဘာကြောင့် တွဲခွင့်ပေးထားသနည်း။

ဆက်စပ်တွေးလျှင် တောင်ပေါ် ချုံဖုတ်တွေထဲတွင် ကိုဘခက်နှင့်အတူ ငွေညှစ်ခြိမ်းခြောက်စကားတွေ ဆိုခဲ့သော လူ

www.burmeseclassic.com

www.burmeseclassic.com



သည် ကိုကျော်ဝင်းမောင် ပေပဲလား။ ကိုဘခက်က ကိုကျော်ဝ
မောင် အပေါ်တွင် လူသိမခံဝံ့သော နိုင်ချက်တစ်ခုခု ကိုင်ထ
သောကြောင့် ကိုကျော်ဝင်းမောင်က ကိုဘခက်အား နှုတ်ပိတ်
အနေနှင့် ငွေရော ဓနီးစိုးသူဇာရော ကိုဘခက်အား လိုက်ရေ
ထားရလေသလား။

ဒါဆိုလျှင် ... ကိုဘခက်ကို သေနတ်နှင့် ပစ်သတ်
သည် ကိုကျော်ဝင်းမောင် ဖြစ်နိုင်စရာ မိုးတစ်တွေ့ ရှိလာသည်။
ဒီအိမ်ကြီး ဧည့်ခန်းမှ ပျောက်ဆုံးနေသော သေနတ်ကို တိတ်တဆိပ်
လွယ်လွယ်ရယူနိုင်သည့် အခွင့်အရေးများ စိုးသူဇာမှာရော၊ ကျေ
ဝင်းမောင်မှာရော ရှိနေကြသည်။

ထပ်ဆင့်ပြီး ... ဒါဆိုလျှင် ဆိုသည့် နောက်ဆက်တွဲ
စဉ်းစားစရာ ရှိလာသည်မှာ ...

ဒါဆိုလျှင် ... ကိုဘခက် သေနတ်ပစ်ခံရပြီးနောက်
ကိုနိုင်လင်းသည် အဘယ်ကြောင့် ထွက်ပြေးနေရပြန်လေသနည်း။
ကိုဘခက်နှင့် ကိုနိုင်လင်းကလည်း မြင်းလှည်းပေါ် သစ်ပင်လဲကျ
သည့် ကိစ္စကြောင့် ကျောင်းတော်က ရန်စဖြစ်ကာ ကိုဘခက်
မသေမီ ညနေပိုင်း ပူပူနွေးနွေးကြီးတွင် စကားတွေ အကြီးအကျယ်
များကြသည်ဟူသော မိုးတစ်(ဗ်)ကလည်း ရှိလာပြန်သည်။ ကိုနိုင်
လင်းအနေနှင့် အလုပ်သမားခေါင်းမို့ ဤအိမ်ကြီးတွင် အဝင်အထွက်
မရှိသဖြင့် ပျောက်ဆုံးနေသော သေနတ်ကို တိတ်တဆိတ် ဝင်ယူ
နိုင်ရန် ခဲယဉ်းဘိသည့်ထားဦး၊ ဤကိစ္စတွင် မနန်းစိန်ကို ထည့်
တွက်စရာ ဖြစ်လာပြန်သည်။

မနန်းစိန်နှင့် ကိုနိုင်လင်းတွင် သံယောဇဉ်ပိုင်းလေး



ရှိနေကြောင်း ယနေ့ညနေ မနန်းစိန်၏ အမူအရာတွေ ပျက်
နေသည်က သိသာလှသည်။ ပျောက်ဆုံးနေသော သေနတ်ကို
ကြီး၏ အတွင်းလူ မနန်းစိန်ကယူပြီး ကိုနိုင်လင်းကို ပေးလိုက်
မျိုးကော မဖြစ်နိုင်ဘူးလား။

"ဟယ် ... ရှုပ်လိုက်တာ၊ ဦးနှောက်တွေတောင်
ချေးဖြစ်ကုန်လောက်တယ်"ဟု ကိုယ့်ဟာကိုယ် ညည်းည
ရင်း လေးလေးမြင့်သည် ထိုင်ရာမှ ထလိုက်သည်။ ဒေါ်လေး
သီကို ငုံ့ကြည့်လိုက်သည်။

ဒေါ်လေးကေသီသည် ပက်လက်ကုလားထိုင်တွင်
နေသည်။ စိတ်ဆောင်သောကြောင့် မန်နေဂျာနှင့် တာဝန်ခံ
ပြန်လာသည်အထိ စောင့်မည်ဟု ဆိုစေကာမူ ဒေါ်လေးကေသီ
အသက်အရွယ်လေးရပြီး ရောဂါခံရှိနေသူမို့ သူမကိုယ်ကို
ဆောင့်သက်သာဖြစ်အောင် မှိန်းနေရှာပုံရသည်။ ငြော် ...
ဒေါ်လေးကေသီကို သနားလိုက်ပါဘိခြင်း။

ထိုစဉ်မှာပင် အပြင်ဘက်ဆီမှ အသံတွေ ကြားရ
သည်။ ကိုထွန်းနေနွယ်နှင့်အဖွဲ့ ပြန်လာသည်ပဲ ဖြစ်မည်။
"ဒေါ်လေး သူတို့ ပြန်လာကြပြီထင်တယ်"
"ကြားတယ် လေးလေး၊ ဒေါ်လေး မအိပ်ပါဘူးကွယ်၊
မှိန်းနေရင်း သူတို့ပြန်အလာကိုပဲ နားစွင့်နေတာပါ"

မရှေးမနှောင်းမှာပင် သူတို့အားလုံး အိမ်ကြီးထဲသို့
ဝင်လာကြသည်။

ကိုနိုင်လင်း ပါရှိလာသည်ကို မတွေ့ရပေ။
ကိုကြိုင်းမောင်က ခြေကုန်လက်ပန်း ကျ[illegible]သည့်

www.burmeseclassic.com

www.burmeseclassic.com



နှယ် မိုးကာအင်္ကျီကို ဝရန်တာဘက်သို့ ပစ်ပေါက်လိုက်သ…
လက်နှိပ်ဓာတ်မီးကို စားပွဲပေါ် ဆောင့်တင်လိုက်သည်။

"ဗိုး … ဒီအိမ်ကြီးက မီးရောင်တွေ့ရလို့သာ လ…
မမှားကြတာ"ဟု ညည်းညူသံနှင့်ပြောရင်း ကုလားထိုင်ပေါ် …
ပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ဆာပြီ ဒေါ်ကေသီ၊ အားလုံး ဗိုက်ပြောင်းလောင်း …
နေပြီ"

ထွန်းနေနွယ်က အပြုံးဖြင့် သူ့ဗိုက်ပွတ်ပြ…
ပြောလိုက်သည်နှင့် ဒေါ်ကေသီက လေးလေးမြင့်အား လှမ်းကြ…
ကာ အကူအညီ တောင်းလိုက်သည်။

"လေးလေးရေ … မနန်းစိန်လည်း အိပ်နေပြီလားတော…
မသိပါဘူးကွယ်၊ ခများလဲ အိပ်ချင်ရှာရောပေါ့၊ သန်းခေါ…
တောင်ရှိနေပြီ"

လေးလေးမြင့်ကပင် အားလုံး စားသောက်ဖို့ ထမ…
စားခန်းနှင့် မီးဖိုကူးကာ ပြင်ဆင်ရတော့သည်။

"နိုင်လင်းတော့ အစအနတောင် မတွေ့ပါဘူး ဒေါ်ကေ…
တစ်ခုတော့ ရှိပါတယ်လေ၊ ဒီကောင်က ဒီတစ်ဗိုက်မှ…
တောကျွမ်းတဲ့ကောင်ပဲ၊ လေမိုးကာကွယ်နိုင်တဲ့ ကမ်းပါး…
ဂူတို့ရှာပြီး ဒီကောင်ခိုနေနိုင်မှာ၊ နောက်ပြီး ဒီကောင်…
ကိုဘခက်ကို ပစ်ခဲ့ရိုးမှန်ရင် သူ့လက်ထဲမှာ သေနတ်ရှိ…
မှာပဲ၊ တောကောင်တွေ ဘာတွေကို ကာကွယ်နိုင်မှာပေါ့ဗျာ"

"ခဲဒီလို တကယ်ဖြစ်ပါ့မလား မောင်ထွန်းနေနွယ်၊ မေ…
နိုင်လင်းဟာ တကယ်တရားခံမဟုတ်ရင် သူ့လက်ထဲမှ…



သေနတ်မရှိနိုင်ဘူး၊ ဒီလောက် ဆိုးရွားတဲ့ ရာသီဥတုကြား
မှာ တောကောင်နဲ့သာ တွေ့ရင်တော့ ခများ မသက်သာနိုင်
ဘူးကွယ်"

"ဘာတတ်နိုင်မှာလဲဗျာ၊ သူ့ထိုက်သူ့ကံပေါ့"

ဒိတ်တိဟန်တူနေသော ကိုကြိုင်းမောင်က ပေယျာလ
…သဘော ပြောချလိုက်သည်။

ကိုကျော်ဝင်းမောင်က တစ်ဖန်ဝင်ပြီး ဒေါ်ကေသီ
…း စိတ်ဖြေစကား ဆိုလိုက်သည်။

"မြိုင်သာရွာက အနီးဆုံးပဲ ဒေါ်ဒေါ်၊ နိုင်လင်းဟာ မြိုင်သာ
ရွာမှာ သွားခိုချင်ခိုမှာပါ၊ ဒါမှ နက်ဖြန်ရထားနဲ့ ထပ်ဆင့်
ထွက်ပြေးနိုင်မယ်လေ"

"ဒီလိုလဲ မထင်ပါဘူးကွယ်၊ မြိုင်သာက လူတွေက ဒီသစ်
စခန်းက လူတွေဆိုရင် မန်နေဂျာကိုဒေါင်း သေပြီးတဲ့နောက်
ကြည်ဖြူတာ မဟုတ်တာ၊ နောက်ပြီး မောင်နိုင်လင်းက
မြိုင်သာရွာသားဇာတိမှ မဟုတ်တာ"

လေးလေးမြင့် ထွက်လာပြီး ညစာထမင်းပွဲ အသင့်
…်ကြောင်း ပြောသည်နှင့် အားလုံးသည် ထမင်းစားခန်းဆီသို့
…ှက်လက်စွာဖြင့် လှမ်းသွားကြတော့သည်။

စားသောက်ပြီးကြသည်နှင့် အလျိုလျို ထွက်သွား
…ကြသည်။ မရီရီဝင်းနှင့် မစိုးသူဇာ ဆိုလျှင် အိပ်ချင်သည်ဆိုကာ
…ောက်ယပ်သို့ပင် ဆင်းမလာတော့။

မနန်းစိန်ကလည်း ခေါင်းကိုက်သည်ဆိုကာ ထ…
…လော့။ မနန်းစိန်သည် ကိုနိုင်လင်းနှင့် ပတ်သက်ပြီး စိတ်ထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



နေကြောင်း လေးလေးမြင့်နှင့် ဒေါ်ကေသီတို့ ရိပ်မိကြ။ ထိုအကြောင်း မန်နေဂျာနှင့် တာဝန်ခံတွေကို ပြောမပြကြသေး။ လည်း မနန်းစိန်အား အနှောင့်အယှက် မပေးလိုသော ဘဝရီးနှစ်ယောက်စလုံးက မသိလိုက် မသိဘာသာ နေလိုက် သည်။

စားကြွင်းစားကျန်များ သိမ်းဆည်းသန့်စင်ရ ပန်းကန်တွေ ဆေးကြောဖို့မှာ လေးလေးမြင့် တာဝန် ဖြစ်လာသ

ကိုကြိုင်းမောင်၊ ကိုကျော်ဝင်းမောင်တို့က အ ထပ်တက်သွားပြီ၊ ရဲမြင့်နောင်က ရုံးခန်းဆီသို့ ထွက်သွားသ အစားပုပ်သော ထွန်းနေနွယ်သာ နောက်ဆုံးကျန်ခဲ့တော့သ

"အေးကွယ် …၊ မနန်းစိန် မျှောလဲ ခေါင်းသိပ်ကိုက် တော့ လေးလေးနဲ့ကူပြီး သိမ်းဆည်း ဆေးကြောပေး နော် …"

"အို … မဟုတ်တာ ဒေါ်လေးကလဲ နေပါ၊ မလေး လုပ်နိုင်ပါတယ် ညဉ့်နက်လှပြီ၊ အိပ်ရေးသိပ်ပျက် ဒေါ်လေး အတွက်မကောင်းပါဘူး"

ထွန်းနေနွယ်ကလည်း သူစားသောက်နေသည် လက်စသတ်ရာမှ ဒေါ်လေးကေသီကို မော့ကြည့်သည်။ နောက်ပြ ခေါင်းခါပြသည်။

"ဒေါ်ကေသီ စိတ်ရောလူရော သိပ်အပန်းမခံနဲ့လေ ဒေါ်ကေသီမှာက ရောဂါနဲ့၊ ကျွန်တော် ဒီကိုလာလုပ်ကို ပေး ဘာ ဒေါ်ကေသီ စိတ်ရောလူရော မပင်ပန်းစေချ လို့မှန်း ဒေါ်ကေသီ သိသားနဲ့၊ ကဲပါဗျာ ဒေါ်ကေသီ သွာ



အိပ်ပါ၊ ဟောဒီက မလေးလေးမြင့်ကို ကျွန်တော် အကူ အညီ ပေးလိုက်ပါမယ်"

"ဩ … မင်းက ဒီစားကြွင်းစားကျန်နဲ့ စားပြီးသား ဟင်း ပန်းကန် ထမင်းပန်းကန်တွေကို …"

"ဆေးပေးမယ်ဗျာ … ရပါတယ်၊ ထောင်ထဲမှာတုန်းက မီးလှာဖိုးတောင် ကံကောင်းလို့ မထမ်းရတာ"

ထွန်းနေနွယ် သူ့ဟာသူပြော၊ သူ့ဟာသူရယ်သည်။ နောက် စားသောက်လို့လည်း ပြီးစီးသွားသည်နှင့် သူကပင် စားကြွင်းစားကျန် ပန်းကန်တွေကို ထပ်ယူကာ မီးဖို ထဲသို့ ဘာမပြော ညာမပြော သယ်ယူသွားသည်။

ဒေါ်ကေသီသည် ဘာကြောင့်မှန်းမသိ ကျေနပ်စွာ သည်။ ပြုံးရင်းကပင် တူမချော လေးလေးမြင့်ကို လှမ်းကြည့် ။ ဒေါ်လေးကေသီ၏ အကြည့်ထဲတွင် အဓိပ္ပာယ်တစ်ခုခုပါ မှန်း လေးလေးမြင့် ရိပ်စားလိုက်သည်။ ဘာအဓိပ္ပာယ်မှန်း သော သဲသဲကွဲကွဲ မသိ။

ထွန်းနေနွယ်က မီးဖိုထဲတွင် သူမအားကူညီပြီး ပေးပါမည် ဆိုခြင်းအတွက် လေးလေးမြင့် စိတ်ထဲတွင် မရှင်း ဖြစ်ရသည်။

အချိန်သည် အကာလ ညဉ့်သန်းခေါင်ကျော်။

ပတ်ဝန်းကျင်သည် မည်သူမျှမရှိ။ (ဒေါ်လေးကေသီ ရာခင်သွားလျှင် ဆိုပါတော့။)

နေရာသည် အိမ်ကြီးနောက်ဘက်အကျဆုံး မီးဖိုခန်း။

ထိုအချိန် ထိုနေရာနှင့် ထိုပတ်ဝန်းကျင်ကြားဝယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းနေနွယ်နှင့် မိမိ နှစ်ယောက်တည်း ဖြစ်ပါ့မလားဆိုသ မရှင်းမလင်း စိတ်ကလေးများ လေးလေးမြင့်တွင် ဝင်လာခြင်းပါ တည်း။

"ဖြစ်ပါ့မလား ဒေါ်လေး၊ သူ့ကို ပြန်သွားခိုင်းပေးပါ လေးလေး တစ်ယောက်တည်း အားလုံးလုပ်နိုင်ပါတယ်"

"ဘယ့်နှယ်လုပ်မလဲ သမီး၊ ဒါက သူ့စေတနာပိုင်းဖြစ်နေ တယ်လေ၊ ဒေါ်လေး အိပ်ရေးပျက် ပင်ပန်းမှာစိုးတဲ့အပြင် လေးလေး တစ်ယောက်တည်း ပင်ပန်းမှာလဲ သူစိုးလို့ပေါ့ ကွယ်၊ ဒါပေမယ့် စိတ်ချသမီး၊ မောင်ထွန်းနေနွယ်ဟာ သမီးကို လက်ဖျားနဲ့တောင် တို့မယ့်လူစား မဟုတ်ဘူး၊ အင်းလေ ... သမီးက မနှစ်ခြိုက် လက်မခံရင်ပေါ့လေ"

"သူဟာ ... ထောင်ထွက်တစ်ယောက်ပါ ဒေါ်လေး"

"ဟုတ်ပါတယ်၊ မောင်ထွန်းနေနွယ်ဟာ သစ္စာတရားသိ ကြီးမားတဲ့ သူတော်ကောင်း ထောင်ထွက်ပါ"

ထိုစဉ်မှာပင် ထွန်းနေနွယ် တစ်ခေါက်ပြန်ထွက်လာ ပြန်သည်။ ဒေါ်ကေသီသည် ထမင်းစားခန်းမှ ထွက်သွားလေတော့ သည်။ ငူငူငေါင်ငေါင် ရပ်နေသော လေးလေးမြင့်ကို ထွန်းနေနွယ် က ပြုံး၍ကြည့်လိုက်သည်။ သူ့အပြုံးက တစ်မျိုးကြီး။ သရော် သလို၊ လှောင်သလိုနဲ့။

"ဘာလဲ မလေးလေးမြင့်၊ ကျုပ်နဲ့နှစ်ယောက်တည်း ကျန် ရစ်ခဲ့ရတာကို သွေးလန့်နေသလား၊ မလန့်နဲ့၊ မကြောက်နဲ့ စိတ်ချ၊ ကျုပ်က မလေးလေးမြင့်ကို လူပျိုစကားပြောမှ သေချာတယ်"



"ဒီ ..."

ထွန်းနေနွယ် ရယ်လိုက်ပြန်သည်။

"ကျုပ်က လူပျိုပဲဗျာ၊ လူပျိုမှ စေ့စပ်ကြောင်းလမ်းထား တာမျိုးလဲ မရှိခဲ့ဖူးဘူး၊ နောက်ပြီး ... ချစ်လှပါချည်ရဲ့ဆိုတဲ့ မိန်းကလေး ချစ်သူမျိုးလဲ တစ်ခါဆို တစ်ခါမျှ မရှိခဲ့ဖူးဘူး၊ ဒါကြောင့် လူပျိုက ပြောသမျှစကားတွေဟာ လူပျိုစကား လို့ ပြောတာပါ"

လေးလေးမြင့် မျက်နှာက ပြုံးမပြ။ သို့သော် စိတ် ထဲကတော့ ပြုံးမိသည်။ ထွန်းနေနွယ်အား ဘာမျှ ခွန်းတုံ့ပြန်မနေ တော့ဘဲ၊ စားပွဲတွင် ကျန်ရှိနေသေးသော ပန်းကန်များကို စီထပ် က မီးဖိုထဲသို့ လေးလေးမြင့် ယူသွားသည်။ ပြီး ... ရေခဲဇလုံ ပြီးထဲတွင်ထည့်ကာ စတင်ဆေးကြောတော့သည်။

ထွန်းနေနွယ် လိုက်လာသည်။ လေးလေးမြင့်အား ပွင် ယှဉ်ရပ်ကာ ဆေးပြီးစ ရေစက်လက် ပန်းကန်တို့ကို ပတ်သန့်သန့် ခြောက်ခြောက်ဖြင့် တစ်ချပ်ချင်း ထွန်းနေနွယ်က ပုတ်ပေးသည်။

ပန်းကန်များကို အဝတ်ဖြင့် သုတ်ရင်းပင် ထွန်းနေ ယ်သည် လေးလေးမြင့်အား စူးစိုက်ကြည့်နေတတ်မှန်း လေးလေး ပြင့် သိသည်။ မိန်းမသားတို့တွင် ဤအတတ်ပညာမျိုးက ကြောင် ကြွက်ခုတ်တတ်သလို သဘာဝအတိုင်း တတ်သော အတတ်ပညာဟု ခေါ်ရမည်လား မသိ။ မိမိက ပြန်မကြည့်ပေမင့် အဘယ်ယောက်ျား က မိမိအား ဘယ်လိုကြည့်နေမှန်း မိန်းမသားတို့ အလိုလို သိနေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်သည် ကြောက်လန့်သည်မျိုး မဟုတ်သော ရင်ဖိုမှုတစ်မျိုး ခံစားနေရသည်။

"နည်းနည်းပါးပါး ကြာသွားပြီပေါ့ဗျာ၊ တစ်ခါတုန်းက ဒီသစ်စခန်းကို မလာခင် ရန်ကုန် ပန်းဆိုးတန်းထဲက တရုတ်စားသောက်ဆိုင်တစ်ခုမှာ မလေးလေးမြင့်ကို ကျုပ်ပထမဆုံး တွေ့ဖူးတယ်၊ အဲဒီတုန်းက မလေးလေးမြင့်မှာ အသက်ကြီးရင့်တဲ့ အမျိုးသားကြီးတစ်ယောက်နဲ့ ကျုပ်တို့လောက် မရှိတရှိ လူခပ်ချောချော အမျိုးသားတစ်ယောက် အဖော်ပါတယ်လေ၊ မှတ်မိလား မလေးလေးမြင့်"

"မှတ်မိသားပဲ"

"မဆိုးဘူး၊ ကျုပ်ပြောတာ မှတ်မိတယ်ဆိုရင်"

"ကိုထွန်းနေနွယ်ကို လေးလေး မှတ် ... အဲလေ ... ကျွန်မ မှတ်မိတာ မဟုတ်ဘူးနော်၊ အဲဒီ ပန်းဆိုးတန်း စားသောက်ဆိုင်ထဲမှာ ဦးမြတ်မင်းဝို၊ ကိုမျိုးတို့နဲ့ အတူစားသောက်ခဲ့တာကို မှတ်မိတယ်လို့ ပြောတာ"

"ကိုမျိုးတဲ့လား၊ ဦးမြတ်မင်း မဟုတ်တဲ့ လူရွယ်လုံချောက ကိုမျိုးတဲ့လား"

"ကိုအောင်မျိုးခိုင်တဲ့၊ ကိုမျိုးလို့ ကျွန်မခေါ်တာက ငယ်ငယ်လေးကတည်းက အပေါင်းအသင်း ဖြစ်လာလို့"

"အပေါင်းအသင်း ဖြစ်ရုံပဲလား၊ အဆင့် မကျော်ကြဘူးလား"

လေးလေးမြင့် မဖြေ။ ကိုမျိုးနှင့် ပတ်သက်ပြီး အဆင့်ကျော် စေ့စပ်သည်အထိ ဖြစ်ခဲ့သည်ကို ကိုထွန်းနေနွယ်အား



ပြောရန် ဘာကြောင့်မှန်းမသိ ဝန်လေးနေမိသည်။ ထို့ကြောင့် ပါတ်ဆိတ်ပင် နေလိုက်သည်။

"အဲဒီဆိုင်ထဲမှာတုန်းက ကျုပ်မှတ်မှတ်ရရကြီး သတိထားခဲ့မိတာ တစ်ခုရှိတယ်၊ အဲဒီတုန်းက မလေးလေးမြင့်ရဲ့ ဘယ်ဘက်လက်သူကြွယ်မှာ စိန်လက်စွပ်ကလေးတစ်ကွင်း ဝတ်ထားတယ်၊ အဲဒါကော ဟုတ်ရဲ့လား"

လေးလေးမြင့် မဖြေဘဲ ပေကပ်နေလိုက်သည်။

"ခေတ်မီတယ် ပြောမလား၊ အနောက်တိုင်း အတုယူတယ် ပြောမလားပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ လက်သူကြွယ်မှာ လက်စွပ် ဝတ်ထားရင် စေ့စပ်ကြောင်းလမ်း ပြီးသားပါ၊ ဒါမှမဟုတ် လက်ထပ်ပြီးသားပါဆိုတဲ့ အထိမ်းအမှတ်လက်စွပ်ပဲလို့ အခုခေတ်မှာ ယူဆနိုင်လာတယ်၊ ဒေါ်ကေသီက ပြောဖူးတယ်၊ သူ့တူမ မလေးလေးမြင့်ဟာ အပျိုတဲ့၊ ဒါဆိုရင် ရန်ကုန်မှာတုန်းက မလေးလေးမြင့် လက်သူကြွယ်က စိန်လက်စွပ်ဟာ စေ့စပ်ကြောင်းလမ်း လက်စွပ်ပဲ ဖြစ်ရမယ်"

လေးလေးမြင့် ပြန်မဖြေဖြစ်သေး။

"အခု ပန်းကန်ဆေးနေတဲ့ မလေးလေးမြင့်ရဲ့ လက်သူကြွယ်လေးကို ကျွန်တော် လှမ်းကြည့်တာ ငါးခါတိတိ ရှိသွားပြီ၊ ဟိုတုန်းကဝတ်ထားတဲ့ စိန်လက်စွပ်လေး ဝတ်ထားတာ မတွေ့ရဘူး၊ အခု ပန်းကန်ဆေးလို့ ချွတ်ထားပါတယ်လို့ မပြောနဲ့နော်၊ မြင်းလှည်းကို သစ်ပင်ပိဝုန်းကတည်းက မလေးလေးမြင့်ရဲ့ လက်သူကြွယ်ကို ကျုပ်ကကြည့်ပြီးသား၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက လက်သူကြွယ်မှာ စိန်လက်စွပ် မရှိတော့ဘူး”

လေးလေးမြင့်က သူ့အား ပြန်ကြည့်သည်။ ပြီး ... ဆင့်ဖော့လာမည့်ဘေးအတွက် ရန်ရှောင်စကားဆန်ဆန် ပြောလိုက်သည်။

“သစ်စခန်းလို နေရာမျိုးမှာ အဖိုးတန်ပစ္စည်း မဝတ်သင့်လို့ အဲဒီလက်စွပ်ကို လေးလေး အဲလေ ... ဒီကို မလာခင်ကတည်းက ချွတ်သိမ်းထားခဲ့တာကော မဖြစ်နိုင်ဘူးလား”

“ဖြစ်နိုင်ပါတယ်၊ ပန်းဆိုးတန်း တရုတ်ဟိုတယ်ထဲမှာ အဲဒီလူ ဘယ်သူ ... ကိုအောင်မျိုးခိုင် ဟုတ်လား ... အဲ ... အဲဒီလူနဲ့ စိတ်သဘောချင်း မတိုက်ဆိုင်လို့ မလေးလေးမြင့်က လက်စွပ်ကိုချွတ်ပြီး ကိုအောင်မျိုးခိုင်ကို ပြန်ပေးတာ၊ ကျုပ်မတွေ့လိုက်ရရင်တော့ သစ်စခန်းမှာ အဖိုးတန်ပစ္စည်း မဝတ်သင့်လို့ ချွတ်သိမ်းလာခဲ့တယ်ဆိုတဲ့ စကားကို ခြွင်းချက်မရှိ လက်ခံမိမှာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ် တကယ်သိချင်နေတာက အဲဒီတုန်းက လက်စွပ်ချွတ်ပေးခဲ့ပြီးတဲ့နောက် အဲဒီ လက်စွပ်ကို ကိုအောင်မျိုးခိုင်က မလေးလေးမြင့်ကို ပြန်ပေးသေးသလား၊ မလေးလေးမြင့်ကကော ပြန်လက်ခံခဲ့သလား ဆိုတာပါ”

“ကိုထွန်းနေနွယ်က ဘာလို့ သိချင်နေရတာလဲ၊ ဒါဟာ တစ်ပါးသူရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပဲဟာ”

“တစ်ပါးသူရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စဟာ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာထဲ ဝင်မလာရင်တော့ ဘာဆိုင်လဲ၊ လေညာက



အနေသာကြီးပေါ့ဗျာ၊ အဲ ... ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာထဲ ဝင်လာတော့လဲ မေးရမြန်းရ စူးစမ်းရတာလေးတွေ ဖြစ်လာရပြန်တာပေါ့”

“ကိုထွန်းနေနွယ် ဘာကို ရည်ညွှန်းတာလဲဟင်”

“စေ့စပ်ကြောင်းလမ်းတယ် ဆိုတာက နှစ်ဦးနှစ်ဝ သဘောတူကိစ္စမဟုတ်လား၊ နှစ်ဦးသဘောတူကိစ္စမှာ သုံးဦးမြောက်လူဟာမပါဝင်သင့်ဘူးပေါ့ မလေးလေးမြင့်၊ အဲ ... တကယ်လို့များ နှစ်ဦးနှစ်ဝ သဘောတူကိစ္စဟာ တစ်ဦးဦးက သဘောမတူတော့လို့ ဖျက်သိမ်းလိုက်ပါတယ် ဆိုရင်တော့ တတိယလူဟာ ဝင်မယ်ဆို ဝင်ခွင့်ရှိလာပြီ မဟုတ်လား”

“ကိုထွန်းနေနွယ်က အဲဒီစကားတွေ ဘာလို့ပြောနေတာလဲ”

“ကျွန်တော်က တတိယလူလေ”

“ရှင် ...”

“ကိုအောင်မျိုးခိုင်နဲ့ မလေးလေးမြင့်ဟာ အပြီးအပိုင် စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းလိုက်ပြီ ဆိုရင်ပေါ့လေ၊ ကျွန်တော်က မလေးလေးမြင့်ကို ချစ်နေပါပြီ၊ ကျွန်တော့်ရင်ထဲ နှလုံးထဲက စစ်စစ်မှန်မှန်ကြီး ပေါ်ထွက်လာတဲ့ မေတ္တာတွေဟာ တရဟော မလေးလေးမြင့် အပေါ် ပိုတိုးနေမိပါပြီ ဆိုတာ အတိအလင်း ဖွင့်ပြောတယ်ပေါ့ဗျာ”

“ဩော် ... ဒီလိုလား”

“ဟုတ်ပါ့၊ အဲဒီလိုပါပဲ မလေးလေးမြင့်၊ နောက်တစ်ချက်က တကယ်လို့များ မလေးလေးမြင့်က မိုးမပြိုဘူး ... ဆိုခဲ့သော် ဆိုပါတော့ဗျာ၊ ကျွန်တော့်မေတ္တာကို တုံ့ပြန်လိုက်တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင် ပောဒီသစ်စခန်းက အရုပ်တွေ ရှင်းပြီးတာနဲ့ ကျွန်တော်က မိသားဘသားပီပီ ကျွန်တော့်မိဘတွေကို ခေါ်လာပြီး ဒေါ်လေးကေသီဆီမှာ လက်ထပ်ဖို့ ခွင့်ပန်မယ်ဗျာ"

"မိဘတွေ၊ ဟုတ်လား"

"ကျုပ်မိဘတွေကို ဒေါ်ကေသီ သိပါတယ်လေ၊ ဒီတော့ ကိုအောင်မျိုးခိုင်နဲ့ မလေးလေးမြင့်ရဲ့ အခြေအနေမှန်ကို ကျုပ် သိပါရစေလား"

လေးလေးမြင့်သည် မှန်သည့်အတိုင်းပင် ဖြေမိပါ၏။

"စေ့စပ်လက်စွပ်ကို ကိုအောင်မျိုးခိုင်က အတင်းခွတ်ပြန်ပေးပါတယ်၊ ဒါပေမယ့် ကျွန်မက ပြန်လက်မခံဘူးလေ"

"ဒါဆို ကိစ္စက ပြတ်နေပြီပဲဟာ"

"ပြောလို့ကတော့ မရသေးဘူး ကိုထွန်းနေနွယ်၊ ကိုအောင်မျိုးခိုင်က မိုးကုန်တာနဲ့ ဒီသစ်စခန်းကို လိုက်လာပြီး ကျွန်မကို ခွတ်ပြန်ခေါ်မယ်လို့လဲ ပြောထားပါတယ်"

"မရှင်းမရှင်းကြီးပါလား၊ အခုပုံစံအတိုင်းဆိုရင် မလေးလေးမြင့် ကိုယ်တိုင်က စိတ်ကောက်ပြီး လက်စွပ်ပေးခဲ့တယ်၊ ယာယီစေ့စပ်ကြောင်းလမ်းထားခြင်းကို ရပ်စဲတဲ့သဘော၊ အဲ ကိုအောင်မျိုးခိုင် မိုးကုန်လို့ လာခေါ်ရင် ပြန်လိုက်သွား ပြန်စေ့စပ်ကြမယ့် သဘောလား"

လေးလေးမြင့် ဘယ်လိုဖြေရမှန်းပင် မသိ။

ဘယ်လိုဖြေရမှန်း မသိသောကြောင့်လည်း ဘာမျှ မဖြေဘဲ ဘယ်လိုပြန်ပြောရလျှင် ကောင်းမလဲဟု စဉ်းစားရင်း ငြိမ်နေမိပြန်သည်။



"အေးပေါ့ဗျာ၊ ကိုအောင်မျိုးခိုင်ကို မလေးလေးမြင့်ရဲ့ ရင်ထဲက ချစ်တော့ချစ်တယ်၊ လတ်တလော သူ့အပေါ် မကျေနပ်လို့သာ လက်စွပ်ချွတ်ပေးခဲ့ပြီး စိတ်ကောက်ထားခဲ့တယ်ဆိုရင်တော့ ကျုပ်ရင်ဖွင့်မိတာကိုပဲ ပြန်တောင်းပန်ရမှာပေါ့၊ ကျုပ်အယူအဆကတော့ မချစ်ဘဲနဲ့ စေ့စပ်ထားတာဆိုရင်တော့ မှားပြတိုက်ယူရပလေ့စေ ယူလိုက်မယ်၊ အဲ ... ကိုယ်တိုင်က ချစ်နေပါတယ် ဆိုရင်တော့ အဲဒီမိန်းကလေးမျိုးကို မနှောက်ယှက်ဘဲ ရင်ထဲကချစ်ထားလိုက်မယ်၊ အာယက်ပေးလို့ ဝစီကံနဲ့တောင် ဖွင့်ထုတ်မပြဘူး၊ အခုလဲ ကျုပ်အတွက်ကိ မှားသွားတယ်၊ မလေးလေးမြင့် ကိုယ်တိုင်က ကိုအောင်မျိုးခိုင်ကို မချစ်ဘဲနဲ့ အောင့်ကာနမ်း ဖြစ်ရမယ်လို့ တွက်မိခဲ့တာကိုး"

"ကိုထွန်းနေနွယ် အတွက်မမှားပါဘူး"

"ဗျာ ..."

ဘာကြောင့်မှန်းမသိ။ ကျုပ် အတွက်မှားသွားတယ်ဟု ထွန်းနေနွယ်က ပြောသည်နှင့် လေးလေးမြင့် နှုတ်မှ ကပျာကယာပင် ထွန်းနေနွယ် အတွက်မမှားကြောင်း ကောက်ခါငင်ကာ လွှတ်ခနဲ ပြောလိုက်သွားမိသည်။ ပြီး ... မိမိက ကိုအောင်မျိုးခိုင်အား နှလုံးသားမေတ္တာနှင့် ချစ်နေပြီဟု ထွန်းနေနွယ်က စွပ်စွဲသည်ကိုလည်း မခံမရပ်နိုင်သလို ဖြစ်သွားသည်။

အကယ်၍သာ ဒေါ်လေးကေသီက ညည်း... အောင်မျိုးခိုင်ကို ချစ်ကောမချစ်ဖူးလားဟု မေးလာလျှင် လေးလေးမြင့်က ပြောတတ်ပါဘူး ဒေါ်လေးရယ်ဟု ဖြေမိလေမည် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှု မိမိက ကိုအောင်မျိုးခိုင်အား ချစ်နေပါပြီဟု ဒေါ်လေး ကေသီ အထင်မှားသွားကော ဘာမျှအရေးမကြီးသောကြော ဖြစ်ပါ၏။

ယခု ထွန်းနေနွယ်က ယင်းသို့ အထင်မှားသွားမည် ဆိုခြင်းကတော့ လေးလေးမြင့်တွင် သိပ်အရေးကြီးသွားသည်။ ထို့ကြောင့်လည်း ကိုထွန်းနေနွယ် အတွက်မမှားကြောင်း ပျာယ် ပျာယာပင် ရင်ထဲမှ ပွင့်ထွက်ကာ နှုတ်မှဖွင့်ချလိုက်မိခြင်း ဖြစ် တော့သည်။

"ဘယ်လိုလဲ မလေးလေးမြင့်၊ အဖြေဆိုတာ နှစ်ခုထဲက တစ်ခုသာ ဖြစ်ရစမြဲပါ၊ မမှန်ရင်မှားမယ်၊ မမှားရင်မှန်ရ မယ်ပေါ့ဗျ၊ ကျုပ်တွက်ကိန်း မမှားဘူးဆိုတဲ့ မလေးလေး မြင့်ရဲ့ အဖြေမှန်ကိုလဲ တွက်ချက်ရှင်းလင်းပြဖို့ လိုလာတယ် ပေါ့ဗျာ"

လေးလေးမြင့်က ဆေးကျောခြင်းကို ရပ်တန့်လိုက် သည်။ ထွန်းနေနွယ် ဘက်သို့ တည့်တည့်ကြီး မျက်နှာချင်းဆိုင် ဖြစ်အောင် လှည့်လိုက်သည်။

"လေးလေး ကိုမျိုးကို ချစ်မှန်း မချစ်မှန်း အစက မသိခဲ့ ဘူး၊ လေးလေးနက်နက်လဲ နှလုံးသားမေတ္တာအကြောင်း မဆင်ခြင်မိခဲ့ဘူး၊ ကိုမျိုးနဲ့ ငယ်ငယ်လေးကတည်းက တွဲခဲ့တယ်၊ ကျောင်းကိစ္စပြီးသွားလို့ အိမ်ထောင်ရေးကိစ္စ အချိန်အခါအရောက်နဲ့ ကိုအောင်မျိုးခိုင်က လက်ထပ်ကြဖို့ စေ့စပ်ထားကြစို့လို့ ပြောလာတဲ့အခါ တိုက်ဆိုင်ပြီးမို့ လက်ခံလိုက်တယ်၊ ဒါပဲ"



"ဒါပဲဆိုတာက စကားကို အဆုံးသတ်လိုက်တဲ့ အဓိပ္ပာယ် ရောက်သွားတယ်၊ လေးလေးရဲ့ အစစ်အမှန်ကိစ္စဟာ မဆုံး သေးဘူးလေ၊ ဒီတော့ စကားလဲ မဆုံးသေးပါဘူး"

ခုနက လေးလေးမြင့်သည် ကျွန်မဟု ပြောနေရာမှ လိုလိုလွှတ်သွားကာ သူမကိုယ်ကို လေးလေးဟု ပြောလိုက် ကြောင်း ထွန်းနေနွယ်က ကျကျနနကြီး သတိထားလိုက်မိသည်။ ကြောင့် ယခု "မလေးလေးမြင့်"ဟု ပြောနေကျအတိုင်း ထွန်း နွယ်က မပြောတော့ဘဲ "လေးလေး"ဟုပင် ခေါ်ဝေါ်သုံးစွဲလိုက် လေတော့၏။

"စေ့စပ်လက်ခံပြီးမှ ကိုမျိုးရဲ့ စိတ်နေသဘောထား၊ မာန် မာနနဲ့ အမူအကျင့်တွေကို လေးလေး မနှစ်သက်ချင်တော့ ဘူးလေ"

"ဘာလဲ ... ကိုမျိုးအောင်ခိုင်က ပြောင်းလဲလာလို့လား"

"ပြောတတ်ဘူး၊ ကိုမျိုး ကိုယ်တိုင်က ကိုယ်ပိုင်လုပ်ငန်းထဲ ဝင်ပြီးတဲ့နောက် ပြောင်းလွဲလာတာပဲလား၊ ဒါမှမဟုတ် ဟိုနစဉ်တွဲကြစဉ်က သာမန်မိတ်ဆွေသဘောနဲ့သာ တွဲခဲ့တာ မို့ သူ့စိတ်နေသဘောထားတွေ အမူအကျင့်တွေကို လေးလေး ကိုယ်တိုင်က အမှတ်တမဲ့ နေမိခဲ့တာလားဆိုတာ မသေချာခဲ့ဘူးလေ၊ အဲ ... စေ့စပ်ပြီးတဲ့နောက်ပိုင်းကျတော့ တစ်နေ့ကျရင် ထပ်ပြီး ရာသက်ပန် အတူတူနေဖြစ်ကြတော့ မှာပါလားဆိုတဲ့ အတွေးဝင်လာမှ ကိုမျိုးရဲ့ စိတ်နေသဘော ထားနဲ့ အမူအကျင့်တွေကို အသေးစိတ် သတိထားလေ့ လာမိလာတာပါ၊ မကြိုက်ပါဘူး၊ ဒါပေမယ့် အဆင်နှယ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



မလဲ ကိုယ်က မိန်းမသားပဲ၊ နောက်ပြီး မွေးရာပါ စိတ်ေ
သဘောထားနဲ့ အမူအကျင့် ခရိုတာက ပြင်လို့လွယ်တာ
မဟုတ်တာ၊ ဒီတော့လဲ လေးလေးကပဲ အခြေအနေကိုကြ
ပြီး အလျော့အတင်း လုပ်သွားလဲ ဖြစ်မှာပါပဲလော်လို့ စိ
ပိုင်းဖြတ်ပြီး စေ့စပ်တာကို ဖျက်ပစ်ဖို့ သိပ်စိတ်ကူးပေ
ဒါပေမယ့်”

စကားကို ရပ်ထားပြန်သည်။ ထွန်းနေ့နွယ် ကြားချ
သည်ကလည်း၊ အဲဒီ ဒါပေမယ့်၏ နောက်ဆက်တွဲစကားတွေ
သာ အကြားချင်ဆုံး။

“ဆက်ပြောလေ ... ဒါပေမယ့် ဘာဖြစ်လဲ လေးလေး”

“ဒါပေမယ့် လေးလေး မခံမရပ်နိုင် အဖြစ်လာဆုံး
ကိုယ့်အပေါ် လွှမ်းမိုးလာမှုပဲ။ လွှမ်းမိုးမှု လွန်ကဲလာ
အနိုင်ကျင့်တာပဲလို့ ထင်စရာတွေအထိ ဖြစ်လာ
နောက်ပြီး လေးလေး သိသိသာသာကြီး သတိထားမိလာ
က ကိုအောင်မျိုးခိုင်ဟာ စီးပွားရေးအောင်မြင် ငွေကြေး
အဆမတန် ရလာသည်နှင့်အမျှ ငွေမာန်ပန်းညီးမာန်
အရမ်းတက်လာတာကိုပဲ၊ အင်းပေါ့လေ ... ဟုတ်ခ
ဟုတ်မယ်၊ ဟုတ်ချင်လဲ ဟုတ်မှာပဲ၊ ကိုမျိုးဟာ နောက်
လေးလေးက သူ့ကို လက်ထပ်ဖို့ လက်ခံတာတော
ချမ်းသာကြွယ်ဝမှု၊ သူ့မှာ ငွေကြေးတွေ သိပ်ပေါမ
ကြောင့် လက်ခံတာလို့ အထင်ရောက်တယ်လို့ လေး
ထင်လာတယ်၊ အဲဒါကျတော့ လေးလေးရဲ့ ဒေါ
လေးလေးရဲ့ မာန်မာနပဲ၊ ဒါကြောင့် ဒေါ်လေးကေသီ



လေးလေး လာဖို့ကိစ္စအတွက် သူက ပိုင်စိုးပိုင်နင်း အမိန့်ပေးဆဲဆဲ တားမြစ်တာကို လုံးဝမခံချင်တော့လို့ စေ့စပ်တာဖျက်တယ်၊ လက်စွပ်ပြန်ယူ ဒင်းကို ဘာမှ မမက်မောဘူး၊ စွန့်တယ် ခွာတယ်ဆိုတဲ့ ပုံစံပြပြီး လေးလေး သစ်စခန်းကို အရောက်လာခဲ့တာပဲ ကိုထွန်းနေ့နွယ်”

“ဒီမလာခင် ကိုအောင်မျိုးခိုင်က လေးလေးကို ပြန်ပြီး မတောင်းပန်ဘူးလား”

“အလျော့ပေးလိုက်တာဟာ တောင်းပန်တယ်လို့ ယူဆရင်တော့ သူတောင်းပန်တယ်ပေါ့လေ၊ နှုတ်ကဖွင့်ပြီးတော့ တို့မှားပါတယ်လို့ တောင်းပန်ရိုးထုံးစံမျိုးတော့ ကိုအောင်မျိုးခိုင်ဟာ ဘယ်သူ့အပေါ်မှာမှ မရှိခဲ့ဘူး”

“ဘယ်လို အလျော့ပေးလိုက်တာလဲ မလေးလေး”

“လေးလေး ဆန္ဒအတိုင်း သစ်စခန်း ဒေါ်လေးကေသီဆီကို သွားပါတဲ့၊ မိုးကုန်ရင် သူလာမယ်၊ လေးလေးကို ပြန်ခေါ်မယ်၊ အဲဒီနောက် နှစ်ဦးပိုင်း ဇန်နဝါရီလ၊ ဖေဖော်ဝါရီလလောက်မှာ လက်ထပ်ကြမယ်တဲ့”

“ဒါဆို ... လေးလေးရဲ့ အဆုံးအဖြတ်ကော ပေးခဲ့ပြီးပြီလား”

“လေးလေး ဘာမှမဆုံးဖြတ်လို့ ဘာအဖြေမှ မပေးခဲ့ဘူး၊ လေးလေး လက်စွပ်ပြန်ပေးကတည်းက ဆုံးဖြတ်ခဲ့တယ်လေ၊ ကိုမျိုးအောင်ခိုင်ကို ဘယ်တော့မှ လက်မထပ်ဘူးလို့၊ လေးလေး ဒီသစ်စခန်းကို ထွက်လာတဲ့အထိ ကိုအောင်မျိုးခိုင်ကို အဲတွေ့မခံခဲ့ဘူး၊ သူက လေးလေး အတွေ့မခံလို့

www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်မင်းက တစ်ဆင့် သူ့ သစ်စခန်း လိုက်လာမယ်
နှစ်ဦးပိုင်းမှာ လက်ထပ်ကြမယ် ဆိုတာတွေ ပြောခိုင်းတာ"

ထွန်းနေနွယ်သည် နံရံကိုကျောမှီလိုက်သည်။ လက်
ထဲတွင် ကိုင်ထားသော ပန်းကန်သုတ် အဝတ်ပိုင်းကို မမြင်ဖူးသေ
အရာတစ်ခုသဖွယ် ငေးကြည့်နေသည်။ လေးလေးမြင့်၏ စကာ
တွေသည် ဖေ့လှသည်။ လက်စွပ်ပြန်ပေးစဉ်က ဆုံးဖြတ်ပြီးပြီဟု
လည်း ပြောသည်။ ယခု အောင်မျိုးခိုင်က အလျှော့ပေးလိုက်ပြ
သည်မို့ နောက်ထပ် လေးလေးမြင့် ဘယ်လိုပြင်ဆင် ဆုံးဖြတ်ဦး
မှာလဲဟု မေးချင်စရာ ဆက်လက်ပေါ်နေပြန်သည်။

"ကဲဗျာ ... နောက်ဆုံး မလေးလေးမြင့်ရဲ့ ဆုံးဖြတ်ချက်က
ဘယ်လိုလဲ၊ မိုးကုန်လို့ သူလာခေါ်ရင် လိုက်သွားမှာလား၊
နောက်နှစ်ဖန်နဝါရီလ၊ ဖေဖော်ဝါရီလမှာ လက်ထပ်မှာလား၊
ရှင်းရှင်းလုပ်ဗျာ ကျုပ်မှာက မျိုရမလို ထွေးရမလိုနဲ့ တ
လစ်ကြီး ချိုရမလို ခါးရမလိုနဲ့ ဇန်တွတ်တွတ်ကြီး"

လေးလေးမြင့်က ထွန်းနေနွယ် စုအောင့်အော
အမူအရာရော၊ ပြောလိုက်ပုံ စကားအသုံးအနှုန်းတွေရော၊ ကြည့်
နားထောင်ကာ ပါးချိုင့်လေး မသိမသာ ခွက်ရုံလေး ပြုံးတုံ့
ဖြစ်သွားရသည်။ ရင်ထဲတွင် ကျေနပ်သော ပီတိအပြုံးလေးတစ်မျိုး
သည်း ခံစားလိုက်ရသည်။

"တကယ်လို့ပေါ့လေ၊ သစ်စခန်းရောက်လာပြီးမှ နှလုံးသား
ထဲက ထွက်ပေါ်လာတဲ့ မေတ္တာအကြောင်းကို အလေးအန
မထားမိဘဲ နေမိမယ်ဆိုရင်တော့ မိုးကုန်လို့ ကိုအောင်မျိုး
ခိုင် ပြန်လာခေါ်တာကို စိတ်ပြောင်းပြီး ပြန်လိုက်သွားချ



လိုက်သွားမိမယ်၊ အခုတော့ ဆုံးဖြတ်ထားပါတယ်၊ ကိုအောင်
မျိုးခိုင် လိုက်လာခေါ်လဲ လုံးဝမလိုက်တော့ဘူးလို့လေ"

"ဒါဆို သစ်စခန်းရောက်ပြီးမှ လေးလေး ရင်ထဲမှာက
ချစ်ရမယ့်သူ ရှိသွားတယ်ပေါ့ ဟုတ်လား၊ အဲဒါ ဘယ်သူလဲ
ဟင်၊ ကျုပ်ကလွဲပြီး တခြားဘယ်သူမှ မဖြစ်တန်ကောင်းပါ
ဘူး၊ ဟုတ်လား လေးလေး၊ ပြောဗျာ ဝမ်းသာစရာရှိလဲ
မိုးပေါ်မြောက်တက်သွားတဲ့အထိ ဝမ်းသာရအောင်"

ထွန်းနေနွယ်သည် သူ့ပုံစံကြီးအတိုင်း ခပ်ကြမ်းကြမ်း
ငင် လေးလေးမြင့် ပခုံးတစ်ဖက်တစ်ချက်စီကို သူ၏လက်ဝါးတစ်
ဖက်စီဖြင့် ဆုပ်ကိုင်လှုပ်ယမ်းရင်း နှုတ်မှလည်း တုန်တုန်ယင်ယင်
အသံကြီးဖြင့် ဖွတ်ပြောတော့သည်။

"နေဦးလေ၊ အဲဒီလို မကြမ်းနဲ့၊ လေးလေး မကြိုက်ဘူး"

"မကြိုက်ရင် မကိုင်ဘူးဗျာ၊ ဒါပေမယ့် ရင်အေးသွားအောင်
ရှင်းရှင်းဘွင်းဘွင်း ဖွင့်ပြောဗျာ"

"ပြောချင်ပါတယ် ကိုထွန်းနေနွယ်၊ ဒါပေမယ့် ကိုထွန်းနေ
နွယ်ဟာ ဘယ်သူဘယ်ဝါ၊ မျိုးရိုးဇာတိဘယ်လို၊ အတိတ်
အကြောင်းတွေက ရှင်းရဲ့လား ဆိုတာမျိုးတွေ လေးလေး
ဘာတစ်ခုသိထားလို့လဲ၊ ရင်ထဲကဖြစ်လာတဲ့ ချစ်ခြင်းမေတ္တာ
ဆိုတာမျိုးက ပြောင်းလဲလို့ မရနိုင်တာမျိုးပါ၊ အဲ ... လက်
ထပ်ရေးကိစ္စမျိုးကျတော့ လက်မထပ်မီမှာ ပြောင်းလဲလို့
ရတယ်မဟုတ်လား ကိုထွန်းနေနွယ်၊ လေးလေးရဲ့လက်တွေ
ကိုပဲ ကြည့်လေ၊ ကိုအောင်မျိုးခိုင့် ရင်ထဲက ချစ်ခြင်းမေ
မျိုးနဲ့ မချစ်ခဲ့တာမို့ လက်ထပ်ဖို့ကိစ္စကို လွယ်လ လေးပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလွှဲပစ်နိုင်တယ်။ အဲ ... ရင်ထဲက ချစ်မိပါပြီဆိုတဲ့လူ ကိုလဲ လက်ထပ်ဖို့အထိ ခရီးဆုံးရောက်နိုင် မရောက်နိုင် ဆုံးဖြတ်လို့ ရတာပဲ"

"ဪ ... ဪ ... ဒီလိုလား၊ အဓိပ္ပာယ်က လေးလေးဟာ ကျုပ်ကို ရင်ထဲကတော့ ပြန်ချစ်နေပါပြီ၊ ဒါပေမဲ့ လက်ထပ်သင့်တဲ့လူ ဟုတ်ရဲ့လား မဟုတ်ဘူးလား ဆိုတဲ့ အထိ စဉ်းစားနိုင်အောင် ကျုပ်အကြောင်းတွေ သိချင်၊ ဒီလို မဟုတ်လား"

"လေးလေးဟာ မိန်းမသားပါ ကိုထွန်းနေနွယ်၊ ဒီနေရာမျိုးမှာ မှားသွားပြီဆိုရင် တစ်သက်စာ သွားရော မဟုတ်လား"

"သိပ်လိမ္မာတဲ့ မိန်းကလေးပဲ၊ မှန်တယ်၊ သိပ်မှန်တယ်၊ တစ်လောကလုံးမှာ လေးလေးလို မိန်းကလေးတွေချည်းသာဆိုရင် ဘယ်မိန်းကလေးရှင်မိဘမှ စိတ်၏ဆင်းရဲခြင်းဆိုတာ ဖြစ်စရာ မရှိဘူး၊ ကျုပ်ကျေနပ်တယ် လေးလေး၊ ကျုပ်ကို လေးလေးက နှလုံးသားမေတ္တာ တုံ့ပြန်တယ်ဆိုတာကိုပဲ ကျုပ်အရှုံးဝမ်းသာသွားပြီ စိတ်ချ၊ ကိုယ့်ချစ်သူပါပဲဆိုပြီး ကျုပ် ဘာအခွင့်အရေးမှ မယူသေးဘူး၊ ကျုပ်အကြောင်းတွေအားလုံး တခ်နေ့ကျ လေးလေးကို ပြောကို ပြောရမှာပါ၊ ကျုပ်အကြောင်းတွေ လေးလေး အကုန်အစင် သိပြီးမှ လက်ထပ်ဖို့ လက်ခံတယ်ဆိုမှ ကျုပ်ရသင့်ရထိုက်တဲ့ ချစ်သူရဲ့ အခွင့်အရေးတွေ ယူမယ်"

"အို ... ဘာတွေစွတ်ပြောမှန်း မသိဘူး"

"ဒီလိုလေ အခုလောလောဆယ်မှာတော့ ကျုပ်အကြောင်းကို



ဘယ်သူမှ မသိတာ အကောင်းဆုံးပဲ၊ အထူးသဖြင့် ဒီသစ်စခန်းမှာ ကျုပ်ဟာ မိုးပေါ်ကျလာတဲ့ကောင်လား၊ ငရဲပြည်က အောက်ထွက်လာတဲ့ကောင်လား၊ ကျုပ်ဘာကောင်လဲဆိုတာ မသိလေ ကောင်းလေပဲ၊ ဒီတော့ လေးလေး ကျုပ်ကိုချစ်ပါတယ်ဆိုရင် တော်ပြီ၊ ဒီကိစ္စ ခဏရပ်ထားမယ်၊ အခု လတ်တလော သစ်စခန်း အရှုပ်အထွေးတွေကြားမှာ လေးလေးနဲ့ကျုပ် တစ်ယောက်ကိုတစ်ယောက် ချစ်နေရင် ပြဿနာတွေ ပိုပြီးရှုပ်ထွေးသွားမယ်၊ တောရှင်းပြီးမှ သီးပင်စိုက်မယ် လေးလေး၊ သစ်စခန်းတွေ အရှုပ်အထွေးတွေ ရှင်းသွားမှ အချစ်သစ်ပင်ကြီး ကျုပ်စိုက်မယ်"

"ဟုတ်ပါတယ် ကိုထွန်းနေနွယ်၊ လေးလေး ကိုယ်တိုင်ကလဲ ဒါလေးကသိ စိတ်ချမ်းသာ ကိုယ်ချမ်းသာ အခြေအနေမျိုး ရောက်သွားမှ တခြားကိုယ်ပိုင်ကိစ္စတွေကို စိတ်ဖြောင့်ဖြောင့် လုပ်ကိုင်နိုင်မှာပါ"

"ဒါပေသိ စတိလောက်ပေါ့ဗျာ၊ ချစ်ကြပါပြီဆိုတဲ့ သင်္ကေတလေးလောက်ပါ၊ လေးလေးမှာလဲ မထိခိုက်စေရပါဘူးလေ"

ပြောပြောဆိုဆိုပင် ထွန်းနေနွယ်သည် ကောက်ခါငင်ခါ လေးလေးမြင့်၏ လက်တစ်ဖက်ကို ဆွဲယူလိုက်သည်။ ပြီးသူမ၏ လက်ဖမိုးလေးကို သူ၏ နှာခေါင်းတွင်တေ့ကာ ရွတ်ခနဲနမ်းလိုက်သည်။

"အယ် ... ကြည့်စမ်း လေးလေးလက်က ဆပ်ပြာနံ့တွေ ကိုင်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပေ၏။ နမ်းချင်လှသော ထွန်းနေနွယ်၏ နှာသီးဖျားထိပ်ဝယ် ဆပ်ပြာပူဖောင်းလေးတွေပင် သီးကျ သည်။

ဒါကို လေးလေးမြင့်က ကြည့်ပြီး မအောင့်နိုင်ရှာ တခစ်ခစ် ရယ်လိုက်တော့သည်။ လေးလေးမြင့် ရယ်လေတေ ထွန်းနေနွယ်ကြီးကလည်း တဟဲဟဲ ရယ်မောလိုက်တော့သည်။ ဩော် ... ချစ်ကြပြီဆိုတော့လည်း ပီတိလေးတွေ ကိုယ်စီနှင့် လေ။

"ဩ ... ဒါထက် ကိုထွန်းနေနွယ်"

"ဆိုပါ လေးလေး"

"ပြောရင်း ဆိုရင်းပဲ ကိုထွန်းနေနွယ်ကို လေးလေ မပြောဘဲ မြှုံထားတာတစ်ခုကို သတိရလာလို့"

"ဘာများလဲ လေးလေး"

နံနက်က တောင်ပူစာထိပ် ချုံဖုတ်တွေကြားတွ လူနှစ်ယောက် ခြိမ်းခြောက် ငွေညှစ်စကားတွေ ပြောသည် အမှတ်မထင် လေးလေးမြင့် ကြားခဲ့သည်မှအစ၊ သူမ ထိုနှစ်ဦးအနက် တစ်ဦးဦးက ကျောဘက်မှ တွန်းထိုးရိုက်ချ ကြောင့် တောင်အောက်သို့ တလိမ့်ခေါက်ကွေး ကျလာခဲ့သည်တို့ ပြောပြလိုက်သည်။

"ဟုတ်လား၊ အဲဒီနှစ်ယောက်ဟာ ဘယ်သူတွေ ဖြစ်နိုင်တာ လို့ လေးလေး အသံမဖမ်းမိဘူးလား"

"ဘယ်လိုဖမ်းမိနိုင်မှာလဲ ကိုထွန်းနေနွယ်၊ လေးလေး မနေ့တစ်နေ့ကမှ ရောက်လာတဲ့ သူစိမ်းသက်သက်မဟု



လား၊ သူတို့ချင်းချင်း ပြောကြတဲ့ ခြိမ်းခြောက်ငွေညှစ်စကား တွေကို အခုလက်ရှိ ဖြစ်ပျက်သွားတာနဲ့ ဆက်စပ်ကြည့်ရင် အဲဒီနှစ်ယောက်မှာ တစ်ယောက်က အခုသေသွားတဲ့ ကိုဘခက် ဖြစ်နိုင်တာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်နိုင်ပါတယ်၊ ကျန်တဲ့တစ်ယောက်ဟာ ဆက်စပ်ကြည့် ရင် ထွက်ပြေးတိမ်းရှောင်နေတဲ့ နိုင်လင်းဖြစ်နိုင်တာပေါ့ လေးလေး၊ နေပါဦး၊ လေးလေးက အဲဒီလိုကြားပြီး တောင် ပေါ်က လိမ့်ကျလာလာချင်း ကိုယ်နဲ့ပထမဆုံး တွေ့ရတာပဲ ကိုယ့်ကို ဘာလို့ အဲဒီတုန်းက ချက်ချင်းမပြောလဲ"

"လေးလေး အဲဒီအချိန်ထိ ဘယ်သူ့ကိုမှ မယုံကြည်သေး ဘူးလေ၊ အဲဒီချုံဖုတ်ထဲက လူနှစ်ယောက်အနက်မှာ တစ် ယောက်ဟာ ကိုထွန်းနေနွယ် ဖြစ်နေမလားလို့တောင် လေးလေးက သံသယ ဖြစ်ခဲ့သေးတာ"

ထွန်းနေနွယ် ပခုံးကျယ်ကြီးကို တွန့်ပြလိုက်မိ သည်။

"ဟုတ်တာပေါ့၊ သစ်စခန်းမှာက ဘယ်သူ့ကိုမှ ယုံချင်စရာ ရှိတာမှ မဟုတ်တာ"

"လေးလေး စိတ်ထဲမှာ တာဝန်မကင်းတဲ့ ဝေဒနာတစ်မျိုး ခံစားနေရတယ် ကိုထွန်းနေနွယ်"

"ဘယ်လို တာဝန်မကင်း ဝေဒနာလဲ"

"တကယ်လို့သာ တောင်ပေါ်က လိမ့်ကျလာပြီး ကိုထွန်း နေနွယ်နဲ့ တွေ့တွေ့ချင်း ဒီအကြောင်းကို ဖွင့်ပြောခဲ့ရင် ကိုဘခက် တစ်ယောက် အခုလို အသတ်ခံရမှာ ဘေးက

www.burmeseclassic.com

www.burmeseclassic.com



ကင်းလွတ်သွားအောင် ကိုထွန်းနေနွယ်ကများ တားဆီး[...]
မလားလို့၊ လေးလေး မြဲနေမိလို့ပဲ ကိုဘခက်ဟာ မသေ[...]
ဘဲ သေသွားရသလားလို့"

ထွန်းနေနွယ်က ဦးခေါင်းယမ်းပြလိုက်သည်။

"ဘခက်ဟာ သေလူပါလေးလေး၊ အခုမသေလဲ မကြာ[...] တစ်နေ့နေ့ အလစ်မှာ အသတ်ခံရမယ့်လူပါ၊ သူ့အသ[...] အန္တရာယ်ကို ဘယ်သူကမှ အမြဲတစေ လုံခြုံအောင်ကာကွ[...] ပေးထားနိုင်မှာ မဟုတ်ပါဘူး"

ဘာပဲပြောပြော ကိုယ့်တာဝန်မရှိ၊ ကိုယ့်ပယောဂ[...] ဟု သိလိုက်ရသဖြင့် လေးလေးမြင့် ရင်ထဲတွင် ပေါ့ပါးသွားရပါ[...]

"ကိုဘခက်ဟာ ဘာဖြစ်လို့ တစ်နေ့နေ့မှ အသတ်ခံ[...] သေချာနေတာလဲဟင် သူက ဘာတစ်ခုခု လုပ်မိထ[...] လို့လဲ"

"ဘာတစ်ခုခု လုပ်မိထားလို့ မဟုတ်ဘူး လေးလေး၊ ဘခ[...] ဟာ လျှို့ဝှက်ကိစ္စတစ်ခုခုကို သိထားလို့ပဲ ဖြစ်ရမယ်၊ ဘခက် သိထားတဲ့ အချက်ကလဲ တခြားတစ်ယော[...] ယောက်အတွက် အင်မတန် မသိစေချင်တဲ့ လျှို့ဝှက်ချ[...] ဖြစ်တန်ကောင်းတယ်၊ ဒီတော့ အလွယ်ဆုံးနည်းက ဘခ[...] ကို နှုတ်ပိတ်ရုံပဲလေ"

လေးလေးမြင့်သည် ပန်းကန်ဆေးကြောခြင်းကို ပြ[...] လည်ပြီးလုပ်သည်။ ထွန်းနေနွယ်ကလည်း လေးလေးမြင့် ဆေးကြောပြီး ပန်းကန်များကို အဝတ်နှင့် ဆက်သုတ်သည်။

"နေပါဦး လေးလေး၊ ခုနက ပြောတဲ့အထဲမှာ ကိုယ့်ကိုလ[...]



မယုံလို့ ချုံဖုတ်ထဲက လူနှစ်ယောက်အကြောင်း ဖွင့်မပြောတာလို့ ပြောခဲ့တယ်၊ အဲဒါကို ကိုယ်ပြန်စဉ်းစားနေတယ်၊ လေးလေးရဲ့အမြင်မှာ ကိုယ်ဟာ မယုံကြည်စရာ အချက်အလက်တွေ မြင်နေလို့လား"

"ရန်ကုန် ပန်းဆိုးတန်း တရုတ်ဟိုတယ်ထဲမှာ ကတည်းက ဝတ်လုံတော်ရ ဦးမြတ်မင်းက ပြောခဲ့ဖူးတယ်၊ ကိုထွန်းနေနွယ်ဟာ သိပ်ကြောက်စရာကောင်းတတ်တဲ့ မြွေပွေးလို လူတဲ့ ထောင်က ထွက်လာတာတောင် သိပ်မကြာသေးဘူးတဲ့"

"ဩော် ... ဩော်... ဒါဆိုရင် အဲဒီကတည်းက လေးလေးက ကိုယ့်ကို အမှတ်သညာထားပြီးသား ဆိုပါတော့"

လေးလေးမြင့်က ခေါင်းညိတ်ပြပြီး ဆက်ပြောသည်။

"သစ်စခန်းရောက်တော့ ကိုထွန်းနေနွယ်ကို မျှော်လင့်ဘဲ မြင်းလှည်းကို သစ်ပင်လဲကျရာမှာ တွေ့ခဲ့တယ်၊ အဲဒီတုန်းကလဲ ကိုဘခက်ဟာ ကိုထွန်းနေနွယ်ကို မကျေနပ်တဲ့လေသံနဲ့ ရိပ်တိတိ ခနဲ့တဲ့တဲ့ ပြောတာတွေ လေးလေး သတိထားမိတယ်၊ လေးလေး ဆိုလိုချင်တာက ကိုဘခက်နဲ့ ကိုထွန်းနေနွယ်ဟာ အဆင်မပြေကြတဲ့ သဘော၊ မသင့်မြတ်ကြတဲ့သဘော ရှိနေကြ[...]ယ် ဆိုပါတော့လေ၊ နောက်တစ်ချက်က ချုံဖုတ်ထဲက လူ[...]စ်ယောက်အနက် တစ်ယောက်ဟာ ကိုထွန်းနေနွယ် ကိုယ်တိုင် ဖြစ်နေမလားလို့လဲ လေး[...] သံသယ ဖြစ်မိတယ်၊ ဘာလို့လဲဆိုတော့ ချုံဖုတ်[...] လူနှစ်ယောက်ပြောတဲ့ စကားထဲမှာ နက်ဖြန်မွန်း[...]ချိန်မှာ ပျဉ်း

www.burmeseclassic.com

www.burmeseclassic.com



မနားဘက်ကို စုန်တဲ့ရထားနဲ့ ပြန်လိုက်သွားဖို့ ပြောတဲ့ စကားတွေရယ်ဟာ မွန်းလွဲချိန်ချင်း သွားတူညီနေတယ်၊ ဒီတော့ ချုံဖုတ်ထဲက စကားကို လေးလေး ကြားလာမှန်း သိလို့ နက်ဖြန်မွန်းလွဲချိန်မှာပဲ ကိုထွန်းနေနွယ်က လေးလေးကို ပထုတ်တာလို့ လေးလေး ထင်မြင်မိပြန်ရော၊ ဘာလို့လဲဆိုတော့ ချုံဖုတ်ထဲက စကားတွေ ကြားတာ လေးလေးကလွဲလို့ ဒီပြင် ဘယ်သူမှ မရှိတာ၊ အဲဒီအချက်တွေစုပေါင်းပြီး ကိုထွန်းနေနွယ်ကို လေးလေး မယုံကြည်လို့ မပြောဘဲနေခဲ့တာပဲ"

"ဖြစ်မှဖြစ်ရလေ လေးလေးရယ်၊ အင်းပေါ့ လေးလေးဘက်ကကြည့်ရင် ဒီလိုထင်စရာ ကွင်းဆက်တွေ သွားချိတ်နေတာကိုး၊ ကိုယ်တကယ် အမှန်ပြောမယ်၊ စကားသာတုန်းကိုယ်က အခွင့်အရေး ထပ်ယူတယ်လို့လဲ မထင်နဲ့ဦး၊ ဘုရားစူး မိုးကြိုးပစ် ပြောရမယ်ဆိုရင် ရန်ကုန်ပန်းဆိုးတန်းတရုတ်ဟိုတယ်ထဲမှာ ပထမဆုံး လေးလေးကို တွေ့လိုက်ကတည်းက ကိုယ့်တစ်သက်မှာ ကိုယ့်ရင်ထဲက ချစ်ရမယ့် မိန်းကလေးကို တွေ့ရပါပြီလားလို့ ကိုယ့်ရင်တွေခုန်အောင် စိတ်လှုပ်ရှားသွားတယ်"

"ပိုတာ"

လေးလေးမြင့်က ရှေ့နပ်စွာ ပါးချိုင့်လေးခွက်အောင် ပြုံးရင်း ပိုတာဟု ဆိုလိုက်မိသည်။ ကိုယ်တကယ် ချစ်လာသူက ဘယ်တုန်းက စတင်ချစ်လာတာပါဟု ပြောလာသည်ကို နှစ်သိပ်ကြည်နူးစွာ နားဝင်ချိုသည်မှာ အမှန်ဖြစ်သော်လည်း မိန်းကလေး



သဘာဝ အတွန့်လေးတက်ရမှ ကျေနပ်စမြဲမို့ ပိုတာဟု အလိုလိုပြောလိုက်မိခြင်း ဖြစ်ပါလေ၏။

"မပိုပါဘူး အမှန်ပြောတာ၊ ဘုရားစူး မိုးကြိုးပစ်လို့တောင် ပြောနေတာပဲဟာ၊ ဒါကြောင့် စကားသာတုန်း အခွင့်အရေး ထပ်ယူတယ် မထင်လိုက်ပါနဲ့လို့လဲ ကိုယ်ပဏာမခံပြီးပြောထားသားပဲ"

"ကဲပါ ... လေးလေး ယုံပါတယ်၊ ပြောစရာကိုသာ ဆက်ပြောပါ"

"ကိုယ်ချစ်နေတဲ့ လေးလေးအတွက် ကိုယ်တကယ်ပဲ စိတ်ပူတယ်လေ၊ သစ်စခန်းကို ပထမဆုံးရောက်ရောက်ချင်း မြင်းလှည်းပေါ် သစ်ပင်လှဲကျတာဟာ ပထမကတော့ မတော်တဆလို့ ထင်ပေမယ့် ဒုတိယအကြိမ် တောင်ပေါ်က လိမ့်ကျပြန်တော့ အင်မတန် တိုတောင်းတဲ့အချိန်မှာ နှစ်ကြိမ်နှစ်ခါ သေလောက်အောင် ဖြစ်လာတာတွေဟာ သွေးရိုးသားရိုး မတော်တဆမှ ဟုတ်ရဲ့လားလို့ လေးလေးအတွက် ကိုယ်ပိုပြီး စိတ်ပူလာတာ အမှန်"

"မြင်းလှည်းပေါ်ကို သစ်ပင်လဲကျတာဟာ ရိုးရိုးသားသား မဟုတ်လို့ တမင်လုပ်တာဆိုတောင် အဲဒီလိုလုပ်တဲ့ ရည်ရွယ်ချက်ဟာ ကိုဘခက်ကိုသာ ရည်ရွယ်တာ ဖြစ်မှာပေါ့ ကိုထွန်းနေနွယ်၊ ဘာလို့ဆိုတော့ လေးလေးက မီးရထားပေါ်ကဆင်းပြီး သစ်စခန်းလာတဲ့လမ်းမှာအထိ သစ်စခန်းအရှုပ်အထွေးတွေနဲ့ ဘာမှမပတ်သက်တာပဲဟာ"

"အဲဒီလို ယူဆနိုင်စရာပါပဲလေ၊ ဒါပေမယ့် အဲဒီလိုကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ထစ်ချ ယူဆလိုက်လို့လဲ မဖြစ်သေးဘူး၊ ခုလေးလေးကိုပဲ တမင်ကြံစည်တာလို့ တွေးရင်လဲ တွေးစရာရှိနိုင်တယ်”

“အယ် ... လေးလေးက ဒီမှာ သုစိမ်း သက်သက်ပါနော်”

“ဒါပေမယ့် လေးလေးဟာ ဒေါ်ကေသီရဲ့ တူမအရင်းခေါက်ခေါက်ကြီးလေ”

“ဟင် ... အဲဒါ ဘာပြုလဲ ကိုထွန်းနေနွယ်”

“ဟုတ်၏၊ မဟုတ်၏ တော့ မသေချာဘူးပေါ့လေ၊ ဒါပေမယ့် တစ်ဦးတစ်ယောက်ဟာ ဒေါ်ကေသီရဲ့အပေါ်မှာ မကောင်းကြံစည်နေမယ်၊ လေးလေး မရောက်ခင်အထိ ဒေါ်ကေသီမှာ တကယ့်အားကိုးအားထား မရှိဘူး၊ ဒေါ်ကေသီက အသက်အရွယ်ထောက်လာပြီ၊ နှလုံးရောဂါလဲရှိတယ်၊ လူကြီးပိုင်းမို့ အတွေးအခေါ်ကစပြီး လှုပ်ရှားမှုတွေ လေးကန်တယ်၊ ဒေါ်ကေသီ အပေါ်မှာ မကောင်းကြံရတာ လွယ်မယ်၊ လေးလေးကျတော့ ခေတ်ပညာတတ် တက္ကသိုလ်ဘွဲ့ရ နုပျိုပြီး ဦးနှောက်ကောင်းတဲ့ မိန်းကလေး၊ ဒီလိုတူမအရင်းခေါက်ခေါက် အရည်ပြည့် မိန်းကလေးတစ်ယောက် ဒေါ်လေးကေသီအတွက် သစ်စခန်းကို ရောက်လာတာဟာ မကောင်းကြံသူအဖို့ လေးလေးဟာ ဆူးငြောင့်ခလုတ် ဖြစ်လာတယ်ဆိုပြီး လေးလေးကို ရှင်းပစ်တာမျိုးလားဆိုတာ ကိုယ်စဉ်းစားမိလို့ပါ”

“အင်းနော်၊ သစ်ပင်လဲကျတုန်းက ကိစ္စကို ဘေးမယ်ထားဦး၊



ဘောင်ပေါ်က တွန်းထိုးရိုက်နှက်ချလိုက်တာနဲ့ ဆက်စပ်တွေးရင်တော့ ကိုထွန်းနေနွယ်ရဲ့ အတွေးဟာ ဟုတ်လေလားလို့ ထင်စရာပဲ”

“တစ်ထစ်ချကြီးတော့ ဘာမှတွက်လို့ မရသေးဘူးပေါ့လေ၊ ဘောင်ပေါ်က လေးလေးကို တွန်းထိုးရိုက်နှက်ချလိုက်တာကလဲ သူတို့စကားကို ကြားသွားတဲ့လူဆိုပြီး တွန်းထိုးရိုက်ချတာလဲ ဖြစ်နိုင်တာပဲ၊ အဲဒီတုန်းက လေးလေးက ချုံဖုတ်ဘက်ကို ကျောပေးထားတယ်ဆို၊ လေးလေးရဲ့မျက်နှာကို သူတို့ မြင်သွားသေးလား”

“မမြင်နိုင်ဘူးလို့ လေးလေး ထင်တာပဲ”

“အဲဒီတုန်းက လေးလေး ဝတ်ထားတာ ဆွယ်တာအနီ၊ ထဘီအနီနော်”

“ဟုတ်ပါတယ်၊ ဘာလို့လဲ”

“အဘက်ဘက်က ကြိုတင်ကာကွယ်တဲ့ သဘောပေါ့လေးလေး၊ တကယ်ဆိုရင် ကိုယ်တို့ ထင်မြင်ယူဆသလို တစ်ယောက်ယောက်ဟာ ဒေါ်ကေသီကို မကောင်းကြံနေတာ မဟုတ်ဘဲ၊ ချုံဖုတ်ထဲက စကားတွေ ကြားသွားလေသလား ဆိုတဲ့စိတ်နဲ့ ရိုက်နှက်တွန်းထိုးချတာ သက်သက်ဆိုရင် လေးလေးကို ကျောဘက်ကသာ မြင်ရတာမို့ လေးလေးရယ်လို့ အတိအကျ သူတို့မသိနိုင်ဘူး၊ ဒီသစ်စခန်းမှာက ရီရီဝင်းရှိတယ်၊ စိုးသူဇာရှိတယ်၊ မနန်းစိန်ရှိတယ်၊ အဲဒီထဲက အမျိုးသမီးတစ်ယောက်ယောက်လို့ ထင်နိုင်စရာရှိတယ်၊ အဲ ... တစ်ခုတော့ရှိတယ်၊ ဆွယ်တာနီနဲ့ ထဘီနီကိုတော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့ မှတ်မိသွားနိုင်တယ်၊ နောက်ထပ် ဒီဆွယ်တာနဲ့ထဘီ
နီကို အခုအတောအတွင်း လေးလေး လုံးဝမဝတ်နဲ့ဦး၊
ဟုတ်လား"

"ဟုတ်ကဲ့ပါ ကိုထွန်းနေနွယ်"

ပန်းကန်များ ဆေးကြောပြီးစီးသွားလေပြီ၊ ထွန်းနေ
နွယ်က သူ့လက်များကိုလဲ ဆပ်ပြာနှင့် ဆေးကြောသန့်စင်ပြီး
လေးလေးအား နှုတ်ဆက်စကားဆိုရင်း ...

"ကိုယ်တစ်ခုတော့ အခွင့်အရေး တောင်းချင်သေးတယ်
လေးလေး"

"ဘာများပါလိမ့် ကိုထွန်းနေနွယ်"

"ချစ်သူတိုင်းမှာ ချစ်ကြတာကတခြား လက်ထပ်ဖြစ်တာက
တခြား မဟုတ်လား၊ အခုဆိုရင် လေးလေးက ကိုယ့်ကို
ချစ်တယ်လို့ ပြောထားပြီးပဲ၊ လက်ထပ်ဖြစ်ဖို့ကတော့
ကိုယ့်အကြောင်းတွေ ပြောပြပြီးတဲ့အခါ ကျေနပ်သွားရင်ပေါ့
လေ"

"အဲဒါ ဘာဖြစ်လဲ ကိုထွန်းနေနွယ်"

"အဲဒီ ကိုထွန်းနေနွယ်လို့ ခေါ်တာကြီးကို မခေါ်ပါနဲ့၊
အဓိကထားပြီး အခွင့်အရေး တောင်းချင်တာပဲ လေးလေး၊
ချစ်ကြပြီဆိုပြီးမှ ဒီအခေါ်ကြီးက စိမ်းလွန်းသလားလို့ပါ"

"ဒါဖြင့် ဘယ်လိုခေါ်ရမှာတဲ့လဲ"

"ဪ ခြေလဲရတယ်၊ ဘေးလူကြားလဲ မဟာလက်အောင်၊
ကိုယ့်ကို 'အစ်ကို' လို့ ခေါ်ပါလား လေးလေး"

လေးလေးမြင့်က ပြုံးလိုက်သည်။ ပြီး သူမ၏ နှုတ်မှ



မသိမထွက်သော်လည်း နှုတ်ခမ်းလေးလှုပ်ရုံနှင့် သိသာနိုင်လောက်
အောင် "အစ်ကို" ဟု ခေါ်သဖြင့် နှုတ်ခမ်းလေး လှုပ်ရှားဝန်းဝိုင်း
သွားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၄)

ချစ်ခြင်းမေတ္တာသည် မြွေဆိပ်သဖွယ် တစ်ကိုယ်လုံးသို့ တဖြည်းဖြည်း ပျံ့နှံ့စေသည်ပဲ ထင်ပါ၏။

သူ့ကို ချစ်သူမို့ "အစ်ကို"ဟု ခေါ်စေချင်သော အစ်ကိုထွန်းနေနွယ်၏ အကြောင်းကိုတွေးရင်း လေးလေးမြင့် ကြည်နူးစွာ ပြုံးရပါ၏။

သူမ၏အခန်းထဲ ရောက်သည့်တိုင်အောင် လေးလေး မြင့်မှာ အိပ်ချင်စိတ်မရှိ ဖြစ်နေရသည်။

သူမကိုယ်ကိုလည်း အလွန်အမင်း အံ့သြခြင်းတွေ ဖြစ်နေမိသည်။

အလယ်တန်းကျောင်းသို့ တက်စဉ်ကပင်လျှင်ကပင် ကိုအောင်မျိုးခိုင်နှင့် မိမိစတင်တွေ့ဆုံ သိကျွမ်းခဲ့သည်။ ယနေ့ထိ ဆိုလျှင် ကိုအောင်မျိုးခိုင်နှင့် အပေါင်းအသင်း ဖြစ်ခဲ့သည်မှာ ကြာလှပြီ ...။



သေချာဆန်းစစ်ကြည့်လေမှ ကိုအောင်မျိုးခိုင် အပေါ် င် သာမန်ခင်မင်ခဲ့သည်မှလွဲပြီး အဆင့်ကျော်အချစ်မျိုးနှင့် မိမိ ယဲ နှလုံးသားထဲက မချစ်မိကြောင်း သုံးသပ်တွေ့ရှိလာရ ည်။

အချစ်ဆိုသည်မှာ ကာလအပိုင်းအခြားပေါ် မူတည် ၊ တစ်ဦးနှင့်တစ်ဦး အခွန့်ရှည်ကြာလာလေမှ ချစ်ကြသည်ဆိုခြင်း မဟုတ်တန်ရာ။

အကြောင်းမူ အစ်ကိုထွန်းနေနွယ်နှင့် တွေ့ကြသည် တော့ အချိန်မှာ တခဏလေးရှိသေးသည်။ ယင်း တခဏကလေး တွင်းမှာပင် အစ်ကိုထွန်းနေနွယ်အား ကိုအောင်မျိုးခိုင်ကို မချစ် သော အချစ်မျိုးဖြင့် ချစ်လိုက်မိပါပြီလေကောဟုလည်း လေး လေးမြင့် ဆန်းစစ်မိသောကြောင့် ဖြစ်ပါ၏။

အစ်ကိုထွန်းနေနွယ်အကြောင်း တွေးရင်း အိပ်ခန်း ကင်းပေါက်သို့ လျှောက်လာခဲ့သည်။ နံနက်ကတည်းက ဖွင့်ထား ာ အခန်းပြတင်းပေါက်မှာ အပြင်ဘက်တွင် ကီစွပီစွတွေ ်နေသောကြောင့် ယခု သန်းခေါင်ကျော်သည့်တိုင်အောင် မပိတ် သေး။

"ဟယ် ... ကြည့်စမ်း"

လေးလေးမြင့်မှာ တအံ့တသြဖြင့် ပြတင်းပေါက်မှ ်ဆင့် အဝေးသို့ လှမ်းကြည့်ရင်း တအံ့တသြ နှုတ်မှ ရေရွတ် ်ကိမိတော့သည်။

အကြောင်းမူ ...

ဟိုအဝေးဆီရှိ အိမ်လေးအတွင်းမှ မီးရောင်လင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့လိုက်ရရုံမက ထိုအိမ်လေးထဲတွင် လှုပ်ရှားနေသော လူရိပ်မည်းမည်း တစ်ခုကိုပါ တွေ့လိုက်ရသောကြောင့် ဖြစ်ပေ သည်။

ဟိုအဝေးဆီမှ ထိုအိမ်လေးဆိုသည်မှာ ကိုဘခက်၏ အိမ်လေးပင် ဖြစ်တော့သည်။ ဤအိမ်ကြီးတွင် လေးလေးမြင့် ရရှိသောအခန်းက နောက်ဖေးပိုင်းကျသော အခန်းဖြစ်ရုံမက ယခု ပွင့်နေသော ပြတင်းပေါက်ကလည်း နောက်ဖေးဘက်ကျသော အပေါက်ပင် ဖြစ်နေသောကြောင့် မီးရောင်လင်းနေသော ကိုဘခက် ၏ အိမ်လေးကို လှမ်းမြင်နိုင်ခြင်း ဖြစ်သည်။ နေရောင်ရှိသော နေ့ဘက်တွင် အမှတ်မထင် ကိုဘခက် အိမ်လေးကို ပြတင်းပေါက် မှ လှမ်းမြင်သည်ဟု လေးလေးမြင့် သတိမထားမိ။ သစ်ပင်ကြီး တွေဖြင့် ရောထွေးနေသောကြောင့် ဖြစ်မည်။ ညဘက် ထိုအိမ် လေးမှ မီးရောင်လင်းနေသည်မို့ သိသိသာသာ လှမ်းမြင်ရခြင်း ဖြစ်သည်။

လေးလေးမြင့် ကြောက်လန့်လာမိသည်။

ကိုဘခက် အိမ်လေးထဲတွင် နက်ဖြန်ရဲတွေလာလျှင် လက်ရာခြေရာမပျက် ပြသနိုင်အောင် ကိုဘခက်၏ အလောင်းကို ဒီအတိုင်းထား၊ သော့ခတ်ထားခဲ့သည်ဟု လေးလေးမြင့် သိထား သည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အစောင့်ချထားခြင်း မရှိ ကြောင်းလည်း သူအသိပင်။

မီးလင်းနေသည်ကတော့ မေ့မေ့လျော့လျော့နှင့် ပြန် သူမျှ မီးမပိတ်မိသောကြောင့်ဟု ယူဆနိုင်စရာရှိသည်။

သို့သော် ...



ဤသို့သော သန်းခေါင်ကျော် အချိန်ကြီးကျမှ သော့ခတ်ထားသော ကိုဘခက် အလောင်းကြီးသာလျှင် ရှိနေသော ထိုအိမ်လေးထဲသို့ မည်သူသည် မည်သည့်အတွက် အိမ်လေးထဲသို့ မည်သို့ ဝင်ရောက်ပါလေသနည်း။

မည်သူမှန်း မည်သည့်အတွက်မှန်း မသိနိုင်သော် လည်း မည်သို့ ဝင်ရောက်သည် ဆိုသည်ကတော့ တွက်ဆ၍ရနိုင် သည်။ ၎င်းဝင်ရောက်နေသူတွင် ကိုဘခက်၏ အိမ်တံခါးသော့တူ ပါသာ ဝင်ရောက်နိုင်ခြင်းဖြစ်သည်။

အစ်ကိုထွန်းနေနွယ်အား သွားပြောလိုက်မည်ဟု လေးလေးမြင့် စိတ်ကူးသေးသည်။

သို့တစေ ယင်းစိတ်ကူးကို ချက်ချင်းပယ်ဖျက်လိုက် သည်။ နံနက်ကျမှ ပြောတော့မည်။

ယခုသွားပြောမည်ဆိုလျှင် ဧည့်ခန်းသို့ ပြန်ထွက်ရ သည်။ ဧည့်ခန်းတွင် မိမိကိုယ်တိုင် မီးပိတ်ထားခဲ့ပြီမို့ အပြင်ဘက် လင်မှောင်အတိ။ ဧည့်ခန်းမှတစ်ဆင့် ရုံးခန်းဘက်ကူးသော တံခါး ကို ပွင့်သွားလျှင် မှောင်မည်းသော ကော်ရစ်ဒါ စင်္ကြံကို လျှောက် သွားပြီးမှရုံးခန်းသို့ ရောက်မည်။

ဤမျှ ခက်ခက်ခဲခဲသွားပြီး ပြောသင့်သည့်တိုင်အောင် ပြန်လာလျှင် ကိုဘခက် အိမ်ကလေးထဲမှလူက ရှိချင်မှ ရှိတော့ သည်။ အပြောသာ အဖတ်တင်မည့်အတူတူ နံနက်မှပြောလည်း ဖြစ်သည်။

ထို့ပြင် အခုလေးပင် ချစ်ရေးဆိုထားသော အစ်ကို ထွန်းနေနွယ်ထံသို့ မိမိက ဤအချိန်ကြီးကျမှ တစ်ထပ်ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ရောက်တွေ့ဆုံလျှင် မိန်းကလေးက ရန်မယ်ရှာပြီး သူ့ခေါ်လာသ ဟု ထင်သွားနိုင်သည်။

နောက်တစ်ချက် ရှိသေးသည်။

ဤအိမ်ကြီးထဲတွင် ရှိနေသူများမှာ ဘယ်သူ ဘယ်သူ့ကိုမျှ စိတ်ချယုံကြည်စရာမရှိ။ ကိုဘခက်ကိုပင် ဤအိမ် ကြီးထဲရှိ လူတွေထဲမှ တစ်ယောက်ယောက်က သတ်ပစ်သည် ထင်စရာတွေချည်း ဖြစ်နေကြသည်။ ယင်းအခြေအနေဝယ် ကို ခက်အိမ်သို့ ဤအိမ်ကြီးထဲမှ တစ်ယောက်ယောက်က သွားရော နေစဉ် သူ၏အဖော် တစ်ယောက်ယောက်သည် အိမ်ကြီးထဲမှ လူတွေကို စောင့်ကြည့်ရန် မှောင်ခိုစောင့်နေကောင်း စောင့်နေမ မိမိထွက်သွားသည်နှင့် မှောင်ခိုစောင့်နေသူက မိမိအား ဒေ ပလော်တီးပစ်နိုင်သည်။ နံနက်ကပင် တောင်ပေါ်မှ တွန်းထိုး ချခြင်း ခံထားရပြီ မဟုတ်ပါလော။

ထို့ထက်မှာမူ ...

ကိုဘခက် အိမ်ထဲသို့ ယခုရောက်ရှိနေသူသ အစ်ကိုထွန်းနေနွယ် ကိုယ်တိုင် မဟုတ်ပါဟု၍ မည်သူက တ အပ်မတ်ချ ပြောရဲနိုင်ပါမည်နည်း။

လေးလေးမြင့်သည် တွေးလေ ကြောက်လေ ပြတင်းပေါက်ကို ပိတ်လိုက်သည်။ အတွင်းမှ အပေါ်မင်းတု အောက်မင်းတုံ့ကို သေချာချလိုက်သည်။

မိမိအခန်းကို မီးပိတ်တော့မည်ဟု ဟန့်ပြင်လိုက် မှာပင် လေးလေးမြင့် ဦးခေါင်းထဲသို့ အသိဉာဏ်တစ်ခု ဝင်ရောက်လာပြန်သည်။ မိမိက မီးရောင်လင်းနေသောဖြ



ခက် အိမ်လေးကို လှမ်းတွေ့သလို၊ ကိုဘခက်အိမ်လေးထဲ ောက်နေသူကလည်း ဤအိမ်ကြီးမှ မီးရောင်လင်းနေသော မိမိ န်းကို လှမ်းမြင်တွေ့မည်သာ။ အိမ်ကြီးတစ်အိမ်လုံးဝယ် မီး ပိတ်ထားပြီး ယခုအချိန်ထိ မီးလင်းနေသော အခန်းမှာ မိမိ န်းတစ်ခန်းတည်း ဖြစ်နေသည်။ ကိုဘခက်အိမ်ထဲသို့ သော့တူ ပြီး ရောက်နေသူသည် ဤအိမ်ကြီးထဲမှ တစ်ယောက်ယောက် ဖြစ်ရိုးမှန်ပါက ယခု မီးလင်းနေသော အခန်းမှာ မိမိအခန်း သေချာပေါက် သိရှိမည်။ မိမိက လှမ်းတွေ့နိုင်ကြောင်းလည်း ူက တွေးမိမည်မှာ ဧကန်။

ဒါဆိုလျှင် ထိုသူသည် အိမ်ကြီးသို့ ပြန်လာပြီးနောက် ား တစ်နည်းနည်းဖြင့် ရန်ရှာပေတော့မည်ဟု လေးလေးမြင့် ဉာဏ်က ဆက်စပ်တွေးတောလိုက်မိသည်။

လေးလေးမြင့် သိပ်ကြောက်လာသည်။

အပြင်ပြန်ထွက်ပြီး ဒေါ်လေးကေသီကို နှိုးကာ လေးကေသီ၏ အခန်းမှာပင် သွားအိပ်ရမည်လားဟုပင် တွေး ပါသေးသည်။

သန်းခေါင်ယံအထိ မအိပ်မစက်နေခဲ့သော ဝေဒနာ ဒေါ်လေးကေသီကိုလည်း လေးလေးမြင့် အနှောင့်အယှက် ချင်။

နောက်ဆုံး လေးလေးမြင့်သည် ဟာယ်... သမ္မာသကာ သောဘိုက်ကာ မိမိအိပ်ခန်းတံခါးမကြီးကို ပိတ်လိုက်သည်။ တွ သေချာအောင်ချပြီး ကုလားထိုင်ကို တံခါးတည့်တည့် ချထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအလန့်နှင့်ပင် အိပ်ရာထဲတွင် လဲလျော

လိုက်သည်။

ငါးမိနစ်၊ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်၊ လေးလေးမြ

အိပ်မပျော် ကြောက်စိတ်ဖြင့် မျက်စိကြောင်နေသည်။ နားကိုလည်း

အပ်ကျသံ ကြားနိုင်အောင်ပင် စွင့်ထားသည်။

မိနစ်သုံးဆယ်၊ နာရီဝက်။

ထင်သည့်အတိုင်းပင် အပြင်ဘက်တွင် ဖော့လျော

လာသော ခြေသံကြားရသည်။

လေးလေးမြင့်မှာ ရင်တဒိတ်ဒိတ်။

ခြေသံသည် လေးလေးမြင့် တံခါးဆီသို့ပင် တ

တန်းမတ်မတ် ရောက်လာပါ၏။ တံခါးဝတွင် ခြေသံရပ်သွားသည်

အပြင်မှ တံခါးကိုကိုင်၍ တွန်းဖွင့်သံကိုပင် လေးလေးမြ

ကြားနေရသည်။

လေးလေးမြင့် တုတ်တုတ်မျှ မလှုပ်ရဲ၊ အသက်ပ

မရှူမိဘဲ အောင့်ထားမိသည်။

ထိုစဉ့်မှာပင် ဒေါ်လေးကေသီ၏ အခန်းမှ ဒေါ်လေ

ကေသီ ချောင်းဆိုးသံ ပေါ်ထွက်လာသည်။ အအေးမိ အိပ်ရ

ပျက်မို့ ဒေါ်လေးကေသီမှာ နှာစေး ချောင်းဆိုး ဖြစ်သွား

သည်။

မည်သို့ဆိုစေ ဒေါ်လေးကေသီ၏ ချောင်းဆိုးသံ

ပင် အခြေအနေကို ပြောင်းလဲသွားစေပါ၏။

ဒေါ်လေးကေသီ၏ ချောင်းဆိုးသံ ထွက်လာသည်

တံခါးဝမှ ခြေသံရှင်သည် ဗွေ့ခနဲ တခြားသို့ ရှောင်ထွက်လျှ



ပွားသံကိုပါ တစ်ဆက်တည်း လေးလေးမြင့် ကြားလိုက်ရပါလေ

တော့သတည်း။

ဆောင်ခေါင်းမြီးခြုံကာ လေးလေးမှာ ဟင်းချရင်း

မျက်စိစုံမှိတ် အိပ်ပျော်ဖို့ ကြိုးစားလိုက်လေတော့သတည်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

BURMESE CLASSIC .com

အာရုံတက်လောက်မှာပင် တယ်လီဖုန်းက အော်မြည်လာသည်။ ထွန်းနေနွယ်မှာ ညက တစ်ရေးတစ်မော ကောင်းကောင်းအိပ်လိုက်ရသည်ဟူ၍မရှိသေး။ ရုံးခန်းစားပွဲပေါ်မှ တယ်လီဖုန်းက စူးရှစွာမြည်လိုက်သည်။

တယ်လီဖုန်းသည် အိမ်ကြီး၏ ဧည့်ခန်းတွင်တစ်လုံး၊ ထွန်းနေနွယ်၏ ရုံးစားပွဲတွင်တစ်လုံး တပ်ဆင်ထားသည်။ လိုင်းကတော့ တစ်လိုင်းတည်း ဖြစ်ပါ၏။

သစ်စခန်းအိမ်ကြီးသို့ တယ်လီဖုန်းလာပြီဆိုလျှင် များသောအားဖြင့် လုပ်ငန်းနှင့် စပ်လျဉ်းသော ကိစ္စများအကြောင်း လာခြင်းသာများသည်။ ထို့ကြောင့် မန်နေဂျာစားပွဲတွင်တစ်လုံး၊ ဒေါ်ကေသီရှိရာ အိမ်ကြီးတွင်တစ်လုံး ထားရခြင်းဖြစ်သည်။

မန်နေဂျာကိုဒေါင်း သေဆုံးသွားပြီး ထွန်းနေနွယ် မရောက်မီကဆိုလျှင် တယ်လီဖုန်းလာလျှင် ဒေါ်ကေသီက



စကားပြန်ပြောသည်။ ညပိုင်းဆိုလျှင် ရုံးခန်းတွင်အိပ်သော ရဲမြင့်နောင်က တယ်လီဖုန်းကောက်ကိုင်ပြီး လိုအပ်ပါက ဒေါ်ကေသီကို သွားနှိုးကာ ပြောစေသည်။ အိမ်ကြီးနှင့် ရုံးခန်းမှာ တစ်ဆက်တည်း ဖြစ်ပေတော့။

ထွန်းနေနွယ်မှာ ညက လေးလေးမြင့်အား ချစ်ရေးဆိုခဲ့ပြီး ပီတိဟုန်တွေကြွကာ တောင်စဉ်းစား မြောက်စဉ်းစားဖြင့် ကြက်အိပ်ကြက်နိုး ဖြစ်နေရသည်။ ထို့ကြောင့် အရုဏ်အချိန် ဖုန်းလာသည်နှင့် နိုးနေခိုက်ကြုံပြီး ဖုန်းကို ထွန်းနေနွယ်ကပင် ကောက်ကိုင်သည်။

အိမ်ကြီးဧည့်ခန်းတွင် တစ်ဦးဦးကလည်း ဖုန်းကိုင်နားထောင်ချင် နားထောင်ပေလိမ့်မည်။ လိုင်းက တစ်လိုင်းတည်းပေကိုး။

မြင့်သာစခန်းမှူး ကိုအောင်မောင်းထံမှ ဆက်သော ဖုန်းဖြစ်နေပါ၏။

အခါကမှာ ညကမိုးရွာသွန်းမှုကြောင့် ယခုအချိန်တိုင်အောင် လမ်းတွေချော်နေဦးမည် ဖြစ်သောကြောင့် နံနက်ပိုင်းသစ်စခန်းသို့လာရန် မလွယ်ကူသေးကြောင်းနှင့် ဘာတွေသစ်စခန်းတွင် ထပ်မံဖြစ်ပွားသေးသနည်း ဆိုသည်ကို စူးစမ်းခြင်းဖြစ်ပါလေ၏။

"နိုင်လင်းဆိုတဲ့ အလုပ်သမားခေါင်း တစ်ယောက်ကတော့ ထူးထူးဆန်းဆန်းပဲ ကိုအောင်မောင်းရေ၊ ကိုဘခက် အသတ်ခံရပြီး နိုင်လင်းက ရှောင်ပြေးနေလေရဲ့၊ ညက တို့ နိုင်လင်းကိုအုပ်စုဖွဲ့ပြီး ထွက်ရှာသေးတယ်၊ လုံးဝရှာမတွေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ နိုင်လင်းဆိုတဲ့လူနဲ့ သေသွားတဲ့ ကိုဘခက်ကကော ပတ်သက်စရာ အကြောင်းတွေ ရှိလား ဆရာ"

"အင်း ကိုဘခက် မသေခင်ညနေပိုင်းက နိုင်လင်းနဲ့ ကိုဘခက်တို့ စကားများရန်ဖြစ်ကြသေးတယ်လို့ ပြောတာပဲ၊ နောက်ပြီး ကိုဘခက်ဟာ တစ်ဦးဦးကို ငွေညှစ်ခဲ့တဲ့သဘော ရှိတယ်၊ အဲဒီငွေညှစ်ခံရတဲ့ လူတွေဟာ နိုင်လင်းလို အလုပ်သမားခေါင်းတစ်ဦး မဖြစ်နိုင်ဘူးဆိုရင်တော့ နိုင်လင်းဟာ ငွေညှစ်ခံရတဲ့လူနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေသလားလို့ တွေးစရာရှိလာတယ်"

"ဒါဆို နိုင်လင်းကို ပြန်မိရင် ကိုဘခက် အသတ်ခံရမှု ပေါ်လာနိုင်စရာပေါ့ ဟုတ်လား ဆရာထွန်းနေခွယ်"

"အဲဒါကြောင့် ကျုပ်တို့အားလုံး ကိုနိုင်လင်းကို ညကြီးမင်းကြီး မရမက ထွက်ရှာတာပေါ့၊ ဒါပေမယ့် မတွေ့ပါဘူး"

"မြိုင်သာရွာထဲမှာ ဒီကောင် ခိုနေမလားပဲ ဆရာ"

"မထင်ဘူး ကိုအောင်မောင်း၊ မြိုင်သာကလူတွေက မန်နေဂျာကိုဒေါင်း သေသွားတဲ့အတွက် သစ်စခန်းကလူတွေဆိုရင် ဘယ်သူ့ကိုမှ မကျေနပ်ကြဘူး၊ အကူအညီပေးချင်တဲ့ ဆန္ဒလည်း လုံးဝမရှိကြဘူး၊ ဒီကောင်နိုင်လင်းက မြိုင်သာရွာသားလဲ မဟုတ်ဘူးလေ၊ အေး တစ်ဆက်တည်း ပြောရဦးမယ်၊ မန်နေဂျာ ကိုဒေါင်း သေနတ်မှန် သေသွားတုန်းက သစ်စခန်းအိမ်ကြီးက ရိုင်ဖယ်တစ်လက် ပျောက်သွားသတဲ့"

BURMESE CLASSIC .com



"အဲဒီတုန်းက ကျွန်တော့်ကို အဲဒီလို ဘယ်သူမှ မပြောကြပါလား၊ ဒါကြောင့် ကိုဒေါင်းကိစ္စမှာ လူသေမှု မတော်တဆ ထိမှန်သေဆုံးမှုနဲ့ ကျွန်တော် ပိတ်လိုက်ရတာ ဆရာ"

"ဒါကတော့ ဒီလိုရှိတယ်လေ ကိုအောင်မောင်း၊ မန်နေဂျာ ကိုဒေါင်း သေပြီးစအချိန်အထိ သေနတ်ပျောက်မှန်း မသိကြဘူးထင်တယ်၊ မောင်ရင်တို့ လာစစ်ဆေးတဲ့ အချိန်အထိ ဆိုပါတော့၊ အဲဒီနောက်ကျမှ ဒေါ်ကေသီကသိတာ၊ ဒါပေမယ့် ဒေါ်ကေသီ သိသွားပြီး မကြာခင်မှာပဲ အဲဒီပျောက်သွားတဲ့ သေနတ်က လူအလစ်မှာ စင်ပေါ် သူ့ဟာသူပြန်ရောက်နေတာတဲ့"

"ဒါဆို အိမ်ကြီးထဲက အတွင်းလူတစ်ယောက်ယောက် ဖြစ်မှာပေါ့နော် ဆရာ"

"အင်း ... အဲဒီလိုပဲ တွေးစရာရှိနေတာပဲ၊ အလုပ်သမားထဲက ဆိုရင် ဘယ်အလုပ်သမားမှ အိမ်ကြီးကို အဝင်အထွက်ရှိကြတာလဲ မဟုတ်ဘူးလေ"

"ဒါဆို နိုင်လင်းဟာ အလုပ်သမားခေါင်း တစ်ယောက်ပဲ၊ သူဘာဖြစ်လို့ ရှောင်ပြေးနေရတာလဲ ဆရာ"

"ဪ ... ကိုအောင်မောင်းရယ်၊ နိုင်လင်းကိုတွေ့ပြီ့ သူဘာလို့ ရှောင်ပြေးပါတယ် ဆိုတာသာ အမှန်အတိုင်းသိရရင် အမှုကလဲ ပေါ်ပြီပေါ့၊ ဒါကြောင့် မောင်ရင်တို့ မြန်မြန်လာစေချင်တယ် ကိုအောင်မောင်း၊ ကျုပ်အနေနဲ့က ဘယ်လို စစ်ဆေးကိုင်တွယ်ရမယ်ဆိုတာ သိပေမယ့် ကျုပ်မှာက ယူနီဖောင်းဝတ်စုံ ဝတ်နိုင်သူ မဟုတ်ဘူးလေ၊ ဒီထက်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်း ပြောရရင် ကျုပ်မှာ တရားဝင်စစ်ဆေးခွင့် လုပ်ပိုင်ခွင့်တွေ မရှိဘူး"

"ဟာ ... ဆရာကလဲ ကျွန်တော်တို့ အနေနဲ့ကတော့ ဘာကြီးပဲ ဖြစ်ဖြစ်သွားသွား ဆရာ့ကို ..."

"တော်ပြီ ကိုအောင်မောင်း၊ သစ်စခန်းကို အမြန်ဆုံးလာနိုင်ဖို့သာ ဆက်ပြီး အားထုတ်ပါ၊ ကျုပ်က ခေါင်းရင်းတို့ မြန်မြန်လာစေချင်နေပြီလေ"

"စိတ်ချဆရာ တအောင့်လောက်ကြာရင် ခြေကျင်သမားတစ်ယောက် ကျွန်တော်လွှတ်ပြီး သစ်စခန်းကို သွားလမ်းအခြေအနေ ရှေ့ပြေးကြည့်ခိုင်းမယ်၊ အိုကေတယ်ဆိုတာနဲ့ ကျွန်တော်တို့အဖွဲ့ ကားမောင်းပြီး လာခဲ့မယ်"

လေးလေးမြင့်သည် တယ်လီဖုန်းလက်ကိုင်ကို ဖြန်းခနဲ မချမိသေးဘဲ ငိုင်နေမိလိုက်သေးသည်။

ညက ကိုဘခက် အိမ်လေးထဲသို့ သော့တူနှင့်ဖွင့်ဝင်သူနှင့် မိမိအခန်းတံခါးကိုလာဖွင့်ရန် ကြိုးစားသူသည် တစ်ဦးတစ်ယောက်တည်းပေပဲလား။

သို့မဟုတ် ...

ကိုဘခက် အလောင်းရှိရာ အိမ်လေးထဲမှလူက အခြားတစ်ယောက်။ မိမိတံခါးကို လာဖွင့်သူက နောက်တစ်ယောက် ပေပဲလား။

ဟု နဝေတိမ်တောင်ဖြစ်ပြီး အိပ်ပျော်သွားသည်ဆိုစေကာမူ အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေခဲ့ရသည်။

ထို့ကြောင့် အရုဏ်ဦးတွင် တယ်လီဖုန်းခေါင်းလောင်း



သံ ဧည့်ခန်းမှ မြည်သံကြားရသည်နှင့် လေးလေးမြင့် လူးလဲထကာ တယ်လီဖုန်းလက်ကိုင် ရခဲဗာကို ကောက်ယူပြီး နားထောင်လိုက်မိသည်။

လူးလဲထပြီး ဧည့်ခန်းသို့ထွက်ကာ ဖုန်းကို နားထောင်သည့် အဓိကရည်ရွယ်ချက်မှာ ဘာဘာညာညာတွေ စပ်စုလိုစိတ်ပဟုတ်ရိုးအမှန်။

ဒေါ်ကေသီ အိပ်ရေးဝဝ အိပ်စေချင်သော စေတနာသန့်သန့်သာဖြစ်သည်။ ဖုန်းမြည်သံကို မိမိနားကထောင်မည်။ လိုအပ်ပါလေမှ ဒေါ်လေးကေသီကို သွားရောက်နိုးယူမည်ဟူသော စေတနာသန့်သန့် သက်သက်။

သို့တစေ ...

ဖုန်းကောက်ကိုင်သည်နှင့် အခြားတစ်ဘက်မှ ဖုန်းခေါ်ပြောသူသည် မြို့သာရဲစခန်းမှူး ဦးအောင်မောင်း ဖြစ်နေကြောင်း ကြားသိလိုက်ရသည်။

လေးလေးမြင့်က ဘာမှပြောစရာမလို။ စခန်းမှူးကို အောင်မောင်း ဆက်သည်ကိုက အစ်ကိုထွန်းနေနွယ်ကိုသာ ဆက်ခြင်းဖြစ်ကြောင်း သိသာနေသည်။

ဒီတော့လည်း လေးလေးမြင့်က သူတို့နှစ်ဦး အစ်ကိုထွန်းနေနွယ်နှင့် စခန်းမှူး ကိုအောင်မောင်းတို့ အပြန်အလှန်ပြောသည်ကို ကြားဖြတ်နားထောင်နေမိလိုက်တော့သည်။

အမှုကြောင့် ပြောကြသည်တွေကတော့ လေးလေးမြင့် ကိုယ်တိုင် လက်တွေ့သိပြီးသားတွေချည်းမို့ အထူးတလည် အဆန်းအပြားမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ ...။

တစ်ခုပဲ ဆန်းနေသည်။ မြိုင်သာရဲစခန်းမှူး ရဲအုပ် ဦးအောင်မောင်းသည် အဘယ်ကြောင့် အစ်ကို ထွန်းနေနွယ်အား "ဆရာ"ဟု ခေါ်ရုံမက ပြောဆိုပုံတွေမှာ အလေးထား အရိုအသေပေးတွေ ဖြစ်နေရပေသနည်း။

ဟိုက ရဲအရာရှိ။ အစ်ကိုထွန်းနေနွယ်က ထောင်ထွက်တစ်ဦး။ ယင်းလက်ရှိအခြေအနေမှာပင် ဟိုက ဆရာခေါ်သေးသည်။

"အို ... ဘာတွေမှန်းလည်း မသိပါဘူး ..."

စိတ်ရှုပ်စွာဖြင့် ဖုန်းကို ညင်သာစွာပင် ပြန်ချထားလိုက်ပြီး၊ ကိုယ့်အိပ်ခန်း ကိုယ်ပြန်ပြီး လှဲနေလိုက်သည်။ ယခုကိစ္စမှာ ဒေါ်လေးကေသီကို နိှုးပြီးပြောရန်ကိစ္စလည်း မဟုတ်ပါလေ။

ထွန်းနေနွယ်သည် ပြန်လည် အိပ်ချင်စိတ် မရှိပါလေတော့။ ဝမ်းဗိုက်ကလည်း ဆာသလိုလို ရှိလာသည်။ သူသည် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အိမ်မကြီးဘက်သို့ ကူးခဲ့သည်။

မည်သူမျှ အိပ်ရာမှ မထကြသေး။

သူ့ဟာသူပင် မီးဖိုထဲသို့ ဝင်လာခဲ့သည်။ ကြောင်အိမ်ပေါ်တွင် တင်ထားသော ဓာတ်ဘူးကို လှုပ်ကြည့်သည်။ တော်ပေသေး၏။ ဓာတ်ဘူးထဲတွင် ရေနွေးရှိနေသည်။

နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်တို့ ရှာဖွေကာ သူ့ဟာသူ ကော်ဖီဖျော်ရန် ပြင်ဆင်သည်။

မနေ့ညက အတော်ညဉ့်နက်ချိန်ဝယ် သူချစ်သော လေးလေးနှင့်အတူ သူသည် ဤမီးဖိုထဲတွင် ရှိနေခဲ့သည်။ အစကာ



တော့ ကိစ္စဝိစ္စတွေ ပြီးစီးလေမှ လေးလေးမြင့်အား သူချစ်သည့်အကြောင်းရော သူ့အတိတ်ဘဝ ဖြစ်စဉ်တွေကို ဖွင့်ပြောပြီး လေးလေးမြင့်က တုံ့လည်းတုံ့ပြန်မည်။ လက်ထပ်ဖို့လည်း သဘောတူမည်ဆိုလျှင် တစ်ခါတည်း လက်ထပ်မည်ဟူသော စိတ်ကူးနှင့် ဆုံးဖြတ်ချက် ရှိခဲ့သည်။

သို့သော် ... မနေ့က မမျှော်နိုင်၊ မအောင့်နိုင်ဘဲ အနီးကပ်တွေ့ရလေ၊ ရင်ဖွင့်လေ ဖြစ်သွားကာ ဖွင့်ပြောလိုက်မိသည်။

ချစ်သော လေးလေးက လိမ္မာပြီး ဉာဏ်ရှိသောမိန်းကလေးဖြစ်သည်။ ပွင့်ပွင့်လင်းလင်းလေးပင် သူမကလည်း သူ့အား ပြန်လည်ချစ်ခင်ကြောင်း အဖြေပေးရှာသည်။ သို့စေကာမူ လေးလေးက ချစ်ခြင်းနှင့် လက်ထပ်ခြင်းကို ကွဲပြားခြားထားသည်။

အောင်မျိုးခိုင်ကို လေးလေးက မချစ်။ သို့သော်လက်ထပ်နိုင်လောက်သည်။

မိမိကျတော့ လေးလေးက ချစ်သည်။ သို့သော်လက်ထပ်ဖို့အထိဆိုလျှင် မိမိ၏ ဓာတိဓာစ်မြစ် အဖြစ်မှန်တွေကို သိလိုသေးသည်။

လေးလေး၏ သဘောလေးမှာ ချီးကျူးစရာကောင်းသည်။ ရွှေ ငွေ ဥစ္စာပစ္စည်း မက်၍လည်း လက်ထပ်မည်မဟုတ်။ သူမကိုယ်တိုင်လည်း ချစ်ရမည်။ သူမ၏ ချစ်သူကလည်း လက်ထပ်နိုင်လောက်သောသူ ဖြစ်ရမည်။ ထိုနှစ်ချက်ညီလေမှ လက်ထပ်မည်ဆိုသော ဆုံးဖြတ်ချက်မျိုး ရှိထားဟန်တူသည်။ လိမ္မာပေစွ။

ဝတ်လုံဦးမြတ်မင်းနှင့် လေးလေး သိကျွမ်းကြသည်မို့ ဝတ်လုံဦးမြတ်မင်းက မိမိသည် ထောင်ထွက်တစ်ဦးဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောလိမ့်မည်ထင်သည်။ ပြီး ... ထပ်မံဆုံစည်းကြတော့လည်း ရှုပ်ထွေးပွေလီပြီး လူတွေအသတ်ခံနေရသော သစ်စခန်းဝယ်ထပ်မံဆုံစည်းကြသည်။ ဒီတော့လည်း လေးလေးခမျာ မိမိအား မည်သို့လျှင် ယုံယုံရဲရဲ ရှိနိုင်ပါအံ့နည်း။ မိမိကိုယ်ဆိုင်ကလည်း ယခုလို ရှုပ်ထွေးနေချိန်ဝယ် မိမိ၏ ဇာတိဇာစ်မြစ်နှင့် ဖြစ်စဉ်တွေကို ဘယ်သူ့ကိုမျှ ပြောမပြချင်သေး။ ထို့ကြောင့် ဒေါ်ကေသီကိုပင် မိမိ၏အကြောင်းတွေ မည်သူ့ကိုမျှ မပြောပါနှင့်ဟု တင်းကျပ်စွာ ပိတ်ထားရသည်။

ဤသစ်စခန်းဝယ် မိမိက မိုက်ခဲ မန်နေဂျာတစ်ယောက်ပုံစံ ယူထားသည်။ ပြောစရာရှိ ပြတ်ပြတ်သားသားပြော၍ပြီး၊ လုပ်စရာရှိ ပြတ်ပြတ်လုပ်ပြနေသည်။ သို့မှသာ ဒေါ်ကေသီ၏ အခက်အခဲတွေကို ရှင်းနိုင်မည်ဟုလည်း ယုံကြည်ထားသည်။ မည်သူ့ကိုမျှ မျက်နှာသာမပေး။ မိမိကိုယ်တွင် အပျော့အညံ့ ဘာတစ်ခုမှ မရှိရအောင် တင်းထားသည်။ မိမိထောင်ထွက်ဖြစ်ကြောင်းကိုလည်း သတင်းလွှင့်ထားရသေးသည်။

"ဪ ... ကိုထွန်းနေနွယ်ကိုယ်တိုင် ကော်ဖီ ဝင်ဖျော်နေသလား၊ ပေး ... ပေး ... ကျွန်မဖျော်ပေးမယ်၊ ကိုထွန်းနေနွယ် ထမင်းစား စားပွဲမှာသာ သွားထိုင်ပါ ..."

မီးဖိုထဲတွင် ဂလောက်ဂလက် အသံတွေ ကြား၍ထင်သည်။ မီးဖိုနှင့် တစ်ဆက်တည်း အခန်းထဲမှ မနန်းစိန် ထွက်လာပြီး ပျာပျာသလဲ ဝင်လုပ်ပေးသည်။

"ရပါတယ် မနန်းစိန်၊ ကျုပ်ကအိပ်မပျော်ဘူးလေ၊ ဒီတော့ ဗိုက်ဆာလာတယ်၊ ဒါကြောင့် ကော်ဖီလာဖျော်သောက်ပ



လား။ လို့၊ သိပ်စောနေသေးတယ် သွားပြန်အိပ်ပါ မနန်းစိန်၊ ကျုပ်ဟာကျုပ် ဖျော်သောက်ပါ့မယ်"

"အို ... မဟုတ်တာ၊ ခါတိုင်းလဲ ကျွန်မ ဒီအချိန်ထရတာပဲ၊ ဒီထက်တောင် စောသေးတယ်၊ တာဝန်ခံတွေ အလုပ်ဆင်းအမီ ကော်ဖီဖျော်ရတယ်လေ၊ မနေ့ညက ကိုနိုင်လင်းအတွက် စိတ်မကောင်း ဖြစ်မိတာနဲ့ အိပ်မပျော်ဘူး၊ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားလို့ အခုအိပ်ရာထ ခါတိုင်းထက် နောက်ကျသွားတာပါ"

ဤသစ်စခန်းဝယ် နိုင်လင်းနှင့် မနန်းစိန်တို့သည် ယမ်းလေးတစ်ပုဒ် ဖြစ်နေကြောင်း ဟိုလူသည်လူ့အပြောဖြင့် နွယ် ကြားဖူးထားသည်။ သို့သော် သူတစ်ပါးအကြောင်း လိုသဖြင့် မေးမြန်း စူးစမ်းခြင်း မပြုဘဲ ဘာသာလဝါ နေခဲ့။

ပြီး ... မနန်းစိန်နှင့်လည်း ယခုလို နှစ်ယောက်တည်း ကာ စကားလက်ဆုံကျဖူးသည်ဟူ၍လည်း တစ်ခါမှ ဖူးမျှ ။

ယခုမူ ကြုံကြိုက်ခြင်း ဖြစ်သည်။ ကြုံကြိုက်ပုံကလည်း ပျာ မကင်းကြောင်းဖြစ်သူ နိုင်လင်းက ကိုဘခက် သေပြီး ထွက်ပြေးနေသူ လူသတ်တရားခံအဖြစ် ယိုးစွတ်နိုင်သူဘဝ ချိန်မျိုး ဖြစ်နေပေသည်။ မနန်းစိန်ကို ချော့မော့မေးမြန်း နိုင်စရာ ရှိသလောက် သိနိုင်လေမလားဟု ထွန်းနေနွယ် သို့ အတွေးဝင်လာသည်။

"ဘယ်လိုလဲ မနန်းစိန်၊ ဒီအိမ်မှာ ငယ်ငယ်ရွယ်ရွယ် အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီး သုံးယောက်တောင် ရှိလာပြီ၊ ဒေါ်ကေသီရဲ့ ဝ...
ရောက်လာတယ်လေ၊ မနန်းစိန်မှာ အဖော်တွေ ကျ...
လောင်ဘက်တွေ အများကြီးရသွားပြီပေါ့ ဟုတ်လ...
"မထင်ပါနဲ့ ကိုထွန်းနေနွယ်"

မနန်းစိန်က နှုတ်ခမ်းအနည်းငယ် မဲ့ပြသည်။

"ဒေါ်ဒေါ် ဒေါ်ကေသီရဲ့တူမ မလေးလေးမြင့်က... ရုပ်ချောသလောက် မာနလဲ မရှိဘူး၊ ကျွန်မကိုလဲ ကူညီပါတယ်၊ ရောက်စမို့လား မသိဘူးပေါ့လေ၊ တက... မလေးလေးမြင့်ဟာ ပင်ကိုယ်စိတ်နဲ့ ကူညီတယ်ထ... ကြာရင်တော့ ဟိုနှစ်ယောက်အနီးကိုကြည့်ပြီး ကျွ... ကူညီပါဦးမလားတောင် မသိဘူး"

"ဟိုနှစ်ယောက် ဆိုတာက မရီရီဝင်းနဲ့ မ... တာလား မနန်းစိန်"

"သူတို့နှစ်ယောက်ပဲပေါ့ ကိုထွန်းနေနွယ်၊ အိပ်ရာက ... မှထမယ်၊ ထပြီးတာနဲ့ သူ့ကိုယ်ကို အလှဆုံးဖြစ်... ဖြီးလိမ်းဝတ်ဆင်ပြီး၊ အပြိုင်အဆိုင် အလုပြိုင်ပွဲ သွ... ဝင်နေကြတာနဲ့ အိမ်မှာ ဘာအလုပ်တစ်ခုမှ ကူညီ... ပါဘူး ..."

"သူတို့က အပြိုင်အဆိုင် ဘယ်မှာသွားပြီး အလုပြို... နေကြလို့လဲ မနန်းစိန်ရဲ့ ..."

"ကိုဘခက်ဆီမှာလေ၊ အို ..."

မနန်းစိန်သည် လွှတ်ခနဲ ဖြောလိုက်ပြီးမှ သူ... သော စကားသည် မှားများ မှားသွားလေပြီလားဟု အ...



သွားသည်ထင့်။ အို ... ဟု ရောင်ရမ်းအော်လိုက်သံပါ ပူးတွဲထွက်လာသည်။

ထွန်းနေနွယ်က မနန်းစိန် စကားကြောင့် ထူးထူးခြားခြား ဖြစ်သွားသော ဟန်အမူအရာ လုံးဝမပေါ်စေဘဲ ကိုယ်ပိုင်သိထားပြီးသော အကြောင်းအရာကို တပ်မံကြားရသည့်ပုံစံဖြင့် နေလိုက်သည်။

"အင်း ... ကိုဘခက်နဲ့ သူတို့နှစ်ယောက် ရင်းနှီးပြီး တွဲနေကြတာတော့ မြင်သားပဲ၊ ဒါပေမယ့် ကိုဘခက်အိမ်ကိုသွားပြီး အလှပြိုင်ပွဲဝင်တယ်ဆိုတာလောက်ထိတော့ မထင်မိဘူးလေ"

"အမာလေး... သွားတာမှတစ်ယောက်တစ်လှည့်စီ ကိုဘခက်ဆီကို အပြိုင်အဆိုင်သွားရင်းနဲ့ပဲ မရီရီဝင်းနဲ့ မသူဇာစိုးဟာ တစ်ယောက်ကိုတစ်ယောက် မနာလို ဝန်တိုတွေဖြစ်ပြီး ရန်သူတွေလိုဖြစ်လို့ ..."

"ဒါဆိုရင် ... ကျုပ်မသိလို့ တစ်ခုမေးမယ်နော်၊ ကျုပ်က ကိုယ့်အလုပ်နဲ့ကိုယ် သစ်စခန်းနဲ့ သစ်စက်ထဲမှာပဲ အလုပ်များနေတာကြောင့် သိပ်မသိဘူးပေါ့ဗျာ၊ မနန်းစိန်ကတော့ ဒီအိမ်ကြီးမှာ တစ်နေ့လုံး အကြာကြီး အနေများလာတော့ သိများသိနိုင်မလားလို့ မရီရီဝင်းဖြစ်ဖြစ်၊ မသူဇာစိုးဖြစ်ဖြစ် တစ်ယောက်ယောက်ပေါ့ဗျာ၊ နိုင်လင်းနဲ့များ မရှင်းမလင်းတာတွေ ရှိသလား မသိဘူးနော် ..."

"အို ... မဟုတ်တာ"

"ဒီလိုလေ ... အခု ကိုဘခက် အသတ်ခံရပြီး နိုင်လင်းက

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးနေတယ်၊ ဒီတော့ ကိုဘခက်ကို နိုင်လင်းသတ်တယ်လို့ပဲ ထင်စရာဖြစ်နေတယ်၊ ဒါဆိုဘာကြောင့် နိုင်လင်းက သတ်သလဲဆိုတာ စဉ်းစားစရာ ရှိလာတယ် မိနန်းစိန့်၊ ကိုဘခက် အပေါ်မှာ အဲဒီအမျိုးသမီး နှစ်ယောက်တည်းက တစ်ယောက်ယောက်နဲ့ ပတ်သက်ပြီး နိုင်လင်းက ကိုဘခက်ကို အာဃာတထားပြီး သတ်ပစ်တာများလားလို့ပါ ..."

"လုံးဝမဟုတ်ဘူး၊ ကိုနိုင်လင်း ကိုယ်တိုင်က ဒီမိန်းမနှစ်ယောက် အနေအထိုင်ကို ကဲ့ရဲ့နေတာ၊ နောက်ပြီး ကိုနိုင်လင်းက အလုပ်သမား၊ သူတို့က တာဝန်ခံရဲ့ဇနီးတွေ၊ နောက်တစ်ခု ရှိသေးတာက ကိုနိုင်လင်းမှာ ချစ်သူရှိပြီးသားပါ၊ ငွေစုနေတာ၊ ငွေပြည့်ရင် သူ့ချစ်သူကိုပဲ ကိုနိုင်လင်းက လက်ထပ်မှာ၊ ဒီမိန်းမတွေနဲ့ ကိုနိုင်လင်း လုံးဝမပတ်သက်မှန်း ကျွန်မ သေချာသိပါတယ်၊ ဒီတော့ ကိုဘခက်ပေါ်မှာ ကိုနိုင်လင်းက ဘာအာဃာတမှ မရှိဘူး၊ အာဃာတမရှိတာမို့ ကိုဘခက်ကို ကိုနိုင်လင်းက သတ်စရာလဲ မလိုဘူး"

"ဒါဆိုရင် ကိုဘခက် အသတ်ခံရတာနဲ့ နိုင်လင်းက ဘာလို့ ထွက်ပြေးတိမ်းရှောင်ရတာလဲကွာ"

"မပြေးလို့ ဖြစ်မလား၊ မပြေးရင် သူပါ အသတ်ခံရမှာပေါ့"

"ဟေ ... ဘာလို့"

ထွန်းနေနွယ်က ချက်ချင်းပင် ဟေ ... ဘာလို့ဟု အငိုက်ဖမ်း မေးလိုက်သည်။ မနန်းစိန်က ဘာကြောင့်ပါဟု ပြန်အပြောကိုလည်း နားစွင့်ထားလိုက်သည်။



သို့သော် ဒီလောက်တော့ မနန်းစိန်က ပါးပုံရသည်။ လုံးဝဖြေသံ ထွက်ပေါ်လာခြင်း မရှိပါလေ။

"ကော်ဖီဖျော်ပြီးပါပြီ၊ ထမင်းစား စားပွဲမှာ သွားပြင်ပေးရမလား ကိုထွန်းနေနွယ်"

"ဒီမှာပဲ မတ်တတ်သောက်မယ် မနန်းစိန်"

ထွန်းနေနွယ်က မနန်းစိန် ထည့်ပေးသော ကော်ဖီပန်းကန်ကိုယူပြီး အငွေ့မှုတ်ရင်း စကားကို ပြန်ကောက်သည်။

"ဆက်စပ် တွေးကြည့်တာပေါ့ဗျာ၊ ဥပမာ မန်နေဂျာကိုဒေါင်းကို နိုင်လင်းက အကြောင်းတစ်ခုခုကြောင့် သတ်လိုက်မိတယ်၊ ဒီလိုသတ်လိုက်တာကို ကိုဘခက်က သိသွားမယ်၊ ဒါကို အကြောင်းပြုပြီး ကိုဘခက်က နိုင်လင်းကို ငွေညှစ်မယ်၊ နိုင်လင်းကလဲ မနန်းစိန်နဲ့ အဲလေဗျာ၊ သူ့ချစ်သူနဲ့ လက်ထပ်ဖို့ ငွေစုနေတာဆိုတော့ ကိုဘခက်ညှစ်တဲ့ငွေကို မပေးချင်ဘူး၊ ငွေပဲ့သွားတာနဲ့ သူ့ချစ်သူကို လက်ထပ်နိုင်ဖို့ ခဲယဉ်းသွားမယ် မဟုတ်လား၊ ဒီတော့ ကိုဘခက်ကို သတ်ပစ်တာ အကောင်းဆုံးဆိုပြီး ..."

"အို ... မဟုတ်ဘူး ... လုံးဝမဟုတ်ဘူး၊ ကိုထွန်းနေနွယ်ပြောပုံကြီးက ကိုနိုင်လင်းမှာ မန်နေဂျာ ကိုဒေါင်း အသတ်ခံရတာကြီးတောင် ပိုလာပြန်ပြီ၊

ဒီမှာရှင့် မန်နေဂျာကိုဒေါင်း အသတ်ခံရတဲ့အချိန်မှာ ကိုနိုင်လင်းဟာ မြို့သာရွာထဲမှာ ရောက်နေတယ်၊ ရဲတွေလည်း စစ်တုန်းကလဲ ရွာသားတွေက ကိုနိုင်လင်းဟာ ရွာထဲမှာ သူတို့နဲ့အတူ ရှိနေတဲ့အကြောင်း၊ ပြောကြတယ်၊ အဲဒီတုန်း

www.burmeseclassic.com



က သစ်ခန်းကို မြိုင်သာကလူတွေက မမုန်းသေးဘူး၊ မန်နေဂျာ ကိုဒေါင်း သေတာ သွေးရိုးသားရိုး မဟုတ်မှန်း ရိပ်မိသွားမှ သစ်ခန်း အိမ်ကြီးက တစ်ယောက်ယောက်က ကိုဒေါင်းကို တမင်သဟ်ပစ်တာလို့ သွပ်စွဲပြီး သစ်ခန်းအိမ်ကြီးကို ဘာမှမကျေညီတော့တာ၊ ဒီတော့ ကိုဒေါင်းကို ကိုနိုင်လင်း သတ်တာမဟုတ်ဘူး၊ ဒါကြောင့်လဲ ကိုဘခက်က ကိုနိုင်လင်းကို ငွေညှစ်စရာ ဘာမှမရှိဘူး၊ ငွေညှစ်စရာ အကြောင်း မရှိလို့လဲ ကိုဘခက်ကို ကိုနိုင်လင်းက သတ်ရ စရာ အကြောင်း လုံးဝမရှိဘူး၊ နောက်တစ်ချက်ရှိသေးတာ ကိုဒေါင်း မသေမီက ဒီအိမ်ကြီးဧည့်ခန်း သေနတ်စင်က သေနတ်တစ်လက် ပျောက်သွားတယ်၊ ဒီအိမ်ကြီးဧည့်ခန်း ထဲကို ဘယ်အလုပ်သမားမှ ဝင်ခွင့်မရှိဘူး၊ တာဝန်ခံတွေ သာ တောနက်နက်ဆင်းတဲ့အခါ သေနတ်ယူကိုင်ခွင့်ရှိတာ"

"ခက်တယ် မနန်းစိန်၊ ကိုဘခက် သေသွားပြီး နိုင်လင်းက ထွက်ပြေးရှောင်ပုန်းနေတာက နိုင်လင်းအပေါ်မှာ သဏ္ဍာန ပြီး တွေးရမလို ဖြစ်နေတယ်၊ ဒီလိုပြန်တွေးကြည့်ရင်တော့ ဟုတ်လို ဟုတ်ငြားပေါ့လေ၊ ဒီသစ်ခန်းမှာ နိုင်လင်း အကြောင်းကို အသိဆုံးက မနန်းစိန် မဟုတ်လား"

"ဘယ်လိုတွေးကြည့်ပြန်ချင်တာလဲ ကိုထွန်းနေနွယ်"

"မန်နေဂျာ ကိုဒေါင်းကို ဘခက်က သတ်တယ်ဆို သတ်ချင်လဲ သတ်နိုင်စရာရှိတယ်၊ မန်နေဂျာနေရာ လစ် လပ်သွားရင် ကိုဘခက်က မန်နေဂျာပဲဆိုတဲ့ တွက်ကိန်းပဲ ပေါ့"



"ဒါလောက်ထိတော့ ကျွန်မ ဘာသိနိုင်မလဲ"

"မှန်တယ်၊ ဒီလောက်ထိ မနန်းစိန် မသိနိုင်ဘူး၊ အခုပြော နေတာတွေကလဲ အပ်ချမတ်ချ ဟုတ်ရမယ် မှန်ရမယ်လို့မှ မဟုတ်တာ၊ ဖြစ်နိုင်လေမလား ဆိုပြီး ဥပမာသဘော တွေးနေ တာတွေပါ၊ အဲ ... ကိုဘခက်က ကိုဒေါင်းကို သတ်တာ နိုင်လင်းက မြင်သွားမယ် သိသွားမယ်၊ ကိုဘခက်က ငွေ ပေါ်တဲ့လူ၊ နိုင်လင်းက လက်ထပ်ဖို့ ငွေလိုနေတဲ့လူ၊ ဒီတော့ ကိုဘခက်ကို နိုင်လင်းက ငွေညှစ်မယ်၊ ကိုဘခက်က မပေးတဲ့အပြင် ကိုယ့်လက်အောက်ငယ်သား နိုင်လင်းကို မချေမငံပြောမယ်၊ ထိုးမယ် ရိုက်မယ်ပေါ့ဗျာ၊ ဒါကို နိုင် လင်းက မခံနိုင်လို့ ကိုဘခက်ကို သေနတ်နဲ့ ပစ်သတ်တယ် ဆိုရင်ကော ...၊ ဥပမာ ပြောတာပါနော် မနန်းစိန်"

"ဥပမာဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကိုဘခက်ကို ကိုနိုင်လင်း သတ်ကိုမသတ်ဘူး၊ နောက်ပြီး သေနတ်ရှိတဲ့ ဧည့်ခန်းကို ကိုနိုင်လင်းလိုလူက ဝင်ယူနိုင်ခွင့် ရှိတာမှ မဟုတ်တာ"

"သေနတ်ကို နိုင်လင်း ဝင်မယူပါဘူး၊ မနန်းစိန်ကယူပေး တယ်ဆိုရင်ကော"

"ဒီ ..."

"ဒီမယ် မနန်းစိန်၊ ကော်ဖီဖျော်ပေးတာ ကျေးဇူးတင်ပါ တယ်၊ အခု ကျွန်တော် ပြောတာတွေ အားလုံးဟာ ဒီနေ့ ရောက်လာကြမယ့် မြိုင်သာရဲအဖွဲ့က ရောက်လာရင် မေး မယ့်ပြောမယ့် စကားတွေချည်းပဲ၊ တရားခံအစစ်ဟာ ဘယ် သူတစ်ယောက်ယောက်ပဲ ဖြစ်ပါစေ၊ လက်ရှိအခြေအနေမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုဘခက် အသတ်ခံရတယ်၊ နိုင်လင်းက ထွက်ပြေး
တိမ်းရှောင်နေတယ်၊ ဒီတော့ နိုင်လင်းအပေါ်မှာပဲ တရားခံ
အဖြစ် ယူဆဖို့ရှိနေတယ်၊ စဉ်းစားပါ မနန်းစိန်၊ ကျုပ်
တိုင်က ပင်ကိုယ်အယူအဆနဲ့ ပြောရရင် နိုင်လင်းဟာ
သတ်မယ့်ကောင် မဟုတ်ဘူးလို့ပဲ ယူဆတယ်၊ အဲ ...
နိုင်လင်း ထွက်ပြေးနေတာဟာ ထင်ယောင်ထင်မှား
ဖြစ်ပြီး တကယ့်လူသတ်တရားခံအစစ်နောက်ကို ရဲ့
ခြေရာဖျောက်ပေးသလို ဖြစ်နေတယ်"

ထွန်းနေနွယ်က သောက်ပြီးသွားသော ကော်ဖီ
ကန်ကို ပြန်ပေးသည်။

"ဒါပဲပေါ့ဗျာ၊ ကိုနိုင်လင်းနဲ့ မနန်းစိန်က သဲသော
ကြတဲ့သူတွေပဲ၊ ကိုယ်မဟုတ်ဘဲနဲ့ သူများအတွက် ကိုယ်
ကြိုးစင်တက်မလား၊ တစ်သက်တစ်ကျွန်းသွားမလား၊
လူသတ်သမားက သူ့ကိုထပ်ပြီး သတ်မှာစိုးလို့ နိုင်
ဟာ ထွက်ပြေးတိမ်းရှောင်တာပါလို့ မနန်းစိန် ပြော
စဉ်းစားပါ၊ အခုလူသတ်သမား အစစ်အမှန်ကို သိ
ကျုပ်နဲ့တကွ ရဲအဖွဲ့က နိုင်လင်းကို အကာအကွယ်
နိုင်တယ်၊ လူသတ်သမားအစစ်ကို ဖမ်းမိတာနဲ့ သူ့
နဲ့သူ ကြိုးဒဏ်၊ ကျွန်းဒဏ် တစ်ခုခု ခံသွားရ
နိုင်လင်း အတွက် နောက်ထပ် အန္တရာယ်မရှိနိုင်
အေး ... အခုအတိုင်း မြဲနေကြရင်တော့ နိုင်လင်း
လူသတ်တရားခံအဖြစ် စွဲချက်တင် ခံရပြီး ကြိုးနဲ့
တစ်ခုခုပဲ၊ ကဲ ... သွားမယ်ဗျာ".



ထွန်းနေနွယ်သည် မီးဖိုခန်းမှ ပြန်ထွက်လာခဲ့သည်။

မနန်းစိန်မှာ ထွန်းနေနွယ် ပြန်ပေးသွားသော ကော်ဖီ
ပန်းကန်ကို ကိုင်ရင်း ငူငူငိုင်ငိုင် ကျောက်ရုပ်ကြီးသဖွယ် ငြိမ်သက်
လျှာ ကျန်ခဲ့ပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၆)

နံနက်မိုးလင်းသည်နှင့် လေးလေးမြင့်သည် ရီရီဝင်းနှင့်မိုးသူဇာအား ကူညီလုပ်ကိုင်ပေးရန် အိမ်ပေါ်ထပ်သို့ တက်ရောက်ခဲ့သည်။

မနေ့ညက ရီရီဝင်းရော မိုးသူဇာပါ ကယောင်ချောက်ချားတွေ ဖြစ်ခဲ့သည်မို့ တကယ်အားသစေ့ ကူညီမည်ဆိုသည့် စေတနာဖြင့် တက်ရောက်လာခြင်း ဖြစ်သည်။ ဤမျှ မိုးလင်းသည်မို့ သူတို့၏ခင်ပွန်းတွေ လုပ်ငန်းခွင် ဆင်းသွားကြပြီမို့လည်း ရဲရဲတင်းတင်း လေးလေးမြင့်က တက်ရောက်လာခြင်း ဖြစ်ပါ၏။

ပထမဆုံး တွေ့ရသော ရီရီဝင်း အခန်းသို့ပင် လေးလေးမြင့် ဝင်ခဲ့သည်နှင့် ...

အံ့သြစရာကိုလည်း တွေ့ရသည်။ မအံ့သြစရာကိုလည်း တွေ့ရသည်။

အံ့သြစရာမှာ ညက ကယောင်ချောက်ချား ဖြစ်ခဲ့



သော မရီရီဝင်း ယခု မိုးလင်းစ အချိန်မှာပင် ဖြီးလိမ်းဝတ်ဆင်ထားပြီး ကျော့မော့နေသည်ကို တွေ့ရခြင်းကြောင့် ဖြစ်သည်။

မအံ့သြစရာမှာ လူတစ်ကိုယ်လုံး ကျော့မော့ပြီး ဖြီးလိမ်းဝတ်ဆင်ထားသော်လည်း သူမ၏အခန်းမှာ ထုံးစံအတိုင်း ရှုပ်ပွနေခြင်း ဖြစ်ပါလေ၏။

"အား ... မရီရီဝင်း အရမ်းလှနေပါလား၊ ဘယ်အချိန်ကထပြီး ကျော့မော့ထားပါလိမ့်"

လေးလေးမြင့်က ဟာသဆန်ဆန် မျက်နှာပြုးရယ်ကာ စတင်နှုတ်ဆက်လိုက်သည်။

"ကျော့ရတယ် မလေးလေးမြင့်ရေ၊ မကျော့မော့လို့ မဖြစ်ဘူး၊ ညက ကိုဘခက်သေပြီ မဟုတ်လား၊ နဂိုကမှ ကိုကြိုင်းမောင်က ယုန်ထင်ကြောင်ထင်တွေနဲ့"

"ဆိုပါဦး၊ ကျော့မော့တာရယ်၊ ကိုဘခက် သေတာရယ်၊ ကိုကြိုင်းမောင် ယုံထင်ကြောင်ထင်တာရယ် စကားတွေကို ဆက်ပြပါဦး"

"ဒီလိုလေ၊ ကိုဘခက်နဲ့ ကျွန်မကို ကိုကြိုင်းမောင် ကိုယ်တိုင်က သံသယဖြစ်နေတာ၊ ခါတိုင်း ကျော့မော့နေတာဟာ ကိုဘခက်ကြောင့် ကျော့မော့နေတာလားလို့ အမေးမခံရအောင် ကိုဘခက် သေပြီးမှ ပိုပြီး ကျော့မော့ပြထားရတာလေ"

လေးလေးမြင့်က ရှုပ်ပွေနေသော ရီရီဝင်း၏ မှန်တင်ခုံကို စတင်ရှင်းလင်းပေးသည်။ လင်တော်မောင် ကိုကြိုင်းမောင် အထင်မလွဲအောင် ကိုဘခက် သေဆုံးပြီးခါမှ ပိုမိုဖြီးလိမ်းကျော့

www.burmeseclassic.com

www.burmeseclassic.com



မော့ထားသည်ဆိုသည့် ရီရီဝင်း၏စကားကို စဉ်းစားနေမိပြီး ချက်ချင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။

ထိုစဉ်မှာပင် အခန်းတံခါးဝမှ စကားလှမ်းပြောသံ လေးလေးမြင့် ကြားလိုက်ရသည်။ စိုးသူဇာ၏အသံပင် ဖြစ်ပါလေ၏။

"ဟုတ်ပါ့မလား ရီရီဝင်း၊ ကိုဘခက် သေသွားပေမယ့် မင်းမှာ အလှပြစရာ လူနှစ်ယောက် ကျန်သေးတယ်လေ၊ ကိုထွန်းနေနွယ်ကြီးနဲ့ ကိုရဲမြင့်နောင်တို့က အခုတလော အလှအပတွေပေါ်မှာ အာရုံထားလာကြတယ် မဟုတ်လား၊ ဒါပေမယ့် ရီရီဝင်း၊ မင်းမိတ်ကပ်တွေ နှုတ်ခမ်းဆိုးဆေးတွေ ကုန်သွားလို့ ပျဉ်းမနားလူကြီးကို ထပ်မှာချင်သာမှာရမယ်၊ ကိုထွန်းနေနွယ်နဲ့ ကိုရဲမြင့်နောင်က ခြယ်သထားတဲ့အလှကို မက်မောပုံမရဘူးကွ၊ သဘာဝနဲ့ ပင်ကိုယ်အလှကိုမှ သူတို့ နှစ်ယောက်စလုံး နှစ်သက်ပုံရတယ်၊ ဒါကြောင့် ဟောဒီက မလေးလေးမြင့်ကိုသာ သူတို့ စိတ်ဝင်စားပုံရတယ်ကွ၊ မင်းလဲလုပ်မနေနဲ့၊ ငါလဲလုပ်မနေနဲ့"

"ဟုတ်တယ် စိုးသူဇာ၊ မန်နေဂျာ ကိုထွန်းနေနွယ်ကတော့ ပြောမနေနဲ့၊ တစ်လောကလုံး သူ့လုပ်စာ စားနေကြတာ ကျနေတာပဲ၊ မျက်နှာကြီးက တင်းတင်းနဲ့၊ သူ့ကိုပဲခြေ လုံးပြေးဖက်ရတော့မလိုလိုလေ၊ ဟိုကောင်လေး ရဲမြင့်နော ကတော့ သူ့ငယ်ဂုဏ် ပညာဂုဏ်လေးနဲ့ ဟန်ဆောင်ပြ တင်းနေတာပါ၊ တို့များ လက်ဖျစ်တီးလိုက်ရင် အမြီးနံ့ပ သေချာတယ်"



လေးလေးမြင့်သည် ထွန်းနေနွယ်က သူမအား သဘာဝအလှကို မက်မောစွာ စိတ်ဝင်စားနေသည်ဆိုသည့် သူတို့ ပြောသောစကားကို ဘယ်လိုမှ မချေပဘဲနေလိုက်သည်။ သို့တစေ သူတို့အချင်းချင်း ရိနေကြသော စကားကိုတော့ ဆက်စဉ်းစားသည်။ ရီရီဝင်းရော စိုးသူဇာရော ကိုဘခက်နှင့် မရှင်းမလင်း ဖြစ်ခဲ့ကြ သည် ဆိုစေကာမူ ကိုဘခက် သေဆုံးသွားခြင်းအတွက် ယခုမူ လုံးဝပူဆွေးဟန်မရှိ၊ မနေ့ညက ကိုဘခက် အသတ်ခံရပြီဆိုသည် နှင့် တစ်ယောက်က မေ့လဲသွားပြီး၊ ကျန်တစ်ယောက်က ကယောင် ချောက်ချားတွေ ဖြစ်ခဲ့သည်မှာ အဘယ်ကြောင့်ပေနည်းဟု လေး လေးမြင့် အလေးအနက် စဉ်းစားနေမိတော့သည်။

မှန်တင်ခုံ ရှင်းပေးရင်းပင် လေးလေးမြင့် ထပ်မံသတိ ထားမိသော အချက်တစ်ချက် ရှိလာပြန်သည်။ မနေ့က မှန်တင်ခုံ ရှင်းရင်းတွေ့သော သေနတ်ပစ်ငွေတံဆိပ်လေးသည် ယနေ့မူ မှန်တင်ခုံပေါ်တွင် လုံးဝမတွေ့မြင်ရသောအချက် ဖြစ်ပေသည်။ ရီရီဝင်း မှန်တင်ခုံပေါ်တွင် ယင်းငွေတံဆိပ်လေး ရှိနေသည်ကို အမှတ်မထင် စိုးသူဇာ တွေ့လိုက်စဉ်က စိုးသူဇာ မျက်နှာပျက် သွားသည်ကိုပါ တစ်ဆက်တည်း တွေးမိလိုက်ပြန်သေးသည်။

"ဘာလဲ ရီရီဝင်းက ရဲမြင့်နောင်ကို လက်ဖျစ်တီးဖို့ စတင် စိတ်ကူးပြီလား၊ စံပါပဲ"

"ရဲမြင့်နောင်က မလောက်လေး မလောက်စားပါ စိုးသူဇာ၊ နောက်ပြီးကောင်လေးက အခုလောလောဆယ်မှာ လေးလေး မြင့်ကိုသာ အရောင်တောက်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေ တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ရိရိဝင်း၊ မင်းမှာ အခုလောလောဆယ် သောင်ပြင်လွှတ်တဲ့ ... ဟိုဟာလေး ဖြစ်နေရှာပြီပေါ့နော်"

"မထင်နဲ့ စိုးသူဇာ၊ မင်းယောက်ျား ကိုကျော်ဝင်းမောင်ကြီးကလည်း တို့ကိုများ ကြည့်ပြီဆိုရင် မျက်လုံးအရောင်တောက်နေတယ် သိလား"

"ဘာ ... ဘာ ... ဘာပြောတယ်"

စိုးသူဇာသည် ဤစကားလုံးအတွက် တကယ်ဒေါပွသွားပုံရသည်။ ရိရိဝင်းအား ရန်လုပ်ရန် အခန်းထဲသို့ပင် ခြေလှမ်းများ တိုးဝင်လာသည်။ ဘာပဲပြောပြော သူမ၏ ယောကျ်ားကိုထိပါးလာတော့ စိုးသူဇာ တကယ်ဒေါသထွက်တတ်ပါလေသည်တကား။

လေးလေးမြင့်ကပင် ကြားဝင် လိုက်ပါ၏။

"ကဲ ... လာပါ၊ မစိုးသူဇာရဲ့အခန်း သွားရအောင်၊ အဲဒီမှာလဲ ကူပြီး ရှင်းလင်းပေးမယ်လေ"

စိုးသူဇာကို ဆွဲခေါ်သွားသည်။

"အလကား မစိုးသူဇာက ဒေါပွတယ်၊ မရိရိဝင်းက နောက်နေကျ နောက်တဲ့သဘောပါ၊ တကယ်တော့ ကိုကျော်ဝင်းမောင်ဟာ တည်တည်ကြည်ကြည် လူစားမျိုး အသိသာကြီးပဲဟာ၊ လူစိမ်းဖြစ်တဲ့ ကျွန်မ ရောက်လာတာတောင် မျက်လုံးဝေ့မကြည့်ဘူး၊ မရိရိဝင်းလို လင်ရှိမယားသ ကိုကျော်ဝင်းမောင်က စိတ်ကူးထဲတောင် ထည့်မယ်လူစား မဟုတ်တာ ..."

"ဟုတ်တယ် မလေးလေးမြင့်၊ တကယ် အမှန်မှာတော့ ကိုကျော်က တို့ကိုသိပ်ချစ်ရှာတာပါ၊ တို့ကလည်း ကိုကျော်



ကို သိပ်ချစ်တာယ်လေ၊ သိပ်ချစ်ကြလို့ လင်မယား ကတောက်ကဆ ဖြစ်ရတာပေါ့၊ တို့ကလဲ ကိုကျော်ကို တမင်ရွဲ့ချင်စိတ်နဲ့ ကိုဘခက်ကို အရောဝင်ပြလိုက်မိတာကိုး"

စိုးသူဇာ အခန်းကို ကူညီရှင်းပေးပြီးနောက် လေးလေးမြင့်သည် လှေကားမှ ပြန်ဆင်းလာရင်း စိုးသူဇာ၏အကြောင်းကို တွေးမိသည်။ စိုးသူဇာသည် သူမ၏ ယောကျ်ား ကိုကျော်ဝင်းမောင်ကို အင်မတန်ချစ်သည်မှာ ထင်ရှားသည်။ သူမချစ်လွန်းသော ယောကျ်ားအား တမင်ရွဲ့ချင်စိတ်ဖြင့် ကိုဘခက်နှင့် အရောဝင်ပြလိုက်သည်ဟုလည်း ဖွင့်ပြောသည်။ ကိုဘခက် သေဆုံးသွားစေကာ ယနေ့နံနက် ဖြိုးဖြိုးလိမ်းလိမ်းဖြင့် တစ်ချက်ကလေး ပူဆွေးဟန် မရှိသောကြောင့် ကိုဘခက်ကို အရောဝင်စေကာမူ သံယောဇဉ်မထားကြောင်း ဖော်ပြသကဲ့သို့ရှိသည်။

ယင်းသို့ဆိုပါလျှင် မနေ့ညက ကိုဘခက် သေနတ်ပစ်ခံရပြီး သေပြီဟူသော သတင်းကို ကြားလိုက်သည်နှင့် လှေကားထစ်မှ လိမ့်ကျပြီး အဘယ်ကြောင့် သတိလက်လွတ် ဖြစ်သွားရပေသနည်း။

အလားတူပင်။

ရိရိဝင်းလည်း မနေ့ညက ကယောင်ချောက်ချားတွေ ဖြစ်ပြီး ယနေ့နံနက်ကျတော့ မျက်နှာပျက်ခြင်း၊ တမ်းတပူဆွေးခြင်း၊ လုံးဝမရှိ။

လေးလေးမြင့် အလေးအနက်ဖြင့် အဆက်စပ်ကို တွေးကြည့်မိလိုက်သည်။

ဘုရား ... ဘုရား ... ဘုရား ...

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဝင်းမောင်ပင်လျှင် သူ့မယားနှင့် ယဉ်ပါးချင်နေသူ ကိုဘခက်အား ပစ်သက်လိုက်လေသလား။ ဒါကို သိဟန်တူသော စိုးသူဇာက သူ့လင်အတွက် အစိုးရိမ်ကြီး စိုးရိမ်သွားကာ သွေးတိလက်လွှတ် ဖြစ်သွားရခြင်းပေလား။

ရီရီဝင်းလည်း ထိုနည်းနှင်နှင် ဖြစ်နိုင်နေပြန်သည်။ မနေ့ညက သတင်းဆိုး ကြားလျှင်ကြားချင်း ကယောင်ကတန်း ပြောရာ၌ သူမ၏ယောက်ျား ကိုကြိုင်းမောင်ကို လက်ညှိုးထိုးကာ ရှင် ... ရှင် ... ဟု စွပ်စွဲလိုဟန်စကားကိုဆိုနေစဉ် ကိုကြိုင်းမောင်က ဖွတ်ကြားဖြတ်ကာ အသက်ပြင်းပြင်း ရှူရန် ပြောသဖြင့် ရီရီဝင်း ရှေ့ဆက်မပြောဖြစ်။

သူတို့နှစ်ဦးစလုံး ဖြစ်နိုင်သူချည်းပင်။ သူတို့နှစ်ဦးစလုံးသည် သစ်စခန်းတာဝန်ခံတွေ ဖြစ်ရုံမက အိမ်ကြီးမှာပင်နေထိုင်သူတွေမို့ ညှော်ခန်းမှာရှိသော ကြိုက်ရာသေနတ်ကို အလွယ်တကူ ယူနိုင်သူချည်း ဖြစ်နေကြသည်။

"သူတို့နှစ်ယောက်အနက် ကိုဘခက်ကို ပစ်သတ်သူသည်
တစ်ယောက်ယောက်များလား"

ဖြစ်နိုင်သူချည်းပင်။ သို့သော် ဒါဆိုလျှင် ကိုဘခက်သေနတ်ပစ်ခံ သေဆုံးပြီးနောက် ကိုနိုင်လင်းက အဘယ်ကြောင့်ထွက်ပြေးတိမ်းရှောင် နေရပြန်လေသနည်း။

ရှုပ်ပါ၏၊ စဉ်းစားရခက်ပါ၏။ သပွတ်အူလို ရှုပ်ထွေးသည်။ ဘဲဥလို အစရှာမရ ဖြစ်ရသည်။

ညှော်ခန်းထဲဝယ် ဒေါ်လေးကေသီ ရောက်နေပေပြီ။

လေးလေးမြင့်က ဒေါ်လေးကေသီဘေးတွင် သွား



ရောက်ထိုင်ယင်း နဖူးကို သူမ၏လက်ဖဝါးလေးဖြင့် အုပ်စမ်းကြည့်၏။ ကိုယ်မပူ၊ ကိုယ်မနွေးကြောင်း တွေ့ရသည်။

"ဒေါ်လေး ... ညက အိပ်ရေးဝရဲ့လားဟင်"

"ဝ,တယ်သမီး၊ အိပ်ကောင်းကောင်းနဲ့ အိပ်လိုက်တာ နေမြင့်မှ ထနိုင်တာ၊ ကြည့်တော့လေ၊ သမီးနဲ့ မောင်ထွန်းနေနွယ်တို့ ပန်းကန်တွေ ဆေးကြောမပြီးခင်မှာတောင် ဒေါ်လေးအိပ်ပျော်သွားတာ"

လေးလေးမြင့်က ဘာမျှပြန်မပြော။ ဒေါ်လေးကေသီပြောသော စကားထဲတွင် မိမိနှင့် အစ်ကိုထွန်းနေနွယ်ကို ဘာလိုလိုကြပြီလားဟု မေးချင် မြန်းချင်ပုံလေး ပါဒီနေမှန်း လေးလေးမြင့်ရိပ်မိသည်။ လေးလေးမြင့်က ဤဘာသာရပ်ကို မပြောလို၍ ဂ်က်ဆိတ်ပင် နေလိုက်ခြင်းဖြစ်သည်။

သို့သော် လေးလေးမြင့်က ငြိမ်နေသည်မို့ ဒေါ်လေးသိက ရှေ့တိုးလာသည်။

"မောင်ထွန်းနေနွယ်ဟာ ရုပ်ချောသဘောကောင်းရုံမကဘူးတည်တည်တံ့တံ့နဲ့ ယောက်ျားပီသတယ် လေးလေး၊ နောက်ပြီးကြံရည်ဖန်ရည် ဉီးနှောက်လဲ ကောင်းတယ်"

"ဒေါ်လေးက ဘာလို့ သူ့ဘက်က ရှေ့နေလိုက်နေတာလဲဟင် ..."

"သစ်စခန်းဟာ သိပ်တောကျပြီး သိပ်ခေါင်တယ်သမီး၊ ဒီလိုနေရာမျိုးမှာ သမီးတို့အရွယ်အဖို့ စိတ်ဝင်စားစရာလေးတစ်ခုခုမရှိရင် သိပ်ပျင်းစရာကောင်းမယ်၊ သမီး ပျင်းနေမှာစိုးလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အို ... ဒေါ်လေးဟာက လေးလေး ဒီနေရာမှာ အပျင်း အောင် ရည်းစားထားပါ ဆိုသလို ဖြစ်နေပြီ"

ဒေါ်လေးကေသီ၏ မျက်နှာသည် အတည်အ သို့ ချက်ချင်းပြောင်းသွားသည်။

"ဟုတ်ပါ့ ... ဒေါ်လေးပြောလိုက်တာ အဲဒီသဘော ရောက်သွားတယ်၊ ဒါပေမယ့် သမီးအပေါ်မှာ တက တနာစကားပါ၊ ဒေါ်လေး ဆက်ပြောမယ်၊ အဖိုးသိပ် ပတ္တမြားဟာ ဟိုမြေကြီးအနက်ထဲမှာသာ ရှိတတ် မဥ္ဇူသကနတ်ပန်းဟာလဲ ဟိုဝေးသီခေါင်ကဲ့ တောနက် တွေမှာသာ ရှိတတ်တယ်၊ သမီးအဖို့ သိပ်ခေါင်တဲ့သစ် ရောက်နေခိုက်မှာ အနက်ကြီးထဲက ပတ္တမြားကို တွေ့ ဒါမှမဟုတ် မဥ္ဇူသကနတ်ပန်းပွင့်ကို တွေ့တ တောနက်တွင်းနက်ကြီးထဲ ရောက်လာရကျိုး နပ်တယ် စေတနာစကားကို ဒေါ်လေး ပြောတာပါ"

လေးလေးမြင့်က ဒေါ်လေးကေသီ၏ စေတ နားလည်ပေသည်။ သမီးသဖွယ်ရှိနေသော တူမချောလေး သင့်တော်သူနှင့် ဖြစ်မြောက်သွားစေချင်သော စေတနာသ မှန်းလည်း လေးလေးမြင့် ယုံကြည်ပါ၏။ ဒေါ်လေးကေ လက်ကို လေးလေးမြင့်က တယုတယ ဆုပ်ကိုင်လိုက်သ

"ကိုထွန်းနေနွယ်က လေးလေးကို စိတ်ဝင်စားပါ အမှန်အတိုင်း ကိုယ့်ဒေါ်လေးကို ဖွင့်ဝန်ခံစတ လေးလေးကိုယ်တိုင်ကလဲ ကိုထွန်းနေနွယ်ကို စိတ် ပါတယ်၊ ဒါပေမယ့် အခု လောလောလတ်လတ်



သစ်စခန်းမှာ ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်နေတယ် မဟုတ်လား၊ ဒီကိစ္စတွေအားလုံး ရှင်းသွားပြီးမှပဲ ကိုထွန်းနေနွယ်နဲ့ လေးလေးတို့ကိစ္စ ဆက်ဆွေးနွေးကြမယ်လို့ ရည်ရွယ်ထားပါတယ် ဒေါ်လေး"

"သာဓု ... သာဓု ... ဒါထက် နေပါဦးသမီး၊ ရန်ကုန်က မောင်အောင်မျိုးခိုင်နဲ့ကော အခုလက်ရှိ သမီးအခြေအနေက ဘယ်လိုလဲ"

"ဘယ်လိုမှ မဟုတ်ဘူး ဒေါ်လေး၊ သူကတော့ လက်ထပ်ဖို့အထိ ရည်ရွယ်တုန်းပဲ ထင်ပါရဲ့၊ ဒါပေမယ့် လေးလေးက သေချာ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်တော့ ကိုအောင်မျိုးခိုင်ကို မိတ်ဆွေတစ်ယောက်ထက် ပိုလာနိုင်တာမျိုး လေးလေးရဲ့ နှလုံးသားက ခွင့်မပြုနိုင်ဘူး ဒေါ်လေး၊ နောက်ပြီး ပစ္စည်းတစ်ခုတည်းတုန်းကတော့ ယှဉ်ကြည့်စရာ မရှိလို့ ဒီပစ္စည်းလေး ကောင်းပါတယ်လို့ ထင်တာမျိုးပေါ့ ဒေါ်လေး၊ အဲ ... နောက်ထပ်ပစ္စည်းတစ်ခုနဲ့ ထပ်ယှဉ်ကြည့်မိမှ ပထမပစ္စည်းထက် ပိုပြီးကောင်းတာ ရှိသေးပါလားလို့ သိရတဲ့သဘောမျိုး လေးလေးမှာ တွေ့နေရတယ်၊ နောက်တစ်ချက် ရှိသေးတာက အိမ်ထောင်ရေးမှာ ကိုယ့်ကြင်ဖော်က ရာထူးဂုဏ်ရှိန် သိပ်တက်တာတို့ ပစ္စည်းဂုဏ်ရှိန် သိပ်တက်တာတို့ ရှိနေရင် စိတ်ချမ်းသာစရာ မဟုတ်တော့ဘူးဆိုတဲ့ အသိလဲ လေးလေးမှာ ဝင်လာတယ်၊ ဒါကြောင့် ကိုအောင်မျိုးခိုင်ကို လက်ထပ်ဖို့ လေးလေး လုံးဝပစ်ပယ်လိုက်တယ် မိတ်ဆွေအနေနဲ့တော့ မာကြောင်း သာကြောင်းရယ် သိစ်

www.burmeseclassic.com

www.burmeseclassic.com



စခန်းကို ချောမောစွာ ရောက်တဲ့အကြောင်းရယ်၊ ဒေါ်လေး နားမှာနေပြီး ဒေါ်လေးကို ကူညီပြုစုရတာ စိတ်ချမ်းသာ ပျော်နေတယ်ဆိုတဲ့ အကြောင်းတွေရယ်တော့ မိတ်ဖွေ စာတစ်စောင် ရေးထည့်မလားလို့ပါ ဒေါ်လေး"

"ကောင်းတယ် သမီး၊ သမီးဟာ ရုပ်ချောသလော ဉာဏ်ရှိတယ်၊ သမီးရဲ့အဒေါ်ရင်းအဖြစ် ဒေါ်လေး ဂုဏ် ပါတယ်ကွယ်"

❀ ❀ ❀



(၁၅)

သာစခန်းမှ ရဲတွေ မရောက်လာသေး။

နေ့ခင်းဘက်တွင် ထွန်းနေနွယ်နှင့်တကွ တာဝန်ခံ ယောက် အတူပြန်လာကြသည်။

သူတို့ အတွဲလိုက် အတူပြန်လာကြသည်ကိုက ဝန်းနေသည်။ ခါတိုင်းဆိုလျှင် နံနက်စာ ထမင်းအတွက် ပို့ပေးရသည်။ ယခု အစုလိုက် အတွဲလိုက် ပြန်လာကြသည်မှာ ကော်စားကြဖို့ ပြန်လာကြခြင်းတော့ မဖြစ်တန်ရာ။

ထင်သည့်အတိုင်းပင် သူတို့နှင့်အတူ သတင်းထူးကြီး ပါသည်။

ထွန်းနေနွယ်က ဒေါ်ကေသီ၏ဘေးတွင် မျက်နှာ မယာဖြင့် ထိုင်လိုက်သည်။

လေးလေးမြင့်က သူတို့အားလုံး ထမင်းစားရန်

www.burmeseclassic.com

www.burmeseclassic.com



မနန်းစိန်နှင့် ကူညီလုပ်ကိုင်ပေးဖို့အတွက် ထမင်းစားခန်း
ထွက်သွားသည်။

“ကဲ … ဒေါ်ကေသီ၊ ဖူးလေးရာ ဗရုံဆင့်တော့ ဖြစ်လာ
သစ်စက်ကရော သစ်စခန်းတစ်ခုလုံးကရော အလုပ်သ
တွေအားလုံး သပိတ်မှောက်ကြတယ်လေ”

“ဟော … ဘာလို့ …”

“ဒေါ်ကေသီ စိတ်ထိခိုက်သွားသလားဗျာ”

“စိတ်ပူဘာလောက်ပါ မောင်ထွန်းနေနွယ်၊ မိုးကုန်ပြီးတာ
သီတင်းကျွတ် တန်ဆောင်မုန်းလောက်မှာ သစ်ခုတ်နဲ့သ
တွေအားလုံး ပြီးစီးပြီး သက်ဆိုင်ရာကို လိုအပ်တဲ့ ခွဲသ
အပ်ပါမယ်လို့ တာဝန်ခံထားရတယ် မဟုတ်လား၊ အချိ
မပြီးရင် နောက်နှစ်အတွက် လုပ်ငန်းဆက်လုပ်ဖို့ သက်
ရာတွေက တွန့်သွားကြမလား၊ တခြားလူတွေကို ပေးလို
မလားဆိုတာ စိတ်ပူတာပါ၊ စိတ်ထိခိုက်ဖို့ ဆိုတာတော့
အန်တီ့မှာ ခံနိုင်ရည်ရှိနေပါပြီ၊ အရေးသူနေပါပြီ၊ မထိခိုက်
ပါဘူး၊ သက်ဆိုင်ရာက တင်ထားတဲ့ကြွေးတွေ မြန်မြန်
မှ ဘာဝကူးသွားရာတဲ့ ကိုသော်ကလဲ ဟိုဘဝမှာ စိတ်ဖြေ
ဖြောင့် နေနိုင်ရှာမယ် မဟုတ်လား၊ နေပါဦး … အလုပ်သ
တွေက ဘာလို့ သပိတ်မှောက်ကြတာတဲ့လဲ၊ အန်တီလ
လျော့ထားတဲ့ အလုပ်သမား အခွင့်အရေးတွေမှာဘာ
လိုအပ်ချက်ယွင်းနေလို့လဲ မောင်ထွန်းနေနွယ်”

“ဘာမှမလိုဘူး၊ ဘာမှမချွတ်ယွင်းဘူး၊ အခုကိစ္စက ပု
ရေးကြောင့် မကျေမနပ် သပိတ်မှောက်တာ၊ ပုဂ္ဂလိက



ရှင်နဲ့ လုပ်တဲ့ အလုပ်သမားတွေဆိုတော့ လုပ်ငန်းခွင်ကိစ္စ
မဟုတ်ပေမယ့် လူမှုဂိုဏ်ရေးနဲ့ သပိတ်မှောက်ချင်လဲမှောက်
လို့ရတာပေါ့လေ”

“ဘယ်လိုပုဂ္ဂိုလ်ရေးတဲ့လဲ ဦးဝယ်”

“ညက ကိုဘခက် အသတ်ခံရတဲ့ကိစ္စမှာ နိုင်လင်းကထွက်
ပြေးတိမ်းရှောင်နေတယ် မဟုတ်လား၊ အခုအတိုင်းဆိုရင်
နိုင်လင်းက လူသတ်တရားခံသဘော သက်ရောက်နေတယ်
လေ၊ အဲဒါ … ကိုဘခက်ကို နိုင်လင်း သတ်တယ်ဆိုတာ
သူတို့အားလုံးက မယုံကြည်ဘူးတဲ့၊ နိုင်လင်းက သူတို့လို
အလုပ်သမားပါတဲ့၊ အိမ်ကြီးနဲ့လဲ ဘာမှမပတ်သက်ခဲ့ဘူးတဲ့၊
မန်နေဂျာ ကိုဒေါင်း သေခဲ့တာရော၊ အခု ကိုဘခက် သေ
တာရော သူတို့အလုပ်သမားတွေနဲ့ ဘာမှပတ်သက်စရာမရှိ
ဘူးတဲ့၊ ပတ်သက်ချင်း ပတ်သက်ရင် အိမ်ပေါ်ကလူတစ်
ယောက်နဲ့သာ ပတ်သက်ရမယ်တဲ့၊ ဒါ့ကြောင့် နိုင်လင်းကိစ္စ
ကောင်းကောင်းရှင်းရှင်းရှိမှ သူတို့အလုပ်ခွင် ပြန်ဝင်မယ်၊ အလုပ်
ပြန်ဆင်းမယ်ဆိုပြီး ဘာမှဆက်မလုပ်တော့ဘဲ ရပ်ပစ်လိုက်
တာပဲ ဒေါ်ကေသီ”

“ဒီလိုဆို အန်တီတို့ ဘာဆက်လုပ်ရမလဲ”

“ရဲတွေလာတဲ့အထိ စောင့်ရမှာပေါ့၊ ရဲတွေလာတဲ့အခါ
တရားခံအစစ်ကို ဖော်နိုင်ပါလိမ့်မယ် ဒေါ်ကေသီ”

“တကယ်လို့ မောင်နိုင်လင်း ကိုယ်တိုင်ပဲ တရားခံဖြစ်တယ်
လို့ ရဲတွေက ယူဆရင် အလုပ်သမားတွေက လုံးဝဆက်ပြီး
အလုပ်မလုပ်ကြတော့ဘူးတဲ့လားကွယ်၊ ဒါဆိုရင် အန်တီက

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကြီးကို ပိတ်ပစ်ရမှာလား”

“ဘယ်ဟုတ်မလဲ ဒေါ်ကေသီ၊ အခုအခိုက်အတန့် နေ့
တန်သည်၊ တစ်နေ့တန်သည် အလုပ်သမားတွေ သွေး
တုန်း၊ ဆန္ဒစိတ်ပြင်းနေတုန်း ဒီအတိုင်း လွှတ်ပေးထားလို
မယ်၊ အဲဒီနောက် ကျွန်တော်ကြည့်ပြီး လုပ်ငန်းအဆင
အောင် ဆက်လုပ်ပေးမယ် လုပ်ငန်းပိတ်မသွားစေရပါဘူး”

“အေးကွယ် … မောင်ထွန်းနေနွယ်ကိုပဲ အန်တီ အားကိုး
တယ်”

အလုပ်သမားတွေ လုပ်ငန်းရပ်ထားလိုက်သည်
သည်နှင့် ရီရီဝင်းက ရယ်မောပျော်ရွှင်သွားသည်။

“ဒါဆိုရင် ကိုကြိုင်းမောင် ရီရီတို့ မြို့ပြန်ကြစို့လေ”

ကိုကြိုင်းမောင်က ရီရီဝင်းအား ဘုကြည့်လှမ်းကြ
သည်။ ဘာမျှတော့ ပြန်မပြော။

စိုးသူဇာကလည်း ဤပုံစံအတိုင်းလာသည်။

“အလုပ်သမားတွေ သပိတ်မှောက်တာဆိုတော့ ရက်က
သတ်လို့ ရတာမှမဟုတ်ဘဲ ကိုကျော်၊ စိုးသူဇာတို့ တော
အိမ်မှာ ပြန်ပြီးအနားယူကြစို့လေ”

ကျော်ဝင်းမောင်က ဘာမျှမပြောမိ ထွန်းနေနွယ်
လှမ်းပြောလိုက်သည်။

“ခင်ဗျားတို့အားလုံး ဘယ်သူမှ ဘယ်မှသွားလို့မရဘူးဗျ
ရဲတွေလာရင် ခင်ဗျားတို့အားလုံးကို စစ်မေးဦးမှာ၊ အ
သဖြင့် ကိုဘခက်၊ အလောင်းရဲ့ မျက်နှာပေါ်က ကုတ်
ရာတွေဟာ ဘယ်သူကုတ်ခြစ်ထားတာလဲဆိုတာ ရဲတွေ



သိချင်မှာ၊ အေး … ရဲတွေလာပြီးလို့ ရဲကပြန်ခွင့်ပြုတယ်
ဆိုရင်တော့ ပြန်ချင်လည်း ပြန်ကြပေါ့ဗျာ၊ ခဏပဲပြန်ပြန်၊
တစ်ခါတည်း အပြီးပြန်ပြန် ကြိုက်သလို ပြန်ကြ …”

ရီရီဝင်းနှင့် စိုးသူဇာမှာ တိုင်ပင်ထားသလို ထွန်းနေ
နွယ်၏ စကားကြောင့် ပြိုင်တူလိုလို မဲ့လိုက်ကြသည်။ ထွန်းနေ
နွယ်ကိုလည်း မကျေနပ်သော မျက်စောင်းကြီးများ ပြိုင်တူထိုးလိုက်
ကြသည်။

ထွန်းနေနွယ်က ရီရီဝင်းနှင့် စိုးသူဇာကို ပြောင်ခဲ့ရင်း
ထမင်းစားခန်းဆီသို့ မျက်စိရောက်သွားသည်။ ထမင်းစားခန်းကို
လှမ်းမြင်ရသော မြင်ကွင်းကြောင့် သူ၏ရင်ထဲတွင် ကျင်ခနဲခံစားမှု
တစ်မျိုး ခံစားလိုက်ရသည်။

ရဲမြင့်နောင် ချာတိတ်သည် မင်္ဂလာယူနေသည်။

ဘယ်အချိန်က လစ်ခနဲ ထမင်းစားခန်း ရောက်သွား
သည်မသိ။ ထမင်းစားခန်းတွင် စားပွဲပြင် အလုပ်များနေသော
လေးလေးမြင့် နားတွင် ရဲမြင်နောင်က ပွတ်သီးပွတ်သတ် လုပ်နေ
သည်ကို ထွန်းနေနွယ် လှမ်းတွေ့ရသောကြောင့် ကျင်ခနဲ ခံစား
လိုက်ရခြင်း ဖြစ်ပါ၏။

“အတော်ပဲ၊ မလေးလေးမြင့် ရောက်ကတည်းက ကျွန်တော်
စကားပြောချင်နေတာ အခွင့်အရေးကို မရခဲ့ဘူး၊ နံနက်
မိုးလင်းတာနဲ့ လုပ်ငန်းခွင်ဝင် ညမိုးချုပ်ခါနီးမှ အလုပ်သိမ်း၊
ပြန်ရောက်နဲ့ဆိုတော့ မလေးလေးမြင့်နဲ့ မဆုံမိနိုင်ဘူးလေ”

“ဟုတ်လား … ကျွန်မအနေနဲ့ကတော့ ကိုရဲမြင့်နောင်နဲ့
အတူးတလည် ပြောစရာစကား မရှိလှဘူး ထင်တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ပုတ်မထုတ်ပါနဲ့ဗျာ၊ မန်နေဂျာ ကိုထွန်းနေနွယ်ကြီး ကြည့်နေလို့ ကျွန်တော့်ကိုတောင် စကားမပြောရဲတာလား ဗျာ"

ရဲမြင့်နောင် ပြောမှပင် လေးလေးမြင့်သည် ဧည့်ခန်းရှိ ဒေါ်လေးကောသီဘေးတွင် ထိုင်ကျန်ခဲ့သော အစ်ကိုထွန်းနေနွယ်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

ဟုတ်ပါ၏။ အစ်ကိုထွန်းနေနွယ်သည် မျက်နှာကြီး ရှုသိုး ၍နှင့် ထမင်းစားခန်းရှိ မိမိနှင့် ရဲမြင့်နောင်ကို လှမ်းကြည့် နေပေသည်။

မိန်းမသားတိုင်းတွင် ပါလေ့ရှိသော ဗီဇဉာဏ်ဟုခေါ် ရမလား မသိ။ အစ်ကိုထွန်းနေနွယ်က ရဲမြင့်နောင်နှင့် မိမိရှိနေ သည်ကို မကျေမနပ် ရှုသိုးသိုးကြည့်နေမှန်း သိရလေမှ ရဲမြင့်နောင် ကို စကားလက်ဆုံ ကျဲကျန်လေး ပြုလိုက်ချင်စိတ် လေးလေးမြင့် တွင် ပေါ်လာမိသည်။ တစ်နည်းဆိုသော် ကိုယ့်ရင်ထဲက ချစ်နေသူ ကို ကျီစယ်လိုခြင်းနှင့် ကိုယ့်ချစ်သူ သဝန်တိုလေ ကိုယ်ကျေနပ် ကြည်နူးလေမို့ပါတည်း။

"ဘာဆိုင်လဲ ကိုရဲမြင့်နောင်၊ ကိုထွန်းနေနွယ် ကြည့်နေတာ နဲ့ ကျွန်မက ဘယ်သူ့ကိုပဲဖြစ်ဖြစ် စကားမပြောရဲစရာ ဘာလို့ရှိရမှာလဲ"

"ဒါဆိုရင်တော့ ကောင်းပါပြီဗျာ၊ ပြောလို့ပြောတာ မဟုတ်ဘူး၊ ဟောဒီသစ်စခန်းမှာ ကျွန်တော်ဟာ ဘယ်သူ့ကိုမှ မကြောက် ဘူး၊ အဲ ... မန်နေဂျာကိုထွန်းနေနွယ်ကြီးကိုတော့ လန့်တယ် ဗျ၊ သူ့ကြည့်ရတာ တစ်ကောက်ကန်း တစ်ဖွတ်ထိုးသမားပုံကြီး



လေ၊ အလုပ်ထဲမှာလဲ ဘယ်တာဝန်ခံမှ သူ့ကိုမလွှန်ရဲဘူး၊ ကျွန်တော့်ကို ဘေးချိတ်ထားဦး၊ ကိုကြိုင်းမောင်နဲ့ ကိုကျော် ဝင်းမောင်တို့လို ဝါရင့်တာဝန်ခံတွေတောင် နောက်မှရောက် လာတဲ့ မန်နေဂျာကိုထွန်းနေနွယ်ကို ပထမကတော့ ခံတန် တန် လုပ်ကြည့်သေးတယ်၊ ကိုထွန်းနေနွယ်ကြီးက ကိုယ့် လူတွေ ကြိုက်ရာစမ်းကြည့်စမ်း၊ လုပ်ငန်းပိုင်ဆိုင်ရာမှာ စမ်းမလား၊ သတ္တိရှိတဲ့နေရာမှာ စမ်းမလား၊ မိုက်မိုက်ကန်း ကန်းလုပ်ကြေးမှာ စမ်းမလား၊ ထွက်ချင်တဲ့လူ ထွက်ခဲ့လို့ ကြိမ်းမောင်းလိုက်တာနဲ့ ကိုကြိုင်းမောင်ရော ကိုကျော်ဝင်း မောင်ရော ငြိမ်ကျသွားတယ်၊ ငြိမ်ရမယ်လေ၊ ကိုထွန်းနေ နွယ်ကြီးက မိုက်တဲ့နေရာမှာ ထောင်ထွက်ကြီးတဲ့ဗျ၊ အဲဒါ မလေးလေးမြင့်ကော သိထားလား"

ရော ... လက်စသတ်တော့ ရဲမြင့်နောင်က အစ်ကို ထွန်းနေနွယ်အား ချီးကျူးသလိုလိုနှင့် နောက်ဆုံး အပုပ်ချလိုက် ခြင်းပါလားဟု လေးလေးမြင့် နားလည်လိုက်ရပေတော့သည်။

"သိပါတယ် ကိုရဲမြင့်နောင်၊ ကိုထွန်းနေနွယ်ဟာ မြွေပွေး တစ်ကောင်လို အဆိပ်ပြင်းတယ်၊ ဒါပေမယ့် မြွေပွေးလိုပဲ သစ္စာရှိတယ်၊ သူ့ကိုမထိရင် ဘာမျှမလုပ်ဘူး၊ သူ့ကိုတော့ နားနားကျင်ကျင် သွားမလုပ်နဲ့၊ ငေါက်ခနဲ မလွှတ်တမ်းပေါက် တတ်တဲ့ လူစားမျိုး ဆိုတာလေ"

"အား ... မလေးလေးမြင့် ပြောပုံက မြွေပွေးကိုတောင် ကိုးကွယ်ရမလိုပါလား"

လေးလေးမြင့်က ပါးချိုင့်လေးခွက်အောင် ပြုံးရယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ရဲမြင့်နောင်ကို ဤစကားလုံးတွေ ပြောလိုက်သည်မှာ ဤသစ်စခန်းသို့ မိမိမလာမီ ပန်းဆိုးတန်းတာရှဘ်ဟိုတယ်ထဲတွင် ကိုထွန်းနေနှင့် ထွက်သွားသည်ကိုကြည့်ပြီး ဝတ်လုံဦးမြတ်မင်းက မှတ်ချက်ချဆိုခဲ့သော စကားတွေကို မှတ်မှတ်ရရ လေးလေးမြင့်က ပြန်ရွတ်ပြလိုက်ခြင်းသာ ဖြစ်သေသည်။

"မြွေပွေးကို ကိုးကွယ်မို့တော့ ဘယ်ဟုတ်မလဲ ကိုရဲမြင့်နောင်၊ လူတစ်ယောက်အကြောင်းကို သိရဲ့လားလို့ မေးလာလို့ သိပ်သိတာပေါ့၊ ဒီလူဟာ မြွေပွေးလိုလူလို့ ကျွန်မသိသလောက် ပြောတာပါ"

"ထားလိုက်ပါဗျာ၊ ဒီလူ့အကြောင်း ပြောနေတာနဲ့ ကျွန်တော်ပြောချင်တာတွေတောင် အားထွက်သွားတယ်"

"ကိုရဲမြင့်နောင်က ဘာတွေပြောချင်နေလို့လဲ"

"မလေးလေးမြင့် အကြောင်းတော့ ကျွန်တော်က သိတန်သလောက် သိပြီးနေပြီလေ၊ တမင်သိချင်လို့လဲ မေးမြန်းစုံစမ်းရတာပေါ့ဗျာ၊ အဘက်ဘက်က ပြည့်စုံပါတယ်ဗျာ၊ ရုပ်ဆိုတာတော့ ပြောစရာမရှိဘူးပေါ့လေ"

"ဟုတ်ပါ့မလား ကိုရဲမြင့်နောင်၊ ကျွန်မက ဆင်းရဲတယ်နော်၊ ဒေါ်လေးကေသီ ကျောင်းစရိတ်ထောက်လို့သာ တက္ကသိုလ်ကို တက်နိုင်ခဲ့တာ"

"ဆင်းရဲတာ ဘာအကြောင်းလဲဗျာ၊ ကျွန်တော်က ပြည့်စုံပြီးသားပါ၊ ကြွားတာဆိုတာ မဟုတ်ဘူးနော်၊ ကျွန်တော့်အကြောင်းကို ဂဃနဏ မလေးလေးမြင့် သိစေချင်တဲ့သဘောပါ၊ ကျွန်တော် ဖော်ရက်(စ်)တီ သစ်တောကဘွဲ့ရ



ပြီးသားပါ၊ မိဘကတော့ ချမ်းသာလှတယ် မဟုတ်ပါဘူး၊ စားနိုင်သောက်နိုင် ချောင်ချောင်လည်လည် ဆိုပါတော့၊ ဒါပေမယ့် ပျဉ်းမနားက ကျွန်တော့်ဦးလေးကတော့ သိပ်ချမ်းသာတယ်၊ လူပျိုကြီးလေ၊ သားထောက်သမီးခံ မရှိဘူး၊ ကျွန်တော့်ကို အမွေစားအမွေခံသားအဖြစ် မွေးစားထားတယ်၊ ကျန်တဲ့ ကျွန်တော့်ရုပ်နဲ့ ကျွန်တော့်အကျင့်စာရိတ္တကတော့ မလေးလေးမြင့် မျက်မြင်ပဲလေ"

"ဩော် ... ဩော် ... ကိုရဲမြင့်နောင်က ဒေါင်းလိုပါပဲလားနော် ..."

"ဘယ်လိုဗျ၊ ကျွန်တော့်ကို ဒေါင်းလို ဟုတ်လား"

"အင်းလေ၊ ဒေါင်းဟာ မြင်လိုက်ရုံနဲ့ လှပတဲ့အမွေးအတောင်တွေရှိမှန်း မြင်တဲ့သူက သိပြီးသားပဲ၊ ဒါပေမယ့် ဒေါင်းက သူ့အလှကို ပိုမိုမြင်စေချင်တဲ့ သဘောနဲ့ အမြီးကြီးကို ဝိုက်ပြီး က,ပြတတ်တယ် မဟုတ်လား"

"ဟာဗျာ၊ ကျွန်တော်က ကိုယ်ရည်သွေးတွေ လူတိုင်းကို လျှောက်ပြောနေတဲ့လူစား မဟုတ်ပါဘူး၊ အခု မလေးလေးမြင့်ကို ဘာကြောင့် ကျွန်တော့်အကြောင်းတွေ ပြောပြတယ်ဆိုတာ မလေးလေးမြင့် ရိပ်မိသင့်ပါတယ်ဗျာ"

"အားပါး၊ ကျွန်မနဲ့ တွေ့ဖူးတာ နှစ်ရက်ပဲ ရှိသေးတယ်နော်"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မန်နေဂျာကြီးကလဲ မလေးလေးမြင့်ကို ကြည့်ပုံတွေ ကျွန်တော် သိပ်သဘောမကျလို့ တာရှေ့ကို အစောဆုံးရောက်အောင် ပြေးထားတဲ့သဘော

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကျွန်တော်က မလေးလေးမြင့် စဉ်းစားဖို့ အချိန်တွေပေါ
ဗျာ"

"ဟုတ်ကဲ့ ကိုရဲမြင့်နောင်၊ ကျွန်မက တစ်မျိုးများ ဖြစ်နေ
မလား မသိဘူး၊ ယေဘုယျအားဖြင့်ဆိုရင် လူတွေဟာ
အကောင်းဘက်က ကြည့်တတ်တယ်၊ ဆိုကြပါစို့ရှင် ခု
ပြောသလို ဒေါင်းက အမြီးဝိုက်ပြီး အလှပြတာကို လူတွေက
ရှေ့တည့်တည့်က ကြည့်ပြီး လှလိုက်တာဟယ်လို့ ရင်သပ်
ရှုမော ဖြစ်နေချိန်မှာ ကျွန်မက ဒေါင်းရဲ့နောက်က အမြီး
ပိုင်းက သွားကြည့်ပြီး၊ အယ် ... ဒီဒေါင်းကြီး အမြီးထောင်
ထားလိုက်တာ စအိုကြီးတောင် ထင်းထင်းကြီး ပေါ်လို့ပါ
လားလို့ ကြည့်တတ် မြင်တတ်တာမျိုးလေ"

"အာ ... အာ ရက်စက်လိုက်တာဗျာ"

"ကျွန်မ ကိုရဲမြင့်နောင်ရဲ့ ရှေ့ပိုင်းက အလှတွေ မြင်ပြီး
ပါပြီ၊ ဒီတော့ နောက်ပိုင်းကနေ ကြည့်ပါရစေဦးလို့ပဲ
ပြောပါရစေလား"

ရဲမြင့်နောင်မှာ ဒီပွဲတွင် နောက်ကောက်ကျသွားခြင်း
သာ ဖြစ်ပါလေ၏။ လေးလေးမြင့်၏ စကားတတ်ကျွမ်းမှုကြော
ရဲမြင့်နောင်ခမျာ ကိုယ့်ဖင်ကိုပင် လက်ဝါးနှင့် အုပ်ထားရမည့်
အခြေ ဆိုက်သွားတော့သည်။

"ဟော ... ဟော အပိုတွေ လုပ်မနေကြနဲ့ ထမင်းစားမပါ
ဆို စားကြတော့၊ တော်တော်ကြာ မြင်သာရဲစခန်းက
ရဲတွေရောက်လာလိမ့်မယ်၊ လာတဲ့အခါ ဒီအိမ်ကြီးထဲက
လူတွေကို စစ်ဆေးမှာ ခုကတည်းက စားချိန်မှာ စားထားကြ"



အစ်ကို ထွန်းနေနွယ်၏ အသံအောကြီး ထွက်ပေါ်
လာခြင်း ဖြစ်ပေသည်။ အစ်ကိုထွန်းနေနွယ်၏ စကားထဲတွင်
ဆော်သြမှုလည်း ပါသည်။ တိုတိုပြတ်ပြတ်နှင့် ဒေါသသံလည်းပါ
ရှိနေကြောင်း လေးလေးမြင့် သတိထားလိုက်မိသည်။

ဆော်သြမှုတွင် အပိုတွေ လုပ်မနေနဲ့ဆိုသည့် စကား
ကလည်း ရဲမြင့်နောင်နှင့် လေးလေးမြင့် ရယ်ကာပြုံးကာ စကား
လက်ဆုံကျနေခြင်းကို မလိုလားသော အဓိပ္ပာယ်ပါရှိနေသည်။
တိုတိုပြတ်ပြတ်နှင့် ဒေါသသံမှာလည်း ရဲမြင့်နောင်နှင့် လေးလေးမြင့်
စကားလက်ဆုံကျသည်ကို မလိုလား၊ မကျေနပ်ကြောင်း ပါရှိနေမှန်း
လေးလေးမြင့် ရိပ်မိသိရှိလိုက်သည်။ အစ်ကိုထွန်းနေနွယ်ကြီး
ဤပုံဤနှယ် ဖြစ်သွားသည်ကိုပင် လေးလေးမြင့်၏ နှလုံးသားလေး
ထဲ၌ပယ် ကျေနပ်ကြည်နူးမှုအပြည့် ခံစားလိုက်ရတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

အစ်ကိုထွန်းနေနွယ်၏ ဆော်ဩချက်သည် ရဲတွေလာတော့မည်ဟု အကြောင်းပြသော်လည်း ရဲတွေက ဘယ်အချိန်လာမည်မှန်း ဘယ်သူမျှ သေချာမသိနိုင်။

သို့သော် ...

အစ်ကိုထွန်းနေနွယ်၏ ဆော်ဩချက်ကို အများတကာက မှန်လိုက်လေဟု ပြောစမှတ် ဖြစ်သွားစေပါ၏။

နံနက်စာထမင်းဝိုင်းတွင် ကိုယ်စီကိုယ်စီ ထမင်းစား၍ လက်စသပ်ခါနီးမှာပင် သစ်စခန်းအိမ်ကြီးဆီသို့ ဦးတည်လာနေသော မော်တော်ကားအင်ဂျင်စက်သံကို အားလုံးကြားလိုက်ရတော့သည်။

ထွန်းနေနွယ်သည် ထမင်းကို လက်စသပ်လိုက်ပြီး ရဲတွေကို အိမ်ပေါက်ဝမှ ထွက်ကြိုသည်။



ပထမဦးစွာ ရဲကားပေါ်မှ ဆင်းလာသူသည် ဌာနာ ...ပ် ကိုအောင်မောင်းနှင့် ရဲကြပ်ကြီးတစ်ဦး ဖြစ်သည်။ ရဲကြပ် ...က ယူနီဖောင်း ဝတ်ထားသော်လည်း ဌာနာအုပ်ကိုအောင် ...င်းက အရပ်ဝတ် အရပ်စားနှင့် ဖြစ်ပါလေ၏။

"လာဗျို့ ... ကိုအောင်မောင်း"

"နောက်ကျသွားတယ် အာစရိ၊ အခုလာတာတောင် လမ်းချော်လို့ တပည့်တွေ ဝိုင်းတွန်းရတာ သုံးခါတိတိပဲ"

ဌာနာအုပ် ကိုအောင်မောင်းက အချိန်ကုန် မခံတော့ ...လောင်းရှိရာ ဟိုဘက်အိမ်လေးဆီသို့ သူ၏တပည့်လက်သား ...များဖြင့် သွားပေတော့သည်။

ထွန်းနေနွယ်က ကိုဘခက်၏အိမ်တံခါးကို သော့ ...လိုက်သည်နှင့် ထွန်းနေနွယ် ကိုယ်တိုင် အံ့ဩသွားရသော ...က်များကို ဘွားခနဲ တွေ့ရတော့သည်။

မှောက်လျက်ထားခဲ့သော အလောင်းမှာ ပက်လက် ဖြစ်နေပါ၏။ တစ်အိမ်လုံးရှိ ပစ္စည်းတို့မှာလည်း ဖရိုဖရဲ ...နေတော့သည်။

"ညက တစ်ယောက်ယောက်တော့ သော့တူနဲ့ဖွင့်ပြီး ဝင်မွေသွားပြီ ကိုအောင်မောင်းရေ၊ ကျုပ် တံခါးသော့ပိတ်ထားခဲ့တုန်းက အလောင်းက မှောက်လျက်သားရှိနေတာ အခုတော့ ပက်လက်ကြီး ဖြစ်နေတယ်၊ တစ်အိမ်လုံး သပ်သပ်ရပ်ရပ် ရှိနေခဲ့တာ ခုတော့ ဖရိုဖရဲပဲ"

"သော့ချောင်း အပိုရှိနေလို့ ဖြစ်မှာပေါ့ အာစရိ၊ အဲဒီသော့ချောင်းအပိုကို ဘယ်သူကိုင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဆီမှာရှိတဲ့ သော့ကတော့ ကိုဘခက် မသေမီ
သော့ပဲ၊ သူ့စားပွဲပေါ်က ကျုပ်ယူပြီး ဒီအိမ်ကိုခတ်ထားတာ
အဲ ... သော့ပိုမှန်သရွေ့ကတော့ တခြားသော့ပိုတွေနဲ့အ
တွဲပြီး ဒေါ်ကေသီက သူ့လှယ် မန်နီးစိန်ကို အပ်ထားတာ"
"ဒါဆို အဲဒီ မနန်းစိန်ကပဲ ညက ဒီအိမ်ထဲကို သော့
ဖွင့်ဝင်ခဲ့တယ်လို့ ယူဆရင်ကော ဆရာ"

ထွန်းနေနွယ်သည် စဉ်းစားသည်။

"ဖြစ်နိုင်တာ နှစ်ချက် စဉ်းစားမိတယ် ကိုအောင်မော
ပထမအချက်က သော့ပိုတွဲတွေ ချိတ်ထားတဲ့ သော့
မနန်းစိန်ကလဲ ထမင်းစားခန်းဘောင်ကတိုင်မှာ ချိတ်
တတ်တယ်၊ အဲဒီတော့ ညက ဒီအိမ်ကြီးထဲက တစ်ဦး
ယောက်ဟာ အဲဒီသော့တွဲကိုယူပြီး ဒီအိမ်ကို ဖွင့်ဝင်
ဖြစ်နိုင်တယ်"

"ဖြစ်နိုင်တာပဲ ဆရာ၊ နောက်တစ်ချက်ကကော ..."

"နောက်တစ်ချက်က မနန်းစိန်ဟာ ထွက်ပြေးနေတဲ့
ကိုများ ဒီအိမ်သော့ ပေးလိုက်သလား၊ ဒါကြောင့်
ဟာ ညက ဒီအိမ်ထဲမှာ တစ်ညအိပ် ဝင်ခိုနေသလား
စဉ်းစားစရာပဲ၊ ကျုပ်တို့အားလုံးက နိုင်လင်းကို လိုက်
မှာ ဒီပြင်နေရာတွေသာ လိုက်ရှာပြီး ဒီအိမ်ထဲ မ
ပြီးတော့ ကျုပ်တို့လိုက်ရှာပြီး ပြန်လာပြီးမှ နိုင်
မနန်းစိန်က သော့ပေးလိုက်တာ ဖြစ်ချင်လဲ ဖြစ်"

"နိုင်လင်းနဲ့ မနန်းစိန်က ဘယ်လိုလဲ အာစရိ"

"အသည်းနှလုံးတွေ သံယောဇဉ်တွေပေါ့"



ကိုအောင်မောင်းက သူနှင့်ပါလာသူတွေကို လုပ်ရာရှိသရွေ့ လုပ်ကြရန် အမိန့်ပေးလိုက်သည်။

ဓာတ်ပုံသမားကလည်း အလောင်းကို ဓာတ်ပုံရိုက်သည်။ လက်ဗွေသမားတွေကလည်း တစ်ခန်းလုံး လက်ဗွေရနိုင်လို့ ကိစ္စတွေကို ဆောင်ရွက်သည်။ ပျဉ်းမနားမှ လှမ်းခေါ်ဟန်တူသော ဆေးရုံဆရာဝန်ကလည်း ကိုဘခက်၏ အလောင်းကို စစ်ဆေးနေသည်။

ဆရာဝန်က စစ်ဆေးပြီးသည်နှင့် ...

"မနေ့ညနေပိုင်း ခြောက်နာရီလောက်က သေတယ်လို့ယူဆစရာပဲ၊ အတိအကျကတော့ ဆေးရုံကို အလောင်းပို့ခွဲစိတ်ကြည့်ပြီးမှ ပြောနိုင်မယ်၊ မျက်နှာက ခြစ်ရာစင်းရာတွေကတော့ ချွန်မြတဲ့ လက်သည်းမျိုးနဲ့ အကုတ်အခြစ်ခံရတာ"

ကိုအောင်မောင်းက ထွန်းနေနွယ်ဘက်သို့ လှည့်လိုက်သည်။

"ဆရာပြောတဲ့ မနန်းစိန် ဆိုတဲ့ အမျိုးသမီးကပဲ ကိုဘခက်ကို ကုတ်ခြစ်ခဲ့တာ မဖြစ်နိုင်ဘူးလား အာစရိ"

"မဖြစ်နိုင်ဘူး၊ မနန်းစိန်က အလုပ်မပြတ် လုပ်ရလွန်းလို့ လက်သည်းရှည် မရှိဘူး"

"ဒါဖြင့် ဒီပြင်လက်သည်းရှည်ရှိတဲ့ သူတွေရော"

"ကဲ ... ကိုအောင်မောင်း၊ မြိုင်သာကနေပြီး မောင်ရင်ကဖုန်းနဲ့ ကျုပ်ပဲ တတ်နိုင်သလောက် စုံစမ်းထားပါ၊ စစ်ချက်ယူထားပါဆိုလို့ ကျုပ်စုံစမ်းထားတာတွေ ရှိတယ်၊ အဲဒါ အစအဆုံး ပြောပြမယ် နားထောင်"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေနွယ်က စစ်ဆေးရရှိချက်ရော၊ သူ၏ ကိုယ်ပိုင် ထင်မြင် ယူဆချက်တွေရော အရှည်ကြီး ပြောပြလိုက်သည်။

"ကိစ္စက သပွတ်အူပါလား ဆရာ၊ မန်နေဂျာကိုဒေါ်သေဆုံးတာကအစ ပြန်ရောက်ရမယ်၊ ရီရီဝင်းနဲ့ စိုးသူဇာကိုဘခက်နဲ့ မရှင်းတဲ့ကိစ္စကလဲ ဝင်ရှုပ်နေတယ်၊ နိုင်လင်းရဲ့ နန်းစိန် ချစ်ကြိုက်တာကလဲ အမှုနဲ့ အကျုံးဝင်နေသလားပဲ၊ ကိုကြိုင်းမောင်နဲ့ ကိုကျော်ဝင်းမောင်က သူတို့မယားတွေရှုပ်နေတဲ့ ဘခက်ကို အပျောက်ရှင်းပစ်မယ်ဆိုတဲ့ မိုးတစ်ဝက်ကိုယူရင်လဲ ရနေပြန်တယ်၊ အလုပ်သမားတွေကလဲ ကိုဘခက် အသတ်ခံရတဲ့ကိစ္စမှာ နိုင်လင်း တရားခံမဖြစ်နိုင်ဘူးဆိုပြီး သပိတ်မှောက်တာကလဲတစ်မှောင့်၊ မန်နေဂျာကိုဒေါ်သေတုန်းကလဲ အိမ်ကြီးရဲ့ ဧည့်ခန်းထဲက သေနတ်တစ်လက်ပျောက်ခဲ့ဖူးတယ်၊ အခုတစ်ခါ ဘခက် သေနတ်ပစ်ခံရပြီးသေပြန်တော့လဲ ဒီစင်ပေါ်က သေနတ်တစ်လက် ပျောက်ပြန်တယ်၊ ဗျူး ... သောက်ကျိုးနဲ၊ ဘယ်ကဘယ်လိုစပြီးလိုက်ရမယ်မှန်းတောင် မသိတော့ဘူး"

"မှန်တယ် ကိုအောင်မောင်း၊ အခု ကိစ္စတွေအားလုံးကြာအေး သူ့အမေရိက် ဖြစ်နေပြီ၊ အဲ ... နိုင်လင်းကိုအသက်ရှင်လျက်သား ပြန်တွေ့ရမယ်ဆိုရင် နိုင်လင်းကပဲဖွင့်ပြောမယ်ဆိုရင်တော့ ကိစ္စတွေပေါ်လာနိုင်ဖို့လမ်းရှိသပ"

"အာစရိ အယူအဆကကော ဘခက်ကို နိုင်လင်းပဲ သတ်တယ်လို့ ယူဆမလား"



"ဘာကိုမှ တိတိကျကျကြီး ယူဆလို့ မရနိုင်ဘူးလေ၊ ဒါပေမယ့် တစ်ခုသေချာတာက နိုင်လင်း ကိုယ်တိုင်ဟာ လူသတ်တရားခံ မဟုတ်ရင် တကယ့်လူသတ်တရားခံအစစ်နဲ့ နိုင်လင်းဟာ တနည်းနည်း အဆက်အသွယ်ရှိနေတာတော့ သေချာမယ်"

"ဒေါ်ကေသီရဲ့တူမ လာတဲ့နေ့က နိုင်လင်းဟာ သစ်ပင်ကိုမြင်းလှည်းပေါ်ကျအောင် လှဲချတယ်ဆိုတာလဲ ထည့်တွက်စရာပဲ အာစရိ၊ ဒီမြင်းလှည်းကို ကိုဘခက် မောင်းလာမယ်ဆိုတာ ဘူဘာကို ကိုဘခက် မောင်းသွားကတည်းက ပြန်လာရမယ်ဆိုတာ သိနေတာပဲ မဟုတ်လား"

"သစ်ပင်လဲကျတာဟာ ကိုဘခက်ကို မရည်ရွယ်ဘဲ၊ လေးလေးမြင့်ကို ရည်ရွယ်တာလား ဆိုတာလဲ ထည့်တွက်ရင် ရနိုင်နေတယ် ကိုအောင်မောင်း"

"ဟာ ... အာစရိကလဲ လေးလေးမြင့်က လူစိမ်းသက်သက်။ မျက်နှာစိမ်းသက်သက်ပဲ သစ်စခန်းကလူတွေက လေးလေးမြင့် ဖြူသလား၊ မည်းသလားတောင် မမြင်ရဘူးသေးဘဲနဲ့ လုပ်ကြံမတဲ့လား"

"လုပ်ကြံတာကို လေးလေးမြင့်မှာ ဒုတိယအကြိမ် ထပ်ကြုံရတာနဲ့ ဆက်စပ်ကြည့်ရင်ကော ကိုအောင်မောင်း"

"ဘယ်လို ... ဘယ်လို ဒုတိယအကြိမ် ဟုတ်လား"

ထွန်းနေနွယ်က တောင်ပေါ်ချိုဖုတ်ထဲမှ လူနှစ်ယောက် စကားပြောသံနှင့် လေးလေးမြင့်အား တောင်ပေါ်မှ တွန်းထိုးချလိုက်ပုံကိုပါ ဆက်ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အံ့သြစရာပါလား အာစရိ၊ ဒီလောက် မျက်နှာစိမ်း... လေးလေးမြင့်ကို ဘယ်သူက ဘာလို့ ကြံစည်မှာလဲ ကြံ... ချင်လောက်တဲ့ မိုးတစ်(ဗ်) ဘာရှိလို့လဲ"

"ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့ဗျာ၊ လေးလေးမြင့်... ကြံစည်တဲ့ မိုးတစ်(ဗ်)ကို ရှာကြည့်ရင် လေးလေးမြင့်... ဒေါ်ကေသီရဲ့ တူမအရင်းခေါက်ခေါက်လေ၊ ဒေါ်ကေသီ... သားသမီး လုံးဝမထွန်းကားခဲ့ဘူး၊ ဒေါ်ကေသီပိုင်ဆိုင်... ပစ္စည်းတွေကို ဒေါ်ကေသီ သေသွားရင် လေးလေးမြင့်... ဆက်ခံစရာရှိတယ်၊ အဲ... တစ်ဦးတစ်ယောက်က ဒေါ်ကေ... ရဲ့အမွေတွေ လေးလေးမြင့် မရစေရအောင်ဆိုပြီး လေး... မြင့်ကို လုပ်ကြံတာဆိုရင်ကော ကိုအောင်မောင်း"

"ဟာဗျာ ... ရှုပ်ပါ့၊ ဒီသစ်စခန်းကိစ္စကြီးက ဟိုလိုတွေး... လဲ ဟုတ်နိုးနိုး၊ ဒီလိုတွေးရင်လဲ ဟုတ်နိုးနိုးနဲ့ ဘ... ဘယ်က စပြီး တူးဖော်ရမယ်ဆိုတာတောင် မသိလေ... အောင်ပဲ"

"နေဦး ကိုအောင်မောင်း၊ ခုန ကျုပ်ပြောပြသမျှတွေ... အရေးကြီးတာတစ်ခု ကျန်နေသေးတယ်"

"ဆိုပါဦး ... ထပ်ပြီး ရှုပ်စရာပဲလား ဆရာသမား"

ထွန်းနေနွယ်က သူ့အိတ်ထဲမှ ငွေတံဆိပ်ကို ထု... ပြီး ကိုအောင်မောင်းအား ပေးအပ်လိုက်သည်။

"ကျုပ် သေသေချာချာကြီး သတိထားမိတာက ပထ... ဒီအိမ်ထဲ ကျုပ်အလျင်ဝင်တယ်၊ ကိုဘခက်အလောင်း... ကျင်ကို သေချာကြည့်တယ်၊ ဘာငွေတံဆိပ်တစ်ခုမျှ ...



ဘူး၊ အဲဒီနောက် ကျုပ်နောက်က လိုက်လာတဲ့ ကိုကြိုင်မောင်တို့၊ ကိုကျော်ဝင်းမောင်တို့၊ ကိုရဲမြင့်နောင်တို့ ဒီအိမ်ထဲ ဆက်ဝင်လာကြတယ်၊ ကိုဘခက်ရဲ့ အလောင်းဝန်းကျင်တစ်ဝိုက် ဒီလူတွေအားလုံး ရောက်ရှိခဲ့ကြတယ်၊ အဲဒီနောက် ပြန်ကြမယ်ဆိုပြီး သူတို့ ပြန်ထွက်သွားပြီးမှ ကိုဘခက် အလောင်းဘေးမှာ ဒီငွေတံဆိပ် ကျုပ်တွေ့ရတာ သေချာတယ်၊ သူတို့ထဲက တစ်ယောက်ယောက်က အလောင်းကို ကြည့်ရင်း ဒီငွေတံဆိပ်ကို အလောင်းဘေးမှာ လူမမြင်အောင် ချထားခဲ့တာ"

"ဒီငွေတံဆိပ်က ဘာကိုရည်ညွှန်း အဓိပ္ပာယ်ဆောင်လို့လဲ အာစရိ"

ထွန်းနေနွယ် ပခုံးတွန့်ပြသည်။ ဘယ်လိုလုပ်သိပါ့... လဲဟု ထင်ရှားစေသော ပခုံးတွန့်ပြခြင်း ဖြစ်ပါ၏။

ထိုနောက်တော့ ကိုအောင်မောင်းသည် သူ့လူများ... အား ကိုဘခက် အလောင်းကို သယ်ယူသွားကြရန် အမိန့်ပေး... သည်။

ကိုအောင်မောင်းက ပထမဆုံး မနန်းစိန်နှင့်တွေ့လျှင်... ကောင်းမည်ဟု ဆိုလာသည်။ ထွန်းနေနွယ်က မနန်းစိန်ကို တွေ့... ရာတွင် ညင်သာဖို့လိုကြောင်း၊ ပရိယာယ်ကြွယ်ဖို့လိုကြောင်း ...တိပေးရင်း မနန်းစိန် ရှိမည့် အိမ်ကြီးဆီသို့ နှစ်ယောက်သား ...ပြန်လာခဲ့ကြသည်။

အိမ်ကြီးဆီသို့ ရောက်ကြသည်နှင့် ဒေါ်ကေသီကို ...ပျူးပြုကာ ကိုအောင်မောင်းနှင့် အားလုံးကို မိတ်ဆက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးစေကာမူ ကိုအောင်မောင်းသည် မန်နေဂျာကိုဒေါ်သေဆုံးစဉ်က သစ်စခန်းအိမ်ကြီးသို့ ရောက်ခဲ့ဖူးပြီး ဖြစ်သ… လေးလေးမြင့်၊ မနန်းစိန်၊ ရီရီဝင်း၊ စိုးသူဇာ စသည့် အမျိုးသ… များကို ထိုစဉ်က အမှတ်မထင် ရှိခဲ့သော်လည်း ကိုကြိုင်းဖေ… ကိုကျော်ဝင်းမောင်တို့ကို ကိုအောင်မောင်းက မျက်မှန်းတန်း… သားဖြစ်ပါ၏။ ကိုရဲမြင့်နောင်ကိုတော့ ထိုစဉ်က ထိုအိမ်ကြီး… ရှိမရှိ မသေမချာဖြစ်သည်။ မန်နေဂျာကိုဒေါင်း သေဆုံး… သာမန်အမဲလိုက်ရင်း မတော်တဆ ထိမှန်သေဆုံးမှုဟု ယူဆခဲ့… ကြောင့် ယခုလောက် အိမ်ကြီးမှလူတွေကို ဂဃနဏ တွေ့ဆုံ… စစ်မေးခြင်းပင် မပြုခဲ့။ ယုတ်စွအဆုံး မန်နေဂျာ ကိုဒေါ်… အလောင်းကိုပင် ဆေးရုံသို့ မပို့စေဘဲ မြို့သာရွာမှ ကိုဒေါ်… ဆွေမျိုးများထံအပ်ကာ သင်္ဂြိုဟ်ခွင့် ပေးခဲ့သည်။

စခန်းမှူး ကိုအောင်မောင်းအား ထမင်းစားပွဲ… ကော်ဖီတိုက်သည်။ အိမ်သားများက ယခုတလောမှာပင် နံနက်… စားပြီးစမို့ ကော်ဖီသောက်ရန် စောသေးသည်ဆိုကာ အပြင်… ဧည့်ခန်းမှာပင် သွားထိုင်နေကြသည်။

ကော်ဖီဖျော်၊ မုန့်ချပေး ပြုလုပ်နေသော မန… အား ကိုအောင်မောင်းက ရယ်ရယ်မောမော နှုတ်ဆက်စကား… မနန်းစိန်နှင့် အလ္လာပစကားလေးတွေ ပြောသည်။

တစ်ခဏအတွင်းမှာပင် မနန်းစိန်သည် … ကိုအောင်မောင်းအား ကြောက်စရာလူဟု မထင်တော့ဘဲ လ… လျောလျောပုံစံ ရှိလာသည်။

ကိုအောင်မောင်းကလည်း အရပ်ဝတ် …



နှင့်မို့ မနန်းစိန် အကြောက်အလန့် လျော့ပါးစေခြင်းလည်း ဖြစ်မည်။

"ဟဲ … မနန်းစိန်ရေ၊ ကိုဘခက် အိမ်လေးကို တံခါးခတ်တဲ့ သော့ချောင်းအဖိုရှိတယ်၊ အဲဒီသော့ချောင်းပါတဲ့ သော့တွဲကို ဒေါ်ကေသီက မနန်းစိန်ကိုပဲ အပ်ထားတယ် ပြောတယ်၊ အဲဒါလေး ကြည့်ကြစို့"

"ရှိသားပဲ၊ ဒီမှာချိတ် … အယ် …"

မနန်းစိန်က ထမင်းစားခန်းထောင့်တိုင်တွင် ချိတ်ထားလေ့ရှိသော သော့တွဲနေရာကို ညွှန်ပြရင်း နောက်ဆုံး "အယ်" ဟူသော အာမေဍိတ်သံ ထွက်သွားတော့သည်။

အကြောင်းမူ သော့ချိတ်သောကိုင်တွင် ချိတ်သာကျန်ခဲ့ပြီး သော့တွဲက မရှိတော့သောကြောင့် မနန်းစိန်မှာ အယ်ခနဲ ဖြစ်သွားခြင်း ဖြစ်ပါ၏။

အကယ်၍သာ တကယ်အစစ်အမှန် အံ့ဩခြင်းဆိုပါက မဟုတ်မူပဲ မနန်းစိန်သည် ဟန်လုပ်ဟန်ဆောင်ဖြင့် အံ့ဩသည်ဆိုပါက် အလွန်တော်သော သရုပ်ဆောင်ချက်တစ်ခု ဖြစ်သည်ဟု တွေးနေနွယ် စိတ်ထဲမှ မှတ်ချက်ချမိပါ၏။

ကိုအောင်မောင်းက မသိကျိုးကျွန်ပြုကာ …

"ဘာလို့လဲ မနန်းစိန်"

"သော့တွဲဟာ ဒီတိုင်မှာပဲ အမြဲချိတ်ထားတာပဲရှင်၊ အခု ရှင်မေးမှပဲ သော့တွဲမရှိတော့ဘူး၊ ဘယ်သူများ ယူသွားသလဲ မသိဘူး"

"ဟုတ်လား၊ မနန်းစိန်က သော့တွဲကို နေ့တိုင်း ဖြုတ်ယူ

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုတာမျိုး မရှိဘူးလား"

"မရှိပါဘူးရှင်၊ ဒါတွေက အပိုသော့ချောင်းတွေ တွဲထားတာ၊ တစ်ခါတလေ ပစ္စည်းဟောင်းခန်းထဲ ပစ္စည်းဟောင်းတွေထည့်တဲ့အခါ ယူတဲ့အခါမျိုးသာ ဒီသော့တွဲကို ကျွန်မယူပြီး သော့ပိုနဲ့ခတ်ပြီး ပစ္စည်းဟောင်းအခန်းကို ဖွင့်တာပိတ်တာ"

ကိုအောင်မောင်းက မနန်းစိန် ပြောပြသည်ကို ယုံကြည်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ထွန်းနေနွယ် ဘက်သို့လှည့်ကာ လက်ဖျစ်တစ်ချက် တီးလိုက်သည်၊ ထွန်းနေနွယ်၏ပေါင်ကို အားရပါးရ ပုတ်လိုက်သည်။

"ဒါဆို သေချာပြီ အာစရိ၊ ဒီသော့တွဲကို နိုင်လင်း ဝင်ခိုးယူပြီး ကိုဘခက် အိမ်ထဲကို ထပ်ဝင်တာပဲ ဖြစ်ရမယ်"

"မဟုတ်လိုက်တာ"

ဟု မနန်းစိန်က ထွန်းနေနွယ် ဘာမျှမပြောသေးမီ ချက်ချင်း ဝင်ပြောလိုက်သည်။

"ဘာလို့ မဟုတ်နိုင်ဘူးလို့ မနန်းစိန်က ပြောနိုင်သလဲ"

"ကိုနိုင်လင်းဟာ ဒီအနီးပတ်ဝန်းကျင်မှာ ရှိကိုမရှိဘူး၊ နေကို မနေရဲဘူး"

ဒါဖြင့် နိုင်လင်းဟာ ဘယ်ကိုလွှက်ပြေးသွားသလဲ ဟူသော မေးခွန်းကိုမူကား မနန်းစိန်က ဘယ်လိုမေးမေး မဖြေပါလေတော့။

ထွန်းနေနွယ်က ကိုအောင်မောင်း မည်သူမျှ မမြင်အောင် မျက်စိတစ်ဖက် မှိတ်ပြပြီး ခေါင်းယမ်းပြလိုက်သည်၊



အခိုပွားယ်မှာ မနန်းစိန်ကို ဇွတ်အတင်း ဆက်မမေးနဲ့တော့၊ တဖြည်းဖြည်း ချော့မေးလျှင် ရနိုင်လိမ့်မည်ဆိုသော အဓိပ္ပာယ်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

ကိုအောင်မောင်းကတော့ နေခဲ့သည်။

ကိုဘခက် အလောင်းကို သယ်ယူသွားခဲ့ရင်း သူ့တပည့်များအား ပြန်စေသည်။ သူ၏ ရဲကြပ်ကြီးကိုတော့ ကိုအောင်မောင်းက နှစ်ကိုယ်ကြား မှာစရာရှိတာတွေ မှာသည်။ အဝေးသို့ ခေါ်သွားပြီး နှစ်ကိုယ်ကြား မှာကြားခြင်းမို့ ဘာတွေမှာပြီး ဘာတွေညွှန်ကြားသည်ကို ထွန်းနေနွယ်ပင် မသိ။

ထို့နောက်တော့ ကိုအောင်မောင်းသည် တာဝန်… သုံးဦး ရီရီဝင်း၊ စိုးသူဇာနှင့် ဒေါ်ကေသီတို့ကို ထပ်မံစစ်ဆေးသည်။ စစ်ဆေးရာတွင် ထွန်းနေနွယ် စစ်ဆေးပြီးသား စစ်ဆေးချက်မှတ်… ရွက်တွေကို ရှေ့ချပြီး တစ်ဦးချင်း စစ်မေးသည်ပဲ ဖြစ်သည်။

အားလုံးကို ဧည့်ခန်းတွင်ထားပြီး ရုံးခန်းသို့ တစ်ဦးချင်းခေါ်ကာ စစ်မေးခြင်းပြုသည်။ စစ်ဆေးရာတွင် ထွန်းနေနွယ်ကိုတော့ သူ့ဘေးမှာ အတူထိုင်ပေးရန် တောင်းပန်ခေါ်ယူထားသည်။



ကိုကြိုင်းမောင်နှင့် မရီရီဝင်းသည် ပြန်လည်သင့်မြတ်သွားဟန်တူသည်။ လင်နှင့်မယား မျက်နှာကြည်ကြည်လင်လင်နှင့် ရယ်ရယ်ပြုံးပြုံး ပြောကြဆိုကြသည်ကို တွေ့မြင်နေရသည်။

စိုးသူဇာနှင့် ကိုကျော်ဝင်းမောင်ကတော့ တင်းမာဆဲရှိနေဟန်ပင်။ တင်းမာသည်ဆိုရာ၌ ကိုကျော်ဝင်းမောင်က တင်းမာနေပြီး၊ စိုးသူဇာက မကြာခဏ သူ၏လင်တော်မောင်ကို ကွက်ကြည့်ကွက်ကြည့်နှင့် ကြည့်ရှာသည်။

ကျော်ဝင်းမောင်သည် ဇနီးကို ရှောင်ရှားလိုသည့်သဘောဖြင့် ဒေါ်ကေသီ၏အနီးတွင် သွားထိုင်သည်။ ဒေါ်ကေသီနှင့် စကားမရှိ စကားရှာ ပြောမည့်သဘောပင်။ လေးလေးမြင့်ကလည်း သူမ၏ ဒေါ်လေးကေသီ အနီးမှာပင် ရှိနေပါ၏။

"အေးကွယ် … ခုလို အဖြစ်မျိုးတွေ ဖြစ်နေတဲ့အချိန်မှာ ကိုသော်ကကို သိပ်သတိရမိတယ်၊ ကိုသော်က ရှိတုန်းကဆိုရင် အန်တီက ဘာဆိုဘာမှ မလုပ်ရဘူး၊ နေရာတကာမှာ ကိုသော်ကပဲ လုပ်သွားတယ်၊ နောက်ဆုံး ကုန်ကုန်ပြောမယ်ကွယ် … မီးဖိုထဲ အန်တီ ထမင်းဟင်းချက်တာဟာ အိမ်ရှင်မတစ်ယောက်ရဲ့ အလုပ်ဖြစ်ပေမယ့် ကိုသော်ကလေ အန်တီ့ကို မလုပ်နဲ့ … မလုပ်နဲ့ … ပင်ပန်းတယ်၊ ကောင်မလေးတွေကို ခိုင်းပါတဲ့လေ"

ဒေါ်လေးကေသီသည် လင်သားတစ်ဦးက သားမယားအပေါ် ချစ်ခင်ယုယပုံကို ရည်ညွှန်းနေခြင်း ဖြစ်ပါ၏။

"အန်တီက ပြောပါတယ်၊ ကောင်မလေးတွေ ချက်တာပြုတ်တာတွေကို ကိုသော်က ခံတွင်းမလိုက်ရင် အစား

www.burmeseclassic.com

www.burmeseclassic.com



အသောက်ပျက်မှာ စိုးလို့ပါလေ၊ အဲဒီတော့ ကိုသော်က,က ဟာ ... ချက်ချင်တာ ချက်မေ့စေ၊ ချွေးသားပဲချက်ချက်၊ လင်းတသားပဲချက်ချက် ကိုယ့်မိန်းမ မငင်ပန်းရင် တော်ပြီ၊ ကိုယ်စားမယ်တဲ့လေ ဟဲ ... ဟဲ ... ဟဲ ...”

ဒေါ်လေးကေသီက ဟာသလေးပင်နှော၍ ပြောလိုက်သဖြင့်” ကျော်ဝင်းမောင် ပြုံးလာသည်။

အမှတ်တမဲ့ဆိုလျှင် ဒေါ်ကေသီက သွားလေသူကို တမ်းတပြီး ဤစကားတွေကို စကားစပ် စကားဆက်မရှိဘဲ စွတ်ပြောနေသည်ဟု ထင်ရသည်။

အမှန်တော့ ကျော်ဝင်းမောင်နှင့် စိုးသူဇာ လင်မယား မသင့်မတင့် ဖြစ်နေကြသည်ကို သင့်မြတ်စေလိုသော စေတနာဖြင့် လင့်ရယ် မယားရယ် ထားရှိသော နှလုံးသားမေတ္တာကို ဘွယ်ပိုက်ဖော်ထုတ်ပေးနေခြင်းသာ ဖြစ်တော့သည်။

“ဒါဆိုရင် အန်တီတို့ လင်မယားမှာ တစ်ခါမှ ရန်ဖြစ်တာတို့ စကားများတာတို့ မရှိခဲ့ဘူးလားဟင်”

“ကွယ် ... လျှာနဲ့သွားလို့တောင် ဥပမာ တင်စားကြသေးတာ၊ လင်နဲ့မယားပဲ၊ စကားများတာတို့၊ သဘောချင်းမတိုက်ဆိုင်တာတို့၊ အထင်အမြင် လွဲမှားတာတို့၊ သဝန်တိုတာတို့ တစ်ခါတလေ ရှိစမြဲပေါ့ မောင်ကျော်ဝင်းမောင်၊ အဲဒီအခါမျိုးမှာ တစ်ယောက်ကိုတစ်ယောက် မာနထားပြီး၊ မြဲနေပြီး မကျေနပ်လေ အကြိတ်အကဲပိုကြီးလေ ဖြစ်ရတာပေါ့၊ ဒီတော့ အန်တီကတော့ သဘောချင်း မတိုက်ဆိုင်ရင် ဘွင်းဘွင်းပဲ၊ ကိုယ့်ရင်ထဲရှိတာ ပြောလိုက်တယ်၊ အထင်



အမြင် လွဲမှားတာရှိလဲ နေ့ကူးမခံဘဲ၊ ချက်ချင်းကောက်မေးတယ်၊ နောက်ပြီး ကိုသော်က,က လူပျော်လေ၊ မိန်းကလေးတွေနဲ့လဲ စလိုက်စရာ အရောဝင်တတ်တယ်၊ ဒါဆိုလဲ အန်တီက သဝန်တိုတာနဲ့ပြောင်ဖွင့်ပြောတာပဲ၊ အဓိက အန်တီဆိုလိုတာက လင်မယားနှစ်ယောက်ဟာ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် မကျေမနပ် ဖြစ်လာရင် မြိုမထားနဲ့ကွယ့်၊ ဖွင့်သာချလိုက်၊ ဟော ... အထင်မှားတာတွေ ရှင်းသွားရော၊ ကိုယ်ချစ်လို့ ကိုယ်ယူကြတဲ့ အိမ်ထောင်ရေးမျိုးမှာ တစ်ခါတလေ အချစ်ကြီးလို့ အမျက်ကြီးတာတွေ ဖြစ်တတ်တာပေါ့ကွယ်၊ အကောင်းဆုံးနည်းက ဖွင့်ပြော ဖွင့်ရှင်း မြိုမနေနဲ့၊ ဒါဆိုပြေလည်ရုံမကဘူး တစ်ဦးကိုတစ်ဦး ပိုပြီးတောင် မေတ္တာတွေ တိုးသွားသေးတယ်”

ကျော်ဝင်းမောင် ငိုင်၍နားထောင်နေသည်။ ဒေါ်ကေသီ ပြောသမျှကို ခပ်လှမ်းလှမ်းမှ ကြားနေရသော စိုးသူဇာ၏ မျက်နှာလေးမှာလည်း အရောင်ဝင်းလက်လာသည်။

ထိုစဉ်မှာပင် ရုံးခန်းထဲတွင် ကိုအောင်မောင်းနှင့် တွန်းနေနှယ်သည် စစ်ဆေးပြီးစီးသွားသမျှကို ပြန်လည်ဆန်းစစ်နေသည်။

“ဆရာ့စစ်ချက်တွေထဲမှာ မလေးလေးမြင့်ရဲ့စစ်ချက် မပါသေးပါလား ဆရာ”

“မလိုဘူးထင်လို့ပဲ ကိုအောင်မောင်း”

“လိုလိမ့်မယ် ထင်တယ်ဆရာ၊ အားလုံး ထောင့်စေ့အောင် ကြည့်ရင် မလေးလေးမြင့်ကိုတောင် တစ်ယောက်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံနေတယ်လို့ တစ်ထောင့်အနေနဲ့ တွေးနေရတယ် မဟုတ်လား"

"ဒါဆို ခေါ်စစ်ကြည့်လေ"

"ဘာလဲ၊ မလေးလေးမြင့်က ဆရာအမျိုးသမီး ဖြစ်နေပြီလား"

ထွန်းနေနွယ် ဘာမျှမဖြေ။ ခေါင်းညိတ်ရမလိုလို၊ ခေါင်းခါရမလို ဖြစ်ရပါ၏။

"ဟင်း ... အာစရိပုံစံက တစ်မျိုးကြီးပဲ၊ ဗိုလ်အောင်ဒင် ရုပ်ရှင်ထဲက တောင်ပေါ်ကရင်ကြီး ပြောသလို ဆရာကြီး မျက်နှာက မန်ကျည်းသီးတစ်ဝက် ထန်းလျက်တစ်ဝက်ပါ လားဟာ ဆိုတာမျိုး ဖြစ်နေပြီ"

နှစ်ဦးသား ရယ်မောကြသည်။ ထို့နောက် လေးလေး မြင့်ကို ခေါ်ယူလိုက်ပါ၏။

ကိုအောင်မောင်းက မေးခွန်းဟူ၍မမေး။ သင်စခန်းသို့ လေးလေးမြင့် ရောက်လာမှ တွေ့ကြုံရချက်အားလုံးတို့ကို ပြော ပြရန်သာ ပြောလိုက်သည်။

လေးလေးမြင့်က မြင်းလှည်းပေါ်သို့ သစ်ပင်လဲကျ သည့် အကြောင်းမှ အစချီကာ တောင်ပူစာပေါ်မှ ရိုက်နှက်တွန်း ထိုးအချခံရသည်ရော၊ ဤအိမ်ထဲရှိ တာဝန်ခံတွေရော၊ ဖနီးတွေ ရော၊ မသင်္ကာစရာ ကောင်းကြောင်းတွေရော၊ မနန်းစိန်သည် နိုင်လင်းအပေါ်တွင် ဒံယောဇဉ်ရှိပုံတွေရော သူမ ရောက်ရှိမှ မြင်ရ ကြုံရသမျှကို ပြောပြသည်။

"မပြေးသော် ကန်ရာရှိပေါ့လေ၊ မလေးလေးမြင့် အဖို့



မျက်နှာစိမ်းဆိုပေမယ့် ဒေါ်ကောသီရဲ့ တူမအရင်းတစ်ယောက် မို့ ဒီသစ်စခန်းမှာ တစ်ယောက်ယောက်က အန္တရာယ်ပေးဖို့ ကြိုးစားချင်လဲ ကြိုးစားလိမ့်မယ်လို့ ထင်စရာရှိနေတယ်၊ သတိတော့ မလစ်ဆေနဲ့ပေါ့ဗျာ၊ ကိစ္စတွေက သိပ်ရှုပ်နေသေး တယ်၊ အမှန်မပေါ်ခင် အမြဲတမ်း မလေးလေးမြင့် သတိရှိ နေဖို့လိုမယ်"

"အယ် ... ဟုတ်တယ်"

ဟု လေးလေးမြင့်က မနေ့ညက အကြောင်းကို သတိတရ အာမေဋိတ်သံနှင့် လွှတ်ခနဲ ပြောလိုက်သည်။

"ဘာ ... ဟုတ်တာလဲ မလေးလေးမြင့်"

"ကျွန်မအခန်းက အနောက်ဘက်ကျတော့ ညမီးထွန်းချိန် မျိုးမှာဆိုရင် ကျွန်မအခန်းကနေပြီး ကိုဘခက် အိမ်လေးကို လှမ်းကြည့်ရင် မြင်နိုင်တယ်လေ၊ မနေ့ညက သန်းခေါင် ကျော်ပြီးမှ ကျွန်မ အခန်းပြန်ရောက်တော့ ကိုဘခက် အိမ်လေးမှာ မီးလင်းနေတာ တွေ့တယ်၊ ဒါတင်မကသေး ဘူး လူတစ်ယောက် အဲဒီအိမ်ထဲမှာ လှုပ်ရှားသွားလာနေတဲ့ အရိပ်အရောင်လဲ တွေ့တယ်"

"မှန်တာယ် မလေးလေးမြင့်၊ ကျွန်တော်နဲ့ ဟောဒီအာစရိ ကိုဘခက် အိမ်ကို ခုတင်ကပဲ ရောက်ပြီးပြီ၊ အာစရိက ပြောတယ်၊ ညက ကိုဘခက် အလောင်းရှိတဲ့အိမ်ကို တစ် ယောက်ယောက်က သော့တူနဲ့ ဖွင့်ဝင်ပြီး မွှေသွားတယ် တဲ့"

"အဲဒီ မွှေသွားတဲ့လူဟာ ကျွန်မအခန်းက မီးလင်းနေတာကို

www.burmeseclassic.com

www.burmeseclassic.com



လဲ သူက တန်ပြန်တွေ့သွားပုံပဲ၊ ကျွန်မက သူ့အိ... လှမ်းကြည့်နေတာလဲ သူက လှမ်းတွေ့တယ် ထင်... သူ့အနေနဲ့ ဒီအခန်းဟာ ကျွန်မနေတဲ့အခန်းမှန်း ... တယ်၊ ကျွန်မကလဲ သတိထားပြီး အခန်းက ဘ... တုပ်ကို အပေါ်အောက် သေချာပိတ်ထားပြီး အိပ်... လိုက်တယ်၊ သိပ်တောင်မကြာဘူး။ ကျွန်မအခန်းတံ... တစ်ယောက်ယောက်က လာဆွဲဖွင့်တယ်လေ၊ အဲဒီတု... ဒေါ်လေးကေသီ ချောင်းဆိုးသံ ထွက်လာလို့ အဲဒီ... လာဆွဲဖွင့်တဲ့လူ ထွက်သွားတဲ့ ခြေသံ ကြားလိုက်ရ...

ထွန်းနေနွယ် မျက်ခုံးပင့်တက်သွားသည်။ မီးဖိုထဲတွင် နှစ်ယောက်သား အတော်ညဉ့်နက်တဲ့အထိ ... မိမိက ရုံးခန်းပြန်၊ လေးလေးက သူ့မအခန်းအပြန်တွင် လေးလေး လှမ်းမြင်တွေ့ကြသည်ပဲ ဖြစ်ရမည်။

"ဒါဆို လေးလေးက အစ်ကိုဆီကို ချက်ချင်း... လာမပြောလဲဟင်"

"ကြောက်လို့"

"ဘာကိုကြောက်တာလဲ လေးလေး"

"အစ်ကိုဆီလာဖို့ ညဉ့်ခန်းဖြတ် ကော်ရစ်ဒါဖြတ်... ကစောင့်ပြီး တစ်ခုခုလုပ်မှာလဲ ကြောက်တယ်။ ... အစ်ကိုအခန်းကို အချိန်မတော်ကြီးကျမှ လေး... ယောက်တည်း ရောက်လာတာကို သေအမြင်နဲ့အ... ခံရမှာကိုလဲ ကြောက်တယ်"

ကိုအောင်မောင်း ပြုံးရယ်လိုက်သည်။ ...



မောင်း ရင်ထဲတွင် "ကျားရှိတဲ့ဂူထဲကို ဘယ်က သမင်မလေး တစ်ကောင်ဟာ ဝင်ရဲမှာလဲ"ဟုလည်း တွေးလိုက်ပါသေး၏။

"ဒါဆို ဒီနေ့ မနက်ပိုင်းမှာလဲ လေးလေးက အစ်ကိုကို ဘာမှမပြောပါဘူး"

"အစ်ကိုနဲ့ ဘယ်မှာဆုံလို့လဲ၊ နောက်ပြီး ဒီအိမ်သားတွေ ရှေ့မှာ ဒီအကြောင်းပြောပြလို့ ကောင်းပါ့မလားဆိုတာလဲ စဉ်းစားရသေးတယ် အစ်ကို၊ ကိုဘခက်ကို သတ်တဲ့လူဟာ ကိုနိုင်လင်းလို့ ထင်စရာ ရှိပေမယ့် ဒီအိမ်ကြီးထဲက တစ်ယောက်ယောက်ကော မဖြစ်နိုင်ဘူးလား"

ကိုအောင်မောင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်သားပဲ အာစရိ၊ ဒီလူသတ်မှုမှာ နိုင်လင်း ဖြစ်ရမယ် လို့ တစ်ထစ်ချ ယူဆလို့မှ မရသေးတာ"

ပြောပြောဆိုဆိုပင် ကိုအောင်မောင်းသည် သူ၏အိတ် ထဲမှ ထွန်းနေနွယ် ပေးအပ်ထားသော ငွေတံဆိပ်ကို ထုတ်ယူကာ လေးလေးမြင့်အား ပြလိုက်သည်။

"ဒီတံဆိပ်ကို မလေးလေးမြင့် မြင်ဖူးသလား"

"မြင်ဖူးတယ်"ဟု လွှတ်ခနဲ ဖြေလိုက်ပေသည်။

"ဘယ်မှာမြင်ဖူးတာလဲ မလေးလေးမြင့်"

လေးလေးမြင့် တုံ့ဆိုင်းသွားသည်။ ဤတံဆိပ် အကြောင်း ပြောလိုက်လျှင် ရီရီဝင်းနှင့် စိုးသူဇာကို ထိခိုက်သွားရာ ရောက်မလား။ သူတို့၏ ဂုဏ်သိက္ခာကို ထိခိုက်သွားလေမလား... ဝါနိုးမချင်း ငဲ့ညှာစိတ်ဖြင့် ဖွင့်ပြောရန် ဝန်လေးသွားသော...ကြောင့် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မလေးလေးမြင့်၊ အခုဟာက လူ့သတ်မှု... လောလောဆယ် နိုင်လင်းကို တရားခံလို့ ထင်စရာရှိ... မယ့် ဒီထက် နက်နဲတဲ့ကိစ္စတွေ ရှိနိုင်နေတယ်၊ အမှန်... အမှန်အတိုင်း ဖြစ်လာဖို့ဆိုတာ အမှန်တရားတွေ အဖြစ်မှ... တွေကို ခြေရာကောက်နိုင်မှ ဘာကယ့်ခမ္မစစ်အမှန် ထွက်လ... မှာပါ၊ တရားခံအမှန်ကို အပြစ်ဒဏ်အမှန် ရသွားစေ... ဟာ စစ်မှန်တဲ့တရားပါ၊ တရားခံအမှား အပြစ်ဒဏ်ရသွ... ရင်တော့ ကိုယ့်ပယောဂ ပါနေတယ်ဆိုရင် ဗုဒ္ဓဘာသ... တစ်ယောက် အနေနဲ့ ငရဲတောင် ကြီးမလား မသိ... ဗျာ"

"မှန်ပါတယ် ဦးအောင်မောင်း၊ ကျွန်မ နားဝင်ပါတ... အဲဒီတံဆိပ်ကို ရီရီဝင်းရဲ့အခန်း ရီရီဝင်းရဲ့ မှန်တင်ခုံ... မှာ ကျွန်မ တွေ့ခဲ့ဖူးတယ်၊ အဲဒီတုန်းက ကိုဘခက်... အသက်ရှင်လျက်သား ရှိနေပါသေးတယ်"

"ကိုဘခက်က ရီရီဝင်းကို ဒီတံဆိပ် ပေးထားတာပဲ ဖြ... မှာပေါ့နော် အာစရိ၊ တံဆိပ်က အမျိုးသားသေနတ်... ပြိုင်ပွဲမှာ ရထားတဲ့ ဆုတံဆိပ်ဆိုတော့ ရီရီဝင်း ကိုယ်... မဖြစ်နိုင်ဘူး"

လေးလေးမြင့်က ကောက်ခါငင်ခါ ခမေးလိုက်သ...

"ရီရီဝင်း ယောက်ျား ကိုကြိုင်းမောင် ရထားတဲ့ တံ... ကော မဖြစ်နိုင်ဘူးလားရှင်"

ထွန်းနေနွယ်ရော ကိုအောင်မောင်းရော ခေါ်... သည်။



"ကိုကြိုင်းမောင်ဟာ သေနတ်မှာ သိပ်မကျွမ်းကျင်ဘူး၊ ဆုတံဆိပ်ရအောင် ပစ်နိုင်ဖို့ ဝေလာဝေးပဲ၊ အဲ ... ကိုဘခက် ကတော့ သေနတ်မှာ တော်တော်ကျွမ်းတယ်၊ သေနတ်ပစ် ဝါသနာလဲ ထက်သန်တယ်"

ဟု ထွန်းနေနွယ်က ဝင်ရောက် ရှင်းပြလိုက်သေးသည်။

"မထူးပါဘူး၊ ကျွန်မ ဆက်ပြောမယ် ဦးအောင်မောင်း၊ ရီရီဝင်း အခန်းမှာ ကျွန်မက တံဆိပ်လေးကို မြှောက်ပြီး ကြည့်နေတုန်း စိုးသူဇာကလဲ ရောက်လာတယ်၊ အခန်းဝက နေပြီး ဒီတံဆိပ်လေးကိုလဲ လှမ်းမြင်ရော စိုးသူဇာ ကွက်ခနဲ မျက်နှာပျက်သွားတာကို ကျွန်မ သတိထားလိုက်မိတယ်"

ဦးအောင်မောင်း ခေါင်းညိတ်သည်။

ထို့နောက် လေးလေးမြင့်ကို သွားခွင့်ပြုလိုက်သည်။ ဦးအောင်မောင်းနှင့် အစ်ကိုထွန်းနေနွယ် နှစ်ယောက် ရုံးခန်းထဲတွင် ကျန်ခဲ့ကြသည်။

လေးလေးမြင့်သည် မီးဖိုခန်းဆီသို့ တိုက်ရိုက်လျှောက်လာခဲ့သည်။ အိမ်သားတွေအားလုံး ယနေ့အိမ်မှာပင် စားသောက်ကြမည်ဖြစ်သည့်ပြင် ရဲအရာရှိဦးအောင်မောင်းကိုပါ ကျွေးရမည်ဖြစ်သောကြောင့် မနန်းစိန် တစ်ယောက်တည်း မနိုင်မနင်း ဖြစ်နေသည်ကို ကူညီရန် မီးဖိုဆောင်သို့ တန်းလာခဲ့ခြင်း ဖြစ်သည်။

ဖျတ်ခနဲ ဝင်လိုက်သည်နှင့် လေးလေးမြင့်သည် ဖျတ်ခနဲပင် တွေ့မြင်လိုက်ရသည်။ နေန်းစိန်သည် ကြွေရည်သုတ်

www.burmeseclassic.com

www.burmeseclassic.com



အဝါရောင်သုံးဆင့်ချိုင့်တစ်လုံးကို လေးလေးမြင့် မီးဖိုထဲဝင်လာသည်နှင့် ကပျာကယာ ကြောင်အိမ်နောက်သို့ ဝှက်ထားလိုက်ခြင်းကို လေးလေးမြင့်က မြင်လိုက်ခြင်း ဖြစ်သည်။

သို့သော် လေးလေးမြင့်က မမြင်ဟန် ပြုလိုက်သည်။ မသိကျိုးကျွန် နေလိုက်သည်။

လေးလေးမြင့် စိတ်ထဲမှာတော့ ထူးဆန်းနေသည်။ အိမ်ရှိလူများသည် နံနက်စာကတည်းက အလုပ်သမားသပိတ်ကြောင့် အိမ်ပြန်လာကြပြီး အိမ်မှာပင် နံနက်စာ စားခဲ့ကြသည်။ ဒါကို မနန်းစိန် အသိ။

ညနေပိုင်း မည်သူ့ကိုမျှ ထမင်းချိုင့် ပို့ပေးရိုးမရှိခဲ့။ သို့စဉ်ပါလျက် မနန်းစိန်သည် ထမင်းချိုင့်ကို အဘယ်ကြောင့် ဝှက်လိုက်ပေသနည်း။

"မနန်းစိန်ရေ ... စားဖို့သောက်ဖို့ ပြင်ကြစို့တော့"

"ဟုတ်ကဲ့ ..."

ပြင်ဆင်ကြသည်။ လေးလေးမြင့်ကပင် ချူးခတ်ပေးပြီး ထမင်းစားပွဲသို့ မနန်းစိန်အား သွားပို့စေသည်။

မနန်းစိန် ထမင်းစားခန်းတွင် ထမင်းပွဲ ပြင်နေခိုက်မှာပင် လေးလေးမြင့်က မနန်းစိန် ဝှက်လိုက်သော ကြောင်အိမ်နောက်မှချိုင့်ကို အလျင်အမြန် ယူငင်စစ်ဆေးကြည့်ရှုသည်။

ထမင်းက နှစ်ဆင့်ထည့်ထားပြီး ဟင်းက တစ်ဆင့်ထည့်ထားသည်ကို တွေ့ရသည်။ မနန်းစိန်သည် ညစာအတွက် တစ်ဦးတစ်ယောက်ထံ ပေးပို့ရန် ထမင်းချိုင့် စီစဉ်ထားသည်မှာ သေချာသည်။



ဝှက်ထားသည့် နေရာမှာပင် ခြေရာမပျက် လက်ရာ
ျက် ပြန်ထားလိုက်သည်။

ထမင်းစားပွဲ ပြင်ဆင်ပြီးစီးသွားသောအခါ လေးလေး
ပင် ဧည့်ခန်းသို့ထွက်လာခဲ့ပြီး၊ ညစာအတွက် ထမင်းပွဲအသင့်
ပြီးကြောင်း ကြေငြာလိုက်သည်။

အားလုံးပင် ထမင်းစားခန်းဆီသို့ လာကြသည်။
းလေးမြင့်က မနန်းစိန်၏ ထမင်းချိုင့် ဝှက်ထားသည့်ကိစ္စကို
ကိုထွန်းနေနွယ်အား ပြောပြချင်မိသည်။ သို့သော် လူတွေအား
အုပ်စုလိုက် ထမင်းစားခန်းသို့ ဝင်လာကြသဖြင့် ထွန်းနေနွယ်
ည်း အုပ်စုထဲတွင် ပါရှိကာ လေးလေးမြင့်အတွက် ပြောခွင့်မရ
စ်နေသည်။ ဤကိစ္စကို လူအများရှေ့တွင် ပြောရန်ကလည်း
င့်တော်။ ပြောလိုက်သည်နှင့် ရဲအရာရှိ ဦးအောင်မောင်းက
န်းစိန်အား မေးခွန်းတွေ တရစပ် မေးတော့မည်။ ဘယ်လိုမေး
း မနန်းစိန်ထံမှ အဖြေမှန်ထွက်လာမည်လည်း မထင်။ မနန်းစိန်
ည် ထိုပေပေနှင့် ဇွတ်လုပ်စရာရှိလျှင် အသက်အသေခံပြီး
ပ်လွှတ်မည့် အစားထဲကမှန်း ရိပ်မိလောက်ပြီ။

လေးလေးမြင့် အထင်၌ ဤထမင်းချိုင့်ကို မနန်းစိန်
ည့် တိမ်းရှောင်နေသော ကိုနိုင်လင်းထံပို့ရန် ဖြစ်လိမ့်မည်ထင်
ည်။ မနန်းစိန်အတွက် ယခုအချိန်ဝယ် တာဝန်အရ ထမင်းချိုင့်
းပို့ရန် မည်သူမျှမရှိ။ သံယောဇဉ်အရ ကိုနိုင်လင်းထံသို့ ပေး
ရန်သာ ရှိရမည်။

ဒါဆိုလျှင် ကိုနိုင်လင်း ပုန်းအောင်းနေသော နေရာ
ို မနန်းစိန် သိနေသည်မှာ အမှန်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချက်ကိုပင် အစ်ကိုထွန်းနေနွယ်အား လေး
လေးမြင့်က ပြောပြလိုခြင်း ဖြစ်သည်။ သို့သော် လူအများ
ရဲအရာရှိ သိသွားလျှင် မနန်းစိန်က ဘယ်လိုမေးမေး ဘူးခံမည်
ပို၍ပင် ကိုနိုင်လင်းကို ခြေရာကောက် ခက်သွားမည်။

လေးလေးမြင့်လည်း ဗိုင်းထဲဝင်ကာ ထမင်းစားသည်
မနန်းစိန်က မနီးမဝေးမှာပင် လိုအပ်သည်ကို အသင့်လုပ်ပေးရ
စောင့်နေသည်။

ထမင်းစားပြီးသွားကြသောအခါ အလှိုလှိုထသွား
ကြသည်။ ကိုကြိုင်းမောင်တို့ လင်မယားနှင့် ကိုကျော်ဝင်းမော
တို့ လင်မယားကလည်း အပေါ်ထပ်သို့ တက်သွားသည်။

ဒေါ်လေးကေသီ၏ လင်မယား၏ နှလုံးသားမေ
တရားပြ ကောင်း၍လားမသိ။ ကျော်ဝင်းမောင်နှင့် စိုးသူဝေ
သင့်မြတ်သွားဟန်ဖြင့် ပြန်လည်ပူးတွဲသွားကြသည်။

ရဲမြင့်နောင်ကလည်း သူ့အိပ်ရာရှိရာ ရုံးခန်းသို့ထွက်
သွားသည်။

အမှန်တော့ သူတို့အားလုံးသည် အစ်ကိုထွန်းနေနွယ်
နှင့် ရဲအရာရှိ ဦးအောင်မောင်းကို မျက်နှာချင်း မဆိုင်လိုကြ။
ဦးအောင်မောင်းနှင့် အစ်ကိုထွန်းနေနွယ်က စစ်ဆေးသူ။ သူပါ
အားလုံးမှာ အစစ်ဆေးခံရသူများ။

အစစ်ဆေးခံရသူသည် စစ်ဆေးသူအား ရွံကြောက်
ကြီးဖြစ်မည်မှာ မမွတာ။ ပြီး ... သူတို့ထဲက တစ်ယောက်ပင်လျှ
လူသတ်တရားခံပေလားဟု ရဲက ထင်စရာတွေ ရှိနေသည်။
ကိုဘခက် အလောင်း၏ မျက်နှာပေါ်မှ ကုတ်ခြစ်ရာတွေအ



အမျိုးသမီး နှစ်ဦးပင်လျှင် လူသတ်မှုထွင် မကင်းသလိုကြီးဖြစ်နေ
သည်။ ဒီတော့လည်း သူတို့အားလုံးသည် ထမင်းစားပြီးကြသည်
နှင့် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ရသည်ဆိုကာ အားလုံးရှောင်ထွက်
သွားကြတော့သည်။

လေးလေးမြင့်က မနန်းစိန်နှင့်အတူ ကူညီသိမ်းဆည်း
ရင်း ဧည့်ခန်းသို့ လှမ်းကြည့်သည်။

ဧည့်ခန်းထဲဝယ် ဒေါ်လေးကေသီ၊ အစ်ကိုထွန်းနေ
နွယ်နှင့် ရဲအရာရှိ ဦးအောင်မောင်း သုံးဦးသာလျှင် ရှိနေပေ
သည်။

မနန်းစိန်အား ကူညီပြီးနောက် လေးလေးမြင့်သည်
ဧည့်ခန်းသို့ မသွားတော့ဘဲ သူမ၏အခန်းသို့ ဝင်လာခဲ့သည်။
သူမ၏ခုတင်မှာပင် ခြေတွဲလွဲချထိုင်ရင်း စဉ်းစားနေသည်။ ယခုနေ
ဧည့်ခန်းတွင် သုံးယောက်တည်းရှိနေစဉ် မနန်းစိန်၏ ထမင်းချိုင့်
ကိစ္စကို သွားပြောလျှင် ကောင်းမည်လားဟု စိတ်ကူးကြည့်သည်။

ပြောလိုက်သည်နှင့် ရဲအရာရှိ ဦးအောင်မောင်းက
မနန်းစိန်ကို ချက်ချင်း ခေါ်ယူစစ်ဆေးမည်မှာ ကေန်။ မနန်းစိန်၏
စိတ်ဓာတ်ကို ဤမျှလောက် ပေါင်းလာသော လေးလေးမြင့်က
ဒုက်ထိ နားလည်နေသည်။

မျက်နှာလေး လှသော်လည်း ပါးတွင် အရုပ်ဆိုးသော
မွေးရာပါ အမှတ်ကြီးကြောင့် ဘဝကို စိတ်ပျက်လက်ပျက်ဖြစ်နေ
ရှာသော မနန်းစိန်သည် ရှားရှားပါးပါး အလုပ်သမားခေါင်း
ကိုနိုင်လင်းနှင့် ချစ်ကြိုက်မိကြသည်။ မနန်းစိန်အဖို့ ကိုနိုင်လင်း
သည် သူမ၏ အသည်းချစ်သူ၊ သူမ၏အသက်။ သူမ၏ဘဝ။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မောင်းက ဘယ်လိုမေးမေး မနန်းစိန်ကိုမေး၍ ကိုနိုင်လင်း ဘယ်မှာရှိသည်ဆိုခြင်းကို ဘယ်လိုနည်းနှင့်မျှ ဖော်မည်မဟုတ်။

အဲ ... တစ်ခုတော့ရှိသည်။

မနန်းစိန်သည် လေးလေးမြင့်ကိုတော့ အထင်လည်းကြီးသည်။ ကြည်ညိုလေးစားပုံလည်းရသည်။ မနန်းစိန်၏နှုတ်ကိုယ်တိုင်ကလည်း လေးလေးမြင့်ကို ချစ်ခင်လေးစားကြောင်း ဖွင့်ပြောသည်။

ဒီတော့ ...

ထမင်းချိုင့်မှာ ကိုနိုင်လင်းအတွက် မနန်းစိန် ပြင်ဆင်ထားကြောင်း ဟုတ်ပြီဆိုပါစို့။ ဒါဆိုလျှင် ကိုနိုင်လင်း ဘယ်မှာရှိနေမှန်း မနန်းစိန် သိထားမှန်း သေချာသွားမည်။ ကိုနိုင်လင်းသည် ယခုလူသတ်မှုတွင် သော့ချက်။ ကိုနိုင်လင်းကို ပြန်လည်ရရှိသည်နှင့် အမှုပေါ်နိုင်မည်။

လေးလေးမြင့်သည် ဆုံးဖြတ်လိုက်သည်။ ခုတင်မှထရပ်လိုက်သည်။ မနန်းစိန်အား အသင့်ပြင်ထားသော ဗုက်ထားသည့် ထမင်းချိုင့်ကို လက်ညှိုးထိုးပြကာ ချော့မော့မေးမြန်းလျှင် မနန်းစိန်က မိမိကိုတော့ ပြောတန်သရွေ့ ပြောပြလိမ့်မည်ဟုပင် ယုံကြည်မိလိုက်သည်။

အိပ်ခန်းမှထွက်ကာ မီးဖိုခန်းဆီသို့ လျှောက်လာခဲ့ပါ၏။

နောက်ကျသွားလေပြီ။

မနန်းစိန်သည် နောက်ဖေးပေါက်မှ ထမင်းချိုင့်ဆွဲကာ အပြင်သို့ ထွက်သွားလေပြီ။



မှောင်ရီပျိုးနေစေကာမူ ခပ်လှမ်းလှမ်းမှ မနန်းစိန်၏ ကျောပိုင်းကို လေးလေးမြင့် လှမ်းမြင်နေရသည်။

မိမိ၏အခန်းသို့ လေးလေးမြင့် ချက်ချင်းပြန်လာခဲ့သည်။ အနွေးထည် ထပ်ဝတ်သည်။ သိုမွှေးပဝါကို ခေါင်းတင်မေးသိုင်း ရစ်ပတ်လိုက်သည်။ လက်နှိပ်ဓာတ်မီးကို ခေါင်းအုံးအောက်မှ ဂုတ်ယူသည်။

ဧည့်ခန်းထဲရှိ အစ်ကိုထွန်းနေနွယ်အား သွားပြောလိုက်လျှင် ကောင်းလေမလား စိတ်ကူးသေးသည်။ ပြောလိုက်၍ အားလုံး မနန်းစိန်နောက်သို့ ဝိုင်းလိုက်လျှင် လိုက်လာကြမှန်း မနန်းစိန် တစ်နည်းနည်းဖြင့် သိသွားလျှင် မနန်းစိန်က လမ်းလွှဲလိုက်မည်ဟု လေးလေးမြင့် တွေးလိုက်သည်။

"အို ... တစ်ယောက်တည်း နောက်ယောင်ခံလိုက်ကာပဲကောင်းမည်၊ ကိုနိုင်လင်း ပုန်းအောင်းသည့် နေရာကို ဒက်ထိသိမှ တစ်ကျော့ပြန်လာကာ အစ်ကိုထွန်းနေနွယ်ကို အကြောင်းကြား အသိပေးတော့မည်" ဟု ထပ်မံဆုံးဖြတ်လိုက်သည်။

မနန်းစိန် စေ့ထားခဲ့သော မီးဖိုတံခါးမှပင် လေးလေးမြင့် ထွက်လာခဲ့သည်။ အပြင်ရောက်သည်နှင့် လေးလေးမြင့်သည် ခွေးဂုမ္ဘာန်ကြီးကို လိုက်ရှာကြည့်သေးသည်။ ခွေးဂုမ္ဘာန်ကြီးကိုတွေ့လျှင် အဖော်ခေါ်သွားရန်ဖြစ်သည်။ မိမိက လိုလိုလားလားလိုက်ပါတတ်သည်။ သို့သော် ဂုမ္ဘာန်ကြီးဘယ်မှာသွား သဝေထိုးနေသည်မသိ။ အနီးအနားတွင် မတွေ့ရ။

မနန်းစိန်ကိုမူ အရိပ်အရောင်ပင် မတွေ့ရတော့ပြီ။ မိမိအခန်းပြန် အနွေးထည်ဝတ်၊ လက်နှိပ်ဓာတ်မီး ယူနေချိန်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



မနန်းစိန် သုတ်ခြေတင်သွားဟန်တူသည်။

ကိစ္စမရှိ။ လိုက်သွားရင်း မနန်းစိန်၏ အရိပ်အရောင်ကို ပြန်တွေ့ပေမည်။ ရှေ့အကွေ့လေးသို့ ချိုးသွားသဖြင့် မနန်းစိန်ကို မတွေ့ရခြင်းဖြစ်သည်။ လေးလေးမြင့်သည် မနန်းစိန် သွားရာလမ်းသို့ မှန်းဆပြီး သွက်သွက်လေး လျှောက်လာခဲ့သည်။

.သိပ်မကြာလိုက်ပါချေ။

ရှေ့နားတောအကွေ့မှ ခွေးဟောင်သံ ထွက်လာသံကို လေးလေးမြင့် ကြားရသည်။ ဂုမ္ဘာန်ကြီး၏ သဲသဲမဲမဲဟောင်သံ ဖြစ်ပေမည်။ ထူးခြားသည်။

ဂုမ္ဘာန်ကြီးသည် အလွန်သိတတ်သော ကောင်ကြီး ဖြစ်၏။ အနိဋ္ဌာရုံကိုတွေ့လျှင် ဒီကောင်ကြီးက သီးခြားအသံပြု တတ်၏။ ကိုဘခက်၏ အလောင်းကိုတွေ့စဉ်က မဟောင်။ အူပြု သည်။ သေပြီမှန်း ဒီကောင်ကြီးသိ၍ အူခြင်းဖြစ်မည်။ ယခုကြားရသည့် ဒီကောင်ကြီး၏ အသံကတော့ ဟောင်သံ။ ဒေါသတကြီး ဟောင်လိုက်သံ။

မနန်းစိန်တွင် ဒုက္ခတစ်ခုခု တွေ့နေပြီဟု လေးလေးမြင့်က ဂုမ္ဘာန်ကြီးဟောင်သံနှင့် ဆက်စပ်နေသော အသိစိတ်ဖြင့် သိလိုက်ရတော့သည်။ မနန်းစိန်သည် ဂုမ္ဘာန်ကြီးအား နေ့စဉ်မှန်မှန် ထမင်းကျွေးသူဖြစ်သည်။ မနန်းစိန်ကို ကျွေးသခင်အဖြစ် ဂုမ္ဘာန်ကြီး ခင်တွယ်သည်။ ယခု မနန်းစိန်တွင် တောကောင်တစ်ကောင်ကောင်ဖြစ်စေ သို့မဟုတ် အခြား အန္တရာယ်တစ်ခုခုဖြစ်စေ တွေ့နေသောကြောင့် ဂုမ္ဘာန်ကြီးက ဒေါသတကြီး မနန်းစိန်ဘက်မှ ဟောင်နေခြင်း ဖြစ်နိုင်သည်။



လေးလေးမြင့်သည် ရှေ့သို့အားစိုက်ပြီး ပိုမိုသွက်လက်သော ခြေလှမ်းတို့ဖြင့် လှမ်းခဲ့သည်။

တောအကွေ့ကို ကျော်ဖြတ်လိုက်သည်နှင့် ဂုမ္ဘာန်ကြီး မိမိထံ ပြေးလာသည်ကို တွေ့ရသည်။ ဂုမ္ဘာန်သည် အိမ်ကြီးမှ အိမ်သားတစ်ဦးဖြစ်သူ မိမိလိုက်လာမှန်းသိ၍ အားတက်သရော ပြေးလာကြိုဆိုခြင်း ဖြစ်ဟန်တူသည်။

မိမိဆီသို့ရောက်သည်နှင့် ဂုမ္ဘာန်ကြီးက မိမိကိုမော့ကြည့်လိုက်၊ အဝေးတစ်နေရာကို ဟောင်ပြလိုက် လုပ်နေသေးသည်။ ထို့နောက် သူ့နောက်က လိုက်ခဲ့ပါဆိုသည့်အလား ဂုမ္ဘာန်ကြီးက ရှေ့သို့ ပြန်ထွက်သွားပြသည်။

လေးလေးမြင့်မှာ ဂုမ္ဘာန်၏နောက်သို့ အမိလိုက်ရ ပါလေ၏။

တွေ့ပြီ။

လမ်းဘေးတောအုပ် သစ်ပင်တစ်ပင်အောက်တွင် မနန်းစိန်သည် လဲကျနေသည်။ တစ်စုံတစ်ယောက်သည် မနန်းစိန်အား အန္တရာယ်ပြုသွားလေပြီ။

မနန်းစိန်သည် မည်သည့်နေရာတွင် ဒဏ်ရာဒဏ်ချက် ရပြီး သတိလစ်နေရသည် မသိ၊ ဒဏ်ရာဒဏ်ချက်ကို မှောင်ထဲတွင် မရှာဖွေနိုင်သေး။

မနန်းစိန် အသက်မှရှိသေးရဲ့လားဟု စိုးရိမ်စိတ်ဖြင့် လက်ကောက်ဝတ်ကို ကောက်ကိုင်ကာ သွေးစမ်းကြည့်လိုက်သည်။ သွေးကြောခုန်နေဆဲဖြစ်သည်။ မနန်းစိန် အသက် မသေသေး။

www.burmeseclassic.com

www.burmeseclassic.com



"လာကြပါဦး၊ အစ်ကိုထွန်းနေနွယ်၊ ဦးအောင်မောင်း လာကြပါဦး"

လေးလေးမြင့်သည် ဘာမျှစဉ်းစားမနေနိုင်တော့ပါ၊ အကျယ်နိုင်ဆုံးသော အသံကိုပြုကာ ကုန်းအော်လိုက်တော့သည်။

အိမ်ကြီးနှင့် သိပ်အလှမ်း ကွာသေးသည်လည်း မဟုတ်။ ညဦးမိုးချုပ်စမို့ အရာရာဆိတ်ကာ လေးလေးမြင့် ကုန်းအော်သံကို အိမ်ကြီးမှ ကြားလောက်နိုင်သည်ဟုတွက်ကာ လေးလေးမြင့် ကုန်းအော်ခြင်း ဖြစ်လေသည်။ မနှန်းစိန်အား ယခုပုံစံ အတိုင်း တစ်ယောက်တည်း မထားခဲ့လိုသောကြောင့်လည်း လှမ်း၍ အသံပေး အကူအညီခေါ်ခြင်းလည်း ဖြစ်ပါ၏။

ဂုမ္ဗာန်ကြီးက သိပ်သိသော ကောင်ကြီးပါပေ။ လေးလေးမြင့် အော်လေလေ ဒီကောင်ကြီးကလည်း သူ့အသံကြီး ပိုမိုကျယ်ဟိန်းအောင် ဟောင်လေဖြင့် ကူညီအသံဝင်ပေးသည်။

အော်လျက်ကပင် လေးလေးမြင့်သည် တစ်စုံတစ်ခု ကို ဖျတ်ခနဲ တွေးလိုက်ရမိပြန်သည်။ မနှန်းစိန်အား အန္တရာယ်ပြု သွားသူသည် လောလောလတ်လတ်ဖြစ်နေ၍ အနီးအနားမှာပင် ရှိနိုင်လောက်သေးသည်။

လေးလေးမြင့် တစ်ယောက်တည်း နောက်မှ ရောက်ရှိ လာသည်ကို ရန်သူသည် အန္တရာယ် ထပ်မံပြုနိုင်သေးသည်။

ဒုက္ခ ... မြတ်စွာဘုရား။

ထိုအတွေးကို တွေးလိုက်မိသည်နှင့် လေးလေးမြင့် မှာ ဂုမ္ဗာန်ကြီးကို အားကိုးအားထားနှင့် ဆုပ်ကိုင်ထားမိတော့သည်။

သို့သော် ... လေးလေးမြင့် အော်သံကြောင့်လ



ဂုမ္ဗာန်ကြီး ဟောင်သံကြောင့်လားတော့ မသိ၊ အကျိုးသက်ရောက်မှုကို တစ်ခဏအတွင်း တွေ့ရသည်။

အိမ်ကြီးဘက်လမ်းမှ ထိုးထွက်လာသော လက်နှိပ်ဓာတ်မီးရောင်များသည် လက်ခနဲလက်ခနဲ တောကွေ့လမ်း သစ်ပင်များပေါ်သို့ ကျရောက်လာသည်ကို တွေ့ရပေတော့သည်။

ပထမဦးဆုံး ရှေ့မှရောက်လာသူမှာ အစ်ကိုထွန်းနေနွယ်ပင် ဖြစ်တော့သည်။

"လေးလေး ... လေးလေး"

"ဒီမှာအစ်ကို၊ ဒီမှာ"

တောလမ်းအကွေ့ ဖြစ်ရုံမက လမ်းဘေးတောအုပ်သစ်ပင်အောက်တွင် ဖြစ်နေ၍ ဖြုန်းခနဲ ထွန်းနေနွယ်က မတွေ့။ လေးလေးမြင့်က အသံပြုပြန်ခေါ်လိုက်မှ ထွန်းနေနွယ် အပြေးအလွှား ရောက်လာသည်။

"အံမာ မင်း ... လေးလေးရယ်၊ ရဲတင်းလှချည်လား"

တွေ့သည်နှင့် အကြောက်လွန်နေသော လေးလေးမြင့်ကို တယုတယ ထွန်းနေနွယ်က ပွေ့ပိုက်ထားလိုက်သည်။

လေးလေးမြင့်ကလည်း ထွန်းနေနွယ်၏ ကျောပြင်ကြီးကို ပြန်လည်ဖက်တွယ်ထားမိသည်။ တစ်သက်နှင့်တစ်ကိုယ် ယောကျ်ားသားတစ်ဦးအပေါ်တွင် အလွန်အမင်း အားကိုးလိုစိတ်မျိုး ယခုတစ်ကြိမ်သာလျှင် လေးလေးမြင့် ရင်ထဲ၌ ပေါ်ခဲ့ဖူးပါလေသ။

"အစ်ကို မနှန်းစိန်ကို ကြည့်ပါဦး၊ သေတော့ မသေသေးဘူး၊ သတိလစ်နေတယ်၊ ကိုနိုင်လင်းက ရိုက်နှက်သွားတာပဲဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေနွယ်က လေးလေးမြင့်ကို မွှေ့ပိုက်ထားရာမှ လွှတ်ကာ လဲကျနေသော မနန်းစိန်၏ဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ ပြီး မနန်းစိန် ရရှိသော ဒဏ်ရာဒဏ်ချက်ကို ရှာဖွေစစ်ဆေး ကြည့်ရှုသည်။

"တစ်ခုခုနဲ့ ခေါင်းကို ရိုက်လိုက်တာပဲ လေးလေး၊ နောက်စေ့မှာ ကြက်ဥလုံးလောက် ဖူးရောင်နေတယ်၊ ကွဲတော့မကွဲဘူး၊ ကြည့်စမ်း ဦးနှောက်ကြောများ ပြတ်သွားရင် ဒီမိန်းမတချိတည်း ပွဲချင်းပြီးမှာ၊ ဒီကောင်တွေဟာ အမျိုးသမီးတွေကိုတောင် မညှာမတာ ရက်စက်လာပြီပဲကိုး"

"ဘာရယ် ... အစ်ကို၊ ဒီကောင်တွေ ဟုတ်လား၊ အခုမနန်းစိန်ကို ရိုက်သွားတာ ကိုနိုင်လင်းပဲ မဟုတ်လား"

"နိုင်လင်းကို လေးလေး မျက်စိနဲ့ တွေ့လိုက်ရသလား လေးလေး"

"ဟင့်အင်း ... ဘယ်သူမှ မတွေ့ရပါဘူး၊ လေးလေးရောက်လာတော့ မနန်းစိန်က သတိလစ်လဲကျနေတာကိုပဲ တွေ့ရတာ"

ထိုစဉ်မှာပင် ...

နောက်မှ လိုက်လာသူများ ရောက်ရှိလာသည်။ ယောကျ်ားသားအားလုံး လိုက်လာခြင်းပင်။ ဦးအောင်မောင်း၊ ကိုကြိုင်းမောင်၊ ကိုကျော်ဝင်းမောင်နှင့် ရဲမြင့်နောင်တို့ အားလုံးပင်။

ကိုကျော်ဝင်းမောင်က လဲကျနေသော မနန်းစိန်ကို ငုံ့ကြည့်ရင်း ...

"နိုင်လင်း လက်ချက်ပဲ မဟုတ်လား၊ ကိုထွန်းနေနွယ်"



"မသေချာဘူးဗျ၊ လေးလေး ကိုယ်တိုင်က ဘယ်သူ့ကိုမှ မတွေ့လိုက်ရဘူး ပြောနေတယ်"

စကားတွေ သိပ်ပြောနေလို့ မဖြစ်။ မနန်းစိန်အား အချိန်မီ အိမ်ကြီးဆီ သယ်ယူသွားဖို့ စီစဉ်ကြရသည်။

ဦးအောင်မောင်းက ငါးထောင့်ထိုး လက်နှိပ်ဓာတ်မီးကြီးဖြင့် မနန်းစိန် လဲကျရာ ပတ်ဝန်းကျင် မြေပြင်ကို လိုက်ထိုးကြည့်သည်။

"ခြေရာတွေက တခြားက ဒီနေရာကိုလာတဲ့ ခြေရာမတွေ့ရဘူး ကိုထွန်းနေနွယ်၊ ခြေရာအားလုံးဟာ အိမ်ကြီးဆီက ဒီကိုလာတဲ့ ခြေရာတွေချည်း ဖြစ်နေတယ်"

ဦးအောင်မောင်း ဘာကိုဆိုလိုမှန်း ထွန်းနေနွယ် သဘောပေါက်သည်။ တခြား ဘယ်သူသဘောပေါက်မည် မပေါက်မည်တော့ မသိ။ ဒီလူအုပ်ထဲတွင် သဘောပေါက်သူကလည်း ငြိမ်နေမည်သာ။

ကိုအောင်မောင်း ဆိုလိုသည်မှာ မနန်းစိန်အား တခြားဆန့်ကျင်ဘက် လမ်းတစ်ခုခုမှ လာရောက်ပြီး ရန်ပြုခြင်း မဟုတ်။ အိမ်ကြီးထဲမှ တစ်ယောက်သောသူသည် ဤနေရာသို့လာရောက်ပြီး မနန်းစိန် အလာကိုစောင့်ကာ မနန်းစိန် ရောက်လာသည်နှင့် ရိုက်နှက်ချလိုက်ခြင်း ဖြစ်ရမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

လေးလေးမြင့်ကလည်း ရဲအရာရှိ ဦးအောင်မောင်း ဆိုလိုသည်ကို သဘောပေါက်သည်။

ဤမှာပင် လေးလေးမြင့်က ထမင်းချိုင့်ပြဿနာကို ပြန်စဉ်းစားရသည်။ အိမ်ကြီးထဲမှ အိမ်ရှိလူကုန်အားလုံးသည်

www.burmeseclassic.com

www.burmeseclassic.com



ညစာထမင်းကို အဝအပြဲ စားပြီးကြလေပြီ။ ယခု မ...
သယ်ယူလာသော ထမင်းချိုင့်သည် လုံးဝမရှိတော့ပြီ။ ပုန်းေ...
ရင်း ထမင်းငတ်နေသူမှာ နိုင်လင်း တစ်ဦးသာ ဖြစ်ရမည်။ ...
ပျောက်သွားသော ထမင်းချိုင့်ကို နိုင်လင်း ယူသွားခြင်း...
မဖြစ်နိုင်ဘူးလား။

ယင်းကိစ္စကို ယခုမှပင် လေးလေးမြင့်က ထု...
ပြောပြလိုက်သောအခါ ထွန်းနေနွယ် ပခုံးတွန့်လိုက်သည်။ ဦး...
မောင်းက ရှူးခနဲ သက်ပြင်းချလိုက်သည်။

"အင်း ... ဒီအချက်တစ်ချက်ကို ဟုတ်လောက်ပြီလို့ ...
လိုက်တာနဲ့ တခြားတစ်ချက်ကလဲ ဟုတ်လေမလား ...
မျိုးချည်း ဝင်ဝင်လာတယ်၊ တော်တော်ရှုပ်တဲ့ သစ်...
သပွတ်အူမှ တကယ့် သပွတ်အူစခန်း ..."

❀ ❀ ❀



(၂၀)

ပနန်းစိန်ကို ပျဉ်းမနားဆေးရုံသို့ တင်ရပါ၏။

မနန်းစိန်အား အထူး ဂရုစိုက်ပြုစုသူ ရှိနေသဖြင့် ဆေးရုံ
တွင် အစောင့်ထားပေးရန် လိုအပ်လာသည်။ ပထမ လေးလေးမြင့်
ကို အစောင့်ထားမည်ဟု စိတ်ကူးကြသေးသည်။ မနန်းစိန် အရိုက်
...ရသည့် ညကလည်း တစ်ညလုံး မနန်းစိန် အနီးတွင် လေးလေး
မြင့်ပင် မအိပ်မစက် တစ်ညလုံး ပြုစုစောင့်ရှောက်ပေးသည်နှင့်
...ကစပ်ပြီး ပျဉ်းမနားဆေးရုံသို့လည်း လေးလေးမြင့် ဆက်လက်
...စောင့်စေချင်သော သဘောမျိုး ဦးအောင်မောင်းက ပြောသည်။

ထွန်းနေနွယ်က လုံးဝလက်မခံ။

မနန်းစိန်အား မနန်းစိန်၏ အခန်းထဲတွင် တစ်ည
...လုံးပြုစုပေးစဉ်က ထွန်းနေနွယ်သည် ပက်လက်ကုလားထိုင်တစ်
...လုံးဖြင့် မနန်းစိန်၏ အခန်းတံခါးဝတွင် မိုးလင်းထိုင်လျက် မှေး

www.burmeseclassic.com

www.burmeseclassic.com



စက်သည်။ အဖိကမှာ လေးလေးမြင့်ကို စိတ်မချနိုင်သော ဖြစ်ပါ၏။

"မဖြစ်ဘူး ကိုအောင်မောင်း၊ လေးလေးကို ပျဉ်းမနား မှာထားခဲ့ဖို့ ဘယ်လိုမှ မသင့်တော်ဘူး၊ စဉ်းစားကြည့် ဒီဇာတ်ရှုပ်ထဲမှာ လူသတ်သမားဟာ လေးလေးကို သ နေတယ်လို့ တွက်ရတာတွေ ရှိနေတယ်၊ လူသတ်သ တစ်ဆင့်တိုးလာပြီး အမျိုးသမီးဖြစ်တဲ့ မနန်းစိန်ကို ရန်ပြုလာပြီ၊ ဆက်ပြီး လေးလေးကို အသက်အန္တရာယ် ပါဘူးလို့ ဘယ်သူ အာမခံရဲမှာလဲ၊ ဒီတော့ ပျဉ်း စခန်းကို ကိုအောင်မောင်း အနေနဲ့ အကူအညီတော ဆေးရုံတက်ရမယ့် မနန်းစိန်ကို ရဲအစောင့်ချပေးပါ"

ကိုအောင်မောင်း မငြင်းနိုင်ပေ။

ဒေါ်ကေသီ ကြားဖြတ်မေးခွန်း မေးလိုက်သ

"နေပါဦး မောင်ထွန်းနေနွယ်၊ အန်တီနားလည်ထား မနေ့ညက မနန်းစိန်ဟာ သူ့ချစ်သူ မောင်နိုင်လင် ထမင်းချိုင့် သွားပေးတယ်၊ မောင်နိုင်လင်းက မနန်း သူပုန်းနေရာကို သိထားသူမို့ ချစ်သူဆိုပေမယ့် ဂ အန္တရာယ်ကို ကာကွယ်ချင်တဲ့စိတ်နဲ့ မောင်နိုင် မနန်းစိန်ကို ရိုက်ပစ်တယ်၊ ထမင်းချိုင့်ယူပြီး တယ်၊ အဲဒီလို မဟုတ်ဘူးလား မောင်ထွန်းနေ

"အဲဒီလို ထင်စရာပဲ ဒေါ်ကေသီ၊ ဒါပေမယ့် မဟုတ်ဘူးလို့ ကျွန်တော်ရော ကိုအောင်မောင်းပေ ဆကြတယ်"



"ဘာလို့များပါလိမ့်ကွယ်"

"မနန်းစိန် အရိုက်ခံရတဲ့နေရာမှာ တခြားတစ်နေရာရာက လာတဲ့ ခြေရာမတွေ့ရဘူး၊ ဒီအိမ်ကြီးက အဲဒီနေရာကို သွားတဲ့ခြေရာတွေချည်းပဲတွေ့ရတယ်၊ ဒီအိမ်ထဲက တစ် ယောက်ယောက်ကပဲ မနန်းစိန် ထမင်းချိုင့်နဲ့ ထွက်မှာကို သိနေပြီး ကြိုတင်သွားစောင့်တာလဲ ဖြစ်နိုင်တယ်၊ ဒါမှ မဟုတ် မနန်းစိန် ထွက်သွားတာနဲ့ နောက်ကပုန်းလိုက် သွားပြီး မလှမ်းမကမ်း တောကွေ့ရောက်မှ မနန်းစိန်ကို နောက်က ရိုက်ချလိုက်တာမျိုး ဖြစ်ချင်လဲဖြစ်မယ်၊ အဲဒီ နောက် လေးလေးက နောက်ကပါလာတော့ ရိုက်တဲ့လူဟာ အဝေးကို မပြေးတော့ဘဲ သစ်ပင်တစ်ခုခုကွယ်ပြီး ပုန်းနေ မယ်၊ ဒီအိမ်ကလူတွေ ရောက်အသွားခါ လူအုပ်ထဲပြန်ပြီး ဝင်ရောလိုက်တာမျိုး ဖြစ်နိုင်တယ်၊ ဒါကြောင့် မနန်းစိန်ကို ရိုက်သွားသူဟာ နိုင်လင်းလို့ တတ်အပ်စွပ်စွဲလို့ မရနိုင် ဘူး"

ထိုစဉ်မှာပင် တယ်လီဖုန်းသံသည် ထွက်ပေါ်လာပါ မန်နေဂျာဖြစ်သူ ထွန်းနေနွယ်ကပင် အိမ်ကြီးဧည့်ခန်းမှ လီဖုန်းကို ကောက်ကိုင်လိုက်သည်။

ရှစ်မိနစ်ခန့် အပြန်အလှန် ပြောပြီးနောက် ထွန်းနေ ပြန်လာသည်။

ထွန်းနေနွယ်က မည်သူ့မျှမကြည့်ဘဲ ဒေါ်ကေသီကို လှမ်းကြည့်ပြီး ပခုံးတွန့်ပြလိုက်သည်။

"ဘာများလဲ မောင်ထွန်းနေနွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ရန်ကုန်ကို ရောက်နေတယ်တဲ့၊ ရန်ကုန်ကနေ ပျဉ်းမနား လူလွှတ်ပြီး ပျဉ်းမနားရဲ့စခန်းကတစ်ဆင့် မြိုင်သာကို အကြောင်းကြားတယ်၊ ကျွန်တော့်ကို တွေ့ချင်တယ်တဲ့၊ ရန်ကုန်ကို လိုက်လာပြီး တွေ့ပါတဲ့၊ ဖေဖေကတော့ သစ်စခန်းကို မလာဘူးတဲ့၊ အဲဒီ မြိုင်သာရဲ့စခန်းက ရဲကြပ်ကြီးက သစ်စခန်း ကျွန်တော့်ဆီကို လှမ်းအကြောင်းကြားပေးတာ"

"သြော် ... သြော် ... မင်းဖေဖေ ကိုနေထွန်းက သစ်စခန်းအထိ မလာဘူးတဲ့လား၊ အင်း ... တကယ်စိတ်ကြီးတဲ့လူပဲ"

ထွန်းနေနွယ်က ဘာမျှပြန်မပြော။ ဒုတိယအကြိမ် ပခုံးတွန့်ပြလိုက်ပြန်သည်။

"ဒီတော့ မောင်ထွန်းနေနွယ်က ဘယ်လိုစိတ်ကူးသလဲ"

"ကျွန်တော် ရန်ကုန်ကို ခဏလိုက်သွားရမှာပဲ ဒေါ်ကေသီ၊ ဖေဖေ့အကြောင်း သိတယ်မဟုတ်လား၊ သူခေါ်လို့သွားမတွေ့ရင် ကျွန်တော့်ကို စိတ်ကွက်ဦးမှာ"

"မှန်တယ် ... မှန်တယ်၊ ကိုနေထွန်း စိတ်အကွက်ဆောင်မခံလေနဲ့၊ အန်တီ့ကြောင့် သားအဖ သွေးခန်းဖြတ်တွေ ဘာတွေဖြစ်နေဦးမယ်၊ သွား ... သွား ... ဒီကိစ္စတွေ အန်တီဘာသာ ကြည့်စီစဉ်မယ်"

"အလုပ်သမား သပိတ်ကိစ္စကိုတော့ ဒေါ်ကေသီ ဘာမှမဝင်လိုက်နဲ့နော်၊ ကျွန်တော် ချက်ချင်းပြန်လာမယ်၊ ပိုင်ရှင်ကိုယ်တိုင် အလုပ်သမားကိစ္စကို ကိုင်တွယ်တာထက် ကျွန်တော်က မန်နေဂျာအနေနဲ့ ကိုင်တွယ်တာ ပိုအဆင်ပြေစရာရှိနိုင်တယ်၊ အလုပ်သမားတွေ အလုပ်မလုပ်ပေမယ့် ခါတိုင်း



ပေးနေကျအတိုင်း သူတို့အတွက် ရိက္ခာနေ့ကြေးနဲ့ ထုံးစံအတိုင်း လိုအပ်တာတွေကို ပေးမြဲပေးထားပါ"

"အေးလေ ... ရပါတယ်၊ လေးလေးလဲရှိနေတာပဲ၊ အန်တီ့ကိုယ်စား လေးလေးက လိုအပ်တာတွေကို လုပ်ပေးမှာပေါ့"

"အဲဒီလိုလဲ မဟုတ်ဘူး ဒေါ်ကေသီ"

ထွန်းနေနွယ်က ကန့်ကွက်စကားဆိုသည်။ လေးမြင့်ကိုလည်း လှမ်းကြည့်သည်။ ပြီးမှ ဒေါ်ကေသီကို ပြန်ကြည့်ကာ တိုးညင်းသော လေသံဖြင့် ဆက်ပြောသည်။

"လေးလေးကို ကျွန်တော်နဲ့အတူ ရန်ကုန် ခေါ်သွားရလိမ့်မယ် ဒေါ်ကေသီ"

"ဟင်"

"အယ်"

ဟင်မှာ ဒေါ်ကေသီ၏ အံ့သြသံ ဖြစ်သလို အယ်မှာ လေးလေးမြင့် အံ့သြသံ ဖြစ်တော့သည်။

"ရှုပ်နေတယ် မဟုတ်လား၊ လေးလေးကို သစ်စခန်းမှာပဲ အန္တရာယ်ပြုနိုင်တယ်လို့ ယူဆစရာတွေရှိနေတယ်၊ ကျွန်တော်မရှိတုန်း တစ်အိမ်တည်းမှာ အတူရှိနေတဲ့ ရန်သူက လေးလေးကို အန္တရာယ်မပေးဘူးလို့ ယုံကြည်လို့ မရဘူး၊ နောက်တစ်ချက်က အလုပ်သမားတွေ ဆန္ဒပြတာဟာ လုပ်ငန်းခွင် မကျေနပ်လို့မှမဟုတ်တာ၊ မန်နေဂျာ ကိုဒေါင်း အသတ်ခံရတာရယ်၊ အခု နိုင်လင်းကို တရားခံလို့ စွပ်စွဲသားတာရယ်ကို မကျေနပ်ကြလို့ ဆန္ဒပြကြတာပဲ၊ သူတို့ နှစ်ရက် သုံးရက်ဆိုရင် သေွးအေးသွားနိုင်လောက်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေသီဘက်ကသာ သူတို့ကို ထောက်ပံ့မြဲဆက်ထောက်ပံ့ပါ"

ဒေါ်ကေသီ ခေါင်းညိတ်သည်။

လေးလေးမြင့်ကလည်း ခေါင်းမခါမိ၊ မိမိအနေနှင့် ဟင့်အင်း ... လေးလေး မလိုက်ဘူးဟု ဆိုလိုက်ဖို့ ကောင်းသလားဟု လေးလေးမြင့် ပြန်တွေးကြည့်နေမိသည်။ ချစ်သူဆိုစကားမှု စိမ်းသေးသည်။ နှစ်ယောက်တည်း အတူ ခရီးသွားဖို့အထိ မိမိ အလွယ်တကူ လိုက်လျောသည်မှာ မှားများ မှားလေသလားဟုလည်း တွေးလိုက်မိသေးသည်။ သို့သော် ထိုအတွေးကို ချက်ချင်း ချေဖျက်လိုက်သည်။ အစ်ကိုထွန်းနေနွယ်လို လူသည် အခွင့်အရေးယူတတ်သူ မဟုတ်။ ယခု မိမိကို ရန်ကုန်သို့ အတူခေါ်သည်မှာ သူ၏ မျက်စိကွဲယ်ရာတွင် အသက်အန္တရာယ်ဖြစ်မည်ကို စိုးရိမ်သော မေတ္တာစိတ်၊ စေတနာစိတ်သက်သက် ဖြစ်ပုံရသည်။ မိမိ ကငြင်းလိုက်လျှင် မိမိရင်ထဲက ချစ်နေမိပြီဖြစ်သော အစ်ကိုထွန်းနေနွယ်၏ မေတ္တာနှင့် စေတနာကို ဆော်ကားရာ ရောက်သွားပေလိမ့်မည်။

✿ ✿ ✿



(၂၁)

ဓညိုးမနားမှ နေ့လယ်ရထား အထက်တန်းတွဲတွင် နှစ်ဦးသား လိုက်ပါလာကြသည်။

ဘေးချင်းကပ်လျက် ထိုင်ခုံနေရာရသည်။ ခေါင်းတွဲ ဘက်သို့ မျက်နှာပြုထားသော ထိုင်ခုံမို့ ပြတင်းပေါက်မှ လေတိုး သည်။ ရထားပေါ် ရောက်ရောက်ချင်း လွယ်သလို ထိုင်ကြသဖြင့် လေးလေးမြင့်က ပြတင်းပေါက်ကပ်လျက် ခုံတွဲတွင် ထိုင်မိပြီး ထွန်းနေနွယ်က အတွင်းဘက်ခုံတွင် ထိုင်မိကြသည်။

ရထားထွက်သော် ရထား၏ ခုတ်မောင်းအရှိန်ကြောင့် လေးလေးမြင့်မှာ ဆံပင်လေးတွေ ဖွာလန်လာအောင် လေဒဏ်ကို ခံရတော့သည်။

"လေးလေး"

ထွန်းနေနွယ် ခေါ်သံက ညင်သာသည်။ တိုးညှင်း သည်။ လေးလေးမြင့်က သူ့ဘက်သို့ လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လေသိပ်တိုးနေတယ်လေ၊ တော်ကြာ အအေးမိပြီး နေထိုင်မကောင်း ဖြစ်မှာစိုးလို့၊ ကိုယ်နဲ့ နေရာလဲထိုင်ပါလား ဟာင်"

"ဘာထူးမှာလဲ၊ ဒီလေက လေးလေးကို မတိုးလဲ အစ်ကို့ကို တိုးမှာဥစ္စာ"

"ဩော် ... လေးလေးရယ်"

ချစ်သူဘ၀ ဤဟာမျိုးလေးတွေက ကြည်နူးစရာ၊ လေးလေးမြင့် ဆိုလိုသည်မှာ သူမအား လေမတိုးအောင် နေရာပြောင်းထိုင်လျှင်လည်း သူမ၏ချစ်သူ အစ်ကိုထွန်းနေနွယ်ကို လေတိုးမည်ပင် ဖြစ်သောကြောင့် မိမိကို လေတိုးခံရသည်နှင့် ဘာထူးသေးသလဲဆိုသည့် အဓိပ္ပာယ်ကို ဆောင်နေပါ၏။

"မထူးပါဘူး လေးလေး၊ အစ်ကိုက အကြမ်းပတမ်းသမားလေ၊ ဒီထက်ကြမ်းတဲ့ ရာသီဥတုဒဏ်တွေ ခံထားလေ့ရှိဖူးတော့ ဒီလေတိုးတာလောက် မမှုဘူး၊ ကဲ ... ထပါ၊ နေရာချင်းလဲပါ၊ လေသိပ်တိုးရင် အသားပတ်တယ်၊ အသားကို လေလောင်တယ်၊ လေးလေးရဲ့ ဖြူဖြူဝင်း အသားလေးတွေ အရောင်ပျက်ပါ့မယ် လေးလေးရယ်"

တယုတယ စကားလေးတွေကြောင့် လေးလေးမြင့်မှာ နေရာမှထသည်။ အစ်ကိုထွန်းနေနွယ်၏ အလိုအရ နေရာချင်းလဲထိုင်ပေးလိုက်တော့သည်။

"အစ်ကိုက ခုနက အစ်ကိုဟာ အကြမ်းပတမ်းသမားလို့ ပြောခဲ့တယ်နော်၊ အစ်ကိုဘယ်လောက်ထိ အကြမ်းပတမ်းတွေ ဖြစ်လာခဲ့သလဲဟင်၊ ဥပမာဆိုပါတော့၊ အစ်ကိုထောင်



ထဲမှာ နေခဲ့ရတဲ့ဘဝဟာ လောကမှာ အကြမ်းဆုံးလား၊ ပတမ်းဆုံးလား အစ်ကို"

ထွန်းနေနွယ် ပြုံးလိုက်သည်။ ထို့နောက် လေးလေးပြုံဘက်သို့ လှည့်လိုက်သည်။

"နောက်ထပ် ဘာသိချင်သေးလဲ၊ ဆက်ပြီး လေးလေး ရင်ထဲမှာအစ်ကိုနဲ့ပတ်သက်လို့ သိချင်တာလေးတွေရှိရင်ဆက်မေးလေ"

"မြိုင်သာရဲစခန်းက ရဲအုပ် စခန်းမှူးဦးအောင်မောင်းကလဲ အစ်ကို့ကို အားစရိတ်၊ ဆရာတဲ့၊ သူက အဲဒီလို အစ်ကို့ကို ဘာလို့ခေါ်သလဲ၊ ရဲအရာရှိတစ်ယောက်က ထောင်ထွက်တစ်ယောက်ကို ဆရာခေါ်စရာ အားစရိခေါ်စရာ ဘာမှမရှိဘူး၊ အဲဒါကို လေးလေး မဆက်စပ်တတ်လို့ ပဟေဠိဖြစ်နေတယ် အစ်ကို"

"ဒါဆိုရင် အစ်ကို ထောင်ကျခဲ့ဖူးတာတော့ လေးလေးက သိနေနှင့်ပြီ ဆိုပါတော့၊ ဟုတ်လား"

"ရန်ကုန် ပန်းဆိုးတန်းက တရုတ်စားသောက်ဆိုင်ထဲမှာ ပထမဆုံး အစ်ကိုနဲ့ လေးလေး မျက်လုံးချင်း ဆုံမိတဲ့နေ့ကတည်းက အစ်ကိုဟာ ထောင်ထွက် တစ်ယောက်လို့ ဦးမြတ်မင်းကပြောလို့ သိထားပါတယ် အစ်ကို"

"ဘာလို့ အစ်ကိုထောင်ကျတယ်ဆိုတာကော ဦးမြတ်မင်းက မပြောပြဘူးလား"

"ဟင့်အင်း ... အဲဒီလောက်အထိ အစ်ကို့အကြောင်း [illegible] မစပ်မိလိုက်ကြဘူး၊ ကိုအောင်မျိုးခိုင်က အဲဒီတုန်းက

www.burmeseclassic.com

www.burmeseclassic.com



တဂျိဂျိနဲ့ မဟုတ်လား"

"ထားပါတော့ လေးလေး၊ နောက်ထပ် အစ်ကိုနဲ့ပတ်သက်လို့ လေးလေး သိချင်နေတာရှိရင် ဆက်မေးဦးလေ"

"ရှိသေးတယ် အစ်ကို၊ ဒေါ်လေးကေသီနဲ့အစ်ကို ဆက်သွယ်ပြီး သစ်စခန်းရောက်လာပုံက တစ်မျိုးကြီး"

"ဆိုပါဦး၊ ဘယ်လိုတစ်မျိုးကြီးလဲ"

"ဒေါ်လေးကေသီက အလုပ်ရှင်ပါ၊ တကယ်ဆိုရင် အစ်ကိုက ဒေါ်လေးကေသီ ခန့်လိုက်တဲ့ လခစား မန်နေဂျာပါ၊ ဒါပေမယ့် လေးလေး အကဲခတ်မိသလောက် ဒေါ်လေးကေသီကပဲ အစ်ကို့ကို ချော့နေရပုံ၊ မျက်နှာချို သွေးနေရပုံတွေ တွေ့နေသလားလို့"

- ထွန်းနေနွယ် ပြုံးပြန်သည်။

"ပြောချင်တာတွေ ဆက်ပြောပါ လေးလေး"

"မနေ့က အစ်ကို့ဆီ ဖုန်းလာတယ်၊ အစ်ကို့အဖေဆီကလာတဲ့ဖုန်း ဆိုတာနဲ့ ဒေါ်လေးကေသီ အမူအရာတွေ ဖြစ်သွားပုံက တစ်မျိုးကြီးပဲ၊ နောက်ပြီး အစ်ကို့ရဲ့ဖေဖေဟာ စိတ်ကြီးတာတွေ၊ စိတ်ထက်တာတွေ ဒေါ်လေးကေသီက တစ်ခုခုကို တမြည့်မြည့် ခံစားလိုက်ရတဲ့ လေသံမျိုးနဲ့ပြောတယ်၊ အဲဒါကတော့ ဘာတွေလဲ အစ်ကို၊ ဒေါ်လေးကေသီဟာ အစ်ကို့ဖေဖေအကြောင်းကို ကောင်းကောင်းကြီး သိခဲ့သလိုပဲ"

"ရှိသေးလား နောက်ထပ်၊ လေးလေးမေးစရာလေ"

"ရှိသေးတာပေါ့"



"အားမနာနဲ့ မေးစရာရှိတာ ဆက်မေးပါ လေးလေး"

"အခု အစ်ကို့ဖေဖေက ရန်ကုန်ရောက်နေတယ်လို့ အစ်ကိုက ဒေါ်လေးကေသီကို ပြောတယ်၊ ဒါကို ထောက်ချင့်တွက်ဆရင် အစ်ကို့အဖေက ရန်ကုန်မှာနေတဲ့သူ မဟုတ်ဘူး၊ နယ်မြို့တစ်မြို့မှာ နေတဲ့လူပဲ ဖြစ်ရမယ်"

"သိပ်မှန်တာပေါ့"

"ဒါဆိုရင် အစ်ကို့အဖေက ရန်ကုန်ဆင်းလာပြီး အစ်ကိုရှိနေတဲ့နေရာကို ဒက်ထိသိတယ်၊ ခေါ်ခိုင်းတယ်၊ အစ်ကို့အဖေက အစ်ကို့ကို ဘာလို့ ရန်ကုန်ကိုဆင်းလာပြီး တကူးတက ခေါ်ခိုင်း တွေ့ဆုံချင်တာလဲတဲ့ အစ်ကို"

"အား ..."

လေးလေးမြင့် စကားအဆုံးတွင် ထွန်းနေနွယ်က အားဟု အာမေဋိတ် လိုက်တော့သည်။

"ဖေဖေက ရန်ကုန်ဆင်းလာပြီး အစ်ကို့ကို သူနဲ့ချက်ချင်းလာတွေ့ပါဆိုတာဟာ ဘာဖြစ်လို့ တွေ့ခိုင်းပါလိမ့်ဆိုတာတော့ အစ်ကို တကယ်မသိရိုးအမှန်ပဲ လေးလေး၊ ဒီကိစ္စက ဖေဖေနဲ့တွေ့ပြီးမှ သိနိုင်မယ့်ကိစ္စပဲ၊ အဲ ... ကျန်တဲ့မေးခွန်းတွေအားလုံးကိုတော့ အစ်ကိုက ဖြေပြမယ်၊ ဖြေလဲဖြေနိုင်တယ်၊ ဖြေချင်တဲ့ စိတ်ဆန္ဒလဲ ရှိနေပြီ"

"လေးလေး သိပ်နားထောင်ချင်ပါတယ် အစ်ကို"

"အစ်ကို ရန်ကုန်တက္ကသိုလ်က ဥပစာဝိဇ္ဇာ(ခ)တန်းအောင်ပြီး၊ ဝိဇ္ဇာ(က)တန်းတက်နေလျက်ကပဲ၊ ရဲအဖွဲ့က အလိုရှိသည့်ကျောင်းသားတွေ့လို့ လျှောက်လိုက်တယ်၊ ရဲမှူးရာထူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့"

"တယ်ဟုတ်ပါလား အစ်ကို၊ အင်တာအောင်ပြီးရုံနဲ့ ရုံး ရာထူးတောင် လျှောက်လို့ရသလား"

"အစ်ကိုတို့ခေတ်က ရလွယ်တယ် လေးလေး၊ ရုံးရာထူး ဖြစ်ဖြစ်၊ အငယ်တန်းမန်နေဂျာရာထူးဖြစ်ဖြစ်၊ အထက်တန်း ပြကျောင်းဆရာဖြစ်ဖြစ် ဥပစာ(ခ)တန်း အောင်ပြီးတာနဲ့ လျှောက်လို့ရတဲ့ခေတ်လေ၊ လစာရင်းနှစ်ရာ၊ ရှားပါးစရိတ် ကိုးဆယ်ကျော်နဲ့ လခသုံးရာ ရာထူးတွေဆိုပါတော့၊ ဘွဲ့ရ ပြီးသားတွေဆိုရင်တော့ လစာရင်းသုံးရာ့ငါးဆယ်၊ ရှားပါး စရိတ်နဲ့ လေးရာကျော်ရတဲ့ ဂေဇက်ဝင်အရာရှိတန်း ရတယ်"

"အစ်ကို့ဝါသနာက အရပ်သား စားပွဲထိုင်အလုပ်မျိုးကို မနှစ်မြို့ဘူး၊ ယူနီဖောင်းဝတ် လက်နက်ကိုင်ရတဲ့ အလုပ်မျိုး ကိုမှ လုပ်ချင်တယ်"

"အစ်ကိုက လူကြမ်းပဲ"

"ရုံးစာမေးပွဲမှာ ရေးဖြေရော၊ လူကိုယ်တိုင် စစ်ဆေးရာမှာ ရော အစ်ကို အမှတ်ကောင်းကောင်းရတယ်၊ ရုံးရာထူး ရတယ်ဆိုပါတော့ လေးလေး၊ သင်တန်းတွေ ဘာတွေ ပြီးသွားတော့ အစ်ကို့ကို ရုံးရာထူးတာဝန်နဲ့ ထောင်ငှက်ကို ပို့တယ်၊ အဲဒီတုန်းက ကိုအောင်မောင်းကို ရဲကြပ်ကြီးရာထူး နဲ့ 'ထောင်ငှက်စခန်းမှာ တွေ့ခဲ့တာပဲ"

"သြ ... သြ ... ဒါကြောင့် သူက အစ်ကို့ကို အာစရိတို့၊ ဆရာတို့ ခေါ်တာကိုး"

"ခက်သားပဲ လေးလေး၊ အဲဒီတုန်းက နိုင်ငံရေးဆရာကြီး



တွေ မျက်နှာသာပေးပြီး မွေးထားတဲ့တပည့်တွေက မဟုတ် တာတွေ သိမ်လုပ်ကြတယ်၊ ကြေးကြီးကျိတ်ဝိုင်း၊ ကစား ဝိုင်းတွေ ထောင်တာလဲ သူတို့အကာအကွယ်နဲ့၊ အရက်ကိစ္စ၊ မကောင်းတဲ့မိန်းမကိစ္စတွေမှာလဲ သူတို့အကာအကွယ်နဲ့ပဲ၊ အဲဒီလုပ်ငန်းသမားတွေက သူတို့ကို ပူဇော်ပသရတယ်လေ၊ အစ်ကိုနဲ့ကျတော့ ခက်ရော၊ အစ်ကိုက ရဲပီသချင်တယ် ရဲဝတ္တရား၊ ရဲ့ဥပဒေကို မြတ်နိုးကြည်ညိုတယ်၊ ဒီတော့ ဘယ်သူ့မှလဲ မကြောက်ဘူး၊ ဘယ်သူ့မှလဲ မထောက်ဘူး၊ ဖမ်းစရာရှိ ဖမ်းပစ်တာပဲ၊ ခပ်ကြမ်းကြမ်းလုပ်တယ် ဆိုပါ တော့"

"ယုံပါတယ် အစ်ကိုကတော့ ..."

"ပထမတော့ သူတို့က အစ်ကို့ကိုချော့တယ်၊ အစ်ကို့ကို သူတို့လိုပဲ ဝေစုတစ်စုယူပါ၊ သူတို့ကို အနှောင့်အယှက် မပေးပါနဲ့ပေါ့လေ၊ အဲဒါကို အစ်ကိုက လက်မခံဘူး၊ ခါးခါး သီးသီး ငြင်းလိုက်တယ်၊ လုပ်စရာရှိတာလဲ မလျှော့ဘူး၊ ဆက်လုပ်တာပဲ၊ သူတို့က အစ်ကို့အထက်အရာရှိ ခရိုင်ဝန်ကို တိုင်တယ်၊ ခရိုင်ဝန် ကိုယ်တိုင်ကလဲ သူ့ခေတ်နဲ့ သူ့သြဇာ မလွန်ဆန်ရဲလို့ လူလီမှာလုပ်နေပေမယ့် သူတို့ကို ကျေနပ် တာမှ မဟုတ်ဘဲ၊ ဒီတော့ အစ်ကို့ကို သတိပေးစကားလောက် ပဲပြောတယ်၊ ကြည့်လုပ် ထွန်းနေနွယ်တဲ့၊ အစာလဲကောက် လောက်စာလုံးလဲ လွှတ်အောင်ရှောင်တဲ့"

"အစ်ကိုက ရဲအဖွဲ့ဝင်တာ လစာမက်လို့၊ ရာထူးမက်လို့မှ မဟုတ်တာပဲ လေးလေး၊ မိုးကုတ်မှာ ဖေဖေနဲ့မေမေက

www.burmeseclassic.com

www.burmeseclassic.com



လှချမ်းသာတွေပါ၊ ကြွားတာမဟုတ်ဘူးနော်၊ နောက်ကျ
လေးလေး သိလာလေ မြစ်မှာပဲဟာ"

"ဆက်ပြောပါ အစ်ကို၊ အစ်ကိုဟာ အကြွားအဝါ မ
တတ်တဲ့လူမှန်း နဂိုကတည်းက လေးလေး အကဲခတ်မိ
သားပါ"

"ဆက်ပြောဆိုရင်တော့ ဘဲအုပ်က တစ်ရာ နှစ်ရာပေါ့
လေးလေး၊ ဧဒါပင် ဘာခံနိုင်ကော့လေ၊ သူတို့က အစ်ကို
ကို အမှုဆင်တာပေါ့၊ အစ်ကိုက တစ်ယောက်တည်းသမား
တပည့်တစ်ယောက်နဲ့ အတူနေတယ်၊ အဲဒီ အတွင်းလူ
တပည့်နဲ့ သူတို့ပေါင်းပြီး အစ်ကို့စားပွဲအံဆွဲထဲမှာ ရာတန်
ငါးဆယ်တန်တွေ နံပါတ်မှတ်ပြီး အစ်ကို့အလစ်မှာ ထည့်
ထားတယ်၊ နောက်ပြီး အစ်ကို့ဖမ်းဆေးတဲ့အမှုက အမှုသည်
ကို ဘီအက်စ်အိုင်ကို တိုင်ခိုင်းတယ်၊ တိုင်တယ်၊ လာရှာ
တယ်၊ လာဘ်ငွေယူထားပါတယ်ဆိုတဲ့ ရာတန် ငါးဆယ်
တန်တွေ အံဆွဲထဲမှာ မိတယ်၊ အဲဒီတော့ လက်ပူးလက်ကျပ်
မိတယ်ဆိုပြီး အစ်ကို ထောင်နှစ်နှစ် ကျသွားခဲ့တာပါ
လေးလေး"

"သိပ်ယုတ်မာတဲ့လူတွေ"

"ပြောမနေနဲ့ အဲဒီခေတ်ကတော့ သူတို့ အင်မတိအင်မတန်
မလိုလားတဲ့လူဆိုရင် လမ်းပေါ်မှာ ကားနဲ့တိုက်သတ်တဲ့အထိ
ပဲ၊ နောက်ပြီး တော်တာဆ ကားတိုက်မှုမတော်တဆလုပ်
မှု လုပ်လိုက်တာပဲ၊ အစ်ကို့ကို အသေမသတ်ဘဲ ထောင်ကျ
လုပ်လိုက်တာ တော်သေးတာပေါ့"



"ဟွန်း ... အစ်ကို့ကို သနားလိုက်တာ"

ထွန်းနေနွယ်ကရယ်သည်။ ပြီး ... ရွတ်နောက်နောက်
ဖြစ်လို ဘာကယ်လိုလိုပြောသည်။

"သနားပါ လေးလေး၊ အစ်ကို့ကို အစွမ်းကုန် သနားလိုက်
စမ်းပါ၊ အစ်ကိုက တခြားဘယ်သူ့အသနားမှ မခံချင်ပေမယ့်
လေးလေးရဲ့ အသနားကိုတော့ အသည်းထဲနှလုံးထဲက
လိုလားနေတာပါ"

လေးလေးမြင့်က ချစ်စရာ မျက်စောင်းလေးထိုး
လိုက်သည်။

"ဆက်ပြောဦးလေ၊ ဒေါ်လေးကေသီဆီ ရောက်လာ
တာတွေ"

"အဲဒီခေတ်လမ်းက ရှည်တယ်ဗျ"

"ရှည်ပလေ့စေလေ၊ ရန်ကုန်ရောက်ဖို့လည်း အများကြီး
လိုသေးတာပဲဟာ"

ထွန်းနေနွယ်က မီးရထားထိုင်ခုံ ကုရှင်ကျောမှီကြီး
ကို မှီလိုက်သည်။ ကိုယ်တစောင်း အနေအထား မှီသောကြောင့်
လေးလေးမြင့်ကို မျက်နှာချင်းဆိုင် ပုံသဏ္ဌာန် ရသွားသည်။
လေးလေးမြင့်၏ မျက်နှာလှလှလေးကို သေချာကြည့်ပြီးမှ ကလေး
ငယ်ကို ပုံပြောသော လေသံဖြင့် ဆက်ပြောသည်။

"ဟို ... ရှေးရှေးတုန်းကတဲ့ ..."

"အင်း ..."

ထွန်းနေနွယ်က ကလေးပုံပြောဟန် ပြောသဖြင့်
လေးလေးမြင့်ကလည်း ကလေးငယ် ပုံနားထောင်သည့်ဟန် လေး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် "အင်း"လိုက်ပြလိုက်သည်။ ချစ်သူကို တမင်တကာ ပြန်လ နောက်ပြောင်လိုက်ခြင်းပင်။

ထွန်းနေနွယ်က လေးလေးမြင့် ပြန်လည်နော ပြောင်သည်ကို သဘောကျစွာရယ်ရင်း လေးလေးမြင့် ဦးခေါင်း လှမ်း၍ခေါက်လိုက်ပေသည်။

နှစ်ဦးသား ရယ်မောမိကြပြန်သည်။ ဘာရယ်ဖြ မည်မည်ရရ မဟုတ်။ ချစ်ဦးသူတို့ ချစ်ကြပြီဆိုတော့လည်း လေးပဲလုပ်လုပ် အမြင်မှာ ကြည်နူးရသည်။ ရင်မှာ ကြည် သည်။

"အစ်ကိုရော၊ လေးလေးရော ဘယ်ဘဝရောက်နေ မသိသေးတဲ့ ဟိုရှေးရှေး တစ်ချိန်ကပေါ့ကွယ် ... ဦးနေထွ ရယ်၊ ဦးသော်ကရယ်ဆိုတဲ့ သိပ်ချစ်တဲ့ ငယ်သူငယ်ချ နှစ်ယောက် ရှိကြဖူးသတဲ့"

"ဩော် ... ဩော် ... ဇာတ်လမ်းက ဒီလိုလား"

ဇာတ်လမ်းက ထူးပြီးမဆန်းလှသော ဇာတ်လမ်း ထွန်းနေနွယ် ဇာတ်လမ်းနိဒါန်း ပျိုးသည်နှင့် လေးလေးမြင့် ဇာတ်လမ်းသဘောကို ရိပ်မိလိုက်တော့သည်။

လေးလေးမြင့် ရိပ်မိသည့်အတိုင်းပင် ...။

နေထွန်းနှင့် သော်ကသည် သိပ်ချစ်ကြသော သူ ချင်း ဖြစ်ကြသည်။ သွားအတူ၊ စားအတူ၊ အိပ်အတူ သူငယ်ချင်း ဖြစ်ပါ၏။ ရင်းနှီးသူများက သူတို့နှစ်ဦးအား သူငယ်ချင်း လ ယားဟုပင် နောက်ပြောင် ခေါ်ဝေါ်ကြသည်အထိ ချစ်ကြသ

ဘာမဆို စိတ်တူ၊ သဘောတူ သူငယ်ချင်းနှစ်ဦး



မကေသီဆိုသည့် မိန်းကလေးကို ချစ်မိကြတော့လည်း အတူတူ ဖြစ်ကြတော့သည်။

မကေသီကို တစ်ဦးဦးက အလျှော့ပေးရန် နှစ်ဦး စလုံးသည် ခေါင်းမညိတ်ပါလေ ...

အကယ်၍သာ မကေသီက ပြတ်သားခဲ့လျှင် သူငယ် ချင်း နေထွန်းနှင့် သော်ကတွင် အခက်အခဲ မရှိနိုင်။ မကေသီက နေထွန်းကိုသာ ချစ်ပါသည် ဆိုလိုက်လျှင် သော်ကသည် ရှောင် ထွက်သွားမည်။ အလားတူပင် မကေသီက သော်ကကိုသာ ချစ် ပါသည်ဆိုလျှင် နေထွန်းက ပို၍ပင် ပြတ်သားစွာ ရှောင်ဖယ်သွား မည်ဖြစ်သည်။

မကေသီ မပြတ်သားခဲ့။

မပြတ်သားသော မကေသီကိုလည်း အဆိုးမဆိုသာ၊ သူတို့သုံးဦးသည် တစ်ပြိုင်တည်း တွေ့ဆုံခင်မင်ခဲ့ကြသူများ ဖြစ် ကြသည်။

နေထွန်းက တည်တည်ခန့်ခန့်ဖြင့် အရည်အသွေး ပြည့်ဝသလို သော်က,ကလည်း ပျော်တတ်ရွှင်တတ်၊ နောက်တတ် ပြောင်တတ်နှင့်ပင် အရည်အသွေး ပြည့်ဝသူပင်ဖြစ်သည်။ အရည် အသွေးတွေ ဘေးချိတ်ထားဦး၊ မကေသီကိုယ်တိုင်က ဒီနေရာ မှာတော့ ရှင်းရှင်းလေးပင် ပြောလိုက်သည်။ ရင်ထဲရှိသည့်အတိုင်း ပြောလိုက်သည်။

"ရှင်တို့ဘာသာ ဆုံးဖြတ်ပါ၊ ကိုနေထွန်းက ကျေနပ်စွာ နောက်ဆုတ်လျှင် ကိုသော်ကကို လက်ထပ်မည်၊ ကိုသော်က က ကျေနပ်စွာ နောက်ဆုတ်လျှင်လည်း ကိုနေထွန်းကို

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မည်။ ကေသီ ချစ်တဲ့ကတော့ နှစ်ယောက်စလုံးပဲ"

သော်က,က လှုံ့ရှည်လည်သည်။

နေထွန်းကို ရှိုးရှိုးတည်တည်သမား။

သော်ကသည် အကြံအဖန်လုပ်သည်။ ထိုစဉ်က ငွေဒင်္ဂါး၊ ကျောခေါင်းဒင်္ဂါးစသည်ဖြင့် ...။

သူငယ်ချင်းနှစ်ဦးသည် နောက်ဆုံး ဆေလဒင်္ဂါးကို ခေါင်းပန်းလှန်ပြီး အနိုင်ရသူက ကေသီကို လက်ထပ်၊ အရှုံးရသူက ရှောင်ပေး။

သော်က,က နေထွန်းကို ခေါင်းယူမလား၊ ပန်းယူလားမေး။

နေထွန်းက ဆေလခေါင်းတုံးခေါင်းကြီးက ထင်ထင်ရှားရှား ရှိသဖြင့် ခေါင်းယူမည်ဟုပြော။

နေထွန်းက ခေါင်းဆိုတော့ သော်က, ကပန်း။ သော်က, ကပင် သူ့အိတ်ထဲမှ ဒင်္ဂါးထုတ်ယူပြီး ချာလပတ်လ...မိုးပေါ် မြှောက်လိုက်သည်။ ပြန်ကျလာပြီး မြေပေါ်တွင် ပန်းကျ...သည်။

သော်က,ကပင် နေထွန်း ကျေနပ်ပါစေတော့...ခင်းဒင်္ဂါးကို သုံးကြိမ်သုံးခါ မြှောက်ပြမည်ဟု ဆိုသည်။

နေထွန်းခမျာ ကံမလိုက်။

နှစ်ကြိမ်ဆက်တိုက် ပန်းချည်း ကျလေသော...တတိယအကြိမ် ခေါင်းကျဦးတော့ နေထွန်း ရှုံးနေပြီ။

နေထွန်းက ကျေကျေနပ်နပ်ပင် အရှုံးပေးလိုက်သ...



သူငယ်ချင်းသော်က ကေသီဟာ မင်းနဲ့ပဲ ထိုက်တယ်ကွာ၊ မင်း လက်ထပ်တော့၊ ငါ နောက်ဆုတ်တယ်။ မင်းတို့လက်ထပ်ပြီး နောက်ပိုင်းကျမှပဲ ကေသီကို ငါ အတွေ့ခံတော့မယ်။

သစ္စာကြီးမားပြီး တည်ကြည်သော နေထွန်းသည် ထိုနေ့မှစ၍ ကေသီကို လုံးဝ အတွေ့မခံတော့ဘဲ ရှောင်ထွက်သွားသည်။

ကေသီနှင့် သော်ကတို့ လက်ထပ်ပြီး တစ်ပတ်အကြာကျမှ ကွန်ဂရက်ကျူးလေးရှင်းလုပ်ရန် သော်ကနှင့်ကေသီတို့ လင်မယားနေအိမ်သို့ နေထွန်း ရောက်သွားသည်။

သော်က မရှိ။

အိမ်ထောင်ကျပြီးသည်နှင့် စီးပွားရေးကို လုံးပန်းရမည်ဆိုကာ သော်က အပြင်ထွက်နိုက်ကြသည်။

ကေသီသည် ရှိုးရှိုးစင်းစင်း မိန်းကလေး ဖြစ်သည်။ လက်ထပ်ခါစ ပူပူနွေးနွေး လင်ယောက်ျား ကိုသော်က၏ ရှင်တတ်မြူးတတ်ပုံနှင့် ပေါ့လားပါးလား နေတတ်ပုံကလေးတွေကို အမွှမ်းတင်ရင်း ...

"ကိုနေထွန်းကဟော့ ပြောမနေနဲ့၊ ကြံကြံဖန်ဖန် ရယ်စရာတွေချည်း ကေသီ့ကို လုပ်ပြတယ်လေ၊ ကေသီ့မှာ ကိုသော်ကနဲ့ တွေ့ရတဲ့အချိန်တွေမှာ အမြဲရယ်နေရတယ်"

"ဟုတ်တယ် ကေသီ၊ ဒီကောင်က သူများကိုလဲ ရယ်အောင်လုပ်တယ်၊ သူ့ကိုယ်သူလည်း စိတ်ညစ်မခံဘဲ အမြဲတမ်း ရယ်ရွှင်ပွယ်လုပ်ဖို့သာ စဉ်းစားနေတဲ့ ကောင်မျိုးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လေ ... ကိုနေထွန်းကို ကေသီ ရယ်စရာတစ်ခု ပြရဦးမယ်"

ပြောပြောဆိုဆို ကေသီသည် အိပ်ခန်းထဲ ဝင်သွားသည်။ တခဏအတွင်း ပြန်ထွက်သည်။ သူမ လက်ထဲတွင် ဒင်္ဂါး နှစ်ပြား ဆုပ်ကိုင်လာရင်း တခစ်ခစ်လည်း ရယ်မောသေးသည်။

"ဒီဒင်္ဂါးကိုကြည့်စမ်း ကိုနေထွန်း"

ကေသီက လက်ညိုးလက်မနှင့် ညှပ်ကိုင်ရင်း ဒင်္ဂါးကို ထောင်ပြသည်။

"ဝေလခေါင်းဒင်္ဂါးပဲ၊ အဲဒါ ဘာပြုလဲ ကေသီ"

"ဒါဆို အဲ့ဒီဒင်္ဂါး ကျောဘက်ကို ကြည့်ဦးလေ"

ကေသီက လက်ညိုး လက်မနှင့်ပင် ယင်းဒင်္ဂါးလေး၏ ကျောဘက်ကိုလှည့်ပြီး ထောင်ပြပြန်သည်။

"ဟင် ... ကျောဘက်ကလဲ ဝေလခေါင်းပါပဲလား"

ကေသီ ရယ်မောပြန်သည်။

နောက်ဒင်္ဂါးတစ်ပြားကိုလည်း ပထမနည်းအတိုင်း ထောင်ပြပြန်သည်။

ဒင်္ဂါး၏ ပန်းဘက်ပင်။

နောက်ကျောဘက် လှန်ပြပြန်သည်။

ယင်းဒင်္ဂါး၏ ကျောဘက်ကလည်း ပန်းဘက်ပင်။

"အဲဒါသာကြည့်တော့ ကိုနေထွန်း၊ ခေါင်းချည်းပဲ ဒင်္ဂါးပြား၊ ပန်းချည်းပဲ ဒင်္ဂါးပြားကို တမင်တကာ လက်ရာကောင်းကောင်း သူ့မိတ်ဆွေ ငွေပန်းထိမ်ဆရာဆီမှာ လုပ်ခိုင်းရတာပါ၊ တစ်ခါတစ်လေ သူ့မိတ်ဆွေတွေနဲ့ အပျင်းပြေ မြှောက်ပန်း



လှန်တမ်းကစားရင် သူနိုင်အောင်တဲ့လေ၊ ခစ် ... ခစ် ... ခစ် ..."

ကေသီ ရယ်သလောက် နေထွန်း၏ မျက်နှာကြီး တင်းမာလာသည်။ နီရဲလာသည်။

ဘာမပြော ညာမပြော နေထွန်းသည် ထိုင်နေရာမှ ထတ်ခနဲထကာ ကေသီ၏ ပခုံးနှစ်ဖက်ကို ကြမ်းတမ်းစွာ ဆုပ်ကိုင်သည်။ မကျေမနပ် ဒေါသဖြင့် လှုပ်ယမ်းရင်း အသံတုန်ကြီးဖြင့် မေးသည်။

"ဒီကောင်က ဒီဒင်္ဂါးနှစ်ပြားကို အောင်ပွဲခံတဲ့ အနေနဲ့ လက်ထပ်တဲ့ညမှာ ကေသီ့ကို ထုတ်ပြတာ မဟုတ်လား"

"ဟင့်အင်း ... မဟုတ်ဘူး၊ ချိတ်ထားတဲ့ သူ့အင်္ကျီတစ်ထည်ထဲက ကေသီ တွေ့တာ၊ လျှော်ပေးဖို့ အင်္ကျီယူလိုက်တာ ဒင်္ဂါးတွေ ထွက်ကျလာတာ၊ နေပါဦး ကိုနေထွန်း၊ အဲဒါက ဘာဖြစ်သွားတာလဲ၊ ကေသီ့ကို ဘာလို့ ဒီလောက်ဒေါသကြီးနဲ့ ကြမ်းကြမ်းတမ်းတမ်း လုပ်ရတာလဲ ကိုနေထွန်း"

"သတ်ပစ်ဖို့တောင် ကောင်းတယ် သိလား၊ မင်းလင် သော်ကကို သတ်ပစ်ဖို့ကောင်းတယ်"

"ဘာတွေ ပြောနေတာလဲ ကိုနေထွန်း"

"မင်းမသိရိုးမှန်ရင် ကျုပ်ကို ဘာမှ ဆက်မမေးနဲ့ ကေသီ၊ အေး မင်းလင် သော်ကကိုတော့ ကျုပ်ပြောတာကို တိတိကျကျ ပြောလိုက်ပါ၊ လောကကြီးမှာ ကျုပ်ဟာ လူမိုက်ကို ခွင့်လွှတ်နိုင်ပေမယ့် လူလိမ်ကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူးလို့၊ သော်ကဟာ ကျုပ်နဲ့ နောက်ထပ် ပက်ပင်းမတွေ့

www.burmeseclassic.com

www.burmeseclassic.com



အောင် ရှောင်ပါလို့၊ နောက်တစ်ကြိမ် ကျုပ်နဲ့ ဒက်ထိ... တာနဲ့ သော်ကာဖြစ်ဖြစ်၊ ကျုပ်ဖြစ်ဖြစ် ရင်ခွဲရုံ ရောက်ပြီ... မှတ်လို့ ဒါပဲ"

ဖေဖေ ဦးနေထွန်းဟာ ဒေါ်ကေသီကို အဲဒီနေရာမှ... ဆောင့်တွန်းပစ်ခဲ့တယ်၊ ဒေါ်ကေသီ ပက်လက်လဲကျပြီး တ... စွန်းနဲ့ ခေါင်းတိုက်မိလို့ သတိလစ်သွားတာလည်း ဖေဖေ... မြင်တယ်၊ ဒါပေမယ့် ဖေဖေဟာ နောက်တစ်ကြိမ် ထပ်မကြ... တော့ဘဲ ဦးသော်ကာ အိမ်က ထွက်လာခဲ့တာပဲတဲ့။

"ဒါဆိုတော့လဲ ဟုတ်တာပေါ့နော် အစ်ကို၊ ဦးဆေး ဦးသော်... ဟာ ဒေါ်ဆေးကေသီကို ရဖို့သာတွက်ပြီး သူငယ်ချင်း... လိမ်လည်လှည့်ဖျားတာပဲ၊ အစ်ကို့ဖေဖေက စိတ်ဆိုးပေ... ဆိုးစရာပေါ့"

"ဖေဖေက သိပ်စိတ်ကြီးတယ် လေးလေး၊ အဲဒီမြို့မှ... ဆက်နေရင် ဦးသော်ကာကို တစ်နေရာမှာမတွေ့ တစ်နေ့... မှာတွေ့တော့မယ်၊ တွေ့တာနဲ့ ဖေဖေက သူ့ဒေါသ... ထိန်းနိုင်မှာမဟုတ်ဘူး၊ အသေအကြေလုပ်မိရင် ဒေါ်ကေ... စိတ်ဆင်းရဲရမယ်၊ ဒီတော့ ဒီမြို့မှာမနေဘူးဆိုပြီး အဲ... တည်းက ဖေဖေဟာ လွင့်ခဲ့တယ်လေ၊ စိတ်ပြေအောင်... တခြားဘာမှ မတွေးမိအောင် အလုပ်ကိုပဲ ဖိလုပ်ခဲ့တာ... တိုတိုပဲ ပြောမယ်လေ၊ အဲဒီမှာ မိုးကုတ်က ကျောက်... သူဌေးသမီး ဒေါ်နွယ်နွယ်နဲ့ နောက်ဆုံး လက်ထပ်... တယ်၊ ယောက္ခမရဲ့ ကျောက်တူးလုပ်ငန်းမှာ ဝင်လုပ်... အောင်မြင်သည်ထက် အောင်မြင်တယ်၊ အစ်ကို့ကိုမွေး...



အစ်ကို့နောက်က တစ်ယောက်မှ သားသမီး ဆက်မရတော့ ဘူး၊ ဒေါ်ကေသီနဲ့ ဖေဖေရဲ့ ဇာတ်လမ်းကတော့ အဲဒါပဲ လေးလေး"

"ဩော် ... ဩော် ... ဒါကြောင့် အစ်ကို့နာမည်ကို ထွန်း နေနွယ်လို့ မှည့်တာကိုး၊ ဦးထွန်းနေနွယ်ကို ပြောင်းပြန်လှဲ ရင် "ထွန်းနေ"ဖြစ်ပြီး နွယ်ကတော့ အစ်ကို့မေမေ့နာမည် ထဲက တစ်လုံးပေါ့ ဟုတ်လား"

"ဟုတ်ပါသတဲ့ လေးလေး"

လေးလေးမြင့်က ပြုံးလိုက်သည်။ ထို့နောက် တစ်စုံ တစ်ခုကို စဉ်းစားမိသလို မျက်နှာလုံး ထောင့်ကပ် စဉ်းစားပြီးမှ မေးခွန်းတစ်ခု ဆက်မေးပြန်သည်။

"အစ်ကို့မိဘတွေက ချမ်းသာတယ်နော်"

"အင်း"

"ဒါနဲ့တောင် အစ်ကို့ကို ဘာလို့ ကျောင်းတစ်ဝက်တပျက် ကြီးနဲ့ ရဲအဖွဲ့ကို ဝင်လုပ်တာ မကန့်ကွက်တာလဲဟင်"

"ဖေ့ဖေ့ ပေါ်လစီလေ"

"ဘယ်လို ဖေဖေ့ ပေါ်လစီလဲ အစ်ကို"

"ဖေဖေက အစ်ကို ငယ်ငယ်ကတည်းက ယောကျ်ားဆို တာ ယောကျ်ားနဲ့ တူရတယ်ဆိုပြီး၊ ကိုယ်အပြုအမူမှာရော၊ စိတ်နေသဘောထားမှာရော၊ ယောကျ်ားပီသအောင် အမြဲ ပုံသွင်းခဲ့တယ်"

လေးလေးမြင့်က နှားထောင်ရင်း ချစ်သွေးအစ်ကို ကိုထွန်းနေနွယ်ကို ငေးကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်၏။ အစ်ကိုထွန်းနေနွယ်သည် ကိုယ်၏အပြုအမူနှင့် စိတ်နေသဘောထားတို့သည် မိန်းမသားတစ်ယောက်က အစ်ကိုထွန်းနေနွယ်ကို တစ်ခဏ ပြောဆိုဆက်ဆံရုံမျှနှင့် အားကိုးလိုစိတ် ဖြစ်လာနိုင်လောက်အောင်ပင် ယောကျ်ားဆန်ကြောင်း လက်တွေ့ မြင်တွေ့ ဆက်ဆံရသည်။ ထို့ထက်မှာမူ ယောကျ်ားဆန်ရုံမက အစ်ကိုထွန်းနေနွယ်၏ မျက်နှာဘျပုံ၊ မျက်ခုံး မျက်လုံး နှာတံတွေ အတော်ကြီးကြည့်ကောင်း ချောမောနေသည်မှာ အစ်ကို၏ မိခင် ဒေါ်နွယ်နွယ်ကလည်း တော်တော်ချောသော အမျိုးသမီး ဖြစ်နိုင်ပေမည်ဟု လေးလေးမြင့်က ကပေါက်ရိုကပေါက်ချာလေး တွေးလိုက်မိရသေးသည်။

"ဖေဖေပေါ်လစီက ယောကျ်ားဆိုတာ သမာအာဇီဝဖြစ်တဲ့ အသက်မွေးဝမ်းကျောင်း သုံးခုတည်းက တစ်ခုခုနဲ့ လုပ်ကိုင်စားရမယ်တဲ့၊ နံပတ်တစ်က ပညာနဲ့ ရင်းနှီးရှာဖွေရမယ်တဲ့၊ နံပတ်နှစ်က ကိုယ်ကာယနဲ့ ရှာဖွေ၊ နံပတ်သုံးက သတ္တိနဲ့ ရှာဖွေတဲ့၊ ဆိုလိုတာက ပညာတစ်ခုခုကို ထူးချွန်အောင်၊ အဲဒီပညာနဲ့ စီးပွားရှာ၊ အဲ ... ပညာမသင်ချင်ဘူးဆိုလဲ နေလိုက်၊ ကိုယ်ကာယနဲ့ ကူလီထမ်းစားကွတဲ့၊ ယောကျ်ားပဲ လုပ်ရမှာပေါ့တဲ့၊ အဲ ... နောက်ဆုံးအချက်ကတော့ သတ္တိနဲ့လုပ်တဲ့ အလုပ်တဲ့၊ ယောကျ်ားဆိုတာ သေသင့်သေထိုက်လို့ သေရမှာကို ဘယ်တော့မှ မကြောက်ရဘူးတဲ့၊ စစ်ထဲဝင်ကွာ၊ စစ်တိုက်တဲ့၊ တိုင်းပြည်ကို ကိုယ့်သတ္တိနဲ့ လှူတာပဲ မွန်မြတ်တယ်၊ အဲ ... ဥပဒေကို ထိန်းကိုင်ပြီး လူကောင်းတွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာ



ဖြစ်အောင် လူဆိုးလူမိုက်တွေကို ရင်ဆိုင်ရတဲ့ ပုလိပ်လုပ်ကွာတဲ့၊ အနုခေတ်ရဲက တို့ငယ်ငယ်က အင်္ဂလိပ်လက်ပါးစေ ပုလိပ် မဟုတ်တော့လို့ မွန်မြတ်တယ်တဲ့၊ ဖေဖေ့ဝါဒလေ၊ အဲဒီတော့ အစ်ကိုက ဘီအေ၊ ဘီအက်(စ်)စီအောင်တဲ့အထိ ကျောင်းဆက်နေဖို့လဲ အားမသန်တော့တာနဲ့ ရဲအဖွဲ့ကိုဝင်လိုက်တာပဲ၊ ဖေဖေက သူ့ဝါဒထဲ ဝင်နေတော့ မကန့်ကွက်ဘူး"

"အစ်ကို့ မေမေကကော ..."

"ဟာ ... မေမေကတော့ အသက်ဘေးနီးတဲ့ ယူနီဖောင်းဝတ်လက်နက်ကိုင်တဲ့အလုပ်ကို ဘယ်လုပ်စေချင်မလဲ၊ ဒါပေမယ့် အစ်ကိုတို့အိမ်မှာ ဖေဖေ့ဆန္ဒကို ဘယ်သူမှ ကန့်ကွက်ရဲကြဘူးလေ၊ မေမေ့ဆန္ဒကတော့ အများနည်းတူ ဂုဏ်ခေယ်အောင် အစ်ကို့ကို တက္ကသိုလ်က ဘွဲ့ရတဲ့အထိ သင်လိုက်၊ အဲဒီနောက် အိမ်ပြန်ပြီး မိဘနဲ့အတူနေ၊ မိဘအလုပ်ကိုလုပ်ဆိုတဲ့ ဆန္ဒရှိတာပေါ့၊ အစ်ကို့ကိုယ်တိုင်ကျတော့လဲ တစ်နေ့ကျရင် မိဘအလုပ်ထဲကိုယ်ပဲဝင်ရမှာ၊ ဖေဖေ လုပ်နိုင်ကိုင်နိုင်တဲ့အထိ ကိုယ့်ဘာသာ ဝါသနာပါတာ လုပ်မယ်ဆိုပြီး ရဲအဖွဲ့ဝင်လုပ်တာ"

"အစ်ကို အမှုဖြစ်ထောင်ကျတော့ အစ်ကို့ဖေဖေက ငါ့ဝါဒကြောင့် ငါ့သားလေး ဒီလိုဖြစ်ရတယ်လို့ နောင်တမရဘူးလား အစ်ကို"

"ဆေးသေးတယ်၊ မှန်တာပြောရရင် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် တရားရုံးထိုင်တာပဲ လေးလေး၊ ပြည်သူ့တရားရုံး

www.burmeseclassic.com

www.burmeseclassic.com



တွေဘာတွေမှ မဟုတ်တာ၊ ဖေဖေသာ ငွေနဲ့ပေါက်ပြီး ကြံရင် အစ်ကို ထောင်မကျဘဲ လွတ်နိုင်တယ်၊ အဲ ... သူတို့ အသိုင်းအဝိုင်းက အင်အားကြီးနေလို့ လုံးဝမလွတ်တောင် ထောင်ခြောက်လလောက်အထိ လျှော့ပေါ့နိုင်တယ်၊ ဒါပေမယ့် ဖေဖေက ဘာပြောတာမှတ်လဲ"

"စိတ်ကြီးတဲ့လူပဲ၊ ခပ်ကြမ်းကြမ်းပြောမှာပေါ့၊ အစ်ကို စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး၊ လေးလေးပြောတာ မှန်သားပဲဟာ၊ ဖေဖေ စိတ်ကြီးတယ်၊ ခံလိုက်ငါ့သားတဲ့၊ အခုဖြစ်တဲ့ကိစ္စမှာ ငါ့သားအတွက် သင်ခန်းစာနှစ်ခု ရတယ်တဲ့၊ တစ်ခုက လောကကြီးမှာ ကြီးနိုင်ငယ်ညှင်းတွေ ရှိတယ်ဆိုတဲ့ သင်ခန်းစာရယ်၊ နောက်တစ်ခုက ထောင်ဆိုတာ ဒီလိုပါလားဆိုတဲ့ သင်ခန်းစာရယ်တဲ့၊ ငါ့သားဟာ ကျန်းမာသန်စွမ်းတဲ့ ယောက်ျားတစ်ယောက်ပဲကွတဲ့၊ ထောင်ထဲမှာ ခံနိုင်ရည် ရှိမှာပါတဲ့လေ"

"ရှားပဲ ... ရှားမှရှားတဲ့ အစ်ကို့ဖေဖေပဲ"

ထွန်းနေဦးက ရယ်မောလိုက်ပြန်သည်။ ချစ်သော လေးလေးက သူ၏ဖခင်ကို ကောက်သလို ပခုံးလေးတွန့်ပြောသည် ကို သဘောကျသောကြောင့် ဖြစ်ပါလေသည်။

"ဖေဖေက သူ့ဘဝ ဒီလောက်ထိ ကြွယ်ပိုးကြွယ်ဝ ဖြစ်နေ တာကလဲ ဒီစိတ်ဓာတ်မျိုးနဲ့ ကြိုးကြီးတယ်၊ မနားမနေ အလုပ် ကြိုးစားတယ်ဆိုတာတွေကြောင့်လေ၊ ဒီတော့လဲ သူ့စိတ် ဓာတ်နဲ့ သူ့ဝါဒဟာ သူ့အတွက်တော့ မှန်ကန်နေတာပေါ့၊



အဲ ... နောက်တစ်ခုက ဖေဖေဟာ ခုချိန်ထိ မဟုတ်တာဆို ဘာမှမလုပ်ဘူး၊ သမာအာဇီဝနဲ့ အလုပ်ပဲလုပ်တယ်၊ ဒါ ကြောင့် ဖေဖေ့ဝန်းကျင်နဲ့ ဖေဖေ့အသိုင်းအဝိုင်းမှာ ဖေဖေဟာ အကြည်ညိုအလေးစားခံရတဲ့အထိပဲ လေးလေး"

"အင်းလေ ... ဟုတ်တော့ ဟုတ်ပါတယ်၊ ဖြောင့်တဲ့ပစ္စည်း ဟာ တိုတယ်၊ မာတတ်တဲ့ သဘာဝရှိတတ်တာပဲ၊ ကဲ ... အစ်ကို မြိုင်သာသစ်စခန်းက ဒေါ်လေးကေသီဆီကို ရောက် သွားတာကို ဆက်ပြောဦးလေ"

"ဟဲ ... ဟဲ ... ငယ်ချစ်က အနှစ်တစ်ရာ မမေ့သာဆိုတာမျိုး ပေါ့၊ လေးလေး"

"ဘာဆိုင်လဲ"

"သိပ်ဆိုင်တာပေါ့၊ ဖေဖေက ဒေါ်ကေသီကို တကယ် ချစ်ခဲ့တာပဲ၊ ကွဲသွားတည်းက နောက်ထပ်တစ်ကြိမ်တစ်ခါ မျှတွေ့ဖို့ ဖေဖေက မကြိုးစားပေမယ့် သူ့ရင်ထဲ အသည်း နှလုံးထဲမှာ ငယ်ချစ် ဒေါ်ကေသီဟာ ဘယ်တော့မှ မမေ့ခဲ့ တဲ့ပုံပဲ လေးလေး၊ အစ်ကို့ကို သူငယ်ငယ်က ချစ်သူငယ်ချင်း ဦးသော်ကနဲ့ ဒေါ်ကေသီတို့အကြောင်း မေမေ့အလစ်မှာ အားလုံးပုံပြောသလို သားကို ရင်ဖွင့်ပြတဲ့ သဘောလေ"

"ဒီလိုဆိုတော့လဲ အစ်ကိုဖေ့ဖေ့ရဲ့ အသည်းနှလုံးဟာ နူးညံ့သားပဲနော်၊ ဆက်ပြောပါ အစ်ကို"

"အစ်ကို ထောင်က လွတ်မယ့်ရက်ကို ဖေဖေ စုံစမ်းပြီး သိထားတယ်၊ လွတ်တဲ့ရက်မှာ ဗူးဝက ဖေဖေ့[illegible]တစ် ယောက် အစ်ကို့ကို စောင့်တွေ့တယ်၊ ရာတ[illegible]ချည်းပဲ ငွေ

www.burmeseclassic.com

www.burmeseclassic.com



တစ်သောင်း အချပ်တစ်ရာနဲ့ စာတစ်စောင် ပေးသွားတယ်၊ စာထဲမှာ မင်း ထောင်ကလွတ်တာနဲ့ ပျဉ်းမနားက တစ်ဆင့် မြိုင်သာသစ်စခန်းကို သွားပါတဲ့၊ အဲဒီမှာ ဒေါ်ကေသီ ဒုက္ခတွေ့နေတယ်တဲ့၊ ဦးသော်က သေဆုံးသွားပြီး ကျန်ခဲ့တဲ့ ဒေါ်ကေသီမှာ လုပ်ငန်း မနိုင်မနင်း ဖြစ်ရုံမကဘူး၊ ပြဿနာတွေနဲ့ ရင်ဆိုင်နေရတယ်တဲ့၊ ကိုယ့်အဒေါ်ရင်း တစ်ယောက်ရဲ့ အခက်အခဲကို ကူညီတယ်ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ သွားကူညီပါတဲ့၊ အဲဒီမြိုင်သာသစ်စခန်းကိစ္စတွေ ပြီးစီးအေးဆေးသွားမှ မိုးကုတ်ကို ပြန်လာခဲ့တဲ့"

"မခိုးဘူးနော် အစ်ကို့ဖေဖေက"

"ဒါပေါ့ လေးလေး၊ ဖေဖေက ချစ်သူဆိုတာ ပေါင်းရရင် အကောင်းဆုံးပဲ၊ ကံအကြောင်းမလှသင့်လို့ မပေါင်းရရင်လဲ မုန်းသွားတာဟာ စိတ်နုတဲ့သူ၊ ယောကျ်ားမပီသတဲ့လူတွေရဲ့ သဘောထားတဲ့၊ အဲ့တုန်းကမြင့် ဒေါ်ကေသီမှာ အပြစ်မရှိဘူးတဲ့၊ သူငယ်ချင်းသော်က လိမ်လည်တာကို ဖေဖေနဲ့ ဒေါ်ကေသီ ခံလိုက်ရတာတဲ့၊ ဒါကြောင့် ဦးသော်ကကို တွေ့ရင် တစ်ခုခုလုပ်မိမယ်၊ လုပ်မိရင် ဒေါ်ကေသီက လင်ဖြစ်နေတဲ့ ဦးသော်ကဘက်က နာပြီး သူ့ကို မုန်းသွားနိုင်တယ်တဲ့၊ ဒီတော့ ဖေးရှာကိုပြေးတာ အကောင်းဆုံးဆိုပြီး ဖေဖေက ပြေးခဲ့ရှာတဲ့ အပြေးသမားကြီးပေါ့"

သူ ဘယ်သူဘယ်ဝါ၊ ဘာကြောင့် ထောင်ကျရသည်။ ဘာကြောင့်ဒေါ်လေးကေသီထံ မန်နေဂျာ ဖြစ်လာရသည်။ သူ့မိဘမျိုးရိုး ဘယ်လို၊ သူ့ပညာအရည်အချင်း ဘယ်လောက်စသည်တို့ကို လေးလေးမြင့် သိရလေပြီ။

ယခုဆိုလျှင် သူက မေးဖို့ကောင်းပြီ။

"ကဲ ... အစ်ကို့အကြောင်းတွေ အားလုံး သိပြီပဲ၊ အစ်ကို့ကို လေးလေး လက်ထပ်မယ် မဟုတ်လားဟင်" ဟူ၍။

သို့သော် သူသည် ယင်းနောက်ဆက်တွဲမေးခွန်းကို လုံးဝမမေးပါလေ။

မေးရမည့်သူက မမေးတော့လည်း ဖြေရမည့်သူက အမေးမရှိသော ပုစ္ဆာကို အလိုအလျောက် ဖြေမည်တဲ့လား၊ ဝေးသေး။



www.burmeseclassic.com

www.burmeseclassic.com



(၂၂)

လေးလေးမြင့်က အမျိုးသမီးတည်းခိုဆောင်မှာ တည်းသည်။ ဘားလမ်းရှိ အမျိုးသမီးအဆောင်ရောက်ပြီး တည်းခိုခန်းသို့ မဝင်မီ လေးလေးမြင့်က မေးသည်။

"အစ်ကိုကရော ဘယ်မှာတည်းမှာလဲ"

"ဖေဖေက စမ်းချောင်း ရှမ်းလမ်းက သူ့မိတ်ဆွေအိမ်မှာ ရှိနေမယ် လေးလေး၊ အဲဒီကို အစ်ကို သွားမယ်၊ ဖေဖေနဲ့ပဲ အတူတည်းရမလား၊ တခြားအမျိုးသားအဆောင်မှာ တည်းရမလား မဆုံးဖြတ်သေးဘူး၊ ဖေဖေနဲ့ တွေ့ပြီးမှ ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်နိုင်မယ်"

"ဒို့ ပြန်ကြဖို့ရက်ကိုရော အစ်ကို သတ်မှတ်မလား"

"ဘယ်ကို ပြန်ကြဖို့လဲ"

"ဟောတော့ … အစ်ကို ဘာပြောတာလဲ၊ မြိုင်သာသစ်ခန်းကို ပြန်ကြရမှာ မဟုတ်လား"



"အစ်ကိုကတော့ မြိုင်သာသစ်ခန်း ပြန်ကိုပြန်ရမယ်လေ၊ ဟိုမှာက အလုပ်သမားသပိတ်ကိစ္စလည်း ရှိနေတယ်၊ ကိုဘခက် သေဆုံးပြီး နိုင်လင်း ထွက်ပြေးနေတာကလဲ တန်းလန်းကြီး မဟုတ်လား"

"အို: … လေးလေးလဲ ပြန်ရမှာပဲပေါ့၊ အခု လေးလေးလိုက်လာရတာက ဟိုမှာဆိုရင် အစ်ကို မရှိတုန်း လေးလေးရဲ့ အသက်အန္တရာယ် စိုးရိမ်ရတယ်ဆိုပြီး အစ်ကို ခေါ်လာတာပဲဟာ၊ လေးလေးကိစ္စ ရန်ကုန်မှာ ဘာရှိလို့လဲ၊ အစ်ကိုက ဘာအကြောင်းကြောင်းတွေ ပြောနေတာလဲ"

"မှန်တယ် လေးလေး၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဲဘောလေ၊ ဒေါ်ကေသီနဲ့ အစ်ကို တိုင်ပင်ခဲ့သေးတယ်"

"ဘာ တစ်ချက်ခုတ် နှစ်ချက်ပြတ်လဲ၊ ဒေါ်လေးနဲ့ ဘာတိုင်ပင်ခဲ့တာလဲ"

"သစ်စခန်းမှာ ဆက်နေရင် လေးလေးမှာ အန္တရာယ်ရှိနေတယ်၊ ဒေါ်ကေသီကလဲ သူ့တူမချော မတော်တဆတွေ ဖြစ်သွားမှာ စိုးရိမ်တယ်၊ ဒါကြောင့် ဒေါ်ကေသီကိုယ်တိုင်က လေးလေး ရန်ကုန်မှာ ပြန်နေတာ စိတ်အချရဆုံးပဲလို့ လက်ခံတယ်"

"ဘာရယ် ဒေါ်လေးက လက်ခံတယ်ဆိုတဲ့ စကားအရဆိုရင် အစ်ကိုက ဒေါ်လေးကို ဒီအတိုင်း ပြောပြလို့ပဲ ဖြစ်မှာပေါ့"

"မှန်တယ်လေးလေး၊ သစ်စခန်းလို ဘာမဆို ချက်ချင်း အန္တရာယ်ဖြစ်သွားနိုင်တဲ့ နေရာမျိုးမှာ လေးလေး နေနေ

www.burmeseclassic.com

www.burmeseclassic.com



တာကို အစ်ကို လုံးဝစိတ်မချဘူး၊ စိုးရိမ်တယ်၊ နောက်ပြ
ချက်က လေးလေးနဲ့ ကိုအောင်မျိုးခိုင်ဟာ နောက်ပြ
မျက်နှာချင်းဆိုင် ဆွေးနွေးသင့်သေးတယ်လို့ အစ်ကိုက
တယ်လေ၊ စိတ်လိုက်မာန်ပါမဟုတ်တဲ့ သွေးအေးအေး
ဆွေးနွေးတိုင်ပင်ကြစေဖို့ အစ်ကို လေးလေးကို ခေါ်လာ
တာပဲ"

"အခ်ကိုနော် ... အစ်ကို ဒါပဲ၊ လေးလေးကို ကိုအော
မျိုးခိုင်နဲ့ ထပ်တွေ့စေချင်လို့ ခေါ်လာတာဆိုရင် အစ်
ကို လေးလေး သိပ်စိတ်ဆိုးတယ် သိလား"

"စိတ်မဆိုးပါနဲ့ လေးလေး၊ နှလုံးသားမေတ္တာ ကိစ္စ
အပေါင်းနဲ့ အနုတ်ပဲ ရှိတတ်ပေမယ့် အိမ်ထောင်ရေးကိစ္
တော့ အပေါင်းအနုတ်အပြင် အမြှောက်အစားတွေ ထ
ပွက်ရတာ အများကြီးပါ၊ အဲဒီ အမြှောက်အစား တွေကိစ္
ကိုအောင်မျိုးခိုင်နဲ့ တိုင်ပင်ပါဦး လေးလေး"

"အို ... မလိုပါဘူး၊ ဘာအမြှောက်မှလဲ မလိုဘူး၊ ဘာ
အစားမှလဲ မလိုဘူး၊ ကိုအောင်မျိုးခိုင်နဲ့ လေးလေးကိ
ပြီးနေပြီ၊ နဂိုကတည်းက အပေါင်းလက္ခဏာလည်းမပါ
အနုတ်လက္ခဏာလည်း မပါခဲ့တဲ့ ကိစ္စကြီးမှာ နောက်
အမြှောက်လက္ခဏာတွေ အစားလက္ခဏာတွေ ဘယ်လို
ရှိနိုင်ဦးမှာလဲ၊ ဒီမယ် ... အစ်ကို ရှင်းရှင်းပဲပြောမ
သစ်စခန်းအိမ်ကြီးရဲ့ ညတစ်ည မီးဖိုခန်းထဲမှာ ပန်းကန်
ဆေးကြရင်း အစ်ကို ပြောခဲ့တဲ့ စကားတွေ မေ့ချင်ယော
လိုက်ပါ၊ လေးလေးကတော့ ဒေါ်လေးကေသီဆီကို ပြ



သွားမှာပဲ၊ အစ်ကိုက ပြန်မခေါ်လို့ လေးလေးက ပြန်မသွား
တတ်တဲ့ ကလေးလေးမှ မဟုတ်တာ၊ ရှုပ်တယ်၊ နက်ဖြန်
ရထားနဲ့ပဲ လေးလေး မြို့သာသစ်ခန်း ပြန်သွားမယ်၊
ဒေါ်လေးကေသီနားမှာပဲ သွားနေမယ် ... ရှင်းပလား"

"အာယိုယို ... အဲဒီလိုတော့ မလုပ်နဲ့လေ"

"အဲဒီလို မလုပ်စေချင်ယင် ဘယ်လိုလုပ်မလဲဆိုတာ ပြော
ပေါ့၊ ရန်ကုန်မှာ လေးလေးကို ထားပစ်ခဲ့မယ်ဆိုတာတော့
နောက်ထပ် အစ်ကို တစ်ခွန်းမှ မဟနဲ့"

ထွန်းနေနွယ်က မျက်နှာရှုထားသည်။ သို့သော်
ပုံ့တွင်းမှာတော့ ကျေနပ်ပီတိလှိုင်း ဖြာဝေနေပါလေ၏။

"ကောင်းပြီလေ ...ဒီလိုဆိုရင် ဒီတစ်ညပဲ ဖေဖေနဲ့ သွား
တွေ့မယ်၊ နက်ဖြန်ညနေ ခြောက်နာရီလောက်မှာ အစ်ကိုနဲ့
လေးလေး ပထမဆုံး စတွေ့တဲ့ ပန်းဆိုးတန်းက တရုတ်
ဆိုင်ကိုပဲ လေးလေး လာခဲ့ပေါ့၊ ခြောက်နာရီတိတိမှာ
အစ်ကို ရောက်လာမယ်၊ အဲဒီတော့မှ သစ်စခန်းပြန်ကြမယ့်
ကိစ္စ ဆက်တိုင်ပင်မယ် လေးလေး"

"ပြန်ကြမယ့်ကိစ္စ ဆက်တိုင်ပင်ဖို့ မလိုဘူး၊ ပြန်ကြမယ့်
နေ့ရက်နဲ့ ရထားချိန် သတ်မှတ်ကြဖို့ပဲ လိုတယ်၊ ဟုတ်
ရဲ့လား အစ်ကို"

ထွန်းနေနွယ် ခေါင်းညိတ်သည်။ ထို့နောက် ပြုံးသလို
ကြည်သလို မျက်နှာကြီးနှင့် ထွက်ခွာသွားသည်။

လေးလေးမြင့်က ထွန်းနေနွယ်၏ ကျောပြင်ကြီး
ပုံအဝေးကြီး ရောက်သည်အထိ ငေးမောရပ်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကာယ်လူကြီး ...

မီးရထားပေါ်တွင် သူ၏ ဖြစ်ရပ် အတိတ်ဇာတ်... နှင့် သူ့မိဘအကြောင်းတွေကို စိတ်ပါလက်ပါ ပြောသွား... မှာ ရန်ကုန်သို့ မိမိရောက်ရှိပြီး ကိုအောင်မျိုးခိုင်နှင့် ထပ်... လျှင် သူ၏ ဇာတ်ကြောင်းမှန်တွေကို မိမိ သိရှိမှုထားပါက... အား ထည့်မစဉ်းစားတော့မည်ကို စိုးရိမ်ပြီး သူ့အတိတ်အ... တွေ ဖွင့်ပြောခြင်း ဖြစ်ပေမည်။

မီးရထားပေါ်တွင် သူ၏ အတိတ်အကြောင်း... ပြောပြပြီးနောက် မိမိအား လက်ထပ်ပါမည်လားဟု မမေးသ... လည်း ယခု ရန်ကုန်ရောက်ပြီး ကိုအောင်မျိုးခိုင်နှင့် မိမိ ... တွေ့ဆုံလျှင် ကိုအောင်မျိုးခိုင်ဘက်သို့ စိတ်ပြန်လည်ပါ... မီးရထားပေါ်၌ သူ့အား ကတိပေးပြီး ဖြစ်နေသဖြင့် မိမိ၌ ... ဒုက္ခဖြစ်ရမည်ကို မလိုလားသောကြောင့် ဆက်မမေးသည်ကို... ယခုမှ သဘောပေါက်ရတော့သည်။ တကာယ်လူကြီး၊ အင်... သဘောထားကြီးတဲ့လူကြီး။

“စိတ်ချ၊ ဒီက ကိုအောင်မျိုးခိုင်မှာ နောက်ထပ်သိန်း... ဆယ်ခါထပ်ပေါက်ဦး၊ ဒီလူ့ကို လက်မထပ်ပဲ ငြ... ဇကာန်၊ ကိုအောင်မျိုးခိုင်ကို ဒီက အစကတည်းက ရင်... မချစ်မိတာ၊ သူ့ကို ဒီက တကာယ် ရင်ထဲက ချစ်နေ... တာလေ၊ ကိုအောင်မျိုးခိုင်နဲ့ ပြတ်လေပေါ့ လူကြီး”

ထိုညက လေးလေးမြင့် ရန်ကုန်မြို့ကြီးသို့ ပြန်... လာခြင်းဖြစ်သော်လည်း တည်းခိုခန်းမှာပင် အခန်းအောင်း... ယူအိပ်စက်လိုက်သည်။ မည်သူ့ကိုမျှလည်း မတွေ့လို၊ မည်...



...ယ်ချင်း မိတ်ဆွေတွေထံသို့လည်း မသွားလိုသော စိတ်များက ...လေးမြင့်ကို လွှမ်းနေသည်။

ကိုအောင်မျိုးခိုင်ထံသို့ တည်းခိုခန်း တယ်လီဖုန်းမှ ...်လိုက်လျှင် ချက်ချင်း ကိုအောင်မျိုးခိုင် ရောက်လာလေမည် ... လေးလေးမြင့် ဒက်ထိသိသည်။

သို့သော် မဆက်။ အစ်ကိုထွန်းနေဇွယ်၏ မျက်ကွယ် ... ကိုအောင်မျိုးခိုင်နှင့် တွေ့ဆုံခြင်းသည် မိမိအနေနှင့် ချစ်သူ ... သစ္စာမဲ့ရာ ရောက်သည်ဟူသော အစွဲအလမ်း လေးလေးမြင့် ...ထဲတွင် ဝင်ရောက်နေသည်။

နောက်တစ်နေ့ကျတော့ လေးလေးမြင့် အပြင်ထွက် ...။ ဗိုလ်ချုပ်ဈေး၊ သံဈေး၊ လဟာပြင်ဈေးသို့ တစ်ယောက်တည်း ...ောက်သွားသည်။ မြို့သာသစ်စခန်းတွင် မိမိနေရသလောက် ...ပ်မည်ထင်သော ပစ္စည်းတွေ ဝယ်ယူသည်။

ထိုမှတစ်ဆင့် ညနေလေးနာရီလောက်တွင် ဘားလမ်း ...ဝတ်လုံဦးမြတ်မင်းထံသို့ လာခဲ့သည်။ ဒေါ်လေးကေသီနှင့် ...သက်ပြီး ဥပဒေပိုင်းနှင့် စပ်ဆိုင်သမျှကို ဦးလေးသော်က ရှိ ...ကတည်းက ဦးမြတ်မင်းက ဆောင်ရွက်ပေးခဲ့သူဖြစ်မှန်း လေး ...းမြင့် သိထားသည်။ ထိုစဉ်ကတော့ မသိဘာသာနေစေကာမူ ... ဒေါ်လေးကေသီတွင် ပြဿနာပေါင်းစုံ တွေ့ရံနေရသည်မို့ ...းလေးမြင့်က ဥပဒေပိုင်းဆိုင်ရာနှင့်ညှိနှိုင်းရန် သိရှိထားရန် ...ပ်ပြီဆိုသည့် စိတ်ကူးဖြင့် ဦးမြတ်မင်းထံ လာရောက်ခြင်းဖြစ် ...ည်။

သို့သော် ... လေးလေးမြင့် ရင်ခုန်သွား...၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှ မိမိရောက်သွားပြီး လှစ်ခနဲ ဦးမြတ်
အခန်းသို့ ချောင်းကြည့်သည်နှင့် အထဲတွင် အစ်ကိုထွန်းနေ
ရောက်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါ၏။ အစ်
ထွန်းနေနွယ်နှင့် ဦးမြတ်မင်းသည် ကိစ္စတစ်ခုကို လေးလေးနက်
ဆွေးနွေးနေသောကြောင့် လှစ်ခနဲ လေးလေးမြင့် ချောင်းကြည့်
ကို နှစ်ဦးစလုံး မသိလိုက် မမြင်လိုက်ပေ။

အပြင်မှ လေးလေးမြင့် နားထောင်ကြည့်သ

မြိုင်သာသစ်စခန်း၏ အလုပ်သမား သပိတ်
ကိစ္စတွင် ဥပဒေပိုင်းဆိုင်ရာနှင့် ကြည့်လျှင် မည်သို့မည်ပုံ
ရှိနိုင်ကြောင်း အစ်ကိုထွန်းနေနွယ်က ဦးမြတ်မင်းအား မေး
အကြံတောင်းနေသော စကားတွေမှန်း လေးလေးမြင့် ကြား
ရသည်။

ဒေါ်လေးကေသီကိစ္စကို မိမိဘာမျှ ဆက်လုပ်
မလိုတော့၊ အစ်ကိုထွန်းနေနွယ် လုပ်ကိုင်ပေးသည်က ပိုမိုထိရော
မည်။ ပိုမိုခရီးရောက်မည်။

လေးလေးမြင့်သည် ခြေသံဖော့နင်းကာ အေးဆေး
ပင် ဦးမြတ်မင်းရုံးခန်းမှ ထွက်လာခဲ့သည်

နာရီကို ကြည့်သည်။

ငါးနာရီ လေးဆယ်မိနစ်ရှိပြီ။

ဘားလမ်း ပန်းဆိုးတန်းသို့ ဖြည်းဖြည်းပင် လေး
မြင့် လျှောက်လာခဲ့သည်။ တမင်အချိန်ဆွဲကာ လျှောက်လ
ဖြစ်သည်။ ဦးမြတ်မင်းနှင့် စကားပြောနေသော အစ်ကိုထွန်
သည် ခြောက်နာရီတွင် ပန်းဆိုးတန်းသို့ လာမည်ဖြစ်



စကားပြောဆိုပြီးစီး၍ လိုက်လာရန် မိမိအား မီစေရန် တမင်ဖြည်း
လေးစွာ လျှောက်လာခြင်းဖြစ်သည်။

"ဟော … လေးလေး"

ထင်သည့်အတိုင်းပင် ပန်းဆိုးတန်းထိပ်သို့ အရောက်
တွင် နောက်မှ ကပ်ခေါ်လိုက်သော အစ်ကိုထွန်းနေနွယ်၏ အသံ
ကို ကြားရသည်။

ခြောက်နာရီထိုးရန် ငါးမိနစ်ပင် မလိုတတ်တော့။

နှစ်ဦးသား ရယ်မောနှုတ်ဆက်ရင်း ပန်းဆိုးတန်းထဲ
သို့ ဝင်လာခဲ့ကြသည်။

တရုတ်စားသောက်ဆိုင်သို့ ဝင်ခဲ့ကြသည်။

ထွန်းနေနွယ်က မီနူးကတ်ပြားကို ကိုင်ကာ …

"လေးလေး ဘာစားမလဲဟင်၊ လေးလေး ကြိုက်တာ
မှာမလို့"

"အစ်ကို ကြိုက်တာမှာပေါ့"

"ဘယ်ဟုတ်မလဲ၊ လေးလေးကြိုက်တာ အစ်ကိုစားမယ်"

"ကဲပါ အစ်ကိုရာ၊ အစ်ကို ကြိုက်တာသာ မှာစမ်းပါ၊
အစ်ကို ကြိုက်တာကို လေးလေး ကြိုက်ပါသတဲ့၊ လေးလေး
တယ်လီဖုန်း ခဏသွားပြောမယ်၊ အစ်ကို မှာထားပေ
တော့"

ပြောပြောဆိုဆို လေးလေးမြင့် ထိုင်ရာမှ ထသွား
သည်။ ဆိုင်၏ ကောင်တာ ငွေသိမ်းစားပွဲတွင် တယ်လီဖုန်းရှိသည်
လေးလေးမြင့်က ကောင်တာထိုင် တရုတ်အမျိုးသားကြီးအားတွင်
ခွင့်တောင်းကာ ဖုန်းဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးမိနစ်ခန့်အတွင်းမှာပင် လေးလေးမြင့်သည် အစ်ကိုထွန်းနေနွယ်ရှိရာ စားပွဲသို့ ပြန်လာခဲ့သည်။ အစ်ကိုထွန်းနေနွယ်က မိမိအား ဖုန်းဘယ်ကိုဆက်တာလဲဟု မေးလိမ့်မလားနားစွင့်ထားမိသည်။ လုံးဝမမေး။ မိမိစိတ်ထဲမှ မေးစေချင်သည်။

"အစ်ကို လေးလေး ဖုန်းဘယ်ကိုဆက်တာလဲလို့ မမေးဘူးလားဟင်"

"မေးတော့မေးချင်သားပဲ၊ ဒါပေမယ့် ယောက်ျားကြီးတန်မယ့် စပ်စုရာ ရောက်နေမလားလို့"

"အိုး ... အဲဒါ သူစိမ်းဆန်တာ၊ လေးလေးကလဲ ပြောမယ်၊ လေးလေး ကိုအောင်မျိုးခိုင်ဆီ ဖုန်းလှမ်းဆက်တာ"

"ဪ ... ဪ"

"ဘာ ဪ ဪလဲ၊ လေးလေးက ကိုအောင်မျိုးခိုင်နဲ့ ပတ်သက်ပြီး အစ်ကို့ရင်ထဲ တစ်မျိုးတစ်ဖုံ မျှော်ပိထားတာကို မလိုလားဘူး၊ ဒါကြောင့် အစ်ကို့ရှေ့မှာပဲ ပြောစရာရှိတာ ပြောမလို့"

ထွန်းနေနွယ် ရင်ထဲတွင် ကျေနပ်မိ၏။ သို့သော်ယခုကိစ္စတွင် မိမိအနေနှင့် စွက်ဖက်ရန် မသင့်ဟု စိတ်ထဲတွင် မှတ်ယူထားလိုက်သည်။

မကြာလိုက်ပါချေ။ ကိုယ်ပိုင်ကား တောင်းတောင်းရှိသူပီပီ အောင်မျိုးခိုင်သည် ချက်ခြင်း ရောက်ရှိလာတော့သည်။

အဝင်ဝတွင်ရပ်ကာ စားပွဲတွေကို လိုက်ကြည့်သည်။ စားပွဲတစ်လုံးတွင် လေးလေးမြင့်နှင့်အတူ ထွန်းနေနွယ် ထိုင်နေသည်ကို အောင်မျိုးခိုင်က မျက်မှောင်ကုတ်ခါးထောက်၍ ကြည့်



...က်ပြီးမှ ဘာမထီခြေလှမ်းမျိုးဖြင့် လေးလေးမြင့်ရှိရာသို့ လှမ်းလာ...သည်။

"ဒါက ဘာသဘောလဲ လေးလေး"

အသံက မာသည်။ စားပွဲတွင် ကုလားထိုင်လွတ်ရှိသော်လည်း မထိုင်ပဲ လေးလေးမြင့်ကိုတစ်လှည့် ထွန်းနေနွယ်...ကိုတစ်လှည့် ငုံ့ကြည့်ရင်း မေးလိုက်သည်။

"ထိုင်လေ ကိုအောင်မျိုးခိုင်၊ လေးလေး စကားပြောစရာရှိလို့ ခေါ်လိုက်တာပဲဟာ"

"ဩ ... ဩ ကိုအောင်မျိုးခိုင်တဲ့လား၊ ဟဲ ... ဟဲ ... ဟဲ ဟိုတုန်းက ကိုမျိုးတဲ့၊ အခုတော့ ကိုအောင်မျိုးခိုင်တဲ့ အခေါ်အဝေါ်တောင် ပြောင်းလို့ပါလား၊ ဒီတောင်ထွက်ကြမ်းပိုးသူခိုးနဲ့ကော လေးလေးက ဘယ်လိုပတ်သက်ပြီး တစ်စားပွဲတည်း အတူထိုင်နေရတာလဲ"

"ဒီမယ် ... ကိုမျိုး စကားပြောရင် မရိုင်းစိုင်းချင်ပါနဲ့၊ အခုဟာက ကိုမျိုးနဲ့ လေးလေးကိစ္စသာ ပြောကြရမှာပါ၊ ဒီက အစ်ကိုထွန်းနေနွယ်အပေါ် ရိုင်းရိုင်းစိုင်းစိုင်း ကိုမျိုးပြောစရာအကြောင်း ဘာမှမရှိဘူး"

လက်ထပ်ပါမည်ဟု မစေ့စပ်မီ ကျောင်းသူကျောင်း...သား ဘဝကတည်းက ကိုမျိုးဟု ခေါ်ခဲ့ခြင်းမှာ နှုတ်ကျိုးနေသည်မို့...တ်လက်မာန်ပါ ထိန်းမပြောသောအခါ ကိုမျိုးဟုပင် ခေါ်မိသည်။ ...ပုန်တော့ ချစ်သူ အစ်ကိုထွန်းနေနွယ်ရှေ့တွင် ချစ်သူအစ်ကို ...ကျေနပ်စေရန် ကိုအောင်မျိုးခိုင်ဟု တမင်ခေါ်လိုက်မိခြင်း ဖြစ်ပါ၏။

အောင်မျိုးခိုင်က ထပ်ဆင့်မဲ့ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩ ... အစ်ကိုထွန်းနေနွယ်တွေ ဘာတွေတောင် ဖြစ်ေ
သွားသွား"

"ဟုတ်တယ် အဲဒီလိုတောင် ဖြစ်နေပြီ၊ အခု ကိုမျိုးကိုေ
တာက လေးလေးဟာ ပြုတ်ပြုတ်သားသားပဲ ပြောစရာ
နေလို့၊ မြိုင်သာသစ်ခန်းကို မသွားခင် ကိုမျိုးနဲ့လေးလေ
လက်စွပ်လဲ စေ့စပ်ထားတဲ့ကိစ္စကို ဖျက်ခဲ့တယ်၊ ဒါပေမဲ့
ကိုမျိုးစိတ်ထဲမှာ လေးလေး စိတ်ဆိုးတုန်း တခဏသ
ဖြစ်မှာပါ၊ မိုးကုန်ရင် မြိုင်သာကို လိုက်လာပြီး လေးလေးက
ပြန်ခေါ်မယ်၊ ပထမအစီအစဉ်အတိုင်း လက်ထပ်မယ်ဆို
စာတွေ လေးလေးဆီ ထပ်ပို့တယ်၊ အဲဒါ ... ရှင်းအော
ပြောချင်လို့၊ လေးလေးဟာ ကိုမျိုးကို ဘယ်တော့မှ လ
မထပ်ပါဘူး"

"ဘာပြောတယ် ... ဘာပြောတယ်"

အောင်မျိုးခိုင် ဒေါသနှင့် မေးသည်။ ပိုင်းစီးပိုင်န
စားသောက်ဆိုင် လူအများကြားမှာပင် လေးလေးမြင့်၏ ပခုံး
ဆုပ်ကိုင်လှုပ်ယမ်းသည်။

ထွန်းနေနွယ် မျက်စိအောက်မြင်ကွင်းမှ ဘေးထွ
နေ၍ မရတော့။

"ကျုပ်နဲ့လေးလေး လက်ထပ်ကြမလို့ပဲ ကိုအောင်မျိုးခိ"

"ဘာကွ ..."

"မရိုင်းစိုင်းချင်ပါနဲ့ ကိုအောင်မျိုးခိုင်၊ ထိုင်ဗျာ၊ အေး
ဆေးဆေး ဆက်ပြောတာပေါ့"

"မလိုဘူးဟေ့၊ မင်းလို ခေတောင်ထွက် သူခိုးကြမ်း



အတူတူထိုင်ရမှာ သနတယ်"

ထွန်းနေနွယ် ပခုံးတွန့်သည်။ ဆက်လက်သည်းခံ
စိတ် ထားလိုက်သည်။

"ကျုပ်နဲ့ထိုင်ရင် သနတယ်ဆိုလဲ ပြန်တော့ပေါ့ဗျာ၊ ကိစ္စက
ပြတ်နေပြီပဲ၊ လေးလေးက ခင်ဗျားကို လက်မထပ်ဘူး၊
ကျုပ်ကို လက်ထပ်မယ်၊ ကိစ္စက ဒါပဲဟာ"

"ကိစ္စက ဒါပဲမဟုတ်ဘူးကွ၊ ဟောဒါလဲ ပါသေးတယ်၊
ကဲ ... မှတ်"

ဘယ်လိုမှ ဂုဏ်သရေရှိ ပညာတတ် လူရွယ်တစ်ဦး
အနေနှင့် ပြုမူအံ့မထင်သော အံ့ပြုအမူကို အောင်မျိုးခိုင် ပြုမူလိုက်
သည်။

အလေ့အကျင့်နှင့် ကျွမ်းကျင်မှု ရှိစေကာမူ လစ်
ကွက်မို့ ထွန်းနေနွယ် ခံလိုက်ရသည်။ အောင်မျိုးခိုင် လက်သီးကို
အားယူလိုက်ကတည်းက အလေ့အကျင့်ကြောင့် ရှောင်တော့
ရှောင်သေးသည်။ သို့သော် မလွတ်၊ မျက်နှာကို မထိသော်လည်း
လည်တိုင်၏ ဘေးဘက်သို့ အောင်မျိုးခိုင်၏ လက်သီးဝင်သွား
သည်။

ကုလားထိုင်ရော လူရော ထွန်းနေနွယ်မှာ နောက်လန်
ကျသွားသည်။

"အို ... အစ်ကို ... အစ်ကို ..."

လေးလေးမြင့် ပျာပျာယာယာ ထွန်းနေနွယ်အနားတွင်
ဒူးထောက်ထိုင်လိုက်သည်။

စားသောက်နေသော ဧည့်သည်များ ရန်ပွဲကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဟိုပြေးရမလို ဒီပြေးရမလို စားပွဲထိုင်နေကြရာမှ ထရပ်ကြသည်။ ကောင်တာမှ ဆိုင်အကြီးအကဲ တရုတ်ကြီးပြေးလာပြီး အောင်မျိုးခိုင်၏ လက်မောင်းကို ဆွဲသည်။

"ဆရာကြီး၊ ဒီလိုမလုပ်နဲ့လေ၊ ဝဆိုင် နာမည်ပျက်မယ်"

"သွားစမ်းကွာ"

အောင်မျိုးခိုင်က တရုတ်ကြီးဗိုက်ကို တံတောင်နှင့် တွက်လိုက်သည်။ အွတ်ခနဲ အသံနှင့် တရုတ်ကြီး နောက်သို့သုံးလေးလှမ်း ဆုတ်သွားရသည်။

တရုတ်ကြီးက ဆွဲကမဆွဲရဲတော့။ ကောင်တာသို့ ပြန်ပြေးသွားပြီး တယ်လီဖုန်းကို ကောက်ကိုင်သည်။ အနီးဆုံးရဲစခန်းသို့ ဆက်သည်ပဲဖြစ်မည်။

လေးလေးမြင့်က ချစ်သော အစ်ကိုထွန်းနေနွယ်အား ပိုက်ထုမ,နေသည်ကို ထွန်းနေနွယ်က သာသာညှင်းညှင်းပင် လေးလေးမြင့်ကို ဘေးသို့ပယ်ရန် တွန်းဖယ်လိုက်သည်။ လဲကျရာမှ ထလိုက်သည်။ အောင်မျိုးခိုင်နှင့် လက်တစ်ကမ်းအကွာခန့်တွင် မားမားမတ်မတ် ရပ်လိုက်သည်။

"ဘယ်လိုလဲ ကိုအောင်မျိုးခိုင် ဆက်ချဦးမလား၊ ကျေမှနပ်နပ် ပြန်မလား"

"အံမာ ... အဲဒါ ကျေကျေနပ်နပ်ပဲကွာ"

အောင်မျိုးခိုင်က ပိုမိုဒေါသကြီးစွာဖြင့် လုရော လက်သီးရော ထပ်ဝင်လာပြန်သည်။

"မှားလေစွ အောင်မျိုးခိုင်လေး"

ကျွမ်းပြီးသော ထွန်းနေနွယ်အဖို့ ယှဉ်ပြိုင်သူအပေါ်



သတိထားလိုက်မိပြီဆိုသည်နှင့် သူသည် ခြေတွေလက်တွေက သူ့အကွက်နှင့်သူ ဖြစ်သွားသည်။

ကျွဲရိုင်းတစ်ကောင်လို ဂမူးရှူးထိုး တိုးဝင်သည့် အောင်မျိုးခိုင်အား ထွန်းနေနွယ်က ဘေးတစ်ကွက် ရှောင်သည် ဆိုရုံလေး ရှောင်ပြီး လူကိုမထိုးမိ လေကိုသာ ထိုးမိပြီး ထွန်းနေနွယ် ဒူးတစ်ဖက် တော့ပေးလိုက်သည်။ ဒူးတိုက်လိုက်ခြင်း မမည်သေး၊ တော့ရုံတော့ပေးခြင်းသာ ဖြစ်သည်။

အားဟု အသံထွက်ရင်း အောင်မျိုးခိုင် ကုန်းကွသွားကာ လက်ဝါးနှစ်ဖက်ဖြင့် သူ၏ဝမ်းဗိုက်ကို နှိပ်လိုက်သည်။ လည်ကုပ်စင်းပေးသည့်ပုံစံ ရောက်သွားပါ၏။

ထွန်းနေနွယ်က ညာသန်ဖြစ်ပေမယ့် ဘယ်လက်ဝါးစောင်း ဆတ်ဆတ်လေးသာ အောင်မျိုးခိုင်၏ ကုပ်ကို ခုတ်လိုက်သည်။

အားလျားမှောက်ကြီး အောင်မျိုးခိုင် ကျသွားတော့၏။ ဗိုက်နာသည်၊ ခေါင်းမူးသည်မို့ အောင်မျိုးခိုင် ချက်ချင်းပြန်မထနိုင်၊ မိန်းမောသွားရှာသည်။

"ဟင် ... အစ်ကို၊ သူ တစ်ခုခုဖြစ်သွားပြီလားဟင်"

ထွန်းနေနွယ်က စောစောက သူနှင့်အတူ လဲပြိုသွားသော ကုလားထိုင်ကို ပြန်ထောင်ပြီး ထိုင်လိုက်သည်။

"ထိုင်ပါ လေးလေး၊ တစ်မိနစ်အတွင်း သူ ကောင်းသွားမှာပါ"

ပြောသည့်အတိုင်းပင် တခဏအတွင်း အောင်မျိုးခိုင် လူးလဲထလာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်လုံး ဧည့်သည်များ၏ မျက်စိများက ထပ်မံ ရန်ဖြစ်ကြဦးမှာလားဟူသော အကြည့်မျိုးဖြင့် လှမ်းကြည့်နေကြ၏။ ရန်ပွဲကို မလိုလားသူတစ်ချို့က စားသောက်စရာများ မှာထားပြီးပါလျက် ဆိုင်ထဲမှ ပြန်ထွက်သွားသည်ကိုလည်း ကောင်တာတရုတ်ကြီးက လှမ်းမြင်နေသည်။

လေးလေးမြင့်သည် မထိုင်ဖြစ်သေး။ မတ်တတ်ရပ်လျက်ပင် ထပ်မံထိုးသတ်ကြမည်ကို စိုးရိမ်သည့် မျက်လုံးများဖြင့် အောင်မျိုးခိုင်ကို ကြည့်နေရှာသည်။

မျက်လုံး အများအပြား စိုးရိမ်စွာ ကြည့်နေသော်လည်း ထွန်းနေနွယ်မှာ အေးဆေးတည်ငြိမ်လှသည်။ အကယ်၍ အောင်မျိုးခိုင်က မကျေနပ်လို့ ဆက်လက်ဆင်နွှဲလျှင်လည်း မိမိကိုယ်ကို အသင့်ဖြစ်စေရန် ထွန်းနေနွယ် သတိထားသည်။

သို့သော် အောင်မျိုးခိုင် အတော်အတန် လန့်သွားပုံရသည်။ တစ်ယောက်ချင်း ထွန်းနေနွယ်ကို ပြန်လည်တိုက်ခိုက်လျှင် မိမိပင် ထပ်နာဦးမည်မှန်း အောင်မျိုးခိုင် စိတ်က သိရှိနေသည်။

"မင်း ထမင်းဝအောင် စားထားပါ ထွန်းနေနွယ်၊ နောက်တစ်ချီ ငါနဲ့တွေ့ရင် မင်း မလွယ်တော့ဘူးမှတ်"

ထွန်းနေနွယ်က ဘာမျှမပြော၊ ပခုံးကိုသာ တွန့်ပြလိုက်သည်။

ကြောင်တက်တက် ဒေါကြီးမောကြီးနှင့်ပင် အောင်မျိုးခိုင်သည် ခြေသံပြင်းအောင် တမင်ဆောင့်နင်းကာ ဆိုင်ထဲမှ ထွက်ခွာသွားတော့သည်။ သူ၏ ကားကို အထွက်မှာပင် အရှိန်ပြင်းစွာ ဆောင့်ထွက်သွားသည်။



"အစ်ကို ... သူ နောက်တစ်ခေါက် ပြန်လာပြီး အစ်ကို့ကို ရန်လုပ်ဦးမယ် ထင်တယ်၊ သွားကြစို့လား"

"ထိုင်ပါ လေးလေး၊ ဒီလိုလူမျိုးက သကြီးအမြောက်ပါ၊ အသံသာထွက်တာ အဆန်မပါပါဘူး၊ အောင်မျိုးခိုင်ဟာ နောက်တစ်ခေါက် ပြန်လာတောင် အစ်ကို့ကို ပြန်တောင်းပန်ဖို့လာမှာ သေချာတယ်"

"ဟုတ်ပါ့မလား အစ်ကို"

ထိုစဉ်မှာပင် ကောင်တာမှ တရုတ်ကြီး အနီးသို့ ရောက်လာသည်။

"ကိစ္စမရှိဘူးလေ၊ ဝ ရဲကိုတိုင်လိုက်ပြီ၊ ဒီကောင်ပြန်လာရင် ရဲတွေ သူ့ကိုဖမ်းမှာ"

စားကြသောက်ကြသည့် ဧည့်များ သူတို့ဟာသူတို့ ဆက်စားသောက်ကြပေပြီ၊ ထွန်နေနွယ် မှာထားသော စားသောက်ဖွယ်များလည်း ရောက်လာလေပြီ။

ထိုစဉ်မှာပင် ရဲကား ရောက်လာသည်။ ရဲကြပ်ကြီးနှင့် ရဲသားနှစ်ဦး ဆင်းလာသည်။

ကောင်တာမှ တရုတ်ကြီးကပင် အကျိုးအကြောင်း ပြောကာ ဆိုင်ထဲဝင်ရမ်းသူ ထွက်သွားပြီဖြစ်ကြောင်း ပြောသဖြင့် ရဲများ ပြန်ထွက်သွားသည်။

ထွန်းနေနွယ် အစားမပျက်။ ခုနေလေးတင်က ဘာတစ်ခုမှ ဖြစ်ခဲ့ခြင်းမရှိသလို စားသောက်ဖွယ်ရာများကို မြိန်မြိန်ပင် စားနေပေသည်။

လေးလေးမြင့်က တို့ကနန်း ဆိတ်ကနန်း စားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ..."

"ဟင်"

"ခုနက ကိုအောင်မျိုးခိုင်ကို အစ်ကိုက ပြောတယ်နော်၊ လေးလေးက ခွင်ဗျားကို လက်မထပ်ဘူး၊ ကျုပ်ကို လက်ထပ်မယ်လို့"

"အဲဒီလို ပြောလိုက်သားပဲ"

"လေးလေးက ကိုအောင်မျိုးခိုင်ကို လက်မထပ်ဘူးလို့သာ ပြောတာ၊ အစ်ကိုနဲ့ လက်ထပ်မယ်လို့တော့ မပြောလိုက်ပါဘူး"

"အဲဒါလည်း ဟုတ်သားပဲ"

"ဒီ့ ... အစ်ကိုက လေးလေးဟာ အစ်ကိုနဲ့လက်ထပ်မှာလို့ ဘာလို့ကျိန်းသေကြီး ပြောလိုက်တာလဲ၊ လေးလေး ခုချိန်ထိ အစ်ကို့ကို လက်ထပ်မယ်လို့မှ မပြောသေးတာ"

ထွန်းနေနွယ် ပခုံးတွန့်ပြပြန်သည်။ ယခုတစ်ကြိမ် ပခုံးတွန့်ရာတွင်မူ တွန့်လိုက်ရသော ပခုံးနှင့်ထပ်တူ အဓိပ္ပာယ်ဆော သော စကားတွေပါ ထွက်လာသည်။

"လေးလေးက မျက်နှာများသူမှ မဟုတ်ဘဲ၊ လေးလေးမှာ နှစ်မျက်နှာပဲ ရှိတယ်လေ၊ ဟိုမျက်နှာမဟုတ်ရင် ဒီမျက်နှာ သေချာတာပေါ့"

"ဘာတွေ ပြောနေတာလဲ အစ်ကို"

"လေးလေးမှာ သွားစရာ လမ်းနှစ်ခုပဲရှိမှန်း အစ်ကို သိနေတာပဲ၊ အရှေ့ကို မသွားရင် လေးလေးက အနောက် ကိုသွားမှာ သေချာတာပေါ့"



"အစ်ကို ဘာကိုဆိုမှန်း လေးလေး မသိဘူး"

"ကဲ ... ရှင်းရှင်းလေး ပြောမယ်၊ လေးလေးရဲ့ဘဝမှာ ရာသက်ပန်အဖော်အဖြစ်ရွေးဖို့ အောင်မျိုးခိုင်နဲ့အစ်ကို နှစ်ယောက်ပဲ ရှိခဲ့ဖူးတယ်၊ အစက အောင်မျိုးခိုင်ကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့်၊ လေးလေးရဲ့ နှလုံးသားက သူ့ကို မချစ်ဘူး၊ အဲဒီနောက် အစ်ကိုနဲ့ တွေ့တယ်၊ အစ်ကို့ကျတော့ လေးလေးရဲ့နှလုံးသား ငှက်ကောင်လေးက အတင်းထပြီး ပါးပျဉ်းထောင်တယ်၊ ခေါင်းထောင်တယ်၊ ဒီတော့ လေးလေး က အစ်ကို့ကို ချစ်သွားရော၊ ဒါပေမယ့် ချစ်တာနဲ့လက်ထပ် တာကို လေးလေးရဲ့ဦးနှောက်က တစ်ကန့်စီ ကတ္တားခြား ခိုင်းတယ်၊ အစ်ကိုဟာ လက်ထပ်သင့်တဲ့လူမှ ဟုတ်ရဲ့လား ဆိုတာမျိုးလေ၊ အခုရန်ကုန်အလာမှာ အစ်ကို့နောက်ကြောင်း တွေ အစ်ကိုပြောပြတယ်၊ ရန်ကုန် ရောက်ပြီး အောင်မျိုးခိုင်နဲ့ ထပ်မတွေ့ခင် ပြောသင့်တယ် ထင်လို့ အစ်ကို ပြောပြတာ၊ အခု မျက်နှာစုံညီရှေ့မှာပဲ လေးလေးက အောင်မျိုးခိုင်ကို လက်မထပ်ဘူးလို့ အပြတ် ပြောတယ်၊ ဒီတော့ ရှင်းနေပြီပေါ့၊ သူ့ကို လက်မထပ်ရင် အစ်ကို့ကိုပဲ လေးလေး လက်ထပ်မှာ ပဲ၊ လေးလေးမှာ နှစ်ယောက်တည်း ရှိတယ်လေ"

"သေချာလှချည်လား အစ်ကို၊ လေးလေးမှာ နှစ်ယောက် တည်း ရှိတယ်လို့ အစ်ကိုက သေချာလို့လား"

"သိပ်သေချာတာပေါ့၊ စောစောကပဲ ဝတ်လုံဦးမြတ်မင်း ဆီ အစ်ကို မေးတာပေါ့၊ လေးလေးမှာ ချဉ်းကပ်သူတွေ များပေမယ့် အင်မတန် ကြံ့ခိုင်တယ်တဲ့၊ အဒေါ်ရဲ့ အရှေ့တက်

www.burmeseclassic.com

www.burmeseclassic.com



အပ်နဲ့ ပညာသင်ရတာမို့ ပညာသင်ချိန်မှာ ပညာကလွဲ တခြားဘာဆိုဘာမျှ အပိုတွေ မလုပ်ဘူးတဲ့၊ အောင်မျိုး တောင် ငယ်ပေါင်းမို့ တွဲနေတာတဲ့၊ ဒါဆို မြှင်သာသစ်ဓ ရောက်တဲ့နောက်မှာ လေးလေးက အစ်ကိုကို ချစ်သ တယ်ဆို တခြား လေးလေးမှာ ဘယ်သူရှိဦးတော့မှာ ကဲ ... အဲဒါ ဟုတ်ရဲ့လား လေးလေး"

"အစ်ကို အားကြီးလည်တယ်"

ဟု ပြောရင်း လေးလေးမြင့်က ထွန်းနေနွယ်၏ မျက်စောင်းလေး ထိုးလိုက်ပေသည်။

"ဒါပဲပေါ့ လေးလေး၊ အစ်ကို့ကို လေးလေး လက်ထပ်မ မဟုတ်လားဟင် ..."

"စိတ်ကြီးတဲ့ အစ်ကို့ဖေဖေ ရှိသေးတယ် မဟုတ်လ နောက်ပြီး အစ်ကို့မိဘတွေက သိပ်ချမ်းသာနေ နောက်တစ်ချက်က အစ်ကိုပဲ ပြောတယ်မဟုတ်လ အစ်ကို့မိသားစုဖွဲ့စည်းပုံမှာ အစ်ကို့ဖေဖေရဲ့ ဆုံးဖြတ်ချ တစ်ချက်ကို မိသားစုအာမဘာန္တေခံလေ့ ရှိကြတယ်"

"နေရာတိုင်းမှာတော့ ဘယ်မှာ အာမဘာန္တေ ခံနိုင် လေးလေး၊ အခုဟာက အစ်ကို့နှလုံးသားကိစ္စပဲ၊ အ ကိုယ်ပိုင် ဆုံးဖြတ်ချက်ပဲ ဖြစ်ရမှာပေါ့။ ဒါပေမယ့် သား တာဝန်အတိုင်း မိဘကို ဖွင့်တော့ပြောရမယ်လေ၊ ဒါ အစ်ကို မနေ့ညကပဲ ဖေဖေ့ဆီကို ဖွင့်ပြောလိုက်"

"အယ် ... ကြည့်စမ်း၊ လေးလေး ဘာမျှမပြောသေ အစ်ကိုက အစ်ကို့ဖေဖေကို ဖွင့်ပြောတယ်"



"အစ်ကို အမှန်အတိုင်း ပြောတာပဲ လေးလေး၊ ဒေါ်ကေသီရဲ့ တူမအရင်းခေါက်ခေါက်ဖြစ်တဲ့ လေးလေးမြင့်ဆိုတဲ့ ကောင်မလေးနဲ့ ကျွန်တော် အပြန်အလှန် မေတ္တာရှိနေကြပါပြီလို့ ပြောလိုက်တာလေ၊ ကဲ ... အဲဒီအထိတော့ မမှန်ဘူးလား"

"မှန်ပါတယ် အစ်ကို၊ အဲဒီတော့ အစ်ကို့ဖေဖေက ဘာတဲ့ လဲဟင်"

"ဖေဖေလား၊ ဟား ... ဖေဖေလေ အစ်ကို့စကားလဲဆုံးရော လက်သီးလက်မောင်း ထတန်းတော့တာပဲ၊ နောက်ပြီး ဒေါ်နဲ့မောနဲ့ ပြောတော့တာပဲ လေးလေး"

"ထင်သားပဲ ..."

"ဘာထင်သားပဲလဲ လေးလေး"

"သဘောမတူတဲ့အကြောင်း လက်သီးလက်မောင်းတန်းပြီး ဒေါ်နဲ့မောနဲ့ ပြောတာပဲ မဟုတ်လား အစ်ကို"

"ဟွန်း ... ဝေးသေး၊ ကြိုက်တယ်ဟေ့ သားတဲ့၊ ငါ့တုန်းက ကေသီကို ရင်နာနာနဲ့ လက်လွှတ်ခဲ့ရတဲ့အစား သားက ကေသီရဲ့ တူမအရင်းကို ပြန်ယူနိုင်တယ်ဆိုရင် ငါ ရင်နာခဲ့တာတွေ ကြေရောကွတဲ့၊ ကေသီ့မှာ သမီးလေးများရှိရင် ကေသီ့သမီးကို မင်းယူရင် ပိုတောင် အဖေကျေနပ်ဦးမယ် ကွ၊ အခုလဲ ဖေဖေ စုံစမ်းသိထားသလောက် ကေသီ့မှာ တူမအရင်းတစ်ယောက် ရှိတယ်၊ သမီးရင်းလိုလည်း သတ်မှတ်ထားတယ်ဆိုတော့ အတူတူပဲပေါ့ကွာတဲ့ ...၊ လက်ထပ် ကောင်မလေးနဲ့မင်း လက်ထပ်ဖြစ်အောင် လက်ထပ်လိုက် တဲ့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်မှာ ပါးချိုင့်လေးခွက်အောင်ပင် အစ်[illegible] ထွန်းနေနွယ် ပြောသည်ကို ကြည့်ပြီး ကြည်နူးကျေနပ်စွာ ရယ်[illegible] မောမိပါလေတော့သည်။

"ဒါထက် အစ်ကို့ဖေဖေ ရန်ကုန်ဆင်းလာပြီး အစ်ကို[illegible] ခေါ်တွေ့တဲ့ ကိစ္စကကော"

"ရန်ကုန်ကို ဖေဖေ ဆင်းလာတာကတော့ သူ့အရော[illegible] အဝယ်ကိစ္စပါ၊ အစ်ကို့ကို မှာတာကတော့ မြိုင်သာ သ[illegible] စခန်းမှာ အစ်ကို လုပ်ဆောင်ပေးနေတာတွေဟာ ဒေါ်ကေ[illegible] အတွက် အကျိုးရှိရဲ့လားဆိုတာ သိချင်တယ်၊ အတတ်နိုင်[illegible] ကြိုးစားလုပ်ကိုင်ပေးဖို့ ထပ်တိုက်တွန်းချင်တာရယ်ကြေ[illegible] ခေါ်တွေ့တာလေ၊ အဘိုးကြီးက ခုချိန်ထိ ဒေါ်ကေသီ[illegible] ရင်ထဲက ချစ်နေတုန်းထင်ပါရဲ့ လေးလေးရာ"

❀ ❀ ❀



(၂၃)

သစ်စခန်းသို့ ထွန်းနေနွယ်နှင့် လေးလေးမြင့်တို့ ရောက်ချိန်ဝယ် အလုပ်သမားများ အုံကြွလျက်ရှိနေသည်နှင့် ပက်ပင်းတိုးရလေတော့သည်။

ဒေါ်ကေသီခမျာ မျက်စိမျက်နှာ ပျက်ရုံမက မျက်နှာလေးငယ်ကာ စိတ်ဓာတ်အကြီးအကျယ် ကျနေရှာသည်။

"အခု အလုပ်သမားအုံကြွမှုကို ဘယ်သူ ထိန်းပေးထားတာလဲ ဒေါ်ကေသီ၊ ကိုကြိုင်းမောင်လား၊ ကိုကျော်ဝင်းမောင်လား"

"သူတို့နှစ်ယောက်လုံးက အလုပ်သမားကိစ္စမှာ ကြားမဝင်ဘူးတဲ့လေ၊ ဒါနဲ့ မောင်ရဲမြင့်နောင်ကိုပဲ ထိန်းခိုင်းရတာပေါ့၊ အဲ ... သူထိန်းမှ ပိုဆိုးလာသလားတောင် မသိပါဘူးကွယ်၊ ပထမတော့ အလုပ်သမားတွေက သူတို့ကို အနိုင်ကျင့်ကြ ရိုက္ခာလဲမဖြတ်၊ နေ့တွက်ကြေးလဲ မဖြတ်ဆိုတော့ ဒီလိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



နေတာ ဘာသဘောလဲ၊ သူတို့အလုပ်သမားတွေကို ပျားရည် နဲ့ ဝမ်းချတာလားဆိုတဲ့ သံသယစကားတွေ ထွက်လာ တယ်၊ ဒါနဲ့ ကိုကြိုင်းမောင်နဲ့ ကိုကျော်ဝင်းမောင်က ဒီကိစ္စ မကိုင်တွယ်ချင်ဘူးဆိုတာနဲ့ မောင်ထွန်းနေနွယ် မရောက်ခင် ရဲမြင့်နောင်ကို ထိန်းခိုင်းထားတယ်၊ ကောင်လေး က အသက်ငယ်သေးတယ် မဟုတ်လား၊ အပြောမတတ် အထိန်းမတတ်နဲ့ အလုပ်သမားတွေ ပိုပြီး အုံကြွလာတော့ တာပဲကွယ်"

"ရဲမြင့်နောင်က အလုပ်သမားတွေ မကြိုက်တဲ့စကား ပြောလိုက်လို့လဲ"

"ကွယ် ... ဆန့်ကျင်ဘက်စကား ဖြစ်သွားတာပေါ့ မန်နေဂျာဟောင်း ကိုဒေါင်းသေခဲ့တာ သူ့ဟာသူ အမဲလိုက် ရင်း မတော်တဆ သေသွားတာ သစ်စခန်းအိမ်ကြီး လူတွေအနေနဲ့ ဘာမှမတတ်နိုင်ဘူးတဲ့၊ သူ့ထိုက်နဲ့သူ ဖြစ်သွားတာတဲ့၊ နောက်ပြီး ကိုဘခက်သေရတာလဲ နိုင် သတ်သွားတာ ရှင်းနေတာပဲတဲ့၊ နိုင်လင်းဟာ သစ် အိမ်ကြီးကလူ မဟုတ်တဲ့အပြင် အလုပ်သမားထဲက အ သမားခေါင်းဆောင်ပဲ မဟုတ်လားတဲ့၊ အမှန်တော့ အိမ် မှာနေတဲ့ တာဝန်ခံ ကိုဘခက်ကို အလုပ်သမားခေါင်း နိုင်လင်းက သတ်တဲ့ကိစ္စမို့ အလုပ်သမားတွေအနေနဲ့ လင်းဘက်က နာပြီး ပြဿနာမလုပ်သင့်ဘူးတဲ့၊ အဲဒီ တွေကြောင့် အလုပ်သမားတွေအားလုံး ခါးချည်အုံတုက် ဖြစ်နေတာပဲကွယ်၊ အဲဒါ အန်တီ ဘာလုပ်ရမှန်း



မသိဘူး၊ လုပ်ငန်းတွေရပ်၊ စက်တွေပိတ်ပြီး လုပ်ငန်းရော စက်ရော ရတဲ့ဈေးနဲ့ ရောင်းချင်စိတ်တောင် ပေါက်လာပြီ မောင်ထွန်းနေနွယ်"

"နေဦးလေ၊ ကျွန်တော် ထပ်ပြီး ကြိုးစားကြည့်မယ် ဒေါ်ကေသီ"

ထွန်းနေနွယ်သည် သစ်စခန်းအိမ်ကြီးမှ မည်သူ့ကိုမျှ အဖော်မခေါ်ဘဲ တစ်ယောက်တည်းပင် တောတွင်းအလုပ်သမား များစုဝေးရာ စခန်းသို့ ထွက်လာခဲ့သည်။

လေးလေးမြင့်ခများ ချစ်သူအတွက် စိတ်ပူရပါ၏။ သို့သော် အစ်ကိုထွန်းနေနွယ်သည် ဦးနှောက်ကောင်းရုံမက သူ့ ကိုယ်သူ ကာကွယ်နိုင်စွမ်း ရှိသူဟူသော ယုံကြည်ချက်ဖြင့်ပင် စိုးရိမ်စိတ်ကို ဖြေသိမ့်ရတော့သည်။

သို့တစေ ဒေါ်လေးကေသီ ကိုယ်တိုင်ကပင် အစ်ကို ထွန်းနေနွယ်အတွက် စိတ်ပူပေသည်။ ထို့ကြောင့် အစ်ကိုထွန်း နေနွယ် ထွက်သွားပြီး တခဏမှာပင် ရဲမြင့်နောင်နှင့် လေးလေးမြင့် တို့ အလုပ်သမားစခန်းသို့ လိုက်ကာမည်ကာ လိုက်သွားရန် ပြောပေ သည်။ ထို့ကြောင့် ရဲမြင့်နောင်နှင့်လေးလေးမြင့်တို့ နောက်မှ လိုက်သွားကြရသည်။ အလုပ်သမားပြဿနာကြောင့် လမ်းတွင် မည်မည်ရရ စကားမပြောဖြစ်ကြ။ ရဲမြင့်နောင်ကတော့ စကား ဖောင်ဖွဲ့ချင်သေးသည်။ လေးလေးမြင့်က တုံ့ပြန်မှုအရိပ်အခြည် မရှိသောကြောင့် ရဲမြင့်နောင် ငြိမ်သွားသည်။

"ကဲ ... ပြောစမ်းဗျာ၊ မကျေနပ်တာကို ဝမ်းထဲမှာ မြိုထား တာဟာ ခင်ဗျားတို့ ကိုယ်ခန္ဓာအသွေးအသားထဲမှာ အနာ

www.burmeseclassic.com

www.burmeseclassic.com



မြို့နေတာနဲ့ သဘောချင်း အတူတူပဲ၊ မြို့နေတဲ့အနာ... အမြဲအတိုင်းထားရင် အနာက၊ အနိုင်ယူသွားမှာပဲ၊ အ... ပေါက်ခံရတဲ့ လူမှာသာ ဝေဒနာခံရမယ်၊ နောက်ဆုံး ... ကြေပျက်စီးသွားနိုင်တယ်၊ ရှင်းရဲ့လား၊ မြို့နေတဲ့အနာ... ခွဲဖွင့်ပစ်ရမယ်ဗျ၊ ကျုပ်က ဆေတနာနဲ့ ပြောနေတာ... ကျုပ်က သစ်စခန်းတစ်ခုလုံးရဲ့ မန်နေဂျာဆိုပေမယ့် လခ... မန်နေဂျာ မဟုတ်ဘူးဗျ၊ ဆေတနာ့ဝန်ထမ်း မန်နေဂျ... ကျုပ် ဘုရားစူး၊ မိုးကြိုးပစ် ကျိန်ပြောတယ်ဗျာ၊ ကျမ်းကိုင်... ကျိန်ပြောဆိုလည်း ပြောမယ်၊ ညောင်ရေအိုးရေကို သစ္စာ... အဖြစ် သောက်ပြီး ပြောဆိုလည်း ပြောမယ်၊ ကျုပ်ပ... မန်နေဂျာဖြစ်ပေမယ့် လုပ်ငန်းပိုင်ရှင် ဒေါ်ကေသီဆီ... အခကြေးငွေ တစ်ပြားတောင် မယူဘူး ရှင်းရှင်းပဲ၊ အဲ ... ဒေါ်ကေသီကျွေးတဲ့ ထမင်းနဲ့ဟင်းတော့ စားရတာပေါ့ဗျ"

အလုပ်သမားများထံမှ ကျိတ်၍ရယ်သံတွေ ထွ... ပေါ်လာသည်ကို လေးလေးမြင့်ရော ရဲမြင့်နောင်ပါ ခပ်လှမ်းလှမ်း... ရပ်တန့်နားထောင်ရင်း သတိပြုမိသည်။

"ထမင်းနဲ့ဟင်း စားတဲ့နေရာမှာလဲ ကျုပ်ကို ကြီးကျ... တယ် ပြောချင်လည်းပြောဗျာ၊ တရုတ်ပြေးမင်းလို ဟင်းခွ... သုံးရာမစားပေမယ့် ကျုပ်ကိုကျတော့ ဒေါ်ကေသီက နေ့တိုင်း ကြက်သား၊ ဝက်သား ဟင်းမျိုးတွေကျွေးမှ ကျုပ်က ... တာဗျ"

ယခုတစ်ခါတော့ အလုပ်သမားများထံမှ ပွင့်... လင်းလင်း ရယ်မောသံတွေ ထွက်ပေါ်လာပေတော့သည်။



လှမ်းကြည့်လိုက်လျှင် မြင်ကွင်းက အစ်ကိုထွန်းနေနွယ်အတွက် စိုးရိမ်ဖွယ် အခြေအနေမှာ ရှိသည်။

ယောက်ျား မိန်းမ အလုပ်သမားအားလုံးသည် ဦးရေ တစ်ရာ့လေးငါးဆယ်ခန့် ရှိအံ့သည်ဟု လေးလေးမြင့် ခန့်မှန်းသည်။ သူတို့အားလုံးသည် စက်ဝိုင်းသဏ္ဍာန် အားလုံးဝိုင်းရံနေသည်။ စက်ဝိုင်း၏ အလယ်ဗဟိုတွင် အစ်ကိုထွန်းနေနွယ်က ရောက်ရှိနေသည်။

ဖွဟဲ့ ... မပြောကောင်း မဆိုကောင်း၊ အစ်ကိုထွန်းနေနွယ်အား မန်နေဂျာဆိုးတစ်ယောက် အမြင်မျိုးမြင်ကာ အလုပ်သမားထုကြီးကသာ ဝိုင်းရိုက်လျှင် အစ်ကိုထွန်းနေနွယ်အတွက် လွတ်ပေါက် ထွက်ပေါက်ဟူသည် မရှိနိုင်စရာ။

လေးလေးမြင့်၏ တွေးတောပူပန်မှုကို အနီးရှိ ရဲမြင့်နောင်၏ ဝေဖန်ချက်က ပိုမိုပူပန်စိုးရိမ်စရာ ဖြစ်လာသည်။

"ကျွန်တော့်အနေနဲ့တော့ အစ်ကိုထွန်းနေနွယ်ဟာ ရဲတင်းလွန်းတယ်ဗျာ၊ ဒီအလုပ်သမားတွေဟာ ပညာမဲ့တွေဲဗျ၊ အုံကြွလွယ်တယ်၊ ကောက်ရိုးမီးလို ဟုန်းခနဲ ထတောက်နိုင်တယ်၊ တကယ်လို့သာ အစ်ကိုထွန်းနေနွယ်ကို သူတို့ စိတ်ဆိုးပြီး ဖြုန်းခနဲ ဝိုင်းလုပ်လိုက်ရင် ခံရရုံပဲ၊ လူစုလူဝေးကြီးနဲ့ ဝိုင်းခဲ့တဲ့ပွဲမျိုးမှာ ဘယ်သူ့ကို တရားခံလို့ စွပ်စွဲမလဲ၊ ဒီလူတကယ်ရဲတယ်၊ မိုက်ရူးရဲပဲ"

"ဒါဆို အစ်ကိုထွန်းနေနွယ် မလာခင်က ကိုရဲမြင့်နောင်ပဲ ဒီအလုပ်သမားတွေကို ထိန်းထားသေးတယ် မဟုတ်လား၊ ဘယ်လိုပုံစံနဲ့ ထိန်းခဲ့သလဲ ကိုရဲမြင့်နောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဥစ္စာကဲစောင့်သတဲ့၊ အသက်ကို ဥဒဏ်စောင့်သတဲ့၊ ကျွန်တော်က အဲဒီလို အလုပ်သမားတွေ အားလုံးရဲ့ အလယ်ကောင်မှာ ဘယ်ဝင်မလဲ၊ သူတို့ ခေါင်းဆောင်တင်ထားတဲ့ လူတွေ နှစ်ယောက်သုံးယောက်နဲ့သာ ခေါ်ပြီး ဆွေးနွေးတာပဲ"

"နို့ အောင်မြင်ရဲ့လား ကိုရဲမြင့်နောင်"

"ဘာတတ်နိုင်မလဲ၊ ဒီလူတန်းစားကိုက ကျွဲပါးစောင်းတီးပဲဟာ၊ ဘာမဆို သူတို့ စွဲလမ်းထားတာကို ဖျောက်ဖျက်ဖို့မှ မလွယ်တာ၊ ကျား ... ကျား ... မီးယပ်ဆိုတဲ့ လူမျိုးတွေလေ၊ ဒါ့ကြောင့် ကျွန်တော်က ဘယ်လိုရှင်းပြပေမယ့် ကျွန်တော် ရှင်းပြလေ သူတို့က ဒေါသတကြီး ဖြစ်သွားတာပဲ"

"အခုကော ကိုရဲမြင့်နောင်"

"ဒါတော့ လေးလေးမြင့် ကိုယ်တိုင် ကြည့်နေသားပဲလေ"

"ဟုတ်ပါရဲ့ ကိုရဲမြင့်နောင်၊ အခု လေးလေး ကိုယ်တိုင် စောင့်ကြည့်တော့လဲ အလုပ်သမားတွေရဲ့ ပထမကျိတ်ရယ်သံတွေ ကြားရတယ်၊ နောက်တစ်ခါ ပွင့်ပွင့်လင်းလင်း ရယ်သံတွေ ထွက်လာတယ်နော်၊ လူတွေရယ်ပြီဆိုရင် ဘာလို့ ရယ်သလဲ ကိုရဲမြင့်နောင်၊ ရယ်သူတွေဟာ ဒေါသ ထွက်လို့ ရယ်ကြတာတော့ မဖြစ်နိုင်ပါဘူးနော်"

ရဲမြင့်နောင် ငြိမ်ကျသွားသည်။

မည်သို့ဆိုစေ ရဲမြင့်နောင်၏ အရွယ်သည် ချစ်သူ ခင်သူ တွေ့ပြီဆိုလျှင် သက်တန့်ပေါ်မှာ ကစားမယ်ဆိုသည့် စိတ်ကူးယဉ်သမားလေးသာ ဖြစ်ခြိမ့်မည်။ ယခု သူ့ပညာ သူ့အဆား



နှင့် သစ်စခန်းတွင် တာဝန်ခံဖြစ်ရှိသာမက အသက်အငယ်ဆုံးမို့ သူ့အနေနှင့် လေးလေးမြင့်ကို အရနိုင်ဆုံးဟုလည်း ယုံကြည်ထားပုံရသည်။

သို့တစေ လေးလေးမြင့်က စကားပြောလေတိုင်း မန်နေဂျာ ထွန်းနေနွယ်ဘက်သို့ အလေးပေးသောကြောင့် ရင်ထဲတွင် မခံချင်စိတ်၊ ခံပြင်းစိတ်များ ဆူဝေစေတော့သည်။

"ဒါပေါ့လေ ... ဒီလူ့မှာက ထောင်ထဲက အတွေ့အကြုံတွေ ရှိလာခဲ့တာကိုး၊ ထောင်ထဲက ထောင်သားတွေဆိုတာ တွေ အခုအလုပ်သမားတွေထက် ပိုပြီး ကြမ်းတမ်းမယ်၊ ခက်ထန်မယ်၊ ဒီလူတွေအပေါ်မှာတောင် သူက နှစ်နဲ့ချီပြီး ကျင်လည်ခဲ့တဲ့ လူဆိုတော့ အခုအလုပ်သမားတွေကို သွေးဆောင်တဲ့နေရာမှာ သူက ပိုပြီး ကျွမ်းကျင်တာပေါ့"

ထွန်းနေနွယ် ထောင်ကျဖူးကြောင်းနှင့် ထောင်ထွက်ဖြစ်ကြောင်း ပေါ်လွင်စေရန် ရဲမြင့်နောင်က ပြောလိုက်ခြင်းဖြစ်မှန်း လေးလေးမြင့် ရိပ်မိသည်။

"ဟုတ်လိမ့်မယ် ကိုရဲမြင့်နောင်၊ အစ်ကိုထွန်းနေနွယ်ဟာ ထောင်ထွက်တစ်ယောက်မို့ သတ္တိရှိတာတော့ အမှန်ပဲ၊ ထောင်ထဲက ခက်ထန်ကြမ်းတမ်းတဲ့ လူတွေကို ယှဉ်ပြိုင်ဝံ့တဲ့ သတ္တိမျိုးကြောင့်လဲ အခုလို အလုပ်သမားထုကြီး ဝိုင်းထားတာကို ခံရဲတဲ့သတ္တိ ရှိနေတာပဲ ဖြစ်ရမယ်၊ ဒါပေမယ့် ခုချိန်ထိ အစ်ကိုထွန်းနေနွယ်က အလုပ်သမားတွေကို ပြောသွားတဲ့ သွေးဆောင်ဖြားယောင်းတာ တစ်ခုမှ မပါ သေးတာ အမှန်ပဲ၊ ဒေါ်လေးကေသီဆိုက သူဟာ လခ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြားမှမယူဘဲ သူ့မိဘတွေနဲ့ ဒေါ်လေးကေသီ ခင်မင်ရင်းနှီးစွဲ ရှိမှုကြောင့် အလကားသက်သက် စေတနာမေတ္တာနဲ့ ဒေါ်လေးကေသီကို လာကူညီနေတာလဲ လေးလေး သိထားတယ် ကိုရဲမြင့်နောင်"

"ဩ ... ဩ ... ဒါဆို မလေးလေးက ကိုထွန်းနေနွယ်ဟာ ထောင်ထွက်တစ်ယောက် ဖြစ်ခဲ့တာကို သိထားပြီးပြီပေါ့"

"ဟုတ်ကဲ့ ... အစ်ကိုထွန်းနေနွယ် ကိုယ်တိုင်က သူဟာ ဘာလို့ ထောင်ကျခဲ့တယ်ဆိုတာအထိ ဖွင့်ပြောပြလို့ သိထားပါတယ် ကိုရဲမြင့်နောင်၊ အဲ ... ဒါပေမယ့် သစ်စခန်းမှာ အစ်ကိုထွန်းနေနွယ် ထောင်ကျခဲ့ဖူးတဲ့အကြောင်း ဒေါ်လေးကေသီ ကိုယ်တိုင်တောင် သိမှသိပါလေစပဲ၊ ကိုကြိုင်းမောင်တို့ ကိုကျော်ဝင်းမောင်တို့ဆို လုံးဝမသိတာ သေချာတယ်၊ ဒီကြားထဲမှာမှ ရဲမြင့်နောင်က အစ်ကိုထွန်းနေနွယ် ထောင်ထွက်တစ်ယောက်ဖြစ်ကြောင်း ဘယ်လိုသိသွားတယ်ဆိုတာ လေးလေး အံ့ဩနေမိတယ်"

ရဲမြင့်နောင်က သူဘယ်လိုသိကြောင်း ပြောမပြမီမှာပင် အလုပ်သမားထုကြီးနှင့် ထွန်းနေနွယ်ရှိရာသို့ အာရုံပြန်စိုက်လိုက်ကြတော့သည်။

"ဒီတော့ ကျုပ်ပြောချင်တာက ကျုပ်အနေနဲ့ အခကြေးငွေယူတဲ့ မန်နေဂျာ မဟုတ်တော့ ပိုင်ရှင် ဒေါ်ကေသီဘက်က ဘာမဆိုလိုက်ပြီးပြောပါ့မယ်၊ လုပ်ပါမယ်ဆိုတဲ့ ခံယူချက်မျိုးလဲ မရှိဘူး၊ ဒေါ်ကေသီရဲ့ ဩဇာခံလဲ မဟုတ်ဘူး၊ အမှန်ဘက်က ရပ်တည်ဖို့ ကျုပ် မန်နေဂျာ လာလုပ်တာပါ၊



ဒီထက်ရှင်းရှင်းပြောရရင် ကျုပ်မိဘတွေနဲ့ ဒေါ်ကေသီ ခင်မင်ကြတယ်၊ ငယ်သူငယ်ချင်းတွေ၊ အဲ ... ဒေါ်ကေသီရဲ့ခင်ပွန်း ဦးသော်က သေဆုံးသွားတဲ့နောက် သစ်စခန်းမှာ ပြဿနာတွေ ဖြစ်လာတယ်"

"ဟုတ်တယ် ... ဟုတ်တယ် မန်နေဂျာလေး ပြောတာ သိပ်ဟုတ်တယ်၊ ကျုပ်တို့အားလုံးအပေါ်မှာ သူဌေး ဦးသော်က ရှိတုန်းက သိပ်ကောင်းတာ၊ သူဌေးဦးသော်က သေသွားတာ ကျုပ်တို့ အလုပ်သမားအားလုံး တကယ်ဝမ်းနည်းခဲ့တယ်၊ ဒါပေမယ့် သူဌေးဦးသော်က သေဆုံးသွားပေမယ့် သူဌေးဦးသော်က လက်ထက်ကတည်းက အတူတွဲလုပ်တဲ့ မန်နေဂျာကိုဒေါင်း ကျန်နေသေးလို့ ကျုပ်တို့မှာ အားကိုးအားထား ရှိသေးသားပဲလို့ ဖြေသိမ့်လာတာ၊ မန်နေဂျာ ကိုဒေါင်းဟာ မြိုင်သာဇာတိဗျ၊ မြိုင်သာသားတွေ အပေါ်မှာဖြစ်ဖြစ်၊ ဟောဒီမြိုင်သာသစ်စခန်းကိုဖြစ်ဖြစ်၊ မန်နေဂျာကိုဒေါင်းက သံယောဇဉ်ထားတယ်၊ ကျုပ်တို့ရဲ့ အကျိုးအားလုံးကို ကြည့်ပေးတယ်"

အာပေါင်အာရင်း သန်ဟန်တူသော အလုပ်သမားထဲမှ ခေါင်းဆောင်အရာ တင်ထားသူက ထပြောနေစဉ်မှာပင် မျက်နှာသုတ်ပဝါ ခေါင်းပေါင်းပြီး ထဘီတိုတို ဝတ်ထားသော အသက်လေးဆယ်ကျော်ခန့် အမျိုးသမီးကြီးတစ်ဦးက ထပြောပြန်သည်။

"ဒီမှာ ... မန်နေဂျာလေး၊ ကျုပ်က မန်နေဂျာကိုဒေါင်းရဲ့ မရီးပါ၊ ကျုပ်ညီမနဲ့ ကိုဒေါင်းနဲ့ အကြောင်းပါတယ်လေ၊

www.burmeseclassic.com

www.burmeseclassic.com



ရှေးစကားအတိုင်းပေါ့လေ သစ်တစ်ပင်ကောင်း ငှက်တကာ သောင်းနားခွင့် စားခွင့် ရတယ်ဆိုသလို မန်နေဂျာ ကိုဒေါင်း နှင့်ပတ်သက်ပြီးကတည်းက ကျုပ်တို့အားလုံး ဆွေစုမျိုးစု တွေ ဒီသစ်စခန်းမှာ အလုပ်ဝင်နေကြတာ သူဌေး ဦးဘော်က လက်ထက်က စိုပြည်လို့၊ သာယာလို့ မြိုင်သာ တစ်ပိုက်မှာ ပွဲတခြိမ့်ခြိမ့်၊ အိုးစည်ဗုံမောင်း တခြိမ့်ခြိမ့်နဲ့ မြိုင်သာဟာ သိပ်ကို သာယာခဲ့တာ၊ ဒီလိုဖြစ်နေတာကို မရှုဆိတ်နိုင် တဲ့လူက ကိုဒေါင်းကို သတ်ပစ်လိုက်တယ်"

"ဗျာ ... ကိုဒေါင်းကို ဘယ်သူက ဘာလို့ မရှုဆိတ်တာလဲ၊ ဘယ်သူက ဘာလို့သတ်တာလဲ"

"သစ်စခန်းကြီးက တစ်ယောက်ယောက်ပဲ ဖြစ်ရမှာပေါ့၊ ဘယ်သူဘယ်ဝါဟာ ဘာကြောင့် ကိုဒေါင်းကို သတ်တယ် ဆိုတာ ကျုပ်တို့က အိမ်ကြီးနဲ့ အဝင်အထွက်ရှိတာမှ မဟုတ်တာ၊ ဘယ်သိနိုင်မလဲ၊ ဒါကြောင့် ကိုဒေါင်းသေ သွားတာကို ကျုပ်တို့ မကျေနပ်ခဲ့ဘူး၊ အခုတစ်ခါ တာဝန်ခံ ကိုဘခက် အသတ်ခံရပြန်တယ်၊ ကိုဘခက် အသတ်ခံရ တာကို ကျုပ်တို့ အလုပ်သမားတွေက အပန်းတကြီး ထည့်မပြောပါဘူး၊ ဒါပေမယ့် ကိုဘခက် အသတ်ခံရတာကို တွက်ကြည့်ရင် သစ်စခန်းအိမ်ကြီးထဲက လူကပဲ ကိုဘခက် ကို ပစ်သတ်တာလို့ ကျုပ်တို့ထင်တယ်၊ သစ်စခန်းကြီးထဲက တစ်ယောက်ယောက်ဟာ ကိုဒေါင်းကိုလဲ သတ်တယ် ကိုဘခက်ကိုလဲ သတ်တယ်၊ ကိုဘခက် အသတ်ခံရတာက ထင်ရှားလွန်းလို့ ဟိုတုန်းက ကိုဒေါင်းဟာ မသေဘဲတာ



သေနတ်မှန်တာ မဟုတ်မှန်း ပိုပြီးသိသာလာတယ်၊ ဒီလောက် သိသာနေတဲ့ကြားကပဲ ကျုပ်တို့ အလုပ်သမား ခေါင်းဆောင် ကိုနိုင်လင်းကို တရားခံဖွပ်စွဲကြပြန်တယ်၊ ဒါတွေကို ကျုပ်တို့ မကျေနပ်ဘူး"

ကိုဒေါင်း၏ မရီးဆိုသူသည် အတွေးအခေါ် မဆိုး လှဟု ထွန်းနေနွယ် ယူမှတ်လိုက်သည်။

"ဟုတ်တယ်ဗျို့၊ အခု ကိုဒေါင်းရဲ့မရီး ပြောသလိုပဲ၊ ကျုပ်ကိုယ်တိုင် ကိုဘခက်သေပြီးတဲ့နောက် ကိုဒေါင်းရဲ့မရီး တွေးသလိုတွေးမိတာ နှစ်ခါသုံးခါ ရှိပြီ၊ ကျုပ် ဒီလိုတွေးတဲ့ အကြောင်းကိုလဲ မြိုင်သာစခန်းမှူး ကိုအောင်မောင်းကို ပြောပြတယ်၊ အခုဆို ကိုအောင်မောင်းက ကိုဒေါင်းသေစဉ် က မတော်တဆလို့ ဆုံးဖြတ်ပြီး ပိတ်ထားတဲ့ အမှုကိုတောင် ပြန်ဖွင့်နေတယ်"

"တကယ်ပြောတာလား မန်နေဂျာလေး"

အလုပ်သမားထုသည် ကိုဒေါင်း သေဆုံးမှုအတွက် ရဲက အမှုပိတ်ထားရာမှ ပြန်ဖွင့်လိုက်သည်ဆိုသည်ကို မယုံကြည် သည့်နှယ် ပြန်မေးနေသည်။ တကယ်အမှု ပြန်ဖွင့်ရိုးမှန်လျှင်လည်း သူတို့ ကျေနပ်ကြသည်ဆိုသည့် အရိပ်အယောင်များ သူတို့မျက် နှာတွင် သမ်းနေကြသည်။

"တကယ်ပြောတာပေါ့ဗျာ၊ ကျုပ်ကိုယ်တိုင်က ဒေါကေသီ မှာ တွေ့ဆုံနေရတဲ့ ပြဿနာတွေ အမှန်အတိုင်း တည့်တိ ဖြောင့်ဖြူးသွားအောင် လာကူညီတဲ့လူဆိုတော့ မှန်တာကို ပဲ လိုချင်တယ်၊ ဒါကြောင့် ကိုဒေါင်းအမှုကို ပြန်ဖွင့်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုဘခက် အသတ်ခံရမှုကိုလည်း နိုင်လင်းသာလျှင် လူသတ်တရားခံဖြစ်ရမယ်လို့ တသမတ်တည်း မယူဆပေးဘဲ စခန်းမှူးကိုအောင်မောင်းနဲ့ အတူလက်တွဲပြီး ဖော်ထုတ်ဖို့ ကြိုးစားနေတယ်၊ အဲဒါ ကျုပ်တကယ်ပြောတာ ယုံကြပါ၊ မယုံလဲ စောင့်ကြည့်ကြပေါ့ဗျာ"

အလုပ်သမားတွေထဲမှ တီးတိုးတိုင်ပင်သံတွေ သူတို့ကိုယ်စီ၏ တင်းမာနေသော မျက်နှာထားတွေ လျော့ကျသွားကြောင်း မြင်တွေ့နေရသည်။

အလားတူပင် မလှမ်းမကမ်းမှ လေးလေးမြင့်နှင့် ရဲမြင့်နောင်ကလည်း အလုပ်သမားများ တင်းမာမှုလျော့ကျသွားကြောင်း မြင်တွေ့နေရသည်။

လေးလေးမြင့် ပါးချိုင့်လေးပေါ်အောင် ပြုံးလိုက်လေသည်။

"အစ်ကိုထွန်းနေနွယ်က သိပ်တော်တာပဲနော်"

"အင်း … တော်တော့တော်ပါရဲ့၊ လတ်တလော ကျေနပ်အောင် လုပ်လိုက်တဲ့ သဘောဆိုရင်တော့ နောက်ပိုင်းမှာ အလုပ်သမားတွေ ဒီထက် အုံကြွဖို့ပူလာမှာ သေချာတယ်"

"ဘာကို ဆိုလိုတာလဲ ကိုရဲမြင့်နောင်"

"စဉ်းစားကြည့်ပေါ့ မလေးလေး။ မန်နေဂျာကိုဒေါင်းဟာ မတော်တဆ သေနတ်မှန်သေခဲ့တယ်၊ အခု အမှုပြန်ဖွင့်ပြီး တရားခံကိုရှာမယ်လို့ အလုပ်သမားတွေကို ကိုထွန်းနေနွယ်က နှစ်သိမ့်စကားပြောနေတယ်၊ တကယ်ပဲ တရားခံကို ရှာတွေ့ရင် ဘာအကြောင်းလဲ၊ အဲ … တရားခံရှာမတွေ့ရင် အခုထက်ပိုပြီး ဆူပူကြဦးမယ်၊ နောက်တစ်ခုက ကိုဘခက် အသတ်ခံရတာနဲ့ ပတ်သက်ပြီး နိုင်လင်းဟာ ထွက်ပြေးနေတယ်၊ ရှင်းနေသားပဲ၊ သူ ထွက်ပြေးနေတာကိုက တရားခံဖြစ်နေလို့ ပြေးနေတာပဲ၊ အဲဒါကို နိုင်လင်း မဟုတ်ဘဲ တခြားတရားခံ ရှာဦးမယ်ဆိုတာ ပျားရည်နဲ့ ဝမ်းချတာပဲ၊ နောက်ဆုံး နိုင်လင်းသာလျှင် တရားခံ အစစ်ပါလို့ သက်ဆိုင်ရာရဲကရော သက်ဆိုင်ရာတရားရုံးကရော အပြစ်ပေးတာနဲ့ ဒီအလုပ်သမားတွေ ပြန်အုံကြွဦးမှာ သေချာတယ်"



ရဲမြင့်နောင်၏ စကားတို့သည် နောက်ပိုင်းအတွက် အမှန်ပင် ရင်လေးစရာကောင်းသော စကားတွေဟု လေးလေးမြင့် ရင်ထဲတွင် မှတ်ယူရပြန်သည်။

ထိုစဉ်မှာပင် ထွန်းနေနွယ်၏အသံ ထပ်မံ ထွက်ပေါ်လာပြန်သည်။

"ခင်ဗျားတို့ စဉ်းစားကြည့်ပေါ့ဗျာ၊ အခုဖြစ်ပျက်နေသမျှ ကိစ္စတွေဟာ ခင်ဗျားတို့ထင်သလို သစ်စခန်းအိမ်ကြီးထဲက ပုဂ္ဂိုလ်ရေးအရ ဖြစ်နေတဲ့ ကိစ္စတွေလို့ပဲ ထားလိုက်ပါဦး၊ ခင်ဗျားတို့ လုပ်ငန်းမှာ သပိတ်မှောက်တာနဲ့ ဒီလူသတ်မှု ပြဿနာတွေက ရှင်းသွားမလား"

"ဟုတ်တော့ဟုတ်တယ် မန်နေဂျာလေး၊ လူသတ်မှုတွေနဲ့ ကျုပ်တို့လုပ်ငန်းနဲ့ မဆိုင်တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုဒေါင်းအတွက် ကျုပ်တို့ မခံချင်ဘူး၊ နိုင်လင်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့မခံချင်ဘူး၊ လူတွေမှာ မခံချင်တဲ့စိတ်၊ ခံပြင်း စိတ်ဟာ အဆိုးဆုံးမဟုတ်လား၊ ဒါကြောင့် အားလုံးတိုင် ပြီး တာမင်သပိတ်မှောက်တာ"

"ခင်ဗျားတို့ သပိတ်မှောက်၊ လုပ်ငန်းတွေ ရပ်ပစ်လေ ပိုင်ရှင် ဒေါ်ကေသီဟာ ခင်ဗျားတို့အတွက် နဂိုပေ ရိက္ခာတွေ ဆက်ပေးနေတယ်၊ အခကြေးငွေတွေ အ အတောက်မရှိ ဆက်ပေးနေတယ်၊ ဒီထက်ကောင်းတဲ့အ ရှင်မျိုး ခင်ဗျားတို့ ဘယ်သွားရှာမလဲ၊ ဒီတော့ ကျုပ် ပြောပါရစေ၊ ခင်ဗျားတို့ဟာ လုပ်ငန်း ဆက်လုပ်မြဲလုပ် သေသွားတဲ့ ကိုအေါင်းကီခွရော၊ ထွက်ပြေးနေတဲ့ နိုင် ကီခွရော၊ ကျုပ်နဲ့ စခန်းမှူးကိုအောင်မောင်းတို့က အ နိုင်ဆုံး တရားဥပဒေအတွင်းက ကြိုးစားပြီးတော့ အမှန်အတိုင်း ဖြစ်ပေါ်စေရမယ်၊ ဒါဆိုရင်တော့ ခင်ဗျား မကျေနပ်ဘူးလား၊ ခင်ဗျားတို့ရင်ထဲမှာ မြိုနေတဲ့အ ပြည်ပေါက်သွားပြီး သက်သာသွားစေဖို့ဟာ ကိုအေါင်း လင်းကီစွပဲ မဟုတ်လား၊ ဒါကို တရားဥပဒေအတိုင်း ပေါ်အောင် ကျုပ်နဲ့ ကိုအောင်မောင်း ကြိုးစားဖော် မယ်လို့ ကျုပ် ကတိပေးပြီးပြီပဲ"

"ကျေနပ်တယ်၊ ဒါဆို ကျုပ်တို့ အလုပ်ပြန်ဆင်း ကျုပ်တို့ကိုယ်တိုင်လည်း အလုပ်ရှင်ဒေါ်ကေသီက အ မလုပ်ရဘဲ ပေးနေတဲ့ ရိက္ခာတွေ၊ အခကြေးတွေ ယ ရတာ စိတ်မသန့်ပါဘူး၊ ကျုပ်တို့ မြို့သားသူ မြို့သား တွေဟာ သစ်ခုတ်မယ်၊ မှဆိုးလုပ်မယ်၊ အိုဗျာ ...



ထမ်းမယ်၊ သူတောင်းစားဆိုတဲ့ လူမျိုးတော့ မြို့သားမှာ တစ်ယောက်မှ မရှိဘူး မန်နေဂျာလေးရဲ့"

ကျေနပ်သွားသော အလုပ်သမားထုကြီးသည် မန်နေဂျာ ထွန်းနေနွယ်အား ခေါင်းညိတ်ရင်း လက်ပြရင်း သူ့တို့ဘာသာ ရှိသွားကြသည်။ သူ့တို့ဘာသာ လုပ်ငန်းခွင် ပြန်ဝင်ဖို့ ထွက်ခွာသွားကြသည်။

နောက်တစ်နေ့ဆိုလျှင် ကိုကြိုင်းမောင်၊ ကိုကျော်ဝင်းမောင်နှင့် ရဲမြင့်နောင် စသည့်တာဝန်ခံတွေ ပြန်လွှတ်ပြီး လုပ်ငန်းပြန်လည် လုပ်ကိုင်နိုင်လေပြီ။

အလုပ်သမားတွေ ရှိသွားလေမှ လေးလေးမြင့်နှင့် ရဲမြင့်နောင်တို့ နှစ်ယောက်စလုံး ထွန်းနေနွယ်ထံသို့ သွားကြသည်။

"သြော် ... သြော်"

ထွန်းနေနွယ်က လေးလေးမြင့်နှင့်ရဲမြင့်နောင် နှစ်ဦးစုံတွဲရောက်လာသည့်အတွက် မျက်မှောင်ကုပ်ကြည့်ကာ သြော် သြော် ... ဟု အာမေဋိတ်သံ ပြုလိုက်သည်။ အခြားစကားမျိုးတော့ ဘာမျှ နောက်ထပ် ထင်မပြော။

လေးလေးမြင့်က ချက်ချင်းရိပ်မိသည်။ အစ်ကိုထွန်းနေနွယ်သည် ရဲမြင့်နောင်နှင့် မိမိ နှစ်ယောက်တည်း လာသည်ကို မကျေနပ်ရုံက သံသယပင် ဖြစ်သွားပြီဟူ၍။

"ဒေါ်လေးကေသီက အစ်ကိုတစ်ယောက်တည်း စိတ်မချဘူးလေ၊ ဒါကြောင့် ကိုရဲမြင့်နောင်ကို အစ်ကိုနောက် လိုက်သွားပါဆိုလို့ မဟုတ်ဘူးလား ကိုရဲမြင့်နောင်"

"ဟုတ်ပါ့ဗျာ၊ အမှန်ပဲ ကိုထွန်းနေနွယ်၊ အန်တီဒေါ်ကေသီ

www.burmeseclassic.com

www.burmeseclassic.com



က ကိုထွန်းနေနွယ် တစ်ယောက်တည်း အလုပ်သမားအု
ပဋိပက္ခဖြစ်ရင် အကူအညီပေးနိုင်ဖို့ဆိုပြီး ကျွန်တော်
လွှတ်လိုက်တာပါ"

ရဲမြင့်နောင်က လှိုက်လှဲစွာပင် ရှင်းပြခြင်းဖြစ်သ
အကြောင်းမှု လေးလေးမြင့်က ထွန်းနေနွယ်အား ပြောပြသ
အသံနှင့် အမူအရာမှာ ထွန်းနေနွယ် သူ့ခအား မိမိနှင့် အထင်
မည်ဆိုးကြောင်း လေးလေးမြင့်အပေါ် ထွန်းနေနွယ် အထင်မမှား
ရန် ရဲမြင့်နောင်က လှိုက်လှဲစွာရှင်းပြခြင်း ဖြစ်သည်။

ထွန်းနေနွယ် မျက်မှောင်ကုပ် အတွန့်ပြေသွားသ
"ဒါဖြင့် လေးလေးက ဘာလို့ လိုက်လာတာလဲ၊ လမ်းမှာ
အန္တရာယ်ရှိသည်းပဲ"

"အို ... အစ်ကိုကို စိတ်မချလို့ပေါ့၊ အစ်ကိုတစ်ခုခု ဖြ
သွားပြီး လေးလေး ကျန်နေခဲ့တော့ ဘာထူးမှာလဲ"

"ဒါပေါ့ဗျာ၊ ဒါပေါ့ ..."

ရဲမြင့်နောင်က ချစ်သူချင်း သံသောခဉ်ထားပ
ပုံလေးကို သဘောကျစွာ ရယ်မောရင်း ဟာသအသံဖြင့် ပြောလို
သည်။ ထွန်းနေနွယ် ပြုံးသွားပါ၏။ ကိုယ့်ချစ်သူက ကိုယ့်အ
စိတ်မချနိုင်၍ ဘာအန္တရာယ်မျှ မကြောက်နိုင်ဘဲ လိုက်လာသ
ဆိုခြင်းကို အဘယ်သို့သော ယောကျ်ားသားသည် မကျေနပ်
ရှိနိုင်ပါအံ့နည်း။

"ကဲ ... ဒါဆိုလဲ အခု အလုပ်သမားကိစ္စ ပြေလည်သွ
ပြီ လေးလေးနဲ့ ရဲမြင့်နောင်တို့ ပြန်နှင့်ကြပေတော့"

"အစ်ကိုကကောဟင်"



"ကိုယ် အလုပ်သမားခေါင်းဆောင်နဲ့ အေးအေးဆေးဆေး
ဆက်ဆွေးနွေးစရာ ရှိသေးတယ် လေးလေး"

"ပြေလည်သွားပြီပဲ အစ်ကို"

"ဟုတ်သားပဲ ကိုထွန်းနေနွယ်၊ ကျွန်တော်တို့ ကိုထွန်းနေ
နွယ်နဲ့ အလုပ်သမားတွေ အပြန်အလှန်ပြောတာကို နား
ထောင်နေခဲ့တာပဲ၊ ပြေလည်သွားကြလို့ အလုပ်သမားတွေ
အလုပ်တောင် ပြန်ဆင်းတော့မှာပဲ၊ ကျွန်တော်တို့အားလုံး
အိမ်ကြီးကို ပြန်ကြရုံပဲပေါ့"

"ကျန်သေးတယ် ရဲမြင့်နောင်၊ အခုဟာက သူတို့ရင်ထဲ
မကျေနပ်နေတာတွေကို ကိုယ်က ကျေနပ်သွားအောင်
ပြောလို့ ခေတ္တကျေနပ်သွားတဲ့ သဘောပဲရှိတာ"

"အင်း ... အဲဒါလဲ ဟုတ်တာပဲ၊ ကျွန်တော်တောင် မလေး
လေးမြင့်ကို ပြောမိသေးတယ်၊ နောက်ပိုင်း ဆက်ပြီး
မန်နေဂျာဟောင်း ကိုဒေါင်းကိစ္စရော ကိုနိုင်လင်းကိစ္စရော
မပြေမလည် ထစ်ထစ်ငေါ့ငေါ့တွေ ဖြစ်လာရင် ဒီအလုပ်
သမားထု ပြန်ပြီး အုံကြွနိုင်တယ်လို့လေ"

"မှန်တယ် ရဲမြင့်နောင်၊ ဒါကြောင့် ကိုယ် ဒီမှာ ဆက်ပြီးနေ
ခဲ့သေးတာ၊ အလုပ်သမားခေါင်းဆောင်တွေနဲ့တွေ့ပြီး သူတို့
အားလုံးရဲ့ တကယ့်ဝမ်းတွင်းသဘောထားကို စူးစမ်းချင်
တယ်၊ အခုလို သူတို့ကျေနပ်နေတုန်းလေးမှာ သူတို့ရင်ထဲ
ဘယ်လိုရှိတယ်ဆိုတာတွေ အမှန်အတိုင်း သိခွင့်ရမယ်လို့
ကိုယ်ထင်တယ်လေ"

ထွန်းနေနွယ်ကို စောင့်ခေါ်၍ မရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်နှင့် ရဲမြင့်နောင် နှစ်ယောက်တည်းပင် ပြန်လာခဲ့ကြသည်။

လမ်းတွင် ရဲမြင့်နောင်သည် လေးလေးမြင့်အား ထိကပါးရိစကားမျိုး မပြောမိတော့ပေ။ လေးလေးမြင့်နှင့် ထွန်းနေနွယ် ရောက်ရှိနေသော အခြေအနေကို သူ ရိပ်စားမိသွားဟန်တူပေသည်။ ယခု ရဲမြင့်နောင် ကိုယ်တိုင်ကပင် ထွန်းနေနွယ် တော်ကြောင်းတွေ ပြောလာသည်။

"ကိုထွန်းနေနွယ် ရောက်လာတာ အချိန်မီပဲ မလေးလေး၊ ကျွန်တော်ကတော့ တဲတိုးသမားဆိုတော့ တကယ့်အခြေအနေမှန် တဲတိုးကြီး အလုပ်သမားတွေကို ပြောချလိုက်တာပဲ၊ ကျွန်တော့်အယူအဆက တကယ့်အခြေအနေမှန်ကို ရှင်းပြလို့ သူတို့ သဘောပေါက်သွားရင် ကျေနပ်သွားမယ်၊ အလုပ်ပြန်ဆင်းမယ်လို့ ထင်နေတာ"

"လက်တွေ့ကျတော့ကော ..."

"ဟား ... ကံကောင်းလို့ ကျွန်တော် ခေါင်းမကွဲတာ၊ ကျွန်တော် ရှင်းပြတဲ့ အခြေအနေမှန်ကို သူတို့က ဘယ်လိုမှ လက်မခံဘူး၊ ကျွန်တော်ရှင်းတဲ့ စကားလုံးတိုင်းဟာ သူတို့ကို ပိုပြီး ဒေါသအုံကြွဖို့ ဖြစ်ဖြစ်သွားတယ်၊ ကျွန်တော့်ကို တောင် ရန်လုပ်ချင်လာကြတယ်။ ဒါကြောင့် ကိုထွန်းနေနွယ် ရောက်လာတာ အချိန်မီပါပဲလို့ ပြောတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကိုထွန်းနေနွယ်ဟာ လူတော်တစ်ယောက်ပါ၊ သူ့ဥပဓိရုပ် နဲ့ သူ့သိက္ခာကိုက မြင်ရုံနဲ့ လူရိုသေနိုင်စွမ်းရှိတယ်၊ နောက်ပြီး ကိုထွန်းနေနွယ် အလုပ်သမားတွေ ဘယ်အ



အနေမှာ ဘယ်လို ကိုင်တွယ်ရမယ်ဆိုတာလဲ နားလည်ပုံ ရတယ်၊ အခုကြည့်ပါလား၊ သူ့ဘက်ပါအောင် မဆွဲခင် ဟာသလေးတွေ ရယ်စရာလေးတွေ ညှပ်ပြောပေးတယ်၊ ဒီလို လူတန်းစားတွေက အရေး...အခေါကို နှစ်သက်ခုံမင်ကြတယ် မဟုတ်လား၊ ကိုထွန်းနေနွယ်ဟာ စည်းရုံးရေးရော အပြောအပြောရော သိပ်ကောင်းတာပဲ၊ ဒီလူ ဒီသစ်စခန်း မလာခင်က နိုင်ငံရေးသမားလားဟင် ... မလေးလေး"

"ဘယ်သိမလဲ၊ အစ်ကိုထွန်းနေနွယ် ထောင်ထွက်ဖြစ်မှန်းတောင် ကိုရဲမြင့်နောင် သိနေတာ၊ ဒီသစ်စခန်း မလာခင်က အစ်ကို ဘာလဲဆိုတာ ကိုရဲမြင့်နောင်က ပိုပြီး သိမှာပေါ့"

ရဲမြင့်နောင် ပခုံးတွန့်ပြသည်။

"မသိပါဘူး၊ ကိုထွန်းနေနွယ် ရောက်လာပြီးမှ မြိုင်သာရဲစခန်းက ရဲကြပ်ကြီးက အမှတ်တမဲ့ သူတို့အချင်းချင်း ပြောတဲ့စကားထဲမှာ ကိုထွန်းနေနွယ်ဟာ ထောင်ထွက်တစ်ယောက်ဆိုတာ ကြားလိုက်ဖူးတာပါ၊ ရဲကြပ်ကြီး ကိုယ်တိုင်ကလဲ အံ့သြနေတယ်လေ၊ သူတို့ဆရာ ဦးအောင်မောင်း ကိုယ်တိုင်က ကိုထွန်းနေနွယ်ကို အရိုအသေပေးပြီး ဆရာတင်ထားတာကို မကျေမနပ်ပြောရင်း ရဲကြပ်ကြီးက ပြောလိုက်တဲ့ လေသံမျိုးပါ"

လေးလေးမြင့်သည် အစ်ကို ထွန်းနေနွယ်၏ အကြောင်းကို မပြောချင်ပေ၊ အထူးသဖြင့် အစ်ကိုထွန်းနေနွယ်သည် သူ့အတိတ်နှင့် သူ့ဇာတိဇစ်မြစ်ကို မြိုင်သာသစ်စခန်းတွင် မဖော်ထုတ်လိုဘဲ လျှို့ဝှက်ထားသောကြောင့် မိမိက ချစ်သူကို

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူဝင့်ကြွား စကားပြောလိုက်ချင်စေကာမူ မပြောဖြစ်အော
ထိန်းထားလိုက်တော့သည်။

တရွေ့ရွေ့ လျှောက်လာကြရင်းရှေ့နားတစ်နေရာ
လေးလေးမြင့်က လက်ညှိုးထိုးပြလိုက်သည်။

"ဟိုရှေ့နားမှာပေါ့၊ လေးလေးကို ဘူတာက ကိုဘခ
မြင်းလှည်းနဲ့ လာကြိုတုန်းက သစ်ပင်လဲကျတာ ကံကော
လို့ လေးလေး သစ်ပင်ပိပြီး မသေတာ"

"မလေးလေးကို လုပ်တာမဟုတ်ပါဘူး၊ နိုင်လင်း
အဲဒီတုန်းကတည်းက ကိုဘခက်ကို လုပ်ကြံလိုက်တာပါ"

"အဲဒီလိုကြီး တပ်တပ်အပ်အပ် ပြောနိုင်မလား၊ ဒေါ်လေ
ကေသီဆီကို လေးလေး ရောက်လာမှာကို မလိုလား
အတွက် လေးလေးကိုပါ လုပ်ကြံတာလို့ကော တွက်
မရနိုင်ဘူးလား"

"စဉ်းစားကြည့်ပေါ့လေ မလေးလေး၊ တကယ်လို့
ကိုဘခက် ထပ်ပြီး အသတ်မခံရဘူးဆိုရင်တော့ မလေးလေ
ကို လုပ်ကြံတာလို့ ပြောနိုင်ချင် ပြောနိုင်မယ်၊ အခု
နေသားပဲ၊ သစ်ပင်ပိသေအောင် ကိုဘခက်ကို ကြံ
လိုက်တုန်းက မအောင်မြင်ဘူး၊ ဒီတော့ နိုင်လင်း
မတော်တဆပုံစံနဲ့တောင် မကြံတော့ပဲ ကိုဘခက်ကို သေ
နဲ့ ပစ်သတ်တယ်"

"ကိုဘခက်ကို သတ်တာက ကိုနိုင်လင်းပါလို့ ကိုင်
နောင် သေချာဒက်ထိကြီး ပြောမလား"

"သေချာဒက်ထိကြီးမို့ ဒီကောင် ထွက်ပြေးတာပေါ့၊



ပြေးတာယ်ဆိုတာ လူသတ်မှုက လွတ်အောင် ရှောင်ပြေး
တာပဲ မဟုတ်လား၊ အင်း ... ဒီနေရာမှာတော့ ကိုထွန်းနေ
နွယ်နဲ့ ကျွန်တော် တွက်ကိန်းခြင်းကွာတယ်"

"ဘာလို့ တွက်ကိန်းခြင်း ကွာတာလဲ"

"ကျွန်တော့်တွက်ကိန်းက နိုင်လင်းဟာ ကိုဘခက်ကို
သတ်ခဲ့ပြီး ထွက်ပြေးတဲ့ တစ်ရက်နှစ်ရက်အတွင်းမှာပဲ
တောထဲတစ်နေရာရာမှာ သေသွားလောက်တယ်၊ မလေး
လေး စဉ်းစားကြည့်လေ၊ ဒီအနီးအနားမှာ မြို့သာရွာ
ရှိတယ်၊ တခြားရွာတချို့လဲ ရှိတယ်၊ ရွာတစ်ရွာရွာကို
ရောက်သွားရင် ရွာသူရွာသား ပါးစပ်တစ်ပေါက်ပေါက်က
တော့ လူသတ်သမား ရောက်လာတယ်ဆိုတဲ့ သတင်းထွက်
လာမှာပဲ၊ လူသတ်သမားကို လူတိုင်း စိတ်ဝင်စားတတ်တယ်
မဟုတ်လား၊ နောက်ပြီး ဒီနားတစ်ဝိုက်က တောကြီးရုံမ
ကဘူး တောက ကြမ်းလည်းကြမ်းတယ်"

"တောကြမ်းတယ်ဆိုတာက ဘာကိုဆိုတာလဲ"

"သားကောင်အရိုင်းတွေပေါ့၊ အထူးသဖြင့် ညဘက်မှ
ထွက်အစာရှာတဲ့ တောရိုင်းကောင်တွေလေ၊ နေ့ပိုင်းမှာ
ရှောင်နိုင်တယ်ထား၊ ညဆိုရင် တောကောင်လက်က လွတ်
ဖို့ မလွယ်ဘူး"

"ကိုဘခက်ကို သေနတ်နဲ့ ပစ်ခဲ့တာပဲ၊ သူ့မှာ သေနတ်
ပါသွားမှာပေါ့"

"ဘယ်လွယ်မလဲ၊ သေနတ်တစ်ချက်မပစ်နိုင်ခင် တော
ကောင်က သူ့ကို ခုန်အုပ်ကိုက်သတ်နိုင်တာပဲ၊ ညအမှောင်

www.burmeseclassic.com

www.burmeseclassic.com



မှာ တောကောင်က မြင်နိုင်စွမ်း ရှိတယ်လေ၊ နောက်တစ်ချက်က အဲဒီအတွင်းမှာ ရာသီဥတုကသိပ်ဆိုးရွားခဲ့တယ်၊ တောကောင်လက်ချက်နဲ့ မသေဘူးထားဦး၊ ဒီလောက်ဆိုးရွားတဲ့ ရာသီဥတုနဲ့ပဲ နိုင်လင်းဟာ သွေးခဲပြီး သေနိုင်တယ်၊ အအေးမိပြီး နမိုးနီးယားနဲ့ သေနိုင်တယ်၊ အဲ ... ကိုထွန်းနေနွယ်ရဲ့ တွက်ကိန်းက ဒီကောင်နိုင်လင်း မသေဘူးလို့ တွက်တယ်၊ ဒါကြောင့် သူ့စိတ်ထဲမှာ နိုင်လင်းကို ပြန်တွေ့ပြီး အရှင်ဖမ်းမယ်လို့ တွက်ပုံရတယ်၊ ဒါကြောင့် အလုပ်သမားတွေကို တရားဥပဒေအတိုင်း ဖြစ်ရစေမယ်လို့ ကတိပေးရဲတာ နေမှာပေါ့"

"အစ်ကိုထွန်းနေနွယ် တွက်မယ်ဆိုလဲ တွက်နိုင်တာပဲ ကိုရဲမြင့်နောင်၊ ဘာလို့လဲဆိုတော့ နန်းစိန်ကို ရိုက်သွားတာဟာ နိုင်လင်းပဲ ဖြစ်နိုင်တာကိုး"

"မဖြစ်နိုင်ဘူး ထင်တယ် မလေးလေး၊ နိုင်လင်းနဲ့ မနန်းစိန်က ချစ်သူတွေပဲ၊ နိုင်လင်းဟာ ကိုဘခက် ရန်ညှိုးတစ်ခုခုကြောင့် ရက်ရက်စက်စက် သတ်တယ်ထားဦး၊ အပြစ်မရှိရှာမက ကိုယ့်ချစ်သူဖြစ်နေတဲ့ နန်းစိန်ကို သူ ဘာလို့ရိုက်သတ်မှာလဲ၊ နောက်ပြီး မနန်းစိန်က သူ့အတွက် ထမင်းလာပို့တဲ့သူ မဟုတ်လား"

ဟုတ်လောက်ပေသည်။ အစ်ကိုထွန်းနေနွယ်နှင့် စခန်းမှူးဦးအောင်မောင်းတို့ကပင် မနန်းစိန် အရိုက်ခံရသည့်နေရာတွင် တောထဲ လက်ဝဲလက်ယာ ရှေ့ဘက်စသည်တို့မှ လူတစ်ယောက်ယောက်လာသော ခြေရာမတွေ့ရပဲ အိမ်ကြီးဘက်



ဆီမှ ထွက်လာသော ခြေရာတွေသာ ရှုပ်ထွေးနေကြောင်းပြောသံ လေးလေးမြင့် ကြားခဲ့သည်။ ဒါဆိုရင် မနန်းစိန်ကို ရိုက်သူမှာ ကိုနိုင်လင်း မဖြစ်နိုင်၊ ယင်းသို့ဆိုပါက ကိုရဲမြင့်နောင် ပြောသလို ကိုနိုင်လင်းမှာ ထွက်ပြေးရင်း တောထဲမှာပင် သေကြေသွားလေပြီလား။

ဒါလည်း မဟုတ်နိုင်သေးဟုပင် လေးလေးမြင့် တစ်မျိုးတွေးမိပြန်သည်။ ကိုနိုင်လင်း အသက်ရှင်နေသေးသောကြောင့်သာ မနန်းစိန်က ကိုနိုင်လင်းစားဖို့အတွက် ထမင်းချိုင့်သွားပို့ခြင်း ဖြစ်ရမည် မဟုတ်လား ...။

"သြော် ... ဒါထက် လေးလေးတို့က ရန်ကုန်သွား နေလို့ မနန်းစိန်အကြောင်းတောင် ဘာမျှ မသိသေးဘူး၊ ရန်ကုန်က ပြန်ရောက်ရောက်ချင်း အနားတောင်မယူရသေးဘဲ အလုပ်သမားကိစ္စနောက် စိတ်ဝင်စားသွားရတယ်၊ အခု မနန်းစိန် ဘယ်လို နေသေးသလဲ"

"သစ်စခန်းအိမ်ကြီးကို ပြန်ရောက်နေပါပြီ၊ ပျဉ်းမနားဆေးရုံက ဆင်းခွင့်ပေးတာနဲ့ စခန်းမှူးဦးအောင်မောင်းကပဲ သစ်စခန်းအိမ်ကြီးကို ပြန်ပို့ပေးပါတယ်၊ စခန်းမှူးဦးအောင်မောင်းကပဲ မနန်းစိန်ရဲ့ လုံခြုံရေးအတွက် အစောင့်ချပေးထားတယ် ဆိုလားပါပဲ၊ ဘယ်သူ ဘာမေးမေး မနန်းစိန်က ခေါင်းခါပြတယ်၊ ဘာစကားတစ်လုံးမျှ မပြောဘူး၊ အိပ်ရာထဲမှာပဲ နေတယ်၊ အန့်တီဒေါ်ကေသီက ဂရုစိုက်ပါတယ်"

လေးလေးမြင့်က သစ်စခန်းအိမ်ကြီး ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် မနန်းစိန်အား သွားရောက်ကြည့်ရှုစောင့်ရှောက်မည်ဟု စိတ်ဝယ် မှတ်ယူလိုက်သည်။

မနန်းစိန်သည် မိမိကိုတော့ လေးစားခင်မင် ယုံကြည်ပုံရသည်ဟု လေးလေးမြင့် ထင်ထားသည်။ မည်သူ့ကိုမျှ မနန်းစိန်က စကားမပြောစေကာမူ မိမိကိုဆိုလျှင် ပြောလေမလားဟုလည်း မျှော်လင့်ထားမိပါ၏။

ထွန်းနေနွယ်သည် ရဲမြင့်နောင်နှင့် လေးလေးမြင့်တို့ ပြန်သွားကြသည်ကို တခဏ ငေးကြည့်သေးသည်။

ထို့နောက် ချစ်ဖွာသော လေးလေး၏ စိတ်နေသဘောထား ခိုင်မာတည်ကြည်မှုနှင့် အကျင့်သိက္ခာကို ယုံကြည်စွာပင် မျက်နှာလွှဲကာ အလုပ်သမားတွေနောက်သို့ လိုက်သွားသည်။

ထွန်းနေနွယ်သည် မန်နေဂျာဟောင်း ကိုဒေါင်း၏ မရီးတော်ပါသည်ဆိုသည့် အမျိုးသမီးကြီးကို ပြန်လည်ရှာဖွေ၏။

"ဩ ... မန်နေဂျာလေး မပြန်သေးပဲကိုး"

ကိုဒေါင်း၏မရီး အမျိုးသမီးကြီးကို သူမ၏ ယာယီသစ်ခက်တဲအတွင်းမှာ ဆေးပေါ့လိပ်ဖွာရင်း တွေ့ရသည်။ အမျိုးသမီးကြီးကပင် တဲထဲသို့ ဝင်ရောက်လာသော ထွန်းနေနွယ်အား အပြုံးဖြင့် မျှဝှာစွာ နှုတ်ဆက်သည်။

"အေးဗျာ၊ ကျွန်တော်သိချင်တာလေး တစ်ခုနှစ်ခု ရှိနေသေးလို့ မပြန်သေးတာ၊ အမှန်အတိုင်းတွေ ပေါ်ထွက်လာဖို့က တကယ့်အဖြစ်အပျက် အမှန်တွေကို သိထားပြီးမှ နောက်က ခြေရာခံလိုက်လို့ လွယ်မယ် မဟုတ်လား၊ ရော့ဗျာ၊ အဲဒီဆေးပေါ့လိပ်ကြီး ခုထားပြီး စီးကရက် သောက်ပါ၊



စီးကရက်သောက်ရင်း ကျွန်တော် သိချင်တာလေးတွေ ပြောပြပါလား"

ထွန်းနေနွယ်က ရန်ကုန်မှ လတ်လတ်ဆတ်ဆတ် ပါလာသေးသော ငါးသုံးလုံးစီးကရက်ဘူးကို အမျိုးသမီးကြီးရှေ့တွင် ချပေးသည်။ သူကိုယ်တိုင်လည်း တစ်လိပ်မီးညှိရှူဖွာလိုက်သည်။

"စီးကရက်က ရှုတ်ပက်ပက်နဲ့ ကျုပ်တို့နဲ့ ခံတွင်းမလိုက်ပါဘူး။ စီးကရက် မတိုက်လဲ ကျုပ်သိတာဆိုရင် ကျုပ်ပြောပြမှာပါ၊ ကျုပ်ယုံတယ်လေ၊ မန်နေဂျာလေး ပြောသလို တကယ့်အဖြစ်မှန် ပေါ်လာဖို့က တကယ်ဖြစ်ပျက်ခဲ့တာတွေ အမှန်အတိုင်း သိထားမှ ခြေရာဆက်ကောက်ဖို့ လွယ်မယ်ဆိုတာ၊ ကဲ ... မန်နေဂျာလေး ဘာသိချင်သလဲ"

"ကျွန်တော် သိချင်တာက ဒီအလုပ်သမားတွေ မကျေမနပ်ဖြစ်ပြီး သပိတ်မှောက်တဲ့အထိ ဖြစ်ရတာဟာ အခုနိုင်လင်းလှူသတ်မှု ဖြစ်သွားတယ်ဆိုမှ ဖြန်းခနဲ ထဖြစ်တာလားလို့ပါ"

"ဘာဟုတ်မလဲ ကျုပ်ရဲ့မတ်တော်မောင် ကိုဒေါင်း သေသွားကတည်းက မကျေမနပ် ဖြစ်လာတာ၊ ဒါပေမယ့်ကျုပ်တို့ အလုပ်သမားတွေက နေ့လုပ်ညစား အေးအေးသမားတွေပါ၊ နောက်ပြီး ကိုဒေါင်း သေပြီးစကဆိုလဲ တောထဲမှာအမဲလိုက်ရင်း ကိုဒေါင်းဟာ မတော်တဆ သေနတ်မှန်သွားရှာတာလို့ပဲ ယုံကြည်လက်ခံကြတယ်လေ၊ ဒါပေမယ့် ကိုဒေါင်းသေတာဟာ ရိုးရိုးသားသား မဟုတ်ဘူး၊ အိမ်ကြီးထဲက လူတစ်သိုက်က တမင်သတ်တာဆိုတဲ့သတင်းတွေ ကြား

www.burmeseclassic.com

www.burmeseclassic.com



လာရဖန် များတော့ ကျုပ်တို့အားလုံး မကျေနပ်ချင်လာကြ တော့ဘူး"

"ကိုဒေါင်း သေတာဟာ အိမ်ကြီးထဲကလူတွေရဲ့ပယောဂလို့ ဘယ်သူက ဗြိုး အတွေးပေါက်ပြောလာတာလဲဗျာ"

"နိုင်လင်း"

"ဗျာ ... နိုင်လင်းကပဲ ဒီလိုဒီပြောပြောပြီး လှုံ့ဆော်တယ် ဟုတ်လား"

ထွန်းနေနွယ် အံ့သြရပါ၏။ ဤသို့လှုံ့ဆော်သူမှာ နိုင်လင်းဟူ၍ ထွန်းနေနွယ် လုံးဝ မျှော်လင့်မထားပါလေ။

"နေပါဦး၊ မန်နေဂျာကိုဒေါင်း မသေခင်က နိုင်လင်းနဲ့ ကိုဒေါင်းကော အဆင်ပြေရဲ့လား"

အမျိုးသမီးကြီး ခေတ္တစဉ်းစားသည်။ ဆေးပေါ့လိပ်ကို မီးပွင့်ရဲခနဲ ဖြစ်အောင် ဖွာရှိုက်သည်။

"အင်း ... မန်နေဂျာလေးပြောမှ ရိုးတိုးရိပ်တိတ်လေး အတွေး ပေါက်လာတယ်၊ မန်နေဂျာကိုဒေါင်းမှာ အဆင်မပြေလူရယ်ပ လို့ ဘယ်သူမှ မရှိခဲ့ဘူး၊ နိုင်လင်းဆိုတာလဲ ကိုဒေါင်းက သေဆိုသေ၊ ရှင်ဆိုရှင် ကျိုးနွံတဲ့လူပဲ၊ ဒါပေမယ့် ကိုဒေါင်းက တော့ သူ့မိန်းမကို ပြောဖူးတယ်ဆိုလားပဲ၊ ကိုဒေါင်းမိန်းပ က ကျုပ်ညီမလေ၊ ကျုပ်ညီမက ကျုပ်ကို စကားစပ်မိရင် ပြောတာတစ်ခုကို အခု မန်နေဂျာလေးက ဆက်ဆက်စပ်စပ် မေးလာမှ ကျုပ် ပြန်သတိရတယ်"

"ဆိုပါဦး၊ ကိုဒေါင်းက ဘာပြောသွားတာလဲ"

"ကိုဒေါင်းက ကျုပ်ညီမကို လုပ်ငန်းမှာ အခက်အခဲ



ရှိလာတယ်လို့ ညည်းတွားရင်းက နိုင်လင်းဆိုတဲ့ကောင် ကလည်း ရိုးသားမလိုလိုနဲ့ ရှုပ်တုတ်တုတ်တွေ လုပ်ချင်နေ တယ်တဲ့၊ တကယ်တော့ နိုင်လင်းဟာ ဦးနှောက်ရှိတဲ့ကောင် မဟုတ်ဘူးတဲ့၊ သူများကြိုးဆွဲရာကို အဟုတ်ထင်ပြီး လိုက် က,ချင်တဲ့ အကောင်တဲ့၊ ကိစ္စတော့ မရှိပါဘူး၊ နိုင်လင်းကို ဘယ်သူက ကြိုးဆွဲနေတယ်ဆိုတာ လက်ပူးလက်ကြပ် ဖော်လိုက်ရင် ဒီအခက်အခဲနဲ့ ပြဿနာတွေ အေးသွားမှာ ပါတဲ့"

"ဩော် ... ဩော် ... နိုင်လင်းကို ကြိုးဆွဲနေတဲ့ လူတစ် ယောက် ရှိနေတယ်လို့ ကိုဒေါင်းက ပြောသွားတယ်လား၊ အဲဒီနိုင်လင်းကို ကြိုးဆွဲတာ ဘယ်သူလဲဟင်"

"ဒါကတော့ ကျုပ်တို့ ဘာသိနိုင်မလဲ၊ ကိုဒေါင်း ကိုယ်တိုင်က သူ့မိန်းမကို နိုင်လင်းကို ကြိုးဆွဲတဲ့သူဟာ ဘယ်သူဘယ်ဝါ ရယ်လို့ ပြောသွားပုံမရဘူး၊ကျုပ်စိတ်ထင်တော့ ကိုဒေါင်းက နိုင်လင်းကို ကြိုးဆွဲနေတဲ့လူကို သူ မသေခင် ကတည်းက သိပုံရတယ်၊ ဒါပေမယ့် သူက ဖြုန်းခနဲ သေနတ်မှန် သေ သွားတော့ ဘယ်သူမှ ဘာမှ မသိတော့ဘူး ပေါ့၊ အဲ ... ကိုဒေါင်း သေသွားတော့ နိုင်လင်းက ကိုဒေါင်းသေတာ သွေးရိုးသားရိုး မဟုတ်ဘူး၊ အိမ်ကြီးက လူတွေရဲ့ လက်ချက် ပဲ၊ အလုပ်ရှင် ဒေါ်ကေသီဟာ ငွေနဲ့ပေါက်ပြီး ကိုဒေါင်း သေသွားရတာကို ရဲက အမှုပိတ်အောင် လုပ်ပစ်တယ် ဘာတယ်နဲ့၊ ကျုပ်တို့အလုပ်သမားတွေ စကားဝိုင်းတိုင်း ပြောလေ့ရှိတယ်၊ ကြားရဖန်များတော့ ကျုပ်တို့လဲ မကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်ကြဘူး၊ ဒီကြားထဲ တာဝန်ခံကိုဘဲခက်ကို သတ်တာဟာ နိုင်လင်းလို့လဲ ကျုပ်တို့ကြားရော ဒါသက်သက် အိမ်ကြီးက လူတွေဟာ နိုင်လင်းဂြိုလ်ကြွလို့ အမှုဆင်တာလို့ ကျုပ်တို့ ယုံပြီး သပိတ်မှောက်ကြတာပဲ၊ အမှန်တော့ တာဝန်ခံ ကိုဘခက်လိုလူကို သတ်ချင်တဲ့လူတွေ အံမျာ.ကြီးပါ၊ ဒီကြားထဲ နိုင်လင်းကိုမှရွေးပြီး လူသတ်တရားခံလို့ စွပ်စွဲတာ ကို အလုပ်သမားတွေအားလုံး မခံနိုင်ဖြစ်သွားတာ"

ဤမျှလောက် သိရလျှင်ပင် နောက်ဆက်တွဲကွင်းဆက်တွေ ဆက်ရှာဖွေနိုင်မည်ဟု ထွန်းနေနွယ် ထင်မှတ်လိုက်သည်။

အမျိုးသမီးကြီးကို ကျေးဇူးတင်ကြောင်း ပြောပြီး ထွန်းနေနွယ် ပြန်ထွက်လာခဲ့တော့သည်။



(၂၄)

လေးလေး

*တစ်ခါက လေးလေး တောင်ပေါ်က လိမ့်ကျပြီး အစ်ကိုနဲ့အတူ အိမ်ကြီးဆီ ပြန်လာတုန်း လမ်းမှာ အစ်ကို ပြခဲ့ဖူးတဲ့ အမဲလိုက်စခန်း အိမ်လေးကို မှတ်မိမှာပေါ့။*

*ဒီနေ့ညနေလေးနာရီလောက် လေးလေး အမဲလိုက်စခန်း အိမ်လေးကို လာခဲ့ပါ။ သိပ်အရေးကြီးပြီး သိပ်လျှို့ဝှက်တဲ့ စကားတွေ အစ်ကို လေးလေးကို ပြောစရာတွေ ရှိလာတယ်။*

*စိတ်ချ။ လက်မထပ်သေးခင် လေးလေး နစ်နာသွားအောင် အစ်ကို ဘာမှ မလုပ်ဘူးလို့ ကတိပေးတယ်။ အစ်ကို့သိက္ခာကို ယုံပါ။*

**အစ်ကို (ထွန်းနေနွယ်)**

အစ်ကိုထွန်းနေနွယ် ရေးလိုက်သောစာလေးကို မိမိ

www.burmeseclassic.com

www.burmeseclassic.com



အခန်း ဖွင့်လိုက်သည်နှင့် အဝင်ဝကြမ်းပြင်ပေါ်တွင် အခေါက်လိုက် ရှိနေသည်ကို လေးလေးမြင့် တွေ့ရသဖြင့် ကောက်ယူဖတ်လို ခြင်း ဖြစ်ပေသည်။

ရန်ကုန်သို့ အစ်ကိုထွန်းနေနွယ်နှင့် လိုက်ာ ကတည်းက မိမိအခန်းကို သော့ခတ်ထားခဲ့သည်။ ရန်ကုန်မှ ရောက်ပြီး ဖြုန်းစားကြီးပင် အလုပ်သမား အုံကြွကိစ္စပေါ် အစ်ကိုထွန်းနေနွယ်၏ နောက်သို့ ကိုရဲမြင့်နောင်နှင့်အတူ လို သွားရသည်။

နေ့လယ် မွန်းလွဲက ကိုရဲမြင့်နောင်နှင့်အတူ အိမ် ပြန်ရောက်သော်လည်း ဒေါ်လေးကေသီ အိမ်းမှာပင် နေခဲ့မိသ တောထဲတွင် အစ်ကိုထွန်းနေနွယ်က အလုပ်သမားတွေကို ဘ ဖြေရှင်းကြောင်း၊ ယခု ဘယ်လိုကျေနပ်မှု ရသွားကြောင်း ဒေါ်လေးကေသီကို ပြောပြနေရသည်။ ပြီး ဒေါ်လေးကေ ရောဂါအနည်းငယ် တိုးနေသဖြင့် ဒေါ်လေးကေသီနားမှာပင်သ ဝေယျာဝစ္စများ ပြုလုပ်ပေးနေရသဖြင့် မိမိအခန်းသို့ သော့ဖွင့်မဝင်ရသေး။

လေးလေးမြင့်သည် အစ်ကိုထွန်းနေနွယ်၏ ဖတ်ပြီးသည်နှင့် သူမ၏ လက်ပတ်နာရီကို ကြည့်လိုက်

၃ နာရီ ၁၅ မိနစ်။

နေ့ခင်း တောထဲမှ ပြန်လာစဉ်က အစ်ကိုထွန် သည် တောထဲမှာပင် ကျန်ခဲ့သည်။ တောထဲတွင် အလုပ်သ နှင့် ထပ်တွေ့ပြီး လျှို့ဝှက်အရေးကြီးသော အကြော တစ်ခုခု ထပ်မံ သိရှိလာပုံရသည်။ အိမ်ကြီးတွင် မိမိ



လျှို့ဝှက်စကားများပြောရန် မလွတ်လပ်သောကြောင့် အမဲလိုက် စခန်းအိမ်လေးသို့ ချိန်းဆိုခြင်း ဖြစ်နိုင်ပေမည်။

လေးလေးမြင့်က အစ်ကိုထွန်းနေနွယ်၏စာမှ လက် ရေးကို ပြန်လည်ဆန်းစစ်ကြည့်သည်။

အစ်ကိုထွန်းနေနွယ်၏ အလုပ်စားပွဲတွင် ရှိသော စာရွက်စာတမ်းများတွင် အစ်ကိုထွန်းနေနွယ်၏ လက်ရေးကို လေးလေးမြင့် အမှတ်သညာ ထားခဲ့ဖူးသည်။ ယခုစာတွင်ပါသော လက်ရေးအတိုင်းပင် ဖြစ်နေသည်။

စာအဆုံးတွင် အစ်ကိုထွန်းနေနွယ်၏ လက်မှတ်ထိုး ထားခြင်းတော့ မရှိ။ အစ်ကိုဟု ရေးထားပြီး ဘေးမှ ဘရက်ကက် ကွင်းဖွင့် ကွင်းပိတ်ကြားတွင် ထွန်းနေနွယ်ဟုပင် လက်ရေးစာလုံးဖြင့် ရေးထားသည်။

ချစ်သူချင်းချင်း ပေးထားသောစာမို့ မူရင်းလက်မှတ် တွေဘာတွေ ထိုးစရာမလိုဟု အစ်ကိုထွန်းနေနွယ်က ယူဆပုံရသည်။

ပြီး ... အစ်ကိုထွန်းနေနွယ်၏ သိက္ခာနှင့် ကိုယ်ကျင့် တရားကို လေးလေးမြင့် ယုံကြည်သည်။ အစ်ကိုထွန်းနေနွယ်သာ မစောင့်စည်းရင် ရန်ကုန်သို့ အတူသွားကတည်းက မိမိမှာအပျိုစည် ပျက်သွားလောက်သည်။ အစ်ကိုထွန်းနေနွယ်က ဒီလို အချိန်မတန် ပဲလျက် စားရက်ကြံ့ပြီကောဆိုသည့် စိတ်ဓာတ်မရှိကြောင်း ခိုင်မာ စွာပင် လေးလေးမြင့် ယုံကြည်သည်။

လေးလေးမြင့်သည် အနွေးထည်ဆွယ်တာ အနက် ကလေးကို ကောက်ယူလိုက်သည်။ မြိုင်သာသစ်စခန်း ရာသီဥတု ရေရာသည်မဟုတ်။ ယခု ပူနွေးနေပေမင့် ဖြုန်းခနဲ မိုးသားတွေ

www.burmeseclassic.com

www.burmeseclassic.com

တက်လာကာ ဝေါခနဲမိုးရွာချင်ရွာသည်။ မိုးသားနှင့်အတူ အခ... တွေလည်း လွှန်ကဲချင်လည်း လွှန်ကဲလာသည်။

ဆွယ်တာအနက်လေးယူပြီး ပလတ်စတစ်မိုး... အင်္ကျီလေးကိုလည်း လိုကာမည်ကာ လေးလေးမြင့် ယူရ... သည်။

ထို့နောက် လေးလေးမြင့်သည် ဒေါ်လေးကေ... အိပ်ခန်းသို့ လျှောက်လာပြီး လှမ်းကြည့်သည်။

စိတ်မော ကိုယ်မောနှင့် ဒေါ်လေးကေသီမှာ စော... ပိုင်းက ဆေးတိုက်ထားပြီးနောက် အိပ်ရာထက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့ရသည်။ အလုပ်သမားကိစ္စ ပြေလည်... ပြီး နက်ဖြန်မှစ၍ အလုပ်သမားများ အလုပ်ပြန်ဆင်းတော့... ဖြစ်ကြောင်း မိမိနှင့် ကိုရဲမြင့်နောင်က ကိုထွန်းနေနွယ်၏ ဈွမ်းဆော... ချက်များကို ဖောက်သံည်ချပြီးကတည်းက ဒေါ်လေးကေသီ ရေ... မှာ သိသိသာသာ သက်သာသွားပုံရသည်။

နှလုံးရောဂါရှင် ဆိုသည်မှာ တစ်နည်းအား... စိတ်ရောဂါရှင်ပေပဲ မဟုတ်လား။

လေးလေးမြင့်၏ တွက်ကိန်းမှာ အစ်ကိုထွန်းနေ... နှင့် သွားရောက်တွေ့ဆုံပြီး ပြန်လာချိန်လောက်မှ ဒေါ်လေးကေ... နိုးလိမ့်မည်ဟု တွက်ကိန်းချပြီး ထွက်လာခဲ့ပေတော့သည်။

သစ်စခန်းအိမ်ကြီးမှ လေးလေးမြင့် ထွက်လာ... တစ်ဖါလုံခန့်သာသာ အရောက်တွင် နောက်မှ အီအီအင်အင်... မျိုးတွေမြည်ကာ ပြေးလိုက်လာသော ခြေသံကြောင့် လေးလေး... က ရပ်တန့်ပြီး လှည့်ကြည့်လိုက်သည်။



ဂုမ္ဘာန်ကြီးပါပေ။

ဒီခွေးကြီးက လေးလေးမြင့် သစ်စခန်းအိမ်ကြီးရောက် ...ပြီးနောက် လေးလေးမြင့်ကို ခင်တွယ်နေသည်။ လေးလေး ...က်ကလည်း မည်သူ့ကိုမဆို ဂရုစိုက်တတ်သည့် အကျင့်အတိုင်း ...န်ကြီးကိုလည်း နေ့စဉ်စားကြွင်းစားကျန်များ ကျွေး လေ့ရှိသဖြင့် ...န်ကြီးက လေးလေးမြင့်ကို ခင်တွယ်နေပုံရှိသည်။

နောက်ပြီး ဂုမ္ဘာန်ကြီး၏ အကျင့်ကိုက တစ်မျိုး။

ခြေထောက်တွင် ဖွေပါသည်ဆိုသည်မှာ ဂုမ္ဘာန်ကြီးလို ...မျိုးဟုပင် တွက်ချက်ဖို့ ကောင်းနေသည်။

ဒီကောင်ကြီးသည် အငြိမ်မနေ။ အလွန်စပ်စုသည့် ...ကင်ကြီးဖြစ်သည်။

သူအစာဝပြီး သစ်စခန်းအိမ်ကြီး တစ်နေရာရာတွင် ...ကားအိပ်စက် လဲလျောင်းနေပေမယ့် သူ မအိပ်။ သူ့မျက်လုံး ...က အရောင်တောက်နေပြီး အိမ်ကြီးထဲက ဘယ်သူတွေ ...လုပ်နေသလဲဟု စပ်စပ်စုစု လိုက်ကြည့်နေတတ်သည်။

အဲ ... တစ်ခုတော့ ရှိသည်။

ဒီကောင်ကြီးက သူ့စိတ်ထဲ ခင်ခင်တွယ်တွယ် မရှိ ...လို့ အိမ်ကြီးထဲမှလူတစ်ယောက်ယောက် ဘယ်သွားသွား ဘာ ...လုပ် ဒီကောင်ကြီးက မစပ်စု။ သူ့ဟာသူ ဘာလုပ်လုပ် ငါနဲ့ ...ဆိုင်လဲဆိုသည့် ပုံစံမျိုး နေတတ်သည်။

ဒီကောင်ကြီး စိတ်ထဲ ခင်တွယ်နေသူ ဆိုရင်တော့ ...ကောင်ကြီးက သူခင်တွယ်သူ နောက်သို့ သူ့ကို မခေါ်ပေမယ့် ...ပြင်သွားရင် မနေတတ်။ နောက်မှ လိုက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘခက်သည် သူ့ဟာသူ အိမ်ခွဲနေသော်လည်း ဒီကော ကြီးနှင့်တော့ ပလဲနံပသင့်သည်။ ကိုဘခက်က ဒီကောင်ကြီး သူ၏ စားကြွင်းစာကျန်များကိုသာမက တစ်ခါတစ်ရံ စည်သွ ဘူး၊ အမဲသားငါးတွေကိုပင် ဒီကောင်ကြီးကို ကျွေးသည် ထို့ကြောင့်လည်း ကိုဘခက် အသတ်ခံရသည့် ညက ဒီကောင်ကြ သည် ကိုဘခက် တစ်ခုခု အန္တရာယ်ဖြစ်ပြီဟူ၍ မနီးမဝေးမှ ပြနေခြင်း ဖြစ်ပေမည်။

ယခုလည်း စပ်စုတတ်သော သူ၏ ဥာဉ်အတို သစ်စခန်းအိမ်ကြီးမှ လေးလေးမြင့် ထွက်လာသည်ကို ဒီကောင်ကြ ဘယ်လို အနံ့ခံရသွားသည်မသိ၊ နောက်မှ အဲသံပြုရင်း ပြေးလို လာခဲ့သည်။

လေးလေးမြင့်က နောက်မှ လိုက်လာသော ဂုမ္ဘာန် တွေ့ရသောအခါ ပိုမို အားတက်မိသည်။

လေးလေးမြင့်က ရှေ့မှ သွားမြဲသွားသလို ဂူး ကြီးကလည်း ဟိုသေးပန်း ဒီသေးပန်းဖြင့် နောက်မှ မျက်ချည်မပြ လိုက်လာပေတော့သည်။

အမဲလိုက်စခန်း အိမ်ကလေးကို ရောက်ပေပြ စခန်းအိမ်လေးမှာ လူသူမရှိသလို တံခါးတွေ ပိတ်လျက်သ ရှိနေပါ၏။

လေးလေးမြင့်က ရှေ့တံခါးတွင် ရပ်ကာ ထွန်း ကြည့်လိုက်သည်။ အသင့်ပင် ပွင့်သွားပါ၏။

"ဟင် ကိုနိုင်လင်း"

လေးလေးမြင့်က မြင်းလှည်းပေါ်သို့ သစ်ပ



ကျွန်ုပ် တစ်ကြိမ်တစ်ခါသာ တွေ့ဖူးသော နိုင်လင်းအား ယခု တွေ့လျှင် တွေ့ချင်းပင် မှတ်မိလိုက်သည်။

နိုင်လင်းသည် အမဲလိုက်စခန်း အိမ်လေး၏ အလယ် ရှင် မှီးပယ်သောနတ်ကိုပိုက်ပြီး ငူငူငေါင်ငေါင်ကြီး ထိုင်လျက်သား လေးလေးမြင့် တွေ့ရသည်။ ကိုနိုင်လင်းကို ကြည့်ရသည်မှာ အားကောက် ရေတော်ဖြင့် အားအင်များ ချည်နဲ့နေသလား ထင်ရ လောက်ပေသည်။

"ဩ ... ခင်ဗျားပါလား၊ သစ်ပင်လဲကျတုန်းက ကိုဘခက်နဲ့ အတူတွေ့ပါလာတဲ့ ခင်ဗျားပါလား"

"ဟုတ်ပါတယ် ကိုနိုင်လင်း၊ ကျွန်မဟာ ဒေါ်လေးကေသီ ရဲ့ တူမပါ"

"သိပါတယ်၊ ဒါပေမယ့် နောက်မှ သိတာပါ၊ သစ်ပင်လဲ ကျပြီးတဲ့နောက်ကျမှ ခင်ဗျားပါလာမှန်း ကျွန်တော်သိ တာပါဗျာ"

လေးလေးမြင့်မှာ ဤအိမ်ထဲဝယ် အစ်ကိုထွန်းနေ ယ်ကို မတွေ့ရပဲ ကိုနိုင်လင်းကို ရိုင်ဖယ်ကိုင်လျက်သားကြီး တွေ့ရသဖြင့် အံ့ဩရသည်။

အကယ်၍ အစ်ကိုထွန်းနေနွယ် ရောက်နေနှင့်ပြီး ကိုနိုင်လင်း ဤမှာပင် ဖမ်းမိထားသည်ဆိုလျှင်လည်း သူ့လက်ထဲမှ ရိုင်ဖယ်ကို သိမ်းဆည်းထားမည်သာ ဖြစ်သည်။

တစ်ခုခုတော့ အမှားအယွင်း ရှိပြီထင်သည်။

သို့တစေ ကိုနိုင်လင်းသည် လေးလေးကို သိနေသည်။ ဒေါ်ကေသီ၏ တူမဖြစ်ကြောင်းလည်း သိထားပုံရသည်။ လေးလေး

www.burmeseclassic.com

www.burmeseclassic.com



မြင့်အား ကိုနိုင်လင်းက ရန်ပြုမည့် အမှုအရာ လုံးဝ မတွေ့ရသောကြောင့် စိတ်မှာ သက်သာရပါသေး၏။

ရောက်မိပြီး အတူတူ ကိုနိုင်လင်းကိုလည်း ပက်ပင်းကြီး တွေ့ရသည်မို့ မြန်မြန်ဆန်ဆန်ပင် ကိုနိုင်လင်းကို ပြန်ခေါ်နိုင်လျှင် ကောင်းမည်ဟုလည်း လေးလေးမြင့် တွေးမိသည်။ အစ်ကိုထွန်းနေနွယ်သည် ကိုနိုင်လင်းကို သိပ်တွေ့ချင်နေသည်။ ကိုနိုင်လင်းကို တွေ့ရပြီး ကိုနိုင်လင်းကသာ သိထားသရွေ့ ထုတ်ဖော်မည်ဆိုလျှင် သစ်စခန်းအရှုပ်တော်ပုံ ပြဿနာတွေ ဖော်ထုတ်လာနိုင်မည်ဟု ယူဆထားသည်။

"ကိုနိုင်လင်းကို ကြည့်ရတာ ကျန်းမာရေး ချို့တဲ့နေပုံပဲနော်"

"ကျန်းမာပါတယ်ဗျာ၊ သိပ်ဆိုးနေတာက အစာလုံးဝမစားရတာပဲ၊ တောထဲက ပေါက်ကရအသီးတွေ ခူးစားရတယ်၊ မျှစ်ချိုးပြီး စားရတယ်၊ ထမင်းနဲ့ဟင်းဆိုတာ အခုနေတွေ့ရင် မှတ်တောင် မှတ်မိမလားပဲ"

"ဒါဆိုလဲ ကျွန်မနဲ့အတူတူ အိမ်ကြီးဆီ ပြန်လိုက်ခဲ့ပါလား"

"အဲဒီလို လိုက်မိရင် ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်သွားမှာပေါ့၊ လူသတ်မှုနဲ့ ဖမ်းကြမယ်၊ နောက်ပြီး ကျုပ်ကို ကြိုးမိုင်ပို့ကြမှာပေါ့၊ ကိုယ် မကျူးလွန်ရပဲနဲ့ ကြိုးစင်တော့ မတက်နိုင်ဘူး မလေးလေးမြင့်ရေ"

"ဘယ်ဟုတ်မလဲ အစ်ကိုထွန်းနေနွယ်က ကိုဘခက်ကို သတ်တဲ့သူဟာ ကိုနိုင်လင်း ဖြစ်ရမယ်လို့မယုံကြည်ဘူးလေ၊ သူ့ရဲ့ ထင်မြင်ချက်တွေ ယူဆချက်တွေကို စခန်းမှူး ဦးအောင်မောင်းကို ပြောပြထားလို့ စခန်းမှူးဦးအောင်မောင်း



ကိုယ်တိုင်က ကိုဘခက်ကို သတ်တဲ့တရားခံအစစ် ရှာဖွေဖို့ အစ်ကိုထွန်းနေနွယ်နဲ့ ပေါင်းပြီး ကြိုးစားနေကြတယ်ရှင့်"

"အဲဒါ တကယ်ပြောတာလား၊ ကျုပ်ကို သွေးဆောင်နေတာလား"

"ကျွန်မကို အကဲခတ်ပေါ့ ကိုနိုင်လင်း၊ ကျွန်မက ကိုနိုင်လင်းကို သွေးဆောင်ပြီး ကြိုးစင်ပို့ပေးလောက်အောင် ရက်စက်တဲ့စိတ်မျိုး ရှိမရှိလေ၊ နောက်ပြီး ကိုနိုင်လင်းကို ကျွန်မက သွေးဆောင်ဖမ်းပေးလို့ ကျွန်မမှာ ဘာအကျိုးကျေးဇူး သက်ရောက်မှာမို့လဲ"

"ကျုပ် ဘယ်သူ့ကိုမှ မယုံဘူးဗျာ"

"ဟုတ်မှာပေါ့၊ ရှင်ဟာ ဘယ်သူ့ကိုမှ မယုံတာ သိပ်ရှင်းခဲ့သားပဲ၊ ကိုယ့်အတွက် ထမင်းဟင်းတွေ လာပို့တဲ့ ကိုယ့်အပေါ် သိပ်ချစ်ရှာတဲ့ မနန်းစိန်ကိုတောင် ရှင်က မယုံကြည်စိတ်နဲ့ ရက်ရက်စက်စက် အသေရိုက်ပစ်ခဲ့သေးတာပဲ"

"ဘာ ဘာ နန်းစိန်ကို 'အသေရိုက်တယ် ဟုတ်လား၊ နန်းစိန် ဘယ်လို အခြေအနေ ရှိသလဲဟင်၊ ပြောပါဦး"

"မနန်းစိန်ခမျာ သေမလောက် ခံလိုက်ရတာပေါ့၊ ဒါပေမယ့် အစ်ကိုထွန်းနေနွယ်နဲ့ ဦးအောင်မောင်းက ချက်ချင်းပျဉ်းမနားဆေးရုံကို ပို့ပေးနိုင်ခဲ့တယ်၊ ဒါကြောင့် မနန်းစိန်ခမျာ သေတော့မသေဘူးပေါ့လေ၊ အထူးကု သူနာပြုဆရာမနဲ့ ဂရုတစိုက် ကုပေးထားတယ်၊ မနန်းစိန်ခမျာ သူသိပ်ချစ်တဲ့ရှင်က ရက်ရက်စက်စက် အသေရိုက်ခဲ့တာကို ဘယ်မှာ စိတ်မကောင်းနိုင်မလဲ၊ စိတ္တဇလိုဖြစ်ပြီး ဘယ်သူ့

www.burmeseclassic.com

www.burmeseclassic.com



ကိုမှ စကားမပြောဘူး၊ အိပ်ရာပေါ်မှာ ပက်လက်ပဲ”

“အိုဗျာ … နန်းစိန်ကို ကျုပ်မရိုက်ဘူး၊ နန်းစိန်ကို ကျုပ်သိပ်ချစ်တာ၊ သူ့ကို ရိုက်ဖို့နေနေသာသာ သူ့ကို ကျုပ်စကားတောင် ရင့်ရင့်သီးသီးတောင် ဘယ်တုန်းကမှ မပြောခဲ့ဘူး၊ နန်းစိန်ဟာ နဂိုကတည်းက သူ့ပါးပေါ်က အမှတ်ကြီးကြောင့် စိတ်ဓာတ်ကျနေတာ၊ သူ့ဘဝကို သူ့ဟာသူ သိမ်ငယ်နေတာ”

ပြောပြောဆိုဆို နိုင်လင်းသည် မျက်နှာကို လက်ဝါးနှစ်ဖက် အုပ်လိုက်ပေသည်။ ချစ်သူအတွက် ကျလာသော မျက်ရည်ကို လက်ဝါးနှစ်ဖက်ဖြင့် ဖုံးကွယ်လိုက်ခြင်း ဖြစ်ပေသည်။

“အဲဒါကြောင့် ပြောတာပေါ့ ကိုနိုင်လင်း၊ ရှင် ဒီလိုသာ လျှောက်ပြီး ဟိုပုန်းဒီပုန်းနဲ့ ထွက်ပြေးနေရင် မနန်းစိန်ကို ရှင် ဘယ်လိုတွေ့ခွင့်ရနိုင်တော့မလဲ၊ မနန်းစိန်က သူ့ကို ရှင် ရက်ရက်စက်စက် ရိုက်ခဲ့တယ်ဆိုတဲ့ အစွဲကို ဘယ်သူက ရှင်းပြနိုင်မှာလဲ၊ ကိုနိုင်လင်းကိုယ်တိုင် မနန်းစိန်ကို ရှင်းပြမှ သူ့ခမျာ စိတ်ဖြေနိုင်မှာပေါ့၊ နောက်ပြီး အစ်ကိုထွန်းနေနွယ်နဲ့ ဦးအောင်မောင်းကလဲ ရှင်ဟာ လူသတ်တရားခံ အစစ် ဟုတ်ချင်မှဟုတ်မယ်ဆိုတဲ့ သံသယရှိနေလို့ တကယ့် လူသတ်တရားခံအစစ်ကို ကြိုးစားဖော်ထုတ်နေတယ်လို့ ကျွန်မ ပြောပြီးပြီပဲ”

“ခင်ဗျား မသိဘူး မလေးလေးမြင့်၊ ကျုပ်က ရဲအဖွဲ့မှာ အဖမ်းခံတာနဲ့ ကျုပ်ကို ချောင်းပြီး သတ်မယ့်လူက ရှိနေတယ်ဗျ၊ ရဲအဖွဲ့ကို ရှောင်ပြေးနေတာက ကျုပ် ရှောင်ပြေးနိုင်



သလောက် အသက်ရှင်ခွင့် ရှိနေဦးမယ်၊ ကျုပ် အဖမ်းခံလိုက်တာနဲ့ သူတို့က ကျုပ်ကို အလျင်ဦးအောင် သတ်ကြမှာဗျ၊ လက်တွေ့ပဲကြည့်ပါလား၊ နန်းစိန်ကို အသေရိုက်သတ်တာ သူတို့ဗျ၊ ကျုပ်က ကျုပ်ချစ်သူကို ရိုက်ရက်မတဲ့လား”

“သူတို့ဆိုတာ ဘယ်သူလဲ ကိုနိုင်လင်း”

“အိုဗျာ … ခင်ဗျား မသိပါဘူး၊ ဘယ်သူမှလဲ မသိကြပါဘူး၊ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ကလဲ လေ်သံတောင် မဟရဲပါဘူး”

“ဒါဆိုလဲ တစ်နေ့မဟုတ်တစ်နေ့ ကိုနိုင်လင်း သေမှာပဲ၊ ရဲတွေကို ရှောင်ရင်း တောထဲမှာ အစာငတ်သေနိုင်တယ်၊ မီးဒဏ်လေဒဏ်နဲ့ အဖျားဝင်ပြီး သေနိုင်တယ်၊ နောက်ပြီး အဲဒီသူတို့ဆိုတဲ့ လူတွေကလဲ ရှင့်လွတ်မြောက်နေတာကို မိသွားရင် ဖော်မှာစိုးတာနဲ့ ရှင့်ကို လိုက်ရှာပြီး သတ်ပစ်ချင်သတ်ပစ်ကြမှာပဲ၊ တောဝက်တို့၊ ကျားတို့နဲ့ တွေ့ပြီးလဲ သေနိုင်တာပဲ”

“မှန်တယ်၊ ခင်ဗျား ပြောတာတွေ ကျုပ်ကိုယ်တိုင် ခေါင်းထဲမှာ တွေးထားတာတွေချည်းပဲ”

“အဲဒီတော့ အခုနေ လှစ်ခနဲ ကျွန်မနဲ့ အတူတူလိုက်ခဲ့ပေါ့ ကိုနိုင်လင်း၊ အစ်ကိုထွန်းနေနွယ်က အမှန်တရားကိုသာ လိုလားတာ၊ အစ်ကိုထွန်းနေနွယ်နဲ့ ဦးအောင်မောင်းတို့ လက်ထဲ ရှင် ရောက်သွားရင် အခုထက်တော့ လုံခြုံမှု ပိုရှိမှာ အမှန်ပဲ၊ အစာငတ်တဲ့ဘေး၊ ရောဂါရတဲ့ဘေး၊ တောကောင်တွေရဲ့ဘေးက လွတ်တဲ့အပြင် လူသတ်နက်ကိုင်ရဲတွေ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အကာအကွာနဲ့ဆိုတော့ အဲဒီသူတို့ဆိုတာက ရှင့်ကို ရန်မူဖို့မလွယ်တော့ဘူးလေ၊ အဲ ... တစ်ခုတော့ ရှိတာပေါ့လေ၊ ကိုဘခက်ကိုသတ်တဲ့ တရားခံအစစ်ကို အစ်ကိုထွန်းနေနွယ်တို့၊ ဦးအောင်မောင်းတို့က မဖော်ထုတ်နိုင်တော့ ရှင့်ကိုပဲ တရားခံအဖြစ် ယူဆမှာပဲ၊ ဒါကလဲ ကိုနိုင်လင်း အပေါ်မှာ တည်တာပဲ၊ ဘာလို့လဲဆိုတော့ တရားခံအစစ်ဖြစ်တဲ့ လူတွေကို ကိုနိုင်လင်း တစ်ယောက်တည်းက သိနေတာ မဟုတ်လား၊ သူတို့က မကောင်းတဲ့လူတွေပဲဟာ၊ ကိုနိုင်လင်းက ဦးအောင်မောင်းကို ဖော်ပြပြီး အစိုးရသက်သေလုပ်လိုက်ရင် သူ့တို့ထိုက်နဲ့ သူတို့ကံပဲ ဖြစ်သွားမှာပေါ့၊ သူတို့က မကောင်းတာ”

နိုင်လင်း ငိုင်သွားသည်။

လေးလေးမြင့်၏ စကားများမှာ ဖျောင်းဖျသွေးဆောင်သည် မဟုတ်ဘဲ အစစ်အမှန်ဖြစ်နိုင်သော လမ်းကြောင်းတွေပါလားဟု နိုင်လင်း သဘောပေါက်သည်။ လေးလေးမြင့် ယခုလို မပြောပြခင်ကတည်းကလည်း ယခု လေးလေးမြင့် ပြောပြသော အချက်အလက်များကို နိုင်လင်းက ကိုယ့်ဘာသာ တွေးမိပြီးသား ဖြစ်ခဲ့သည်။ သို့တစေ နိုင်လင်းက သူ့ဟာသူ တစ်ယောက်တည်း ဦးအောင်မောင်းတို့ဆီ သွားလိုက်သည်နှင့် မိမိကို လူသတ်တရားခံအဖြစ် ချက်ချင်းဖမ်း၊ ချက်ချင်းစွဲချက်တင်၊ ချက်ချင်း ကြိုးဒဏ်ခံရမည်ကို ကြောက်နေသည်။ လူ့မနော၊ လူ့စိတ်အတိုင်း သေရမည်ဆိုဦးတော့ မသေမီအချိန်ကာလကို ကြာသည်ထက်ကြာအောင် အသက်ရှင်နေလိုသေးသည်။



ယခု လေးလေးမြင့်က ဦးအောင်မောင်းတို့ ကိုယ်တိုင်က မိမိအပေါ်တွင် လူသတ်တရားခံဟူ၍ တန်းတန်းစွဲ မယူဆဟူသော စကားကိုသာ ယုံကြည်ရပါက လေးလေးမြင့်အား လူခံအဖြစ်ထားကာ အတူလိုက်သွားသင့်သည်ဟု တစ်ဘက်က အတွေးပေါက်သည်။

သို့သော် လေးလေးမြင့်က ယုံကြည်ရမတဲ့လား၊ မိမိကို ဖမ်းမိရေးအတွက် လေးလေးမြင့်သည် တည်ကြက်အဖြစ် ရောက်ရှိလာခြင်း မဖြစ်နိုင်ပေဘူးလား။

“ခင်ဗျား အခုလာတာ တစ်ယောက်တည်းလား”

“တစ်ယောက်တည်းပေါ့ ကိုနိုင်လင်း”

“ကောင်းပြီလေ၊ ကျုပ် ခင်ဗျားနဲ့ အတူတူ လိုက်ခဲ့ပါ့မယ်၊ ဟိုရောက်တဲ့အခါသာ ...”

နိုင်လင်းက စကားဆုံးအောင် မပြောဘဲ အပြင်ဘက်သို့ နားစွင့်လိုက်သည်။ နိုင်လင်း နားစွင့်သလိုပင် လေးလေးမြင့်ကလည်း နားစွင့်လိုက်သည်။ တစ်ချိန်လုံး လေးလေးမြင့်နှင့်နိုင်လင်း စကားပြောဆိုနေသည်ကို လေးလေးမြင့်ဘေးတွင် ဆောင့်ကြောင့်ထိုင်ကာငြိမ်နေခဲ့သော ဂုမ္ဘာန်ကြီးပင်လျှင် အပြင်ဘက်သို့ နားရွက်နှစ်ဖက်ထောင်ကာ နားစွင့်လိုက်ပေသည်။

“ကြည့်စမ်း၊ ကျုပ် ... ခင်ဗျားကို ယုံကြည်တော့မလို့၊ လက်စသတ်တော့ ခင်ဗျားမှာ အဖော်တွေပါလာပြီး ကျုပ်ကို လာအယုံသွင်းတာကိုး”

နိုင်လင်းက ရိုင်ဖယ်သေနတ်ကို ထောင်ထားရာမှ တံခါးပေါက်ဆီသို့ ထိုးချိန်ရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်လင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်နှင့် ဂုဏ္ဍာန်ကြီးက နိုင်လင်းအား ထိုးပေးဘင်လိုက်သည်။

လေးလေးမြင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရတော့သည်။ မိမိအတွက် မဟုတ်။ အစ်ကိုထွန်းနေနွယ်အတွက် ဖြစ်သည်။

ဤအမဲလိုက်စခန်းအိမ်လေးထဲတွင် ကိုနိုင်လင်းခိုးအောင်းနေမည်ကို အစ်ကိုထွန်းနေနွယ် သိရှိထားဟန်မတူ။ မိမိက အစ်ကိုထွန်းနေနွယ်နှင့် ပက်သက်လာလျှင် ဆန္ဒစောသည်။ စိတ်စောသည်။ ထို့ကြောင့် အစ်ကိုချိန်းဆိုထားသည့် အချိန်ထက်စောစီးစွာ ရောက်နှင့်နေသည်။ အချိန်တိကျသော အစ်ကိုထွန်းနေနွယ်က အခုမှ ချိန်းဆိုထားသည့်အတိုင်း ရောက်လာဟန်တူသည်။

ကိုနိုင်လင်းသည် မိမိကို မယုံကြည်ပါလေတော့။ အစ်ကိုထွန်းနေနွယ် ဝင်ရောက်လာသည်ကို တွေ့သည်နှင့် သေနတ်နှင့် ထိုးပစ်တော့မည် ထင်သည်။

"အထဲကို ဝင်မလာနဲ့ အစ်ကို၊ ဝင်မလာနဲ့၊ ဒီထဲမှာ အန္တရာယ် ရှိနေတယ်"

လေးလေးမြင့်က တခါးဆီသို့ လှမ်းအော်ပြီး သတိပေးစကား ဆိုလိုက်ပေတော့သည်။

သူကအတွက် ကိုယ်ကအဝင်ဆိုတာမျိုး ဖြစ်သွားသည်။

ထွန်းနေနွယ် တောတွင်းစခန်းမှ အိမ်ကြီးဆီသို့ ပြန်ရောက်ချိန်မှာ မွန်းလွဲ ၃ နာရီ ၂၀ မိနစ် ဖြစ်ပါ၏။



ရောက်သည်နှင့် နက်ဖြန် အလုပ်သမားတွေ အလုပ်ပြန်ဆင်းသည်နှင့် မိမိက အစစအရာရာ အသင့်ဖြစ်စေအောင် စီမံခန့်ခွဲရေး ကြိုတင်ပြုလုပ်ရေးအတွက် သူ၏ရုံခန်း အလုပ်စားပွဲသို့ တန်းသွားချင်သည်။

သို့သော် ဒေါ်ကေသီအား အခြေအနေတွေ ဝမ်းသာသင့်သောစကားတွေ ပြောပြဦးမည်ဟု ဧည့်ခန်းသို့ ဦးစွာဝင်လိုက်သည်။

ဒေါ်ကေသီ ဧည့်ခန်းတွင် ရှိမနေပါလေ။

ရိုးရိုးပင်းဖဲ့တစ်ဦးတည်းသာ ဧည့်ခန်းတွင် ငူငူငေါင်ငေါင်ဖြင့် ထိုင်နေသည်ကို တွေ့ရသည်။

"ဒေါ်ကေသီရော ..."

"အိပ်နေတယ် ထင်တာပဲ၊ ဒါထက် အတော်ပဲ၊ ကိုထွန်းနေနွယ်ကို ကျွန်မ ပြောစရာရှိနေတယ်"

"ပြောစရာရှိလဲ ရုံးခန်းထဲလိုက်ခဲ့ပေါ့ဗျာ"

ပြောပြောဆိုဆို ထွန်းနေနွယ်သည် အိမ်ကြီးဧည့်ခန်းမှ ထွက်လာကာ သူ့ရုံးခန်းသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသည်။

ရုံးခန်းစားပွဲတွင် ထိုင်လိုက်သည်နှင့် မြင်ကွင်းတွင် ထင်းခနဲ မြင်သာအောင် စားပွဲပေါ်တွင် ချထားသော စာအိတ်တစ်အိတ်ကို ထွန်းနေနွယ် ထင်းခနဲ မြင်လိုက်ပါ၏။

**ကိုထွန်းနေနွယ်သို့ ...**

စာအိတ်ပေါ်တွင် မြင်သာအောင် မင်ပြာကြီးသော ဘောလ်ပွိုင့်ဖြင့် "ကိုထွန်းနေနွယ်သို့"ဟု ရေးထားသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလာနေကျ စာတွေထက် လိပ်စာတာပ်ပုံ ပိုမိုထူးခြားနေသည်။

ခါတိုင်း လုပ်ငန်းနှင့် ပတ်သက်သော စာတွေလာလျှင် "မန်နေဂျာ၊ မြိုင်သာသစ်စခန်း၊ ပျဉ်းမနားမြို့နယ်"ဟု လိပ်စာအပြည့်အစုံ စာအိတ်ပေါ်တွင် ရေးတပ်လေ့ရှိကြသည်။ ပြီး စာအိတ်တွင် တံဆိပ်ခေါင်းကပ်၊ စာတိုက်တံဆိပ်ရိုက်ထားသည်များလည်း ပါတတ်သည်။

ယခု ဤစာသည် အဝေးမှလာသော စာမဟုတ်နိုင် လုပ်ငန်းနှင့်ပတ်သက်သော စာမဟုတ်နိုင်။ စာအိတ်ထဲမှစာကို မဖွင့်သေးဘဲ ထွန်းနေနွယ် မျက်မှောင်ကုပ် ကြည့်နေလိုက်သည်။

"ကျွန်မ ပြောချင်တယ်၊ ကိုကြိုင်းမောင်နဲ့ကျွန်မ ကွာရှင်းချင်တယ်၊ အခုဆို ကိုကြိုင်းမောင်က နေ့တိုင်း အရက်မူးပြီး ကျွန်မကို ရိုက်မောင်းပုတ်မောင်းနဲ့ ရန်အမြဲလုပ်တယ်၊ ကိုထွန်းနေနွယ်က ဒီမှာ ကိုကြိုင်းမောင်တို့ရဲ့ အကြီးအကဲ မန်နေဂျာ မဟုတ်လား"

ထွန်းနေနွယ်က စာအိတ်ကို ကောက်ကိုင်ရာမှ မဖွင့်သေးဘဲ စားပွဲရှေ့တွင် ရပ်နေသော ရီရီဝင်းကို မော့်ကြည့်လိုက်သည်။

"ကျုပ် မန်နေဂျာအလုပ်ပဲ လုပ်တတ်တယ် မရီရီဝင်း၊ လင်ကွာမယားကွာ အလုပ်တွေဟာ လုပ်ငန်းမန်နေဂျာနဲ့လဲ မဆိုင်ဘူး၊ ခင်ဗျားတို့ ကိုယ်ရေးကိုယ်တာကိစ္စကို ဒေါ်ကေသီကိုပဲ သွားပြောဗျာ"



"ဒေါ်ကေသီကို ပြောတော့ကော ဘာထူးမှာလဲ ကိုထွန်းနေနွယ်၊ ဒေါ်ကေသီရဲ့အကြောင်းလဲ ကိုထွန်းနေနွယ် သိကာပဲ မဟုတ်လား၊ သူက ပြေပြေငြိမ်းငြိမ်း ဖြစ်အောင် တရားပြနားချမှာပဲ၊ နောက်တစ်ချက်က အခု ကိုကြိုင်းမောင်နဲ့ ကျွန်မ တစ်ကျက်ကျက် ဖြစ်တာတွေဟာ ကိုဘခက်နဲ့ ပတ်သက်တယ်လေ၊ ကိုဘခက်နဲ့ ပတ်သက်တယ်ဆိုတာနဲ့ လုပ်ငန်းမန်နေဂျာ ရှင်နဲ့လဲ သက်ဆိုင်လာတာပဲ မဟုတ်လား၊ ရှင့်လက်အောက်က တာဝန်ခံ ကိုဘခက် အသတ်ခံရလို့ပဲ၊ ရှင်ကိုယ်တိုင် မြိုင်သာရဲစခန်းနဲ့ ပူးပေါင်းပြီး တရားခံရှာနေတယ် မဟုတ်လား"

"အဲဒါတော့ မှန်တယ်၊ ကဲ ... ပြော၊ ကိုဘခက်နဲ့ ခင်ဗျားတို့ ဘယ်လို ပတ်သက်ခဲ့တယ်ဆိုတာ"

"ကျွန်မ မငြင်းပါဘူး၊ ကိုဘခက်နဲ့ ကျွန်မဟာ မရှင်းမရှင်း ဖြစ်ခဲ့တယ်ဆိုတာ အခုကိစ္စမှာ ကိုဘခက်ရဲ့ မျက်နှာပေါ်က ကုတ်ခြစ်ရာတွေအရ ကျွန်မနဲ့ စိုးသူဇာကို ကိုထွန်းနေနွယ်တို့ သံသယကင်း ဖြစ်နေမှန်း ကျွန်မ ရိပ်မိတယ်၊ ဒီတော့ ကျွန်မကို အမှုနဲ့ပတ်သက်တယ် ထင်နေသ၍ ဒီသစ်စခန်းက ထွက်သွားခွင့် ရှင်တို့ကပေးကြမှာ မဟုတ်ဘူး၊ ကျွန်မကလည်း ကိုကြိုင်းမောင်ကို စိတ်ကုန်ပြီ၊ ကွာရှင်းပြီး သစ်စခန်းကသွားချင်ပြီ၊ ဒီတော့ ကိုဘခက်မျက်နှာက ကုတ်ခြစ်ရာတွေဟာ ကျွန်မ မဟုတ်ကြောင်း ပြောမယ်၊ ကျွန်မနဲ့ အခုဖြစ်နေတဲ့အမှု ကင်းရှင်းပြီး ကျွန်မ သစ်စခန်းက ထွက်သွားခွင့် လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါဦး၊ အဲဒီကုတ်ခြစ်ရာတွေ ဘယ်သူ့လက်ချက်လဲ ဆိုတာ"

"စိုးသူဇာပဲပေါ့၊ ကျွန်မနဲ့ ကိုဘခက် မရှင်းသလို စိုးသူဇာနဲ့ ကိုဘခက်ကလည်း မရှင်းဘူး၊ ကျွန်မရော စိုးသူဇာရော ဟာ ကိုဘခက်ရဲ့ အိမ်လေးမှာ ကိုဘခက်နဲ့ တွေ့ဆုံလေ့ ရှိကြတယ်၊ ဒါပေမယ့် ကိုဘခက်ချိန်းဆိုတဲ့ အချိန်မှာ သွားတွေ့ကြတော့ စိုးသူဇာနဲ့ ကျွန်မတို့နှစ်ယောက် အတူ မဆုံမိကြတတ်ပါဘူး၊ အဲ ကိုဘခက် သေမယ့်နေ့က ကျွန်မလဲ ပျင်ပျင်းရှိတာနဲ့ ကိုဘခက်နဲ့ အချိန်းမရှိဘဲ သူ့ အိမ်လေးဆီ ကျွန်မ လျှောက်သွားတယ်၊ ဒါပေမယ့် အိမ် ထဲမဝင်ခင် အထဲက ရန်းရင်းဆန်ခတ် ဖြစ်နေသံ ကြားလို့ အပြင်ဘက် ပြတင်းပေါက်က ချောင်းကြည့်တယ်၊ ကျွန်မ ဘာတွေ့တယ် ထင်သလဲ"

"ခင်ဗျားပဲ ဆက်ပြောလေဗျာ"

"ကိုဘခက်က စိုးသူဇာကို ခွတ်မဟားတရား လမ်း ကြိုးစားနေတယ်လေ၊ ကျွန်မ မှန်တာပြောမယ်၊ စိုးသူဇာရော ကျွန်မရောဟာ ကိုဘခက်ကို အပျင်းပြေသဘောနဲ့ တိတိ ဆက်ဆံပုံကလွဲပြီး ကာမသေုမိစ္ဆာကံကို ကျူးလွန်တဲ့ အထိ အဖြစ်မခံဘူး၊ အထဲမှာ စိုးသူဇာနဲ့ကိုဘခက် ဖြစ်နေ တာလဲ ဒီသဘောပဲ၊ စိုးသူဇာက ခွတ်ရန်းကန်ရုံကော သူ့လက်သည်းချွန်တွေနဲ့ ကိုဘခက်မျက်နှာကို ကုတ်ခြစ် လိုက်တာ ကျွန်မကိုယ်တိုင် တွေ့တယ်၊ မျက် ထိသွားရော ကိုဘခက်က စိုးသူဇာကို လွှတ်ပြီး သူ့ မျက်နှာ



ကို သူ့လက်ဝါးနဲ့ အုပ်နေတုန်း စိုးသူဇာ ထွက်ပြေးသွား တယ်၊ ကျွန်မလဲ တိတ်တိတ်လေး ပြန်ပြေးလာတယ်၊ အဲဒီနေ့မှာပဲ ကိုဘခက်ဟာ နောက်ပိုင်း အသတ်ခံရတာပဲ"

ဟုတ်ချင်လည်း ဟုတ်မည်။ လုပ်ကြံပြီး ဓာတ်ကွက် ဆင်ကာ ကိုယ်လွတ်ရုန်း ပြောသွားတာလည်း ဖြစ်ချင်ဖြစ်ပေမည်။

"ကဲ ... ရှင်းပြီ မဟုတ်လား၊ ကျွန်မ သစ်စခန်းက ထွက်သွားချင်တယ်၊ ရပြီမဟုတ်လား"

ထွန်းနေနွယ် ဦးခေါင်း ယမ်းပြလိုက်သည်။

"ကျုပ် ကိုအောင်မောင်းကို ခေါ်ပေးမယ် မရီရီဝင်း၊ ကိုအောင်မောင်း လာတဲ့အခါကျတော့ အခုပြောတဲ့အတိုင်း ကိုအောင်မောင်းဆီမှာ ထွက်ချက်ပေးပေါ့၊ ခင်ဗျား ... သစ်စခန်းက ထွက်သွားခွင့်ဆိုတာက ကိုအောင်မောင်းကပဲ ပေးနိုင်မယ်လေ"

"တယ်ခက်ပါလား၊ ရှင်တို့ဟာ ဟိုလူလွှဲချ ဒီလူလွှဲချနဲ့"

မကျေမနပ် စကားများပြောရင်း ရီရီဝင်းသည် ရှာခန်း ပြန်လှည့်ထွက်သွားပေသည်။

"ခင်ဗျား သစ်စခန်းက ချက်ချင်း ထွက်သွားပါ၊ မသွားရင် လေးလေးမြင့်ကို သတ်ပစ်မယ်"

ဟိုက် ... ဟု ထွန်းနေနွယ် နှုတ်ဖျားမှ စာဖတ်ပြီး သည်နှင့် အာမေဍိတ်သံ ထွက်လာတော့သည်။

လေးလေး အခု ဘယ်မှာလဲ ...

သစ်စခန်းတောထဲက ရဲမြင့်နောင်နှင့် အတူပြန်သွား ခဲ့ရာ အိမ်ကြီးဆီသို့ ချောမောစွာ ပြန်ရောက်ပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကို အကျႌအိတ်ထဲ ထိုးထည့်ပြီး ထွန်းနေနွ သည် ရုံခန်းမှအိမ်ကြီးဆီသို့ မပြေးရုံတမည် ခြေလှမ်းကျဲကျဲ များဖြင့် ထွက်လာခဲ့သည်။

အိမ်ကြီး၏ ဧည့်ခန်းထဲဝယ် ရီရီဝင်း တစ်ယော တည်း ထိုင်နေသည်ကို ပြန်တွေ့ရသည်။ ပုံသဏ္ဌာန်မှာ အိမ်ထ ထဲတွင် ရီရီဝင်းသည် တစ်နေကုန် ရှိနေဟန် တူသည်။ ဒေါ်ကေ ကလည်း အိပ်နေဆဲ ဖြစ်ပေမည်။

"ဒီမယ် မရီရီဝင်း၊ လေးလေးကို ခင်ဗျား ဒီနေ့မွန်းလွဲပိုင်းမှ တွေ့မိသေးလားဟင်"

"တွေ့သားပဲ၊ ရဲမြင့်နောင်နဲ့ နှစ်ယောက်သား ဘယ်က ပြန်လာမှန်း မသိဘူး၊ အိမ်ထဲ ဝင်လာတော့ အတူပဲ လေ"

"ဒါဆို အခု လေးလေး ဘယ်မှာလဲဟင်"

"ပြန်ရောက်လာပြီး ဒေါ်ကေသီနဲ့ စကားပြောနေသေးကာ နောက် ဒေါ်ကေသီကို အိပ်ရာထဲပို့ပေးတယ်၊ ကျွန်မ လေးလေးနဲ့ စကားပြောတဲ့အကြောင်းတွေ ကျွန်မကိုယ်တိုင် မပြောဘဲ လေးလေးကတစ်ဆင့် ပြောခိုင်းချင်လို့ ပေ ဒေါ်ကေသီ ရှိနေတော့ မပြောသာဘူး၊ ဒေါ်ကေသီ အိပ်ခ ဝင်သွားပြီးတော့လဲ လေးလေးကြည့်ရတာ ပျာယီးပျာယ မိုးကာတွေ၊ အနွေးထည်တွေယူပြီး ဟိုအံပြင် ထွက်သွားတာ မပြောလိုက်ရဘူး"

"ဟို … အပြင်ထွက်သွားတယ် ဟုတ်လား၊ ဘယ်တကြ မရီရီဝင်း"



ရီရီဝင်းက ထိုင်ရာမှထ၍ လေးလေးမြင့် ထွက်သွား ရာဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

ထွန်းနေနွယ်က လေးလေးမြင့် သွားရာသို့ ခြေရာခံ လိုက်ရန် ဧည့်ခန်းထောင့် သေနတ်စင်မှ ပြောင်းတိုသေနတ် တစ် လက်ကို သွားယူရင်း ခေါင်းထဲတွင် စဉ်းစားစရာတစ်ခု ပေါ်လာ သည်။ လေးလေးမြင့် သွားသည်မှာ ရဲမြင့်နောင်နှင့် အတူသွားသည် ဆိုပါက မိမိလိုက်စရာ မလိုတော့ ဟူသောအတွေး ဖြစ်ပါသည်။

"နေပါဦး မရီရီဝင်း၊ လေးလေးက ရဲမြင့်နောင်နဲ့ အတူ တူထွက်သွားတာလားဟင်"

"ရဲမြင့်နောင်ကလေးလေးကို ဒီအိမ်ကြီးထဲ ပို့ပြီးတဲ့နောက် သူ့ဟာသူ ပြန်ထွက်သွားတာပဲ၊ ဒီအိမ်ကြီးက လေးလေး ထွက်သွားတော့ တစ်ယောက်တည်းပဲလေ၊ လမ်းကျမှ ရဲမြင့်နောင်နဲ့ ချိန်းတွေ့သလားဆိုတာတော့ ဘယ်သူသိနိုင် မှာလဲ"

"လေးလေး ထွက်သွားတာ ကြာပြီလားဟင်"

"နာရီဝက်လောက်တော့ ရှိရောပေါ့"

ထွန်းနေနွယ်သည် သူ၏ လက်ပတ်နာရီကို ငုံ့ကြည့် လိုက်သည်။

သုံးနာရီ ငါးဆယ်မိနစ် ရှိပေပြီ။

ထွန်းနေနွယ်သည် လျင်မြန်သော ခြေလှမ်းတို့ဖြင့် ရီရီဝင်း ညွှန်ပြရာဘက်သို့ ထွက်လာသည်။ အပြင်ရောက်သည်နှင့် လေးလေးမြင့် ခြေရာကို ကောက်ကြည့်သည်။ လေးလေးမြင့် စီး သောဖိနပ်ဆိုက်ကို ထွန်းနေနွယ် မှန်းကြည့်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပျော့များတွင် လေးလေးမြင့်ခြေရာကို တွေ့ သည်။ တစ်ဖါလှုံခန့် အရောက်တွင် လေးလေးမြင့် ခြေရာသာမ လေးလေးမြင့်နှင့် အတူသွားသော ခွေးခြေရာကိုပါ တွေ့ရသည်။ လေးလေးမြင့်နှင့်အတူ ဂုမ္ဘာန်ကြီး လိုက်ပါသွားသည်ဟု ထွန်းနေနွ မှတ်ယူရပြန်သည်။

မပြေးရုံတမည် ခြေလှမ်းတို့ဖြင့် လာခဲ့သောကြော မကြာမတင်မှာပင် အမဲလိုက်စခန်း အိမ်ကလေးအနီးသို့ ရော လာသည်။

ဂုမ္ဘာန်ကြီး၏ ဟောင်သံဟိန်းသံတွေ ထွန်းနေနွယ ကြားရသည်။ ထို့နောက် မရှေးမနှောင်းမှာပင် လေးလေးမြ အော်ဟစ်သံ မပီမသ ကြားလိုက်ရသည်။

ထွန်းနေနွယ် အားသွန်ပြီး အမဲလိုက်စခန်း အိမ်လေ ဆီသို့ အပြေးလာခဲ့တော့သည်။



(၂၅)

နိုင်လင်းက သေနတ်ထိုးချိန်လိုက်သည်နှင့် ဂုမ္ဘာန်ကြီးက နိုင်လင်း ထက် ဦးမိုလျှင်မြန်စွာ လွှားခနဲ နိုင်လင်းအား ခုန်အုပ်လိုက် သည်။

“အစာတော် အားပြတ်နေသော နိုင်လင်းမှာ လှုပ်ရှားမှု မသွက်ရုံမက ဂုမ္ဘာန်ကြီး လွှားခနဲ ခုန်အုပ်လိုက်သည့်ဒဏ်ကိုပင် မခံနိုင်ဘဲ လဲကျသွားသည်။ ဂုမ္ဘာန်ကြီးက မိမိအား မခဲမကိုက်စေ ရန် ခြေကားယား လက်ကားယားဖြင့် ကာကွယ်နေရသည်။ သေနတ် ဟခြား လူတခြား ဖြစ်သွားသည်။

လေးလေးမြင့်က ခေတ္တကြောင်နေပြီးနောက် အပြေး ကလေး သွားရောက်ပြီး ရိုင်ဖယ်သေနတ်ကို ကောက်ယူလိုက်သည်။

ထိုစဉ်မှာပင် တံခါးပွင့်သွားကာ ထွန်းနေနွယ် ဘွားခနဲ ဝင်ရောက်လာတော့သည်။

“ဟောကောင် ဂုမ္ဘာန် လာ လာခဲ့”

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေနွယ်၏ အသံကို ကျက်မိသလို ဂုမ္ဘာန်ကြီးက နိုင်လင်းကို လေးဘက်ခွထားရာမှ ထွန်းနေနွယ်ရှိရာသို့ လှမ်းကြည့်သည်။

"လေးလေး ဂုမ္ဘာန်ကြီးကို ခေါ်လိုက်ပါဦး၊ ဒီကောင်ကြီးက လေးလေးကို အင်မတန် ခင်မင်ပုံပဲ"

လေးလေးမြင့်သည် အနီးတိုးကပ်သွားကာ ဂုမ္ဘာန်ကြီးအား ဆွဲယူလိုက်သည်။

ဂုမ္ဘာန်ကြီးသည် တကယ့်စိတ်ကောင်းရှိသော ခွေးကြီးပေတည်း။ နိုင်လင်းက သူ့အား နာကျင်အောင် မည်သို့ပြုပြန်လည်ခုခံနိုင်စွမ်း မရှိမှန်းသိသောကြောင့် ဂုမ္ဘာန်ကြီးကလည်း ဟိန်းဟောက်ရုံမျှသာပြီး ကိုက်ခဲခြင်း မပြုပါပေ။

ထွန်းနေနွယ်ကပင် ပက်လက်ပြစ်နေသော နိုင်လင်းကို သွားရောက်ထူမပေးပြီး ယိုင်စေသည်။

"ထိုင် နိုင်လင်း အသက်ဝအောင်ရှူ၊ စိတ်ငြိမ်အောင်ထား၊ စိတ်အေးလက်အေး နေလိုက်စမ်း၊ မင်းကို ငါ့က ဘယ်လိုမှ ရန်မပေးဘူး၊ နာကျင်အောင် မလုပ်ဘူး"

နိုင်လင်း ငုတ်တုတ်ထထိုင်သည်။ နိုင်လင်း၏ ဘက်ကိုယ်လုံး တုန်ယင်နေသည်။

"မင်း သိပ်မိုက်မဲပါလား နိုင်လင်း၊ မင်းကိုယ်မင်း အပြစ်ပိုလေးအောင် မင်း လုပ်နေတယ်၊ မင်း ဘာလို့ လျှောက်ပြီး ရှောင်ပြေးနေတာလဲ၊ ပုန်းအောင်းနေတာလဲ"

နိုင်လင်းက ဘာမျှ ပြန်မပြောသေး။ သူ၏ နှုတ်ခမ်းကို လျှာထုတ်ပြီး လျက်နေသည်။



ထွန်းနေနွယ်က သူ၏အကျီဘယ်ညာထက်အောက် အိတ်များသို့ နှိုက်ကြည့်သည်။

တော်ပေသေးသည်။ ရန်ကုန်သွားစဉ်က ဂလုပ်ရုံဘက် လျှောက်ရင်း ချောကလက် တစ်ကပ်ဝယ်စားပြီး ကျန်သေးသော ချောကလက်ကို အကျီအိတ်တစ်ခုတွင် ထည့်ထားသည်မှာ ယခုထိ ရှိနေသေးသည်။

"ရော့ မင်း သိပ်ကိုဆာလောင်နေပုံပဲ၊ ဒီချောကလက်ကို အဆာပြေစားထား။ အိမ်ကြီးရောက်မှ မင်း ထမင်းစား"

နိုင်လင်းမှာ ဟန်ပင်မဆောင်နိုင်ဘဲ ထွန်းနေနွယ်ပေးသော ချောကလက်ကို လှမ်းယူပြီး အငမ်းမရ ကိုက်စားလိုက်သည်။

"အစ်ကို အစ်ကို"

လေးလေးမြင့်က အလန့်တကြား အော်လိုက်သဖြင့် နိုင်လင်း မျက်နှာပေါ်သို့ အာရုံအပြည့် ရောက်နေသော ထွန်းနေနွယ်သည် ကယောကယာ လေးလေးမြင့်ကို လှမ်းကြည့်လိုက်သည်။

"ဟိုမှာ ဟိုမှာ"

ထွန်းနေနွယ် ချောက်ခနဲ လေးလေးမြင့်အနီးသို့ ရောက်သွားပြီး လေးလေးမြင့်က ဟိုမှာဟု ညွှန်ပြရာသို့ လှမ်းကြည့်သည်။

ဘာမျှမတွေ့ရ။ ရွက်အုပ်ဖားနှင့် ပင်စည်တုတ်ခိုင်သော သစ်ပင်ကြီးများကိုသာ တွေ့ရသည်။

"ဘာလို့လဲ လေးလေး"

"လူတစ်ယောက်လို့ ထင်တာပဲ သစ်ပင်ကြီးတွေ ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ရိပ်ခနဲ တွေ့လိုက်တာ၊ ကစ်ကိုယ်လုံး အဝတ်မည်း ဝတ်ထားသလိုပဲ၊ သစ်ပင်ရိပ် ကျနေတာကလည်း အမည်း တွေ"

ထွန်းနေနွယ်သည် စောစောက ဂုမ္ဘာန်ကြီး ရပ်နေရာကို လှမ်းကြည့်သည်။ ဂုမ္ဘာန်ကြီးသည် စောစောကနေရာတွင် မရှိပါလေတော့။ အပြင်သို့ ထွက်သွားပြီ ဖြစ်မည်။ ဒီကောင်ကြီး အကျင့်က တစ်နေရာတွင် အကြာကြီး နေလေ့မရှိ။ လေးလေးမြင့် အားကိုးနိုင်သော ထွန်းနေနွယ် ရောက်ရှိလာပြီမို့သူ့အဖို့ လေးလေး မြင့်အနီးတွင် ဆက်လက်နေရန် မလိုတော့ဟုများ သဘောပိုက် ထွက်သွားလေသလား မပြောတတ်။

"ဂုမ္ဘာန်ကြီး ထွက်သွားပြီ လေးလေး၊ ဒီကောင်ကြီးကို ရိပ်ခနဲ လေးလေး လှမ်းမြင်တာများလား"

"ခွေးနဲ့ လူနဲ့ အသိသာကြီးပါ အစ်ကို"

ထွန်းနေနွယ် ပခုံးတွန့်သည်။ ချောကလက်စားနေဆဲ နိုင်လင်းကို တစ်ချက်လှမ်းကြည့်ပြီးမှ လေးလေးမြင့်အား ထွန်းနေ နွယ်က မေးခွန်းမေးလိုက်သည်။

"လေးလေးက ဘာကိစ္စ တစ်ယောက်တည်း စခန်းအိမ် လေးကို လာခဲ့တာလဲ၊ ဘာလဲ မနန်းစိန်က နိုင်လင်း ဒီမှာပုန်းနေတယ် သူ့ကိုယ်စား သွားတွေ့ပေးပါလို့ ခိုင်း လိုက်လို့ ရောက်လာတာလား"

"ကျွန်တော် ဒီမှာပုန်းနေမှန်း အနန်း လုံးဝမသိပါဘူးဆရာ၊ ဘာလို့လဲဆိုတော့ ကျွန်တော် ဒီအမဲလိုက်စခန်းအိမ်လေးထဲ ကို ရောက်လာတာ တစ်နာရီတောင် မပြည့်သေးဘူး"



ဟုတ်လောက်ပေသည်။ မနန်းစိန်သည် အရိုက်ခံရသည့်နေ့မှစပြီး ယနေ့တိုင် နိုင်လင်းနှင့် ဆက်သွယ်နိုင်စရာ အကြောင်းမရှိ။ ဖျဉ်းမနားဆေးရုံသို့ ပို့ထားရသည်။ ဆေးရုံမှ အိမ်ကြီးဆီ ပြန်ရောက်တော့လည်း ရောက်သည်မှစ၍ အိပ်ရာထဲ ပက်လက်နေသည်မကသေး စခန်းမှူးကိုအောင်မောင်း ထည့်ပေး ထားသော အစောင့်က မနန်းစိန်ကို အလစ်မပေး၊ မျက်ခြည်မပြတ်။ ထို့ကြောင့် နိုင်လင်း၏ စကားကို ထွန်းနေနွယ် ယုံကြည်သည်။ နိုင်လင်းသည် တောထဲတွင် ဟိုပုန်းဒီပုန်း ခိုအောင်းပြီး အစာငတ် လာရာမှ အမဲလိုက်စခန်းအိမ်လေးသို့ လေလုံမိုးလုံ ခိုလှုံရန်နှင့် စားစရာတစ်ခုခု တွေ့လိုတွေ့ငြား မကြာခင်ကမှ ရောက်လာခြင်း သာဖြစ်ရမည်။

ယင်းသို့ဆိုလျှင် လေးလေးသည် ဤအမဲလိုက် စခန်းအိမ်လေးသို့ အဘယ်ကြောင့် ရောက်လာလေသနည်း။

"ဒီမှာအစ်ကို၊ ရော ... ဒီစာဖတ်ကြည့်"

လေးလေးမြင့် ကမ်းလင့်သောစာကို ထွန်းနေနွယ် စိတ်ဝင်တစား လိုလိုလားလား ဖွင့်ဖတ်ကြည့်သည်။

**လေးလေး**

*တစ်ခါက လေးလေး တောင်ကုန်းပေါ်က လိမ့်ကျပြီး အစ်ကိုနဲ့အတူ အိမ်ကြီးဆီ ပြန်လာတုန်း လမ်းမှာ အစ်ကို ပြခဲ့ဖူးတဲ့ အမဲလိုက်စခန်းအိမ်လေးကို မှတ်မိမှာပေါ့။*

ဤမျှလောက် ဖတ်ကြည့်လိုက်သည်နှင့် ထွန်းနေနွယ် မျက်ချင်း သဘောပေါက်သည်။ လက်ရေးကလည်း မှိုမိုက်ရေးကို

www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ဆုံး တုရေးထားသော လက်ရေးမှန်း မြင်ရုံနှင့် ထွန်းနေနွယ် နားလည်သွားသည်။

"အဲဒီစာဟာ အစ်ကိုရေးတာ မဟုတ်ဘူး လေးလေး"

"လက်ရေးက သိပ်တူနေတယ် အစ်ကို၊ နောက်ပြီး ဒီစာဟာ အတုလား အစစ်လားဆိုတာ လေးလေး ဘာဝေခွဲတတ်မှာလဲ၊ အစ်ကိုက ဒီနေရာကို ချိန်းရိုးမှန်နေပြီ; လေးလေး မလာရင် အစ်ကိုစိတ်ဆိုးမှာ လေးလေး အကြောက်ဆုံးလေ၊ အစ်ကို့ရဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာကို မယုံလို့ပဲ မလာသလိုလို ဖြစ်တော့မှာ"

ထွန်းနေနွယ်သည် လေးလေးမြင့် စကားအဆုံးတွင် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ပြီး လေးလေးမြင့်ကိုလည်း တယုတယ သူမ၏ လက်ဖမိုးလေးကို ကိုင်ကာ ဖျစ်ညှစ်လိုက်မိသည်။

ဖျစ်ညှစ်လိုက်သည့် အချိန်မှာပင် ထွန်းနေနွယ်၏ ဦးနှောက်တို့ကလည်း ယန္တရားလည်သလို လည်ပတ်လိုက်ပါသည်။

ဤစာကို လက်ရေးတုဖြင့် ရေးသားသူသည် သစ်စခန်းတစ်ခုလုံးအား မွှေနှောက်ပြီး ပြဿနာတွေ ဖန်တီးနေသော တရားခံအစစ် ဖြစ်ရပေမည်။

သူသည် လေးလေးမြင့် တောင်ပေါ်မှ လိမ့်ကျခဲ့သည်ကို သိနေသူဖြစ်နေသည်။ အမှန်မှာ လေးလေးမြင့် တောင်ပေါ်မှ အရိုက်ခံပြီး ကျခဲ့သည်ကို အိမ်ကြီးတွင် မည်သူ့ကိုမျှ မပြော။ ဒေါ်ကေသီပင် လေးလေးမြင့်က မပြောခဲ့မှန်း ထွန်းနေနွယ် သိထားသည်။ ဤတရားခံသည် တောင်ပေါ်မှ ချုံကွယ်တွင် ငွေညှစ်စကားတွေ ပြောခဲ့သူ နှစ်ယောက်အနက် တစ်ယောက်မို့သာ



လေးလေးမြင့် တောင်ပေါ်က အရိုက်ခံ လိမ့်ကျခဲ့မှန်း သိနေခြင်း ဖြစ်သည်။ အကြောင်းတစ်ခုခုကြောင့် ကိုဘခက်က ထိုတရားခံအား ငွေညှစ်မည်။ တရားခံက မပေးလိုဟု ကိုဘခက်ကို သတ်ပစ်သည်။

ထို့ပြင် ထွန်းနေနွယ်တစ်ယောက် ယနေ့အဖို့ အိမ်ကြီးတွင် ရှိမနေသည်ကိုလည်း တရားခံက သိနေသည်။ လေးလေးမြင့်နှင့် ထွန်းနေနွယ်တို့ သံယောဇဉ် ရှိကြသည်ကိုလည်း တရားခံက ရိပ်မိသည်ပင်။ ပြီး ထွန်းနေနွယ်၏ လက်ရေးကိုလည်း တရားခံက မြင်တွေ့ဖူးကာ တင်ကြိုလေ့ကျင့်ထားချင်ပင် ထားချေမည်။ ထို့ကြောင့် လေးလေးမြင့် ယုံကြည်နိုင်အောင် တုရေးနိုင်ခြင်း ဖြစ်ပေမည်။ လေးလေးမြင့် မလာဘဲ မနေနိုင်အောင်။

"စိတ်ချ လက်မထပ်သေးခင် လေးလေးနစ်နာသွားအောင် အစ်ကို ဘာမှမလုပ်ဘူးလို့ ကတိပေးတယ်၊ အစ်ကို သိက္ခာကိုယုံပါ" ဟူသော စကားလုံးတွေ သုံးပြီး လေးလေးမြင့်မလာလာအောင် ခေါ်လိုက်သည်။

တရားခံ၏ စိတ်ကူးမှာ လေးလေးမြင့်လာလျှင် ဖမ်းထားမည်။ မိမိအား လေးလေးမြင့် ဒုက္ခမရောက်စေလိုလျှင် သစ်စခန်းမှ ထွက်သွားဆိုသည့် အကြောင်းကြားချက်စာကို ပေးသည်။ လေးလေးမြင့်ကို ငဲ့ညှာပြီး မိမိ သစ်စခန်းမှ ထွက်သွားခြင်းကို တရားခံက အဓိကလိုလားခြင်း ဖြစ်သည်။

သို့သော် တရားခံ၏ ချိန်းဆိုချက်တွေ အောက်သွားသည်။ မမျှော်လင့်ပဲ အမဲလိုက်စခန်း အိမ်လေးထဲတွင် နှီလင်း ရောက်နေသည်။ မိမိကလည်း တရားခံက လေးလေးမြင့်ကို ချိန်းဆိုထားသည့် ညနေလေးနာရီတွင် ယနေ့အဖို့ မိမိသည်

www.burmeseclassic.com

www.burmeseclassic.com



သစ်စခန်းကို မီးချုပ်မှ ရောက်မည်ဟု တွက်ထားကောင်း တွက်ထားမည်။

သူချိန်းသည့် ယခုလေးနာရီတွင် သူရောက်လာသောအခါ အမဲလိုက်စခန်း အိမ်လေးထဲတွင် လေးလေးမြင့်သာမက ထွန်းနေနွယ်ရော နိုင်လင်းရော ရောက်နေသည်ကိုသာ သိရှိသွားမည်။ ထို့ကြောင့် တောရိပ်ခိုကာ ပြန်လှည့်ပြေးသည်ကို လေးလေးမြင့်က ရိပ်ခနဲ တွေ့လိုက်ခြင်း ဖြစ်ပေမည်။

ထွန်းနေနွယ်က ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ တရားခံအစစ်ကို ဖမ်းမိရန် မဝေးတော့ဟု တွက်လိုက်သည်။ နိုင်လင်းကသာ စခန်းမှူးကိုအောင်မောင်းရှေ့တွင် သူတွေ့ကြုံသိရှိသမျှ ဖွင့်ပြောလျှင် တရားခံကို မိတော့မှာ သေချာသည်။

ထွန်းနေနွယ်သည် နိုင်လင်းဘက်သို့ လှည့်လိုက်သည်။

"မင်းဟာ လူမိုက်ပဲ နိုင်လင်း၊ မင်း ဘာလို့ထွက်ပြေးတာလဲ နိုင်လင်း"

"မပြေးရင် ဆရာနဲ့ ဦးအောင်မောင်းတို့က ကျွန်တော့်ကို ဖမ်းမှာပဲ မဟုတ်လား"

"ဟာ ... မင်းကိုယ်တိုင်က ကိုဘခက်ကို သတ်ခဲ့ရင်တော့ ဟုတ်တာပေါ့၊ ကဲ ... ငါ မေးမယ်၊ ကိုဘခက်ကို မင်း သတ်ခဲ့လို့လား"

နိုင်လင်းက မဖြေ။ ငူတူတူနှင့် ထိုင်မြဲထိုင်နေသည်။

"ပြောလေကွာ ..."

"ကိုဘခက်ကို ကျွန်တော် သတ်တယ်လို့ပဲ ဆရာတို့အားလုံးက ထင်နေကြတာပဲ မဟုတ်လား၊ ဟောဒီ မလေးလေးမြင့်ကို ဘူတာက ကြိုလာတဲ့နေ့က ကျွန်တော့်အဆိုင်းသစ်ပင်လှဲကျတုန်းက ကိုဘခက် မောင်းလာတဲ့ မြင်းလှည်းပေါ် ပိကျကတည်းက ကိုဘခက်ကို ကျွန်တော်က တမင်ကြံစည်တာလို့ ဆရာတို့အားလုံးက ယူဆထားတယ်ဆို"

"ယူဆတယ်ဆို ဟုတ်လား၊ မင်းစကားက မင်းအပေါ်မှာ တို့အားလုံးက အဲဒီလိုယူဆထားတယ်လို့ တစ်ယောက်ယောက်က မင်းကိုပြောပြ ခြိမ်းခြောက်ထားတဲ့ သဘောပဲ၊ ကဲကွာ မင်းကို ဘယ်သူက ပြောတာလဲ၊ အိမ်ကြီးထဲမှာနေတဲ့ လူတစ်ယောက်ယောက်က ပြောတာပဲ မဟုတ်လား"

နိုင်လင်း မလှုပ်ပြန်။ အဖြေမလာ။ သူ၏ ဦးခေါင်းကိုသာ ခါယမ်းပြနေသည်။

"ပြောကွာ"

"ကျွန်တော် ဘာမှ မပြောဘူးဆရာ၊ နဂိုတည်းက ကျွန်တော် ဆရာနဲ့ဦးအောင်မောင်းတို့ မဖမ်းမိဘဲ ကျွန်တော် လွတ်နေသလောက် ကျွန်တော့်ဘဝမှာ အသက်ရှင်ခွင့်ရနေနိုင်တယ်လို့၊ တကယ်လို့ မြို့သာနယ်မြေကလွတ်ပြီး တခြားရောက်သွားရင် ကျွန်တော် လွတ်ရမယ်လို့လေ"

"ဟာ ... မင်းပြောပုံက အဲဒီနည်းနဲ့ လွတ်ရင်လွတ်၊ ဒီနည်းကိုမှ မသုံးရင် မင်းဟာ တစ်ဦးတစ်ယောက်ရဲ့ အသတ်ခံရတော့မယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးလား"

နိုင်လင်း ပါးစပ်ပိတ်သွားပြန်သည်။ နောက်ထပ် ထွန်းနေနွယ်က ဘာမေးမေး ပြန်မပြောပါလေတော့။



www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်က ထွန်းနေနွယ်အနီးသို့ တိုးကပ်သွားကာ လက်ကုတ်ပြီး တိုးတိုးလေး ပြောသည်။

"ဒီမှာ ဆက်မေးမနေနဲ့ အစ်ကို၊ အိမ်ကြီးကောက်ပွဲ မနန်းစိန်ကိုချောပြီး ပြောခိုင်းကြည့်ကြစို့လား၊ မနန်းစိန့် အပေါ်မှာထားတဲ့ သူ့သံယောဇဉ်နဲ့သူ ပြောချင်ပြောလာမှာပါ"

ထွန်းနေနွယ်က လေးလေးမြင့်၏ စကားကို လက်ခံပေသည်။ လေးလေးမြင့် ကိုင်ထားဆဲ ရိုင်ဖယ်ကို ထွန်းနေနွယ် လှမ်းယူလိုက်ပြီး စစ်ဆေးကြည့်ရှုသည်။

ဤရိုင်ဖယ်သည် ဒေါ်ခကာသိ၏ ဧည့်ခန်းထဲမှ ပျောက်ဆုံးသွားသော ရိုင်ဖယ်စစ်စစ်ပါတည်း။ နိုင်လင်းလက်ထဲသို့ အဘယ်ပုံ ဤရိုင်ဖယ် ရောက်ရှိလေသနည်း။ နိုင်လင်းလို အလုပ်သမားတစ်ယောက်အဖို့ အိမ်ကြီးတွင် ဝင်ထွက်ခြင်း ဘယ်တုန်းကမှ မရှိပါလေ။

ဤရိုင်ဖယ်ကို မနန်းစိန်က တိတ်တဆိတ်ယူပြီး နိုင်လင်းကို ပေးချင်ပေး၊ သို့မဟုတ်ပါက အခြားအိမ်ကြီးတွင် နေထိုင်သူ တစ်ယောက်ယောက်က ဤရိုင်ဖယ်ကို တိတ်တဆိတ် ယူဆောင်သွားခြင်း ဖြစ်ရမည်။

ကိုဘခက်ကို ပစ်သတ်ခဲ့သည်မှာ ဤရိုင်ဖယ်နှင့် ပစ်မှန်း သေချာသည်။

စိုးသူဇာနှင့် မရှင်းခဲ့သော ကိုဘခက်ကို တာဝန်ခံ ကျော်ဝင်းမောင်ကလည်း ဤရိုင်ဖယ်ဖြင့်ပင် ပစ်သတ်နိုင်သေးသည်။



ရီရီဝင်းနှင့် ဇရုတ်ကျခဲ့သော ကိုဘခက်ကို တာဝန်ခံ ကိုကြိုင်းမောင်ကလည်း ဤရိုင်ဖယ်ဖြင့် ပစ်သတ်နိုင်စရာ ရှိသည်ပင်။

ထို့ကြောင့်လည်း ကိုဘခက် အသတ်ခံရပြီဟု ကြားလိုက်ရသည်နှင့် စိုးသူဇာ လှေကားဆင်းလာရာမှ သတိလက်လွတ် ဖြစ်သွားခြင်းပေလား။

ဒါဆိုလျှင် ကိုဘခက် အသတ်ခံရပြီဟု ကြားသည်နှင့် ရီရီဝင်းလည်း ရယ်တစ်လှည့် ငိုတစ်ခါဖြင့် ရူးကြောင်ကြောင်ဖြစ်သွားခြင်းကကော အဘယ်ကြောင့်နည်း။ မိမိနှင့် ကိုဘခက် မရှင်းမရှင်း အနေအထိုင်တွေကြောင့် လင်တော်မောင် ကိုကြိုင်းမောင်က ကိုဘခက်အား အပြတ်ရှင်းလေသလားဟု လင်ကိုကြိုင်းမောင် အတွက် စိုးရိမ်စိတ်ပူကာ ရူးကြောင်ကြောင် ဖြစ်သွားရခြင်းပေလား။

စိုးသူဇာရော ရီရီဝင်းရော ဘခက်ကို အရောဝင်စဉ်က အရောဝင်သည် ဖြစ်သော်လည်း သံယောဇဉ် ထားကြပုံတော့ သိပ်မရမှန်း ထွန်းနေနွယ် ကောင်းကောင်း အကဲခတ်မိသည်။ ယင်းအမျိုးသမီးနှစ်ဦးစလုံး ရှော့(ခ်)ဖြစ်သွားရခြင်းမှာ ကိုဘခက်အတွက် မဟုတ်နိုင်။ သူတို့လင်တော်မောင်တွေ လူသတ်မှုကျူးလွန်လိုက်ပြီ ထင်၍သာ ဖြစ်ပေမည်။

ကောင်းပြီ။ ယင်းသို့ တွက်လိုက်လျှင် ကိုဘခက်ကို သတ်သူသည် ကိုကျော်ဝင်းမောင်လည်း ဖြစ်နိုင်သည်။ ကိုကြိုင်းမောင်လည်း ဖြစ်နိုင်သည်။

ရှုပ်လိုက်ပါဘိ။ တစ်ဦးတစ်ယောက်တည်းကိုစိတ်ညွှီးထိုး စွပ်စွဲရန် ခက်လိုက်ပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေနွယ်က ဆက်မတွေးတော့ဘဲ နိုင်လင်း၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"ကဲ ... သွားစို့ နိုင်လင်း၊ အေး ... အခုကတည်းက ငါ ကြိုတင်ပြောထားမယ်၊ မင်း ဒီအမှုမှာ တကယ်အပြစ်ကင်း တဲ့လူဆိုရင် မင်း သိထားသမျှ ကိုအောင်မောင်းကို ဖွင့် ပြော၊ အဲ ... မပြောသရွေ့တော့ မင်းကိုပဲ ကိုအောင်မောင်း က လူသတ်တရားခံအဖြစ် ယူမှတ်လိမ့်မယ်၊ အဲဒါ ငါ ကြိုတင်သတိပေးထားတာပဲ"

ထွန်းနေနွယ်က ရိုင်ဖယ်ကို လက်ဝဲလက်က ကိုင် သည်။ နိုင်လင်း လက်မောင်းကို လက်ယာလက်က ကိုင်ထား သည်။

လေးလေးမြင့်က နောက်မှ လိုက်လာသည်။

သူတို့အားလုံး အမဲလိုက် အိမ်လေးထဲက ထွက်လာ ပြီး အတော်အတန် လျှောက်လာမိလေမှ ဘယ်ချောင်က ဘယ်လို ထွက်လာလေသည်မသိ။ ဂုမ္ဘာန်ကြီးသည် သစ်ပင်တွေအသ ထွက်ပြေးလာသည်။

လေးလေးမြင့်ဘေးသို့ ဂုမ္ဘာန်ကြီးက အရောက်လာပြီး သည်နှင့် ဘာတွေကို ဘယ်လိုမကျေနပ်လာမှန်း မပြောတတ်။ ရှေ့တည့်တည့်၏ လက်ယာဘက်ခြမ်းကို ကြည့်ကာ တအားပါ ဟောင်တော့သည်။ ဟိန်းတော့သည်။

ထွန်းနေနွယ်က ဂုမ္ဘာန်ကြီး၏ အရိပ်အကဲကို တပါး အကဲခတ်မိလိုက်သည်နှင့် ...

"မှောက်ချ ... မြေကြီးမှာ မှောက်ချ လေးလေး"



ပြောပြောဆိုဆို ထွန်းနေနွယ် ကိုယ်တိုင်ကလည်း နိုင်လင်းကို မြေပြင်သို့ လှဲချပြီး သူကိုယ်တိုင်လည်း မှောက်ချသည်။ တစ်ချိန်တည်းမှာပင် ထွန်းနေနွယ်၏ အော်သံကြောင့်ရော၊ ထွန်း နေနွယ် မှောက်ချလိုက်သည်ရော လေးလေးမြင့်ကလည်း ယောင် တောင်တောင်နှင့် မှောက်ချလိုက်သည်။

"ဒိုင်း"

ထင်သည့်အတိုင်းပင် ဂုမ္ဘာန်ကြီး မျက်နှာမူပြီး ထိုး ဟောင်နေသော တောအကွယ် ချုံအကွယ်မှ သေနတ်သံ ထွက်လာ တော့သည်။

အကယ်၍ ထွန်းနေနွယ်တို့သုံးယောက်သာ အမှောက် မမြန်လျှင် တစ်ဘက်မှပစ်လိုက်သော သေနတ်ကျည်ဆန်သည် သူတို့သုံးဦးအနက် တစ်ဦးဦးကို ထိကောင်းထိနိုင်မည်လား မပြော တတ်။

ထွန်းနေနွယ်က ဒါမျိုးတွင် မင်တက်မမိ။ ကြောင် တောင်တောင်မဖြစ်။ နဂိုတည်းက သွေးအေးပြီး သတ္တိကောင်းသူ ပီပီ သူ၏ရိုင်ဖယ်ကို မောင်းတင်ကာ တစ်ဘက်သေနတ်သံ ထွက် လာရာသို့ ဒိုင်းခနဲ ဒိုင်းခနဲ နှစ်ချက်ဆင့်ပြီး ပြန်ပစ်လိုက် သည်။

တစ်ဘက်မှ သေနတ်သမားက တစ်ချက် ပြန်ပစ် ပြန်သည်။ မြေတွင် ဝမ်းလျားမှောက်နေသူကို တစ်ဘက်မှ မြေစိုက်ထိအောင် ပစ်ရန်မလွယ်ပါပေ။ ပြီး တစ်ဘက်မှ ရန်သူသည် သူ့ကိုယ်သူ ထွန်းနေနွယ်တို့ မမြင်နိုင်အောင် ပုန်းကွယ်ပစ် သောကြောင့် ပစ်ကွင်း ချိန်သားမကိုက်သည်လည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်မှာ တစ်ဘက်မှ လှမ်းပစ်နေသော ရန်သူ၏ သေနတ်မှာ ခြောက်လုံးပြူးလို၊ ပစ္စတိုလို ပြောင်းတို ယမ်းအားနည်း သေနတ်မျိုးဖြစ်မှန်း သေနတ်သံကို နားထောင်ရုံဖြင့် ထွန်းနေနွယ် သိရှိလိုက်သည်။ အနီးကပ်မဟုတ်ဘဲ အဝေးမှ လှမ်းပစ်သည်မျိုး၌ ပြောင်းတိုသေနတ်သည် တော်ရုံတန်ရုံ သေနတ်ပစ်တတ်ရုံမျှနှင့် ပစ်မှတ်ကို ထိမှန်ဖို့ ခဲယဉ်းလှဘိသည်။

ယင်းအချက်များကြောင့် တစ်ဘက်ရန်သူ၏ ပစ်ချက်သည် လုံးဝအရာမရောက် ဖြစ်နေသည်။

ထွန်းနေနွယ်က တောကွယ် ချုံကွယ်ထဲမှ ရန်သူကို နောက်ထပ် ရိုင်ဖယ်ဖြင့် နှစ်ချက်ဆင့်ပစ်ပြန်သည်။

ထပ်မံ၍ တစ်ဘက်မှ သေနတ်သံ မပေါ်လာတော့။

သို့တစေ ထွန်းနေနွယ်က အားလုံးကို ချက်ချင်း မတ်တတ်မရပ်စေသေးဘဲ မှောက်နေရန် ပြောထားသည်။

ဂုမ္ဘာန်ကြီးသည် တခဏဟောင်ပြီးနောက် ဆက်မဟောင်တော့ဘဲ လေးလေးမြင့် မှောက်နေသော ဘေးတွင် သူ့ဂိုယ်တိုင် အေးဆေးစွာ ဝပ်နေတော့သည်။

ထွန်းနေနွယ်က ဂုမ္ဘာန်ကြီး၏ အမူအရာကို လှမ်းအကဲခတ်သည်။ ဤလိုတောတောင် လျှိုမြောင်ကြားဝယ် ခွေးသည် လူထက်ပို၍ သိစွမ်းနိုင်ပါ၏။ ဂုမ္ဘာန်ကြီး၏ အရိပ်အကဲကို ကြည့်သည်နှင့် တစ်ဘက်ရန်သူသည် ပြန်ပြေးသွားပြီ။ ရှက်ကွယ်ပြုသွားပြီဟု ထွန်းနေနွယ် မှတ်ယူလိုက်သည်။

ထိုစဉ်မှာပင် • နိုင်လင်းသည် မှောက်လျက်သား ငိုသံပါကြီးနှင့် ပြောလိုက်သည်။



"ဒါ ... ကျွန်တော့်ကိုသတ်တာ ဆရာ၊ အဓိက ကျွန်တော့်ကို လှမ်းပစ်တာ၊ ကျွန်တော့်ကို ဆရာတို့ ဖမ်းမိသွားပြီ၊ အကျိုးအကြောင်းတွေ ကျွန်တော် ဖော်ပြောတော့မှာစိုးလို့ ကျွန်တော့်ကို နှုတ်ပိတ်တာ"

"ဘယ်သူက မင်းကို နှုတ်ပိတ်တာလဲ နိုင်လင်း"

ဤလိုမေးပြန်တော့လည်း နိုင်လင်းက ဘာမျှ ပြန်မဖြေတော့ဘဲ ဦးခေါင်းကိုသာ ယမ်းခါနေတော့သည်။

ထွန်းနေနွယ် စဉ်းစားမိသည်။ တစ်ဘက်ရန်သူက နိုင်လင်းကို နှုတ်ပိတ်ချင်သည့် အကြောင်းသက်သက်ဆိုလျှင် အကြောက်လွန်နေသော နိုင်လင်းသည် တစ်ဘက်ရန်သူ မည်သူမည်ဝါဟု၍ ဘယ်တော့မျှ ဖွင့်ပြောတော့မည် မဟုတ်ဟူ၍။

"ဒီမယ် ... နိုင်လင်း၊ မင်းကို နှုတ်ပိတ်ချင်တာကြောင့် ပစ်တာဟုတ်ချင်လဲ ဟုတ်မယ်ပေါ့ကွာ၊ ဒါပေမယ့် အဲဒီအကြောင်းတစ်ခုတည်းလို့တော့ တရားသေ မင်းယူဆပြီး ကြောက်မနေနဲ့၊ ရော့ ... ဟောဒီစာ ဖတ်ကြည့်စမ်း"

ထွန်းနေနွယ်က သူ့အိတ်ထဲမှ စာခေါက်ကိုယူပြီး နိုင်လင်းကို ဖတ်ခိုင်းသည်။ နိုင်လင်းက ခေါင်းမော့ဖတ်ကြည့်သည်။

"ခင်ဗျား သစ်စခန်းက ချက်ချင်းထွက်သွားပါ။ မသွားရင် လေးလေးမြင့်ကို သတ်ပစ်မည်"

"တွေ့လား ... နိုင်လင်း၊ ရန်သူက ငါ့ကိုလဲ မလိုလားဘူး၊ ငါ သစ်စခန်းမှာ ရောက်နေတာဟာ သူ့အတွက် အနှောင့်အယှက် ဖြစ်နေတယ်၊ ငါက သူ့ဆန္ဒအတိုင်း သစ်စခန်းက

www.burmeseclassic.com

www.burmeseclassic.com



ထွက်မသွားတော့ အခု ငါ့ကို လုပ်ကြတာ ဖြစ်နိုင်တယ်၊ မင်းကသာ သိသလောက် ဖွင့်ပြောရင် ဒီရန်သူကို တို့ ... အမိဖမ်းရုံပဲ"

နိုင်လင်း နားမဝင်။ ဦးခေါင်းသာ ခါယမ်းနေသော သည်။ ရန်သူက ယခုလို ချောင်းမြောင်းပြီး မိမိတို့အား ပစ်ခတ် သည်ကိုပင် နိုင်လင်းသည် နဂိုထက် ပိုမိုကြောက်လန့်နေပုံ ... သည်။

"ကဲ ... ထ သွားကြမယ်"

လေးလေးမြင့် စိုးရိမ်စိတ်ဖြင့် လှမ်းမေးသည်။

"ဆက်သွားလို့ ဖြစ်ပါ့မလား အစ်ကို၊ ဖော့်ကြာ နောက် တစ်ခါ ထပ်ပြီး"

"စိတ်ချ လေးလေး၊ ဒီကောင် ပြန်ပြေးပြီ၊ အစ်ကိုလက်ထဲမှာ ရိုင်ဖယ်သေနတ် ရှိနေမှန်း သူသိသွားပြီပဲ၊ နောက်တစ်ချီ ထပ်မလုပ်ရဲပါဘူး၊ နောက်ပြီး ဂုမ္ဘာန်ကြီးကလဲ အတူလိုက် လာမှာပါ လေးလေး၊ ဂုမ္ဘာန်ကြီးက ရှေးက ကိုက်တစ်လော လောက်မှာ ရှိနေတဲ့ ရန်သူတစ်ချိုးကို သူ့သဘာဝအရ ထပ်ကြိုသိနိုင်စွမ်း ရှိပါတယ်"

ထွန်းနေနွယ် အမိန့်အတိုင်း အားလုံး ဆက်လျှောက် ခဲ့ကြသည်။ ဂုမ္ဘာန်ကြီးသည် လှစ်ခနဲ ရှေ့မှထွက်သွားတော့သည်။ သခင်နှင့်အတူ သွားကြပြီဆိုလျှင် သူတို့က ရှေ့မှကြိုတင်သွားတတ် သည်မှာ ခွေးတို့သဘာဝပါတည်း။

မကြာမီတွင် အိမ်ကြီးဆီရောက်ရန် တစ်ဖါလုံခန့်အလို လူသံတွေ ကြားရသည်။



"ဟေး ... ဟူး"

စသည့် လူတွေဆီက အသံပေးသံလည်း ကြားရ သည်။

"ဟေး ..."

ဟု ထွန်းနေနွယ်က အောင်မြင်သော အသံကြီးဖြင့် အသံပြန်ပေးလိုက်သည်။

ဂုမ္ဘာန်ကြီးကလည်း ရှေ့မှလာနေသော လူတွေဆီသို့ အမြီးနှံ့ပြေးသွားသည်။ ဂုမ္ဘာန်ကြီး၏ အကဲကို ကြည့်ခြင်းဖြင့် ရှေ့မှ လာနေသူများသည် အိမ်ကြီးဆီမှ လာနေသော အိမ်သားများ ဖြစ်ရမည်ဟု ထွန်းနေနွယ် တွက်မိပါ၏။

မှန်ပေသည်။

အဖွဲ့ကို ကိုအောင်မောင်းနှင့် လက်နက်ကိုင် ရဲသား သုံးဦးက ခေါင်းဆောင်လာသည်။ နောက်တွင် ကိုကြိုင်းမောင်၊ ကိုကျော်ဝင်းမောင်နှင့် ရဲမြင့်နောင်တို့ ပါရှိလာကြသည်။

"ခရီးရောက်မဆိုက်ပဲ အာစရိရေ၊ ဒေါ်ကေသီနဲ့ စကားပြော နေတုန်း ဒီဘက်က သေနတ်သံကြားတာနဲ့ အာစရိတော့ တစ်ခုခု ဖြစ်နေတယ်ဆိုပြီး ထွက်လာတာ၊ မရိရိဝင်းက ပြောတယ်လေ၊ အာစရိရော မလေးလေးမြင့်ရော ရှေ့ဆင့် နောက်ဆင့် ဒီဘက်ကို ထွက်သွားကြတယ်လို့၊ အဲ ... ဒါ ထက် ဒီလူကဘယ်သူလဲ အာစရိ"

စခန်းမှူး ကိုအောင်မောင်းက ရွှန်းရွှန်းဝေ ပြောရင်း ထွန်းနေနွယ်နှင့် အတူပါလာသော နိုင်လင်းကို ကြည့်ကာ မေး မြန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်လင်းလေ ... ကိုဘခက် အသတ်ခံရပြီး ထွက်ပြေးနေတဲ့ နိုင်လင်းပေါ့"

"ဩ ... ဩ ... ဒါဆိုရင် ..."

ကိုအောင်မောင်း စကားမဆုံးမီ ထွန်းနေနွယ်က ကြားဖြတ် ပြောလိုက်သည်။

"ကဲ ... အိမ်ကြီးရောက်မှ ကျုပ် ကိုအောင်အောင်းကို ပြောပြမယ်၊ ပြောစရာတွေ အများကြီး ... အိမ်ကြီးဆီသာ မြန်မြန်သွားစို့"

သူတို့အားလုံး အိမ်ကြီးဆီသို့ ဆက်သွားမီ ထွန်းနေနွယ်က ကိုအောင်မောင်းအား တိုးတိုးစကား တခဏပြောပြီး နိုင်လင်းအား ကိုအောင်မောင်းလက်သို့ အပ်သည်။

ကိုအောင်မောင်းက သူ့တပည့် ရဲနှစ်ယောက်လက်သို့ နိုင်လင်းကို စောင့်ကြပ်ရန် ထည့်လိုက်ပြီး ကိုအောင်မောင်း ကိုယ်တိုင်နှင့် ကျန်ရဲသား တစ်ယောက်တို့က နောက်ဆုံးတွင် နေရာယူပြီးမှ အိမ်ကြီးဆီသို့ ထွက်လာကြသည်။

ထွန်းနေနွယ်က ကိုအောင်မောင်းအား တိုးတိုးစကား ဆိုခြင်းမှာ လူသတ်တရားခံအစစ်သည် အိမ်ကြီးထဲတွင် နေထိုင်ကြသူထဲမှ တစ်ယောက်ယောက်ဖြစ်မှာ သေချာသည်။ ယခု အိမ်ကြီးတွင် နေကြသော ရီရီဝင်း၊ စိုးသူဇာ၊ ဒေါ်ကေသီနှင့် နန်းစိန်မှအပ ယောကျ်ားတွေအားလုံး ဉာဏ်လူအုပ်တွင် ရှိနေသည်။

ဆိုလိုသည်မှာ ကိုကြိုင်းမောင်၊ ကျော်ဝင်းမောင်နှင့် ရဲမြင့်နောင်တို့ အားလုံး ဉာဏ်လူအုပ်ထဲတွင် ရှိနေသည်။ သူတို့ သုံးယောက်စလုံး တခြား လစ်မသွားစေရန် ကိုအောင်အောင်းက



နောက်ဆုံးမှ လိုက်ပြီး မျက်ခြည်မပြတ် စောင့်ကြည့်ရန် ဖြစ်တော့သည်။

ထို့နောက် အိမ်ကြီးဆီသို့ ဆက်လက်လာခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၂၆)

အိမ်ကြီးထဲသို့ ရောက်ကြသည်နှင့် ကိုအောင်မောင်းသည် အိမ်ကြီး၏ နောက်ဖေးပေါက် ဘေးပေါက် စသည် အဝင် အထွက် တံခါးမကြီးများပိတ်ကာ သော့ခတ်လိုက်သည်။ ရှေ့ဝင်ပေါက် ထွက်ပေါက် တံခါးတွင် လက်နက်ကိုင်ရဲသားနှစ်ယောက် အစောင့်ချထားပြီး မည်သူမျှ အပြင်ထွက်ခွင့် မပေးရဟု အမိန့်ပေးလိုက်သည်။

"ဘာလဲဗျ ဦးအောင်မောင်း ခင်ဗျားက အာဏာကို အစွမ်းကုန် သုံးလိုက်တာလား၊ ကျုပ်တို့အားလုံးကို နွားတွေ ခြံခတ်ပြီး လှောင်သလို လှောင်ထားလိုက်တာလား"

စိတ်ဆတ်သော ကျော်ဝင်းခေါင်က သူတို့အားလုံးကို ဧည့်ခန်းတွင် ထိုင်ခိုင်းပြီး တံခါးတွေ သော့ခတ် ရှေ့ပေါက်ကို လက်နက်ကိုင် ရဲအစောင့်ချပြီး အပြင်သို့ လုံးဝထွက်ခွင့်မပြုသည်ကို မကျေမနပ် လှမ်းအော်ပြောလိုက်သည်။

"ခဏတဖြုတ်တော့ သည်းခံပါ ကိုကျော်ဝင်းမောင်၊ တရား



ခံအစစ် ပေါ်ပေါက်ဖို့အတွက် ဒီလိုလုပ်ရတာပါ၊ ခင်ဗျားလဲ သိသားပဲ၊ အခုဟာက ခင်ဗျားတို့ကို အချုပ်ခန်းထဲ ထည့်သေးတာမှ မဟုတ်တာ"

"ဘာထူးသေးလဲဗျ" ဟု ကိုကြိုင်းမောင်ကလဲ ဒေါသသံဖြင့် ကိုအောင်မောင်းကို လှမ်းပြောသည်။

"အခု ခင်ဗျားလုပ်ပုံဟာ ကျုပ်တို့ကို အကျယ်ချုပ်သဘော လုပ်လိုက်တာပဲ၊ ကျုပ်တို့မှာ ဒီမိုကရေစီ အခွင့်အရေး ဆုံးရှုံးတယ်၊ လူတစ်ယောက်ကို ဖမ်းတယ် ချုပ်တယ်ဆိုတာ ဝရမ်းတို့ ဘာတို့ ရှိရမယ်၊ ဥပဒေက သိမ်မွေ့လျက်နဲ့ ခင်ဗျားလုပ်ပုံတွေ ကြမ်းတယ်၊ ကျုပ်လဲ မကျေနပ်ဘူး"

"ဟုတ်ကဲ့၊ ခဏတဖြုတ် သည်းခံပါလို့ပဲ ကျုပ် ထပ်ပြီး တောင်းပန်ပါတယ် ကိုကြိုင်းမောင်"

ရဲမြင့်နောင်က ကိုကြိုင်းမောင်၏ လက်မောင်းကို ညင်သာစွာ လှမ်းကိုင်ရင်း ...

"လုပ်ပါစေ အစ်ကိုကြိုင်းမောင်၊ အဲ သူပိုင်ရင်ပိုင်ပေါ့ဗျာ၊ သူမပိုင်ရင်တော့ ဒီကိစ္စတွေပြီးတဲ့အခါ ပျဉ်းမနားက ဒီအက်(စ်)ပီ (ခရိုင်ရဲဝန်) အထိ ကျွန်တော်တို့ တက်ပြီး တိုင်ကြတာပေါ့"

စခန်းမှူး ကိုအောင်မောင်းက ပခုံးတွန့်ပြလိုက်သည်။

"အေးပေါ့ဗျာ၊ ကျုပ်ပိုင်ရင်ပိုင် မပိုင်ရင် ဟောဒီက ကျုပ်အာဏာရှိဖြစ်ခဲ့ဖူးတဲ့ ဆရာထွန်းနေနွယ်လိုပဲ နယ်ပြောင်း အပြစ်ပေးတို့၊ ရာထူးချလိုက်တာတို့ ကျုပ်ခံရမှာပေါ့ဗျာ၊ ကိစ္စမရှိဘူးလေဗျာ၊ ထောင်မကျရင် ပြီးရောဗျာ နယ်ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပေးလဲ ဟောဒီရာသီဥတုဆိုးရွားပြီး သွားရေးလာရေးခက်လှတဲ့ မြို့သာကနေ တခြား ဘယ်ပြောင်းပြောင်းကျုပ်ကကျေနပ်တယ်၊ အဲ ... ရာထူးချလဲ ကျုပ် ပျော်ပျော်ပဲ၊ အခုခေတ်မှာက ရာထူးကြီးလာလေ နိုင်ငံရေးသမားဆရာကြီးတွေကို ကြောက်ရလေမို့ ရာထူးထပ်ငယ်သွားလဲ အကြောင်းမဟုတ်ဘူး ...”

ကိုအောင်မောင်းကလည်း သူ့အလုပ်တွင် မှန်တယ်ထင်လို့ လုပ်တယ်ဆိုသည့် စိတ်ဓာတ်မျိုးလေး သူ့ဆရာ ထွန်းနေနွယ်ကဲ့သို့ပင် ရှိထားဟန်တူသည်။ ကိုကြိုင်းမောင်၊ ကိုကျော်ဝင်းမောင်နှင့် ရဲမြင့်နောင်ကို ရှုးရှုးရဲရဲကြည့်ကာ မိုက်ကန်းကန်းပင်သွေးအေးအေးဖြင့် ပြန်ပြောလိုက်သည်။

သုံးယောက်စလုံး ကိုအောင်မောင်းအား မကြည့်ရှင်သလို စက်ဆုပ်သလို မျက်နှာလွှဲလိုက်ကြသည်။

ထို့နောက် ဒေါ်ကေသီအား ကိုအောင်မောင်း လှမ်းကြည့်ပြန်သည်။

ဒေါ်ကေသီ ထိုင်နေရာ ပက်လက်ကုလားထိုင်အနီးသို့ ကိုအောင်မောင်း တိုးကပ်သွားကာ လေသံလေးဖြင့် မေးမြန်းလိုက်သည်။

“အန်တီ့ကို ကျွန်တော် တစ်ခုမေးချင်လို့၊ မန်နေဂျာကိုခေါင်းသေသွားပြီးမှ ဒီသစ်စခန်းနဲ့ သစ်လုပ်ငန်းကို ပျဉ်းမနားကလူတစ်ယောက်က ဝယ်ချင်တဲ့အကြောင်း ခဏခဏ ဒေါ်ကေသီကို ဖုန်းဆက်တယ်ဆို”

ဒေါ်ကေသီ ခေါင်းညိတ်ပြသည်။



“အဲဒီလူဟာ ဘယ်သူလဲဟင်၊ သူ့ကိုယ်သူ ဘယ်သူဘယ်ဝါလို့ ပြောသေးလား”

ဒေါ်ကေသီ ခေါင်းခါပြသည်။

“သူ့ကိုယ်သူ ဘယ်သူဘယ်ဝါလို့ မပြောပါဘူး မောင်အောင်မောင်း၊ သူပြောပုံက အန်တီက ရောင်းဖို့ဆုံးဖြတ်ပြီဆိုရင် သူကိုယ်တိုင် အန်တီ့ဆီ လိုက်လာမယ်လို့သာ ပြောတာ”

ကိုအောင်မောင်း ခေါင်းကုတ်သည်။

ထွန်းနေနွယ်က ကိုအောင်မောင်း ယခု ဒေါ်ကေသီအား မေးမြန်းနေသော ကိစ္စသည် အကြောင်းတစ်ခုခု ရှိရမည်ဟုသာ တွေးပြီး အေးမှ ငြိမ်သက်စွာ နားထောင်နေမိသည်။

“ကျွန်တော် စဉ်းစားတယ် အန်တီ၊ တကယ်လို့ အန်တီက ဒီသစ်စခန်းနဲ့ ဒီသစ်စခန်းလုပ်ငန်းကြီးကို ရောင်းချင်စိတ်ဖြစ်လာပြီဆိုတော့ အဲဒီ ဘယ်သူဘယ်ဝါမှန်း မသိတဲ့လူကို ဘယ်လိုဆက်သွယ်မှာလဲ”

“အဲ ... ဟုတ်သားပဲ၊ အဲဒါ ပြောဖို့ကျန်နေတယ်၊ အဲဒီဖုန်းဆက်တဲ့လူက ပြောသေးတယ်၊ နောက်ထပ် သူ့ဖုန်းဆက်ပြီး မမေးမချင်းအတွင်း အန်တီက ရောင်းချင်စိတ်ပေါ်လာတယ်ဆိုရင် မောင်ဘခက်ကိုသာ ပြောလိုက်ပါတဲ့”

“ဗျာ ... ကိုဘခက်ကို ဟုတ်လား၊ ဒါဆို အဲဒီလူကို ကိုဘခက်က သိနေလို့ နေမှာပေါ့”

“အင်းလေ ... အဲဒီလိုပဲ ဖြစ်မှာပေါ့”

“ဒို့ ... အန်တီက ကိုဘခက်ကို ဒီသစ်စက်နဲ့ လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ချင်နေတဲ့ ပျဉ်းမနားက အဲဒီပုဂ္ဂိုလ်ဟာ ဘယ်သူလဲလို့ မေးမကြည့်မိဘူးလားဟင်"

ဒေါ်ကေသီက ခေါင်းခါပြသည်။

"ဘာမေးစရာ ရှိမှာလဲ မောင်အောင်မောင်း၊ အန်တီက အန်တီ့ရဲ့ခင်ပွန်း လက်ငုတ်လက်ရင်းကို ဘယ်တော့မှ ရောင်းမယ်လို့ စိတ်မှမကူးတာ၊ ရောင်းမယ် စိတ်ကူးမိရင်တော့ မောင်ဘခက်ကို မေးမိမှာပေါ့လေ"

ထိုစဉ်မှာပင် ...

မနန်းစိန်အတွက် ကိုအောင်မောင်းက စောင့်ရှောက်ရန် တာဝန်ပေးထားသူ ညွှန့်ခန်းထဲ ဝင်လာသည်။ သူ့ဆရာ ကိုအောင်မောင်း အနီးသို့ ရောက်လာသည်။

"ဆရာ၊ လူနာက ဒီအိမ်မှာ အတူနေတဲ့ မလေးလေးမြင့်ကို ခေါ်ပေးပါတဲ့၊ မလေးလေးမြင့်ကို သိပ်တွေ့ချင်၊ သိပ်စကားပြောချင်လို့တဲ့၊ အဲဒါ တွေ့ခွင့်၊ စကားပြောခွင့် ပေးရမလား ဆရာ"

"ဟာ ... သိပ်ပေးသင့်တာပေါ့"ဟု ထွန်းနေနွယ်က လွတ်ခနဲ ပြောလိုက်မိသည်။

ကိုအောင်မောင်းက တွေ့သင့်ပေးမပေး စဉ်းစားနေစဉ်မှာပင် ထွန်းနေနွယ်က သိပ်ပေးသင့်တာပေါ့ ဟူသောစကားကြောင့် သူ့တပည့်အား ခေါင်းညိတ်ပြလိုက်တော့သည်။

"လာ အာစရိ၊ ကျွန်တော်နဲ့အာစရီ နှစ်ယောက်တည်း ဧည့်ခန်းမှာ သွားတိုင်ပင်စို့၊ အာစရီကလဲ ကျွန်တော့်ကို ပြောစရာတွေ အများကြီး ရှိနေတယ်ဆို"



နှစ်ဦးသား ရုံးခန်းဘက်သို့ ထွက်လာခဲ့ကြသည်။ စားပွဲတွင် ထိုင်မိသည်နှင့် ထွန်းနေနွယ်က မေးလိုက်သည်။

"နေပါဦး၊ မောင်ရင် ဒေါ်ကေသီကို သစ်စက်နဲ့သစ်စခန်း အရောင်းအဝယ်ကိစ္စ မေးရာမှာ တော်တော် စိတ်ဝင်တစား မေးတယ်၊ ဘာလို့ အဲဒါကို မေးတာလဲ"

"ဒီလို အာစရိရဲ့၊ အာစရီ ရန်ကုန်သွားနေတုန်းမှာ ပျဉ်းမနားရဲ့အဖွဲ့က သတင်းအရ ဆိုပါတော့၊ ပျဉ်မနားက ဦးမောင်မောင်စိန်ဆိုတဲ့ လူရဲ့ခြံနဲ့တိုက်ကို ဝရမ်းနဲ့ ဝင်ရှာခဲ့တယ်"

"ဘာသတင်းရလို့ ရှာတာလဲ"

"ငွေစက္ကူအတုလုပ်တဲ့ စက်ရှိတယ်ဆိုတဲ့ သတင်းလေ၊ သတင်းမှန်ပဲ အာစရိ၊ ဦးမောင်မောင်စိန်ရဲ့ တိုက်အိမ်အောက် ထပ်ဘက် မြေတိုက်ထဲက ငွေစက္ကူအတုစက်ကို တွေ့ရတယ်၊ အချပ်ကြီးတွေချည်း ရိုက်နိုင်တဲ့စက်လေ၊ ရာတန် ငါးဆယ်တန်ကိုသာ ရိုက်တာ၊ စက်က သိပ်ကိုကောင်းတယ်၊ မြန်မာလုပ် မဟုတ်ဘူး၊ နိုင်ငံခြားကစက်၊ လုပ်ပြီးထားတဲ့ ရာတန်တချို့နဲ့ ငါးဆယ်တန်တချို့ကိုလဲ တွေ့တယ်၊ အစစ်နဲ့ ခွဲမရဘူးဆရာ"

"အဲဒီတော့ ဆိုပါဦး"

"ဦးမောင်မောင်စိန်ကတော့ ဘာမေးမေး မသိဘူးဆိုတဲ့ တစ်ခွန်းပဲ ပြောတယ်၊ နောက်ပြီး ဦးမောင်မောင်စိန်က နည်းနည်း အကောင်ကြီးတယ်၊ ပါလီမန်အတွင်းဝန်ကြီးရဲ့ အကာအကွယ်ယူထားတယ်၊ ဒီတော့လဲ သူ့တပည့်

www.burmeseclassic.com

www.burmeseclassic.com



ညာလက်ရုံးစက်ဆရာ ဦးအောင်ဘဆိုတဲ့လူကို ပျဉ်းမနားရဲက သူ့နည်းသူ့ဟန်နဲ့ဖိစစ်တာ၊ ဦးအောင်ဘက ဖော်တာပဲ ဆရာ၊ ဒီစက်ကို ဦးမောင်မောင်စိန်က ယိုးဒယားဘက်က လှည့်ပြီး သွင်းလာတဲ့စက်တဲ့"

"နေဦးကိုအောင်မောင်း၊ ကျုပ်စဉ်းစားနေတာက မောင်ရင်မြိုင်သာရဲ့စခန်းမှာ တာဝန်ကျတာပဲ၊ ငွေစက္ကူအတုစက်က ပျဉ်းမနားရဲနဲ့ဆိုင်တာ၊ ဘာကိစ္စ မောင်ရင်က ဒီကိစ္စမှာ ဒီလောက်စိတ်ထက်သန်နေတာလဲ"

"ဒီလိုလေ ဆရာ၊ ဦးအောင်ဘက ဖြောင့်ချက်သဘောမျိုး ထွက်ဆိုတဲ့နေရာမှာ ဦးမောင်မောင်စိန်ဟာ ' ဒီစက်ကို နိုင်ငံခြားက ဝယ်ယူတာတော့ အမှန်ပါတဲ့၊ ဒါပေမယ့် ဒီစက်နဲ့ရိုက်ပြီး ငွေစက္ကူအတုလုပ်တဲ့ကိစ္စကို မကျူးလွန်သေးပါဘူးတဲ့၊ ဖမ်းမိတဲ့ရာတန်၊ ငါးဆယ်တန်အတုဟာ စက်တကယ်ကောင်းမကောင်း သိနိုင်ရုံလောက် အစမ်းရိုက်ကြည့်တာပါတဲ့၊ ရိုက်ပြီးတဲ့ငွေစက္ကူတစ်ချပ်မှ အပြင်ထုတ်လူထုလက်ထဲ မဖြန့်ဝေရသေးပါဘူးတဲ့၊ ဒါပေမယ့် ငွေစက္ကူအတုလုပ်တဲ့ ပြစ်မှုကို မကျူးလွန်သေးဘူးပေါ့ အာစရိ၊ အမှုပေါ်စေတာပေါ့၊ ပေါ်တဲ့အမှုလောက်ကို ဆရာကြီးတွေ အကူအညီနဲ့ လွှတ်စေရမယ်ပေါ့"

"အင်း … ဆက်ပြောပါဦး၊ မောင်ရင်နဲ့ ဆက်စပ်လာပုံက ဘယ်လိုလဲတဲ့"

"ဦးအောင်ဘက သူ့ထွက်ဆိုချက် ခိုင်မာအောင် ထွက်ဆိုတဲ့နေရာမှာ ဦးမောင်မောင်စိန်က သူ့တိုက်သူ့ခြံနဲ့ သူ့ ။



တိုက်ထဲမှာ ဒီစက်ကို မရိုက်ရသေးဘူးတဲ့၊ မြို့လယ်မှာ စက်ရိုက်တာဟာ တစ်နည်းမဟုတ်တစ်နည်း ပတ်ဝန်းကျင်က ရိပ်မိနိုင်တာမို့ လုံးဝမရိုက်သေးဘဲ စိတ်ချလုံခြုံတဲ့နေရာကို ရှာနေဘယ်တဲ့၊ အဲ … ဦးမောင်မောင်စိန် စိတ်ကြိုက်ရွေးလိုက်တဲ့ နေရာကတော့ ဒေါ်ကေသီရဲ့ သစ်စက်နဲ့ သစ်စခန်းနေရာပဲ ဆရာ၊ တယ်လီဖုန်း ဆက်သွယ်ပြီးသား ရှိနေတယ်၊ သစ်စက်ကပဲ ပြန်ထုတ်နိုင်တဲ့ လျှပ်စစ်အားနဲ့ သူ့ငွေစက္ကူအတုစက်ကို ရိုက်နိုင်လည်ပတ်နိုင်တယ်၊ အဲဒီအချိန်မှာ ဒေါ်ကေသီကလဲ ယောက်ျားသေပြီး သစ်စက်လုပ်ငန်းကို မနိုင်မနင်းဖြစ်နေတယ်၊ ဒါ့ကြောင့် ဒေါ်ကေသီဆီ ခဏခဏဖုန်းဆက်ပြီး သစ်စက်နဲ့လုပ်ငန်း ရောင်းမလားလို့ မေးတာ ဦးမောင်မောင်စိန်လားလို့ ကျွန်တော်က ဒေါ်ကေသီကို မေးတာ၊ အဲ … ဦးအောင်ဘရဲ့ ထွက်ဆိုချက်ထဲမှာ မြိုင်သာသစ်စက်နဲ့ သစ်စခန်းတွေပါလာတော့ ပျဉ်းမနားရဲက ကျွန်တော့်ကို လှမ်းခေါ်တဲ့သဘောပဲ၊ ဒေါ်ကေသီရဲ့ စက်နဲ့လုပ်ငန်းက ကျွန်တော့်ဧရိယာထဲမှာ မဟုတ်လား"

ထွန်းနေနွယ်သည် ကိုအောင်မောင်း ပြောသမျှကို နားထောင်ရင်း သူ၏ဦးနှောက်ထဲ၌ လှစ်ခနဲလှစ်ခနဲ အလင်းရောင်တန်းလေးတွေ ဝင်လာသလို ခံစားရသည်။ ပြီး ပြတ်နေသော သံကြိုးတစ်ခုတွင် ပြန်ဆက်မိအောင် ကွင်းကလေးတွေ ရလာသလိုလည်း စိတ်မှာ မှတ်ထင်မိသည်။

"နေဦး၊ ခုနက ဒေါ်ကေသီ ပြောတဲ့အထဲမှာ သစ်စက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းဝယ်ချင်လို့ ဖုန်းဆက်တဲ့သူဟာ ဒေါ်ကေသီ ရောင်းမယ်လို့ စိတ်ကူးရင် ကိုဘခက်ကို ပြောလိုက်ပါလို့ ပြောတယ်နော်"

"ဟုတ်တယ်လေ၊ ဒေါ်ကေသီပြောတာ အာစရိလဲ ကြားသားပဲဟာ"

"ကိုဘခက် အသတ်ခံရတာတို့၊ မန်နေဂျာ ကိုဒေါင်းသေနတ်မှန်ပြီး သေတာတို့ဟာ အဲဒီ ဦးမောင်မောင်စိန့် ငွေစက္ကူအတုစက်နဲ့များ အဆက်အစပ် ရှိမလားလို့"

"အာစရိ စိတ်ကူးသလောက် ပြောပြပါဦးလေ"

ထွန်းနေနွယ်က မိမိဦးခေါင်းထဲတွင် စဉ်းစား... မိသရွေ့ ကိုအောင်မောင်းအား တစ်ချက်ချင်း တစ်ခုချင်း အကျိုးအကြောင်း ဆက်နွယ်ပြီး ပြောပြလိုက်သည်။

ကိုအောင်မောင်းက ထွန်းနေနွယ် ပြောသမျှကို ခေါင်းတစ်ညိတ်ညိတ် လက်ခံသည်။ ဆရာထွန်းနေနွယ်သည် နဂိုကတည်းကပင် တက္ကသိုလ်ကျောင်းထွက် ဆတ်ကျောင်းသား ရဲ့အရာရှိ ဖြစ်ခဲ့သူမို့ အတွေးအခေါ်မှာရော ဥပဒေဆိုင်ရာ ရော ထက်မြက်သူမှန်း ကိုအောင်မောင်း သိရှိထားသည်လည်း ဖြစ်ပါ၏။

ထွန်းနေနွယ်က လေးလေးမြင့်အား မိမိအရေး... အကြံသမားက လက်ရေးတာရေးပြီး အမဲလိုက်စခန်းအိမ်သို့ ... ထားပြီး မိမိကို လေးလေးမြင့် ဖမ်းမိထားသည်ကို အကျပ်ကိုင်... သစ်စခန်းမှ ထွက်သွားရန် ပေးသောစာနှစ်စောင်လုံးကိုလည်း ကိုအောင်မောင်းအား ထုတ်ပြလိုက်သည်။



"ဒါဆိုရင်တော့ ဆရာတွေးသလိုပဲ၊ ဒီအိမ်ကြီးထဲမှာနေတဲ့ လက်ကျန်တာဝန်ခံ သုံးယောက်ထဲက တစ်ယောက်ယောက် ဖြစ်ဖို့ သေချာနေတာပေါ့ဆရာ"

"အေး _ အဲဒီလို တစ်ယောက်ယောက်တော့ သေချာတယ်၊ ဒါပေမယ် ဥပဒေဆိုတာက ခက်သားပဲ၊ အထောက်အထား ရှိရမယ်၊ ခိုင်မာတဲ့ သက်သေရှိရမယ်၊ အဲဒါတွေ မပြည့်စုံရင် ဘယ်သူပါဆိုပြီး သိနေရင်တောင် အရေးယူဖို့ကျတော့ ဘယ်လောက်ခက်မယ်ဆိုတာ ကိုအောင်မောင်း အသိဆုံးပဲလေ"

"ပိုက်ဆံပိုတိုက်သဘော၊ စကားချသဘော စမ်းကြည့်ရအောင် အာစရိ၊ ပထမဆုံး အမျိုးသမီးတွေကို စကာချကြည့်စို့၊ ဒေါ်ကေသီကို ဘေးချိတ်ထားလိုက်ရင် ရီရီဝင်းရယ်၊ စိုးသူဇာရယ်၊ နန်းစိန်ရယ် သုံးယောက်"

"ထပ်အပ်သေချာပေါက်တော့ ပြောလို့ မရသေးဘူးပေါ့လေ၊ ဒါပေမယ့် ဒီသုံးယောက်ထဲမှာ နန်းစိန်ကိုလဲ ဘေးချိတ်လိုက်ရင် ဆက်ပိုင်းပိုကျဉ်းသွားမယ်၊ ကျုပ်တို့ ပထမဆုံး ခြေရာကောက်ရမှာက ပူပူနွေးနွေး အသတ်ခံရတဲ့ ဘခက်ကို အရင်းအမြစ်ထားရမယ် မဟုတ်လား၊ နန်းစိန်ဟာ ဘခက်နဲ့ ဘယ်လိုမှ ပတ်သက်ခဲ့တဲ့ အစအနမရှိတော့ နန်းစိန်ကို ခဏဖယ်ထားသင့်သလားလို့"

"မှန်တယ် အာစရိ၊ ကျွန်တော်လဲ ဒီလိုပဲ သဘောရတယ်၊ ဒါဆို ရီရီခင်း စိုးသူဇာကို တွေးကြည့်ကြရို့"

"ကြံရာပါတော့ ဖြစ်ကောင်းဖြစ်မယ်၊ သူတို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



စလုံးဟာ ကိုဘခက်နဲ့လဲ မရှင်းကြဘူး၊ ဒါပေမယ့် ရီရီဝင်း ဖြစ်ဖြစ်၊ စိုးသူဇာဖြစ်ဖြစ် ကိုဘခက်ကို ဘာဖြစ်လို့သတ် တယ်ဆိုတဲ့ မိုးတစ်(ဗ်) သတ်ပစ်လောက်စရာ အကြောင်း ဘာရှိမလဲ ဆိုတာ စဉ်းစားသင့်တယ် ကိုအောင်မောင်း၊ နောက်တစ်ချက်က အလေ့အကျင့်မရှိတဲ့ မိန်းမသားတစ် ယောက်က ရိုင်ဖယ်သေနတ်ကြီးနဲ့ ပစ်လိုက်တယ် ဆိုတာ စဉ်းစားစရာပဲ၊ တကယ်လို့သာ ရီရီဝင်းဖြစ်စေ၊ စိုးသူဇာဖြစ် စေ ကိုဘခက်ကို သတ်ချင်တယ်ထား၊ ခြောက် လုံးပြူးလို ပစ္စတိုလို သေနတ်နဲ့ ကိုဘခက်ကို အနီးကပ် ပစ်နိုင်ခွ ရှိနေတာပဲ၊ ပလုံးပလဲလုပ်ရင်း တွေ့ပြတ်နိုင်ခွင့် သူတို့ နေတယ်လေ"

"ဒါလဲ အာစရိပြောတာ ဟုတ်တာပဲ၊ ဒါဆို ရီရီဝင်းဖြစ်ဖြစ် စိုးသူဇာဖြစ်ဖြစ် သူတို့ယောက်ျားတွေကို ရိုင်ဖယ်ခိုးယူပေး တာဆိုရင်ကော ..."

"အချက်တစ်ခုအနေနဲ့ စဉ်းစားရင်တော့ သူတို့ယောက်ျား ကို ခိုးပေးတယ်လို့ စဉ်းစားနိုင်ပါတယ်၊ ဒါပေမယ့်တကယ် စေ့စေ့ငုငုတွေးကြည့်ရင် သူတို့က ခိုးပေးမှ ရိုင်ဖယ်သေနတ် ရမှာတဲ့လား၊ ကိုကြိုင်းမောင် ကိုယ်တိုင်လဲ သေနတ်ယူနိုင် တယ်၊ ကျော်ဝင်းမောင် ကိုယ်တိုင်လဲ သေနတ်ယူနိုင် ကြ သားပဲ"

"ဒါဆို ... အာစရိက ရီရီဝင်းဖြစ်ဖြစ်၊ စိုးသူဇာဖြစ်ဖြစ် ကိုဘခက် အသတ်ခံရမှုမှာ ဘာမှမပတ်သက်ဘူးလို့ ဆို သလား ဆရာ"



"ခဏာဘောဖယ်ထားကြတာပေါ့ ကိုအောင်မောင်း"

"ဒါဆို ... ကိုကြိုင်းမောင်၊ ကိုကျော်ဝင်းမောင်နဲ့ ရဲမြင့်နောင် သုံးယောက်ထဲက တစ်ယောက်ယောက်ဟာ ကိုဘခက်ကို သတ်တာ ဖြစ်နိုင်တယ်ပေါ့၊ ဒီလိုလား အာစရိ"

ထွန်းနေနွယ် ခေါင်းညိတ်ပြသည်။

"ဒါဆို ... မိုးတစ်(ဗ်)ကို ကျွန်တော်တို့ ပထမဆုံးရှာမယ်၊ ရီရီဝင်းဟာ ကိုဘခက်နဲ့ သိပ်တွဲတယ်၊ ဒါကို ကိုကြိုင်းမောင် မခံနိုင်ဘူး၊ မယားထိ စားကြည့်ဆိုသလို ကိုဘခက်ကို သတ်တာ၊ အဲဒီမိုးတစ်(ဗ်)ကော အာစရိ"

"ဖြစ်နိုင်ပါတယ်၊ အဲဒီမိုးတစ်(ဗ်)မျိုးက ကျော်ဝင်းမောင် မှာလဲ ရှိနေတာပဲ၊ စိုးသူဇာနဲ့ ဘခက်လဲ မရှင်းခဲ့ဘူး၊ ဒါပေမယ့် ရီရီဝင်းရဲ့ နောက်ဆုံး ကျုပ်ကိုပြောတဲ့စကား ဟာ မှန်ကန်ရင် ဘခက်မျက်နှာပေါ်က ကုတ်ခြစ်ရာတွေ ဟာ စိုးသူဇာ ကုတ်ခြစ်ခဲ့တာလို့ဆိုတော့ ပိုပြီးမိုတစ်(ဗ်) အလေးအနက် ဖြစ်လာတာက ကျော်ဝင်းမောင်က ပိုပို နွေးနွေး၊ စိုးသူဇာကို မဟားတရားကြံတဲ့ ဘခက်ကို မယားထိ စားကြည့်ဖြစ်ပြီး သတ်ပစ်လိုက်တယ်လို့ ယူဆ နိုင်တယ်"

"သိပ်ဟုတ်တာပေါ့ အာစရိ၊ ဒါဆိုလဲ ကိုကျော်ဝင်းမောင်ကို ကျွန်တော်ဖမ်းသွားမယ်လေ၊ မြို့သာစခန်းမှာ ကျွန်တော့် နည်း ကျွန်တော့်ဟန်နဲ့ စစ်ကြည့်မယ်"

ထွန်းနေနွယ်က ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်း ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်တွေးလျှင် နိုင်လင်းသည် ကိုဘခက်အား လေးလေးမြင့်ကို ဘူတာမှကြိုပြီး မြင်းလှည်းနှင့် ပြန်အလာ မြင်းလှည်းပေါ်သို့ သစ်ပင်လှဲကျစေခြင်းသည် မတော်တဆ မဟုတ်ရိုးမှန်လျှင် တမင်လုပ်ကြံခြင်း ဖြစ်သည်။ တစ်စုံတစ်ယောက်က အဲဒီလို သစ်ပင်လှဲချရန် နိုင်လင်းကိုပင် စေခိုင်းသလား။ ဒါမှမဟုတ်။ နိုင်လင်းကိုယ်တိုင်ကပင် ကိုဘခက်အား လူတွေဘယ်သူမှ မသိသောအကြောင်း မိုးတစ်(ဗ်) တစ်ခုခုကြောင့် သစ်ပင်ပိသေစေရန် ကြံစည်လိုက်ခြင်းပေလား။ ယင်းသို့ ကြံစည်မှု မအောင်မြင်သောကြောင့် နိုင်လင်းကိုယ်တိုင်ပင် မနန်းစိန်၏ အကူအညီဖြင့် ရိုင်ဖယ်သေနတ် ရရှိသွားကာ ကိုဘခက်အား ပစ်သတ်ခဲ့ခြင်းပေလား။

ရှုပ်ပါဘိ။ ကြာအေးသူ့အမေရိုက်။ မုန့်လုံးစက္ကူကပ်။ ဗလုံးဗထွေး ဖက်ပါလို တွေးနေစဉ်မှာပင် လေးလေးမြင့်သည် ရုံခန်းထဲသို့ ဝင်လာသည်။ ဝင်လာသည်နှင့် ထွန်းနေနွယ်ဆီသို့ တန်းလာသည်။

"အစ်ကို"

"ဟာင် ... လေးလေး"

"မနန်းစိန်က ပြောလိုက်တာလေးတွေ အစ်ကို့ကို ပြန်ပြောချင်လို့ အစ်ကို"

လေးလေးမြင့် အမူအရာမှာ ကိုအောင်မောင်းရှေ့မှာပင် ပြောရမလားဟု ဝေခွဲမရသည့် အသွင်ပေါ်လွင်နေပါ၏။

"ပြော လေးလေး၊ ကိုအောင်မောင်းရှေ့မှာ ပြောစရာရှိသမျှ ဘာပဲဖြစ်ဖြစ် ပြောတာ အကောင်းဆုံးပဲ"



"ဖမ်းစစ်ဖို့အထိ မခိုင်မာသေးဘူး ကိုအောင်မောင်း၊ မိုးတစ်(ဗ်)ဆိုတာက လူသတ်မှု ဖြစ်နိုင်လာစရာ အတက်ကြောင်းသာ ရှိသေးတာ၊ အဲဒီဓာတ်ကြောင်းကို အထောက်အကူပြုတဲ့ သက်သေခံပစ္စည်းတို့၊ လူသက်သေတို့၊ သဲလွန်စတို့ ရှိရဦးမယ်၊ နို့ မောင်ရင်က ရုံမြင့်နောင်ကိုကော ထည့်မတွက်ဘူးလား"

"သုံးယောက်ထဲမှာ သူလဲတစ်ယောက်အပါအဝင်ပေါ့ဆရာ၊ ဒါပေမယ့် ရုံမြင့်နောင်က ကိုဘခက်ကို သတ်ပစ်ချင်လောက်တဲ့ မိုးတစ်(ဗ်)တော့ မရှိဘူးဆရာ"

ထွန်းနေနွယ်သည် ခေါင်းငြိမ်သက်စွာ စဉ်းစားသည်။ ရုံမြင့်နောင်တွင် ကိုဘခက်အား သတ်စရာအကြောင်း မိုးတစ်(ဗ်) မရှိသော်လည်း သူတို့သုံးယောက်လုံးကို ထွန်းနေနွယ်က ခြုံ၍ စဉ်းစားသည်။ တိတိပပ ဘယ်သူဘယ်ဝါဟု တစ်ယောက်တည်းကို စွပ်စွဲရန် ခက်နေသည်။

အကယ်၍သာ ...

နိုင်လင်းက သူတွေ့ကြုံသမျှကို ဖော်ပြောလာလျှင် တရားခံအစစ်သည် ပေါ်ပေါက်လာနိုင်သည်။ နိုင်လင်းသည် ကိုဘခက်ကို သူကိုယ်တိုင် သတ်ခြင်းမဟုတ်ခဲ့လျှင် အမှန်တကယ် သတ်ခဲ့သော လူသတ်သမားအား နိုင်လင်းက အကြောင်းတစ်ခုခုကြောင့် အကာအကွယ် ပေးနေခြင်းမျိုး ဖြစ်နိုင်သည်။ နိုင်လင်းသည် တကယ့်လူသတ်သမားကို သူ့အသက်နှင့်လဲပြီး ကာကွယ်နေသည်မှာ အဘယ်ကြောင့်နည်း။ တကယ့်လူသတ်သမားအား သိပ်ကြောက်နေသောကြောင့်လည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်က ဆက်ပြောသည်။

"ကိုဘခက် အသတ်ခံရတဲ့ညက မနန်းစိန်ဟာ မီးဖိုထဲမှာ ရှိနေတယ်၊ နေ့ဘက်ဆိုရင်သာ ကိုဘခက် အိမ်လေးဆီကို စူးစူးစိုက်စိုက် မမြင်ရပေမယ့် ညဘက်ဆိုရင် ကိုဘခက်အိမ်လေးက မီးထွန်းထားတာကြောင့် လှမ်းကြည့်ရင် သဲသဲကွဲကွဲ မဟုတ်ပေမယ့် စူးစူးစိုက်စိုက် မြင်ရတယ်တဲ့ အစ်ကို"

ထွန်းနေနွယ်ရော ကိုအောင်မောင်းပါ ဖြစ်တတ်သည့် သဘာဝကို နားလည်စွာ ခေါင်းညိတ်ပြီး လေးလေးမြင့် စကားကို ထောက်ခံလိုက်သည်။

ညအမှောင်ဝယ် အဝေးမှမီးလင်းနေသော နေရာသို့ ပိုမို မြင်တွေ့နိုင်သည်။ သဘောမှာ နေ့ဆိုလျှင် နေ၏အလင်းရောင်ကြောင့် အကြည့်အာရုံအားလုံး ပြန့်ပြူးနေစေကာမူ ညဆိုလျှင် မီးလင်းသော နေရာကိုသာ အကြည့်အာရုံက စူးစိုက်ရသည်မို့ ပိုမို မြင်တွေ့နေရသော သဘောသက်ဝင်ပါ၏။

"အဲဒီညက ဂုမ္ဘာန်ကြီး မအူခင်ကတည်း မနန်းစိန်က သေနတ်သံ ကြားလိုက်တယ်တဲ့၊ အဲဒီလို သေနတ်သံကြားတာကြောင့်ပဲ မနန်းစိန်ဟာ သေနတ်သံထွက်ပေါ်လာတဲ့ ကိုဘခက်ရဲ့ အိမ်လေးဆီကို သေချာစူးစိုက်ပြီး ကြည့်လိုက်တယ်တဲ့၊ လူနှစ်ယောက်ကို တွေ့ရတယ်တဲ့၊ မျက်နှာကို သဲသဲကွဲကွဲ လှမ်းမမြင်နိုင်တာမို့ ဘယ်သူဘယ်ဝါတွေမှန်းတော့ မသိဘူးတဲ့၊ နှစ်ယောက်ထဲက တစ်ယောက်ဟာ ရိုင်ဖယ်သေနတ်ကြီး ကိုင်ထားတာ တွေ့ရတယ်တဲ့၊ အဲဒီနောက် မကြာခင်ပဲ အိမ်ကြီးရဲ့ မီးဖိုဘက်ကို တစ်ယောက်



က လျှောက်လာတယ်တဲ့၊ မလှမ်းမကမ်းရောက်တာနဲ့ မီးဖိုဘက် လျှောက်လာတဲ့သူဟာ ကိုနိုင်လင်းမှန်း မနန်းစိန်က သိတာနဲ့ နောက်ဖေးပေါက်က ပြေးဆင်းပြီး နိုင်လင်းနဲ့ သွားတွေ့တယ်တဲ့၊ ကိုနိုင်လင်းလက်ထဲမှာ ရိုင်ဖယ်သေနတ်ကြီး ကိုင်ထားတယ်တဲ့၊ ကိုနိုင်လင်းက ကိုဘခက်တော့ သေနတ်ပစ်ခံရပြီး သေပြီလို့ မနန်းစိန်ကို ပြောတယ်၊ မနန်းစိန်က ရှင်သတ်လိုက်တာလားလို့မေးတော့ ကိုနိုင်လင်းက သူသတ်တာမဟုတ်ဘူး၊ ဒါပေမယ့် ဘယ်သူသတ်တယ်လို့ သူ မပြောရဲဘူးတဲ့၊ အဲဒီသတ်တဲ့လူက ဒီရိုင်ဖယ်ကြီးကို နိုင်လင်းကို ပေးခဲ့ပြီး ကိုနိုင်လင်းကို တခြားမှာရှောင်နေလို့ အမိန့်ပေးသွားတယ်တဲ့၊ ကိုနိုင်လင်းက အဲဒီလူကို သိပ်ကြောက်ပုံရတယ်တဲ့၊ အဲဒီလူအပေါ်မှာ ဘယ်နည်းနဲ့မှ သူ သစ္စာမဖောက်ရဲဘူးလို့ ပြောတယ်တဲ့၊ အဲဒီညက မနန်းစိန်က ကိုနိုင်လင်းကို မီးဖိုအောက် မြေတိုက်ခန်းထဲမှာ ဖွက်ထားလိုက်တယ်တဲ့၊ စားစရာ သောက်စရာတွေ လူလစ်တဲ့အချိန် မြေတိုက်ထဲ သွားပို့ပေးတယ်တဲ့၊ နောက်တစ်နေ့ ရဲတွေလာတော့မယ်ဆိုတာ သိတာနဲ့ ကိုနိုင်လင်းက မိုးမလင်းခင် အဝေးကြီး တောထဲကို လစ်ပြေးတာတဲ့၊ မနန်းစိန်ကိုတော့ သူဟာ ဘယ်နားမှာ ရှိနေမယ်ဆိုတာ စာရေးထားပစ်ခဲ့တယ်တဲ့"

"ဩ ... ဩ ... ဒါကြောင့် အဲဒီညက မိုးထဲလေထဲ အရိုးတို့အားလုံး ထွက်ရှာပေမယ့် မတွေ့တာကိုး၊ လက်စသတ်တော့ နိုင်လင်းက အိမ်ကြီးရဲ့မီးဖိုအောက် မြေတိုက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသကိုး"

"ဟုတ်တယ်အစ်ကို၊ မနန်းစိန်ဟာ ကိုနိုင်လင်းကို တော်တော် ချစ်ပုံရတယ်၊ အခု ဒီအကြောင်းတွေ လေးလေးကို ဖွင့်ပြော တာကလဲ ကိုနိုင်လင်းကို ဖမ်းမိလာပြီဆိုတာ မနန်းစိန် ရိပ်မိပုံရတယ်၊ သူ့အနေနဲ့ သူသိထားတာတွေ ဖွင့်မပြောဘဲ ဆက်မြိုထားရင် ကိုနိုင်လင်း အပေါ်မှာပဲ လူသတ်မှု ပုံကျ တော့မယ်ဆိုတာလောက်တော့ မနန်းစိန် သဘောပေါက် ပုံရတယ်"

"ဒါပေမယ့် လေးလေးမြင့်"

ကိုအောင်မောင်းက ထင်မြင်ယူဆချက် ဝင်ပေးလိုက် သည်။

"ခုချိန်ထိတော့ အမှုအနေနဲ့ နိုင်လင်းပေါ်မှာပဲ ပုံကျတုန်းပဲ၊ ကိုဘခက်ကို ပစ်သတ်ခဲ့တဲ့ ဒီရိုင်ဖယ်သေနတ်ဟာ နိုင်လင်း လက်ထဲကပဲပြန်ရခဲ့တယ်၊ အဲဒီညကလဲ နိုင်လင်းလက်ထဲမှာ ဒီရိုင်ဖယ် ကိုင်လျက်သားပဲ မနန်းစိန်က တွေ့ရတယ်ဆိုတော့ နိုင်လင်းအတွက် လွတ်ပေါက်မရှိဘူး၊ မနန်းစိန်က နိုင်လင်း သတ်တာ မဟုတ်တဲ့အကြောင်း တခြား ဘယ်ခိုင်မာတဲ့ အထောက်အထားမျိုးများ ဆက်ပြောသေးသလဲ"

"မနန်းစိန် ဆက်ပြောတာကတော့ ကိုနိုင်လင်းပေးခဲ့တဲ့ စာအရ မနန်းစိန်က ချိန်းတဲ့နေရာကို ထမင်းချိုင့်သွားအပို့ မှာ အိမ်ကြီးထဲက တစ်ယောက်ယောက်ဟာ နောက်က တိတ်တိတ်လေး လိုက်လာတာတဲ့၊ အဲဒီလိုက်လာတဲ့လူကပဲ မနန်းစိန်ကို သေလောက်တဲ့အထိ နောက်က ရိုက်သွား



တာတဲ့၊ မနန်းစိန် အယူအဆက သူ့ကိုအသေရိုက်တဲ့လူဟာ ကိုဘခက်ကို သတ်တဲ့လူပဲ ဖြစ်ရမယ်တဲ့၊ ကိုနိုင်လင်းကို မနန်းစိန်က ထပ်တွေ့တာနဲ့ တကယ့်တရားခံအစစ်ကို ဖော်ထုတ်ဖို့ မနန်းစိန်က ကိုနိုင်လင်းကို တိုက်တွန်းရင် ချစ်သူရဲ့စကားကို မလွန်ဆန်ပဲ နိုင်လင်းက ထုတ်ဖော်မှာ စိုးလို့ လူသတ်သမားက မနန်းစိန်ကို အသေရိုက်တာပဲ ဖြစ်ရမယ်တဲ့"

"အင်း … အဲဒီလောက်နဲ့လဲ ကိုဘခက်ကို နိုင်လင်းသတ်တာ မဟုတ်ပါဘူးလို့ မတွက်နိုင်သေးဘူး လေးလေးမြင့်၊ ဥပဒေ ဆိုတာက ခက်သားပဲလေ"

လေးလေးမြင့်က သူမ၏ အစ်ကိုထွန်းနေနွယ်ကို သာ ဦးတည်ပြီး ကြည့်ကာ သူမ၏ စိတ်ကူးကို ပြောလိုက် သည်။

"ဒီမယ် … အစ်ကို လေးလေးအကြံပေးမယ်၊ ကိုနိုင်လင်းကို မနန်းစိန်နဲ့ တွေ့ပေးလိုက်ပါ၊ အခု မနန်းစိန် လက်ရှိအိပ် ရာထဲမှာ ဝေဒနာခံစားနေရတာ ကိုနိုင်လင်း တွေ့တာနဲ့ စိတ်ထိခိုက်မှာ သေချာတယ်၊ မနန်းစိန်ကို လေးလေး ပြောခဲ့တယ်၊ ကိုနိုင်လင်းကို တွေ့တာနဲ့ တကယ့်အဖြစ်မှန် တွေ ဖွင့်ပြောပါလို့ တိုက်တွန်းပါ၊ မျက်ရည်ခံထိုးပါ၊ ဒါမှ ကိုနိုင်လင်း လွတ်လမ်းရှိနိုင်မယ်လို့လေ"

"ကောင်းတယ် လေးလေး၊ မနန်းစိန်က ဘာလို့လဲ၊ အဲဒီလို တိုက်တွန်းပေးမယ်တဲ့လား"

လေးလေးမြင့်က ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေနွယ်နှင့် ကိုအောင်မောင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ ထို့နောက် နှစ်ဦးစလုံးပင် ဦးခေါင်းငြိမ့်တူညီတ်လိုက်ကြတော့သည်။



## (၂၇)

အိမ်ကြီး၏ ဧည့်ခန်းထဲတွင် ဒေါ်ကေသီ၊ ရီရီဝင်း၊ စိုးသူဇာ၊ ကိုကြိုင်းမောင်၊ ကိုကျော်ဝင်းမောင်၊ ရဲမြင့်နောင်၊ နိုင်လင်း လူစုံတက်စုံနှင့် ကိုအောင်မောင်း၏တပည့် ရဲဘော်တွေ အားလုံး ရှိနေသည်။

ဧည့်ခန်းထဲသို့ ထွန်းနေနွယ်နှင့် လေးလေးမြင့်က ယှဉ်တွဲဝင်လာပြီး ကိုအောင်မောင်းက နောက်မှလိုက်ပါလာသည်။

"လာ ... နိုင်လင်း၊ တို့နဲ့အတူလိုက်ခဲ့၊ မနန်းစိန်က မင်းနဲ့တွေ့ချင်လို့တဲ့၊ မင်းကို တွေ့ခွင့်ပေးမယ်"

ကိုအောင်မောင်းက နှုတ်မှခေါ်ရုံမက နိုင်လင်းကို စောင့်သည့်သဘောဖြင့် ရပ်နေသည်။

နိုင်လင်းသည် ထိုင်ရာမှ လေးကန်စွာထသည်။ ဖြန်းခနဲ ခြေမလှမ်းသေး။ ကိုကြိုင်းမောင်ကို ကြည့်သည်။ ကျော်ဝင်းမောင်နှင့်ရဲမြင့်နောင် ယှဉ်တွဲထိုင်ရာသို့လည်း လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြိုင်းမောင်၊ ကျော်ဝင်းမောင်နှင့် ရဲမြင့်နောင်တို့သည် နိုင်လင်းအား ဘယ်လိုမှ မပတ်သက်သည့်အလား မျက်နှာလွှဲနေကြသည်။

နိုင်လင်းသည် သူ၏ချစ်သူ မနန်းစိန်နှင့် တွေ့ရမည်ကို အလွန်အမင်း လိုလားနေဟန်ရှိလျက်နှင့် တစ်ခုခုကို ကြောက်ရွံ့နေရသည့်သဏ္ဌာန် ပေါ်နေမှန်း ထွန်းနေနွယ်ရော ကိုအောင်မောင်းပါ ရိပ်မိနိုင်သည်။

"လာလေကွာ၊ မင်းကို မင်းရဲ့ဇနီးလောင်းနဲ့ တွေ့ခွင့်ပေးတာကိုပဲ ကျေးဇူးတင်ဦး၊ အခု မနန်းစိန်ကို တွေ့တာဟာ မင်းအတွက် နောက်ဆုံးတွေ့ခြင်းဖြစ်မယ်၊ ဘာလို့လဲဆိုတော့ အခုလက်ရှိ အခြေအနေအရဆိုရင် မင်းဟာပဲ ကိုဘခက်ကို သတ်မှုနဲ့ ငါ ဖမ်းရမှာပဲ နိုင်လင်း၊ မင်းက ထွက်ပြေးနေပဲ အချက်ရယ်၊ မင်းကိုတွေ့တော့လဲ ကိုဘခက်ကို သတ်ခဲ့တဲ့ ရိုင်ဖယ်ဟာ မင်း လက်ထဲမှာ ရှိနေတာရယ်တွေကြောင့်ပဲ"

နိုင်လင်းက သူ့ကိုယ်သူ အားတင်းလိုက်သည်၊ ထို့နောက် မည်သူ့ကိုမျှ မကြည့်ဘေဲဘဲ ကိုအောင်မောင်းရှိရာသို့ လျှောက်လှမ်းလာတော့သည်၊

မနန်းစိန်၏ အခန်းထဲသို့ ရောက်သည်နှင့် ထွန်းနေနွယ်၊ လေးလေးမြင့်နှင့် ကိုအောင်မောင်းက မနီးမဝေးတွင် ရပ်နေသော်လည်း နိုင်လင်းသည် မနန်းစိန် ခုတင်လေးဆီသို့ အူလျားဖားလျား ချဉ်းကပ်သွားသည်။

"နန်းစိန် ... နန်းစိန် ဘယ်လိုနေသေးလဲဟင်"



နန်းစိန် အပေါ်မှ သူ၏မျက်နှာကို အုပ်မိုးကာ အသံတုန်ကြီးဖြင့် နိုင်လင်းက မေးသည်။ နန်းစိန်က ပက်လက်အနေအထားမှ နိုင်လင်း၏ လက်မောင်းတစ်ဖက်ကို လှမ်းကိုင်ထားကာ မျက်ရည်တွေကျလာသည်။

"မငိုနဲ့ဟာ နန်းစိန်၊ နင့်ကို ငါ မြင်ရတာ မချိဘူး၊ ဒဏ်ရာက သိပ်နာနေသလားဟင်"

"ဒဏ်ရာက နာတာကို ကျွန်မ ခံနိုင်ပါတယ် ကိုနိုင်လင်း၊ ကျွန်မခေါင်းက ဒဏ်ရာမကြာခင် ကောင်းသွားမှာမို့ ပျဉ်းမနားဆေးရုံက ဆင်းခွင့်ပေးလိုက်တာပါ၊ ဒါပေမယ့် ကျွန်မသေတာက ကောင်းသေးတာပေါ့၊ မလေးလေးက ပြောတယ်၊ ကိုနိုင်လင်းဟာ တကယ်ဖြစ်ခဲ့တာတွေကို ဖွင့်မပြောရင် လူသတ်မှုနဲ့ ရုံးတင်ခံရမှာတဲ့၊ ရုံးတင်တာနဲ့သေဒဏ်၊ ဒါမှမဟုတ် ကျွန်းဒဏ်ကျသွားနိုင်တယ်တဲ့၊ တကယ့်အဖြစ်မှန်တွေကို ဖွင့်ပြောရင် ကိုနိုင်လင်းဟာ အစိုးရသက်သေအဖြစ်နဲ့ရော၊ ကိုနိုင်လင်း တကယ်မကျူး လွန်တာရောကြောင့် လွတ်နိုင်တယ်တဲ့၊ ဒီမယ် ကိုနိုင်လင်း၊ ကိုနိုင်လင်းအပြစ်ဒဏ် ခံရသွားရရင် ကျွန်မဘဝမှာတော့ သေတာနဲ့ ဘာထူးတော့လဲ"

"အို ... နန်းစိန်ရယ်"

နိုင်လင်းက မချိတင်ကဲအသံနှင့် နန်းစိန်၏ လက်ဖဝါးလေးတွေကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

"ကိုနိုင်လင်း သိပ်ခေါင်းမာနေတယ်၊ ကျွန်မကို တကယ်တမ်းကျတော့ ကိုနိုင်လင်း မချစ်ခင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဘဲ နှန်းစိန်ရယ်၊ နှန်းစိန်ကို ချစ်လွန်းလို့ မြန်မြန်လက်ထပ်ချင်တာနဲ့ ငွေကို မရမကရှာရင်း ခုလိုတွေ ဖြစ်သွားတာပဲ နှန်းစိန်"

နှန်းစိန် ဘာမျှမပြောတော့၊ မျက်ဝန်းအိမ်မှ မျက်ရည် ပေါက် ကြီးတွေသာ ပါးပေါ်သို့ စီးကျလာတော့သည်။

"ခက်တယ် နှန်းစိန်၊ ငါ ဘယ်သူ့ကိုမှ ဖွင့်မပြောပါဘူး လို့ သစ္စာရေ သောက်ထားတယ်၊ ငါ ဖွင့်ပြောလိုက်ရင် ဒီသစ္စာရေဟာ ဒီဘဝတင် မကဘူး ဘဝအဆက်ဆက် စူးမှာဟ"

ထွန်းနေနွယ်က ရိုးသားလွန်းသော နိုင်လင်းကို အံ့သြမိတော့သည်။ ဤသို့လျှင် လက်လုပ်လက်စားတို့၏ တစိုက် မတ်မတ် သစ္စာရှိမှု၊ ရိုးသားမှုအပေါ်၌ လူလည် လူတတ်တွေက အချက်ကိုနားလည်စွာကိုင်ကာ အခွင့်အရေး ယူတတ်သည့်သာ၊ ယခုလည်း နိုင်လင်းအား လူသတ်သမားက သစ္စာရေသောက်ခိုင်း ပြီး သစ္စာဖောက် ဖွင့်ပြောပါက ဘဝထိုထိုတွင် ဘာဖြစ်ရစေသား၊ ညာဖြစ်ရစေသားဟု သစ္စာရေတွေ ညောင်ရေအိုးရေတွေကို တိုက် ထားဟန်တူသည်။

ထွန်းနေနွယ် မနေသာတော့။

"ဒီမယ် နိုင်လင်း၊ လူယုတ်မာတစ်ယောက်က အနိုင်ကျင့်ပြီး သစ္စာရေ တိုက်ထားတာကို၊ မင်းက နောင်ဘဝတွေမှာပါ ဖြစ်တော့မှာပဲဆိုပြီး ကြောက်နေတာနဲ့ မင်းကိုယ်မင်း လူ သတ်တရားခံအဖြစ် တရားရုံးအတင်ခံမလားကွာ၊ အေး တရားရုံးကျတော့လည်း မင်းဟာ ကျမ်းကိုင်ပြီး မှန်ရာကို



အစစ်ခံပါမယ်၊ မမှန်မကန်ထွက်ဆိုပါက ဘာဖြစ်ရစေသား၊ ညာဖြစ်ရစေသားလို့ ကျမ်းကျိန်ရမှာပဲ နိုင်လင်း၊ မင်းဟာ အမှန်ကို ဖုံးကွယ်ထားတာဟာ တရားရုံးက ကျမ်းကို လိမ်ရာညာရာ ရောက်မှာပဲ၊ အစိုးရရဲ့ကျမ်းကို လိမ်ညာမိ တာက မင်းအတွက် နောင်ဘဝတွေမှာ တကယ်ခံရမှာ၊ အပြင်က လူယုတ်မာရဲ့ သစ္စာရေဆိုတာက မင်းကို ဘာမှ မဖြစ်နိုင်ဘူး သိလား၊ သူကိုယ်တိုင်က ယုတ်မာပြီး လူသတ်ခဲ့ပြီပဲကွ၊ ဒီလိုလူမျိုးရဲ့ သစ္စာရေဟာ ထိရောက်ပါ့ မလား"

နှန်းစိန်က ဝင်ပြောပြန်သည်။

"ဟုတ်သားပဲ ကိုနိုင်လင်း၊ ရှင့်လူကို သစ္စာဖောက်ဦးတော့ ရှင်နဲ့ကျွန်မ ဒီဘဝမှာ နီးစပ်နိုင်ခွင့် ရမယ်လေ၊ အစိုးရက ရှင့်ကို အပြစ်ပေးလိုက်ရင် ရှင်နဲ့ကျွန်မ ဒီတစ်သက်မှာ ပေးဆွေး အစိုးရကျမ်းလဲ စူးမယ့်တူတူ၊ အို … ကိုနိုင်လင်း ရယ် ခေါင်းမမာပါနဲ့၊ ကျွန်မကို တကယ်ချစ်ရင် ခေါင်းမမာ နေပါနဲ့တော့"

နှန်းစိန်က မျက်ရည်တွေဖြင့် နိုင်လင်းအား ဖော် ပြောရန် တိုက်တွန်းနေစဉ်မှာပင် ထွန်းနေနွယ်၏ ဦးခေါင်းထဲသို့ လက်ခနဲ အတွေးတစ်ခု ပေါက်လာပေသည်။

လူသတ်သမားစင်စစ်သည် ကိုကြိုင်းမောင်၊ ကိုကျော် ဝင်းမောင်နှင့် ရဲခြင့်နောင် သုံးယောက်တည်းမှ တစ်ယောက်ယောက် တော့ ဖြစ်ရမည်။

နှန်းစိန် ထမင်းချိုင့်သွားပို့စဉ်က လူသတ်သမားသည်

www.burmeseclassic.com

www.burmeseclassic.com



နောက်မှလိုက်သွားကာ နှန်းစိန်ကို ရိုက်ပြီးနောက် အိမ်ကြီးဆီမှ လိုက်လာသူများအထဲတွင် ဝင်ရောလိုက်ခြင်းဖြင့် သူ့ကိုယ်သူ ပျောက်ကွယ်လိုက်သည်။

စောစောက မိမိ လေးလေးမြင့်နှင့်အတူ နိုင်လင်းကို ဖမ်းလာစဉ် လူသတ်သမားသည် ပုန်းကွယ်ပြီး မိမိတို့အားပစ်ခတ်သည်။ ထို့နောက် ကိုအောင်မောင်း အမှူးပြုသော အိမ်ကြီးမှအိမ်သားတွေနှင့် ဝင်ရောလိုက်ပြန်သည်။

ယင်းအချက်ကို တွေးမိသည်နှင့် ထွန်းနေနွယ်သည် ကိုအောင်မောင်း အနီးသို့ တိုးကပ်သွားသည်။ လူသတ်သမား ကိုယ်ထဲတွင်ယခုအချိန်ထိ ပြောင်းတိုသေနတ် ရှိနေဦးမည်ကို ထွန်းနေနွယ် အမှတ်ထင်ထင် သတိထားလိုက်သည်။

"ကိုယ့်ကိုပြောစမ်း ကိုအောင်မောင်း၊ တောထဲက ပစ်ခတ်တဲ့ သေနတ်သံတွေကြားပြီး မောင်ရင်တို့ လိုက်လာကြ တုန်းက အိမ်ကြီးကထွက်တာနဲ့ ကိုကြိုင်းမောင် ပါခဲ့သလား၊ ကိုကျော် ဝင်းမောင် ပါခဲ့သလား၊ ရဲမြင့်နောင် ပါခဲ့သလား"

ကိုအောင်မောင်းသည် ထွန်းနေနွယ်မေးလာမှုပါ စဉ်းစားသလို မျက်နှာကြက်ကို ခေါင်းမော့ကြည့်သည်၊

ထိုစဉ်မှာပင် ...

"ဟိုမှာ ... ဟိုမှာ ..."ဟု နိုင်လင်း အထိတ်တလန့် အော်သံကို ထွန်းနေနွယ် ကြားသည်နှင့် ဆတ်ခနဲ ကိုအောင်မော ခါးတွင် ချိတ်ထားသော ခြောက်လုံးပြူးကို ထွန်းနေနွယ် လျှပ်တပြက် နုတ်ယူပြီး အခန်းတံခါးသို့ လှည့်လိုက်သည်။

ထင်ရှိထားသည့်အတိုင်းပင် ၊ လူသတ်သမားသ



အခန်းဝသို့ ရောက်လာသည်။ သူ၏လက်ထဲမှာ ပစ္စတိုသေနတ်ကို ဆန့်တန်းကာ နိုင်လင်းဆီသို့ ထိုးချိန်သည်။

လျင်ဆိုမှ လျင်လှသော ထွန်းနေနွယ်က နိုင်လင်းအား ဘေးသို့ တအားတွန်းချလိုက်သည်နှင့် တစ်ချိန်တည်းမှာပင် ...

ဒိုင်း ... ဒိုင်း ... ဟူသော သူပစ်ကိုယ်ပစ် သေနတ်သံနှစ်ချက် ပြိုင်တူပေါ်လာပြီးနောက် ဒိုင်းဟု ထပ်မံပြီး အသံပိုကျယ်သော သေနတ်သံ ထွက်လာပြန်တော့သည်။

လူသတ်သမားသည် သုံးလေးပတ် ချာလပတ်လည်ကာ ကြမ်းပေါ်သို့ ပက်လက်ကျပြီး သူ့လက်ထဲမှ ပစ္စတိုကိုလည်း ဘေးသို့ လွင့်ဇင်လွတ်ထွက်သွားတော့သည်။

"ရဲမြင့်နောင်"ပါတည်း။

ယော်ပြောတော့မည့် နိုင်လင်းအား ရဲမြင့်နောင်က မဆင်မခြင် ပစ်သတ်ရန် အခန်းဝသို့ ရောက်လာခြင်း ဖြစ်သည်။

ဒိုင်းတစ်ချက်မှာ ရဲမြင့်နောင်က နိုင်လင်းကို ပစ်လိုက်ခြင်း ဖြစ်သည်။ သို့သော် ထွန်းနေနွယ်က တွန်းလိုက်သဖြင့် နိုင်လင်း လဲကျသည်က ပိုမြန်သည်မို့ ရဲမြင့်နောင်၏ သေနတ် ကျည်ဆန်သည် အခန်း၏ နံရံထဲသို့သာ ရောက်သွားသည်။

ပြိုင်တူ ထွန်းနေနွယ်က လှမ်းပစ်သော ကျည်ဆန်သည် ဒိုင်းခနဲ ရဲမြင့်နောင်၏ ပခုံးထဲသို့ စူးမြုပ်သွားရုံမက နောက်ဆုံး အသံပိုကျယ်သော သေနတ်သံများ ညှော်ခန်းတွင် စောင့်နေသော ရဲသားတစ်ဦးက နောက်မှနေပြီး ရဲမြင့်နောင်အား ပစ်လိုက်ခြင်း ဖြစ်တော့သည်။

နောက်မှပစ်လိုက်သော ရဲသားသည် ရဲမြင့်နောင်

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားသည်နှင့် ချက်ချင်း လွှားခနဲ အပြေးရောက်လာကာ ရဲမြင့်နောင်၏ ရင်ဘတ်သို့ ရိုင်ဖယ်ဖြင့် ထပ်မံချိန်ထားလိုက်ရင်း သူ့ဆရာကိုအောင်မောင်းအား မျက်နှာငယ်နှင့် ပြောကြားလိုက်သည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာအောင်မောင်း၊ သူက ဒီအိမ်က အိမ်သားဆိုတော့ သူ့မှာ သေနတ်ဘက်ကိုင်ထားတာ မရှိနိုင်ဘူးပဲ၊ ကျွန်တော်တို့ ထင်ထားတယ်၊ နောက်ပြီး သူက ညှော်ခန်းမှာထိုင်ရာကထပြီး အညောင်းတွေ ဘာတွေ ဆန့်ပြီး ထိုင်ရတာ ညောင်းလို့ပြီး လမ်းလေးဘာလေး လျှောက်ဦးမှလို့ ပြောပြီး ဟန်မပျက် ဒီအခန်းဘက် လျှောက်လာတာကို ကျွန်တော်တို့က သွေးရိုးသားရိုးပဲလို့ ထင်မိလို့ပါဆရာ"

ကိုအောင်မောင်းက သူ့တပည့်ရဲ့သားကို ခွင့်လွှတ် ခေါင်းညိတ်ပြလိုက်သည်။

ရဲမြင့်နောင်သည် တအင်းအင်း ညည်းတွားရင်း ဆေးရုံအမြန်ပို့ရန် တောင်းပန်တော့သည်။

ထွန်းနေနွယ်၏ လက်ချက်က ရဲမြင့်နောင်၏ လက်ယာပခုံးထဲသို့ ကျည်ဆန်ဖောက်ဝင်သွားသည်။ ရဲသားရိုင်ဖယ်နှင့် ပစ်လိုက်သည်က ရဲမြင့်နောင်၏ လက်ငဲဘက် ပေါင်တစ်ဖက် သွင်သွင်ကျိုးသွားရှာပေသည်။

ထွန်းနေနွယ်က နိုင်လင်းကို ဆွဲထူမ,လိုက်ပြီး ရဲမြင့်နောင်ကို လက်ညှိုး ထိုးပြလိုက်သည်။

"ကဲ ... နိုင်လင်း မင်းက သူ့အပေါ် သံသယရှိနေတာပဲ ဟုတ်လား၊ သူကတော့ မင်းကို အသေဆော်တဲ့ လက် တွေ့မြင်ပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာထွန်းနေနွယ်၊ ကျွန်တော် သိခဲ့ သလောက် ကျွန်တော် ပြောပါတော့မယ်"

"အေး ... ငါ့ကိုမပြောနဲ့၊ ဟောဒီစခန်းမှူးကိုအောင်မောင်း ကိုသာ မင်းကိုယ်တိုင် တရားဝင်ဖော်ပြချက်တွေ၊ စစ်ချက် တွေ ပေးပေတော့ နိုင်လင်း"

ရဲမြင့်နောင်တရားခံအစစ်ကို ဖော်ပြီဆိုသော်လည်း ရုံးတင်ရာတွင် ခိုင်မာသော နိုင်လင်းလို သက်သေမျိုးက လိုအပ်သေးသည် မဟုတ်လား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## (၂၈)

ဦးမောင်မောင်စိန်သည် ကြောင်ခံတွင်းပျက်။

ထိုရောအခါ လင်သေမုဆိုးမ ဒေါ်ကေသီသည် ဆက်ရက်တောင်ပံကျိုး ဖြစ်လေသလားဟု တွေးတောလာတော့သည်။

ဤမှာပင် ဦးသော်ကသေဆုံးပြီးနောက် မကြာမီပိုင်းအတွင်း၌ ဒေါ်ကေသီ၏ သစ်စခန်းနှင့် သစ်စက်တွင် ပြဿနာများ မွေးဖွားလာရခြင်း ဖြစ်တော့သည်။

ကိုဘခက်က လှစ်ခနဲဆို ပျဉ်းမနားမြို့ပေါ်တက်ပြီး စိတ်၏ဖြေဖျော်ရာ စိတ်ဆားနေသည်များကို မှိုင်ဖြည့်တင်းတပ်သော အကျင့်ရှိသည်။

မကောင်းမှုတွင် ပျော်မွေ့သူအချင်းချင်း ပေါင်းမိ တွေ့ဆုံသလို ရဲမြင့်နောင်နှင့် ကိုဘခက်တို့ ပုလင်းတူ [illegible] ဖြစ်သွားကြသည်။



ရဲမြင့်နောင်သည် ဦးမောင်မောင်စိန်၏ တူတော်သည်။

ဦးမောင်မောင်စိန်တွင် ငွေစက္ကူအတုစက်ကြီး မြေတိုက်ထဲတွင် ထားရှိပြီး လုပ်ငန်းမစနိုင်ဘဲ နေရာအခက်အခဲရှိနေသည်ကို တူတော်မောင် ရဲမြင့်နောင် အတွင်းသိ။

ဤကိစ္စမျိုးသည် နည်းနည်းလေးမျှ လူသိခံ၍မဖြစ်၊ လုံခြုံမှုနေရာသည် ငွေစက္ကူအတုလုပ်ငန်း၏အသက်။

ကိုဘခက်နှင့် အဖွဲ့ကျပြီး မကြာမီမှာပင် ရဲမြင့်နောင်က မြိုင်သာသစ်စခန်းနှင့် သစ်စက်လုပ်ငန်းအကြောင်းတွေ သိရှိလာခဲ့တော့သည်။

ဦးလေး ဦးမောင်မောင်စိန်အား ရဲမြင့်နောင်က သစ်စခန်းနှင့် သစ်စက်အကြောင်း ပြောပြသည်။ ဦးမောင်မောင်စိန်က မြိုင်သာသစ်စခန်းနှင့် သစ်စက်အကြောင်း အသေးစိတ် လေ့လာပြီး လွန်စွာသဘောကျနှစ်ခြိုက်သွားသည်။

မြိုင်သာသစ်စခန်းနှင့် သစ်စက်လုပ်ငန်းချည်းပင်လျှင် တစ်နှစ်လျှင် အားလုံးစရိတ်နုတ်ပြီး ကိုယ့်တွက် ငါးသောင်းခန့်ကျန်ကြောင်း ကိုဘခက်ထံမှ သိရသည်။ ထိုငါးသောင်း အမြတ်ငွေရရုံမက ငွေစက္ကူအတုလုပ်ရန်လည်း အသင့်တော်ဆုံးနှင့် အကောင်းဆုံးနေရာ ဖြစ်နေသည်။

ထို့ကြောင့် ဒေါ်ကေသီထံ ဦးမောင်မောင်စိန်က သစ်စက်နှင့် သစ်စခန်းလုပ်ငန်းကို ဝယ်ယူလိုကြောင်း စကားကမ်းလှမ်းသည်။

မရပါလေ။ ဒေါ်ကေသီက သစ်စက်နှင့် သစ်စခန်းလုပ်ငန်းကို ရောင်းချရန် သီးသီးခါးခါး ငြင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဒေါ်ကေသီ ခေါင်းမာစွာ ငြင်းဆိုနိုင်ခြင်းမှာ ခင်ပွန်းဦးသော်က သေဆုံးသွားစေကာမူ ဒေါ်ကေသီအတွက် လုပ်ငန်းတွင် အလွန်အားထားရသော မန်နေဂျာကိုဒေါင်း ရှိနေသောကြောင့်ဟု ဦးမောင်မောင်စိန်အား ကိုဘခက်က ရှင်းပြခဲ့သည်။

မန်နေဂျာကိုဒေါင်းသည် ဦးမောင်မောင်စိန်အတွက် ဆူးငြောင့်ခလုပ် ဖြစ်လာရသည်။

မန်နေဂျာကိုဒေါင်းသာ မရှိခဲ့လျှင် ဒေါ်ကေသီတွင် အားကိုးအားထား မရှိပါလေတော့။ သစ်စက်နှင့် သစ်စခန်းလုပ်ငန်းတွေကို မိန်းမသားလည်းဖြစ် ဝေဒနာရှင်လည်း ဖြစ်နေသော ဒေါ်ကေသီ မည်သို့မျှ ဆက်လက်ဆောင်ရွက်နိုင်ဖွယ် မရှိမှန်း ဦးမောင်မောင်စိန် သဘောပေါက်သည်။

ယခု ငွေနှစ်သောင်း ယူသွား။

မန်နေဂျာ ကိုဒေါင်းကို ကိုယ့်နည်း ကိုယ့်ဟန်နှင့် အပျောက်ရှင်း ...။

ကိုဒေါင်း ပျောက်ကွယ်သွားပြီဆိုသည်နှင့် နောက်ထပ် ငွေတစ်သောင်း ထပ်ပေးမည်။

သစ်စက်နှင့် သစ်လုပ်ငန်းကို ဦးမောင်မောင်စိန်က ဝယ်ပြီးသည်နှင့် ကိုဘခက်ကို မန်နေဂျာ ခန့်မည်။

ကိုဘခက်နှင့် ဦးမောင်မောင်စိန်တို့နှစ်ဦး သဘောတူလိုက်ကြသည်။

ကိုဘခက် အနေနှင့်ကလည်း မန်နေဂျာကိုဒေါင်းကို ဦးမောင်မောင်စိန်က ငွေသုံးသောင်း ပေးမခိုင်းသည့်တိုင်အောင် ဖယ်ရှားပစ်ရမည်ဟု နဂိုကတည်းက အစွဲရှိထားသည်။ နဂိုအစွဲမှာ



ဤလုပ်ငန်း ဤစခန်းတွင် တာဝန်ခံအနေနှင့် ကိုဘခက်က သမ္မာအရင့်ဆုံး။

ကိုဒေါင်း မရှိလျှင် မန်နေဂျာရာထူးသည် ကိုဘခက်သာလျှင် ရမည်ဟု အားလုံးကလည်း ခံယူပြီးသား။

နောက်တစ်ချက်မှာ မန်နေဂျာ ကိုဒေါင်းသည် ကိုဘခက်တစ်ယောက် ပျဉ်းမနားတွင် ဦးမောင်မောင်စိန်နှင့် အပွဲ့ကျနေသည်ကို ရိပ်စားမိသွားသည်။

ဦးမောင်မောင်စိန်နှင့် ကိုဘခက်တို့ မည်သို့သော အကြောင်းအရာ မှုတည်ပြီးမည်သို့မည်ပုံ အဖွဲ့ကျနေသဖြင့် ဆိုခြင်းကို မန်နေဂျာကိုဒေါင်းက ခြေရာခံစုံစမ်းစ ပြုလေပြီမှန်း ကိုဘခက်ကလည်း သိလေပြီ။

ကိုဘခက်က သေနတ်ပစ်ပြိုင်ပွဲမှာပင် ဆုတံဆိပ်ရအောင် လက်ဖြောင့်သေနတ်သမား မဟုတ်လား။

ကိုဘခက် စိတ်ရှည်ရှည်ဖြင့် အကွက်ချောင်းနေခဲ့သည်။

မကြာပါလေ။

မန်နေဂျာ ကိုဒေါင်း အမဲလိုက်ထွက်တော့သည်။ သူ့ဆရာသမား ဦးသော်က ရှိစဉ်ကတည်းက ဦးသော်က အမဲလိုက်ဝါသနာကြောင့် နောက်မှလိုက်ပါရင်း ကိုဒေါင်းကိုယ်တိုင် အမဲလိုက်မှုကို မျော်မွေ့လာသည်။ နောက်ပြီး တောထဲတောင်ထဲတွင် သူ၏ အလုပ်သမားများအား အသားအဝကျွေးလိုသော စေတနာ ကိုဒေါင်းတွင် ရှိနေတတ်သည်။

ဤသစ်စခန်းတစ်ဝိုက်တွင် ခြေခင်းလက်ရင်းသာ

www.burmeseclassic.com

www.burmeseclassic.com



သော ရာသီမျိုး၌ အနယ်နယ်မှ အမဲလိုက်သူတွေကလည်း ရှိနေသည့်အချိန်မျိုးကို ကိုဘခက် ရွေးသည်။

ဆိုပါစို့။

အမဲလိုက်ရင်းပင် ဘယ်ကလာမှန်း မသိသော ကျည်ဆန်သည် မန်နေဂျာ ကိုဒေါင်း၏ ဦးခေါင်းကို ထိမှန်ကာ နေရာမှာပင် မန်နေဂျာကိုဒေါင်း ပွဲချင်းပြီး သေသွားတော့သည်။

မန်နေဂျာကိုဒေါင်း သေဆုံးသွားသည်နှင့် ဒေါ်ကေသီမှာ မျက်စိပျက် မျက်နှာပျက်နှင့် သစ်စက်နှင့် သစ်လုပ်ငန်းအတွက် စိုးရိမ်ပူပန်လာတော့သည်။

လုပ်ငန်းနှင့် ပတ်သက်လာလျှင် တာဝန်ခံတွေပြောသမျှ ဒေါ်ကေသီက ခေါင်းညိတ်နေရသည်။

ထိုစဉ်မှာပင် ကိုဘခက်က လုပ်ငန်းတွင် မန်နေဂျာမရှိသည်မို့ လုပ်အားပိုမိုလိုလာသည်။ ဒေါ်ကေသီထံ အလုပ်လာလျှောက်သော ရဲမြင့်နောင်ကို သူ၏ အရည်အသွေးအရ တာဝန်ခံတစ်ယောက်အဖြစ် အလုပ်ခန့်သင့်သည်ဟု တိုက်တွန်းရက်အရ ရဲမြင့်နောင်ကို ဒေါ်ကေသီ အလုပ်ခန့်လိုက်သည်။

ကျော်ဝင်းမောင်နှင့် ကိုကြိုင်းမောင်က ခပ်တည်တည် ခပ်အေးအေးပင်။ သို့သော် ကိုဒေါင်း သေဆုံးသွားသည်နှင့် မန်နေဂျာရာထူးနှင့် လစာကိုတော့ ကိုကျော်ဝင်းမောင်ရော ကိုကြိုင်းမောင်ရော မျှော်လင့်ထားသည်။

ဒေါ်ကေသီက မည်သူ့ကိုမျှ မန်နေဂျာ တင်မပေးရဲသေး။ တစ်ယောက်ပေးလျှင် နောက်တစ်ယောက်က မကျေမနပ်ဖြစ်မည်ကို သိသောကြောင့် ခပ်ဆိုင်းဆိုင်းပင် ထားရသေးသည်။



ရဲမြင့်နောင် ဝင်လာပုံက ယဉ်သည်။

သူ့ကိုယ်သူ မိမရှိ ဖမရှိ၊ တစ်ကောင်ကြွက် ခေတ်ပညာတတ် လူငယ်လေးတစ်ယောက်အသွင် ဝင်လာခြင်းမျိုးဖြစ်သည်။

ရဲမြင့်နောင် တာဝန်ခံအဖြစ် ထမ်းဆောင်ပေမယ့် ကိုဘခက်နှင့် နားလည်မှုယူကာ သိပ်အရောတဝင်မနေ။ ဦးမောင်မောင်စိန်၏ အကြံပေးချက်အတိုင်း ရဲမြင့်နောင်သည် အလုပ်သမားတွေ အုံကြွဖို့ကို မသိမသာ ဖန်တီးတော့သည်။

ရဲမြင့်နောင်က အလုပ်သမားတွေကြားထဲ ကိုယ်တိုင်မဝင်။ သောအမြင်အားဖြင့် သိသာသွားနိုင်သောကြောင့် ဖြစ်သည်။

ရဲမြင့်နောင်က အလုပ်သမားတွေကို လေ့လာပြီး နိုင်လင်းကို ဝင်ပူးလိုက်သည်။ အမျိုးသမီး အလုပ်သမားထဲတွင် မဟုတ်ခဲ ခပ်ချောချော မန်နေဂျာ ကိုဒေါင်း၏မရီးကို စကားတစ်လုံးသွင်း နှစ်လုံးသွင်း သွင်းတော့သည်။

နိုင်လင်း အခြေအနေကလည်း မနန်းစိန်ကို လက်ထပ်ချင်နေသည်။ သို့သော် စုပြီး ဆောင်းပြီးသား ငွေမရှိ။

ရဲမြင့်နောင်က နိုင်လင်းအား ပထမအစ ငွေငါးဆယ်ပေး အစိတ်ပေးကာအစ သိမ်းသွင်းသည်။ နိုင်လင်းအနေနဲ့ ရဲမြင့်နောင်အား အပိုးကျိုးလာသောအခါ ရဲမြင့်နောင်က မနန်းစိန်နှင့် နိုင်လင်း လက်ထပ်သည့်အခါ သူစုဆောင်းထားသော ငွေသုံးထောင် မင်္ဂလာလက်ဖွဲ့အဖြစ် ပေးမည်ဟု စကားရိပ်သမ်းထားသည်။

ယင်းသို့သော အခြေအနေဝယ် ထွန်းနေဝင်းသည် သစ်စခန်း ဒေါ်ကေသီထံ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေနွယ်၏ အပြောအဆို အနေအထိုင်က တည်ကြည်ခဲ့ညားသည်။ ဘာမဆို လုပ်ရဲသည်ဆိုသည့် အသွင်မျိုး ရှိနေသည်။

ထို့ပြင် ထွန်းနေနွယ်၏ မိဘများနှင့် ဒေါ်ကေသီမှာ ငယ်ပေါင်းသူငယ်ချင်းတွေမို့ ထွန်းနေနွယ်၏ မိဘများက ထွန်းနေနွယ်အား ပိုက်ဆံတစ်ပြားမျှ မယူစေဘဲ ကူညီလုပ်ကိုင်ပေးရန် စေလွှတ်လိုက်ကြောင်း ပြောင်ပြောင်ပင် ဖွင့်ပြောသည်။

လစာမဲ့ မန်နေဂျာ။

ဒီတော့လည်း မန်နေဂျာရာထူးကို မည်သူကမျှ လိုချင်ကြောင်း အသံမထွက်ရဲမေတော့။ ထွန်းနေနွယ် အဟာန့်ကြောင့် လည်း ကွယ်ရာမှာသာ မကျေမနပ် ပြောချင်ပြောမယ် ရှေ့တွင် ဘယ်သူမှ ဘာမျှမပြောရဲ။

ထွန်းနေနွယ် ရောက်လာခြင်းသည် ဦးမောင်မောင်စိန်၊ ကိုဘခက်တို့ အကြံအစည်ကို အဟန့်အတား ဖြစ်စေတော့သည်။

ဒီကြားထဲမှာပင် ကိုဘခက်က တစ်စခန်းထတော့သည်။

ကိုဒေါင်း သေဆုံးပြီး ကိုဘခက်သည် ငွေတစ်သောင်း ထပ်ရပေသည်။

သို့သော် ကိုဘခက်သည် ရလေလိုလေ အိုတာဆွေ ဖြစ်လာသည်။ ရဲမြင့်နောင်မှတစ်ဆင့် မကြာခဏဆိုသလိုပင် ဦးမောင်မောင်စိန်အား ကိုဘခက် ငွေညှစ်တော့သည်။

ပထမတော့ ဦးမောင်မောင်စိန်က မပေးလို၍ ကိုဘ



ခက်အား ကိုဒေါင်းကို ပစ်သတ်မှုနှင့် ပြန်လည်ခြိမ်းခြောက်သေးသည်။

ကိုဘခက်က ဘုန်းကြီးတစ္ဆေ။ ဦးမောင်မောင်စိန်တို့က သံဗုဒ္ဓေဂါထာ ရွတ်ရုံမျှနှင့် ကိုဘခက်က ကမ္ဘဝါပြန်ရွတ်လိုက်သည်။

ကောင်းပြီ ကိုဒေါင်းကို မိမိက ပစ်သတ်သည်ဟူ၍ မျက်မြင်သက်သေ တစ်ယောက်မရှိ။ မိမိက ဦးမောင်မောင်စိန်၏ ငွေစက္ကူအတုလုပ်စက်ကြီးကို လက်ညှိုးထိုးပြလိုက်မည်။ အကယ်တန္တ၊ တကယ်ဖြစ်လာလျှင် ဤငွေစက္ကူအတုစက်ကြီးအကြောင်း သက်ဆိုင်ရာကို မိမိက ဖော်ထုတ်မည်စိုး၍ တမင်သက်သက် မိမိအား မန်နေဂျာကိုဒေါင်းကို သတ်ပါသည်ဟု အမှုဆင်ခြင်းသာ ဖြစ်ပါသည်။ မိမိနှင့် မန်နေဂျာကိုဒေါင်းမှာ လူခင်တွေဖြစ်ကြသည်။ တစ်ယောက်တစ်ခွန်း စကားပင် မများခဲ့ဖူးကြောင်း သက်သေအချားကြီး ကိုဘခက်က ထုလိမ့်မည်။ ကိုဘခက်က ပြန်ရွတ်ပြလိုက်သည်။ ဦးမောင်မောင်စိန် ဘာတတ်နိုင်မည်နည်း။ မိမိက ကိုဘခက်အား မန်နေဂျာကိုဒေါင်းကိုသတ်ရန် ကိုဘခက်အား ငွေသုံးသောင်းပေး၍ သတ်ခိုင်းပါသည်ဟု ပြန်လှန်ထွက်ဆိုရဲလေမည်တဲ့လား။

ကိုဘခက် ငွေညှစ်သမျှ ဦးမောင်မောင်စိန်မှာ လိုက်လျှောရတော့သည်။

ထိုအခါ ဦးမောင်မောင်စိန်က ကိုဘခက်အား ဤလောကကြီးတွင် ဆက်လက်မထားသင့်တော့ပြီဖြစ်ကြောင်း ရှုတော်မောင် ရဲမြင့်နောင်အား ပြောကြားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမှာပင် နိုင်လင်းအခန်း ပ ဝင်လာတော့သည်။

ရဲမြင့်နောင်က နိုင်လင်းအား ငွေသုံးထောင်ပြမြီး တောတွင်းသစ်ခုတ်သစ်လှဲရာတွင် ကိုဘခက်အား မတော်တဆ တစ်နည်းနည်းဖြင့် သေဆုံးစေရန် ဖန်တီးပေးရမည်ဟူ၍ ...။

မနန်းစိန်ကို လက်ထပ်လိုလှပြီဖြစ်သော နိုင်လင်းက သဘောတူလိုက်သည်။ ငွေသုံးထောင်ကို လက်ခံယူလိုက်သည်။

ရဲမြင့်နောင်က အိမ်ကြီးတွင် နေခွင့်ရသော တာဝန်ခံမို့ အိမ်ကြီးတွင် ဖြစ်ပျက်သမျှကို သိနိုင်ခွင့် ရနေသည်။

ဘာမဆို သိအောင်လည်း အကြံသမား ရဲမြင့်နောင်က စပ်စုထားသည်။

ဤတွင် ဒေါ်ကေသီ၏တူမ ထက္ကသိုလ်ကျောင်းထွက်တစ်ဦး လာတော့မည်။ မြို့သာဘူတာမှ ကိုဘခက် ကြိုပေးရမည်ကို ရဲမြင့်နောင် သိသွားသည်။

ရဲမြင့်နောင်အဖို့ ဒေါ်ကေသီတွင် နောက်ထပ်အကူအညီပေးမည့်သူ ရောက်လာခြင်းကို မလိုလား။ ထွန်းနေနွယ် ရောက်လာခြင်းသည်ပင်လျှင် သူ၏ဦးလေး အကြံအစည်၌ များစွာ အဟန့်အတား ဖြစ်ရုံမက နှောင့်နှေး ကြန့်ကြာနေသည်။

တစ်ချက်ခုတ် နှစ်ချက်ပြတ် ...

လေးလေးမြင့်ကို ကြိုလာသော ကိုဘခက်၏ မြင်းလှည်းလမ်းအတိုင်း မောင်းလာစဉ် ချိန်သားကိုက် သစ်ပင်ကြီးတစ်ပင်ခုတ်လှဲပြီး မြင်းရထားကို ပိသွားစေရန် အလုပ်သမားခေါင်း နိုင်လင်းကို ညွှန်ကြားတော့သည်။ ကိုဘခက်ရော လေးလေးမြင့်ရော သေစေသတည်း။



နိုင်လင်းမှာ ငွေသုံးထောင် လက်ခံထားပြီးမို့ ရဲမြင့်နောင် ညွှန်ကြားသည့်အတိုင်း လုပ်လိုက်သည်။

မအောင်မြင်ပါလေ။

ကိုဘခက် လွတ်ထွက်ပြေးသည်။ လေးလေးမြင့်ကို ထွန်းနေနွယ်က အချိန်မီ ကယ်တင်နိုင်သည်။

မည်သို့ဆိုစေ နိုင်လင်း ဖြုံသွားလေပြီ။ ဖြုံသွားသော နိုင်လင်းအား ရဲမြင့်နောင်က ဆက်လက်ခြောက်လှန့်သည်။ နိုင်လင်းသည် လူသတ်ရန် ကြံစည်လေပြီ။ နိုင်လင်း ရိုးတိုးယားယားလုပ်လျှင် သက်ဆိုင်ရာသို့ နိုင်လင်း လူသတ်ရန် ကြံစည်အားထုတ်ကြောင်း တိုင်ပြောမည်ဟူ၍ ...။

နိုင်လင်း ခမျာ နဂိုကပင် လူရိုး၊ မသိနားမလည်သော ပညာမဲ့လူစား။ ရဲမြင့်နောင်က နိုင်လင်းကို တစ်ဆက်တည်းမှာပင်သစ္စာရေ သောက်ခိုင်းတော့သည်။ ရဲမြင့်နောင်က ဘာလုပ်လုပ်၊ ဘယ်သူ့ကိုမျှ နိုင်လင်းက ဖွင့်မပြောပါ။ ပြောမိခဲ့လျှင် ဤဘဝတွင် အသေဆိုး သေရုံမက ဘဝဆက်တိုင်း ဘာဖြစ်ရမည်၊ ညာဖြစ်ရမည်စသည်ဖြင့် လူပြိန်းကြောက်လန့်လောက်သော အကျိန်အတွယ်တွေ ဆိုခိုင်းကာ သစ္စာရေကို သောက်စေတော့သည်။

ကိုဘခက် ၊အတောမသတ်။

ဦးမော့င်မောင်စိန်ထံ ငွေညှစ်ခြိမ်းခြောက်မြဲ။

လေးလေးမြင့် လမ်းလျှောက်ထွက်သောနေ့က တောင်ပူစာပေါ်၏ ချုံကွယ်တွင် ရဲမြင့်နောင်နှင့် ကိုဘခက်တို့ အပြန်အလှန် ပြောစကားများကို ကြားခဲ့ခြင်း ဖြစ်သည်။

ထွန်းနေနွယ်ကလည်း ဒေါ်ကေသီတွင် ကျရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ပြဿနာတွေ ရှင်းပေးရသည်မို့ အမြဲတမ်း ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်နေသူ ဖြစ်သည်။

ထွန်းနေနွယ် အကဲခတ်မရသူမှာ ကိုဘခက်ပင် ဖြစ်ပါ၏။ ကိုဘခက် အသုံးအစွဲမှာ ဖွာလွန်းနေသည်။ ရသည့်လခနှင့်မလိုက်။ ပြီး တာဝန်ခံကိုဘခက်၏ မျက်နှာပေး၊ အပြောအဆို အမူအရာတွေကို ထွန်းနေနွယ် သိပ်မကြိုက်။ ထို့ကြောင့် ထွန်းနေနွယ်သည် ကိုဘခက်ကို တစေ့တစောင်း ကြည့်နေသည်။

ထိုနေ့ကလည်း ထိုတောင်ပူစာလေးဘက်သို့ ကိုဘခက် လှစ်ခနဲ ထွက်သွားသည်မို့ ထွန်းနေနွယ်က နောက်မှရှဲဒိုးလိုက်ရင်း ကိုဘခက်ကို မျက်ခြေပြတ်သွားသည်။ ထိုအချိန်မှာပင် တောင်ပူစာပေါ်မှ တလိမ့်ခေါက်ကွေး လေးလေးမြင့် ကျလာသည်ကို ကြုံလိုက်ရခြင်း ဖြစ်ပါ၏။

လေးလေးမြင့် လိမ့်ကျလာပြီးနောက်မှာတော့ ကိုဘခက်က တခြားသို့ ခြေရာဖျောက်သွားတော့မည်မှန်း ထွန်းနေနွယ် သေချာသည်မို့ လေးလေးမြင့်ကိုသာ ဘေးကင်းအောင် ပြန်လည်လိုက်ပို့ခြင်း ဖြစ်တော့သည်။

ငွေညှစ်ကြမ်းသည်ထက် ကြမ်းလာသော ကိုဘခက်အား နောက်ဆုံး ရဲမြင့်နောင်က သတ်ပစ်ရန် ဆုံးဖြတ်တော့သည်။

အိမ်ကြီး၏ ညှော်ခန်းမှ သေနတ်ကို ရဲမြင့်နောင်က လူအလစ်တွင် ရယူလိုက်သည်။ နိုင်လင်းကို သူနှင့်အတူခေါ်ကာ ထိုညက အပြင်မှ ပြတင်းပေါက်မှတစ်ဆင့် သေချာချိန်ကာ ရဲမြင့်နောင်က ကိုဘခက်ကို ပစ်သတ်လိုက်သည်။

နိုင်လင်းကို ဤအကြောင်းတွေ တခြားသူပြောလျှင်



သဗ္ဗာရေသေဘက်ထားသည့်အတိုင်း ဘဝအဆက်ဆက် ကျိန်စာသင့်မည်။ လက်ငင်းအားဖြင့်လည်း နိုင်လင်း ဖော်ပြောသည်နှင့် ကိုဘခက်ကို သတ်သလို နိုင်လင်းကိုလည်း သတ်မည်ဟု ထပ်မံခြိမ်းခြောက်သည်။

ကိုဘခက်ကို ပြတင်းပေါက်မှ ပစ်ပြီးသည်နှင့် ရဲမြင့်နောင်က ...

"ရော့ ... ဒီသေနတ် ခဏကိုင်ထားစမ်း၊ ငါအထဲသွားကြည့်လိုက်ဦးမယ်"

နိုင်လင်းက ရိုင်ဖယ်သေနတ်ကိုင်ကာ အပြင်မှ စောင့်နေသည်။ ရဲမြင့်နောင်က ပထမဦးစွာ ကိုဘခက် အလောင်းမှ အိတ်တွေကို နှိုက်ကြည့်သည်။ လှန်လှောကြည့်သည်။ အဓိကရှာဖွေသည်မှာ ဦးမောင်မောင်စိန် အကြောင်း၊ မိမိနှင့် ရဲမြင့်နောင်၏ အကြောင်း၊ ကိုဘခက်က ရေးမှတ်ထားသော စာရွက်စာတမ်း ဒိုင်ယာရီ အထောက်အထားမျိုးတွေများ ကိုဘခက် ဆောင်ထားလေသလားဟု ရှာဖွေကြည့်ခြင်း ဖြစ်သည်။

ဘာမျှမတွေ့ရပေ။ ငွေစက္ကူများသာ အထပ်လိုက်တွေ့ရသည်။ ရဲမြင့်နောင်က ငွေစက္ကူသာမက ကိုဘခက် ကိုယ်ပေါ်တွင် တပ်ဆင်ထားသော ပတ်ကား(၅၁)ဖောင်တိန်၊ ရိုးလက်စ်နာရီတို့ကိုပါ ယူလိုက်သည်။ တစ်စုံတစ်ယောက်သော ဓားပြလူဆိုးက ကိုဘခက်ကို သတ်ပစ်ပြီး ပစ္စည်းယူသွားသည်ဟု ထင်စေရန် ဖြစ်သည်။

ကိုဘခက်၏ စာကြည့်စားပွဲ အဝတ်ဗီရိုများတွင် ရဲမြင့်နောင် ဆက်၍ ရှာချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိမ်ရှေ့ဝရန်တာပေါ်သို့ ဂျမ်ဘိုကြီးရောက်လာပြီး ဘာမပြော ညာမပြောနှင့် အူလိုက်သော အသံကြောင့် ရဲမြင့်နောင် အထိတ်တလန့်ဖြစ်ကာ အိမ်ထဲမှ သုတ်သီးသုတ်ပျာ ပြန်ထွက်လာတော့သည်။

"အခုအတောအတွင်း ခဏတဖြုတ် မင်းတစ်နေရာရာမှာ ရှောင်နေပေတော့ နိုင်လင်း၊ ရဲတွေလာရင် မင်းသိစ်ပင်လို့ တုန်းကကိစ္စကို စစ်မှာပဲ၊ မင်းနဲ့ကိုဘခက် စကားများထားတာတွေကို စစ်မှာပဲ၊ အေး … ခင်းကိစ္စအားလုံး ငါကြည့်ပြီး ရဲတွေကို ပြောထားပေးမယ်၊ အိုကွာ … နောက်ဆုံးပျဉ်းမနားနယ်မြေက ထွက်ပြေးချင် ထွက်ပြေး၊ ငါငွေငါးသောင်း မင်းကို ထပ်ပေးမယ် …"

ပြောပြောဆိုဆို ရဲမြင့်နောင်က လှစ်ခနဲပင် ထိုနေရာတွင် နိုင်လင်းကို ထားခဲ့ပြီး ထွက်သွားတော့သည်။

လူရိုးလူအ နိုင်လင်းမှာ သေနတ်ကြီး လက်ကကိုင်ပြီး၊ ဘုမသိ ဘမသိဖြင့် နေရာတွင် ကျန်ခဲ့တော့သည်။

နိုင်လင်းက အိမ်ကြီးဆီသို့ လှမ်းကြည့်ရာ မီးဖိုတွင် သူ၏ချစ်သူ နန်းစိန်ကို လှမ်းမြင်သည်။ ကြာရာမရစိတ်ဖြင့် နန်းစိန်ရှိရာ ရောက်လာသည်။ နန်းစိန်အား ကိုဘခက် သေပြီဟုသာ ပြောသည်။ မည်သူသတ်သည်ဟူ၍ မပြော။ နောက်တစ်နေ့နံနက်အစောကြီး နိုင်လင်းသည် အိမ်ကြီးခြေတိုက်မှ လစ်ပြေးတော့သည်။ သူ့အား မည်သည့်အချိန် မည်သည့်နေရာတွင်တွေ့ရ၊ နန်းစိန်ယူ စာရေးထားခဲ့သည်။

ညဘက်တွင် ရဲမြင့်နောင်သည် စိတ်တထင့်ထင့်ဖြင့်



ရှပြန်သည်။ ကိုဘခက်၏ အင်္ကျီဘောင်းဘီအိတ်များ၌သာ မိမိရှာဖွေခဲ့ရသေးသည်။ စားပွဲ ဗီရို စသည့်များတွင် မရှာရသေး။ သူ၏ဦးလေးနှင့် ဆက်သွယ်ထားသည့် အထောက်အထားတစ်ခုခုကို ရဲကတွေ့သွားလျှင် ဦးလေးဦးမောင်မောင်စိန်၏ ငွေစက္ကူအတုစက်ကိစ္စကြီး ပေါ်ပေါက်သွားနိုင်သည်။

အင်မတန် ညဥ့်နက်မှ ရဲမြင့်နောင်သည် ကိုဘခက်၏ အိမ်ကလေးသို့ တစ်ကျော့ ပြန်လာခဲ့သည်။ မီးရောင်ဖြင့် ကိုဘခက်၏ စားပွဲ ဗီရို အိပ်ရာ စသည်တို့တွင် မွှေနှောက်ရှာဖွေသည်။

ယင်းသို့ရှာဖွေနေစဉ် အိမ်ကြီးရှိ လေးလေးမြင့်အခန်းဆီမှ မီးရောင်လင်းပြီး၊ ပြတင်းပေါက်မှ ကိုဘခက်အိမ်သို့လှမ်းကြည့်နေသော လေးလေးမြင့်ကို ရဲမြင့်နောင် လှမ်းတွေ့ရသည်။ ကိုဘခက်၏ အိမ်ထဲသို့ ရောက်နေမှန်း လေးလေးမြင့် လှမ်းမြင်လေသည်။ မိမိမှန်း သဲသဲကွဲကွဲ လေးလေးမြင့်က သိရှိသွားလျှင် မလွယ်ဟု ရဲမြင့်နောင် တွက်ခါ ကိုဘခက်အိမ်လေးမှ ပြန်လာပြီး လေးလေးမြင့် အခန်းသို့ လာခဲ့သည်။ မထူးတော့ပြီ။ လေးလေးကိုပါ ထပ်မံသတ်ရမည်။

သို့သော် အတွင်းမှ တံခါးမင်းတုပ် ထိုးထားသည်။ ရဲမြင့်နောင် ဖွင့်ရန် အခက်အခဲ ဖြစ်နေစဉ် ဒေါ်ကေသီ ချောင်းဆိုးသံ ကြားသဖြင့် ရဲမြင့်နောင် ပြန်လစ်လာခဲ့သည်။

ကံအားလျော်စွာပင် လေးလေးမြင့်က ညက ကိုဘခက်အိမ်တွင် လူတစ်ယောက် ဝင်ရောက်သည်ကို မည်သူမည်ဝါဟု သဲသဲကွဲကွဲ မသိမှန်း ရဲမြင့်နောင် သိရှိသွားသဖြင့် လေးလေးမြင့်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်သောကိစ္စကို နောက်မှ အေးအေးဆေးဆေး ကြံစည်တော့မည်ဟု စိတ်ပြောင်းလိုက်သည်။

ကိုဘခက် အသတ်ခံရသော လူသတ်မှုမှာ စခန်း၍ ကိုအောင်မောင်း ရောက်လာသည့်တိုင်အောင် အမှုသွား အမှုလာ အခြေအနေက နိုင်လင်း အပေါ်၌သာ ပုံကျနေကြောင်း ရဲမြင့်နောင် သတိထားမိသည်။

သို့သော် ရဲမြင့်နောင် အဓိကစိုးရိမ်နေသော အချက် ရှိနေသည်။ ဤအချက်မှာ နိုင်လင်းက အပြစ်မှန်တွေကို တစ်ဦးဦးအား ပြောပြလိုက်လျှင် အားလုံးပေါ်တော့မည်ယူသော စိုးရိမ်ချက်ပင် ဖြစ်သည်။

နိုင်လင်း ဆက်သွယ်နိုင်ဆုံးလူမှာ နန်းစိန်ပင် ဖြစ်ရမည်ဟုလည်း ရဲမြင့်နောင် တွက်လိုက်သည်။ ထို့ကြောင့် နန်းစိန်၏လှုပ်ရှားမှုကို တစေ့တစောင်း ရဲမြင့်နောင် အမြဲစောင်းနေသည်။

ရဲမြင့်နောင် တွက်ထားသည့် အတိုင်းပင် နန်းစိန်သည် ထမင်းချိုင့်ဖြင့် လစ်ခနဲ ထွက်ခဲ့သည်။ နိုင်လင်း မည်သူနှင့်မျှ တွေ့ဆုံခွင့်ပေးရန် မဖြစ်ဟု ရဲမြင့်နောင် သဘောပေါက်သည်။ တတ်နိုင်လျှင် မိမိအနေနှင့် နိုင်လင်းကိုပင် ဖြန့်ရှာကာ နိုင်လင်းကို အပြီးအပိုင် နှုတ်ပိတ်ရမည်။ အကြောင်းမူ အမှုအခြေအနေမှာ နိုင်လင်းအပေါ် ပုံကျနေသော်လည်း မန်နေဂျာထွန်းနေမွှယ်က နိုင်လင်း တရားခံအစစ် မဟုတ်နိုင်။ အိမ်ကြီးထဲမှ တစ်ယောက်ယောက်သာလျှင် လူသတ်တရားခံ ဖြစ်ရမည်ဟု ယူဆရုံမက သူ၏ယူဆချက်တို့ကို သက်ဆိုင်ရာ ရဲအရာရှိ ကိုအောင်မောင်းကို တင်ပြထားသည်။ ကိုအောင်မောင်း ကိုယ်တိုင်ပင် ထွန်းနေမွှယ်၏



တင်ပြချက်နှင့် ယူဆချက်ကို လက်ခံပုံရသည်။ နိုင်လင်းကိုဖမ်းမိသွားပြီး ကိုအောင်မောင်းက နည်းအမျိုးမျိုးနှင့် စစ်ဆေးလျှင် နိုင်လင်းက ဖော်တော့မည်။ နိုင်လင်း ဖော်လိုက်သည်နှင့် မိမိ လူသတ်တရားခံအဖြစ် အရေးယူခံရရုံမက ဦးလေးဦးမောင်မောင်စိန်၏ ငွေစက္ကူအတုလုပ်ငန်း ကိစ္စတွေပါ ပေါ်တော့မည်။ နိုင်လင်းကို နှုတ်ပိတ်ရမည်။

ထမင်းချိုင့်နှင့် မနန်းစိန် ထွက်သွားရာတွင် ရဲမြင့်နောင် ချောင်းမြောင်း လိုက်ပါလာသည်။

ဤနေရာနှင့် ဤအခြေအနေမျိုးဝယ် သေနတ်သုံး၍ မဖြစ်ကြောင်း ရဲမြင့်နောင် သဘောပေါက်သည်။ ပိတောက်နှစ်သား ဘုတ်တစ်ချောင်းကို ရဲမြင့်နောင် ကိုင်ဆောင်လာသည်။ ရဲမြင့်နောင်၏အိတ်ထဲတွင် ကိုယ့်ဟာကိုယ် တိတ်တိတ်ပုန်းကိုင်သော ပစ္စတိုသေနတ်ရှိပါ၏။ သို့သော် ဤနေရာမျိုးတွင် မသုံး။ ကိုဘခက်ကို ပစ်ခတ်စဉ်ကလည်း အိမ်ကြီးဧည့်ခန်းမှ ရိုင်ဖယ်ကိုသာ သုံးခဲ့သည်။

အဝေးမှ ကျကျနန ချိန်ပစ်ရာတွင် ပြောင်းရှည်သေနတ်က ချိန်သားကိုက်သောကြောင့်လည်း တစ်ကြောင်း၊ မန်နေဂျာ ကိုဒေါင်း သေဆုံးစဉ်ကလဲ ဤအိမ်ကြီးမှ ရိုင်ဖယ်နှင့်ပင် ဖြစ်သောကြောင့် ကိုဘခက်ကို သတ်ရာ၌ ရိုင်ဖယ်နှင့် ပစ်သတ်လျှင် အမှုရှုပ်ထွေး ထင်ယောင်ထင်မှားတွေ ဖြစ်စေရန်တစ်ကြောင်း၊ ကိုယ်ပိုင်ပစ္စတိုသေနတ်ကို သုံးလျှင် ကျည်ဖူးမှ ခြေရာခံပြီး ပြင်ပသေနတ်ဟု သိနိုင်သည်နှင့် ပြင်ပသို့ ခြေရာခံလိုက်မည်စိုး၍တစ်ကြောင်း၊ ယင်းအကြောင်းများကြောင့် ရဲမြင့်နောင်က သူ၏ပစ္စတိုကို အသုံးမသုံး။

www.burmeseclassic.com

www.burmeseclassic.com



ချိန်းဆိုထားရာနေရာနှင့် မနီးမဝေးအရောက်တွ
နိုင်လင်းသည် သစ်ပင်အကွယ်တစ်ခုမှ ထွက်လာပြီး နန်းစိန်ကို
ကြိုရန် ပြင်ဆင်သည်။

နှစ်ယောက်နှင့် တစ်ယောက်ခိုလျှင် ပိုမိုခက်ခဲမည်
ဖြစ်သောကြောင့် ရဲမြင့်နောင်သည် နိုင်လင်းထံ နန်းစိန် မရောက်မီ
မှာပင် ပိတောက်နှစ်တက်ဖြင့် နန်းစိန်အား ရိုက်ချလိုက်သည်။

နိုင်လင်းသည် နဂိုကတည်းက ကျီးလန့်စာစား
ဖြစ်နေသည်မို့ မမျှော်လင့်ဘဲ တစ်ဦးတစ်ယောက်က နန်းစိန်ကို
ရိုက်သည်ဆိုသည်နှင့် နိုင်လင်းခမျာ အထိတ်တလန့် ခြေဦးတည့်ရာ
ထွက်ပြေးတော့သည်။

ရဲမြင့်နောင်က နိုင်လင်းနောက်သို့လိုက်ရန် ဟန်ပြင်
လိုက်စဉ်မှာပင် မိမိ မထင်မှတ်သော ကိစ္စတွေ ပေါ်လာတော့သည်။

ဂုမ္ဘာန်ကြီး၏ ယောင်သံတွေ။

ထို့နောက် နောက်မှပါလာသော လေးလေးမြင့်၏
အသံ။

အမှန်တော့ လေးလေးမြင့် အနေနှင့်ထည် ယူနေသည်
နန်းစိန်နှင့် အလှမ်းဝေးသွားသည်။ နန်းစိန်နောက်ကို ထက်ကြပ်
မကွာ သစ်ပင်တွေ ချုံဖုတ်တွေကွယ်ပြီး အနီးကပ်လိုက်နိုင်သူ
ရဲမြင့်နောင် ဖြစ်သည်။

ဂုမ္ဘာန်ကြီးက နန်းစိန် ထွက်သွားကတည်းက လိုက်
လာခြင်းဖြစ်သည်။ နန်းစိန်က သူ့အား ထမင်းကျွေး အစာကျွေး
လေ့ရှိသော သခင်မဟုတ်ပါလား။ သို့တစေ ခွေးတို့၏ သဘာဝ
အတိုင်း လမ်းခရီးတွင် သခင်နောက်မလိုက်။ သူကရှေ့ပြေးသူ



နှင့်ခြင်းမို့ နောက်မှ ရဲမြင့်နောင်နှင့် လေးလေးမြင့် လိုက်လာခြင်း
ကို ရှေ့သို့ ကြိုရောက်နေသော ဂုမ္ဘာန်ကြီး အမှတ်မဲ့ ဖြစ်သွားဟန်
တူသည်။

နန်းစိန် အရိုက်ခံရပြီး ဗလုံးဗထွေး လဲကျသံနှင့်
ထမင်းချိုင့် လွင့်စဉ်သွားသော အသံတို့ကြောင့် ဂုမ္ဘာန်ကြီးနောက်
ပြန်လှည့်ကြည့်ကာ ထိုးဟောင်လိုက်တော့သည်။

ရဲမြင့်နောင်အဖို့ မလွယ်ပါလေတော့။

ဂုမ္ဘာန်၏ဟောင်သံ၊ နောက်မှ လေးလေးမြင့် လိုက်
လာသံတို့ကြောင့် ရဲမြင့်နောင်သည် လက်ထဲမှ ပိတောက်နှစ်သား
တုတ်ကြီးကို နိုင်လင်း ထွက်ပြေးရာဘက်သို့ အားကုန်လွှဲလွှင့်
ပစ်လိုက်ပြီး သစ်ပင်ကြီးတစ်ပင်တွင် ကွယ်ပုန်းနေလိုက်တော့
သည်။

ထင်သည့်အတိုင်းပင် တစ်ခဏအတွင်းမှာပင် အိမ်
ကြီးမှလူတွေ လက်နှိပ်ဓာတ်မီး တဝင်းဝင်းဖြင့် လိုက်လာကြတော့
သည်။ ရဲမြင့်နောင်က လူအုပ်ကြားတွင် အလစ်ဝင်ရောလိုက်ခြင်း
ဖြင့် သူ့ကိုယ်သူ ကာကွယ်လိုက်နိုင်တော့သည်။

ရဲမြင့်နောင် အဖို့ လုပ်ကွက်ကျဉ်းလေပြီ။

ထွန်းနေနွယ်နှင့် လေးလေးမြင့်တို့သည် ရဲမြင့်နောင်
အဖို့ ကြီးမားသော အနှောင့်အယှက် အဟန့်အတား ဖြစ်နေချေပြီ။

နောက်ဆုံး ထွန်းနေနွယ် တောထဲတွင် အလုပ်သမား
တွေနှင့် ကျန်ခဲ့စဉ် ရဲမြင့်နောင် ကြံစည်စိတ်ကူးတော့သည်။

အလုပ်သမားတွေ သပိတ်ပြန်လုန်ပြီး နောက်တစ်နေ့
လုပ်ငန်းခွင် ပြန်ဝင်ရေးအတွက် စည်းရုံးခြင်း၊ တိုင်ပင်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ရန် ထွန်းနေနွယ် တောထဲတွင် ကျန်ခဲ့သည်မှာ ချက်ချင်း အိမ်ကြီးသို့ ပြန်လာနိုင်မည် မဟုတ်သေးဟု ရဲမြင့်နောင် တွက်သည်။

နဂိုကတည်းက ရုံးခန်းမှာပင် ညအိပ်လေ့ရှိသော ရဲမြင့်နောင်သည် ထွန်းနေနွယ်၏ အလုပ်စားပွဲရှိ စာရွက်စာတမ်းတို့ကို မြင်တွေ့ထားရင်း ထွန်းနေနွယ် ရေးထားသော စာရွက်စာတမ်းများမှ ထွန်းနေနွယ်၏ လက်ရေးကို ရင်းနှီးပြီးသား ဖြစ်နေသည်။ နာရီဝက်ခန့်ကြည့်ပြီး လေ့လာရုံဖြင့် ထွန်းနေနွယ်၏ လက်ရေးကို အနီးကပ်ဆုံး တူအောင် ရေးနိုင်သည်။

ဤမျှပင် စာနှစ်စောင်ရေးသည်။

တစ်စောင်က ထွန်းနေနွယ်၏ လက်ရေးတူဖြင့် လေးလေးမြင့်အား အမဲလိုက်စခန်းသို့ ညနေလေးနာရီတွင် ချိန်းသည့်စာ။

နောက်တစ်စောင်က လက်ရေးဖျက်ပြီး လေးလေးမြင့် အန္တရာယ် မဖြစ်စေလိုက ထွန်းနေနွယ် သစ်စခန်းမှ အမြန်ဆုံး ထွက်သွားရန်စာ။

သို့တစေ ...။

ဤမှာလည်း ရဲမြင့်နောင်၏ တွက်ကိန်းနှင့် လွဲရပြန်တော့သည်။

ချိန်းဆိုသည့် ညနေလေးနာရီတိတိ ရဲမြင့်နောင် အမဲလိုက်စခန်းအိမ်သို့ ရောက်အသွားတွင် မမျှော်လင့်သော ဖြစ်ရပ်တွေ ဖြစ်နေသည်ကို အဝေးမှ တချောင်းချောင်း လှမ်းတွေ့ရတော့သည်။

အမဲလိုက်စခန်း အိမ်ထဲတွင် နိုင်လင်း ရှိနေသည်။



ထွန်းနေနွယ် ရှိနေသည်။ လေးလေးမြင့် လက်ထဲတွင် ရိုင်ဖယ် ကိုင်ထားသည်ကိုလည်း လှမ်းမြင်ရသည်။

ပထမတော့ မိမိပစ္စတိုနှင့် လှမ်းပစ်ရန် စိတ်ကူးသေးသည်။ ထိုစိတ်ကူးကို ပယ်ဖျက်ရသည်။ မိမိက ပြောင်းတိုပစ္စတိုအိတ်ဆောင်လေးနှင့် အဝေးမှလှမ်းပစ်လျှင် သူတို့က အမဲလိုက်အိမ်ထဲတွင် အကာအကွယ်ရပြီးသားမို့ ထိရောက်မှုရှိမည် မဟုတ်နိုင်။ ထို့ပြင် မိမိက မိမိကိုယ်အား သူတို့မြင်တွေ့သွား၍မဖြစ်။ မိမိ လှမ်းပစ်ခတ်သည်ကို တွေ့သည်နှင့် ဘွားခနဲ အမှုမှန် တန်းတန်းမတ်မတ် ဖော်ပြလိုက်သလို ရှိတော့မည်။ သူတို့လက်တွင် ရိုင်ဖယ်သေနတ်လည်း ရှိနေသေးသည်။

ထွန်းနေနွယ်တို့အပြန် အိမ်ကြီးနှင့် မနီးမဝေးရောက်မှ မိမိက လူလုံးကွယ် နေရာယူ အပိုင်ပစ်ခတ်ရန် ကြံတော့သည်။ တကယ်လည်း တိုက်ခိုက်ပါ၏။

သို့သော် ဂုဏ္ဍာန်ကြီးကို အချိန်မီ အကဲခတ်နိုင်သော ထွန်းနေနွယ်သည် အချိန်မီ အားလုံးကို ဝမ်းလျားထိုးမှောက်စေနိုင်သောကြောင့် ရဲမြင့်နောင်၏ ပစ်ခတ်မှုတွေ မထိရောက်ဘဲ ဖြစ်သွားသည်။

ထုံးစံအတိုင်း ရဲမြင့်နောင်သည် အိမ်ကြီးမှလိုက်လာသော လူအုပ်နှင့် ဒုတိယအကြိမ် ဝင်ရောလိုက်ပြန်သည်။

ကျန်သော ဖြစ်ရပ်အားလုံးတို့မှာ ထွန်းနေနွယ်နှင့် စခန်းမှူးကိုအောင်မောင်းတို့ မျက်မြင်လက်တွေ့ပင် ဖြစ်တော့သည်။

ရဲမြင့်နောင်ကို ဆေးရုံမပို့မီ စစ်ချက်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသို့ အလျင်အမြန် ရောက်လိုသောဆန္ဒ ပြင်းထန်မှုကြောင့်ရော၊ နိုင်လင်းကလည်း ဖော်တော့မည့်မှန်း သေချာသွားသောကြောင့် ရော ရဲမြင့်နောင်က စလန်းမှူး ဦးအောင်မောင်းအား ဖြောင့်ချက် တွေ အရှည်ကြီး ပေးလေတော့သည်။

ဤသည်ပင် ဒေါက်တာသီခချာ လင်တော်မောင် သေဆုံးပြီးနောက် မဟာမြိုင်သစ်စခန်းနှင့် သစ်စက်တွင် ကြုံဆုံ လိုက်ရသော ပြဿနာတွေပါတည်း။

❀ ❀ ❀



(၂၉)

ကိုအောင်မောင်း၏ ရဲကားဖြင့် လူနာ ရဲပြင့်နောင်ကို တင်ဆောင် ပြီး မျဉ်းမနားဆေးရုံသို့ ပို့စေသည်။ လောလောဆယ်တွင် နိုင် လင်းအား ထိန်းသိမ်းထားရန် လိုအပ်သည်မို့ နိုင်လင်းကိုပါခေါ် တင်သွားသည်။

ညစာထမင်းပွဲကြီး ခင်းကျင်းထားသော်လည်း မည် သူမျှ မစားချင်ကြသေး။

ကိုကြိုင်းမောင်၊ ရီရီဝင်း၊ ကျော်ဝင်းမောင်၊ စိုးသူဇာ၊ ဆလေးလေးမြင့်၊ ထွန်းနေနွယ်နှင့် ဒေါက်တာသီတို့သည် စည့်ခန်းမှာ ပင် ငူငူငိုင်ငိုင် ထိုင်နေကြသည်။

ဒေါက်တာသီမှာ မိမိသစ်စခန်းနှင့် သစ်စက်လုပ်ငန်း တွင် ရှုပ်ထွေးသော ပြဿနာတွေ ရှင်းသွားရုံမက ကိုဖြန်အလုပ် သမားတွေ အလုပ်ပြန်ဆင်းတော့မည်မို့ တစ်ဆက်က ကျေနပ်ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



သာသော်လည်း သူမရင်ထဲတွင် ရဲမြင့်နောင်ကို သနားနေရှာသေးသည်။

"အေးကွယ် … သူ မကောင်းတာတော့ မကောင်းတာပဲပေါ့လေ၊ ဒါပေမယ့် ရဲမြင့်နောင်ခမျာ သနားစရာပဲ၊ အသက်ငယ်သေးတယ် မဟုတ်လား"

ဒေါ်ကေသီ၏ စကားကို မည်သူကမျှ ခေါင်းမညိတ်။ မထောက်ခံကြပေ။ ကြီးငယ်မဟူ ဤမျှထိ ရက်စက်ဟုတ်မာသူကို သူ့တိုက်နှင့်သူ့ကံဟုသာ အားလုံးက သဘောထားကြသည်။

ထွန်းနေနွယ်က ဒေါ်ကေသီ၏ စကားအဆုံးတွင် ရယ်လိုက်သည်။

"ဒေါ်ကေသီကတော့ ဓဲပဲ၊ သစ်လုပ်ငန်းကြီးနဲ့ သစ်စက်ကြီး ဝါးမျိုဖို့ မညှာမတာ ကြံစည်နေတဲ့ လူတွေကိုတောင် လိုက်သနားနေသေးတယ်၊ ဒါကြောင့် ကျွန်တော့ဖေဖေက ပြောတာပေါ့၊ ကေသီဟာ သနားစရာပါကွာတဲ့၊ အင်မတန်စိတ်ရင်းကောင်းပြီး နူးညံ့တယ်၊ လူတစ်ဘက်သားကို သနားတတ်တယ်၊ သူများလှည့်စားသလောက်လဲ ခံရတယ်၊ ခေါင်းဒင်္ဂါး၊ ပန်းဒင်္ဂါးအတုနဲ့ သော်က,ကာ လှည့်စားပြီး ယူလိုက်မှန်းတောင် ကေသီ့ ခမျာ မသိရှာလို့ သော်ကလက်ထဲ ရောက်သွားတာတဲ့လေ၊ ဖေဖေပြောတာ"

"တော်ပါတော့ မောင်ထွန်းနေနွယ်ရယ်၊ လူငယ်တွေကြားမှာ အန်တီ့အတိတ်က အကြောင်းတွေက ရှက်စရာကြီးပါကွယ်"



ပြောသာပြောသည်။ ဒေါ်ကေသီသည် ထွန်းနေနွယ်၏ဖေဖေက ယနေ့ထက်ထိုင် သံယောဇဉ်ထားပြီး သူ့ကိုယ်စား သားတော်မောင်ကို စစ်ကူပို့ပေးသည့်အတွက် အလွန်အမင်းပင် ကျေနပ်နေမိတော့သည်။

စကားပြောနေကြရင်းပင် ထွန်းနေနွယ်၏ ဦးခေါင်းထဲသို့ မရှင်းသော အချက်တစ်ခု ကျန်နေသေးသည်ကို သတိရလိုက်သည်။

"နေဦးဗျ၊ ကျုပ်စိတ်ထဲ မရှင်းတာတစ်ခု ကျန်နေသေးတယ်၊ ဘခက်အလောင်းကို ကျုပ်တို့သွားကြည့်တုန်းက ကျုပ်က ရှေ့ဆုံးကအရင် အလောင်းနားကို ရောက်တဲ့လူပါ၊ ကျုပ်အလောင်းကိုရော၊ အလောင်းပတ်ဝန်းကျင်ကိုရော သေချာကြည့်တာပါ၊ ကျုပ်က ပုလိပ်လူထွက်မို့ အင်မတန်မျက်စိနူးတဲ့သူပါ၊ ကျုပ် ပထမကြည့်ကြည့်တုန်းက ကိုဘခက်အလောင်းဘေးမှာ ဟိုသေနတ်ပစ်ဆုရ ငွေတံဆိပ်မရှိတာ သေချာတယ်၊ အဲဒီနောက် ကိုကြိုင်းမောင်တို့၊ ကိုကျော်ဝင်းမောင်တို့ ရောက်လာကြတာပဲ၊ အဲ … ခင်ဗျားတို့ ပြန်သွားနှင့်ပြီး ကျုပ်တစ်ယောက်တည်း အကျန်မှာ အလောင်းကို ထပ်စစ်ကြည့်တော့ အဲဒီ ငွေတံဆိပ်ဟာ ကိုဘခက်အလောင်းဘေးမှာ ရောက်နေတယ်၊ အဲဒါ ဘယ်သူပြန်ပြီး တံဆိပ်ကို ချသွားတာလဲ ကိုကြိုင်းမောင်လား၊ ကိုကျော်ဝင်းမောင်လား၊ အမှုမှာ ဒီကိစ္စက ဘာမျှ အရေးကြီးတော့ဘူးနော်၊ ကျုပ်က သိချင်လို့ မေးတာ အကိုသက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကိုကြိုင်းမောင်ရော၊ ကိုကျော်ဝင်းမောင်ပါ ငြိမ်နေကြသည်။

တစ်ခဏကြာမှ ကိုကြိုင်းမောင်အသံ ထွက်လာသည်။ သူ့ကိုယ်သူ ဝန်ခံစကား ဆိုလိုက်သည်။

"ကျုပ်ပဲ ..."

"ဆိုစမ်းပါဦး ကိုကြိုင်းမောင်၊ ဘာလို့ တံဆိပ်ကို လာချသွားတာလဲ"

"ဒီတံဆိပ်ကို ရီရီရဲ့ မှန်တင်ခုံပေါ်မှာ ကျွန်တော်တွေ့ဖူးထားတယ်၊ ဒီတံဆိပ် မှန်တင်ခုံပေါ် မရောက်ခင်ကတည်းကလဲ ကိုဘခက် ရင်ဘတ်ကော်လာမှာ ဒီတံဆိပ် တပ်ထားတာကိုလဲ ကျွန်တော် တွေ့ဖူးထားတာပဲ၊ ရှင်းရှင်းပြောရရင် ကိုဘခက်ရဲ့ပစ္စည်း ရီရီ့ မှန်တင်ခုံပေါ် ရောက်နေခဲ့ပြီ၊ ကိုဘခက် အသတ်ခံရပြီဆိုတော့ ကိုဘခက် အမှုထဲမှာ ရီရီ ပါနေမှာစိုးတာနဲ့ ခင်ဗျားတို့အလစ်မှာ ဒီတံဆိပ်ကို ကိုဘခက် အလောင်းအောက်ထဲ ကျွန်တော် ဖစ်ထားခဲ့တာပဲ"

ထွန်းနေနွယ်က ရီရီဝင်းကို လှမ်းကြည့်သည်။ ပြီး... ကဲ ... ဘယ့်နှယ်ရှိစ ဆိုသည့် သဘောဖြင့် မေးဆတ်ပြလိုက်သည်။

"ကြားလား မရီရီဝင်း၊ တကယ်တော့ ခင်ဗျားတို့လင်မယားဟာ တစ်ယောက်ကိုတစ်ယောက် ရင်ထဲက သိပ်သံယောဇဉ်ရှိကြတာပါ၊ ကိုဘခက် လူရှုပ်လူပွေကံ ပိုက်ဆံတွေတအားထောပြီး ပျဉ်းမနားက ပြန်လာတိုင်း ရေမွှေးလက်ဆောင်တို့၊



လက်ကိုင်ပဝါလက်ဆောင်တို့၊ နှုတ်ခမ်းနီ လက်သည်းနီမိတ်ကပ်တို့ စတဲ့ မိန်းမကြိုက်ပစ္စည်းတွေ လက်ဆောင်ပေး၊ မိန်းမကြိုက်စကားလုံးတွေ ပြောပြနဲ့မို့ တောထဲနေရပြီးငြီးငွေ့နေတဲ့ ခင်ဗျားက ဘခက်နဲ့တွေ့ရတာ သာယာတာထင်မိတာပါ၊ တကယ်တော့ ဘခက် သေသွားတာကို ခင်ဗျား ဝမ်းမနည်းပါဘူး၊ သူ့အပေါ် မေတ္တာတို့၊ သံယောဇဉ်တို့မှ မရှိတာ၊ ကိုဘခက် အသတ်ခံရပါလို့ ကြားလိုက်တာနဲ့ ခင်ဗျားယောကျ်ား ကိုကြိုင်းမောင်ကများ သက်လိုက်ပြီလားလို့ လင်ကို ချစ်လွန်း စိုးရိမ်လွန်းစိတ်နဲ့ ခင်ဗျားရူးကြောင်ကြောင်တော့ ဖြစ်သွားတယ် မဟုတ်လား၊ ဟဲ ... ဟဲ ... မစိုးသူဇာလဲ ရီရီဝင်း အတိုင်းပေါ့ဗျာ၊ ဘယ့်နှယ့်လဲ၊ ကိုဘခက်က ခင်ဗျားကို တကယ်တမ်း ကြံစည်တော့ ခင်ဗျားဟာ လင်တော်မောင် ကိုကျော်ဝင်းမောင် အပေါ်မှာ သစ္စာမဖောက်နိုင်လို့ ဘခက် မျက်နှာကို ကုတ်ခြစ်ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးတာပဲ မဟုတ်လား၊ ကဲ ... လူယုတ်မာ ဘခက်လဲ ကြသွားပြီ၊ လူရှုပ်လူပွေ ရဲမြင့်နောင်လဲ သူ့တရား သူစီရင်မှာပဲ၊ ဒီတော့ ခင်ဗျားတို့လင်မယားစုံတွဲ ချစ်ချစ်ခင်ခင် ဆက်နေ ဆက်လုပ်ကြပေါ့ဗျာ"

တစ်ဆက်တည်းမှာပင် ထွန်းနေနွယ်က လေးလေးမြင့်ကို စိုက်ကြည့်သည်။ ထို့နောက် ဒေါ်ကေသီဘက်သို့ တစ်ဖန်ကြည့်ပြန်သည်။

"ကျွန်တော် အကြံပေးခဲ့မယ် ဒေါ်ကေသီ၊ ကျွန်တော် မရှိတဲ့နောက် ကိုကြိုင်းမောင်ကို မန်နေဂျာရာထူးပေးပြီး အလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်လုပ်ပေတော့။ ကိုကြိုင်းမောင်ကို မန်နေဂျာနေရာ ပေးတာ ကိုကျော်ဝင်းမောင် ကျေနပ်ရင်ပေါ့လေ”

“ဟာ ... သိပ်ကျေနပ်တယ်”

ဟု ကျော်ဝင်းမောင်က အားရပါးရကြီး ပြောလိုက်တော့သည်။

“ကိုကြိုင်းမောင်က ကျွန်တော့်ထက် အသက်လဲပိုကြီးတယ်၊ ဝါလဲပိုရင့်တယ်၊ ဒီသစ်စခန်းမှာ ကျွန်တော့်ထက်လဲပိုပြီး စီနီယာကျတယ်၊ မန်နေဂျာကိုဒေါင်း ရှိတုန်းကဆို ကိုကြိုင်းမောင်ကို ညာလက်ရုံး ထားခဲ့တာပဲ၊ ပေးပါ ... ပေးပါ ကိုကြိုင်းမောင်ကိုပဲ မန်နေဂျာပေးပါ”

“နေပါဦး အစ်ကိုက ဘယ်သွားမှာမို့လဲ”

တစ်ချိန်လုံး သူများပြောသမျှကိုသာ ငြိမ်သက်စွာ နားထောင်နေခဲ့သည့် လေးလေးမြင့်က အလိုမကျသောမျက်နှာ၊ အလိုမကျသော အသံဖြင့် ဆတ်ဆတ်လေးပင် မေးလိုက်ပေသည်။

“ဟုတ်သားပဲ မောင်ထွန်းနေနွယ်”

“ကျွန်တော် မိုးကုတ်ကို ပြန်ရမယ် ဒေါ်ကေသီ”

“အိုကွယ် ...”

“မအိုကွယ်နဲ့ ဒေါ်ကေသီ၊ ဖေဖေက ကျွန်တော့ကို တစ်ချက်လွှတ် အမိန့်ပေးလိုက်တယ်၊ ကျွန်တော် ရန်ကုန်ဆင်းလာပြီ ဖေဖေနဲ့တွေ့တုန်းက ပေးခဲ့တဲ့ အမိန့်လေ၊ ဖေဖေ့အကြောင်း ဒေါ်ကေသီ သိပ်သိပါတယ်လေ၊ ကျွန်တော့်အဖို့ ဖေဖေ့ စကားဟာ တစ်သွေးတစ်သံတစ်မိန့်ပဲ”



“မောင်ထွန်းနေနွယ်ရဲ့ ဖေဖေက ဘယ်လိုများ တစ်ချက်လွှတ်အမိန့် ပေးခဲ့လို့လဲ”

လေးလေးမြင့်သည် ထိုင်ရာမှ ထသွားသည်။ မနီးမဝေးရှိ ပြတင်းပေါက်တွင် ညှော့ခန်းတစ်ခုလုံးကို ကျောပေးကာ ပြင်ပသို့ ငေးကြည့်ရပ်နေလိုက်သည်။

ကိုကြိုင်းမောင်၊ ရီရီဝင်းစုံတွဲ၊ ကိုကျော်ဝင်းမောင် စိုးသူဇာတို့စုံတွဲက လေးလေးမြင့်နှင့် ထွန်းနေနွယ်တို့ ငြိနေကြပြီမှန်း ရိပ်မိထားသူများဖြစ်သည်။ ယခု ကိုထွန်းနေနွယ်က မိုးကုတ်ကိုပြန်မည်ဆိုတော့ လေးလေးမြင့် စိတ်ထိခိုက်ရှာမည်ဟု သဘောပေါက် နားလည်လိုက်သည်။

ထွန်းနေနွယ်က လေးလေးမြင့် ကြားလောက်အောင် အသံကိုမြှင့်ကာ သူ့ဖေဖေ၏ တစ်ချက်လွှတ်အမိန့်ကို ပြောလိုက်လေသည်။

“ဖေဖေက တစ်ချက်လွှတ်အမိန့် ပေးလိုက်တာက ကေသီရဲ့ ကိစ္စတွေကို မင်းအသက်နဲ့လဲပြီး ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေ အားလုံးပြီးပြီဆိုတာနဲ့ မင်း မိုးကုတ်ကို တစ်ယောက်တည်းတော့ ပြန်မလာနဲ့တဲ့၊ ကေသီရဲ့တူမလေးကို ကေသီ့သဘောတူညီချက်ယူပြီး တရားဝင်လက်ထပ်တဲ့၊ လက်ထပ်ပြီးမှ နှစ်ယောက်အတူတူ လာခဲ့တဲ့၊ ကေသီ့တူမဆိုတော့ ကေသီငယ်ငယ်ကလိုပဲ ချောရဲ့လားဆိုတာ ငါကြည့်ချင်တယ်တဲ့၊ ငါ့ဘဝမှာ ကေသီ့ကိုမရခဲ့ပေမယ့် ငါ့သားက ကေသီ့တူမကို ရယူနိုင်တယ်ဆိုရင် အဖေ သိပ်ကျေနပ်တယ်တဲ့၊ အဲဒါ ဖေဖေရဲ့ တစ်ချက်လွှတ်အမိန့်ပဲ ဒေါ်ကေသီ”

www.burmeseclassic.com

www.burmeseclassic.com



"ဩော်ကွယ်၊ မောင်ထွန်းနေနွယ်ရယ်"

ဒေါ်ကေသီ မျက်နှာတစ်ခုလုံး ပြုံးသွားသည်။ အစွယ်ရင့်ပြီဖြစ်စေကာမူ ထွန်းနေနွယ်၏ ဖေဖေက ယင်းသို့ပြောလိုက်ပါသေးသည်ဆိုသောစကားများ ကြားလိုက်ရသောအခါ ဒေါ်ကေသီ၏မျက်နှာတွင် ပန်းနုရောင် ရက်သွေးလေးများ ဖြာလျှမ်းသွားရသည်။

ထွန်းနေနွယ်က စကားကို အသံမြှင့် ပြောရင်း ပြတင်းပေါက်တွင် ကျောပေးရပ်နေသော လေးလေးမြင့်ကို လှမ်းလှမ်း ကြည့်နေသည်။ လေးလေးမြင့်က နေ ါက်ကျောပေးရပ်နေစေကာမူ ထွန်းနေနွယ်က ခန္ဓာကိုယ်ကို ကိုင်းပြီး ကြည့်သည်မို့ လေးလေးမြင့်အား ဘေးစောင်းမကျတကျ အထိ မြင်ရသည်။ ဘေးစောင်း မကျတကျမို့ လေးလေး၏ မျက်နှာကိုလည်း ဘေးတိုက်မြင်ရသည်။ ထွန်းနေနွယ်က လေးလေး ကြားအောင် အသံမြှင့် ပြောသည် မို့ ပြောသမျှကို လေးလေး ကြားလောက်သည်။

လေးလေး ကြားမှန်းပို၍ သေချာသည်မှာ ထွန်းနေ နွယ်၏ စကားအဆုံးတွင် လေးလေး၏ ပါးပြင်လေးတွင် ပါးချိုင့်လေး ခွက်ဝင်သွားသည်ကို ထွန်းနေနွယ် တွေ့ရခြင်းကြောင့်ဖြစ်ပါတော့၏။

"ကဲ ... ကဲ ... ရိရိ၊ ကိုကျော်ဝင်းမောင်နှင့် စိုးသူဇာရေ၊ ဒေါ်ကေသီရောပေါ့ဗျာ၊ ကျွန်တော်တို့ ထမင်းစားကြပါရို၊ ိုထွန်းနေနွယ်နဲ့ မလေးလေးမြင့်မှာ တိုင်ပင်စရာတွေ ရှိလာပြီလေ"



"အေး ... အေး၊ အန်တီတို့အားလုံး ထမင်းစားခန်း သွားကြစို့"

အလိုက်သိစွာပင် သူတို့အားလုံးသည် ဒေါ်ကေသီကို ရှေ့ဆုံးမှထားပြီး စုံတွဲကိုယ်စီက တစ်ယောက်လက် တစ်ယောက်တွဲကာ ထမင်းစားခန်းသို့ ထွက်သွားကြသည်။

ထွန်းနေနွယ်က လေးလေးရှိရာ ပြတင်းပေါက်သို့ ငှက်ကြီးဝံပို ခြေလှမ်းကျဲကြီးဖြင့် လွှားခနဲ ရောက်လာသည်။

လေးလေးမြင့်၏ ပခုံးလေးကို တယုတယ ညင်ညင်သာသာ ဆုပ်ကိုင်ရင်း မျက်နှာချင်း ဆိုင်မိအောင် သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

လေးလေးမြင့်က အလိုက်သင့်လေးပင် ပါလာသည်။ တစ်ဦးကိုတစ်ဦး စကားတစ်လုံးမျှ မပြောသေးဘဲ တစ်ခဏ စိုက်ကြည့်နေမိသည်။

ထို့နောက် ထွန်းနေနွယ်က လေးလေး၏ ပါးပြင်ကို သူ၏ပါးပြင်ထပ်ကာ ကပ်ထားလိုက်သည်။ လေးလေးမြင့်ကလည်း ထွန်းနေနွယ်၏ ကျောပြင်ကျယ်ကြီးကို သူမ၏ လက်နှစ်ဖက်ပိုက်ကာ ပြန်လည်ရစ်သိုင်းထားမိသည်။

"အစ်ကို ..."

"လေးလေးကို လက်ထပ်ပြီး မိုးကုတ်ကို ချက်ချင်းသွားတော့မယ်ဆိုတာက မလောလွန်းဘူးလားဟင်၊ အခုမှ ပြဿနာရှင်းစ ရှိသေးတာ၊ အနယ်မထိုင်သေးခင် ဒေါ်ကေသီကို ထားပစ်ခဲ့ရမှာ လေးလေး နောက်ဆံတင်းတယ်၊ စိတ်ဖြောင့်နိုင်စရာ မရှိဘူး အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲ တစ်ခုကို လောလောဆယ်လုပ်ပြီး၊ နောက်တစ်ခုကိုတော့ အေးအေးဆေးဆေးမှ လုပ်ပေါ့"

လေးလေးမြင့် နားမလည်။ မျက်နှာချင်း ခွာလိုက်ပြီး နားမလည်သော အကြည့်လေးဖြင့် ထွန်းနေနွယ်ကို ပြန်ငေးကြည့်ပြန်သည်။

"အစ်ကို ဘာကိုဆိုလိုတာလဲဟင်၊ ဘယ်လိုနှစ်ခု ဖြစ်လာပြန်တာလဲ"

"နားထောင် ရှင်းရှင်းလေးရယ်၊ အစ်ကိုပြောတဲ့အထဲမှာ လုပ်စရာနှစ်ခုပါတာ မဟုတ်လား၊ ပထမတစ်ခုက လေးလေးနဲ့လက်ထပ်မယ်၊ ဒုတိယတစ်ခုက မိုးကုတ်ကို သွားကြမယ်လို့လေ၊ အဲဒီတော့ ပထမတစ်ခုကို ချက်ချင်းလုပ်ကြမယ်လေ၊ ဒုတိယ မိုးကုတ်ကို သွားဖို့ဆိုတာက ဖြည်းဖြည်းဆေးဆေးမှသွားလဲ ရပါတယ်၊ ဖေဖေနဲ့မေမေ့ဆီကို ဖြည်းဖြည်းဆေးဆေးမှ လာခဲ့မယ်လို့ စာရေးလိုက်မှာပေါ့"

"ရပါ့မလား အစ်ကို၊ အစ်ကို့ဖေဖေက သူ့အမိန့်အတိုင်း မလိုက်နာဘူးဆိုပြီး ..."

"သိပ်ရတာပေါ့၊ ဒီမှာက ရဲမြင့်နောင်အမှု ရုံးတင်တာနဲ့ အစ်ကိုတို့အားလုံးဟာ သက်သေအဖြစ် အစစ်ခံကြရဦးမှာတွေရှိနေဘာပဲ၊ အမှုစစ်တယ်ဆိုတာ အကြာကြီးလေ နောက်တစ်ချက် ရှိသေးတာက ..."

ထွန်းနေနွယ်က ပြုံးစေ့စေ့နှင့် မျက်နှာကို မချိုမချဉ်လုပ်ထားသော်ကို လေးလေးမြင့်က အနီးကပ်တွေ့နေရပြီး မသကာ်သံလေးနှင့် မေးလိုက်သည်။



"ဘာလဲအစ်ကို၊ နောက်တစ်ချက် ရှိသေးတယ် ဆိုတာက"

"ဖေဖေပြောတဲ့အထဲမှာ လေးလေးကို လက်ထပ်ပါလို့ ပြောခဲ့တာ အမှန်ပဲ၊ ဒါပေမယ့် မိုးကုတ်ကို ချက်ချင်းပြန်လာခဲ့လို့တော့ မပါပါဘူး၊ ဒါပေမယ့် အစ်ကို မိုးကုတ်ကို ချက်ချင်းပြန်မယ်ဆိုမှ လေးလေးက အစ်ကို့ကို ချက်ချင်းလက်ထပ်မှာ၊ ဒေါ်ကေသီကလဲ ဒါမှ ချက်ချင်းလက်ထပ်ဖို့သဘောတူမှာ မဟုတ်လား"

"ဩော် ... အစ်ကိုရယ် လောလိုက်တာ၊ ဒါဆိုလဲ အေးဆေးဆေး စီစဉ်လဲ ရတာပဲဟာ"

"ဟင့်အင်း ... မအေးဆေးချင်ဘူး၊ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြပြီပဲဟာ၊ မြန်မြန်ပဲ လက်ထပ်ချင်တယ်၊ အချိန်ဆွဲတာဟာ ချစ်သူနှစ်ဦးကြားမှာ ပယောဂတွေ ဝင်လာတတ်တယ်၊ ဟော်ကြာ အောင်မျိုးခိုင် လိုက်လာပြီး မျက်ရည်ခံထိုးတာနဲ့ လေးလေး စိတ်တစ်မျိုးဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"မဟုတ်တာပဲ အစ်ကိုရာ၊ ကိုမျိုးကို လေးလေးက အပြတ်လုပ်ခဲ့ပြီပဲဟာ"

"အိုကွာ ... ပြတ်ပြတ် မပြတ်ပြတ် အစ်ကို မြန်မြန်လက်ထပ်ချင်တယ်၊ နဂိုကတည်းက ဒေါ်ကေသီရဲ့ကိစ္စတွေ ရှင်းတာနဲ့ နာရီမဆိုင်း လေးလေးကို လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးသား" -

လူတည်လူခန့်ကြီးသည် ချစ်သော လေးလေးအကျတော့လည်း ကလေးဆိုးကြီးသဖွယ် စွတ်ပါလား။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဒါဆိုလဲ အစ်ကိုက ဘယ်တော့လောက် လက်ထပ်မယ် မှန်းသလဲ"

"ဒီည ..."

"အို ... မဟုတ်မဟုတ်"

"ဒါဆို နက်ဖြန်မနက်၊ အဲဒါ တစ်ပတ်လျှော့ပေးတာ၊ အစ်ကိုသဘောဆိုရင် အခုစက္ကန့်ပိုင်း မိနစ်ပိုင်းမှာပဲ လေးလေးနဲ့ အတူနေချင်ပြီ သိလား"

ပြောပြောဆိုဆို ထွန်းနေနွယ်သည် လေးလေးကို တအားကြီးဖက်ထသည်။

ယခုတစ်ကြိမ်တော့ လေးလေး ပါးပြင် နုနုဖတ်ဖတ် လေးပေါ်သို့ သူ၏နှုတ်ခမ်းကိုဖိကာ ကျောက်ပြင်ထက်ဝယ် သနပ်ခါးသွေးသည့်နှယ် ...။

"အစ်ကို ... သိပ်မကဲနဲ့ကွယ်၊ ထမင်းစားပြီးလို့ ထွက်လာကြရင် မြင်လို့မကောင်းပါဘူး၊ လေးလေးရဲ့ မိန်းမသားသိက္ခာ ထိခိုက်နေပါ့မယ် အစ်ကို၊ နောက်ပြီး လက်ထပ်ဖို့ကိစ္စ ဒေါ်လေးကေသီနဲ့ တိုင်ပင်ပါလား အစ်ကို၊ အခုပဲ လူသတ်တရားခံ ဖမ်းသွားတယ်၊ အခုပဲ အစ်ကိုနဲ့ လေးလေးက လက်ထပ်ကြတယ် ဆိုတော့ ကဲလွန်း. သည်းလွန်းရန်ကောလို့ လူတွေက ကဲ့ရဲ့ကြမယ် အစ်ကို။ နောက်တစ်ချက်က မနန်းစိန်လဲ နေမကောင်းသေးဘူး မဟုတ်လား၊ အိမ်သားတစ်ယောက် နေမကောင်းနေတဲ့ကြားက ဗွပ် လက်ထပ်ကြမယ်ဆိုလဲ မသင့်သေးပါဘူး အစ်ကို"

လေးလေးမြင့်၏ အသံက နူးညံ့သည်။ တောင်းပ



တိုးလျှိုးသံပါသည်။ ဖျောင်းဖျ နားချသံပါသည်။ ပြောသည့်စကားများက အကျိုးအကြောင်း ဆက်နွယ်ခိုင်လုံနေသည်။

ထွန်းနေနွယ် နားဝင်သွားပုံရသည်။ ဖြည်းလေးစွာပင် တအားကြီး ဖက်ထားသည်ကို ဖြေလျှော့လိုက်သည်။ ထို့နောက် လေးလေး၏ လက်ဝါးလေးကို ချစ်စနိုး ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"ဟုတ်တယ် ... အစ်ကိုက လေးလေးကို သိပ်ချစ်နေတော့ သိပ်ဆန္ဒစောသွားတယ်"

"လေးလေးကလဲ အစ်ကို့ကို တစ်သက်မှာ တစ်ခါသာ ချစ်ဖူးတဲ့ အချစ်မျိုးနဲ့ ချစ်တာပါ အစ်ကို၊ ဒါပေမယ့် မိန်းကလေးဘက်က ဆင်ခြင်ရပါတယ်၊ လူကြားကောင်းအောင် လူမြင်ကောင်းအောင် လုပ်ရတာတွေ အများကြီးပါအစ်ကို၊ အမှန်အတိုင်း ရင်ထဲရှိတဲ့အတိုင်း ပြောကြ ဆိုကြရင် ဒီလောက်ချစ်နေပြီဥစ္စာ၊ အစ်ကို့လိုပဲ လေးလေး လက်ထပ်ချင်တာပဲ၊ အတူနေလိုက်ချင်တာပဲလေ"

"ဟုတ်ဗျာ ... သိပ်ဟုတ်၊ ဒီလိုလိမ္မာလေ အစ်ကိုက ပိုချစ်လေပဲ၊ ကဲ ... လူငယ်ချင်းလဲ သိပ်ချစ် ... လူကြီးချင်းလဲ သိပ်သဘောတူနေတာပဲ၊ ဒီကိစ္စမှာ ဒေါ်ကေသီရဲ့ အဆုံးအဖြတ်ပဲ နာခံကြတာ အကောင်းဆုံး"

နှစ်ဦးသား လက်တွဲပြီး ညှိခန်းကုလားထိုင်များဆီသို့ ပြန်လာကြသည်။

ဒေါ်လေးကေသီ ထမင်းစားပြီး ပြန်ထွက်လာကို ညှိခန်းမှပင် နှစ်ဦးသဘောတူ စောင့်ကြပါ ... တည်း။

www.burmeseclassic.com

www.burmeseclassic.com




နား‌ကြပ်ကြီးရို

တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com